နှစ်ဖက်လှ

# သိပ္ပံအဘိဓာန်

ဒုတိယတွဲ

နှစ်ဖက်လှ ဦးကျော်လွင်
သ·စ·အ·မော်ရီယ
M.A.,H.G.P

၂၀၃၁၇
၄၉၈

[illegible] ဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်

# သိပ္ပံအသိပညာ

နှစ်ဖက်လှ

ဒုတိယတွဲ

နှစ်ဖက်လှ ဦးကျော်လွင်
သ·စ·အ·ဓမ္မာစရိယ
**M.A.,H.G.P**

နှစ်ဖက်လှသာသနာပြု

သကျယင်စိုးစာပေ

သကျယင်စိုးစာပေ

အမှတ် ၊ ၃၉၀ ၊ ၃ လမ်း ၊ အရှေ့ဝါယာလက် ၊ ကမ္ဘာအေး
မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့ ၊ ဖုန်း - ၆၄၂၇၇

# သိပ္ပံအဘိဓမ္မာ
## (ဒုတိယတွဲ)

နှစ်ဖက်လှ-ဦးကျော်လွင်
အမ်အေ (M.A.)
အထက်တန်းရှေ့နေ
သက္ကဆီဟ၊ စေတီယင်္ဂဏ၊ အစိုးရဂုဏ်ထူးဆောင် ဓမ္မာစရိယ၊

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်
(၇၃/၉၀)(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
(၃၃၂/၉၁)(၅)

အကြိမ် — ပထမ

တန်ဖိုး — ၆၅-ကျပ်

အုပ်ရေ — ၂၀၀၀

၁၉၉၁-ခု၊ ဇွန်လ။

ပြည်လုံးကျွတ်ဖြန့်ချိရေး
★★★★★
ငါးပွင့်ကြယ် စာအုပ်တိုက်
အမှတ်-၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့၊

ထုတ်ဝေသူ။ ဒေါ်အေးအေးမော် (၀၁၄၇၈)
သကျယင်စိုး စာပေ၊ အမှတ် ၃၉၀ (မြေညီထပ်)
အရှေ့ဝါယာလက်၊ ၃-လမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့၊

ပုံနှိပ်သူ။ ဦးဇေကို (၀၁၄၈၄)
ဟိန်းစိုးစာပုံနှိပ်တိုက်၊
အမှတ်-၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# သိပ္ပံအဘိဓမ္မာ (ဒုတိယအုပ်)
# မာတိကာ

စာဂျဟော


| အမှတ်စဉ် | နှစ် | လ | ဆောင်းပါးအမည် | စာမျက်နှာ |
|---|---|---|---|---|
| ၄၈။ | ၁၉၈၄-ခု | စက်တင်ဘာလ | အာသဝေါတရား ဘာလဲ၊ ဘယ်လိုလဲ၊ ဘယ်မှာလဲ | ၁ |
| ၄၉။ | ၁၉၈၄-ခု | အောက်တို ဘာလ | ဝဲသြဃ၊ကော်စေး သံကွင်းဆက် သဘာဝများ | ၉ |
| ၅၀။ | ၁၉၈၄-ခု | နိုဝင်ဘာလ | နာမည်ကြီးနေသော ဉပါဒါန် | ၁၇ |
| ၅၁။ | ၁၉၈၄-ခု | ဒီဇင်ဘာလ | ကမ္ဘာ့ကိုးကွယ်မှုနှင့် တွေးခေါ်မှုအခြေခံ ဉပါဒါန် | ၂၄ |
| ၅၂။ | ၁၉၈၅-ခု | ဇန်နဝါရီလ | ဉပါဒါန်လွတ်သော ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဒဿန | ၃၂ |
| ၅၃။ | ၁၉၈၅-ခု | ဖေဖော်ဝါရီလ | လူသည် အဘယ့်ကြောင့် ကောင်းကင် မပျံ့နိုင် သနည်း | ၃၆ |
| ၅၄။ | ၁၉၈၅-ခု | မတ်လ | တေးဘုမ္မာမှ အနုသယ ကိလေသာ | ၄၂ |
| ၅၅။ | ၁၉၈၅-ခု | ပြေီလ | ကိလေသာစက် သုံးထောင်ဝက် | ၄၇ |

| အမှတ်စဉ် | နှစ် | လ | ဆောင်းပါးအမည် | စာမျက်နှာ |
|---|---|---|---|---|
| ၅၆။ | ၁၉၇၅-ခု | မေလ | လူ၌ ကိလေသာ အဆင့်ဆင့်ဖြစ်ပေါ်ပုံ | ၅၂ |
| ၅၇။ | ၁၉၇၅-ခု | ဇွန်လ | သံယောဇဉ်ဆယ်ပါး ယန္တရားရဟတ်၊ နဂါး ပတ် စက်ရှည် ကြိုးဆယ်မည် | ၅၈ |
| ၅၈။ | ၁၉၇၅-ခု | ဇူလိုင်လ | အချစ် သို့မဟုတ် ကာမရာဂ သံယောဇဉ် | ၆၃ |
| ၅၉။ | ၁၉၇၅-ခု | ဩဂုတ်လ | ပဋိဃသံယောဇဉ် သို့မဟုတ် မုန်းတီးခြင်း၏ နှိုးစပ်မှု | ၇၀ |
| ၆၀။ | ၁၉၇၅-ခု | စက်တင်ဘာလ | မိဘနှင့် သံယောဇဉ် ပြဿနာ | ၇၅ |
| ၆၁။ | ၁၉၇၅-ခု | အောက်တိုဘာလ | လူ့သဘာဝဆိုးများ၏ လျှို့ဝှက်ဆန်းကြယ်သော စီမံဖန်တီးမှုများ | ၈၀ |
| ၆၂။ | ၁၉၇၅-ခု | နိုဝင်ဘာလ | သင်ခန်းစာသစ် မာတိကာခုနစ် | ၈၆ |
| ၆၃။ | ၁၉၇၅-ခု | ဒီဇင်ဘာလ | လူ၏ဘဝမဏ္ဍိုင်နှင့် ဘဝ၏အမြစ်များ | ၉၁ |
| ၆၄။ | ၁၉၇၆-ခု | ဇန်နဝါရီလ | ဈာန်ဝင်ပြီးလုပ်မှ ကြီးပွားချမ်းသာမည် | ၉၈ |
| ၆၅။ | ၁၉၇၆-ခု | ဖေဖော်ဝါရီလ | ကိုယ့်လမ်း ကိုယ်ဖောက် ကြိုက်ရာလျှောက် ရောက်မည့်ခရီး | ၁၀၅ |
| ၆၆။ | ၁၉၇၆-ခု | မတ်လ | ဣန္ဒြေသိမှ ဣန္ဒြေရှိတတ်မယ် မဟုတ်လား | ၁၁၁ |
| ၆၇။ | ၁၉၇၆-ခု | ဧပြီလ | လူကို ဣန္ဒြေပိုင်းမှ ဆန်းစစ်သောအခါ | ၁၁၇ |

| အမှတ်စဉ် | နှစ် | လ | ဆောင်းပါးအမည် | စာမျက်နှာ |
|---|---|---|---|---|
| ၆၈။ | ၁၉၈၆-ခု | မေလ | အဘိဓမ္မာကျမ်းနှင့် ရာဇကျမ်း မိန်းမကျမ်းတို့ ဆက်စပ်မှု | ၁၂၄ |
| ၆၉။ | ၁၉၈၆-ခု | ဇွန်လ | သင့်ကိုယ်ထဲမှာ ဗိုလ်တရားကို ရှာပါ | ၁၃၀ |
| ၇၀။ | ၁၉၈၆-ခု | ဇူလိုင်လ | ငါ လောကီသားလား၊ လောကုတ္တရာသားလား | ၁၃၅ |
| ၇၁။ | ၁၉၈၆-ခု | ဩဂုတ်လ | ဆရာဝန်လောင်း၊ မိဘပစ္စည်းခိုးသောသားသမီး၊ အပျော်မယား၊ ဘယ်လိုလဲ | ၁၄၃ |
| ၇၂။ | ၁၉၈၆-ခု | စက်တင်ဘာလ | သာမန်အကုသိုလ်၊ ဒုစရိုက်အကုသိုလ်၊ ကမ္မပထအကုသိုလ် | ၁၅၀ |
| ၇၃။ | ၁၉၈၆-ခု | အောက်တိုဘာလ | ငရဲကျီး(ကြီး)မှာ ကြောက်သလား | ၁၅၆ |
| ၇၄။ | ၁၉၈၆-ခု | နိုဝင်ဘာလ | ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ | ၁၆၃ |
| ၇၅။ | ၁၉၈၆-ခု | ဒီဇင်ဘာလ | ကေဂ္ဂတာစော သဘော တော်ကျတော်မှုတယ်ဆိုတာ | ၁၆၉ |
| ၇၆။ | ၁၉၈၇-ခု | ဇန်နဝါရီလ | ယုံကြည်မှုစစ်စစ် ဘယ်မှာဖြစ်သလဲ | ၁၇၅ |
| ၇၇။ | ၁၉၈၇-ခု | ဖေဖော်ဝါရီလ | မတုန်မလှုပ် သက်ဝင်ယုံကြည်မှု | ၁၈၀ |
| ၇၈။ | ၁၉၈၇-ခု | မတ်လ | ဗိုလ်လောကတွင်ရှုပ်နေသော သဘာဝတရားများ | ၁၈၈ |
| ၇၉။ | ၁၉၈၇-ခု | ဧပြီလ | ဟိရိဗိုလ်နှင့် ဩတ္တပ္ပဗိုလ် | ၁၉၂ |
| ၈၀။ | ၁၉၈၇-ခု | မေလ | အဓိပတိ | ၁၉၇ |
| ၈၁။ | ၁၉၈၇-ခု | ဇွန်လ | လူ့စွမ်းရည် | ၂၀၂ |

| အမှတ်စဉ် | နှစ် | လ | ဆောင်းပါးအမည် | စာမျက်နှာ |
|---|---|---|---|---|
| ၈၂။ | ၁၉၈၇-ခု | ဇူလိုင်လ | လေလဲအာဟာရ၊ ရေလဲအာဟာရ | ၂၁၀ |
| ၈၃။ | ၁၉၈၇-ခု | ဩဂုတ်လ | ဗုဒ္ဓအဘိဓမ္မာက သိပ္ပံရှေ့က ပြေးနေတယ်လို့ပြောရင် | ၂၁၇ |
| ၈၄။ | ၁၉၈၇-ခု | စက်တင်ဘာလ | ကာမတဏှာနဲ့ ဘဝတဏှာရဲ့ လက်ချက် | ၂၂၃ |
| ၈၅။ | ၁၉၈၇-ခု | အောက်တိုဘာလ | နာမ်ထဲမှအာဟာရသုံးမျိုး | ၂၃၀ |
| ၈၆။ | ၁၉၈၇-ခု | နိုဝင်ဘာလ | စေတနာနှစ်မျိုးနှင့် အကျိုးဝိညာဉ်၊ အကြောင်းဝိညာဉ် | ၂၃၇ |
| ၈၇။ | ၁၉၈၇-ခု | ဒီဇင်ဘာလ | ပြုခဲ့မိတဲ့ မကောင်းမှုနှင့် ပတ်သက်၍ အဖြေရှာရန် | ၂၄၃ |
| ၈၈။ | ၁၉၈၈-ခု | ဇန်နဝါရီလ | အပါယ်သံကြိုးကွင်းဆက် ဖြုတ်ရအောင် | ၂၄၉ |
| ၈၉။ | ၁၉၈၈-ခု | ဖေဖော်ဝါရီလ | လူကိုအပါယ်သို့ချသည့် လက်သည် ကုက္ကုစ္စ | ၂၅၅ |
| ၉၀။ | ၁၉၈၈-ခု | မတ်လ | ကုက္ကုစ္စကိုပယ်ဖျောက်ပြီး ကျောင်းဆောက် ဘုရားတည်တော့ | ၂၆၂ |
| ၉၁။ | ၁၉၈၈-ခု | ဧပြီလ | ကုက္ကုစ္စကြောင့် တရားနာ၍ မရ ဖြစ်နေရာဝယ် | ၂၆၈ |
| ၉၂။ | ၁၉၈၈-ခု | မေလ | အကုသိုလ်သမား အငြိမ်းစား ကြိုးစားကုသိုလ်လုပ်ရမည် | ၂၇၆ |
| ၉၃။ | ၁၉၈၈-ခု | ဇွန်လ | သမ္မပဓာန်သည် လူ့တရား လူ့လမ်းစဉ် | ၂၈၄ |
| ၉၄။ | ၁၉၈၈-ခု | ဇူလိုင်လ | ပိုင်းခြေသံသရာ၏ ပိုင်းဝေဘဝ တစ်ခဏဝယ် | ၂၉၁ |

| အမှတ်စဉ် | နှစ် | လ | ဆောင်းပါးအမည် | စာမျက်နှာ |
| --- | --- | --- | --- | --- |
| ၉၅။ | ၁၉၈၈-ခု | ဩဂုတ်လ | ဘဝကိုသတိဘရိတ်အုပ်၊ ဟိရိဩတ္တပ္ပနှင့် ထိန်းချုပ်သွားမည်ဆိုလျှင် | ၂၉၆ |
| ၉၆။ | ၁၉၈၈-ခု | စက်တင်ဘာလ | ကင်ဆာ၊ တီဘီပိုးထက်ဆိုးသော အကုသိုလ်ကံသတ္တမျိုးဗီဇ | ၃၀၁ |
| ၉၇။ | ၁၉၈၉-ခု | ဇန်နဝါရီလ | ကံနှင့်ပတ်သက်၍ ဗုဒ္ဓအယူဝါဒနှင့် လုပ်နည်းလုပ်ဟန်များ | ၃၀၈ |
| ၉၈။ | ၁၉၈၉-ခု | ဖေဖော်ဝါရီလ | လူ့အာပတ်ဖြေနည်း | ၃၁၆ |
| ၉၉။ | ၁၉၈၉-ခု | မတ်လ | ပိဋကတ်ဉာဏ်ဖြင့် ကြည့်လေမြင်လေ သမ္မပဓာန် | ၃၂၂ |
| ၁၀၀။ | ၁၉၈၉-ခု | ဧပြီလ | တန်ခိုး၏ အခြေခံသဘာဝများ | ၃၂၇ |
| ၁၀၁။ | ၁၉၈၉-ခု | မေလ | သိပ္ပံကစက်ရုပ် လူကဓာတ်ရုပ် | ၃၃၂ |
| ၁၀၂။ | ၁၉၈၉-ခု | ဇွန်လ | ဝိထိစိတ်သာအခြေခံအချက် | ၃၃၆ |
| ၁၀၃။ | ၁၉၈၉-ခု | ဇူလိုင်လ | ဗုဒ္ဓအဘိဓမ္မာဆိုတာ ပျင်းစရာမဟုတ် | ၃၄၁ |
| ၁၀၄။ | ၁၉၈၉-ခု | ဩဂုတ်လ | ဝိထိစိတ်(လျှပ်စစ်ဓာတ်)နှင့် လူ့ကိုယ်ခန္ဓာ | ၃၄၆ |
| ၁၀၅။ | ၁၉၈၉-ခု | စက်ဘင်ဘာလ | အတွင်းစိတ်နှင့် အပြင်မျက်နှာထား | ၃၅၁ |
| ၁၀၆။ | ၁၉၈၉-ခု | အောက်တိုဘာလ | ငိုခြင်း,ရယ်ခြင်းတို့၏အခြေအမြစ်ကို စိစစ်ရာဝယ် | ၃၅၇ |
| ၁၀၇။ | ၁၉၈၉-ခု | နိုဝင်ဘာလ | ဣဒ္ဓိပါဒ်နှင့် ဘဝပြည့်စုံမှု | ၃၆၄ |
| ၁၀၈။ | ၁၉၈၉-ခု | ဒီဇင်ဘာလ | ဣဒ္ဓိပါဒ်ရုပ် သို့မဟုတ် ရသာယတနဆေး အာယုဝဍ္ဍနဆေး | ၃၆၉ |


ဆောင်းပါးအမှတ်စဉ် ၄၈-မှ ၁၀၈-အထိ ပုဒ်ရေ(၆၁)။

# သိပ္ပံအဘိဓမ္မာ

## (ဒုတိယတွဲ)

### စာဂဝဟ

၁၉၇၀-ပြည့်နှစ်၊ အောက်တိုဘာလ၊ သိပ္ပံမဂ္ဂဇင်း စတင်ထွက်ပေါ်သည့် ပထမလကတည်းက နှစ်ဖက်လှ အဘိဓမ္မာဆောင်းပါးများကို လစဉ်ရေးသား တင်ပြလာခဲ့ရာ ၁၉၇၉-ခုနှစ်၊ ဒီဇင်ဘာလမှာ စောင်ရေ ၁၀၇-စောင်သို့ရောက်ပါသည်။ စောင်ရေ ၁၀၇-ကို တစ်နှစ် ၁၂-လဖြင့် စားသော် ၉-နှစ်တိတိ ဖြစ်ပါ၏။ သို့ရာတွင် ၁၉၇၇-ခုနှစ်၊ နိုင်ငံရေး အရေးအခင်းကာလတွင် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ (၃လ) မဂ္ဂဇင်းမထွက်ခဲ့သဖြင့် မဂ္ဂဇင်းအသက်မှာမူ ၉-နှစ်၊ ၃-လ ဖြစ်ပေ၏။

၉-နှစ်အတွင်း ထွက်ပေါ်ခဲ့သည့် ဆောင်းပါးစောင်ရေ ၁၀၇-စောင်အနက် အမှတ် ၁-မှ အမှတ် ၄၇-အထိ ဆောင်းပါး (၄၇) ပုဒ်ကို စုပေါင်းပြီး 'သိပ္ပံအဘိဓမ္မာ' (ပထမတွဲ) အဖြစ် ၁၉၇၇-ခုနှစ်၊ ဩဂုတ်လတွင် စာရေးသူ၏ဇနီး ဒေါ်အေးအေးမော်၏ သကျယင်စိုးစာပေက အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်ပါသည်။

ထိုပထမတွဲကို စုပေါင်းရိုက်နှိပ်ရန်စီစဉ်တုန်းက မဂ္ဂဇင်းမှာပါပြီးဖြစ်၍ စာအုပ်ကိုဝယ်ကြမှာမဟုတ်ဘူး၊ အရင်းရှုံးလိမ့်မည်ဟု တားသူက တားပါသေးသည်၊ သို့ရာတွင် ဤဆောင်းပါးများကို မြတ်နိုးသူများ အနေဖြင့် မဂ္ဂဇင်း (၄၇) အုပ်ကို သိမ်းထားဖို့မလွယ်၊ သိမ်းထားပြန်လျှင်လည်း ပြန်ကြည့်လိုသောအခါ ကြည့်ဖို့ မလွယ်၊ ထို့ကြောင့် မြတ်နိုးသူများ အလွယ်တကူ သိမ်းဆည်းကြည့်ရှုနိုင်ရန်အတွက် ရွေးရှုပြီး ရိုက်ဖြစ်အောင် ရိုက်ခဲ့ပါသည်၊

စာအုပ်ကို ရောင်းရပါ၏၊ စာအုပ် တစ်ထောင် ကုန်ပါသည်၊ သို့သော် ငွေတစ်သောင်းခန့် ရှုံးသွားပါသည်။ ရောင်းရပါလျက် ဘယ့်နှယ်လုပ် ရှုံးရသလဲဟုမေးစရာရှိပါ၏၊ ရှုံးပုံကတော့ ဖြစ်တောင့်ဖြစ်ခဲပါ။ သကျယင်စိုးစာပေက စာအုပ်ရိုက်ပြီး ဖြန့်ချိပေးဖို့ အခြားတစ်ဦးအား တာဝန်ပေးအပ်နှံခဲ့ပါသည်။ဖြန့်ချိသူကလည်း ကြိုးစားဖြန့်ချိပါ၏၊ ရှိးသားပါ၏၊ သို့သော် ၇၅-ကျပ်တန်၊ ၂၅-ကျပ်တန် တို့ကို တရားမဝင် ကြေညာလိုက်ရာ ဖြန့်ချိသူက သကျယင်စိုးစာပေသို့ ရောင်းရငွေများ ပြန်မအပ်ရသေးမီ သူ့လက်ထဲမှာ ငွေတွေ တရားမဝင် မိသွားသည်ဟု ဆိုပါသည်။ ထို့ကြောင့် သူ့ခမျာလည်း စိုက်မလျော်နိုင်တော့ သကျယင်စိုးစာပေက အရှုံးခံလိုက်ရပါတော့သည်။

စကားကုန်အောင် ပြောရပါဦးမည်။ သိပ္ပံမဂ္ဂဇင်းက ဆောင်းပါးအတွက် ပထမတစ်နှစ်လောက်မှာ ဆောင်းပါး တစ်စောင် စာမူခ ၅၀-ပေးပါသည်။ ၅၀-ထဲက စာပေဆိုင်ရာ အလှူငွေဆိုပြီး ၁၀-ပြန်တောင်းသွားပါသေးသည်။ နောက်နှစ်နှစ်လောက်ကစပြီး ဆောင်းပါးတစ်စောင် စာမူခ တစ်ရာကျပ် ပေးပါသည်။ ထို့ကြောင့် အကြမ်းဖျင်းပြန်တွက်လျှင်ဆောင်းပါး (၄၇) စောင်အတွက်စာမူခ လေးထောင်ကျပ်ခန့် ရပါသည်။ သို့သော် စာမူကိုရေးတဲ့နေရာ လက်နှိပ်စက်ရိုက်တဲ့နေရာမှာ စက္ကူဖိုး၊ လက်နှိပ်စက်ရိုက်ခ အထိုက်အလျောက် ကုန်ရပါသေးသည်၊ ထားပါတော့၊ သို့ဖြစ်၍ သိပ္ပံအဘိဓမ္မာ (ပထမတွဲ) က စာရေးသူ အိတ်ထဲမှ ချွေးနှဲစာ ၆၀၀၀-လောက် နုတ်ယူသွားခဲ့ပြီးဖြစ်ပါသည်။ အလှူပါပဲ၊ အမျှ ယူကြပါကုန်။

ယခု 'သိပ္ပံအဘိဓမ္မာ' (ဒုတိယတွဲ) ကို ရိုက်နှိပ်ဖြန့်ချိရန် စီစဉ်ပြန်ပါသည်။ အမှတ်စဉ် (၄၈) မှ အမှတ်စဉ် (၁၀၈) အထိ လပေါင်း (၆၁) စာ ဆောင်းပါး (၆၁) ပုဒ် ပါဝင်ပါသည်။ ဤ ဒုတိယတွဲကလည်း အိတ်ထဲမှဘယ်လောက်နှိုက်ယူသွားဦးမည်မသိပါ။ နှိုက်မယူဘဲ ထပ်ထည့်ပေးမည် ဆိုပါကလည်း ပို၍ လှူဒါန်းရပါမည်။ သို့သော် မသေချာပါ။

သေချာသည်မှာက စာအုပ်ကို တစ်အုပ်မှ မရောင်းရသေးခင် အုပ်ရေ (၅၀) ခန့် မပေးမဖြစ် အလကား ပေးရမည်က ကျိန်းသေပါသည်။ တစ်အုပ် (၆၅)ကျပ်တန် ဆိုပါက ငွေ ၃၂၅၀-ဖိုး ဖြစ်ပါ၏။

စာတစ်အုပ် ဖြစ်ထွန်းပေါ်ပေါက်လာဖို့အရေး ပါရမီဖြည့်ရတာတွေက မနည်းပါဘူး၊ ရှိပါစေတော့။

ယခုဒုတိယတွဲတွင် အာသဝေါတရားလေးပါး အကြောင်းမှစ၍ ဣဒ္ဓိပါဒ်လေးပါးအကြောင်းအထိ အကြောင်းအရာ တော်တော်စုံလင်စွာ ပါရှိပါသည်။ သိပ္ပံအဘိဓမ္မာ ပထမတွဲ၊ ဒုတိယတွဲ နှစ်တွဲပေါင်းလျှင် ဗုဒ္ဓအဘိဓမ္မာအခြေခံ အဘောင်ကလေး ရစေနိုင်ပါပြီ။ သင်္ဂြိုဟ်ကျမ်းအနေဖြင့် ပြောလျှင် စိတ်ပိုင်းမှ သမုစ္စည်းပိုင်းအထိ (၇) ပိုင်းသောက် နှံ့စပ်သွားပါပြီ။ ဘဝပိုင်းက ပြောလျှင် လူတစ်ယောက်ပဋိသန္ဓေ နေလာသည်မှ စ၍ နေ့စဉ် ဘဝအတွင်း ကြည့်ပုံ, မြင်ပုံ, တွေးခေါ်ပုံ များနှင့် လူ၏ မကောင်းသော အရည် အချင်းများ၊ ကောင်းသော အရည်အချင်းများ၊ ဆောင်ရမည့်အချက်များ၊ ရှောင်ရမည့်အချက်များ စသည်တို့ကိုဖော်ပြခဲ့ပြီးဖြစ်ပါ၏။

သို့ရာတွင် ဤ အဘိဓမ္မာဆောင်းပါးများ ရေးသားတင်ပြရာ၌ ထားရှိသောမူကို ပထမတွဲစာဂဟော၌-

(၁) အဘိဓမ္မာကို တရားဒေသနာဘက်ထက် ပညာရပ်ဘက်သို့ ဦးတည်စေခြင်း၊

(၂) ကျမ်းဖွဲ့စည်းပုံ ပုံသဏ္ဌာန်ပိုင်းထက် အကြောင်းအရာ အနှစ်သာရဘက်ဆွဲယူခြင်း၊

(၃) မဂ္ဂဇင်း စာဖတ်ပရိသတ်များအနေဖြင့် အလှမ်းဝေးသည့် အကြောင်းအရာများထက် ပူပူနွေးနွေး လက်တွေ့အသုံးဝင်စေသည့် အချက်အလက်များကို ဦးစားပေးခြင်း၊

(၄) အကြောင်းအရာ လေးနက်သော်လည်း အရေးအသား သွက်လက်ပေါ့ပါးစေရန် အားထုတ်ခြင်း၊

ဟူ၍ ဖော်ပြထားပါသည်။

သို့ဖြစ်၍ ဘုံဘက်မှ သေပြီးမှတွေ့ရမည့် အပါယ်ဘုံ၊ နတ်ပြဟ္မာဘုံအကြောင်း အကျယ်ပြုမထားပါ။ တရားဘက်မှ ဈာန်မဂ်ဖိုလ်တရားအကြောင်း အကျယ်ပြုမထားပါ။ ဈာန်ရအောင် အားထုတ်နည်းကို နှစ်ဖက်လှ၏ 'သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏အစိန္တေယျတရား' စာအုပ်၌ ခေတ်မီမီ

ဖော်ပြထားပါသည်။ ဝိပဿနာ မဂ်ဖိုလ်အကြောင်းကိုတော့ ဦးစား ပေး၍ မရေးရသေးပါ။ အကြောင်းညီညွတ်လာလျှင် ခေတ်မီမီရေး သားတင်ပြပါဦးမည်။

နိဗ္ဗာန်အကြောင်းတော့ သိပ်မရေးချင်ပါ၊ အဘယ့်ကြောင့်ဆို သော် သူကန်းများကို ဖြူ နီ ညို ပြာ ရောင်စုံပြခြင်းသည် အချည်းနှီး ဖြစ်ပါသည်။ မျက်ကန်းကို အရောင်ပြဖို့ ကြိုးစားခြင်းထက် အကန်း ပျောက်အောင်(ဝါ) စက္ခုနှစ်ကွင်း အလင်းရအောင် ကုစားပေးသည် ကမှ လမ်းမှန်ပါသည်။ မျက်စိအမြင်ရလာလျှင် သူ့ဟာသူ မြင်သွား မည်သာဖြစ်ပါ၏။

သို့သော် ဗုဒ္ဓဘာသာနိဗ္ဗာန်အစစ်ကို မှန်းဆတတ်အောင် တန်ဖိုး ထားတတ်အောင်တော့ အထိုက်အလျောက်ပြောပြထားဖို့လိုပါ၏၊ သိရှိ ထားဖို့လိုပါ၏။

ဤကိစ္စကိုလည်း အကြောင်း ညီညွတ်သောအခါ ဆရာဦးကြီး မောင်(ငွေဥဒေါင်း) သုံးသပ်ထားသည့်အတိုင်း သူတကာနှင့်မတူသော ရှင်းပုံ လင်းပုံတို့ဖြင့် တင်ပြပါဦးမည်။

ဤစာအုပ်ကနေ စကားလက်ဆောင် ပါးချင်သည်ကတော့ ၁၉၉၀-ပြည့် ဇန်နဝါရီလ သိပ္ပံမဂ္ဂဇင်းမှစ၍ 'ပဋ္ဌာန်း'ကို ရေးသွား ပါမည်။ ပဋ္ဌာန်းဆောင်းပါးများကို ဖတ်ရှုနားလည်ဖို့အတွက် အခြေခံ အဖြစ် ဤသိပ္ပံအဘိဓမ္မာအတွဲနှစ်တွဲကို ကိုင်ထားရပါမည်။ ဤစာအုပ် များတွင် မတင်ပြရသေးဘဲ ပဋ္ဌာန်းအတွက် အထူးသိစရာများကိုတော့ ပဋ္ဌာန်းဆောင်းပါးများတွင် ထည့်သွင်းသွားပါမည်။

လက်ရှိလူ့ဘဝသည် အသက်တမ်းကတိုလှ၏။ ပညာဗဟုသုတ ကလေး အထိုက်အလျောက်ပြည့်စုံလာ၍ နင်လားငါလား၊ အလုပ်လုပ် မည်ရှိသေး၊ အိုစာရင်း အသွင်းခံလာရ၏၊ နာစာရင်း အသွင်းခံလာ ရ၏၊ ထို့ပြင်(အများအားဖြင့်) လောကကောင်းအောင် လုပ်သည့်သူ များ၊ သိပ်တော်သည့်သူများ အသက်တိုဘတ်၏။ လောကကိုဖျက်ဆီးသည့် သူများကျတော့ သေပဲမသေနိုင်ကြ။ အသက်ကရှည်၊ ကျန်းကလည်း ကျန်းမာကြပါဘိ၊ ဤသည်မှာ ဆုတ်ကပ်ကာလ လူတို့၏ကံကြမ္မာ ညှို့ ဖျင်းလာ၍ပေတည်း။

ထို့ကြောင့် ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည် နေရပြီး လောက၏ ကောင်းကျိုး၊ ဗုဒ္ဓသာသနာတော်၏ အကျိုးကို သည်ပိုး ဆောင်ရွက်နိုင်ရပါလို၏ဟု အထူး ဆုတောင်းရပါတော့သည်။ အား လုံး ထိုနည်းလည်းကောင်း (ထိုနည်းငှ) ဖြစ်ကြပါစေသတည်း။

နှစ်ဖက်လှ

၁၄-၁-၁၉၉၁

# အာသဝေါတရား

# ဘာလဲ၊ ဘယ်လိုလဲ၊ ဘယ်မှာလဲ

ပြီးခဲ့သောလဥ္ဓ လောဘ, ဒေါသ စသော အကုသိုလ်စိတ် စေတသိက်တို့က ဆွဲဖမ်းယူနိုင်သော အာရုံအမျိုးမျိုး၊ ကုသိုလ်စိတ်, စေတသိက်တို့က မွေ့လျော်နှစ်ခြိုက်တတ်သော အာရုံအမျိုးမျိုး တို့ကို ဖော်ပြခဲ့ပါသည်။ လူတစ်ဦးစီမှာ အကုသိုလ် သဘာဝနှင့် ကုသိုလ် သဘာဝ နှစ်ရပ် မပြတ် ဖြစ်နေ၏။ ထိုသဘာဝနှစ်ရပ်တွင် အကုသိုလ် သဘာဝသည် လူကို ဘဝသံသရာထဲမှ ထွက်မရအောင် ဆွဲဆောင်ဖမ်း ထားတတ်၏။

အကုသိုလ်သဘာဝသည်....

- မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊
- လောဘ၊ ဒိဋ္ဌိ၊ မာန၊
- ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊
- ထိန၊ မိဒ္ဓ၊
- ဝိစိကိစ္ဆာ၊

ဟူ၍ (၁၄)မျိုးရှိကြောင်း သိခဲ့ရပြီ။ (အဓိပ္ပာယ်ကို သိပ္ပံအဘိဓမ္မာ ပထမတွဲ၌ ပြန်ကြည့်ပါ။)

နေ့စဉ် မိမိတွေ့ကြုံရသော အာရုံအလိုက် အကုသိုလ်သဘာဝတွေ မိမိမှာ ဖြစ်၍ ဖြစ်၍ လာ၏။ မျက်စိကလည်း ဖြစ်၍လာ၏၊ နားကလည်း ဖြစ်၍လာ၏၊ နှာခေါင်းကလည်း ဖြစ်၍လာ၏၊ လျှာကလည်း ဖြစ်၍ လာ၏၊ ကိုယ်အတွေ့အထိကလည်း ဖြစ်၍လာ၏၊ နံနက်အိပ်ရာထ မျက်စိ နှစ်လုံးဖွင့်ချိန်မှ အိပ်ရာဝင် အိပ်ပျော်သည်အထိ တစ်နေ့တာ ကာလ အတွင်း အကုသိုလ်သဘာဝများ ဖြစ်တတ်ပေသည်။

မိမိတို့ကိုယ်မှာ မပြတ်ဖြစ်သော အကုသိုလ် သဘာဝတို့သည် မိမိတို့ဘဝကို ကျယ်ကျယ်ပြန့်ပြန့် ဖန်တီး ခြယ်လှယ်နေ၏၊ ဘဝ ပြောင်းရာ၌လည်း ပြောင်း၍လိုက်၏၊ ဘဝကူးရာ၌လည်း ကူး၍လိုက်၏။

'လောဘ၊ ဒိဋ္ဌိ၊ မောဟ' ဟူသော သဘာဝဆိုးမျိုးကိုကြည့်ပါ။

လောဘ ဖြစ်လာသောအခါ လူသည် အာသာ ငမ်းငမ်း ဖြစ်လာ၏။ အသိမှန် အမြင်မှန် ထုံထိုင်းဆုတ်ယုတ်သွား၏။ အကျိုး အပြစ် မစိစစ်နိုင်ဖြစ်လာ၏။ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ အတွေး အယူမှားယွင်းပြီး ဒိဋ္ဌိအမြင် ဒိဋ္ဌိအသိ ဝင်လာ၏။ သစ္စာတရားကို မမြင်လျှင် မောဟဝင်လာ၏။

လောဘသည် မိမိ၌ဖြစ်၏၊ ဒိဋ္ဌိသည် မိမိ၌ဖြစ်၏၊ မောဟသည် မိမိ၌ဖြစ်၏၊ ထပ်၍ ထပ်၍ ဖြစ်၏၊ မပြတ်ဖြစ်၏၊ ခဏခဏ ဖြစ်၏။ မိမိသည် (ဝါ) လူသည် လောဘဖြစ်ရာ နေရာ၊ ဒိဋ္ဌိဖြစ်ရာ နေရာ၊ မောဟဖြစ်ရာ နေရာပေတည်း။ ဖြစ်ပါများသဖြင့် လူ၌ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည် အလျှင်ဖြစ်နေ၏၊ အထုံရနေ၏၊ စွဲနေ၏။

ဥပမာအားဖြင့် အရက်အိုးကဲ့သို့တည်း။ အရက်ဖောက်သော အိုး၌ အရက်သည် အလျှင်ရနေ၏၊ ကြာမြင့်စွာ ထုံနေ၏၊ စွဲနေ၏။

လူ့ဘဝ လူ့ကိုယ်ကား အရက်အိုးနှင့် တူနေ၏၊ လူ၌မပြတ် ဖြစ်နေသော လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကား အလျှင် ရနေသော၊ စွဲနေသော၊ ထုံနေသော အရက်နှင့်တူ၏။

ကြာမြင့်စွာ ထုံနေသည်၊ စွဲနေသည် ဆိုသော အနက်ကို ပါဠိ ဘာသာအားဖြင့် 'အာသဝ'ဟု ခေါ်၏။ အာသဝ (အာသဝေါ) ဆိုသည်ကား ကြာမြင့်စွာ ထုံစိမ်စွဲနေသော အရာတည်း။ လောက ပစ္စည်းနှင့် ပြောလျှင် အရက်သည် 'အာသဝ' ပေတည်း။ သဘာဝ တရားနှင့် ဆိုလျှင် 'လောဘ၊ ဒိဋ္ဌိ၊ မောဟ'သည် 'အာသဝ' ပေတည်း။

ထို့ကြောင့် 'အာသဝေါတရား' ဆိုသည်မှာ အရက်အိုး၌ ထုံစွဲနေသော အရက်ကဲ့သို့ လူ့ဘဝလူ့ကိုယ်၌ မပြတ်ဖြစ်ပြီး အလျှင်

ရနေသော၊ အထုံဖြစ်နေသော လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ ဤသဘာဝ သုံးမျိုးဖြစ်ပေသည်။

တစ်မျိုးပြောရလျှင်—

မေး။ အာသဝေါတရားဆိုတာဘာလဲ။

ဖြေ။ အာသဝေါတရား ဆိုတာ လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ ဤအကုသိုလ်စေတသိက် သုံးမျိုးဖြစ်သည်။

မေး။ အဘယ်ကြောင့် အာသဝေါ တရားဟု ခေါ်သနည်း။

ဖြေ။ အရက်နှင့်တူသောကြောင့် အာသဝေါတရားဟုခေါ်၏။

မေး။ အဘယ်သို့ တူပါသနည်း။

ဖြေ။ အရက်သည် အရက်အိုး၌ အလျင်ဖြစ်နေပြီး သောက်စားသူတို့ကို မူးယစ်ရူးမူးစေ၏။ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည်လည်း မိမိဖြစ်ရာလူကို လိုချင်တမ်မက်မှု၊ အမြင်မှားမှု၊ မသိမိုက်မဲမှုတို့ဖြင့် ယစ်မူးစေပါသည်။

တစ်နည်းအားဖြင့် အရည်ကဲ့သို့ ယိုစီးတတ်သောကြောင့်လည်း 'အာသဝ'ဟု ခေါ်ပါသေးသည်။ အရာဝတ္ထုအတုံးအခဲသည် တစ်နေရာတည်း၌ ရပ်တည်နေ၏။ အရည် (အရေ) မူကား စီးဆင်းတတ်၏။ လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော သဘာဝ သုံးမျိုးသည် ဘုံပိုင်းအရဆိုလျှင် အထက်ဆုံးဘဝဂ်ဘုံ (ဗြဟ္မာဘုံ)အထိစီးဝင်၏။ တရားပိုင်းကဆိုလျှင် သံသရာမှ လွတ်အောင် ထွက်ပြေးကြသူများ နောက်သို့ သောတာပတ္တိမဂ်စိတ် ဖြစ်ခါနီး (သောတာပတ္တိမဂ် စိတ်၏ရှေ့) 'ဂေါတြဘု' ခေါ်သည့်စိတ်အထိ လိုက်၏။

ဆိုလိုသည်မှာ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည် လူတွေမှာသာမက နတ်တွေ၊ ဗြဟ္မာတွေမှာလည်း ဖြစ်၏။ ဗြဟ္မာဘုံတွင် အထက်ဆုံး ဗြဟ္မာကြီးများအထိ လိုက်၍ဖြစ်၏။ နတ်လောဘ၊ ဗြဟ္မာလောဘ၊ နတ်ဒိဋ္ဌိ၊ ဗြဟ္မာဒိဋ္ဌိ၊ နတ်မောဟ၊ ဗြဟ္မာမောဟတွေဖြစ်၏။ တရားပိုင်းက ဆိုလျှင်လည်း လောကီတရား အားလုံးကို လွှမ်းခြုံဖြစ်၏။ လောကုတ္တရာတရား အနီးအနားအထိ လိုက်သေး၏။

စဉ်းစားရန်မှာ အယက်ဆုံးဘဝဂ်ဘုံမှာ ဗြဟ္မာကြီးများဖြစ်နေသော်လည်း အာသဝေါတရား မကင်းသေးက လူ့ပြည်မှာ လူဖြစ်လာရပြန်သည်။ ကမ္ဘာ့မြေပြင်ပေါ်၌ နေသောလူသာမက မြေထဲ၌ ငရဲသို့ပင် ကျနိုင်သေး၏။

သိပ္ပံနည်းဖြင့် ကြည့်လျှင် အာသဝေါ တရားသည် ကမ္ဘာ့မြေကြီး၏ ဆွဲငင်အားနှင့် တူ၏။ ကမ္ဘာ့မြေ၏ ဆွဲငင်အား အတွင်းမှ မလွတ်မထွက်နိုင်သော အရာမှန်သမျှ မြေသို့သာ ပြန်ကျရ၏။ ကမ္ဘာ့မြေ၏ ဆွဲငင်အားအတွင်းရှိနယ်ကို လောကီနယ်ဟု ပမာပြုလျှင် ကမ္ဘာမြေ၏ ဆွဲငင်အားလွတ်သော နယ်ကို လောကုတ္တရာနယ်ဟု တင်စားကြည့်နိုင်၏။

အာသဝေါ တရားတို့သည် လောကီ ဆွဲငင်အား နယ်အတွင်း ဘယ်လောက်မြင့်သောနေရာ၌ရှိရှိ အောက်သို့ပြန်ဆွဲချမည်သာ ဖြစ်၏။ ထို့ကြောင့် အမြင့်ဆုံး ဘဝဂ်ဘုံမှ အာသဝေါ မကင်းသေးသည့် ဗြဟ္မာကြီးများ လူကမ္ဘာမှာ လူလာဖြစ်ရခြင်းဖြစ်ပေသည်။

ဤကဲ့သို့ စီးတတ်၊ ဝင်တတ်၊ ဆွဲငင်တတ်သောသဘောကြောင့်လည်း 'အာသဝေါ'တရားဟူ၍ ခေါ်ပေသည်။

နောက်တစ်နည်းကား တစိုစို တစိစိ ယိုထွက်တတ်သော သွေးပုပ်၊ ပြည်ပုပ်နှင့် တူသောကြောင့်လည်း 'အာသဝေါတရား'ဟု ခေါ်သေး၏။

လူကိုယ်မှာ အိုင်းအနာကြီး ပေါက်နေပါက အနာမှ သွေးပြည်တွေ တစိုစို တစိစိယိုနေမည်သာ ဖြစ်၏။ ထိုနည်းတူ လူကိုယ်မှာလည်း မျက်စိပေါက် (စက္ခုဒွါရ)မှ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တွေ ယိုနေ၏။ လှတာလေးတွေကို မြင်၍ လိုချင်လျှင် လောဘ သွေးပြည်တွေ ယိုပေ၏။ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အင်္ဂါတို့မှ လောဘ၊ ဒေါသ၊ မောဟ၊ သဘာဝဆိုးများ ယိုကျနေပုံကိုလည်း စဉ်းစား ဆင်ခြင်ကြည့်ပါ။

အကျဉ်းပြန်ချုပ်ကြည့်လျှင်—

(၁) အလျှင်ဖြစ် အထုံဖြစ် စွဲပြီး ယစ်မူး စေတတ်သော အနက်ကြောင့်လည်း 'အာသဝ'မည်၏။

(၂) အရည်ကဲ့သို့ ယိုစီးတတ်သောကြောင့် လည်း 'အာသဝ'မည်၏။

(၃) တစိုစို တစိစိ ဖြစ်နေတတ်သောကြောင့် လည်း 'အာသဝ'မည်၏။

ဤအာသဝေါတရားသည် မိမိမှာဖြစ်၏၊ လူမှာဖြစ်၏။ မျက်စိက မြင်တိုင်း၊ နားက ကြားတိုင်း လိုချင်လျှင် လောဘ အာသဝေါတရား ဖြစ်၏၊ အယူမှားလျှင် ဒိဋ္ဌိအာသဝေါတရားဖြစ်၏၊ အမှန်သဘာဝကို မသိလျှင် မောဟအာသဝေါတရား ဖြစ်၏။ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့နှင့် မနောဒွါရတို့မှာလည်း အာသဝေါတရားဖြစ်ပုံ ဆက်လက် ဆင်ခြင်ကြည့်ပါ။

ဖော်ပြပါ လောဘ၊ ဒိဋ္ဌိ၊ မောဟဆိုသော အာသဝေါ တရား တို့ကို သူတို့၏ ဇာတိရုပ်ပေါ်အောင် အမည်နာမ တပ်ဆင်ပေးသော အခါ အာသဝေါတရားလေးပါး ဟူ၍ ဖြစ်ပေါ်လာ၏။

လူလောက၊ နတ်လောကတည်းဟူသော ကာမလောက၌ လိုချင် တပ်မက်သော 'လောဘ'ကို 'ကာမာသဝ'ဟု ခေါ်၏။ ဗြဟ္မာလောက ဆိုင်ရာ ဈာန်များကို ကပ်ငြိတွယ်တာသော လောဘကို'ဘဝါသဝ'ဟု ခေါ်၏။ လောဘတစ်ခုတည်းကိုပင် ကာမာသဝ၊ ဘဝါသဝဟု အမည် နှစ်မျိုး တပ်ထားခြင်းဖြစ်၏။

ဒိဋ္ဌိကိုမူ ဒိဋ္ဌာသဝဟုခေါ်၏။ အဘယ်ကြောင့်နည်း၊ စွဲလမ်းဖွယ် မဟုတ်သော အမှားအယွင်းများ၌ အရက်မူးသူတို့ ရူးနေသကဲ့သို့ လွန်စွာ စွဲလမ်းလျက် လူကိုအရူးအမူး ဖြစ်စေသည့်အတွက် ဖြစ်၏။ စင်စစ် ဒိဋ္ဌိသည် လူ၏အမြင်မှန်ကိုဖျက်ဆီးပြီး အမှားကို မြင်အောင် အမှားကို အမှန်ထင်အောင် ပို့ဆောင်၏။ ယင်းအမြင်များသည်လည်း လူ၌ ယစ်မူး စွဲလမ်းလျက် နေ၏။ ထို့ကြောင့် 'ဒိဋ္ဌိ'ကို 'ဒိဋ္ဌာသဝ'ဟု မှည့်ခေါ်ရခြင်း ဖြစ်လေသည်။

အမှန်ကိုမသိ၊ အမှားကိုသိသောမောဟကို သရုပ်ပေါ်အောင် 'အဝိဇ္ဇာသဝ'ဟုခေါ်၏။ 'အဝိဇ္ဇာ'ဆိုရာ၌ (အ+ဝိဇ္ဇာ)ဟု ခွဲကြည့်ပါက 'ဝိဇ္ဇာ' သည် အမှန်သိတည်း။ 'အ'သည် ဆန့်ကျင်ဘက် အနက်ဖြစ်၍

'အဝိဇ္ဇာ' သည် အမှန်၏ ဆန့်ကျင်ဘက်ကို သိခြင်း၊ အမှားကိုသိခြင်း သဘော ဖြစ်ပေသည်။

အချုပ်မှတ်ရန်ကား-အမည်အားဖြင့် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဟူ၍ အာသဝေါတရား လေးပါးပေတည်း။ မူလတရားကိုယ် အားဖြင့်မူကား လောဘ၊ ဒိဋ္ဌိ၊ မောဟစေတသိက် သုံးမျိုးသာ ဖြစ်ပေသည်။ 'လောဘစေတသိက်' တစ်ခုတည်းကိုပင် လိုချင်ပုံ လိုချင်နည်းကိုလိုက်၍ ကာမာသဝ၊ ဘဝါသဝဟု ခွဲခြားပြီး အာသဝေါတရား နှစ်မျိုးအဖြစ် ဖော်ပြခြင်း ဖြစ်ပေသည်။

ယခင် အဘိဓမ္မာဆောင်းပါးများကို ဖတ်ရှုလေ့လာသူ ဖြစ်လျှင် မိမိ၌ အာသဝေါ တရားများ ဖြစ်ပုံကို ဆင်ခြင် စဉ်းစားနိုင်ပေမည်။ တယ်လီဗေးရှင်း ကြည့်နေစဉ် အချောအလှကို မြင်ရပါက မျက်စိမှ လောဘအာသဝေါတရား ယိုစီးလာ၏။ ကြိုက်သော သီချင်းဂီတကို နားဆင်ရပါက နားမှ ကာမအာသဝေါတရား ယိုစီးလာ၏။ ချစ်စရာ ဝတ္ထုပစ္စည်းကို နမ်းလိုက်ရပါက နှာခေါင်းမှ ကာမ အာသဝေါ တရားတွေ ယိုစီးလာ၏။ လျှာရင်းမျက်မျက်ကလေးစားရပါက လျှာမှ ကာမအာသဝေါတရား ယိုစီးလာ၏။ ချစ်စရာကို ထိရ၊ တွေ့ရ၊ ကိုင်ရ၊ ဖက်ရပါက ကိုယ်ကာယမှ ကာမအာသဝေါတရားတွေ ယိုစီးကျလာ၏။ စိတ်မနော၌လည်း အာသဝေါတရား တိုးပွားသည်သာ။

ထိုသို့ အာရုံတွေ ခံစားနေရသည်ကို ဟုတ်သည်၊ မှန်သည်၊ ကောင်းသည်ဟု ထင်၏။ ထိုအထင် ထိုအသိသည်ကား ဒိဋ္ဌိအာသဝ၊ အဝိဇ္ဇာအာသဝပေတည်း။ (ယခုလူတို့၌ ဘဝါသဝ မဖြစ်နိုင်ပေ)။ ကျွန်ုပ်တို့ကား နေ့စဉ် အာသဝေါတရား သုံးပါး ဖြစ်နေကြသော သူများပေတည်း။

တစ်ဖက်ကလည်း ကျွန်ုပ်တို့သည်—

ဣဓ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

မေ၊ တပည့်တော်၏။ ဣဓပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကင်းရာကုန်ရာ (နိဗ္ဗာန်)ကို။ အာဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဟု တွင်တွင်ဆိုတောင်းကြ၏။ ဆုတောင်းသူကား ဆုမတောင်းသူထက် သာပါ၏။

သို့သော် ယခုလိုအဘိဓမ္မာဆောင်းပါးများကို မဖတ်ရှု မလေ့လာဖူးလျှင် အာသဝေါတရားဆိုတာ ဘာမှန်းမသိ။ လူတစ်ခြား၊ အာသဝေါတရား တစ်ခြား ထင်မိ၏။ ဗုဒ္ဓအဘိဓမ္မာကို စနစ်တကျ လေ့လာသူမှ (ဝါ) ခေတ်မီမီ လေ့လာဖူးပါမှ အာသဝေါတရားဆိုတာ စင်စစ် ငါကိုယ်မှာ ဖြစ်နေတဲ့ တရားတွေပါကလားဟု နားလည်ရာ၏။

ဗုဒ္ဓဘာသာလောကတွင် နာမည်ကြီးလှသော အာသဝေါတရား လေးပါးကို သိရပြီးနောက် မိမိမှာ အာသဝေါတရားဖြစ်ပုံ၊ အာသဝေါ တရားမဖြစ်ပုံ၊ အာသဝေါတရားတွေ တိုးပွားနေပုံစသည်တို့ကို ဆင်ခြင် စဉ်းစားတတ်လောက်ပြီ။

ဤကဲ့သို့ အာသဝေါတရားမှန်းသိခြင်း၊ တိုးပွားလျှင် တိုးပွား မှန်းသိခြင်း၊ မဖြစ်လျှင် မဖြစ်မှန်း သိခြင်းသည် ကုသိုလ်ရပေသည်။ အကုသိုလ်ကိုသိခြင်း၊ အကုသိုလ်ဖြစ်မှန်း သိခြင်းသည် ကုသိုလ်ပေတည်း။ (ဤအချက်ကိုသတိပြုပါ)။

ဤအချက်ကို နားမရှုပ်ပါစေနှင့်။ အကုသိုလ်အာသဝေါတရားက အသိခံရသည့် အာရုံတရား၊ သူ့ကိုသိတာက အဘိဓမ္မာအသိဉာဏ်၊ အဘိဓမ္မာအသိဉာဏ်သည် ကုသိုလ်တရားတည်း။ အဘိဓမ္မာအသိဉာဏ် မိမိမှာ ဖြစ်ပေါ်ခြင်းသည် ကုသိုလ်ရခြင်း မဟုတ်ပါလော။

နှစ်ဖက်လှ

၁၉၈၄-ခု၊ စက်တင်ဘာလ။

# ဝဲဩဃ၊ ကော်စေး၊ သံကွင်းဆက်

# သဘာဝများ

မြတ်စွာဘုရားသည် လူနတ်ပြဟ္မာ သတ္တဝါတို့ အကျိုးငှာ အဘိဓမ္မာ သဘာဝများကို ဖော်ထုတ် ဟောကြားတော်မူသောအခါ နားလည်ကြစေရန် သိသာထင်ရှားသော လောက သဘာဝများဖြင့် တင်စား၍ အမျိုးမျိုး ဟောကြားတော်မူခဲ့သည်။ အကုသိုလ်စေတသိက်များကို ဖော်ပြခဲ့ပြီးနောက် ယင်းအကုသိုလ် သဘာဝတို့က သဘာဝပိုင်းကို ဘယ်လိုခြယ်လှယ်ကြကြောင်း သိနိုင်အောင် ထပ်ဆင့် ညွှန်ပြရပြန်သည်။ လူမှာ ဖြစ်နေသော အကုသိုလ်သဘာဝတို့၏အတွင်းရေးကို ပြသခြင်းဖြစ်၏။

လူ၏ခန္ဓာကို စဉ်းစားကြည့်ပါ။ လူပြိန်းတို့သည် လူတစ်ကောင်လုံးကို ငါဟုထင်ပြီး ကိုယ်ခန္ဓာဒြပ်ဝတ္ထုကို သိကြသည်။ ငါ့လက်, ငါ့ခြေ, ငါ့ဗိုက် စသည်ဖြင့် အပေါ်ယံမျှသာ သိကြ၏။ ထို့ထက်ပို၍ မသိကြ။ သိရန် မကြိုးစားကြ။

စဉ်းစားဆင်ခြင်ဉာဏ်ရှိသူမှကား ငါ့ကိုယ်မှာ အရိုးတွေရှိသည်၊ အကြောတွေရှိသည်၊ ဝမ်းဗိုက်ထဲမှာ အသည်း, နှလုံး, ကျောက်ကပ်, အဆုတ်, အူသိမ် အူမ စသည်တွေ ရှိသည်၊ ခေါင်းထဲမှာ ဦးနှောက်တွေ ရှိသည်၊ လူတစ်ကိုယ်လုံး သွေးတွေ ပြည့်နေသည်၊ ဤသို့စသည်ဖြင့် ကောဋ္ဌာသအလိုက် ရှိကြသည်။ သို့သော် အကြောတွေက ဘာကို ဆောင်ကြဉ်းနေသည်၊ အသည်းနှလုံး စသည်တို့က ဘာတွေ လုပ်ပေးနေကြသည်၊ ဦးနှောက်က သိမှုကိစ္စကို ဘယ်လို ကူညီနေသည်၊ သွေးတွေက ဘယ်လိုလည်ပတ်နေကြသည်ဟု မသိကြချေ။ ကောဋ္ဌာသ (ကလီစာ) တို့၏ လုပ်ငန်းအသီးသီးကို မသိကြချေ။

ခန္ဓာဗေဒ ပါရဂူတို့မှုကား လူကိုယ်ထဲမှာ အကြောတွေက ဘာကို ဆောင်ကြဉ်းနေကြသည်၊ အသည်းနှလုံးတို့က ဘာလုပ်နေသည်၊ နှလုံးက တစ်မိနစ် ဘယ်လောက်ခုန်သည်၊ ဘာ့ကြောင့်ခုန်သည်၊ နှလုံးခုန်သည့်အတွက် ကိုယ်ခန္ဓာထဲမှာ ဘာတွေ ဖြစ်ပေါ်စေသည်၊ ထိုနည်းတူ ကျောက်ကပ်၊ အဆုတ်၊ ဦးနှောက် စသည်တို့ကလည်း မည်သည့်ကိစ္စများကို ဆောင်သည်ဟု တပ်အပ်သေချာ သိမြင်ကြသည်၊ သိသည်များကို ဖော်ထုတ် ရေးသားပြောပြကြလေသည်။

အထက်ပါ ရုပ်ပိုင်းဆိုင်ရာ ပုံပမာကဲ့သို့ပင် အဘိဓမ္မာ ပါရဂူ ဖြစ်တော်မူသော မြတ်စွာဘုရား ရှင်တော်မြတ်သည်လည်း ရုပ်နာမ် သဘာဝတို့၏ အတွင်းရေး ကိစ္စတို့ကို အကြွင်းမဲ့ သိမြင်တော်မူသည်။ နာမ်သဘာဝများအနက် အကုသိုလ်သဘာဝ (၁၄)မျိုးကို စိတ်၌မှီ၍ ဖြစ်သော စိတ်မှီသဘာဝများ (စေတသိက်များ) အဖြစ် ဖော်ထုတ် ပြခဲ့၏။ တဖန် ထို အကုသိုလ် သဘာဝတို့က 'လူ့ဘဝ'ကို အတွင်း ကျကျ မည်သို့မည်ပုံ ဖန်တီး ခြယ်လှယ်နေသည်ကိုလည်း ဟောပြရ ပြန်၏။

အကုသိုလ်သဘာဝတို့၏ အတွင်းရေးကိစ္စများကို လူနတ်တို့အား သိရှိနားလည်အောင် ဟောပြောရသောအခါ လူတို့ သိနိုင်လောက် သည့် လောကဖြစ်ရပ်များဖြင့် နှိုင်းယှဉ်တင်စား ပုံဆောင်၍ ဟောရ ပြန်သည်။ လောကသဘာဝကို အခြေခံ၍ အဘိဓမ္မာ ဝေါဟာရများ တီထွင် ပြသတော်မူရလေသည်။

လောကတွင် မူးယစ်စေတတ်သော အရက်ကို 'အာသဝ'ဟု ခေါ်၏။ 'လောဘ, ဒိဋ္ဌိ, မောဟ' သဘာဝဆိုး သုံးမျိုးသည်လည်း လူကို မူးယစ် မေ့မှားစေတတ်သည့်အတွက် အရက်နှင့် တူ၏။ ထို့ကြောင့် ထိုသဘာဝဆိုး သုံးမျိုးကို အာသဝေါတရားဟု အမည် သစ် တပ်ဆင်ဖော်ပြ၏။ လောက၌ အရက်ဟုကြားလျှင် မူးယစ်စေ သောပစ္စည်းဟု နားလည်ကြ၏။ အဘိဓမ္မာ၌လည်း 'အာသဝေါ တရား'ဟု ကြားလျှင် ယစ်မူးစေတတ်သော သဘာဝတို့ပါတကားဟု သိရန် ဖြစ်လေသည်။ (နာမည်ကြီး အာသဝေါတရား အကြောင်းကို စက်တင်ဘာလထုတ် သိပ္ပံမဂ္ဂဇင်း၌ သီးခြား ဖော်ပြခဲ့ပြီးဖြစ်သည်။)

လောဘ, ဒိဋ္ဌိ, မောဟတို့သည် မိမိတို့ကို လက်ခံဖြစ်ပေါ်ခွင့် ပေးသူ လူသားအား အပါယ်လေးပါး၌ နှစ်မြှုပ်သတ်တတ်၏၊ ယင်း အကုသိုလ် သဘာဝတို့က လူကို နတ်ပြည်, ဗြဟ္မာပြည် ရောက်အောင် တိုးမြှင့်ပေးသည်ဟူ၍ မရှိ။ စင်စစ် လူကို နှစ်မွန်းစေသည်သာဖြစ်၏။ ဤအဓိပ္ပာယ်တို့ကို လူတို့နားလည်အောင် ပုံဆောင်ဖို့ လိုပေသည်။

မဟာသမုဒ္ဒရာ၌ စီးဆင်းနေသော ရေအယဉ် ရှိ၏။ ယင်း ရေအယဉ်ကို 'ဩဃ'ဟု ခေါ်၏။ သမုဒ္ဒရာတွင်း၌ အရှိန်အဟုန်ပြင်းစွာ ပတ်ချာလည်နေသော ရေစီးရေဝဲကိုလည်း 'ဩဃ'ဟု ခေါ်၏။ ယင်း ဝဲဩဃသည် ဩဃအတွင်းရောက်လာသူ လူသတ္တဝါတို့ကို နှစ်သတ် ဖျက်ဆီးပစ်တတ်ကြ၏။

ဤအဓိပ္ပာယ်ကို အခြေခံ၍ လောဘ, ဒိဋ္ဌိ, မောဟ တရားဆိုး သုံးမျိုးကို 'ဩဃ' တရားများဟု အမည်ထပ်ဆင့်ခေါ်ကြ၏။ ဩဃ တရားဟုပြောလိုက်သဖြင့် လူကို နှိပ်စက်ဖျက်ဆီး တတ်သောတရားဟု သိနိုင်လာသည်။ ယင်းဩဃသည် မူရင်းတရားကိုယ်အားဖြင့်သာ သုံးမျိုး ဖြစ်၏။ အလုပ်ကိစ္စ စွမ်းရည်အားဖြင့် ခွဲခြားချက်ကား ကာမောဃ (ကာမ+ဩဃ)၊ ဘဝေါဃ (ဘဝ+ဩဃ)၊ ဒိဋ္ဌောဃ (ဒိဋ္ဌိ+ဩဃ)၊ အဝိဇ္ဇောဃ (အဝိဇ္ဇာ+ဩဃ)ဟူ၍ လေးမျိုး ဖြစ်လာ၏။ ထို့ကြောင့် ဩဃလေးပါးဟု ပြောကြားရခြင်း ဖြစ်လေသည်။

'ကာမောဃ' ဆိုသည်မှာ ကာမကို လိုချင်သော လောဘ တည်းဟူသော နှစ်မြှုပ်တတ်သော တရားတည်း။ 'ဘဝေါဃ'ဆိုသည်မှာ ဈာန်ဆိုင်ရာ ဗြဟ္မာဘဝ စသည်ကိုလိုချင်သော လောဘတည်းဟူသော နှစ်မြှုပ်တတ်သော တရားတည်း။ 'ဒိဋ္ဌောဃ' ဆိုသည်မှာ အမြင် မှားသော ဒိဋ္ဌိတရားတည်းဟူသော နှစ်မြှုပ်စေတတ်သော တရားတည်း။ 'အဝိဇ္ဇောဃ' ဆိုသည်မှာ အမှန်မသိ၊ အမှားကိုသိသော အဝိဇ္ဇာ မောဟတည်းဟူသော နှစ်မြှုပ်စေတတ်သော တရားတည်း ဟူ၍ သိအပ်ပေသည်။

တဖန် လောဘ, ဒိဋ္ဌိ, မောဟတို့သည် မိမိ ဖြစ်ရာလူကို သံသရာဝဋ်ဒုက္ခနှင့် စပ်ပေးတတ်၏။ ဘဝတစ်ခုနှင့် တစ်ခု ဆက်သွယ် ပေးတတ်၏။ ဆိုလိုသည်မှာ လောဘတွေ ဖြစ်နေသမျှ သံသရာဝဋ်မှ

ဘယ်သောခါမှ မလွတ်။ လောဘတွေ ဖြစ်နေသမျှ ဤဘဝသေလျှင် နောက်ဘဝ ဆက်ဖြစ်ဦးမည်သာ၊ ဘဝမပြတ်။ လောဘသည် ဘဝချင်း ဆက်စပ်၍ပေး၏။ ဤနည်းအရ အမြင်မှား အသိမှား ဒိဋ္ဌိတွေ ဖြစ်နေ သမျှ တွေဝေ မိုက်မှားသော တရားတွေ ဖြစ်နေသမျှ ဝဋ္ဋဒုက္ခမှ မလွတ်နိုင်၊ ဘဝမပြတ်နိုင်။ ဤသို့သော အနက်အဓိပ္ပာယ်ကို လူတွေ သိနိုင်အောင် ပြောဖို့လို၏။

လောက၌ ကပ်ဘတ်သော 'အစေး' ရှိ၏။ ကပ်စေးနဲ၊ မျောက်နဲ့စေး၊ ကော်စေး စသည်တို့ ဖြစ်၏။ ထိုအစေးများသည် အရာဝတ္ထုနှစ်ခုကို တွဲစပ်ပေး၏။ ယှဉ်စပ်ပေး၏။ ယင်းသို့ ယှဉ်စပ်ပေးမှုကို ပါဠိဘာသာဖြင့် 'ယောဂ' ဟုခေါ်၏။

လောဘ, ဒိဋ္ဌိ, မောဟတို့သည် လူကို ဝဋ္ဋဒုက္ခနှင့် ယှဉ်စပ်ပေး တတ်၏။ ပဋိသန္ဓေဘဝနှင့် အနာဂတ်ဘဝ ဆက်စပ်ပေးတတ်၏။ ထို့ကြောင့် ကော်စေးနှင့် တူ၏။ ကော်စေးနှင့် တူသောကြောင့် လောဘ, ဒိဋ္ဌိ, မောဟတို့ကို ယောဂတရားများဟု အမည်တစ်မျိုးဖြင့် ဖော်ပြရလေသည်။

ယင်း ယောဂတရားသည်လည်း အလုပ်ကိစ္စ စွမ်းရည်အားဖြင့် ခွဲလျှင် ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂဟူ ယောဂလေးမျိုး ဖြစ်လေသည်။ (တရားအားထုတ်သူ 'ယောဂီ' ဆိုသည်နှင့် လုံးဝမသက်ဆိုင်။ ယောဂအကျင့်ဆိုသည်နှင့်လည်း မသက် ဆိုင်။ မိမိ ဖြစ်ပေါ်ရာကို သံသရာဝဋ္ဋနှင့် ယှဉ် စပ် ပေး တတ် သည် ဟူသော အနက်သဘောအရ လောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော တရား သုံးပါးကို 'ယောဂတရား' ဟု ခေါ်ခြင်းဖြစ်လေသည်။)

ပြန်လည် စဉ်းစားကြည့်လျှင် အကုသိုလ် စေတသိက် (၁၄) မျိုးတို့ထဲမှ 'လောဘ၊ ဒိဋ္ဌိ၊ မောဟ' ဟူသော သဘာဝဆိုး သုံးမျိုးကို သူတို့ ဆောင်ရွက်သည့် ကိစ္စ အလိုက် 'အာသဝေါတရား၊ ဩဃ တရား၊ ယောဂတရား' ဟူ၍ အမည်သစ်တပ်၍ ဖော်ပြခြင်းဖြစ်၏။ ဤသို့ ဖော်ပြသဖြင့် ယင်း သဘာဝဆိုးသုံးမျိုးသည် လူကို ယစ်မူး စေတတ် ပါတကား၊ လူကို သံသရာဝဲဩဃ၌ နှစ်မြုပ်သတ်တတ်ပါတကား၊ ဝဋ္ဋ

ဟိ-န်-း-စို-း-ခ-ဖ-ာ-...-ဥ်-(-၂-)

ဒုက္ခ မကင်းအောင် ယှဉ်စပ်ပေးတတ်ပါတကားဟု ပို၍ လေးနက်စွာ သိခွင့်ရကြလေသည်။

ထို့ပြင် လောဘ၊ ဒေါသ၊ ဒိဋ္ဌိ ဟူသော တရားဆိုးသုံးမျိုးကို တစ်တွဲ တွဲပြီး သူတို့ ပြုမူသည့်ကိစ္စကို ဆင်ခြင်သုံးသပ်ချန် လိုအပ်ပေသေး၏။ ဤသို့စဉ်းစားသောအခါ လူကို ပြန်လည်စိစစ်ရန် လို၏။ လူ၌ နာမ်နှင့်ရုပ် အဓိက သဘာဝ နှစ်ရပ်သာ ရှိကြောင်း သိခဲ့ရလေပြီ။ လူ၏ကိုယ်မှ နာမ်ကို နုတ်လိုက်လျှင် လူသေဖြစ်သွား၏။ ရုပ်ကိုနုတ်လိုက်လျှင် ခဏချင်း ပျောက်ကွယ်သွားပြန်၏။ ထို့ကြောင့် လူ၌ ရုပ်နှင့်နာမ် သဘာဝနှစ်ရပ် တွဲစပ်တည် ဖြစ်နေကြောင်း သိနိုင်လေသည်။

လူ၌ရှိသော နာမ်သည် တစ်ခုတည်းမဟုတ်၊ အများဖြစ်၍ နာမ်အပေါင်း (နာမကာယ)ဟု ခေါ်ရ၏။ ရုပ်သည်လည်း အများဖြစ်၍ ရုပ်အပေါင်း (ရူပကာယ)ပင် ဖြစ်၏။ ယင်းနာမကာယနှင့် ရူပကာယသည် ဆက်စပ်၍သာ ဖြစ်နိုင်ကြလေသည်။

လောဘ၊ ဒေါသ၊ ဒိဋ္ဌိတရားဆိုးသုံးမျိုးသည် ထိုနာမကာယနှင့် ရူပကာယကို စပ်ပေး၏။ ဆက်ပေးရာ၌ ကော်စေးဖြင့်ဆက်ပေးသည်ထက် ခိုင်မြဲစွာ သံကွင်းခြင်း ဆက်ပေးသလို ပို၍ခိုင်မြဲစွာ ဆက်ပေး၏။ နာမကာယနှင့် ရူပကာယကို ဆက်ပေးရာ၌ ပစ္စုပ္ပန်တစ်ဘဝတာ အတွင်း ဆက်ပေးရုံမျှမက စုတေသေလွန်သည့်အခါ ဤဘဝစုတိနှင့် နောက်ဘဝ ပဋိသန္ဓေကိုပါ ခိုင်မြဲစွာဆက်၍ ပေးပြန်လေသည်။ နောက်ဘဝ၌လည်း နာမကာယနှင့် ရူပကာယ ဆက်၍ပေးသွားပြန်လေသည်။

လောက၌ သံကွင်းဆက် ဆက်ပေးတတ်သောအရာကို 'ဂန္ထ'ဟု ခေါ်၏။ 'ဂန္ထ'ဟူသောဝေါဟာရသည် သံကွင်းဆက် ဆက်ပေးတတ်သည့်သဘာဝကို ပေါ်လွင်စေ၏၊ ထို့ကြောင့် နာမကာယနှင့်ရူပကာယကို ခိုင်ခိုင်မြဲမြဲဆက်ပေးတတ်သော 'လောဘ၊ ဒေါသ၊ ဒိဋ္ဌိ' ဤသဘာဝဆိုးသုံးမျိုးကို ဂန္ထတရားဟု ခေါ်ရလေသည်။

ဂန္ထတရားသည် မူလတရားကိုယ်အားဖြင့် လောဘ၊ဒေါသ၊ ဒိဋ္ဌိအားဖြင့် ဤသုံးမျိုးသာဖြစ်၏။ အလုပ်ကိစ္စအလိုက် ခွဲသော်ကား ဂန္ထတရားလေးပါးဖြစ်လာလေသည်။ ယင်းတို့ကား....

အဘိဇ္ဈာကာယဂန္ထ
ဗျာပါဒကာယဂန္ထ
သီလဗ္ဗတပရာမာသကာယဂန္ထ
ဣဒံသစ္စာဘိနိဝေသကာယဂန္ထ

ဟူ၍ လေးမျိုးဖြစ်၏။

ဤဂန္ထလေးမျိုးသည် နာမည်ရုပ်သလောက် သဘောတရားလည်း ခက်၏။ သို့သော် အရုပ်ကိုရှင်း၍ အခက်ကိုလွယ်အောင်လုပ်ရပေမည်။

အဘိဇ္ဈာဆိုသည်မှာ လောဘ၏အမည်တစ်မျိုး၊ စကားပရိယာယ်တစ်မျိုးဖြစ်၏။ သူတစ်ပါးပစ္စည်းကိုရှေ့ရှု၍ လိုချင်တတ်သည်ဟူသော အနက်အရ လောဘကို အဘိဇ္ဈာဟု ခေါ်ခြင်းဖြစ်၏။ ယင်းအဘိဇ္ဈာ အပေါင်းကို 'အဘိဇ္ဈာကာယ' ဟု ဆို၏။ ယင်း အဘိဇ္ဈာကာယသည် ပင်ကိုယ်ရုပ်နှင့် သံကွင်းဆက် ဆက်တတ်သောကြောင့် အဘိဇ္ဈာကာယ ဂန္ထဟု ခေါ်လေသည်။

သူတစ်ပါးကိုဖျက်ဆီးတတ်သော အနက်သဘောကြောင့် ဒေါသကိုပင် ဗျာပါဒဟုဆို၏။ ယင်းဗျာပါဒအပေါင်းကို ဗျာပါဒကာယ ဟုဆို၏။ ယင်းဗျာပါဒကာယသည် ရုပကာယနှင့် ဆက်စပ်တတ်သောကြောင့် ဗျာပါဒကာယဂန္ထဟု ခေါ်လေသည်။

ဒိဋ္ဌိစေတသိက် တစ်လုံးတည်းကိုပင် အမြင်မှားပုံ၊ အယူမှားပုံကို လိုက်ပြီး ဂန္ထနှစ်မျိုး ခွဲခြားဖော်ပြထား၏၊ ရှင်းပေအံ့။

သီလဗ္ဗတပရာမာသကာယဂန္ထ-၌

သီလ+ဝတ=သီလဗ္ဗတ=အလေ့အကျင့်တည်း၊

ပရ+အာမာသ=ပရာမာသ=အမှန်မှတစ်ပါး
အမှားအားဖြင့်သုံးသပ်ခြင်း၊

သီလဗ္ဗတပရာမာသ=မှားယွင်းသော အလေ့အကျင့်ကို
အမှန်ဟူ၍ သုံးသပ်ခြင်း၊ မြင်ခြင်း၊

လူ၏ မှားယွင်းသော အလေ့ အကျင့်ကို အမှန်ပဲဟုသုံးသပ်ခြင်း၊ မြင်ခြင်း ဖြစ်ငြားအံ့၊ ထိုအမြင်သည် ထိုသူ၏နာမကာယနှင့် ရုပကာယကို သံကွင်းဆက် ဆက်ပေးပြီး ဝဋ်ဆင်းရဲမှထွက်၍ မရအောင် ပြုလုပ်၏။

စုကို နှင့်ပဋိသန္ဓေကို ဆက်ပေး၏။ ထို့ကြောင့် ထိုသို့သောအမြင်မှားမှု မျိုးကို သီလဗ္ဗတပရာမာသကာယဂန္ထဟု ရှည်လျားစွာခေါ်ခြင်း ဖြစ်ပေသည်။

ထိုသို့ အယူမှား၊ အမြင်မှား လက်ကိုင်ပြုထားသူသည် ငါ့အမြင်သာ မှန်သည်ဟု လွန်လွန်ကဲကဲ စွဲမြဲသက်ဝင်ခဲ့သည်ရှိသော် ဣဒံသစ္စာဘိနိ သေသဖြစ်၏။ ယင်းသည် အမြင်မှားအပေါ် အစွဲမှား ဆင့်ပြန်သည့် အတွက် ပိုဆိုး၏။ ဤအမြင်မှား အစွဲမှား ဒိဋ္ဌိသည်လည်း ကာယချင်း ဆက်ပေးပြီး ဘဝချင်းပါဆက်ပေးသဖြင့် ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဟု ခေါ်ရလေသည်။

အထူးမှာ သီလဗ္ဗတပရာမာသကာယဂန္ထ ခေါ်သော ဒိဋ္ဌိသည် အလေ့အကျင့်မှားကို အမှန်ထင်မိခြင်းသာဖြစ်၏။ မိမိအလေ့အကျင့်မှ တစ်ပါး အခြားအလေ့အကျင့်များလည်း သူ့နည်းနှင့်သူမှန်ချင်မှန်မည် ဟုလက်ခံသေး၏။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထဒိဋ္ဌိမူကား သူ့အမှား ကိုသာအမှန်ထင်ပြီး သူ့အမြင်မှတစ်ပါး အခြားအလေ့အကျင့် အမြင် အယူတွေအားလုံး အမှားချည်းဟု တစ်ဖက်သပ် ယူလိုက်ခြင်းဖြစ်ပေသည်။ ဝိုရ်အပြစ်ကြီး၏။

မြတ်စွာဘုရား လက်ထက်၌ သံသရာမှထွက်မြောက်လိုသူ အလွန် ပေါများ၏။ ဘုရားရှင်နှင့်မတွေ့ရသူတို့သည် မိမိတို့ဉာဏ်မီသမျှစဉ်းစား ပြီး ကျင့်ကြ၏။ တချို့က လူတွေမှာ ဘဝဆက်ကာသံသရာမှပြုခဲ့သော အကုသိုလ်တွေရှိနေ၏။ ထိုအကုသိုလ်တွေကုန်သွားမှသာ သံသရာမှလွတ် မည်၊ အကုသိုလ်မကုန်သမျှ သံသရာမှမလွတ်၊ အကုသိုလ်သည် မကောင်း ကျိုးပေး၏၊ ထို့ကြောင့် ဆင်းရဲဒုက္ခများများခံပေးလျှင် မြန်မြန်အကု သိုလ်ကုန်သွားမည်ဟု မှတ်ထင်ကြရှာ၏။

ဤသို့သောတွေးခေါ်မြော်မြင်မှု (ဖီလိုဆော်ဖီ)အရ၊ လူအရင့် အမကြီးက တိရစ္ဆာန်လို ကျင့်ကြသူတွေရှိ၏၊ ရေငုပ်, မီးလှုံ, တုံးခုန်, ဇယ်ခုပ်ဆိုသည်မျိုးကိုကျင့်၏။ 'ပဥ္စာတပ'ပူခြင်းငါးမျိုးခေါ်သည့်အကျင့် (ချမ်းတုန်း နှင်းခံ၊ အိုက်တုန်း မီးကင်၊ ဆူးပေါ်အိပ်) စသည်ကို ကျင့်၏။ ဤသို့သောသီလ၊ ဤသို့သောဝတ (သီလဗ္ဗတ)မျိုးဖြင့် ကောင်းရာရောက် မည်၊ သံသရာမှ စင်ကြယ်မည်ဟု မှတ်ကြလေသည်။

ပုဏ္ဏမည်သောပရဗိုဇ်သည် နွားလိုကျင့်၏၊ ဝတ်လစ်စလစ်နေ၏၊ လေးဘက်တွားသွား၏၊ပါးစပ်ဖြင့်ဟပ်စား၏၊ မစင်ကျင်ကြီးမသုတ်သင်၊ နေပူ မိုးရွာထဲလျှောက်သွားနေ၏၊ အိပ်ရင်လဲနွားလိုအိပ်၏။ သေနိယပရဗိုဇ်သည် ခွေးလိုကျင့်၏၊ ဝတ်လစ်စလစ်နေ၏၊ လေးဘက်တွားသွား၏၊ ခွေးစားသည်များကို စား၏၊ ပါးစပ်ဖြင့်ဟပ်စား၏၊ မစင်ကျင်ကြီး မသုတ်သင်၊ မြေပေါ်မှာ ခွေးလိုအိပ်၏။

သို့သော် သူတို့သည် သီလဗ္ဗတပရာမာသကာယဂန္ထဒိဋ္ဌိအဆင့်သာရှိ၏။ သူတို့အကျင့်မှတစ်ပါး အခြားအကျင့်မှာလည်း သူ့နည်းနှင့်သူ မှန်ပေမည်ဟုထင်မှတ်၏။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထဒိဋ္ဌိမယူ(ဝါ)သူတို့အကျင့်မှတစ်ပါး ကျန်သမျှအမှားဟုမယူကြ၊ ထို့ကြောင့် တစ်နေ့တွင် သူတို့နှစ်ဦးသား မြတ်စွာဘုရားထံသွားပြီး သူတို့ ကျင့်ပုံကြံပုံ များကို လျှောက်ထား၏။ အကျိုးအပြစ်ဟောကြားရန် လျှောက်ထား၏။ သူတို့သည် ဘုရားရှင်ရှေ့မှာ ခွေးလိုပင် ခွေခွေလေးအိပ်ကြ၏၊ နွားလိုပင် ခြေလက်ကို ခေါက်၍အိပ်၏။

မြတ်စွာဘုရားက မလျှောက်ထားဖို့ သုံးကြိမ်ပယ်ပစ်သော်လည်း မရ။ ထပ်၍လျှောက်သဖြင့် မြတ်စွာဘုရားက ဟောရ၏၊ အချုပ်ကား ခွေးလိုကျင့်လျှင် ခွေးဖြစ်မည်၊ နွားလိုကျင့်လျှင် နွားဖြစ်မည်။ သေလျှင် အပါယ်ကျမည်ဟု ဟောတော်မူ၏။ ထိုစကားကို ကြားလျှင် သေနိယနှင့် ပုဏ္ဏတို့သည် မျက်ရည်တွေတွေကျ၍ ငိုကြရှာ၏။ သံသရာမှလွတ်မြောက်မည်ထင်မှတ်၍ကျင့်နေကြသော်လည်း သံသရာမှလွတ်မည်ဝေးစွ၊ ခွေးဖြစ်, နွားဖြစ်၍ အပါယ်ကျရဦးမည်ဟုသိရသဖြင့် ယူကြုံးမရဖြစ်ရှာကြ၏။

သူတို့သည် အကျင့်မှားနေကြသော်လည်း ပါရမီဓာတ်ခံရင့်သန်သူများဖြစ်၍ သံသရာမှ လွတ်မြောက်ကြောင်းတရား ဟောကြားပါရန် လျှောက်ထားသဖြင့် မြတ်စွာဘုရားက ကံလေးပါးတရားကို ဆက်လက်ဟောတော်မူလေသည်။ တရားဆုံးသောအခါ ပုဏ္ဏပရဗိုဇ်သည် သရဏဂုံတည်ပြီး ဗုဒ္ဓဘာသာဖြစ်လာသည်။ သေနိယပရဗိုဇ်သည် ဘုရားရှင်ထံမှ ရှင်အဖြစ်ကိုရ၍ မကြာခင် ရဟန္တာတစ်ပါး ဖြစ်တော်မူလာ၏။ သူလိုချင်လှသော သံသရာမှလွတ်မြောက်မှု ယခုမှတကယ်ရလေတော့၏။

ဘုရားပွင့်ရာအိန္ဒိယနိုင်ငံ၌ ဘုရားမပွင့်မီ၊ပွင့်ဆဲ၊ ပွင့်ပြီးနောက်ပိုင်း ယခုခေတ်တိုင်အောင် ဝတ်လစ်စလစ်အကျင့်သမားတွေ ရှိနေသေး၏။

သူတို့ကို သူတော်ကောင်းထင်မှတ်ကိုးကွယ်လိုသူများလည်း ရှိပေသေး၏။ အကယ်၍ ဤအဘိဓမ္မာဆောင်းပါးများကို ဖတ်ရှုလေ့လာထားသူသည် အိန္ဒိယရောက်၍ ထိုသို့သောအကျင့်သမားများကိုတွေ့ပါက ဩ-သီလဗ္ဗတ ပရာမာသ ကာယဂန္ထ ဒိဋ္ဌိအယူရှင်တွေပါလားဟု အမှန်အတိုင်း ရှုမြင်တတ်ပေလိမ့်မည်။

အဘိဓမ္မာတတ်သိသဖြင့် ဘာသာရေးသမိုင်း၊ သူတို့၏ ကိုးကွယ်ယုံကြည်မှုအခြေအနေ၊ ကမ္ဘာ့နိုင်ငံများ၏ အယူဝါဒ၊ ထိုနိုင်ငံများရှိ လူတို့၏ စိတ်နေသဘောထား၊ အတွေးအခေါ် (ဒဿန) စသည်တို့ကို အခြေခံကျကျသိနိုင်ပေသည်။ အဘိဓမ္မာကို တရားခက်၊ တရားချောက်ဟု စွဲလမ်းပြီး ရှောင်နေသူတို့အဖို့မှာ ‌ လူလောကအမြွေအနှစ်ဖြစ်သော အထက်တန်းစားအသိပညာလာဘ်ကြီးတစ်ခု လွဲနေပေလိမ့်မည်။

နှစ်ဖက်လှ
၁၉၇၄-ခု၊ အောက်တိုဘာလ။

# နာမည်ကြီးသော 'ဥပါဒါန်'

မြန်မာစကားတွင် 'ဥပါဒါန်'ဟူသောစကားလုံးသည် အတော်ကလေး တွင်ကျယ်လာသည်။ အကောင်းဘက်၌ မဟုတ်၊ အဆိုးဘက်၌ ထင်ရှား၏။ 'ဥပါဒါန်ကြောင့် ဥပါဒ်ရောက်' ဟူသော စကားပုံကို မြန်မာတိုင်း လက်သုံးပြုနေကြ၏။ မြန်မာစကားရေရေလည်လည် ပြောတတ်သူများသည်ပင်သုံးစွဲကြ၏။ သို့ရာတွင်'ဥပါဒါန်'အဓိပ္ပာယ်ကို ကျကျနနသိသူ အလွန်နည်းပါး၏။ အဘယ့်ကြောင့်နည်း။ ဥပါဒါန်ဟူသော စကားသည် ဗုဒ္ဓအဘိဓမ္မာမှ လာသောစကားလုံးဖြစ်၍ ဗုဒ္ဓအဘိဓမ္မာကို မလေ့လာ မသင်ဖူးပါက ဥပါဒါန်၏အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် မသိနိုင်သောကြောင့် ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာပညာအရဆိုပါမူ ဤဥပါဒါန်သည် ကမ္ဘာပေါ်ရှိ ကိုးကွယ်မှု ဘာသာအယူဝါဒအမျိုးမျိုး၏ မြစ်ဖျားခံရာလည်း ဖြစ်၏။ တွေးခေါ်မြော်မြင်မှုဆိုင်ရာ ဒဿနိကဗေဒပညာရပ်နှင့်လည်း ပတ်သက်၏။ လူသားတို့၏ နေ့စဉ်ဘဝ အပြုအမူများကိုလည်း စိုးမိုးအုပ်ချုပ်၏။

'ဥပါဒါနပစ္စယာ ဘဝေါ' (ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်၏) ဟူသော ပဋိစ္စသမုပ္ပါဒ်ကို လှမ်းမျှော်ကြည့်ပါက လူတို့၏ ဒုစရိုက်မှု အဖုံဖုံနှင့်သုစရိုက်ကောင်းမှုမျိုးစုံတို့သည် ဥပါဒါန်၏ လက်ချက်ချည်းသာ ဖြစ်ကြောင်း တွေ့နိုင်ပေ၏။

သက်သတ်, ခိုးမှု, ကာမမှုများလည်း ဥပါဒါန်ကြောင့် ဖြစ်ရ၏။ မုသာ၊ ပိသု၊ ဖရု၊ သမ္ဖပ်ဟူသော လိမ်ခြင်း၊ ကုန်းတိုက်ခြင်း၊ ဆဲရေးခြင်း၊ အတင်းအဖျင်းပြောခြင်းတို့သည်လည်း ဥပါဒါန်ကြောင့်ဖြစ်ရ၏။ အဘိဇ္ဈာစသည် စိတ်ပုပ် စိတ်ယုတ်များသည်လည်း ဥပါဒါန်ကြောင့် ဖြစ်ရ၏။

ထို့ပြင် ပေးလှူခြင်း၊ ပူဇော်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ အများအကျိုးဆောင်ခြင်း၊ လူလူချင်း ကြင်နာဆပ္ပား သနားကရုဏာ မေတ္တာထားခြင်းစသည့် ကောင်းမှုများသည်လည်း ဥပါဒါန်ကြောင့်ပင်ဖြစ်၏။ ဤအချက်ကား လူသိနည်းပြီး ပညာရပ်ဆန်လွန်းသောအချက်ဖြစ်၏။

အချုပ်အားဖြင့် ဥပါဒါန်ကြောင့်ပင်လျှင် လူတို့သည် အကုသိုလ်မှုများကိုလည်း ပြုကြ၏။ ကုသိုလ်ကောင်းမှုများကိုလည်း ပြုကြ၏။ ဥပါဒါန်ကြောင့်ပင်လျှင် စွဲလမ်းတမ်းတ မရမနေ ကြိုးစားကြကုန်၏။

လူမှုဘဝ၌ ဤမျှအခြေခံကျသောဥပါဒါန်၊ ဤမျှနက်နဲပြီး အရာကျယ်သော ဥပါဒါန်၊ ဤမျှအရေးပါသော ဥပါဒါန်ပေတည်း။ ထို့ကြောင့် ဘုရားပေးသောနည်းဖြင့် ဥပါဒါန်စစ်တမ်းထုတ်၍ ကြည့်သင့်ပေသည်။

'ဥပါဒါန' ဟူသည် ပါဠိဘာသာဖြစ်၏။ 'ဥပါဒါန်' ဟူသော ဝေါဟာရကား ပါဠိမှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရတည်း။ ဥပါဒါန်ဟူသောပုဒ်၌ ဥပ+အာဒါနဟုစိတ်ဖြာရ၏။ ဥပ=လွန်လွန်ကဲကဲ၊ အာဒါန=ယူခြင်း၊ ထို့ကြောင့် 'လွန်လွန်ကဲကဲယူခြင်း'ကို 'ဥပါဒါန' (ဥပါဒါန်) ဟု ခေါ်ပေသည်။ ဥပါဒါန်ကို ဘာသာဗေဒပညာရှင် ရှေးဆရာတော်ကြီးများက 'စွဲလမ်းခြင်း' ဟု မြန်မာပြန်ပေးခဲ့ကြသည်။

'စွဲလမ်း'၌ 'စွဲ'သည် 'ကပ်ငြိခြင်း' အနက်ရှိ၏။ လက်နက်စွဲသည်၊ အလုပ်၌စွဲမြဲသည်၊ ဆရာ့ထံ၌စွဲမြဲသည်ဆိုသည်တို့၌ 'ကပ်ငြိခြင်း'ကို 'စွဲ' သည်ဟုဆိုပေသည်။

'လမ်း'သည် 'ကြောင်းလမ်းစေ့စပ်သည်' ဆိုရာ၌ကဲ့သို့ နီးကပ်အောင် ဆောင်ရွက်ပေးသောသဘောဖြစ်၍ 'စွဲ' ကို ကူညီပေးသော ဝေါဟာရဖြစ်၏။ သို့ဖြစ်၍ 'ဥပါဒါန်' ကို 'စွဲလမ်းခြင်း' ဟု ရှေးပါဠိမြန်မာပါရဂူ ဆရာတော်ဘုရားကြီးများက မြန်မာမှု ပြုခဲ့ခြင်းသည် လျော်ကန်လှပေသည်။

ဥပါဒါန်-စွဲလမ်းမှုသဘာဝကို ပုံဆောင်ရာ၌ အဋ္ဌကထာ ဆရာကြီးများက ဖားကိုလိုက်သောမြွေဖြင့် ဖော်ပြခဲ့ကြသည်။ ဖားသည် မြွေအကြိုက်ဆုံးအစားအစာဖြစ်၏။ မြွေကလည်း ဆာလောင်မွပ်သိပ်နေချိန်

ဖြစ်၏။ ထိုအခါ မြွေသည်ဖားကိုတွေ့လိုက်ရာ ဖမ်းယူစားသောက်နိုင်ဖို့ အတွက် အခြားဘာကိုမျှ ဂရုမပြုနိုင်ဘဲ ထွက်ပြေးသောဖား၏နောက်သို့ အတင်းလိုက်လေသည်။ မိလိုက်သောအခါ၌လည်း မည်သည့်နည်းနှင့်မျှ လွတ်မသွားရအောင် မလွတ်တမ်းစွဲစွဲမြဲမြဲ ကိုက်ခဲထားလေသည်။

ဖားကိုလိုက်သောမြွေ၊ ဖားကိုကိုက်သောမြွေ၏ လိုက်ဟန်၊ ကိုက်ဟန်၊ ခဲဟန်၊ စွဲဟန်တို့သည် ဥပါဒါန်၏ဟန်များပင် ဖြစ်လေသည်။ ဩော်....ဥပါဒါန်ဆိုတာ ဒီလိုသဘောမျိုးပါကလားဟု လူ၌အသိဉာဏ် ပွင့်လာစေသည်။ ဖားကိုလိုက်သောမြွေသည် စင်စစ် ဥပါဒါန်၏ နိမိတ်ပုံ ဖြစ်ပေသည်။

သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာပညာဆိုသည်ကား ဤကဲ့သို့ အပေါ်ယံ ပညတ်မျှလောက်ဖြင့် ရပ်နားနေသောပညာမျိုး မဟုတ်ချေ။ သဘာဝကို တူးဖော်ထုတ်ပြတတ်သော အတိဂမ္ဘီရ နည်းပညာဖြစ်၏။ ထို့ကြောင့် ဥပါဒါန် (စွဲလမ်းခြင်း) ဆိုသော သဘာဝကား အဘယ်အရာမျိုးဖြစ်သည် ဟု စိစစ်ဖော်ပြထားလေသည်။

လူ၌ လောဘ၊ ဒေါသ၊ မောဟ၊ မာနစသော အကုသိုလ်သဘာဝ (အကုသိုလ်စေတသိက်) (၁၄)မျိုးရှိ၏။ အလောဘ၊ အဒေါသ၊ အမောဟ (ပညာ) သဒ္ဓါ၊ သတိစသည်ဖြင့် ကုသိုလ်သဘာဝ (ကုသိုလ်စေတသိက်) (၂၅) မျိုးရှိ၏။ ယင်းတို့တွင် ဥပါဒါန်ကား မည်သည့်သဘာဝပေနည်း။

ဥပါဒါန်သည် ကုသိုလ်သဘာဝမဟုတ်၊ အကုသိုလ် သဘာဝသာ ဖြစ်၏။ အကုသိုလ်ထဲ၌လည်း ဒေါသသည် ဥပါဒါန်မဟုတ်၊ မာနသည် ဥပါဒါန်မဟုတ်၊ ကုက္ကုစ္စ၊ မစ္ဆရိယ စသည်တို့လည်း ဥပါဒါန်မဟုတ်။ အဘယ်ကြောင့်နည်း။ 'ပြင်းစွာစွဲလမ်းမှု' ဟူသော ဥပါဒါန်၏ လက္ခဏာ မရှိသောကြောင့်တည်း။

ဤသို့ စိစစ်သောအခါ ဥပါဒါန်လက္ခဏာရှိသော သဘာဝကို နှစ်မျိုးသာတွေ့ရ၏။ ယင်းတို့ကား အခြားမဟုတ်။ လောဘနှင့်ဒိဋ္ဌိတည်း။ လောဘဥပါဒါန်၊ ဒိဋ္ဌိဥပါဒါန်ဟု သို့မဟုတ် ဥပါဒါန်လောဘ၊ ဥပါဒါန် ဒိဋ္ဌိ ဟူလို။

ဥပါဒါန်၏အဓိပ္ပာယ်ကို ဤ၌ထည့်သွင်းစဉ်းစားရန်လို၏။ ဤသို့ စဉ်းစားမိလျှင် လောဘတိုင်း ဥပါဒါန်လောဘမဟုတ်၊ ဒိဋ္ဌိတိုင်း ဥပါဒါန်

ဒိဋ္ဌိမဟုတ်။ ဖားကို မြွေငန်းမြဲစွာ ဖမ်းသကဲ့သို့ မလွတ်တမ်းလိုချင်သည့် လောဘ (ဒီဂရီသိပ်ဟက်သောလောဘ) သည်သာ ဥပါဒါန်လောဘ (လောဘဥပါဒါန်)တည်း။ ဖားကိုမြွေငန်းမြဲစွာဖမ်းသကဲ့သို့ မလွတ်တမ်း ဆုပ်ကိုင်ထားသော အမြင်မှားမှု (အယူလွဲမှု) ဒိဋ္ဌိသည်သာ ဥပါဒါန်ဒိဋ္ဌိ (ဒိဋ္ဌိဥပါဒါန်) ပေတည်းဟု သဘောပေါက်ပါလိမ့်မည်။

ဤရှင်းလင်းချက်ကိုမှတ်မိထားလျှင် 'ဒါတွေက အစွဲအလမ်းတွေပါ၊ ဥပါဒါန်' တွေပါ စသည်ဖြင့် ပြောသံ ဟောသံကြားရလျှင် အရင်ကလို မဟုတ်တော့ဘဲ ဘာဥပါဒါန်လဲ၊ လောဘဥပါဒါန်လား၊ ဒိဋ္ဌိဥပါဒါန် လားဟု စိစစ်ကြည့်တတ်လာပေလိမ့်မည်။ ဖြစ်ရပ်သည် လိုချင်မှုနှင့် ပတ်သက်သလား၊ အမြင်ပိုင်းနှင့် ပတ်သက်သလား၊ စိစစ်။ လိုချင်မှုနှင့် ပတ်သက်လျှင်လောဘဥပါဒါန်ပဲ။ အမြင်ပိုင်းနှင့်ပတ်သက်လျှင် ဒိဋ္ဌိဥပါဒါန်ပဲ ဟု ကွဲကွဲပြားပြား နားလည်နိုင်ပေပြီ။ သို့သော် မဂ်, ဖိုလ်, နိဗ္ဗာန်ကို လိုချင်မှုသည် ဥပါဒါန်နှင့် မသက်ဆိုင်။

တဖန် လောဘဥပါဒါန်ကို ဆန်းစစ်ကြည့်ဦးစို့၊ လောဘသည် 'မဂ်ဖိုလ်၊ နိဗ္ဗာန်' ဟူသော လောကုတ္တရာတရားကိုးပါးကို အာရုံမပြုနိုင်။ (လောဘဖြင့်မလိုချင်နိုင်ဟူလို) ထိုလောကုတ္တရာတရားကိုးပါးမှတစ်ပါး ကျန်သမျှလောကီတရားအားလုံးကို အာရုံပြုနိုင်၏။ လောကီတရားဆိုရာ တွင်ကာမဘရား၊ ရူပ၊ အရူပတရားများပါဝင်၏။ ကာမတရားဆိုသည်မှာ တိရစ္ဆာန်စသည် အပါယ်လေးပါးနှင့် လူ၊ နတ်ဆိုင်ရာတရားမျိုးတည်း။ ရူပ၊ အရူပတရားဆိုသည်မှာ လူနတ်ထက်အဆင့်မြင့်သော ဗြဟ္မာဆိုင်ရာ တရားမျိုးတည်း။

လောဘသည် ကာမ၊ ရူပ၊ အရူပတရားအားလုံးကို အာရုံပြုနိုင် (လိုချင်နိုင်) သော်လည်း ဥပါဒါန်လောဘကမူ ကာမတရားကိုသာလိုချင် နိုင်သည်။ ဆိုလိုသည်မှာ ရုပ်အားလုံးကို ဥပါဒါန်နိုင်သည်။ ရူပ၊ အရူပကို ဥပါဒါန်မနိုင်၊ မစွဲလမ်းနိုင်။ ဤအချက်ကို သိစေရန် ကာမုပါဒါန် (ကာမ+ဥပါဒါန်) ဟု နာမည်သစ်တစ်ရပ် ဘုရားရှင် မှည့်ပေးထား လေသည်။

ကာမုပါဒါန် (၀၁) လောဘဥပါဒါန်ကို လက်တွေ့ဘဝနှင့်ဟပ်၍ စဉ်းစားကြည့်ပါ။ ဗြဟ္မာဆိုင်ရာကို ဥပါဒါန်မကပ်နိုင်။ မဂ်ဖိုလ်နိဗ္ဗာန်

ဆိုင်ရာကို ဥပါဒါန်မကပ်နိုင်။ ဗြဟ္မာဆိုင်ရာ၊ လောကုတ္တရာဆိုင်ရာကို ဥပါဒါန်ဟု ပြောလျှင်လည်းပြောသူသည် အဘိဓမ္မာပညာမဲ့သူသာဖြစ်၏။

ရုပ်အားလုံးသည် ကာမတရားဖြစ်၏။ ထို့ကြောင့် ရုပ်အားလုံးကို ဥပါဒါန်ကပ်၍ရ၏။ ရုပ်အဆင်းလှလှကို အငမ်းမရ စွဲလမ်းမှုသည် ကာမ ဥပါဒါန်မဟုတ်လော။ လှသူကိုမက်မောမှု၊ လှပသောပစ္စည်းကို စွဲလမ်းမှု သည်အဘယ်နည်း။ ထိုနည်းတူ အသံသာသာ၊ ရနံ့ကြိုင်ကြိုင်၊ အရသာ ရှိရှိ၊ အတွေ့အထိ အိအိကလေးများကို စွဲလမ်းခြင်းသည် ဥပါဒါန် ပေတည်း။

သို့သော် 'စွဲလမ်း' ဟူသောစကားကို သတိပြုပါဘိ။ သာမန် လိုချင်ရုံမျှသည် ဥပါဒါန်မဟုတ်ပေ။ ဥပမာ–ပန်းလှလှကလေးကို လိုချင် ၏။ သာမန်လောဘတည်း။

ထို ပန်းလှလှကလေးကို မရမနေ တမ်းတစွဲလမ်း အရကြိုးပမ်း ပြီဆိုလျှင် ဥပါဒါန်လောဘဖြစ်လေပြီ၊ ဤသို့နားလည်ခြင်းကိုသဘာဝ ကျအောင် နားလည်ခြင်းဟု ဆိုရပေသည်။ သဘာဝကျသည်ဆိုသည် မှာ သဘာဝသို့ဆိုက်ရောက်ခြင်းဖြစ်ပေသည်။

လူ့ကမ္ဘာသည် ကာမကမ္ဘာဖြစ်၏၊ ကမ္ဘာသားတို့သည် ကာမ သားတွေဖြစ်၏၊ လူတို့နေထိုင်သောတိုင်းပြည်သည် ကာမတိုင်းပြည်ဖြစ် ၏၊ လူတို့သုံးဆောင်သောပစ္စည်းတို့သည် ကာမပစ္စည်းတို့ဖြစ်၏၊ လူတို့ ပိုင်ဆိုင်သော ရွှေငွေရတနာအဆင်တန်ဆာအားလုံးသည် ကာမဝတ္ထုတို့ ဖြစ်၏၊ ဆက်၍စဉ်းစားပါလေ။

လူသည်(ဝါ)ကိုယ်ခန္ဓာသည် ရုပ်နှင့်နာမ်နှစ်ရပ်ပေါင်းသဏ္ဌာန် ဖြစ်၏။ သင်္ချာနည်းဖြင့် တွက်လျှင် ရုပ်+နာမ်=သည် လူပင် ဖြစ်၏၊ ယောကျ်ားလည်း ကာမ၊ မိန်းမလည်း ကာမ၊ လင်လည်း ကာမ၊ မယား လည်း ကာမ၊ သားသမီးလည်း ကာမ၊ အိမ်မွေးတိရစ္ဆာန်လည်း ကာမ၊ ပစ္စည်းဥစ္စာလည်း ကာမ၊ ကားလည်း ကာမ၊ နွားလည်း ကာမ၊ အားလုံး ကာမချည်းတည်း၊ သက်ရှိ (နာမ်ရှိ) ကာမနှင့် သက်မဲ့ (နာမ်မဲ့) ကာမ ဤနှစ်ဝမျှသာတည်း။

ဟိ–န်–း–စို၊–ဓ–ဖ–၁–င်–ဝ–၁–.(–၃–)

ဆက်၍စဉ်းစားလျှင် ယခုစာရေးသူလည်း ကာမတည်း၊ ယခုစာဖတ်နေသူလည်း ကာမတည်း၊ ကျွန်ုပ်တို့ကိုယ်တိုင် ကာမတည်း။ ကျွန်ုပ်တို့သည် အဘယ်မှာနေကြသနည်း၊ ကာမထဲမှာ နေကြ၏။ ကာမပတ်ဝန်းကျင်မှာ နေကြ၏။ ကျွန်ုပ်တို့၏အဝတ်အစား၊ ထမီ၊ ဖိနပ်၊ စားပွဲ၊ ကုလားထိုင်၊ အိပ်ရာနေရာ၊ အိုးခွက်ပန်းကန်အားလုံး ကာမပစ္စည်းတွေချည်းဖြစ်၏။

သို့ဖြစ်သောကြောင့် အဝတ်အစား ဆန်းဆန်း အသွေးလှလှ နောက်ဆုံးပေါ်ကိုမှ ဖက်ရှင်ကျကျချုပ်ပြီး ခုံခုံမင်မင် ဝတ်စားဆင်ယင်သူကိုမြင်လျှင် သူ၏ကာမဥပါဒါန်ကို အကဲခတ်နိုင်၏။ ထိုကဲ့သို့ ခေတ်ပေါ် အဝတ်အစားများကို လိုချင်လွန်း၍ ဘဝပျက်စီးသည်အထိ စွန့်စားရှာဖွေသူ ခများလေးများသည် ဤကာမဥပါဒါန်ကြောင့်ဖြစ်ကြောင်း အထူးပြောစရာမလိုပေ။ ဥမ္မာဒန္တီအလောင်းဆင်းရဲသူမ မိဒုက္ခကလေးသည် ဝတ်ပန်းထည်တစ်စုံကို ဝတ်ချင်လွန်း၍ သုံးနှစ်ကျွန်ခံခဲ့သည်မှာ ဤကာမဥပါဒါန်၏လက်ချက် မဟုတ်ပါလော။

ရန်ကုန်မြို့ကြီးတွင် လင်ဆာကားအမဲလိုက်သူများ၊ ဗွီဒီယိုရောဂါ တသူများ၊ နိုင်ငံခြားစီးကရက်ကိုမှ နှုတ်ခမ်းပေါ်တင်သည်ဆိုသူများ၊ နိုင်ငံခြားအစားအသောက်ဆိုင်ကြီးများ၌သာ ကျက်စားသူများ၊ ငကြွဲဆန်မစားရ၍ စိတ်မချမ်းမြေ့ရှာသူများ၊ အဆုံးတစ်သက်ပါ-မမုန်းရက်စရာရှုပကာငယ်၊ အုံးစက်ရာမှာ-တူနှစ်ကိုယ်မြဲအောင်လေ-စွဲမောင့်စိတ်မှာ-ဆိုပြီး စွဲလမ်းတမ်းတနေသူများစသည်စသည်တို့ကို သိပ္ပံမဂ္ဂဇင်းပါ အဘိဓမ္မာဆောင်းပါးများကို မှန်မှန်ဖတ်ရှု လေ့လာသူများက အဘိဂမ္ဘီရနည်းပညာ ခေတ်ခွဲခန်း၌ ခွဲခြမ်းစိတ်ဖြာကြည့်တတ်နိုင်လောက်ပေပြီ။

သို့ရာတွင် အယူအဆတစ်ဖက်စောင်းနင်းဖြစ်မသွားစေရန် သတိပြုဖို့လိုသည်။ ဥပါဒါန်သည် အကုသိုလ်ဖြစ်သည့်အတွက် ဘာမှဥပါဒါန်ကပ်တာမကောင်းဘူး၊ အပြစ်ရှိတယ်၊ ငရဲကြီးတယ်၊ ဥပါဒါန်ခွာမှဖြစ်မယ်ဟုထင်မှတ်လိုက်လျှင် တစ်မျိုးဖြစ်သွားလိမ့်မည်။

လူသည် ကာမဘုံသားဖြစ်သည်၊ ပုထုဇဉ်ဖြစ်သည်ဆိုသောအခြေခံအချက်ကိုမမေ့ထား၍မရပေ၊ ပုထုဇဉ်ဘဝသည် အကုသိုလ်မကင်းနိုင်၊ သင်္ချာနည်းဖြင့်ပြောရသော် အကုသိုလ်+ကုသိုလ် ညီမျှခြင်းသည် ပုထုဇဉ်

လူသားပင်ဖြစ်ပေသည်။ ဥပမာ– မိမိဝမ်းဗိုက်ထဲတွင် အစာဟောင်းနှင့် အစာသစ်နှစ်မျိုးအမြဲရှိနေရသည်။ အစာဟောင်းလုံးဝမရှိဘဲ (မပါဘဲ) ၃၂ ကောဋ္ဌာသ မပြည့်စုံပေ၊ လူမဖြစ်ပေ။

ဘဝလွတ်မြောက်မှု လောကုတ္တရာရေးကိုစောက်ချ၍ မလိုက်နိုင်သေးသမျှ လောကီရေးသည် ဥပါဒါန်နယ်ပင် ဖြစ်သည်။ ဥပါဒါန်ထားသင့်တာကိုထားရသည်။ ဥပမာ–လူပျိုနှင့်အပျိုသည် တစ်ဦးနှင့်တစ်ဦးဥပါဒါန်မကပ်ပါက ညားဖို့မလွယ်ပေ။ စပါးရဖို့၊ နွားရဖို့၊ ကားရဖို့ စွဲစွဲလမ်းလမ်းလုပ်မှ ထိုကာမဝတ္ထုတို့ကိုရမည်ဖြစ်သည်။

ဥမ္မာဒန္တီအလောင်းမိဒုက္ခသည် ဝတ်ပန်းပုဆိုးကို ဥပါဒါန်ကပ်၍သုံးနှစ်ကျွန်ခံပြီး အရယူသည်၊ ရသည့်အခါ မိမိမဝတ်ဘဲ သက်န်းမရှိသည့်ရဟန္တာကိုလှူလိုက်၍ ကျွတ်တမ်းဝင်သည်အထိ အလှူပဂေးဖြစ်ခဲ့သည်။ ဤအချက်ကိုကြည့်လျှင် နည်းမှန်လမ်းမှန် တရားသဖြင့်ကြိုးစားအားထုတ်ပြီး ဥပါဒါန်အလိုပြည့်အောင်လုပ်သင့်သည်၊ ထို့ပြင် အကုသိုလ်အကြောင်းပြုပြီး ကုသိုလ်ဖြစ်ခွင့်ရနိုင်သည်ကိုလည်း သတိချပ်ရမည်၊ အဘိဓမ္မာနယ်ကား ကျယ်သည်။

ခုကာလတစ်ချို့ ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓတရားတော်ကို လိပ်ပတ်လည်အောင်မဟောတတ်၊ မရေးတတ်ကြဘဲ တစ်စွန်းတစ်စအသိဖြင့် လူတွေကိုအကုသိုလ်နှင့်နင်းချောက်တတ်ကြသည်၊ သူတို့ကြောင့် တစ်ချို့ဗုဒ္ဓဘာသာတွေမှာ လောကီရေး၌ ထက်ထက်မြက်မြက်မရှိဘဲ အူလည်လည် ညံ့တံ့တံ့ဖြစ်နေကြရှာသည်၊ အမှန်က အကုသိုလ်မှန်းသိလျှင် သမ္မာဒိဋ္ဌိဖြစ်ပြီ၊ မသိလျှင်မိစ္ဆာဒိဋ္ဌိဖြစ်သည်။ သိပြီးကျင့်သုံးမှုအပိုင်းတွင် လောကီလမ်း လောကုတ္တရာလမ်း စည်းခြားပြီး အခြေအနေအရကျင့်သုံးတတ်ဖို့လိုပေပြီ။

နောက်လတွင် ဒိဋ္ဌိဥပါဒါန် အကြောင်း ဆက်လက်ရေးသားပါမည်။

နှမ်းဖက်လှ
၁၉၈၄–ခု၊ နိုဝင်ဘာလ။

# ကမ္ဘာ့ကိုးကွယ်မှုနှင့် တွေးခေါ်မှုအခြေခံ ဥပါဒါန်

ပြီးခဲ့သောလက ကာမုပါဒါန်အကြောင်း ပယ်ပယ်နယ်နယ်ကလေး ရေးခဲ့ပါပြီ။ ကာမုပါဒါန်သည် လောဘဥပါဒါန် အခန်းဖြစ်၏။ ယခုဆက်လက်၍ ဒိဋ္ဌိဥပါဒါန် သို့မဟုတ် ဥပါဒါန်ဒိဋ္ဌိအကြောင်းဆက်ရန် ဖြစ်ပါသည်။

'ဒိဋ္ဌိ'ဆိုသည်မှာ သဒ္ဒါနက်အားဖြင့် သာမန်ပြောလျှင် ဒဿန (အမြင်) ပင်ဖြစ်၏။ သို့သော် မမှန်သော အမြင်မှားသော အမြင်မျိုး ဖြစ်သည့်အတွက် အကုသိုလ်စေတသိက်ထဲ ပါရခြင်းဖြစ်သည်။ မှားယွင်းသည်ကို မိစ္ဆာဟုခေါ်သဖြင့် မှားသောအမြင်ကို မိစ္ဆာဒိဋ္ဌိဟု ခေါ်ရပေသည်။ ဥပါဒါန်ဖြစ်သော ဒိဋ္ဌိသည်ကား သာမန်ဒိဋ္ဌိမဟုတ်။ မိစ္ဆာဒိဋ္ဌိပင် ဖြစ်ပေသည်။

ဤတွင် ဒဿနတစ်ခု (အမြင်တစ်ခု) ကို မှားသည်၊ မှန်သည်ဟု မည်သို့ပြောနိုင်ပါသလဲ၊ သို့မဟုတ် ဘာနဲ့တိုင်းတာဆုံးဖြတ်ပါသလဲ ဟု တွေးရန်ရှိ၏။ ဤအတွေးကို၊ အရာအားလုံးကို ယထာဘူတကျကျ သိမြင်တော်မူသော မြတ်စွာဘုရားက ဖြေခဲ့ပြီးဖြစ်၏။ တစ်နည်းဆိုရသော် မည်သည့် အမြင်သည် မှား၏၊ မည်သည့် အမြင်သည် မှန်၏ဟု မြတ်စွာဘုရားက ညွှန်ပြခဲ့ခြင်းဖြစ်ပေသည်။

ဤတွင် သတိပြုရန်ကား ဗုဒ္ဓမြတ်စွာဘုရားက မှားသည်ဟု သတ်မှတ်လိုက်၍ မှားသွားခြင်းမဟုတ်၊ မြတ်စွာဘုရားက မှန်သည်ဟု သတ်မှတ်လိုက်၍ မှန်သွားခြင်းမဟုတ်။ နဂိုသဘာဝအတိုင်း မှားနေ

၍သာ မှားခြင်း ဖြစ်သည်။ ပင်ကိုမှန် ဖြစ်၍သာ မှန်ခြင်း ဖြစ်သည်။ မြတ်စွာဘုရားက အမှား,အမှန် ခွဲခြားပြခြင်း၊ ရွေးချယ်ပြခြင်းသာ ဖြစ်သည်။

ဥပမာ – ကျောက်မျက်များ အစုအပုံတစ်ခု ရှိသည်ဆိုပါစို့။ ကျောက်မျက်ရတနာနားမလည်သူတို့အဖို့ ဘယ်ကျောက်က ဘယ်လောက် အရည်အသွေးရှိသည်၊ အဖိုးတန်သည်၊ ဘယ်ကျောက်က ရတနာမဝင် သာမန်ကျောက်ခဲမျှသာ ဖြစ်သည်ဟု မသိကြ။ ကျောက်မျက်ပါရဂူက ဒီကျောက်က ကောင်းတယ်၊ ဒီကျောက်က ညံ့တယ်ဟု ခွဲခြားနားလည် ပြသတတ်သည်။ ဤတွင် ပါရဂူက ကောင်းတယ်ဆို၍ ကောင်းသွားခြင်း မဟုတ်၊ ပါရဂူက ညံ့တယ်ဆို၍ ညံ့သွားခြင်း မဟုတ်၊ ပစ္စည်း၏ မူလ သဘာဝကိုက သူ့ဟာသူကောင်းခြင်း၊ သူ့ဟာသူ ညံ့ခြင်းပင်ဖြစ်သည်။ ပါရဂူက အတတ်ပညာဖြင့် အကောင်း၊ အညံ့ ခွဲခြားပြသခြင်းသာ ဖြစ်သည်။ ဤ ဥပမာအတိုင်းပင် လူသားတို့၏ ဒဿန အမျိုးမျိုးတို့ တွင်လည်း သူ့ဟာသူမှန်၊ သူ့ဟာသူ မှားနေသည်များကို မြတ်ဗုဒ္ဓ ရှင်တော်ဘုရားက ခွဲခြားပြသတော်မူခြင်းမျှသာ ဖြစ်သည်ကို သတိပြုရ ပေသည်။

မြတ်စွာဘုရားက ရဟန်းအဖွဲ့အစည်း အတွက် ဝိနည်းပညတ် ဥပဒေထားခြင်းမျိုးမှတစ်ပါး ကျန်သော သဘာဝလောက နယ်ကြီး၌ ဘယ်ဟာအပြစ်ရှိစေ၊ ဘယ်ဟာမှားစေ၊ ဘယ်ဟာမှန်စေ၊ ဘယ်သူ ဘယ်အပြစ်မှလွတ်စေ၊ ကြက်သတ် နွားသတ်လျှင် အပြစ်မရှိ၊ လူသတ်မှ အပြစ်ရှိ၊ အပြစ်ကို ငါကဆေးကြော်သန့်စင်ပေးမည် စသည်ဖြင့် စွက်ဖက် တော်မူခြင်းမရှိချေ။ ဘာကိုမှလည်း မဖန်ဆင်း၊ ဘာကိုမှလည်း အာဏာ မထား။ ဘယ်သူ့အပြစ်ကိုမှလည်း တာဝန်မယူပေ။

လူ့လောကကြီးတွင် ရှိနေသော ဒဿနတို့ အနက် အချို့ဒဿန တို့သည် လူ့သမိုင်းကာလကြီး တစ်လျှောက်လုံး ရှေးရှေးက ပြောလာခဲ့ ကြသည့် ဒဿနမျိုးသာဖြစ်၏။ လက်ရှိလူသားပညာရှင်တို့က ဘယ်လိုမှ သက်သေပြ၍မရ။ ကိုယ်တိုင် ဒိဋ္ဌသိမြင်ရန်လုပ်ဖို့ နည်းလမ်းလည်း မရှိ။ ပညာဉာဏ်ကိုသုံးဖို့ထက် ယုံပါတယ်ဆိုသည့် သဒ္ဓါကို သုံးဖို့သာလို၏။ သဒ္ဓါသာပြဋ္ဌာန်း၏။ မိုက်၍သာယုံကြည်ရ၏။ မယုံလျှင် မိစ္ဆာ၊ ယုံလျှင် သမ္မာ၊ ဤမျှသာတည်း။(မှတ်ချက်–ဤ၌ သဒ္ဓါ ဟု သုံးလိုက်ရသော်လည်း

ဗုဒ္ဓအဘိဓမ္မာထဲက သဒ္ဒါအစစ်မဟုတ်။ ဝေါဟာရစကားမျှသာ ဖြစ်၏။ သဒ္ဒါအစစ်က ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုး၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပဋိစ္စသမုပ္ပါဒ်၊ ဤရှစ်ချက်ကို ကောင်းစွာ တည်၍ ယုံကြည်မှုသာဖြစ်၏။)

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည်ကား မိမိ ပွင့်ပေါ်လာသောအခါ မိမိမပွင့်မီ လူ့လောကမှာ ရှိနှင့်နေသော ဒဿနအမျိုးမျိုးကို ပညာဉာဏ်ဖြင့်ဆန်းစစ်ဝေဖန်ပြီး ဘယ်ဟာမှန်တယ်၊ ဘယ်ဟာကမှားတယ်ဟု ရဲရဲပြောခဲ့ခြင်းသာဖြစ်သည်။

ဤအချက်များသည် ယခုရေးနေသည့် ဒိဋ္ဌိဥပါဒါန် (မိစ္ဆာဒိဋ္ဌိ) နှင့်ပတ်သက်၍ မှန်တယ်မှားတယ်လို့ ဘယ်လိုသတ်မှတ်မလဲ။ ဘာနဲ့ တိုင်းတာမလဲဟု တွေးချင်သူများ ထည့်သွင်းစဉ်းစားရမည့် အချက်များ ဖြစ်၏။ ဒိဋ္ဌိနှင့်ပတ်သက်၍ မှတ်ရလွယ်အောင် အပြစ်ပိုင်း၊ အကျင့်ပိုင်း၊ အယူဝါဒပိုင်းဟူ၍ သုံးပိုင်းခွဲခြား၍ ဖော်ပြရန်လို၏။

လူ့လောကမှာ ဒဿနအမျိုးမျိုးရှိနေ၏။

အချို့က လူသည်မြဲ၏။ လောကသည်မြဲ၏။ လူသေသော်လည်း ဝိညာဉ်မသေ။ ဝိညာဉ်သည် နိစ္စဟုမြင်၏။ ဝိညာဉ်မြဲသည်ဟုယူရာ၌ နှစ်မျိုးရှိ၏။ တချို့က ဝိညာဉ်သည် ခန္ဓာကိုယ်တစ်ခုမှ ခန္ဓာကိုယ်တစ်ခုသို့ ပြောင်း၍ပြောင်း၍ သံသရာလည်သည်ဟုမြင်၏။ တချို့က ဝိညာဉ်သည် လူသေပြီးနောက် ဘဝမဖြစ်၊ မြေထဲ၌နေ၏။ ကမ္ဘာပျက်သည့် ကာလ အထိ စောင့်နေ၏။ ကမ္ဘာပျက်သော အခါမှာ အနန္တ တန်ခိုးရှင်၏ အလိုကျဖြစ်ရ၏ဟုမြင်၏။ ဤကဲ့သို့မြဲသည်ဟု မြင်သောအမြင်ကို ပါဠိ ဘာသာဖြင့် သဿတဒိဋ္ဌိဟုခေါ်၏။ (သဿတ=အမြဲ(နိစ္စ)၊ဒိဋ္ဌိအမြင်)။

တချို့ဒဿနကား လူသေပြီးဘဝပြတ်၏။ နောင်ဘဝမဖြစ်၊ သေလျှင်ပြီးတာပဲ။ အတိတ်ဘဝလည်းမရှိ၊ နောက်ဘဝလည်းမရှိ။ ပြီးပြီး ပျောက်ပျောက်ပဲဟုမြင်၏။ အဘယ်ကြောင့်နည်း။ လူမှာ ဝိညာဉ်ရယ်လို့ အထူးမရှိ။ ရုပ်သာရှိသည်။ ဝိညာဉ်ဆိုတာ ရုပ်ဖွဲ့စည်းမှုအစုသာ ပေါ်လာသည်။ ရုပ် အရိပ်နိမိတ်မျှသာ ဖြစ်၏။ ထို့ကြောင့် ရုပ်ကောင်ကြီး သေလျှင် ဝိညာဉ်လည်းပြတ်၏။ ဘာမှမဖြစ်ဟု မြင်၏။ ပြတ်သည်ဆိုသည့် အနက်ကို 'ဥစ္ဆေဒ' ဆိုသော ပါဠိကဟော၏။ ထို့ကြောင့် သေလျှင်

ပြီးတာပဲ၊ ဘဝပြတ်တာပဲဟုမြင်သောအမြင်ကို ဥစ္ဆေဒဒိဋ္ဌိဟု ခေါ်ပေသည်။

သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိအမြင်နှစ်မျိုးသည် ဂေါတမဗုဒ္ဓရှင်တော်ဘုရား မပွင့်ခင်ကတည်းက ဤကမ္ဘာကြီး၌ ရှိနှင့်နေသော အမြင်ဖြစ်ပေသည်။ လူတွေသာမက နတ်ပြဟ္မာအချို့ကပါ မြင်သောအမြင်ဖြစ်၏။ ထိုအမြင်ကို မြင်နေသော လူတို့ကလည်း သူတို့ မြင်တာ မှန်တယ်ဟုပင် ထင်ထားကြသည်။ သမ္မာအမြင်ဟု ယူထားကြသည်။ ဤကား အမြင်ပိုင်းတည်း။

အကျင့်ပိုင်းနှင့် ပတ်သက်၍လည်း ဒဿန အမျိုးမျိုးရှိပြန်၏။ ကမ္ဘာလောကကြီးတစ်လျှောက်လုံး၌ အချို့သောလူတို့သည် သံသရာကို မလိုလားကြ၊ သံသရာမှထွက်မြောက်လိုကြ၏။ ထို့ကြောင့် သံသရာမှ ထွက်မြောက်နိုင်မည်ထင်သော အလေ့အကျင့်တို့ကို မှန်းဆကျင့်ကြံအားထုတ်ကြ၏။ တင်ရှိနေသောအကုသိုလ်ကြွေးတွေကုန်လျှင် လွတ်မည်ထင်ကြ၏။ အကုသိုလ်ကြွေးဆပ်ဖို့ ဆင်းရဲဒုက္ခကြီးစွာခံကြရန် စိတ်ကူးကြ၏။

ဆင်းရဲဒုက္ခခံပြီး ကျင့်ဖို့အတွက် လူချမ်းသာအားလုံး စွန့်ကြ၏၊ သူ့အဆင့်ကို လျှော့ချလိုက်ကြ၏၊ တိရစ္ဆာန်ဘဝကို ခံယူလိုက်ကြ၏၊ သူနှင့်အနီးဆုံး တိရစ္ဆာန် ဖြစ်သည့် နွားနှင့် ခွေးတို့ကို စံပြုကြ၏။ ထို့ကြောင့် အဝတ်မဝတ်၊ အစားကိုလက်ဖြင့်မစား၊ ကျင်ကြီးကျင်ငယ်မသုတ်သင်၊ နွားလိုခွေးလိုစား၏၊ နေ၏၊ အိပ်၏၊ ဤသို့စသည်ဖြင့် ကျင့်လျှင် အကုသိုလ်ကြွေး ကင်းရှင်းပြီး သံသရာမှ စင်ကြယ်မည်ဟု မြင်ကြသည်။

အလေ့ကို'သီလ'၊ အကျင့်ကို'ဝတ'ဟု ခေါ်၏။ နှစ်ရပ်ပေါင်းပြီး 'သီလဗ္ဗတ'ဟုလည်း ခေါ်၏။ ဤတွင် ခွေး၊ နွား တိရစ္ဆာန်စသည်တို့၏ အလေ့အကျင့်ကို 'သီလဗ္ဗတ'ဟု ခေါ်ပေသည်။

အယူဝါဒပိုင်းနှင့်ပတ်သက်၍လည်း မြတ်စွာဘုရားမပွင့်မီ ကမ္ဘာဦးကာလကစ၍ အတ္တဝါဒ ဒဿန ပေါ်ထွန်းခဲ့၏။ လူမှာ 'အတ္တ' သီးခြားရှိသည်ဟု ယူဆခဲ့ကြ၏။ 'အတ္တဝါဒ'တွင် မိမိမှာရှိသော အတ္တ (ဇီဝအတ္တ)နှင့် မိမိအတ္တကိုဖန်ဆင်းလိုက်သော 'ပရမအတ္တ'ဟု အတ္တနှစ်မျိုးထားကြ၏။ အတ္တကလေးနှင့် အတ္တကြီးသဘောပင်ဖြစ်၏။ အတ္တ

ကြီးသည် တစ်ခုဟည်းရှိ၏။ သူက လက်အောက်ခံအတ္တတွေကို ဖန်ဆင်း၏၊ ကမ္ဘာလောကကိုဖန်ဆင်း၏၊ ဤအတ္တကြီးသည် ထာဝရတည်၏။ ဤလိုယူကြကုန်၏။

လူ့ကိုယ်၌ ခန္ဓာငါးပါးအပြင် 'အတ္တ'သီးခြားရှိသည်ဟု ယူဆရာ၌ ထိုအတ္တသည် လူကိုယ်ခန္ဓာကိုပိုင်စိုး၏။ လူပြုလုပ်မှုမှန်သမျှသည် အတ္တ၏ စွမ်းရည်သတ္တိချည်း ဖြစ်၏၊ လူသည် အတ္တ အမိန့်အတိုင်း ကောင်းတာကိုလည်းလုပ်၏၊ မကောင်းတာကိုလည်းလုပ်ရ၏၊ ခံစားစရာမှန်သမျှ အတ္တကခံစား၏၊ ဤလူကိုယ်ခန္ဓာသေကျေပျက်စီးလျှင် အတ္တက မပျက်စီး၊ တခြား ကိုယ်ခန္ဓာအသစ်သို့ ပြောင်းသွား၏၊ ဤသို့ယူကြ၏။

ကမ္ဘာလူသားတို့တွင် (အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း) နိစ္စ, ဓုဝ, သဿတ ဟု မြင်သူလည်းရှိ၏၊ သေလျှင်ပြတ်သည်ဟု ဥစ္ဆေဒ မြင်သူလည်းရှိ၏၊ အကုသိုလ်စင်ကြယ်အောင် လူ့ဘဝအဆင့်လျှော့ချပြီး တိရစ္ဆာန်လိုကျင့်ပေးမှ သံသရာမှစင်ကြယ်မည်ဟု မြင်သူကျင့်သူတို့လည်း ရှိ၏၊ ပရမအတ္တခေါ် ထာဝရအတ္တကြီးရှိနေပြီး သူက ဇီဝအတ္တခေါ်သည့် လက်အောက်ခံ အတ္တကလေးတွေကို ဖန်ဆင်းပြီး လူ့ကိုယ်ထဲ၌ ထည့်ထားပေး၏ဟုလည်းယူကြ၏။ ဤသို့သော ဒဿနမျိုးတွေကို မိရိုးဖလာ သာမန်ကာလျှံကာ လက်ခံထားသူများလည်းရှိ၏၊ ဤအမြင်မှ မှန်တယ်ဟု စွဲစွဲလမ်းလမ်း ထားသူတွေလည်း ရှိ၏၊ ကိုယ်ထင်ရာမှန် ကိုယ်ထင်ရာ ကောင်းလာခဲ့ကြ၏၊ ဤသည်မှာ ကမ္ဘာ့ မြင်ကွင်းကျယ် ဒဿနလောကကြီးဖြစ်ပေ၏။

ဤ ကမ္ဘာ၌ ဂေါတမ မြတ်စွာဘုရား ပွင့်လာသော အခါ၌မူ ဂေါတမမြတ်စွာဘုရား၌ အလွန့်အလွန်ကြီးမားသော ဉာဏ်မျက်စိကြီး ရှိ၏။ လူ၏ကိုယ်ခန္ဓာတစ်ခုလုံး ဖွဲ့စည်းတည်ဖြစ်နေသော ရုပ်တွေနာမ်တွေကို ဖြစ်စဉ်ပျက်စဉ်နှင့်တကွ အနုစိတ်မြင်နိုင်၏။ လူတစ်ဦးဖြတ်သန်းလာခဲ့သော လွန်ခဲ့သောဘဝများစွာကိုလည်း ပြန်မြင်နိုင်၏၊ ဒီလူ ရှေ့ဆက်ဖြစ်ရမည့် လာလတ္တံ့သောနောက်ဘဝတွေကိုလည်း ကြိုမြင်၏၊ လူ့လောကတစ်ခုလုံးကိုလည်း မွှေနှောက်ချောက်ချား ကြည့်မြင်နိုင်၏။ လူ့လောကကိုကျော်လွန်ပြီး တခြား နတ်လောက၊ ဗြဟ္မာလောက

တို့ကိုပါ မြင်နိုင်ပြန်၏။ ဤတွင်မျှမက လူ့ဘဝလူ့လောကမှ အမှန်တကယ်လွတ်မြောက်နိုင်သည့် နည်းလမ်းကိုလည်းမြင်၏။

ဂေါတမမြတ်စွာဘုရားသည် အတိုင်းအဆမရှိ ကြီးမားလှသော မိမိ၏ဉာဏ်ပညာဖြင့် မိမိမပွင့်မီက ကမ္ဘာ့လောကတွင် ရှိနှင့်နေသော လူတို့၏ဒဿနတွေကို ဆန်းစစ်ဝေဖန် ကြည့်ရှုသုံးသပ်တော်မူလေသည်။ ဥပမာ သင်္ချာဆရာကြီးသည် အတန်းထဲဝင်လာပြီး တပည့်တို့၏သင်္ချာ အဖြေများကိုယူကြည့်ကာ တွက်နည်းမှန်အဖြေမှား၊ အဖြေမှန်တွက်နည်း မှား၊ တွက်နည်းရော အဖြေပါမှား၊ တွက်နည်းရော အဖြေပါမှန်ဟု ကော်ရက်ရှင်း (Correction) လုပ်ပေးသကဲ့သို့ သဗ္ဗညုတဉာဏ်ကြီး သခင်ကလည်း ကမ္ဘာ့ဒဿနတွေကို ကော်ရက်ရှင်း လုပ်ပေးလေသည်။

ကော်ရက်ရှင်းလုပ်ပေးပုံကား ဤသို့တည်း...

သဿတဒိဋ္ဌိ– မှားသည်၊ အဘယ်ကြောင့်နည်း၊ လူ၏ ရုပ်နာမ်တွေလဲ မမြဲ၊ လူမှာမြဲတဲ့ဝိညာဉ်လည်း မရှိ၊ ထို့ကြောင့် သဿတ (မြဲတယ်)ဟုမြင်တာ မှားသည်။

ဥစ္ဆေဒဒိဋ္ဌိ – မှားသည်၊ အဘယ်ကြောင့်နည်း၊ လူသေပြီးနောက် ဘဝဆက်ဖြစ်တာပဲ၊ ပြတ်မှုမပြတ်ဘဲ၊ ဒါကြောင့် ပြတ်တယ်လို့မြင်တာလဲ မှားသည်။

သီလဗ္ဗတ – မှားသည်၊ အဘယ်ကြောင့်နည်း၊ နွားလိုခွေးလိုကျင့်လို့ သံသရာမှ လွတ်သွားတယ်လို့ တစ်ယောက်မှ မရှိခဲ့ဘူး၊ ပင်ပန်းဆင်းရဲတာပဲ အဖတ်တင်တယ်။ ဒါကြောင့် ဒီအကျင့်ဟာလဲမှားတယ်။

အတ္တဝါဒ – မှားသည်၊ အဘယ်ကြောင့်နည်း၊ လူမှာ ခန္ဓာ ၅-ပါး အပြင် အတ္တသီးခြားမရှိဘူး၊ မရှိတာကိုရှိတယ်ထင်နေလို့ မှားတယ်။ ဇီဝအတ္တတွေကိုဖန်ဆင်းနေတဲ့ ထာဝရတည်တဲ့ ပရမတ္တတော်ကြီးဆိုတာလဲ မရှိဘူး၊ ဖန်ဆင်းရှင်ရယ်လို့ ဘာတစ်ခုမှမရှိဘူး၊ ဒါကြောင့် မှားတယ်။

အဲ.... ဖန်ဆင်းရှင်ကြီး ရှိနေတယ်လို့ ကမ္ဘာ့လူသား အဆက်ဆက် ယူဆလာခဲ့ကြတဲ့ သမိုင်းကတော့ ဒီလို၊ ဤကမ္ဘာတည်ဦးစကာလ ပထမဈာန်ဗြဟ္မာဘုံ၌ တစ်ဦး တည်းနေရတဲ့ ကမ္ဘာဦးသားဗြဟ္မာကြီးက နောက်အဖော်

တွေ လာရင်ကောင်းမှာပဲလို့ အမြဲ တောင့်တ ခဲ့တယ်၊ နောက်တော့ ဗြဟ္မာသစ်တွေရောက်လာကြတယ်။

ဤတွင် ပထမရှိနှင့်တဲ့ ဗြဟ္မာကြီးက နောက်ရောက်လာတဲ့ ဗြဟ္မာတွေဟာ ငါတောင့်တလိုက်လို့ ငါဖန်ဆင်းလိုက်လို့ ရောက်လာတာပဲဟု ဘဝင်မြင့်သွား၏။ နောက်ဗြဟ္မာတွေကလဲ ရှိနှင့်တဲ့ဗြဟ္မာကြီးက သူတို့ထက်သာလို့ သူတို့ကိုဖန်ဆင်းလိုက်တဲ့ မဟာဗြဟ္မာကြီးပဲလို့ အထင်ကြီးသွားကြသည်။

ထိုဗြဟ္မာတို့သည် စုတေပြီး လူ့ကမ္ဘာ၌ လာဖြစ်ကြသောအခါ ဗြဟ္မာ့ဘုံ၌ဖြစ်ခဲ့တဲ့ဝါဒကို ဆက်လက်ခံယူလာခဲ့ကြသည်။ လက်ခံပုံကား ထိုကမ္ဘာဦးလူတို့တွင် ဈာန်အဘိညာဉ်ကိုရကြသူတို့က ပထမဈာန်ဘုံရှိ မဟာဗြဟ္မာကြီးကို ဒိဗ္ဗ ပြန်လည်တွေ့မြင်ကြရ၏။ ဤသို့ မြင်ကြသဖြင့် ဗြဟ္မာကြီးအပေါ် ပို၍အထင်ကြီးသွားပြီး သူမြဲတယ်၊ ငါတို့မမြဲ၊ သူတန်ခိုးကြီးတယ်၊ ငါတို့ သူ့လောကတန်ခိုးမကြီး စသည်ဖြင့် စွဲယူလိုက်ကြသည်။ ဤအယူသည် ကမ္ဘာဦးကစပြီး ယနေ့အထိ လူ့လောကထဲမှာ ဆက်လက်ပျံ့နှံ့လာလေသည်။

ဤသည်ကား မြတ်စွာဘုရားက 'ပရမအတ္တ'(ပရမအတ္တဒဿန) ၏ နောယ်ခံ သမိုင်း အကြောင်းကို ပြန်ပြောင်း ဖော်ပြခြင်း ဖြစ်၏။ (သုတ်သီလက္ခန်ပါဠိတော်၊ ဗြဟ္မဇာလသုတ်တော်မှ)။

ဤ ပရမအတ္တဖန်ဆင်းရှင်ကြီးကိုပင် နောက်လူတို့က နာမည်အမျိုးမျိုးတပ်၍ ကိုးကွယ်မှုဘာသာ ဝါဒအမျိုးမျိုး တည်ထောင်လာခဲ့ကြပေသည်။

ဖော်ပြခဲ့သည်တို့မှာ ဒိဋ္ဌိဆိုင်ရာ ဥပါဒါန်၏ ကုန်ကြမ်းများဖြစ်ကြ၏။ ဤအချက်များကို ကြိုသိထားမှ ဒိဋ္ဌိဥပါဒါန် (ဝါ) ဥပါဒါန် ဒိဋ္ဌိအကြောင်း သိမည်ဖြစ်၍ ဖော်ပြရခြင်းဖြစ်၏။

ဆိုခဲ့သည့် ဒဿနများအပေါ် သာမန်မျှခံယူလျှင် 'ဒိဋ္ဌိ'သာဖြစ်၏၊ အမြင်မမှန်သည့်အတွက် မိစ္ဆာဒိဋ္ဌိဟုဆိုရ၏။ သာမန်မျှမက ထိုဒဿနများအပေါ် ဖားကိုမြွေငန်း မြဲစွာဖမ်းသကဲ့သို့ စွဲစွဲ လမ်းလမ်းထားလျှင်မှုကား ဒိဋ္ဌိဥပါဒါန် ဖြစ်လေသည်။

အကျင့်ပိုင်းနှင့် ပတ်သက်၍ ဆိုခဲ့ပါ သီလဗ္ဗတမျိုးကိုမှ စွဲစွဲလမ်းလမ်း ဖြစ်ဘိမှု သီလဗ္ဗတဥပါဒါန် (သီလဗ္ဗတုပါဒါန်) ဖြစ်လေ၏၊ တရားကိုယ်ကား ဒိဋ္ဌိစေတသိက်ပင်တည်း။

အတ္တဝါဒကို စွဲစွဲလမ်းလမ်းဖြစ်ဘိမှုကား၊ အတ္တဝါဒဥပါဒါန် (အတ္တဝါဒုပါဒါန်) ဖြစ်လေ၏၊ တရားကိုယ်လည်း ဒိဋ္ဌိပင်တည်း။

သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် အတ္တဝါဒမှတစ်ပါး ကျန်သမျှဒိဋ္ဌိ အမြင်ဟူသမျှကိုမူ သာမန်အားဖြင့် ဒိဋ္ဌိဥပါဒါန် (ဒိဋ္ဌုပါဒါန်)ဟု ခေါ်လိုက်၏၊ ဒိဋ္ဌိဥပါဒါန်ဆိုသည်မှာ သီလဗ္ဗတဒုပါဒါန်၊ အတ္တဝါဒုပါဒါန်မှ ကြွင်းသမျှ အမြင်မှားအားလုံးဟု မှတ်လိုက်လျှင်လွယ်၏။

အကျဉ်းမှတ်ရန်ကား ဒိဋ္ဌိသည်သာမန်အဆင့်၊ ဥပါဒါန်အဆင့်ဟု နှစ်မျိုးရှိ၏။ ဥပါဒါန်အဆင့်ရောက်သွားလျှင် စွဲလမ်းပုံ စွဲလမ်းနည်း အလိုက် သုံးမျိုးကွဲပြား၏။ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်သုံးမျိုးလုံးသည် တရားကိုယ်ဒိဋ္ဌိတစ်မျိုးတည်းသာဖြစ်၏။

ဒိဋ္ဌိတွေ၊ ဒဿနတွေ၊ ဝါဒတွေ၊ ကျင့်စဉ်တွေဆိုတာဟာ ဥပါဒါန်၏လောင်စာတွေဖြစ်ကြ၏၊ ပြင်းစွာစွဲလမ်းတတ်ကြ၏။

ဤအဘိဓမ္မာအသိဉာဏ်ကိုရထားသူသည် ယနေ့ကမ္ဘာလောက၌ ဝါဒရေးရာပြဿနာတွေ၊ ကိုးကွယ်မှုရေးရာပြဿနာတွေ၊ ဘာသာရေးစစ်ပွဲတွေ၊ ဝါဒရေးစစ်ပွဲတွေ ဆင်နွှဲခဲ့ခြင်းသည် စင်စစ် ဥပါဒါန်တွေပါ တကားဟု ယထာဘူတကျသောအမြော်မြင်မှန်ကို အခြေခံကာစပြီးသိနိုင်ပေပြီ။

ထို့ပြင် အကုသိုလ်ချင်းတူပေမယ့် ဒေါသ၊ မာနစသည်တို့မှာ ဥပါဒါန်ကပ်တတ်သောတရားမျိုးမဟုတ်၊ ဒိဋ္ဌိဆိုသည့်ဒဿနပိုင်း၊ ဝါဒပိုင်းသည် ဥပါဒါန်ကပ်တတ်သည့်အချက်များဖြစ်သဖြင့် အယူဝါဒမမှားအောင် အထူးသတိပြုရန်လိုအပ်လှကြောင်းကိုလည်း သတိချပ်နိုင်ပေပြီ။

နောက်လတွင် ဗုဒ္ဓဝါဒ,ဗုဒ္ဓဒဿနစသည် ဥပါဒါန်နယ်ကလွတ်ပုံ ဆက်လက်ဖော်ပြပါမည်။

နှစ်ဖက်လှ
၁၉၇၄-ခု၊ ဒီဇင်ဘာလ။

ဟိ-န်-း-စို-း-ဧ-ဖ-ာ-င်-စ-ဉ်-(-၄-)

# ဥပါဒါန်လွတ်သော ဗုဒ္ဓဝါဒ နှင့် ဗုဒ္ဓဒဿန

'နာမည်ကြီးသောဥပါဒါန်' ဟူသော နိဝင်ဘာလဆောင်းပါး၌ ကာမဥပါဒါန်အကြောင်းဖော်ပြခဲ့၏။ 'ကမ္ဘာ့ကိုးကွယ်မှုနှင့်တွေးခေါ်မှု အခြေခံဥပါဒါန်' ဟူသော ဒီဇင်ဘာလဆောင်းပါး၌ ဒိဋ္ဌိဆိုင်ရာဥပါဒါန် သုံးပါးကိုဖော်ပြခဲ့၏။ ယင်းတို့နှင့်တဆက်တည်း ဗုဒ္ဓဝါဒ ဗုဒ္ဓဒဿန အနေဖြင့် ဥပါဒါန်လွတ်ပုံကိုဖော်ပြသင့်ပေ၏။

'ဝါဒ' ဆိုသည်မှာ ပါဠိဝေါဟာရဖြစ်၍ 'ပြောဆိုချက်' ဟု အဓိပ္ပာယ်ရှိသည်။ 'ဝါဒီ' ဆိုသည်မှာ 'ပြောဆိုသူ' ဖြစ်၏။ ထို့ကြောင့် 'ဗုဒ္ဓဝါဒ' သည် ဗုဒ္ဓရှင်တော်ဘုရား၏ပြောဆိုချက်၊ ဟောကြားချက်(ဝါ) တရားတော်ဖြစ်၏။ 'ဗုဒ္ဓဝါဒီ' သည် ဗုဒ္ဓတရားတော်ကို ပြောဆိုသူဖြစ်ပေသည်။

'ဒဿန' သည်လည်း ပါဠိဝေါဟာရပင်ဖြစ်၍ 'အမြင်' ဟု အဓိပ္ပာယ်ရှိ၏။ ထို့ကြောင့် 'ဗုဒ္ဓဒဿန' သည် ဗုဒ္ဓ၏အမြင်ပင် ဖြစ်ပေသည်၊ 'အမြင်' ဆိုသောစကားသည် မျက်စိအမြင်၊ ဉာဏ်အမြင် နှစ်မျိုးနှင့်သက်ဆိုင်၏၊ ဤတွင် ဉာဏ်အမြင်ပိုင်းဖြစ်၏၊ ဉာဏ်အမြင်ဆိုရာ၌ ဉာဏ်သည်အမျိုးမျိုးရှိ၏၊ ဗုဒ္ဓရှင်တော်ဘုရား၏ဉာဏ်ကား ဝိပ္ပလ္လာသကင်းသော သဗ္ဗညုတ မဟာဉာဏ်တော်ဖြစ်၏။

- အမှတ်မှားနေခြင်း၊ ဝါ၊ ပြောင်းပြန်မှတ်သားမိထားခြင်း (သညာဝိပ္ပလ္လာသ)
- အသိဖောက်ပြန်နေခြင်း (စိတ္တဝိပ္ပလ္လာသ)
- အမြင်မှားနေခြင်း (ဝါ) ဖောက်ထိုးဖြစ်နေခြင်း (ဒိဋ္ဌိ ဝိပ္ပလ္လာသ)

(သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ)

ဤသုံးမျိုး 'ခံ' နေလျှင် ဉာဏ်အမြင်ပင်ဖြစ်စေကာမူ တည့်တည့်မမြင်၊ မစူးရှ၊ မထက်မြက်၊ ဥပမာ–ပြာသို တပို့တွဲ နှင်းထုထဲသို့ သဘော်ာမီးမောင်းများ ထိုးမပေါက်၊ အရာမရောက်သလိုဖြစ်ပေသည်။ ဝိပ္ပလ္လာသ မကင်းသော ပုထုဇဉ်လူသား၏ ဉာဏ်အမြင်ကား ပြောင်းပြန်အမြင် စောက်ထိုးအမြင်မျိုးသာဖြစ်ချေသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည်ကား ယထာဘူတကျကျ ကျင့်ကြံကြိုးကုတ်အားထုတ်သောလုပ်အားကြောင့် အတိုင်းအဆမရှိ ကြီးမားပြီး ပြောမပြနိုင်လောက်အောင်အစွမ်းထက်သည့် ဉာဏ်တော်ကြီးကိုရထားသည့်အတွက် ဝိပ္ပလ္လာသကင်းစွာ အမှန်မြင် အတည့်မြင် မြင်တော်မူသည်။

ဗုဒ္ဓဝါဒက တွေဝေခြင်း၊ အရှက်မဲ့ခြင်း၊ မထိတ်လန့်ခြင်း၊ ပျံ့လွင့်ခြင်းအခြေခံဖြင့် ကာမဝတ္ထုကို အာသာရမ္မက်ငန်းငန်းတက် လိုချင်မှု (လောဘ)ကို ကာမဉပါဒါန် ဟုသတ်မှတ်၏၊ မကောင်းသောအကုသိုလ်တရားဟု ရှုတ်ချ၏၊ ကာမစည်းစိမ်အမျိုးမျိုးခံစားခြင်းကို ယုတ်နိမ့်၏ဟု ကဲ့ရဲ့၏၊ လူသာမန်တွေအလုပ်ဟု သရော်၏၊ အနှစ်သာရမရှိဟု ဝေဖန်၏။

ယုံကြည်မှု၊ အားထုတ်မှု၊ စွဲမြဲမှု၊ တည်ငြိမ်မှု၊ အမြင်ကြည်လင်မှု အခြေခံဖြင့်(ကပ်ငြိမှုမပါ)ရအောင်ယူလိုသောဆန္ဒသည်သာ ကြီးမြတ်၏။ အဓိပတိထိုက်၏။ ကောင်းမွန်၏ဟုချီးကျူး၏။ ကောင်းသောဆန္ဒဖြင့် ကုသိုလ်လိုချင်၏။ ဈာန်လိုချင်၏။ မဂ်လိုချင်၏။ ဖိုလ်လိုချင်၏။ နိဗ္ဗာန် လိုချင်၏။ ဤသို့သောလိုချင်မှုမျိုးသည် သမ္မာဆန္ဒဖြစ်သည်ဟု ကောင်းချီးသြဘာပေး၏။

လောဘသည် ကာမကိုသာ လိုချင်တတ်သည်။ ကုသိုလ်တရား၊ ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို မလိုချင်တတ်။ သမ္မာဆန္ဒသည် ကာမကို မလိုချင်တတ်။ ကုသိုလ်ဓမ္မနှင့် ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ကိုသာ လိုချင်တတ်သည်။ ဤသို့သရုပ်ခွဲကြပြီး 'သမ္မာ' ပိုင်းကနေရန် ဗုဒ္ဓဝါဒက သွန်သင်ပြသလေ့သည်။

သို့ဖြစ်၍ ဗုဒ္ဓဒဿနသည် ကာမဉပါဒါန်မှ လွတ်ကင်းလေသည်။

ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာဟု စွဲလမ်းမှုသက္ကာယဒိဋ္ဌိသည် အမြင်မှန်မဟုတ်။ သေလျှင်ပြီးတာပဲ၊ နောက်ဘဝမရှိဟု ယူသောအယူ(ဉစ္ဆေဒဒိဋ္ဌိ)

သည် မှား၏။ ဘဝသည် မြဲ၏ဟုယူသောအယူ (သဿတဒိဋ္ဌိ) လည်းမမှန်ကန်။ ဤသို့သော ဒိဋ္ဌိ(ဒဿန)တွေအပေါ်ဟုတ်လှပြီ ထင်မှတ်စွဲလမ်းခြင်းသည် အကုသိုလ်ဥပါဒါန်သာဖြစ်၍ လက်သင့်မခံထိုက်။ ဤသို့သော ဒိဋ္ဌိဥပါဒါန်ကို ဗုဒ္ဓဝါဒ က ပြတ်ပြတ်သားသား ရှုတ်ချပြီး ရုပ်,နာမ်သဘာဝကို ပိုင်းခြားရှုမြင်တတ်သဖြင့် ဗုဒ္ဓဝါဒသည် ဒိဋ္ဌိဥပါဒါန်မှလည်း လွတ်ပေသည်။

ဗုဒ္ဓဝါဒတွင် အတ္တကိလမထာနုယောဂ (ကိုယ်ကိုညစ်နွမ်းစေရန် အဖန်ဖန်အားထုတ်ခြင်း) ကို ဆင်းရဲသာ အဖတ်တင်သည်၊ အကျိုးမရှိဟု ကြေညာ၏။ လူ့အရင့်အမကြီး ဖြစ်ပါလျက် လူ့ဘဝသုခကို လျှော့ချပြီး နွားလို ခွေးလို နေထိုင်ကျင့်ကြံမှ အကုသိုလ်ကုန်မည်ဟု ထင်မြင်သော အမြင်ကိုသီလဗ္ဗတဥပါဒါန်(အလေ့အကျင့်ပေါ်မှာ အစွဲအလမ်းမှားမှု)ဟု သုံးသပ်၏။

လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ဆဲခြင်း၊ အလကားအချည်းအနှီး အရည်မရအဖတ်မရစကားပြောခြင်းကို ရှောင်ကြဉ်၍ ကောင်းစွာပြောဆိုခြင်း (သမ္မာဝါစာ)၊ သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ ကာမကျူးလွန်ခြင်းကို ရှောင်၍ ကောင်းစွာပြုလုပ်ခြင်း (သမ္မာကမ္မန္တ)၊ ထိုကိစ္စတွေကို စီးပွားချမ်းသာမှု၊ အသက်မွေးမှုနှင့် ပတ်သက်သော်မှလည်း မပြော မပြု၊ ရှောင်ကြဉ်ခြင်း (သမ္မာအာဇီဝ) ဟူသောအကျင့်သာ မှန်၏။

ကောင်းစွာအားထုတ်မှု(သမ္မာဝါယာမ)၊ ကောင်းစွာအားထုတ်မှု၌အောက်မေ့မှု(သမ္မာသတိ)၊ ကောင်းစွာအားထုတ်မှုအရ ကောင်းစွာတည်ကြည်မှု (သမ္မာသမာဓိ)၊ ဤသို့သော တည်ကြည်မှုသမာဓိ ရခြင်းကိုသာ မှန်ကန်ကြောင်း ကြေညာ၏။

ကောင်းစွာအားထုတ်မှု၊ သတိထင်မှု၊ စိတ်ဓာတ်တည်ကြည်မှု အခြေခံဖြင့် ပညာနယ်ကို ဖောက်ထွင်း၍ သဘောတရား ဟူသမျှ အပေါ် ယထာဘူတကျကျ ကြံစည်ရှုမြင်၍ အသိဉာဏ်ပေါက်မြောက်သည့် ပညာ အလင်းသည်သာ မှန်ကန်သော ပညာဖြစ်ကြောင်း ချီးကျူးဖော်ထုတ်သည်။

ဗုဒ္ဓဝါဒသည် အတ္တကိုလုံးဝလက်မခံ။ ပရမအတ္တကိုလည်း ရှေးအစွဲအလမ်းဟုပယ်၏။ ဖန်ဆင်းမှုကို ငြင်းပယ်၏။ ကံ, ကံ၏ အကျိုး

အကြောင်းနှင့် အကျိုးသဘာဝ ဖြစ်စဉ်ကိုသာ လက်ခံ၏။ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းတို့ဖြင့် သဘာဝလောကကို ဆက်သွယ်၍ အဖြေမှန်ဖော်ပြထား၏။

သို့ဖြစ်သောကြောင့် ဗုဒ္ဓဝါဒ ဗုဒ္ဓဒဿနသည် အတ္တဝါဒဥပါဒါန်မှလည်း လုံးဝကင်းလွတ်၏။

ဤသို့ အကွက်ချ၍ စိစစ်ကြည့်လျှင် ဗုဒ္ဓဝါဒ, ဗုဒ္ဓဒဿနသည် ကာမဥပါဒါန်မှ လွတ်ကင်းကြောင်းလည်း ထင်ရှား၏။ ဒိဋ္ဌိဥပါဒါန်မကပ်ကြောင်းလည်း ပေါ်လွင်၏။ သီလဗ္ဗတပရာမာသ ဥပါဒါန်မှလွတ်ကင်းကြောင်းလည်း သိနိုင်၏၊ အကျယ်ပြန့်ဆုံး လက်ခံထားကြသည့် အတ္တဝါဒ ဥပါဒါန်ကြီးမှလည်း လုံးဝ လွတ်ကင်းနေသည်ကိုလည်း မငြင်းနိုင်ပေ။

ဤဆောင်းပါးကို သာမန်ဖတ်လျှင် ဘာသာရေးဆောင်းပါး၊ ဗုဒ္ဓဘာသာကောင်းကြောင်း ပြောနေသောစာဟုထင်စရာရှိ၏။ထိုးထွင်းနှိုက်နှဲ၍ဆင်ခြင်ကြည့်မြင်ဘိမူကား ဘာသာရေးအပေါ်လွှာကို ဖောက်ထွင်း၍သဘောတရားအနှစ်အသားကို တွေ့မြင်နိုင်မည်ဖြစ်၏။

မည်သည့်ဘာသာဖြစ်ဖြစ်၊ ဘာသာမဲ့ဖြစ်ဖြစ်၊ ဝိဇ္ဇာပညာမှာရော သိပ္ပံနယ်မှာပါ လူတွင်လိုချင်မှု၊ သိမြင်မှု၊စွဲလမ်းမှုဟူသော သဘာဝသည် ထင်ရှားရှိသည်သာဖြစ်၏။ လူ့လောကတွင် အကျင့်တွေကိုကျင့်နေကြသူများလည်း ရှိနေသည်သာဖြစ်၏။

ဤသို့သော ကမ္ဘာ့လောကသားတို့၏ အပြုအမူအမျိုးမျိုးအပေါ် ကမ္ဘာ့သမိုင်းတစ်လျှောက်လုံး အမျိုးမျိုးသုံးသပ်လာကြ၏။

ဤတွင်ကား လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ခဲ့သော "သမ္မာသမ္ဗုဒ္ဓ" ဘုရားရှင်၏ အဘိဓမ္မာဒေသနာအရ ဥပါဒါန်ခန်းဖြင့် ဆန်းစစ်ဝေဖန်ပြခြင်းသာ ဖြစ်ပေသည်။

ကြမ်းပေါ်မှာ ရပ်နေသောလူနှင့်၊ မျက်နှာကြက်ပေါ် ပက်လက်ကပ်နေသော အိမ်မြှောင်နှင့် ဘယ်သူက အနေအထား မှန်သလဲဟု ငြင်းခုန်နေဖွယ်မရှိ။ လူဘက်ကနေလိုနေ၊ အိမ်မြှောင်ဘက်ကနေလိုနေ၊ ကြိုက်ရာနေနိုင်သည်မဟုတ်ပါလော။

နှစ်ဖက်လှ
၁၉၇၅-ခု၊ ဇန်နဝါရီလ။

# လူသည် အဘယ့်ကြောင့် ကောင်းကင် မပျံနိုင်သနည်း

ကျွန်ုပ်တို့ မျက်မြင်လောကတွင် သက်ရှိ, သက်မဲ့ နှစ်မျိုးရှိ၏။ သက်ရှိလောကတွင် လူနှင့်တိရစ္ဆာန် ဟူ၍ အဓိကအားဖြင့် နှစ်မျိုး နှစ်စားရှိ၏။ တိရစ္ဆာန် သတ္တဝါတို့တွင် ငှက်တို့သည် အာကာသ ကောင်းကင်၌ ပျံသန်းသွားလာနိုင်ကြကုန်၏။ ကျန်သောတိရစ္ဆာန်များ နှင့် လူသားတို့မှကား မြေ,ရေတို့၌သာကျက်စားကြရသည်။ ကောင်း ကင်၌ ပျံသန်းသွားလာမှု မပြုနိုင်ကြကုန်။ ဤကား ယနေ့တွေ့မြင်နေ သော ဘဝလောက အခြင်းအရာပေတည်း။

ငှက်တို့ကောင်းကင်ပျံနိုင်မှုကိုလေ့လာရာတွင် မျိုးဗီဇအခြေခံကို တွေ့နိုင်၏။ ငှက်မျိုးဗီဇအရ ပေါက်ပွားလာသော ငှက်တို့တွင် ကိုယ် ခန္ဓာ၌ အတောင်အားသန်ခြင်း၊ အမွေးပေါ့များပေါက်ရောက်နေခြင်း စသည်တို့ကြောင့် လေကိုယက်ယူပြီး ခန္ဓာကိုယ်ကို မြေပြင်မှကြွတက် အောင် ပျံသန်းနိုင်ကြသည်။

ဤတွင် မြေနှင့်လေကို သတိပြုရန်ရှိ၏၊ ငှက်တို့သည် လေကို အားပြုကြ၏၊ လူနှင့်တကွ ကျန်သောသတ္တဝါတို့သည် မြေကိုအားပြု ကြ၏။ ငါး စသည်မှာမူ ရေကိုပင် အားပြုကြလေသည်။ ငှက်တို့သည် မြေကြီး၏ဆွဲငင်အားကိုဆန့်ကျင်တော်လှန်၍ ကောင်းကင်သို့တက်သွား ကြ၏။ လူနှင့် အခြားသောတိရစ္ဆာန်တို့သည် မြေကြီး၏ဆွဲငင်အားကို မတော်လှန်နိုင်ကြ၍ မြေလျှောက်နေကြရပေသည်။

သို့သော် လူသားသည် ဉာဏ်ရှိသော သတ္တဝါမျိုး ဖြစ်၏။ ထို့ကြောင့် ငှက်တို့လို ကောင်းကင်ပျံနိုင်အောင် ကြိုးစားခဲ့ကြလေ သည်။

လူ့သမိုင်းကို ရှုထောင့်စုံအောင်လေ့လာတတ်ပါက လူသည် မိုးကောင်းကင်ပေါ် ပျံတက်နိုင်အောင် နှစ်နည်း နှစ်လမ်း အားဖြင့် ကြိုးစားခဲ့ကြောင်းတွေ့နိုင်၏။ တစ်မျိုးမှာ လူ၌ရှိသောစိတ်ပိုင်းဆိုင်ရာကိုပြုပြင်၍ ကောင်းကင်ပျံခြင်းဖြစ်ပြီး၊ အခြားတစ်မျိုးမှာ တေဇောရုပ်ကို အသုံးချ၍ ကောင်းကင်ပျံခြင်း ဖြစ်ပေသည်။ တေဇောဓာတ်(မီး)ကိုအသုံးချရာ၌ ဝါယောဓာတ်(လေ)၏ အကူအညီလည်း ပါဝင်ပေ၏။

မျက်မှောက်ခေတ်တွင် ရိုက်ညီနောင်မှစပြီးလူတို့သည် လေယာဉ်ပျံ တည်ဆောက်၍ ကောင်းကင်ပျံနိုင်ကြ၏၊ ဒုံးပျံဂြိုဟ်တုတို့ဖြင့် ကမ္ဘာပတ်နေကြ၏။ လေယာဉ်ပျံအမျိုးမျိုး၊ ဒုံးယာဉ်ဂြိုဟ်တုအစားစားတို့ကို အတွင်းကျကျကြည့်ပါ။ သူတို့သည် တေဇောဓာတ်အပူအားဖြင့် အားယူပျံသန်းနေကြသော အရာဝတ္ထုများချည်း ဖြစ်ကြ၏။ တေဇောဓာတ်အပူအား သိပ်ပြင်းထန်အောင် သိပ္ပံဉာဏ်ဖြင့်ပြုလုပ်ဖန်တီး၍ ကြီးသည်ထက်ကြီး မြန်သည်ထက်မြန်သော လေယာဉ်၊ ဒုံးယာဉ်တို့ကို တည်ဆောက်ကြခြင်း ဖြစ်ပေသည်။

ယခင်အခါများက ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့သည် ဆေးဝါး၊ အင်းအိုင်၊ မန္တရားအတတ်တို့ဖြင့် ကောင်းကင်ပျံနိုင်ကြသည်။ သိပ္ပံပညာကဲ့သို့ ဝိဇ္ဇာပညာထူးဖြင့် စနစ်တကျကြိုးစားအားထုတ်၍ စက်မပါဘဲ ကောင်းကင်ပျံနိုင်ခြင်းဖြစ်၏။

ဗုဒ္ဓရှင်တော်ဘုရားပွင့်တော်မူလာသောအခါ (လွန်ခဲ့လော နှစ် ၂၅၀၀-ခန့်က) ရဟန်းတော်များသည် မိမိတို့ ကိုယ်တွင်း၌ရှိသော စိတ်စေတသိက်နာမ်ပိုင်းကိုပြုပြင်၍ ကောင်းကင်ပျံနိုင်ခဲ့ကြ၏။ ဂေါတမရှင်တော်ဘုရား၏ တပည့်ရဟန်းများကား အာကာသကောင်းကင်၌ ဥဒဟိုပျံသန်းသွားလာနိုင်ရုံမျှမက မဟာပထဝီမြေကြီးထဲသို့ပင် ငုပ်လျှိုးထွင်းဖောက် ဝင်ရောက်သွားလာနိုင်ခဲ့ပေသည်။ သို့ဖြစ်၍ ဂေါတမရှင်တော်ဘုရား၏တပည့်များ အသုံးပြုသောဉာဏ်သည် သိပ္ပံဉာဏ်ထက်လည်း သာ၏။ ဆေးဝါးအင်းအိုင် စသော ဝိဇ္ဇာ ဇော်ဂျီ ဉာဏ်ထက်လည်း ကြီးလေသည်။

လူသားများ ကောင်းကင်ပျံပုံတူသော်လည်း သိပ္ပံပညာလက်ရာဖြစ်သော ရုပ်ဝတ္ထုပစ္စည်းကို အခြေခံ၍ပြုလုပ်သည့် လေယာဉ်ဒုံးယာဉ်

စသည်တို့သည် လူ့လောကကိုအကျိုးလည်းပြု၏။ သတ်ဖြတ်ဖျက်ဆီး၍ အပြစ်လည်းပြု၏။ ထို့ကြောင့် ကမ္ဘာလောကကြီးအတွက် ဘေးအန္တရာယ်မကင်း၊ ငြိမ်းချမ်းမှုကိုပျက်စီးစေပေ၏။ ဝိဇ္ဇာဇော်ဂျီ အချို့သည်လည်း မတော်မတရား ပြုလုပ်ကြသေး၏။ ထို့ကြောင့် သူတို့၏ အတတ်ပညာသည်လည်း စင်းလုံးချောကောင်းမွန်မှုမရှိပေ။

ဗုဒ္ဓရှင်တော်ဘုရား ပြသ ညွှန်ကြားပေးသော နည်းစနစ် အရ အာကာသ၌ သွားလာပျံသန်းသော ရဟန်းသံဃာတော်များ မူကား လူ့လောကအကျိုးကိုသာလျှင်ပြု၏။ အပြစ်ဖြစ်အောင် ဘေးဖြစ်အောင် မည်သည့်အခါမျှမလုပ်ချေ၊ လုပ်၍လည်းမရချေ။

လူသားသည် သိပ္ပံပညာဖြင့်ကောင်းကင်ပျံခြင်း၊ ဝိဇ္ဇာပညာဖြင့် ကောင်းကင်ပျံခြင်း၊ ဗုဒ္ဓပညာ (ဗုဒ္ဓရှင်တော်ဘုရားပေးသောပညာ) ဖြင့် ကောင်းကင်ပျံခြင်းဟူ၍ သုံးမျိုးသုံးစားအားဖြင့် ကောင်းကင်ပျံနိုင်၏၊ ထိုသုံးမျိုးတို့ကို ထပ်မံစိစစ်ကြည့်လျှင် သိပ္ပံပညာဖြင့်ကောင်းကင်ပျံခြင်းသည်လည်း လူတိုင်းပျံနိုင်ခြင်းမရှိ။ ဝိဇ္ဇာပညာဖြင့် ကောင်းကင်ပျံခြင်းသည်လည်း လူတိုင်းအတွက်မဟုတ်၊ ဗုဒ္ဓပညာဖြင့် ကောင်းကင်ပျံခြင်းသည်လည်း လူဟူသမျှ စွမ်းနိုင်မည်မဟုတ်ပေ။

လေယာဉ်ပျံတွေ ပေါလှပါသည် ဆိုသော ယခု ခေတ်မှာပင် သန်းပေါင်း ၄-ထောင်ကျော် ရှိသော ကမ္ဘာ့ လူသားတို့ အနက် သန်းပေါင်းများစွာသော လူတို့သည် လေယာဉ်ပျံ မစီးဖူးကြချေ၊ တစ်နည်းပြောရလျှင် ကောင်းကင်မပျံဖူးကြချေ။ ဝိဇ္ဇာဇော်ဂျီအနေဖြင့် ကောင်းကင်ပျံနိုင်သူကား လက်တစ်ဆုပ်စာမျှသာရှိခဲ့ဖူး၏။

ဗုဒ္ဓပညာဖြင့် ကောင်းကင်ပျံသော လူသားတို့ကား မြတ်ဗုဒ္ဓရှင်တော်ဘုရားခေတ်အခါက အလွန်များပြားခဲ့၏။ ရှင်မဟိန္ဒသာသနာပြုပြီး သီဟိုဠ်သာသနာခေတ်မှာပင် ကောင်းကင်ပျံ ရဟန်းသံဃာတို့သည် ငှက်တို့လို ဝေဟင်ခရီးဖြင့် သွားလာခဲ့ကြသည်ဟု သာသနာ့သမိုင်းများက အတိအလင်းထွက်ဆိုထား၏။

သို့ရာတွင် သိပ္ပံပညာဖြင့် ကောင်းကင်ပျံသည် ဖြစ်စေ၊ ဝိဇ္ဇာဇော်ဂျီ အတတ်ဖြင့် ကောင်းကင်ပျံသည်ဖြစ်စေ၊ ဗုဒ္ဓပညာဖြင့် မြေလျှိုး

မိုးပျံ့သည်ဖြစ်စေ၊ ဤသို့ပျံ့ခြင်းသည် လူသားတိုင်းနှင့် သက်ဆိုင်ခြင်း မရှိ။ လူထူးများနှင့်သာသက်ဆိုင်လေသည်။

လူ့ဟူသမျှနှင့်သက်ဆိုင်သော အခြေခံအချက်သည်ကား လူသည် မြေလျှောက်သတ္တဝါသာဖြစ်ပေသည်။ တစ်နည်းဆိုရသော် လူတိုင်းသည် ငှက်လို ကောင်းကင်ပျံ့သန်းသွားလာနိုင်ခြင်း မရှိချေ။

ဝိဇ္ဇာဇော်ဂျီအတတ်ဖြင့်ဖြစ်စေ၊ ဗုဒ္ဓပညာဖြင့်ဖြစ်စေ လူသားသည် ကောင်းကင်ပျံနိုင်သည်ကို ထောက်လျှင် လူသည် ကောင်းကင်ပျံနိုင်ပါလျက် မည်သည့်အကြောင်းတရားများကြောင့် လူတိုင်းကောင်းကင်မပျံနိုင်ဘဲ ရှိနေရသနည်း။ ဤအချက်ကား လူ့သဘာဝတွင် ငုပ်လျှိုး ဖုံးကွယ်နေသော အချက်ဖြစ်နေ၏။ လူတို့ကို ကောင်းကင်မပျံနိုင်အောင် တားဆီးထားသော အချက်တို့ကို လူ့သမိုင်း၌ လူပညာရှင်တို့သည် တိကျသေချာစွာ ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပေ။

သို့သော် လူ့သမိုင်းအတွက် ကံကောင်းသော အချိန်တစ်ချိန် ရောက်အလာတွင် သဗ္ဗညုဘုရားရှင် ပွင့်တော်မူလာပြီး ထိုဘုရားရှင်က လူတွေ အဘယ့်ကြောင့် ကောင်းကင်၌ ပျံသန်းသွားလာနိုင်ခြင်း မရှိသည်ကို ဖော်ပြခဲ့၏။ တစ်နည်းပြောရလျှင် လက်သည်ရှာပေးခဲ့၏။

နျူတန်သည် မြေကြီး၏ဆွဲငင်အားကို ဖော်ထုတ်သက်သေထူ၍ လူနှင့်တကွ သက်ရှိသက်မဲ့ အရာဝတ္ထုများ မြေပေါ်၌သာ တည်နေကြရပုံ၊ မြေကြီးကဆွဲငင်အားဖြင့် ဆွဲထားပုံတို့ကို သိရှိနားလည်စေခဲ့သည်မဟုတ်လော။

ဤ ဥပမာကဲ့သို့ပင် ဗုဒ္ဓရှင်တော်ဘုရားကလည်း လူသားများ အနေဖြင့် ကောင်းကင်၌ ပျံသန်းသွားလာခြင်း မပြုနိုင်အောင် ဟန့်တား ပိတ်ပင်နေသော သဘာဝများကို ဖော်ပြပြောဆိုခဲ့လေသည်။ ယင်း သဘာဝများကို ပါဠိဘာသာအားဖြင့် "နီဝရဏ" ဟု အမည်ပေးခဲ့၏။

နီဝရဏတရား သို့မဟုတ် လူသားတို့ကို ကောင်းကင်မပျံ နိုင်အောင် ပိတ်ပင်တားဆီးထားသော သဘာဝတရားတို့ကား အောက်ပါတို့ပင် ဖြစ်၏။

၁။ ကာမစ္ဆန္ဒ (ကာမဆန္ဒ) = မေထုန်မှိုဝဲခြင်း အပါအဝင် ပြင်းပြသောလိုချင်တပ်မက်မှု။

၂။ ဗျာပါဒ = ကြည် လင် အေး မြ သော စိတ်ကို ဖျက်ဆီးသော ဒေါသ, အာဃာတ တရားများ။

၃။ ထိနမိဒ္ဓ = ကြိုးစား အားထုတ်မှု မပြုဘဲ ထိုင်း, မှိုင်းတွေဝေနေမှု။

၄။ ဥဒ္ဓစ္စကုက္ကုစ္စ = စိတ်ပျံ့လွင့် နေခြင်း၊ မတည်ကြည်ခြင်း၊ နောင်တ တစ်ဖန်ပူပန်တတ်ခြင်း။

၅။ ဝိစိကိစ္ဆာ = သဘာဝ မှန် ကို မဆုံး ဖြတ်နိုင် ဘဲ သို့ လော သို့ လော တွေးတောယုံမှားမှု။

၆။ အဝိဇ္ဇာ = သဘာဝ မှန် ကို မ သိ တတ်နိုင်မှု။

ဖော်ပြပါ အချက်ခြောက်ချက်ဖြင့် ယနေ့လူသားများကို စိစစ်ကြည့်ပါမူ လူတို့သည် မေထုန်မှီဝဲကြ၏။ စိတ်ဆိုးတတ်ရုံမျှမက အာဃာတ ပင် ထားတတ်ကြ၏။ ထိုင်းမှိုင်းတတ်၏။ စိတ်ဂဏှာမငြိမ် ဖြစ်တတ်၏။ စိုးရိမ်ပူပန်တတ်၏။ သံသယတွေပွားတတ်၏။ မသိနိုးနားရှိတတ်၏။

ဆိုခဲ့ပါ အချက်များသည် လူကို ကောင်းကင် မပျံနိုင်အောင် ပိတ်ပင်တားဆီးထားပြီး မြေလျှောက်သတ္တဝါအဆင့်၌သာ ရှိနေစေပေသည်။

သိပ္ပံအမြင်ဖြင့်ကြည့်လျှင် မြေကြီးဆွဲငင်အားကြောင့် လူသည် မြေမှလွတ်ထွက်မသွားဘဲ မြေလျှောက်သတ္တဝါဖြစ်နေရသည်ဟု ဆိုရာ၏။ အတိဂမ္ဘီရနည်းပညာဖြင့်ကြည့်မူ ဆိုခဲ့ပါ လူ၏သဘာဝဆိုးများကြောင့် လူသည် ကောင်းကင်၌ ပျံသန်းသွားလာကျက်စားသမှုမပြုနိုင်ဘဲရှိနေခြင်းဖြစ်ကြောင်း တွေ့ရပေသည်။

ဈာန်ဆိုသော နည်းလမ်းတစ်ရပ်ကို စနစ်တကျ ကြိုးစားအားထုတ်၍ ထိုနီဝရဏသဘာဝတို့ကို လူကိုယ်မှ ကွာရှဲသွားအောင်လုပ်နိုင်လိုက်လျှင် ထိုသူသည် ရုပ်မျှသာဖြစ်သော မြေကြီး၏ဆွဲငင်အားကိုဆန့်ကျင်၍ ကောင်းကင်သို့ပျံ တက်သွားနိုင်ပေသည်။

ဗုဒ္ဓပညာဖြင့် ကောင်းကင်ပျံနိုင်သူကို လေ့လာကြည့်လျှင် ထိုသူသည် မေထုန်မမှီဝဲ၊ စိတ်မဆိုးတတ်၊ တွေဝေထိုင်းမှိုင်းမှုမရှိ၊ စိတ်တည်ကြည်၏၊ ပူပန်မှု ငြိမ်း၏၊ အာရုံတစ်ခုခု၌ စူးစိုက်တည်၏၊ သဘာဝမှန်ကိုသိမြင်၏၊ ဤအရည်အချင်းနှင့် ပြည့်စုံကြောင်း တွေ့နိုင်ပေသည်။

ထို့ကြောင့်ပင် အိမ်ထောင်ရှင်များ၊ လုပ်ငန်းခွင်မှလူများ၊ အပျော်အပါးသမားများ၊ လူဆိုးလူမိုက်များမှာ ဗုဒ္ဓပညာဖြင့် ကောင်းကင်မပျံနိုင်ကြဘဲ မေထုန်ကြဉ်ရှောင်သည့် ရဟန်းသံဃာများသာ နိဝရဏကင်း၍ ကောင်းကင်၌ပျံသန်းသွားလာနိုင်ခြင်း ဖြစ်ပေသည်။ (တကယ့်ကမ္ဘာဦးက လူသားများသည် စျာန်ရ၍ကောင်းကင်၌ ပျံသန်းသွားလာနိုင်ကြလေသည်။)

အကျဉ်းချုပ် သိရန်ကား လူတို့သည် ကာမဆန္ဒတွေ၊ ဒေါသ၊ မောဟတွေ၊ ပျံ့လွင့်ပူလောင်မှုတွေ၊ သံသယ စိတ်ဓာတ်တွေကြောင့် ကောင်းကင် မပျံနိုင်ကြခြင်း ဖြစ်၏။ ဤတရားဆိုးတွေကို ခွာနိုင်လျှင် ကောင်းကင်ပျံနိုင်မည်ဖြစ်၏။

သို့သော် မျက်မှောက်ခေတ် လူသားတစ်ဦးသည် ဒေါ်လာသန်းပေါင်းတစ်ထောင် အကုန်အကျခံ၍ လေယာဉ်၊ ဂြိုဟ်တုတို့ကို တည်ဆောက်နိုင်သော် တည်ဆောက်နိုင်ရာ၏။ ကာမဆန္ဒ၊ ဟဏှာရာဂ၊ ဒေါသ၊ မောဟစသည်တို့ကို ခွာနိုင်ဖို့ကား မဖြစ်နိုင်ကြချေ။ ထို့ကြောင့်ပင် လူမျိုးလူနွယ်တစ်ရပ်လုံး မြေကြီးကပြုသမျှ (ဆွဲသမျှ) ခံနေကြရရှာပြီး နောက်ဆုံး မြေကြီး၏ ဝါးမျိုခြင်းကို ခံနေကြရခြင်း ဖြစ်ပေသည်။

နှစ်ဖက်လှ
၁၉၇၅-ခု၊ဖေဖော်ဝါရီလ။

# တေဘုမ္မာမှ အနုသယ ကိလေသာ

''တေဘုမ္မာ'' ဟူသောစကားရပ်၌ 'တေ'သည် 'သုံး'၊ 'ဘုမ္မာ' သည် 'ဘုံ'ဟု အနက်ရှိ၍ တေဘုမ္မာဆိုသည်မှာ ဘုံသုံးပါးဟုဆိုလိုသည်။ သုံးပါးကား ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဟူသော ဩကာသလောက ဘုံဘဝသုံးမျိုးတည်း။ ထိုသုံးဘုံမျိုးမှ အလွတ်ကား လောကုတ္တရာဘုံ တည်း။ သို့သော် ဘုံသုံးပါးကို ထောက်ဆ၍သာ လောကုတ္တရာဘုံဟု စကားအဖြစ် ပြောရခြင်း ဖြစ်သည်။ အမှန်စင်စစ် လောကုတ္တရာနယ်၌ ဘုံဘဝဌာနဟူ၍ လုံးဝမရှိပါပေ။

တေဘုမ္မာ၌ (ဝါ) ဘုံသုံးပါး၌သာ အနုသယ ကိလေသာရှိ၏။ လောကုတ္တရာဘုံ၌ကား အနုသယကိလေသာမရှိချေ။

'အနုသယ' နှင့် 'ကိလေသာ' သည် အခြေခံအားဖြင့် သဘာဝ တစ်မျိုးစီ၊ တရားကိုယ်တစ်မျိုးစီဖြစ်၏။ အချို့နေရာ၌မူ အနုသယနှင့် ကိလေသာ ဆက်သွယ်လျက်ရှိ၏။ ဤတွင် 'အနုသယ' အကြောင်း၊ 'ကိလေသာ'အကြောင်း သတ်သတ်စီရှင်းပြပြီးမှ အနုသယနှင့်ကိလေသာ ဆက်စပ်မှုကို ဖော်ပြပါမည်။

'အနုသယ' ဆိုသည်ကား အဘယ်နည်း။

'အနုသယ' ဆိုသည်မှာ သတ္တဝါတို့၏သန္တာန်၌ အစဉ်တစိုက် ကိန်းအောင်း ပါရှိနေသော အကုသိုလ် ဓာတ်သဘာဝမျိုး ဖြစ်၏။ သတ္တဝါတစ်ဦးကို နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သံသရာလောကကြီး ထဲမှာ တစ်ဘဝပြီး တစ်ဘဝ ဖြစ်ပျက်နေစေသည့် 'ဘဝမျိုးစေ့' ကို 'အနုသယ'ဟု ဆိုအပ်၏။ တစ်နည်းအားဖြင့် 'သံသရာစွမ်းအင်' ဟုလည်း ရှုမြင်နိုင်၏။ ယင်း အနုသယဓာတ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့်သာ လုံးဝ ပယ်သတ်နိုင်၏။ အနုသယကင်းသွားလျှင် ဘဝဆက်လက် မဖြစ်တော့ပေ။

အနုသယသဘာဝများကား–

- ရာဂ
- ပဋိဃ
- မာန
- ဒိဋ္ဌိ
- ဝိစိကိစ္ဆာ
- အဝိဇ္ဇာ

ဟူ၍ ခြောက်မျိုးတည်း။

'ရာဂ' သည် တရားကိုယ်အားဖြင့် 'လောဘ' သဘာဝပင်ဖြစ်၏။ 'လောဘ' ဟူသမျှကို မဆိုလို။ ကာမဘ၌တပ်မက်မှု၊ ဘဝ၌တပ်မက်မှုဟူသော ရာဂသဘောကိုသာ အနုသယ ခေါ် ဆိုကြောင်း သတိပြုအပ်၏။ ထိုနည်းတူ ပဋိဃဟုဆိုသည်မှာ တရားကိုယ်အားဖြင့် ဒေါသဖြစ်သော်လည်း ပြစ်မှားမှုဒေါသမှန်သမျှကို မဆိုလိုဘဲ မုန်းတီးမှုသဘောရှိသည့် ပဋိဃကိုသာ အနုသယဟု သတ်မှတ်၏။ စိတ်နေစိတ်ထား မြင့်မောက်တက်မှု၊ အသိများ အမြင်များဘက်မှုနှင့် သဘာဝအမှန်၌ ယုံမှားတတ်မှုကိုလည်း ဘက္ကဝါသန္တာန်၌ ကိန်းနေ၍ အနုသယပင်ဖြစ်၏။

ထို့ပြင် အဝိဇ္ဇာ၏ တရားကိုယ်မှာ မောဟ ဖြစ်သော်လည်း မောဟအနုသယဟု ဘုရားရှင်မဟောဘဲ အဝိဇ္ဇာအနုသယ ဟု ဟောတော်မူသည်ကို သတိပြုရာ၏။ တွေဝေမှု၊ မသိမိုက်မဲမှုမှန်သမျှ (မောဟ) ထဲမှ ဝိဇ္ဇာ၏ဆန့်ကျင်ဘက်၊ သို့တည်းမဟုတ် အမှန်သိ၏ဆန့်ကျင်ဘက် အမှားသိ (အဝိဇ္ဇာ) ကိုသာ အနုသယအဖြစ် ဖော်ပြထားပေသည်။

ယင်းအနုသယတို့၏ ကညပုံ၊ ကိန်းပုံသဘာဝကို ပို၍နားလည်အောင်သက်မဲ့လောကရှိ ဗီဇဓာတ်နှင့် နှိုင်းယှဉ် စဉ်းစားကြည့်နိုင်၏။ ဥပမာ သရက်ပင်တစ်ပင်ကို ကြည့်ပါ။ အသီးမသီးချိန်၌ သရက်ပင်တွင် အသီးသီးလာစေမည့် စွမ်းအင် ရှိနေ၏။ သို့သော် ယင်းစွမ်းအင်ကိုမည်သို့ ရှာတွေ့နိုင်မည်နည်း။ အမြစ်ကိုဖြစ်စေ၊ ပင်စည်၊ ကိုင်း၊ ခက်၊ အရွက်ကို ဖြစ်စေ ခွဲစိတ်ကြိုချက်ရှာဖွေစေကာမူ အသီး သီးစေသည့် ဗီဇဓာတ်ကို တွေ့နိုင်မည်မဟုတ်ပေ။

ထို့သော် ရှင်သန်နေသော သရက်ပင်၌မူကား အသီး သီးစေနိုင်သည့် ဗီဇဓာတ် အမှန်မုချရှိနေ၏။ ထို့ကြောင့်ပင် ရာသီကာလ ကျရောက်၍ သီးချိန်တန်လာလျှင် အကိုင်း အခက်ကြားမှ အဖူးတွေ၊ အပွင့်တွေ တိုးထွက်လာခြင်း ဖြစ်လေသည်။ အကယ်၍ ဗီဇသတ္တိသာ မရှိပါက မည်သည့်နည်းနှင့်မျှ သီးလာနိုင်မည်မဟုတ်ပေ။

ကျမ်းဂန်များတွင် 'ဝိသကဏ္ဍက' ခေါ် အဆိပ်ဆူးဖြင့် ပင်စည်ကို ထိုးလိုက်ပါက ဓာတ်ပျက်ပြီး အသီးမြုံသွားသည်ဟု ဆို၏။ သစ်ပင်ကို 'သင်း' လိုက်သည့် သဘောဖြစ်၏။ ဤသို့ ဗီဇဓာတ်ကို ဖျက်လိုက်သော အခါ သရက်ပင်သည် မျိုးမချနိုင်ပေ့ဘဲ အပင်သေသည်နှင့် ဤအပင်၏ မျိုးပြတ်လေတော့၏။

သတ္တဝါတစ်ဦးစီ၏ သန္တာန်မှာလည်း အနုသယမျိုး ဗီဇသည် အရဟတ္တ မဂ်ဉာဏ် ဝည်းဟူသော အဆိပ်ဆူးဖြင့် အထိုးမခံရ မချင်း ဘဝသစ်တည်းဟူသော အပွင့်၊ အသီးအနန္တကို ဆက်လက် ထုတ်လုပ်နေမည်သာဖြစ်သည်။

ကျွန်ုပ်တို့ကိုယ်မှာ ဤအနုသယမျိုးဓာတ်ရှိနေ၏။ စာစကားဖြင့် ဆိုရသော် အနုသယ ကိန်းနေ၏။ အနုသယ ကိန်းအောင်းနေသည့် အတွက်—

(၁) အကုသိုလ်တွေ ထ၍ထ၍ ဖြစ်လာ၏။
(၂) ကုသိုလ်တွေပြုလုပ်ကြ၏။
(၃) ဘဝသစ်တွေ ဖြစ်ပေါ်နေ၏။

စင်စစ် 'အနုသယ' ဆိုသည်ကား အကုသိုလ် သဘာဝသာ ဖြစ်၏။ ထို့သော် မျိုးဗီဇမျှသာဖြစ်သော 'အကုသိုလ်ဓာတ်' ပေတည်း။ တစ်နည်းဆိုသော် 'အတွင်းစွမ်းအင်' ပေတည်း။

အကုသိုလ် အနုသယဓာတ် ရှိသည့်အတွက် ကုသိုလ်ဖြစ်ခွင့်ရ၏၊ အကုသိုလ်နှင့် ကုသိုလ်နှစ်မျိုးကြောင့် ဘဝသစ်တွေ အဆက်ဆက်ဖြစ်ပြီး သံသရာလည်နေရ၏။

ဤ 'အနုသယ' သဘောကား ဗုဒ္ဓအဘိဓမ္မာတွင် အလွန့်အလွန် နက်နဲ၍ သဘောပေါက်နိုင်ခဲသော အကြောင်းအရာ တစ်မျိုးဖြစ်၏။

သို့ရာတွင် လေးလေးနက်နက် စဉ်းစားနိုင်စွမ်းရှိပါမူ စိစိတွေး၊ ရေးရေးပေါ် ဆိုသကဲ့သို့ အထိုက်အလျောက် မိမိဉာဏ်ဖြင့် ဆက်စပ်နိုင်ပေသည်။

ယခု ဤစာကိုဖတ်နေခိုက် မိမိမှာ ဒေါသစိတ်ဖြစ်မနေပေ။ စိတ်ကြည်လင်အေးမြနေ၏။ အကယ်၍ မိမိကို တစ်ဦးဦးကဆဲလိုက်ပါမူ စိတ်ထဲ၌ ထောင်းခနဲဒေါသဖြစ်လာ၏။

ဤတွင်စဉ်းစားရန်ကား ခုနစာဖတ်နေတုန်းက ငါ့စိတ်မှာဒေါသမဖြစ်ပါဘဲနှင့် အခုဘာဖြစ်လို့ ဒေါသဖြစ်လာရသလဲ၊ အဆဲခံရခြင်းဟူသောအနိဋ္ဌာရုံကြောင့် ဖြစ်လာတာပဲ၊ ဒါပေမယ့် မဖြစ်ခင်က ဒီဒေါသသဘာဝသည် ငါ့ကိုယ်ထဲမှာ အခံရှိနေလို့ပဲ၊ စာစကားနှင့်ပြောလျှင် 'ကိန်း'နေလို့ပဲ၊ ဤလိုသိနိုင်ပါသည်။

ရဟန္တာအရှင်သူမြတ်များကို စံထား၍ နှိုင်းယှဉ်စဉ်းစားကြည့်ပါဦး၊ ရဟန္တာတစ်ပါးအား သွားဆဲပေမယ့် အဆဲခံရသည်အတွက် ရဟန္တာအရှင်သူမြတ်မှာ ဒေါသထောင်းခနဲမထတော့ချေ။ အဘယ်ကြောင့်နည်း။ ရဟန္တာမှာ ဒေါသဖြစ်လာစေနိုင်တဲ့ အနုသယဓာတ်ခံ မရှိတော့သည့်အတွက်ကြောင့် အဆဲခံရပေမယ့် ဒေါသမဖြစ်ဘဲ ပကတိတည်ငြိမ်သောစိတ် ရှိနေခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် အနုသယဓာတ်ကို သံလိုက်ဓာတ်နှင့်ပမာပြု၍ စဉ်းစားကြည့်ပါဦး၊ သံတုံးတစ်ခုမှာ သံလိုက်ဓာတ်ဝင်နေလျှင် အခြားသံပစ္စည်းဝတ္ထုနှင့်နီးပါက ဆွဲဟပ်၏။ သံလိုက်ဓာတ်ပြယ်သွားလျှင်ကား မဆွဲမကပ်တော့ချေ။ လူမှာလည်း အနုသယတည်းဟူသော သံလိုက်ဓာတ်အားရှိနေသည့်အတွက် တွေ့ရသည့်အာရုံအလိုက် ရာဂဖြင့်ဆွဲလိုက်၊ ပဋိဃ(ဒေါသ)တွေဖြစ်လိုက်၊ မာနတွေ တက်လိုက် စသည်ဖြင့် အကုသိုလ်တွေ ပွက်၍ပွက်၍ ထနေခြင်းဖြစ်၏။ အနုသယဓာတ် ကင်းသွားလျှင်ကား မည်သည့်အာရုံနှင့်တွေ့ရတွေ့ရ ရာဂ, ဒေါသ, မာန, စသည်တို့ ဖြစ်၍ မလာတော့ချေ။ ဤကား အမြင့်ဆုံးရဟန္တာအဆင့်တည်း။

အချုပ်ကား အနုသယကိန်းနေသော ပုထုဇဉ်တွေမှာ ယင်းအနုသယဓာတ်ခံရှိနေသည့်အတွက် တွေ့ရသည့်အာရုံအလိုက် အကုသိုလ်တွေထ၍ထ၍ဖြစ်နေ၏။

အနုသယ့ကင်းပြီးသော ရဟန္တာအရှင်သူမြတ်တို့မှာကား အနုသယဓာတ်ခံမရှိတော့သည့်အတွက် ကောင်းဆိုးအာရုံ ကြုံရစေကာမူ အကုသိုလ်မဖြစ်တော့ပေ။

သို့ဖြစ်သောကြောင့် အနုသယဓာတ်ဆိုသည်မှာ လူ၌ အရင်းခံ အကျဆုံး အတွင်းစွမ်းအင်တစ်ရပ်ဖြစ်ကြောင်း စဉ်းစားကြည့်နိုင်မည် ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၈၅-ခု၊ မတ်လ။

# ကိလေသာစက် သုံးထောင်ဝက်

'ကိလေသာ' ကူသောစကားလုံးသည် မူရင်းပါဠိဝေါဟာရဖြစ်၏၊ သို့ရာတွင် မြန်မာလူထုက မိမိတို့၏ပင်ရင်းမြန်မာစကားဟုပင် သိရှိကြသည်။ 'ကိလေသာ'ဟု မြန်မာစကားတွင် အံဝင်ခွင်ကျဖြစ်အောင် သုံးစွဲပြောဆိုနေကြပေပြီ။

သိပ္ပံမဂ္ဂဇင်းတွင် လစဉ်ရေးသားဟင်ပြနေသော ဗုဒ္ဓအဘိဓမ္မာဆောင်းပါးများကို ဖတ်ရှုလေ့လာမှက်သားမိသူများက အဆင့်အတန်းမြင့်လှသော ဗုဒ္ဓအဘိဓမ္မာကို လေ့လာခွင့်ရရုံမျှမက 'နေ့စဉ်ပြောလျက်မတတ်သောစကား' ဆိုသကဲ့သို့ မိသုံးဖသုံးဓလေ့ထုံးဖြစ်၍ ပြောတတ်နေသော မြန်မာဝေါဟာရနယ်ရှိ အဘိဓမ္မာစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို ယခင်ကမသိခဲ့သော်လည်း ယခုခြေခြေမြစ်မြစ် သိရှိခွင့်ရကြပေသည်။

ပြီးခဲ့သောကာလ၌ ပဋိညာဉ်ပြုခဲ့သည့်အတိုင်း ယခုလတွင်'ကိလေသာ'အကြောင်း ဖော်ပြရမည်ဖြစ်ပါသည်။ သို့ရာတွင် ပညာရပ်မဆန်လွန်းစေဘဲ၊ မဂ္ဂဇင်းစာဖတ်ပရိသတ် ဖတ်သာရှုသာရှိအောင် တင်ပြပါမည်၊

လူ့စိတ်ဓာတ်သည် သူ၏သဘာဝအတိုင်းဆိုပါက လွန်စွာသန့်ရှင်းပါသည်၊ အညစ်အကြေးလုံးဝကင်းပါသည်။ ရုပ်ဝတ္ထုပစ္စည်း တစ်ခုခု (ဥပမာ) ရွှေသည်ပင် ချေးညှော်အညစ်အကြေးကင်းစင်လေလေ အရောင်တောက်ပလေလေ၊ သစ်လွင်လေလော ဖြစ်ပါသည်။ ထိုနည်းတူ စိတ်(နာမ်)သဘာဝသည်လည်း ပင်ကိုသဘာဝအတိုင်းဆိုပါက အညစ်အကြေးလုံးဝကင်းပြီး သန့်ရှင်းလွန်းသဖြင့် ပြိုးပြိုးပြက်ပြက် အရောင်

ထွက်လုမတတ် ရှိပေသည်။ ရုပ်ဝတ္ထုမဟုတ်သည့်အတွက် တကယ်အရောင် မထွက်သော်လည်း စူးရှထက်မြက်လွန်းသော အတိဂမ္ဘီရဉာဏ်ဖြင့် ရှုမြင်ပါက ပြိုးပြိုးပြက်ပြက်သဘောကို ရှုမြင်နိုင်ပါသည်။

စိတ်သည် သန့်ရှင်းပြီးတည်ငြိမ်ပါက အေးမြချမ်းမြေ့လာပါသည်။ စိတ်ချမ်းမြေ့သည်နှင့်အမျှ စိတ်အမှီပြုပြီးဖြစ်သော နှလုံးသွေးလည်းအေးမြသည်။ နှလုံးစိတ်ဝမ်းငြိမ်းချမ်းသည်နှင့်အမျှ နှလုံးသွေးပို့နှံ့ရာလူ့ကိုယ်တစ်ကိုယ်လုံးသည်လည်း ချမ်းချမ်းမြမြရှိပေသည်။

'ကိလေသာ'ဆိုသော သဘောသဘာဝကို နားလည်သဘောပေါက်လိုပါလျှင် ဆိုခဲ့ပါ လူ၏စိတ်ဓာတ်သဘောရင်းနှင့် စိတ်နှင့်စိတ်၏ တည်ရာမှီရာ ကိုယ်ခန္ဓာတို့၏ အခြေခံသဘာဝကို မူတည်အဖြစ်မှတ်သားထားရန်လိုအပ်ပါသည်။

'ကိလေသာ'ဆိုသောသဘာဝသည် လူ၏ကိုယ်ခန္ဓာတစ်ကိုယ်လုံးတွင်မည်သည့်နေရာ၌ ဖြစ်ပေါ်သနည်းဆိုသော် နှလုံးသွေးကြည်ရုပ်ကို မှီ၍ဖြစ်လျက်ရှိသော'စိတ်'၌သာ ကိလေသာသဘာဝများ ယှဉ်ကပ်ဖြစ်ပေါ်တတ်ပေသည်။ စိတ်၌သာ ကိလေသာများ ယှဉ်၍ဖြစ်လာတတ်သည်ဟု မှတ်သားရပါသည်။

'စိတ်'၌'ကိလေသာ'သဘာဝများ ပူးယှဉ်ဖြစ်လာလျှင် ပင်ကိုမူလစိတ်သည် မည်သို့ဖြစ်သွားပါသနည်း။ ဤအချက်ကို သတိပြုရမည်ဖြစ်ပါသည်။ အဒဖြကား စိတ်၌ ကိလေသာ ပူးဝင်လိုက်သည်နှင့် တစ်ပြိုင်နက် စိတ်သည် ညစ်နွမ်းသွားသည်၊ ပူလောင်လာသည်။

စိတ်နှင့်ရုပ်ခန္ဓာသည် တဆက်တစပ်တည်းဖြစ်သည်အတွက် စိတ်ညစ်နွမ်းလျှင် ကိုယ်ခန္ဓာပါညစ်နွမ်းသွားလေသည်။ အထူးသဖြင့် မျက်နှာမှာ သိသိသာသာပြောင်းလဲလာ၏။ ကိလေသာမပူးမကပ်ခင်က ကြည်လင်သဖြင့် အေးမြနေသောမျက်နှာသည် ကိလေသာပူးဝင်လာသည်နှင့် ကြည်လင်မှုတွေလွင့်ပျောက်ပြီး ညစ်နွမ်းလာလေသည်။

နောက်တစ်ချက်ကား စိတ်၌ကိလေသာပူးဝင်သည့်အခါ ညစ်နွမ်းရုံမျှမက အေးမြမှုပါပျောက်ကွယ်ပြီး ပူလောင်လာလေသည်။ စိတ်ပူလျှင် ကိုယ်ခန္ဓာပါ ချမ်းချမ်းမြမြမရှိတော့ဘဲ ခြစ်ခြစ်တောက်ပူလာသည်။ ဤ

သည်ကား စိတ်၌ ကိလေသာယှဉ်ပူးလာလျှင် ဖြစ်ပေါ်လာမြဲဖြစ်သော သဘာဝအခြေအနေ ဖြစ်ပေသည်။

ဗုဒ္ဓအဘိဓမ္မာသည် သဘာဝဖြစ်သည့်အတွက် ဆိုခဲ့ပါ သဘာဝ ဖြစ်ရပ်ကို အခြေခံပြီး ကိလေသာ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသည်။ ကိလေသာ ဖြစ်သော သဘာဝတရားစုကို ရှာဖွေဖော်ထုတ်ပြသည်။ ညစ်နွမ်းစေတတ်သော သဘော ပူလောင်စေတတ်သော သဘောကို ဖော်ပြရန် ဝေါဟာရရှာသောအခါ မြတ်စွာဘုရားသည် 'ကိလေသာ' ဟူသော မာဂဓဝေါဟာ ကို တွေ့တော်မူသည်။ ထို့ကြောင့် ညစ်၊ ပူသော သဘာဝကို ဖော်ပြသည့်နေရာတိုင်းမှာ 'ကိလေသာ'ဟူသော ဝေါဟာရကို သုံးနှုန်း၍ ဟောကြားတော်မူခဲ့လေသည်။

ဘုရားဟောဝေါဟာရစကားလုံးတို့၏ အဓိပ္ပာယ်ကို နားလည်အောင် ဖွင့်ပြကြရသော အဋ္ဌကထာဆရာကြီးများက 'ကိလေသာ'ဟူသော ဘုရားရှင်စကားတော်ကို ဖွင့်ဆိုကြသောအခါ ပူလောင်စေတတ်သောတရား၊ ညစ်နွမ်းစေတတ်သောတရားဟူ၍ ဖွင့်ပြတော်မူကြပေသည်။

ကျွန်ုပ်တို့ အနေဖြင့် မှတ်မိအောင် မှတ်ဖို့ကား မိမိတို့ စိတ်ကို ညစ်နွမ်းစေသောတရား၊ ပူလောင်စေသောတရားကို 'ကိလေသာ'ပေတကားဟု သတိထားမိရန် ဖြစ်ပေသည်။ ဤအထိကား 'ကိလေသာ' ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ် သဘောသဘာဝကို ဖော်ပြခြင်း ဖြစ်ပေသည်။

လူသာမန်ထက် အနည်းငယ် သာသူတို့သည် တဏှာလောဘကို ကိလေသာဟူ၍သိကြ၏။ အထူးသဖြင့် ကာမရာဂကိစ္စ၌ လွန်ကဲသူများကို ကိလေသာအတော်ကြီးတဲ့လူဟု သတ်မှတ်ကြ၏။ ကာမရာဂကိစ္စမျိုး၌ လိုချင်တပ်မက်သော လောဘရမ္မက်မျိုးကိုမှ ကိလေသာဟု သဘောထားကြပေသည်။

သို့ရာတွင် ကာမရာဂ၌တပ်မက်သော လောဘသာမက၊ လောဘဆိုလျှင် ကိလေသာချည်းပင် ဖြစ်၏။ ကိလေသာဟုဆိုရသော သဘာဝတရားသည်လည်း လောဘတစ်ခုတည်းမဟုတ်။ သဗ္ဗညု ရှင်တော်ဘုရား ဉာဏ်ဖြင့် သတ္တဝါဟူသမျှတို့၏ ပရမတ္ထသဘာဝတို့ကို ကုန်အောင်စုံစွာ ရှုကြည့်တော်မူသောအခါ ကိလေသာဟုဆိုရသော (၀၁) လူ၏စိတ်ကို

ညစ်နွမ်းစေတတ် ပူလောင်စေတတ်သော သဘာဝပေါင်း (၁၀)မျိုး ရှိသည်ကို တွေ့ကော်မူခဲ့ပေသည်။

ကိလေသာဆယ်မျိုးကို ပါဠိဘာသာ ဝေါဟာရဖြင့် ဖော်ပြရသော် အောက်ပါတို့ပင် ဖြစ်၏။

လောဘ၊ ဒေါသ၊ မောဟ၊
မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊
ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနော တ္တပ္ပ၊
ဤဆယ်မျိုးတည်း။

ဆိုလိုသည်မှာ–

လောဘကိလေသာ၊ ဒေါသကိလေသာ၊
မောဟကိလေသာ၊ မာနကိလေသာ၊
ဒိဋ္ဌိကိလေသာ၊ ဝိစိကိစ္ဆာကိလေသာ၊
ထိနကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊
အဟိရိကကိလေသာ၊ အနော တ္တပ္ပကိလေသာ။

ဤသို့ ကိလေသာ ဆယ်မျိုး ဖြစ်၏။ ဤဆယ်မျိုးထက်ပို၍ မရှိချေ။ (လောဘ၊ ဒေါသ စသည့် စေတသိက်စကားလုံးများ၏ အဓိပ္ပာယ်ကို ယခင်ဆောင်းပါးများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်)။

ကိလေသာဆယ်မျိုးကို အဓိပ္ပာယ်ပြန်ရလျှင် တွယ်တာတပ်မက်ခြင်း လောဘသည် စိတ်ကိုညစ်ပူစေတတ်သည့်အတွက် ကိလေသာအမည်ရ၏။ ထိုနည်းတူ စိတ်ကိုအမျက်ဒေါသစွန်းထင်းစေမှု ဒေါသသည်လည်း ကိလေသာ၊ တွေဝေခြင်း အမှားမှား အယွင်းယွင်း သိခြင်း မောဟသည်လည်း ကိလေသာ၊ စိတ်နေစိတ်ထား မြင့်မောက်သည့် သဘာဝ မာနသည်လည်း ကိလေသာ၊ မမှန်မကန်သိမြင်တတ်မှု ဒိဋ္ဌိသည်လည်း ကိလေသာ၊ သဘာဝမှုကို စူးစမ်းရာတွင် အဓိပ္ပာယ်မှန်ကို မဆုံးဖြတ်နိုင်ခြင်းသည်လည်း ကိလေသာ၊ စိတ်ထိုင်းမှိုင်းမှုသည်လည်း ကိလေသာ၊ စိတ်ပျံ့လွင့်ဂဏာမငြိမ်ခြင်းသည်လည်း ကိလေသာ၊ သန့်ရှင်းအေးမြလျက်ရှိသော ပင်ကို စိတ်ညစ်ညူးစေသော (ဝါ) ပူလောင်စေသော ဤသဘာဝဆယ်မျိုးသည် ကိလေသာပေတည်း။

ကိလေသာနှင့်ပတ်သက်၍ ၁၅၀၀ ကိလေသာ ဟူသောစကားသည် အလွန်ပင် ထင်ရှားလူသိများ၏။ စင်စစ် မူရင်းကိလေသာ

(၁၀)မျိုးကို မြောက်ပွားယူထားခြင်းမျှသာ ဖြစ်ပေသည်။ မြောက်ပွား
ပုံကား—

လူတစ်ဦးမှာစိတ်တစ်ခု၊ စေတသိက် ၅၂-ခုအားဖြင့် နာမ်တရား
ပေါင်း (၅၃)ပါးရှိ၏။ ပထဝီဓာတ်၊ အာပေါဓာတ် စသော နိပ္ဖန္နရုပ်
၁၈-ပါး၊ လက္ခဏာရုပ် ၄-ပါးအားဖြင့် ရုပ်က (၂၂)ပါးဖြစ်၏။
၅၃+၂၂=၇၅-ပါးသည် လူတစ်ဦးစီ၌ရှိသော နာမ်,ရုပ်တရား ဖြစ်၏။
ထို နာမ်ရုပ် (၇၅)ပါးကို ကိလေသာ (၁၀)ပါးနှင့် မြောက်လျှင်
(၇၅×၁၀=၇၅၀) ဖြစ်၏။ ထို့ကြောင့် လူတစ်ဦးစီမှာ ကိလေသာ
အပွား(၇၅၀)စီရှိသည်ဟု မှတ်ယူရပေသည်။

တစ်ဖန် မိမိကိုယ်ကိုဘည်လျှင် ကျန်သမျှသည် ပြင်ပ(ဗဟိဒ္ဓ)ဖြစ်
၏၊ စာစကားဖြင့်ပြောလျှင် အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်ဟု နှစ်မျိုး
နှစ်စားဖြစ်၏၊ မိမိသူတစ်ပါး နှစ်ဦးသားပေါင်းလျှင် (၇၅၀+၇၅၀=
၁၅၀၀) ကိလေသာဖြစ်ပေသည်။

လင်မယားနှစ်ယောက်ကို ပမာပြုပါ၊ လင်မှာကိလေသာ ၇၅၀၊
မယားမှာ ကိလေသာ၇၅၀၊ နှစ်ယောက်ပေါင်းမှ ကိလေသာ၁၅၀၀ဖြစ်
သည်။ သို့သော် ရာဂ ၁၅၀၀မဟုတ်ချေ၊အချစ် ၁၅၀၀မဟုတ်ချေ၊ အခြေ
ခံ ကိလေသာ (၁၀)ပါးကိုပြန်စစ်ကြည့်ပါ။

''ကာမ ၁၁ ဘုံမှာ၊ ရာဂပွက်ပုံတစ်ထောင့်ငါးရယ်နဲ့'' အစရှိ
သည်ဖြင့် ဇာတ်မင်းသားကြီးများဆိုသောသီချင်းမှာ ရာဂကိလေသာ
တစ်ခုတည်းက (၁၅၀၀)ရှိသလိုလို အဓိပ္ပာယ်ရောက်နေသည်။ မဟုတ်
ချေ။ စင်စစ်ရာဂ (အချစ်)သည် ၁၅၀၀÷၁၀=၁၅၀သာ ပါဝင်ပေ
သည်။ တိတိကျကျတွက်လျှင် မင်းသားနှင့်မင်းသမီး သို့မဟုတ် လင်နှင့်
မယားတွင် လင်၌ရာဂ (၇၅)၊ မယား၌ရာဂ (၇၅)စီသာဖြစ်ပေသည်။

ဂန္ထစင်မြောက် ကဗျာလင်္ကာကြီးများ၌ ကိလေသာ ၁၅၀၀ကို
'သုံးထောင်ဝက်' (၃၀၀၀ ၏ထက်ဝက်)ဟု စပ်ဆိုကြ၏။

ဤဆောင်းပါးတွင် ကိလေသာမယှဉ်ခင် ပင်ကိုပကတိ စိတ်သန့်
ရှင်းအေးမြပုံ၊ ကိလေသာဟူသည် ညစ်နွမ်းစေတတ်၊ ပူလောင်စေတတ်ပုံ
နှင့် ကိလေသာ ၁၅၀၀ ဖြစ်ပုံကို သိရပေသည်။

နှစ်ဖက်လှ
၁၉၈၅-ခု၊ ဧပြီလ။

ဟိ–နိ–း–စို–း–ေ–ဖ–ာ–ငိ–စ–ဉ်–(–၆–)

# လူ၌ ကိလေသာအဆင့်ဆင့် ဖြစ်ပေါ်ပုံ

လွန်ခဲ့သောလက 'ကိလေသာစက် သုံးထောင်ဝက်' ဟူသော ခေါင်းစဉ်ဖြင့် 'ကိလေသာ' အကြောင်းကို တင်ပြခဲ့၏။ ယခုလတွင် လူ၌ကိလေသာတွေ အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို ဆက်လက် ဖော်ပြပါမည်။

လူတစ်ဦးစိတ်၌ကိလေသာ (၁၀) ပါးစီရှိ၏။ ထိုကိလေသာတို့တွင်—

၁။ စွမ်းအားကြီးသော ကိလေသာ
၂။ သာမန် ကိလေသာ

ဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည်။

ထိုနှစ်မျိုးတွင် 'လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ' ဟူသော ကိလေသာ (၆) မျိုးသည် စွမ်းအားကြီး၏။ 'ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ' ဟူသော ကိလေသာ (၄) မျိုးသည် သာမန်မျှ ဖြစ်၏။ စွမ်းအားကြီးသော ကိလေသာသည် သတ္တဝါတို့၏ သန္တာန်၌ အမြဲမပြတ် ကိန်းအောင်းတည်နေ၏။ သို့ဖြစ်၍ ဤကိလေသာ (၆) မျိုးသည် 'အနုသယကိလေသာ' ဖြစ်ပေသည်။ သာမန်ကိလေသာ (၄) မျိုးမှာမူ သတ္တဝါတို့၏ သန္တာန်၌ ထာဝရ ကိန်းအောင်းတည်နေခြင်းမရှိ။ ထို့ကြောင့် အနုသယကိလေသာ မဖြစ်ပေ။

တစ်နည်းဆိုရသော် ကိလေသာ (၁၀) ပါးတို့တွင် 'လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ' ဟူသော ကိလေသာ (၆) ပါးသည် အနုသယကိလေသာဖြစ်၏။ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသော ကိလေသာ (၄) ပါးသည် အနုသယကိလေသာ မဟုတ်ပေ။

အနုသယကိလေသာသည် သတ္တဝါတို့၏ ရုပ်နာမ်သန္တာန်၌ ဘဝဆက်ခါ အစဉ်မပြတ် ကိန်းအောင်းပါရှိနေပေသည်။

၃၁-ဘုံ၊ ၃၁-ဘဝတွင် အသညသတ်ပြဟ္မာတို့သည် ရုပ်သက်သက် သတ္တဝါမျိုး ဖြစ်၏။ ထိုရုပ်ပြဟ္မာတို့၏ သန္တာန်မှာလည်း အနုသယ ကိလေသာဓာတ်ရှိ၏။ အရူပပြဟ္မာတို့၏ သန္တာန်မှာလည်း အနုသယ ကိလေသာဓာတ်ရှိ၏။ အရူပပြဟ္မာတို့သည် နာမ်သက်သက် သတ္တဝါမျိုး ဖြစ်၏၊ ထိုနာမ်ပြဟ္မာကြီးတို့၏ သန္တာန်မှာလည်း အနုသယကိလေသာ ရှိ၏။ ရုပ်နာမ်နှစ်မျိုးလုံးရှိသော အပါယ်လေးဘုံသားများ၊ လူ၊ နတ်၊ ရူပပြဟ္မာတို့၏ သန္တာန်၌ကား ဆိုဖွယ်ရာမရှိ။ အနုသယကိလေသာတွေ ပြည့်နှက်နေသည်သာ ဖြစ်သည်။

ဤတွင် 'သန္တာန်' ဆိုသော ဝေါဟာရကို အထူးသတိချပ်အပ်၏။ 'သန္တာန်' ဆိုသည်မှာ ရုပ်နာမ်ခန္ဓာ သဘာဝဓမ္မတို့၏ဖြစ်စဉ်ဟုဆိုလိုသည်။ 'သဏ္ဌာန်' နှင့် မတူပေ။ 'သဏ္ဌာန်' ဆိုသည်ကား 'ပုံ' တည်း။ ဒြပ် ပုံသဏ္ဌာန်တည်း။ ယခု အနုသယကိလေသာ ကိန်းသော 'သန္တာန်' ဆိုသည်ကား ပရမတ္ထဓမ္မ သဘာဝတို့၏ ဖြစ်စဉ်ကို ဆိုလိုသည်။ ယင်း ရုပ်နာမ်သန္တာန်၌သာ အနုသယကိလေသာ ကိန်းဝပ် ပါရှိနေခြင်းဖြစ်ပေ သည်။ လူဒြပ်ပုံသဏ္ဌာန်၌ အနုသယ မကိန်းပေ။

လူ၌ (ဝါ) လူ၏ရုပ်နာမ်သန္တာန်၌ အနုသယကိလေသာ ရှိနေပုံ စဉ်းစားကြည့်ဦးစို့။ မြတ်ဗုဒ္ဓဟောကြားချက်အရ သိရသည်မှာ လူတို့၌ အဘိဓမ္မာအမှန်တရားတစ်ရပ် ရှိနေ၏။ ယင်းကား အခြားမဟုတ်။ တစ်ချိန်တည်းမှာ တစ်ပြိုင်နက် စိတ်နှစ်မျိုး မဖြစ်နိုင်ခြင်းတည်း။ ဥပမာ—လိုချင်စရာတစ်ခုခုကိုမြင်ပြီး လိုချင်လောဘစိတ် ဖြစ်နေခိုက်မှာ စိတ်ဆိုးသည့်ဒေါသ မဖြစ်ပေ။ အခြားသော ကုသိုလ်ဇောစိတ်များ လည်း မဖြစ်ပေ။ လိုချင်လောဘဇောသာ ကျနေ၏။

ထိုနည်းတူ ရန်ခိုက် ဒေါသဖြစ်နေခိုက်မှာ ဒေါသဇောစိတ်တွေ သာဖြစ်နေ၏။ ဒေါသ ဖြစ်နေတုန်းမှာ လိုချင်လောဘစိတ်လည်း မဖြစ်၊ အခြားသောကုသိုလ်စိတ်များလည်း မဖြစ်ပေ။

ထိုနည်းအတူပင် ဘုရားရှိခိုးနေခိုက်၊ တရားစာ ဖတ်နေခိုက်မှာ ကုသိုလ်စိတ်တွေဖြစ်နေလျှင် ထိုသို့ကုသိုလ်စိတ်ဖြစ်နေတုန်းမှာ တစ်ချိန်

တည်း တစ်ပြိုင်တည်း လိုချင်လောဘစိတ် မဖြစ်။ ရန်ခိုက်ဒေါသစိတ် မဖြစ်။

ဤသို့သော အဘိဓမ္မာအမှန်တရားကို လက်တွေ့ကျကျ စဉ်းစား သိမြင်နိုင်ပေသည်။

တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်းမှာ စိတ်နှစ်မျိုး၊ ဇောနှစ်မျိုး မဖြစ်နိုင်သည့် အတွက် ကုသိုလ်ဇောစိတ် ဖြစ်နေခိုက်မှာ လောဘ ကိလေသာ၊ ဒေါသကိလေသာ၊ (လောဘစိတ်၊ ဒေါသစိတ်) စသည် မဖြစ်သည်မှာ သေချာ၏။ အဘယ်ကြောင့်နည်း။ တစ်ချိန်တည်း၊ တစ်ခဏတည်းမှာ စိတ်နှစ်မျိုးပြိုင်၍ မဖြစ်နိုင်သောကြောင့်ပေတည်း။

တစ်ဖန်၊ 'ဒေါသဖြစ်သည်၊ လောဘဖြစ်သည်' ဆိုသည်ကို စိစစ် ကြည့်လျှင် လောဘသည် ဥပါဒ်, ဌီ,ဘင် အထင်အရှား ဖြစ်ပေါ်ခြင်း၊ ဒေါသသည် ဥပါဒ်,ဌီ,ဘင် အထင်အရှား ဖြစ်ပေါ်ခြင်းတည်း။ ဥပါဒ်, ဌီ, ဘင်အထင်အရှား ဖြစ်ဖို့ရန်ကလည်း အာရုံတစ်ခုခုကို အာရုံပြုရမှ ဖြစ်နိုင်သည်။ သို့ချင်စရာ ဣဋ္ဌာရုံတစ်ခုခုကိုအာရုံမပြုဘဲ လောဘဇော စိတ် မဥပါဒ်နိုင်၊ မဖြစ်နိုင်၊ စိတ်ဆိုးစရာ အနိဋ္ဌာရုံတစ်ခုခုကို အာရုံမပြု ဘဲလည်း ဒေါသစေတသိက် (ဝါ) ဒေါသကိလေသာဥပါဒ် ဖြစ်ပေါ်လာ နိုင်ခြင်းမရှိပေ။

ထို့ကြောင့် ကျိန်းသေသော အချက်ကား ဘုရားရှိခိုးနေခိုက်၊ အလှူဒါနပြုနေခိုက်၊ တရားစာဖတ်နေခိုက်မှာ လူမှာ ကုသိုလ်ဇော (ကုသိုလ်စိတ်) ဖြစ်နေသည်ဆိုလျှင် ထိုအချိန်ထိုခဏ၌ ထိုလူမှာ လောဘ၊ ဒေါသ ဖြစ်မနေသည်မှာ သေချာလှပေသည်။ အဘယ်ကြောင့်နည်း။ စိတ်သည် တစ်ပြိုင်နက် နှစ်မျိုးပြိုင်၍မဖြစ်နိုင်သော အဘိဓမ္မာမှန်ကန်မှု ရှိသောကြောင့်ပေတည်း။

သို့ဆိုလျှင် ကုသိုလ်စိတ် ဖြစ်နေသောဘိုလူမှာ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ လုံးဝကင်းနေသလော၊ မကင်းပေ။ မကင်းလျှင် မည်သို့ရှိလေသနည်း။ ဓာတ်သဘာဝအားဖြင့် ကိန်းနေခြင်း၊ ဝပ်နေခြင်း ဖြစ်ပေသည်။ ဤသို့ ကိန်းဝပ်နေသော လောဘဓာတ်၊ ဒေါသဓာတ် မျိုးကို 'အနုသယကိလေသာ' ဟု ဆိုရပေသည်။

ဤတွင် ''ဖြစ်သည်'' ''ကိန်းသည်'' ဟူသော စကားနှစ်ရပ်၏ အဓိပ္ပာယ်ကွဲပြားလှပုံကို သတိချပ်အပ်ပေသည်။

ဘုရားဟော အဘိဓမ္မာယမိုက်ပါဠိတော်ကြီးတွင် ''ဖြစ်သည်'' ကို 'ဥပ္ပဇ္ဇတိ'ဟု ဟောတော်မူ၏။ ဥပါဒ်,ဌီ,ဘင်အားဖြင့် ဖြစ်ခြင်းကို ဖော်ပြသည်။ ''ကိန်းသည်'' ကို 'အနုသေတိ'ဟု ဟောတော်မူ၏။ အဓိပ္ပာယ်မှာ ဥပါဒ်,ဌီ,ဘင်အားဖြင့်မှု မဖြစ်ပေါ်သေး။ အကြောင်း ညီညွတ်လာလျှင် ဖြစ်လာစေနိုင်သည့်အနေဖြင့် ကိန်းဝပ်နေသည်ဟုဆိုလို သည်။ ပါဠိတော်တွင် ''ဖြစ်မှု''နှင့် ''ကိန်းမှု''နှစ်မျိုးကို ကွဲပြားစေ ရန်''ဖြစ်မှု''အတွက် 'ဥပ္ပဇ္ဇတိ'၊''ကိန်းမှု''အတွက် 'အနုသေတိ' ဟူ၍ ခွဲခြားပြီးဟောကြားထားသည်ကို အထူးသတိချပ်အပ်ပေသည်။

ကိလေသာ(၁၀)ပါးတွင်မှ 'လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ'ဟူသော ကိလေသာ (၆)မျိုးသည် စွမ်းအားကြီး၏။ ပါဠိသုံးဖြင့်ဆိုသော် ထာမဂတ(အား)အဖြစ်သို့ ရောက်၏ဟူ၍ ဆိုရ၏။ ယင်းသို့ 'အား'အဖြစ်သို့ ရောက်သော ကိလေသာ (၆)မျိုးသည်သာ သတ္တဝါတို့၏သန္တာန်၌ ကိန်းဝပ်နိုင်သော (ဝါ) အနုသယ ဖြစ်နိုင်သော ကိလေသာမျိုးဖြစ်ပေသည်။ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသော ကိလေသာလေးမျိုးမှာမူ ထာမဂတမဖြစ်နိုင်၍ သတ္တဝါတို့ သန္တာန်၌ မကိန်းနိုင်၊ ထို့ကြောင့် အနုသယကိလေသာ မဖြစ်နိုင်ပေ။

အကျဉ်းချုပ်က‌ား အနုသယကိလေသာ ဆိုသည်ကား သတ္တဝါ တို့၏ ရုပ်၊ နာမ်၊ သန္တာန်၌ကိန်းဝပ်နေသော ကိလေသာ၊ စွမ်းအား ကြီးသော ကိလေသာ၊ အကြောင်းမညီညွတ်သေးသမျှ ဥပါဒ်,ဌီ,ဘင် ဖြစ်မလာသေးဘဲ ဓာတ်သဘာဝအားဖြင့်သာ ကိန်းဝပ်နေသော ကိလေ သာတည်း။

မှတ်ချက်။ ။ဗုဒ္ဓအဘိဓမ္မာကို မောင်းဆုံးမန္တက်နိုင်သော သူတို့သည် ဤ အနုသယကိလေသာသဘောကို မသိရှာကြ၍ လက်ရှိ လူတို့၏စိတ်ကို ငြိမ်းငြိမ်းချမ်းချမ်း ထားလိုက်နိုင်ရုံမျှဖြင့် ကိစ္စပြီးသည်ဟု အသိအမှတ် မှားယွင်းကြလေသည်။

တစ်ဆင့်တက်ဦးစို့။

လူသည် လိုချင်စရာ ဣဋ္ဌာရုံတစ်ခုခုကို တွေ့မြင်ရသောအခါ (ဥပမာ) အလွန်လှပသော ယမင်းရုပ်ကိုတွေ့ရသောအခါ လိုချင်စိတ်

တွေဖြစ်လာ၏၊ ရယူချင်လာ၏။ ထိုအခါ ထိုသူ၌ လောဘ အနုသယကိလေသာမှတစ်ဆင့် လောဘဇော(လောဘယှဉ်သောစိတ်)များ ဥပါဒ်ဖြစ်ပေါ်လာ၏။ တွယ်တာကပ်ငြိသည့်အတွက် တဏှာဟုခေါ်ရသည်။ သိပ်လိုချင်လာလျှင် ဥပါဒါန်ဖြစ်လာသည်။ ဤအခါတွင် လောဘဇောတွေ ဥပါဒ်,ဌီ,ဘင် စနစ်ဖြင့် အမျှင်တန်းလာသည်။

ဤကဲ့သို့ကိန်းဝပ်နေရာမှ ဥပါဒ်,ဌီ,ဘင် စနစ်ဖြင့် အထင်အရှားထကြွ ဖြစ်ပေါ်လာသော ကိလေသာအဆင့်ကို ပါဠိလို 'ပရိယုဋ္ဌာနကိလေသာ'ဟုခေါ်သည်။ 'ပရိယုဋ္ဌာန'၏ အဓိပ္ပာယ်မှာ ကိန်းဝပ်နေသော အနုသယကိလေသာသည် အာရုံတစ်ခုခု၏ဆွဲဆောင်မှု စသောအကြောင်းတရားများကြောင့် ဥပါဒ်,ဌီ,ဘင် အထင်အရှား ဖြစ်လာခြင်း၊ ထကြွလာခြင်းကို ဆိုလိုပေသည်။

တစ်ဆင့်တက်ကြဦးစို့။

အလှရတနာကို လိုချင်လှည့်ရဲ့ဟု လောဘဇောတွေ ထကြွရာမှ ရှေ့တစ်ဆင့်တိုးသောအခါ လိုချင်စရာကို ရအောင်ပြုလုပ်လာပေသည်။ ထိုသို့ပြုလုပ်လာသောအခါ စိတ်တွင်းသာမက ကိုယ်နှင့်နှုတ်ပါ ပါလာပေသည်။ ပါးစပ်ဖြင့်ပြောခြင်း၊ ကိုယ်ဖြင့်ပြုလုပ်ခြင်း စသည်ဖြင့် ထိုလိုချင်စရာကိုရအောင် ဆောင်ရွက်လေသည်။ ရအောင်ပြုလုပ်အားထုတ်သောအခိုက်၌ ဖြစ်ပေါ်လျက်ရှိသော ကိလေသာအဆင့်ကိုမူ 'ဝီတိက္ကမကိလေသာ'ဟု ခေါ်လေသည်။ 'ဝီတိက္ကမ'၏ အဓိပ္ပာယ်မှာ 'ကျူးလွန်ခြင်း'ပင် ဖြစ်ပေသည်။

ဒေါသကိလေသာနှင့်ပြောလျှင် ပို၍ထင်ရှားသည်။ လူမှာ ဒေါသအနုသယကိန်းလျက်ရှိသည်။ သူတို့ တစ်ဦးဦးက ဆဲဆိုလိုက်သည်ဆိုအံ့၊ ထိုအခါ သူသည် စိတ်ဆိုး၏၊ ဒေါသစိတ်တွေဖြစ်လာ၏။ ထိုသို့ဖြစ်လာသော ဒေါသသည် ပရိယုဋ္ဌာန ဖြစ်ပေသည်။ သူသည် စိတ်ဆိုးရုံမျှမက မိမိအားဆဲသူကို သွား၍ရိုက်သည်ဆိုအံ့။ ထိုအခါ သွားတုန်းရိုက်တုန်း ခဏမှာ ဖြစ်သမျှ ဒေါသတွေသည် ဝီတိက္ကမ ကိလေသာ(လွန်ကျူးမှု ဖြစ်စေသော ကိလေသာ) ဖြစ်၏။ ကိုယ်ထိလက်ရောက်ကျူးလွန်သောအဆင့်ကို 'ဝီတိက္ကမ'ဟု မှတ်သားအပ်ပေသည်။

ပြန်၍ချုပ်ကြည့်လျှင် လူမှာ ဓာတ်သဘာဝအနေဖြင့် ကိန်းဝပ်နေသော ကိလေသာအဆင့်ကို 'အနုသယကိလေသာ'ဟု ခေါ်၏။

အာရုံတစ်ခုခုနှင့်တွေ့ဆုံပြီး ဖြစ်ပေါ်ရန် အကြောင်းကြုံသည့် အတွက် ဥပါဒ်,ဌီ,ဘင် အမျှင်တန်းဖြစ်ပေါ်လာသော ကိလေသာကို 'ပရိယုဋ္ဌာန ကိလေသာ'ဟု' ခေါ်ပေသည်။ တို့အပြင် စိတ်ထဲမှာ ဖြစ်နေရုံမျှမက ကိုယ်ထိလက်ရောက်ဆောင်ရွက်ပြုမူသောအဆင့်ကို ဝီတိက္ကမကိလေသာ အဆင့်ဟု သတ်မှတ်ရပေသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် လူတို့၏စိတ်ပိုင်းဆိုင်ရာ 'ကိလေသာ' (နာမ်ရောဂါ)ကို အဆင့်(၃)ဆင့်ခွဲ၍ တိတိပပ ဖော်ပြခဲ့ပေပြီ။ သို့သော်လည်း ဤတွင်ရပ်မထားဘဲ ဘုရားရှင်ပီပီ ဆက်လက် ညွှန်ပြတော်မူပါသေးသည်။ ယင်းညွှန်ပြချက်ကား အခြားမဟုတ်။ ဆိုခဲ့ပါ ကိလေသာ (နာမ်ရောဂါ)ကို မည်သို့မည်ပုံ တားဆီးချိုးနှိမ်သုတ်သင်ရမည်ဟု နည်းစုံလမ်းစုံ ဖော်ပြခဲ့ခြင်းဖြစ်ပေသည်။

မြတ်စွာဘုရားပေးခဲ့သော ကိလေသာနှိမ်နင်းရေးနည်းလမ်းများကား–

၁။ ဝီတိက္ကမ ကိလေသာ (လွန်ကျူးမှု)ကို မဖြစ်ရအောင် သီလကျင့်စဉ်ဖြင့် တားဆီးရမည်။

၂။ ပရိယုဋ္ဌာန ကိလေသာ (စိတ်တွင်းသောင်းကျန်းမှု)ကို သမာဓိဘာဝနာဖြင့် ငြိမ်ဝပ်စေရမည်။

၃။ အနုသယ ကိလေသာ (ကိန်းဝပ်နေသောဓာတ်)ကိုမူ ဝိပဿနာဘာဝနာဖြင့် ရယူအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ပယ်သတ်ပြစ်ရမည် ဟူ၍ဖြစ်ပေသည်။

အနုသယကိလေသာကိုပယ်သတ်နိုင်ပါလျှင် နိဗ္ဗုတဓာတ်ကို ရရှိပြီး ထိုသူသည် သံသရာမှ လုံးဝလွတ်မြောက်သွားမည် ဖြစ်ပေသည်။

ဗုဒ္ဓအဘိဓမ္မာပညာသည်ကား လူနှင့်လူ့လောကကို ပယ်ပယ်နယ်နယ် အနုစိတ် လေ့လာဖော်ပြထားရုံမျှမက လူတိုင်းလူတိုင်းအတွက် ထားရှိရသည့် နောက်ဆုံးပန်းတိုင်အထိ ညွှန်ပြထားလျက် ရှိပေသည် တကား။

နှစ်ဖက်လှ
၁၉၇၅-ခု၊ မေလ။

# သံယောဇဉ်ဆယ်ပါး၊ ယန္တရားရဟတ်၊ နဂါးပတ်စက်ရှည် ကြိုးဆယ်မည်

'သံယောဇဉ်'ဟူသောစကားသည် ဗုဒ္ဓဘာသာလူ့အဖွဲ့အစည်း၌ အလွန်အသုံးများသော စကားလုံးဖြစ်၏။ စကားလုံး အနေဖြင့်.... သံ+ယော+ဇဉ်ဟူ၍ သုံးလုံးမျှသာ ဖြစ်သော်လည်း အနက်သဘော အဓိပ္ပာယ်မှာ ကျယ်ဝန်းနက်နဲသိမ်မွေ့လှ၏၊ ဗုဒ္ဓရှင်တော်ဘုရား၏ ကျေးဇူးကြောင့် ယင်းသံယောဇဉ်၏ သရုပ်သဘောအဓိပ္ပာယ်ကို ပြည့်စုံစွာ သိနိုင်ကြပေသည်။

'သံယောဇန'ဟူသောပါဠိစကားမှ သံယောဇဉ်ဟူသောမြန်မာ စကားဖြစ်လာ၏။ 'သံယောဇန'ပုဒ်၏ ရင်းမြစ်အနက်(သဒ္ဒါနက်)ကား 'ခိုင်မြဲစွာယှဉ်စပ်ခြင်း'ဖြစ်၏၊ အရာဝတ္ထုနှစ်ခုကို တစ်ခုနှင့်တစ်ခုကပ်သွား အောင် စပ်သွားအောင် တွဲပေး ယှဉ်ပေး စပ်ပေးသည့်သဘာဝမျိုးပေ တည်း။ ဆင့်ပွားအနက်ကား 'ဆွဲခြင်း'ဖြစ်၏။ တစ်ခုနှင့်တစ်ခုယှဉ်စပ်စေ သည်ဆိုရာ၌ အဆွဲဓာတ်သဘောပါဝင်၏။ တွန်းကန်ပါက ယှဉ်စပ်၍ ရမည်မဟုတ်ချေ။ ထို့ကြောင့် ယှဉ်စပ်၍ရအောင် ဆွဲသည့်သဘော ပါသည့်အတွက် 'ဆွဲငင်ခြင်း'အနက် ဆင့်ပွားဖြစ်ပေါ်လာခဲ့လသည်။

မြတ်စွာဘုရားသည် သံယောဇဉ်တရားကို ထုတ်ဖော်ဟောကြား ခဲ့၏၊ သုတ္တန်ဒေသနာကို ဟောရာ၌လည်း သံယောဇဉ်ကို ဆယ်ပါး အထိ သရုပ်ဖော်၍ဟော၏။ အဘိဓမ္မာတရားကိုဟောရာ၌လည်း သံယော ဇဉ်ကို ဆယ်ပါးပင်ဟော၏။ ထို့ကြောင့် သံယောဇဉ်သည် ဆယ်ပါးရှိ ကြောင်းသိခွင့်ရကြပေသည်။

ယင်းသံယောဇဉ် အဘယ်မှာရှိသနည်း၊ အဘယ်မှာတည်သနည်း၊ အဖြေကား– သံယောဇဉ်သည် လူအစရှိသော အသက်အသိရှိသောသတ္တဝါများ၌ တည်ရှိပေ၏။

ယင်းသံယောဇဉ်ကို (၁) ယန္တရားရဟတ်နှင့်လည်းနှိုင်းခိုင်း၏။
(၂) နဂါးပတ်ကြော့ကွင်းနှင့်လည်း တင်စား၏။
(၃) ကြိုးနှင့်လည်း နိမိတ်ပုံဆောင်၏။

စက်ရဟတ်သည် ချာချာလည်သော အရာဖြစ်၏။ သံယောဇဉ်တရားသည်လည်း မိမိတည်ဖြစ်သောလူကို ဘဝသံသရာထဲမှာ လည်ပတ်နေစေ၏။ တစ်နည်းဆိုရလျှင် လူသည်သံယောဇဉ်တရားကြောင့် သံသရာလည်နေရ၏၊ သံယောဇဉ်ကြောင့် သံသရာနယ်မှလွတ်မြောက်၍ မရသာဘဲရှိ၏။ ထို့ကြောင့် သံယောဇဉ်တရားကို စက်ယန္တရားကဲ့သို့ လည်ပတ်စေသောသဘာဝအဖြစ် ရှုမြင်ရပေသည်။

နဂါးပတ်ကြော့ကွင်းဆိုသော အရာသည်လည်း ဆွဲဖမ်းနိုင်သောလက်နက်ဖြစ်၏။ နတ်ကိန္နရီမယ်များကို နဂါးပတ်ကြော့ကွင်းဖြင့် ပစ်၍ဖမ်းယူကြောင်း ဇာတ်တော်များ၌လာ၏။ သံယောဇဉ်ဆိုသောသဘာဝသည်လည်း လူအချင်းချင်းဖမ်းဆွဲထားဘတ်၏။ ယောက်ျားတစ်ယောက်သည် မိန်းမတစ်ယောက်ကို သံယောဇဉ်ဖြင့်ဖမ်းမိသောအခါ ထိုမိန်းမသည် ထိုယောက်ျားနှင့် ယှဉ်စပ်တွဲဖက်နေရ၏။ ထိုမိန်းမသည် သံယောဇဉ် နဂါးပတ်ကြော့ကွင်းမိသွား၍ ထိုယောက်ျား၏ဇနီးမယား ဖြစ်ရလေ၏။

ကြိုးသည်အရာဝတ္ထုနှစ်ခု သို့မဟုတ် အများကိုတုတ်ချည်ရသောအရာဖြစ်၏။ တစ်နည်းအားဖြင့် ကြိုးသည်အရာဝတ္ထုတစ်ခုခုကို တုတ်ချည်ပြီး ဆွဲယူနိုင်သောအရာဖြစ်၏။ သံယောဇဉ်ဆိုသော သဘာဝသည်လည်း လင်နှင့်မယား မိသားစုအဖွဲ့အစည်းဖြစ်အောင် တွဲစပ်တုတ်ချည်ပေးထား၏။ မိသားစုထဲမှတစ်ဦးဦးသည် အဝေးသို့သွားရောက်သောအခါ ပြန်မလာဘဲမနေနိုင်၊ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်မိသားစု ကိုယ့်လင်မယားရှိရာသို့ပြန်လာရ၏၊ ဤသို့ပြန်လာရခြင်းသည် သံယောဇဉ်ကဆွဲ၍ဖြစ်၏၊ သို့ဖြစ်သောကြောင့် သံယောဇဉ်ကို ကြိုးကဲ့သို့တုတ်ချည်တတ်

သောသဘာဝ ဆွဲဆောင်တတ်သောသဘာဝဟု နိမိတ်ပုံနှဆောင်၍ ရှုမြင်ကြလေသည်။

ဤသံယောဇဉ်ကိစ္စနှင့်ပတ်သက်၍ လက်တွေ့သဘောပေါက် နားလည်ရန်လို၏၊ ဒဏ္ဍာရီဝတ္ထုဖတ်ပြီးခံစားရသကဲ့သို့ တခြားမှာရှိသော တခြားမှာဖြစ်သော ဖြစ်ရပ်အနေဖြင့် မိမိကတခြား၊ သံယောဇဉ်အကြောင်းအရာကတခြား မဖြစ်စေရပါ၊ စင်စစ်မျက်စိကိုခေတ္တမှိတ်ပြီး စဉ်းစားပါ၊ သံယောဇဉ် သံယောဇဉ်နှင့်ပြောနေတာ တခြားကဟာကို ပြောနေတာမဟုတ်၊ ငါ့မှာရှိနေတဲ့ ငါ့မှာဖြစ်နေတဲ့သဘာဝကိုပင်ပြောနေတာပါလားဟု သတိချပ်ရပါမည်။ သံယောဇဉ်ကြောင့် သံသရာလည်နေတယ်ဆိုတာလဲ ငါပဲလည်နေရတာပါကလား၊ သံယောဇဉ်နှောင်ကြိုးပတ်ကြေ့ကွင်း အမိခံနေရတယ်ဆိုတာလဲ တခြားသူမဟုတ်၊ ငါပဲ အမိခံနေရပါကလား၊ သံယောဇဉ်ကြိုး အတုတ်ခံနေရတာ၊ သံယောဇဉ်ကြိုးကဆွဲလို့ အဝေးမသွားနိုင်တာ (တောမထွက်နိုင်တာ)လဲ တခြားမဟုတ်၊ ငါပါတကား။ ဤကဲ့သို့ မိမိကိုယ်နှင့်ဟပ်၍ သုံးသပ်ကြည့်ရပါမည်။

သို့ဖြစ်လျှင် မိမိမှာရှိနေသောသံယောဇဉ်ကို စစ်တမ်းထုတ်ကြည့်သင့်၏၊ စစ်တမ်းထုတ်သည့်အခါ ဆရာမရှိဘဲမဖြစ်၊ မြတ်စွာဘုရားက သုတ္တန်ဒေသနာဟောရာ၌လည်း သံယောဇဉ်ကိုထုတ်ပြ၏။ အဘိဓမ္မာဒေသနာဟောရာ၌လည်း သံယောဇဉ်ကိုရေတွက်ပြ၏။

လူမှာ(ဝါ)မိမိမှာ ရာဂရှိ၏၊ ဒေါသရှိ၏၊ မောဟရှိ၏၊ မာနရှိ၏၊
ဒိဋ္ဌိရှိ၏၊ ဝိစိကိစ္ဆာရှိ၏၊ ဥဒ္ဓစ္စရှိ၏။

ဤတရားဆိုးခုနစ်မျိုးသည် သံယောဇဉ်တရားများဖြစ်ကြ၏၊ မိမိကို လူ့ဘောင်ဘဝအဖွဲ့အစည်း၌ ယှဉ်စပ်ထားသောတရားများဖြစ်၏၊ သံသရာထဲမှာ လည်နေစေသည့်တရားများဖြစ်၏။

ထိုတရားဆိုးခုနစ်မျိုးတို့တွင် 'ရာဂ'သည် ကာမကိုလည်း တွယ်တာ၏၊ ရူပကိုလည်းတွယ်တာ၏၊ အရူပကိုလည်း တွယ်တာ၏၊ သို့ဖြစ်၍ တွယ်တာမှုအမျိုးအစားကိုလိုက်၍ ရာဂသံယောဇဉ်သုံးမျိုးဖြစ်သွား၏။

ဒိဋ္ဌိသည်လည်း အမှားမြင်ပုံမြင်နည်း နှစ်မျိုးကွဲပြား၏၊ အတ္တကို အမှန်ဟုမြင်သောဒိဋ္ဌိကတစ်မျိုးဖြစ်၏၊ ခွေးလို နွားလိုကျင့်မှ ကိလေသာစင်ကြယ်မည်ဟု မြင်သောဒိဋ္ဌိကတစ်မျိုးဖြစ်၏၊ ထို့ကြောင့် ဒိဋ္ဌိသံယောဇဉ်သည် မြင်ပုံကွဲ၍နှစ်မျိုးဖြစ်လာ၏။

မူလသံယောဇဉ် ခုနစ်မျိုး ရှိသည့်အနက် ရာဂသည် ကာမ၊ ရူပ၊ အရူပ ကွဲပြား၍ နှစ်မျိုးပိုလာ၏။ ဒိဋ္ဌိက အတ္တနှင့်သီလဗ္ဗတ ကွဲပြား၍ တစ်မျိုးပိုလာ၏။ထို့ကြောင့်(၇+၂+၁=၁၀)ဖြစ်လာသဖြင့် သံယောဇဉ် ဆယ်ပါးဟူ၍ဖြစ်လာပေသည်။ စာစကားဖြင့်ပြောသော်ကား သံယော ဇဉ်အပြားက ဆယ်ပါး၊ တရားကိုယ်က ခုနစ်ပါးဟု ပြောရပေသည်။

သို့ဖြစ်လျှင် မိမိမှာရှိသော သံယောဇဉ်ဆယ်ပါးကို မြင်တတ် ပါပြီလား။ ဆင်ခြေပေးစရာတစ်ခုကား–ကျွန်ုပ်မှာ ရူပ၊ အရူပတပ်မက်မှု မရှိပါ။ အတ္တနှင့် သီလဗ္ဗတကိုလည်း မယူပါ။ ထို့ကြောင့် ကျွန်ုပ်မှာ သံယောဇဉ် ဆယ်ပါးမရှိပါ။ ခုနစ်ပါးပဲ ရှိပါသဘယ်ဟု ပြောနိုင်ပါ၏။ သို့သော် ဤသို့ အပြတ်ပြော၍မရပါ။ ရာဂ ရှိနေသောကြောင့် ရာဂ သုံးမျိုးဖြစ်လာမည်မှာ အမှန်ဖြစ်၏။ ဒိဋ္ဌိရှိနေသောကြောင့် ဒိဋ္ဌိနှစ်မျိုး ဖြစ်နိုင်သည်မှာ အမှန်ဖြစ်၏။''ယခု'' သည် သံသရာကာလနှင့် စာရင်းချ ကြည့်လျှင် တစ်ခဏကလေးမျှသာ ဖြစ်၏၊ တစ်ခဏကလေးမှာ မရှိရုံနှင့် မရှိဘူးဟု အပြတ်ပြော၍ မရနိုင်ပါ။

လူ၌ရှိသော သံယောဇဉ်ကို၊ အဘိဓမ္မာကို ဟောသောအခါ အနည်းငယ်ခွဲခြား၍ ဘုရားရှင် ဟောကြား၏။ ရာဂသံယောဇဉ်ကို ခွဲပြ ရာ၌ ရူပ၊ အရူပနှစ်ခုအစား ''ဘဝ'' ကို ဖော်ပြ၏။ ဥဒ္ဓစ္စကိုဖယ်လိုက်ပြီး ဣဿာနှင့်မစ္ဆရိယကို သံယောဇဉ်အဖြစ် အသစ်ထည့်သွင်းပြ၏။

ထို့ကြောင့်အဘိဓမ္မာနည်းအရဆိုသော် ''ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ'' ဟူ၍ သံယောဇဉ်တရားကိုယ် ရှစ်ပါး ပေါ်ထွက်လာ၏။ သုတ္တန်တွင် ဟောပြသော ဥဒ္ဓစ္စကိုထည့်လျှင် သံယောဇဉ်တရားကိုယ် ကိုးပါးရရှိပေသည်။ သံယောဇဉ်အပြားမှုကား– ဆယ်ပါးချည်းသာ ဖြစ်ပေသည်။

''တရားကိုယ်'' နှင့် ''အပြား'' ကို ခွဲခြားမှတ်ရန်လို၏။ ''တရား ကိုယ်'' ဆိုသည်မှာ ရင်းမြစ်အခြေခံ အဘိဓမ္မာသဘာဝ (စိတ်၊ စေတ သိက် စသည်) ကို ခေါ်၏။ ''အပြား'' ဆိုသည်မှာ အခြေအနေကို လိုက်၍ ကွဲပြားသွားမှုကိုခေါ်၏။ တရားကိုယ် တစ်ခုတည်းကပင် နှစ်မျိုး သုံးမျိုး ကွဲပြားသွားတတ်၏။

အထက်တွင်ဖော်ပြခဲ့သည့် ''ရာဂ'' ကို တရားကိုယ်ကောက်လျှင် လောဘစေတသိက် တစ်ခုတည်းသာရ၏။ သို့သော် ထိုရာဂသည် ကာမကို တပ်မက်သော ကာမရာဂ၊ ရူပကိုတပ်မက်သော ရူပရာဂ၊ အရူပကို တပ်မက်သော အရူပရာဂ ဤသို့သုံးမျိုးကွဲပြားသွားပေသည်။ ဤသည်ကို ရာဂအပြားဟု ဆို၏။

သံယောဇဉ်အရဆိုလျှင် ရာဂသံယောဇဉ်သည် တရားကိုယ်အရ လောဘတစ်ခုတည်းသာ ဖြစ်၏။ သို့သော် အခြေအနေအရ ကာမရာဂ သံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်ဟူ၍ သုံးမျိုး ကွဲပြားသွား၏။ ထို့ကြောင့် ''တရားကိုယ်'' နှင့် ''အပြား'' ကို ခွဲခြား မှတ်သားထားရန် ဖြစ်ပေသည်။

ဤဆောင်းပါးတွင် သံယောဇဉ်၏အနက်အဓိပ္ပာယ်၊ သံယောဇဉ် နှင့် အနိုင်းအခိုင်း အတင်အစားခံရသော ရဟတ်၊ ကြော့ကွင်း၊ ကြိုး၊ သံယောဇဉ်၏ တရားကိုယ် သံယောဇဉ်အရေအတွက်၊ အမျိုးအစား အကွဲအပြားတို့ကို ဖော်ပြထား၏။ သံယောဇဉ်သည် အသက်အသိ ရှိသော သတ္တဝါအားလုံးနှင့် သက်ဆိုင်သော်လည်း လက်တွေ့အဘိဓမ္မာ (ဝါ) ကိုယ်တွေ့အဘိဓမ္မာအသိဉာဏ် ဖြစ်ထွန်းစေချင်၍ စာဖတ်သူ လူကို သာ အဓိကထား၍ ရေးသားထားသည်ကိုလည်း သတိပြုရန် ဖြစ်ပါ သည်။

ရှေ့လ သံယောဇဉ်အကြောင်း ဆက်ပါဦးအံ့။

နှစ်ဖက်လှ
၁၉၇၅-ခု၊ ဇွန်လ။

# အချစ် သို့မဟုတ် ကာမရာဂသံယောဇဉ်

ပြီးခဲ့သောလက သံယောဇဉ်အကြောင်း ဆောင်းပါးကို ဖတ်ရှုလေ့လာခဲ့ရပါသည်။ ဒီလိုဖတ်ရလို့ သံယောဇဉ်ဆိုတာ 'ခိုင်မြဲစွာယှဉ်စပ်မှု'ဆိုတဲ့ အဓိပ္ပာယ် 'ဆွဲငင်ခြင်း'ဆိုတဲ့အဓိပ္ပာယ်ကိုသိရပါတယ်။ သံယောဇဉ်ဟာ တစ်မျိုးထဲမက ဆယ်မျိုးအထိ ရှိတယ်ဆိုတာကိုလဲ သိရပြန်တယ်။ နောက် သုတ္တန်နည်း သံယောဇဉ်ဆယ်မျိုးရဲ့တရားကိုယ်က ခုနစ်ပါး၊ အဘိဓမ္မာနည်း သံယောဇဉ်ဆယ်မျိုးရဲ့ တရားကိုယ်က ရှစ်ပါး၊ နည်းနှစ်မျိုးပေါင်းတော့ တရားကိုယ်က ကိုးပါးဖြစ်သွားတာကိုလဲ မှတ်လိုက်ရပါတယ်။

ဒီမှာစဉ်းစားကြည့်တော့ ဥဒ္ဓစ္စ=စိတ်ပျံ့လွင့်မှု (မတည်ကြည်မှု) ကို သုတ္တန်နည်းအရ သံယောဇဉ်လို့သတ်မှတ်တယ်၊ အဘိဓမ္မာနည်းအရတော့ မသတ်မှတ်ဘူး။ တစ်ခါ ဣဿာ=ငြူစူမှု၊ မစ္ဆရိယ=သဝန်တိုမှုကိုလဲ အဘိဓမ္မာနည်းအရ သံယောဇဉ်လို့ဆိုရပေမယ့် သုတ္တန်နည်းအရတော့ သံယောဇဉ်မဟုတ်ဘူး။ ဒီလိုအဓိပ္ပာယ်ရောက်တယ် မဟုတ်လား။

ဟုတ်ပါတယ်။ ဒါပေမယ့် သူ့နေရာနှင့်သူ ဘုရားဟောချည်းဖြစ်လို့ တရားကိုယ်ယူတဲ့အခါ သုတ္တန်နဲ့ အဘိဓမ္မာပေါင်းပြီး သံယောဇဉ် တရားကိုယ် ကိုးပါးလို့ကောက်ယူကြပါတယ်။

ဒီလိုဆိုလျှင် သံယောဇဉ်အပြားကိုလဲ ဆယ်ပါးမက သံယောဇဉ် (၁၃)ပါးလို့ မယူနိုင်ဘူးလား။ ရာဂနှင့်ပတ်သက်တဲ့ သံယောဇဉ်ပေါင်းက ကာမရာဂ သံယောဇဉ်၊ ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ်၊ ဘဝရာဂသံယောဇဉ်ရယ်လို့ လေးမျိုးဖြစ်တယ် မဟုတ်လား။

ဟုတ်ပါတယ်၊ သုတ္တန်မှာဟောတဲ့ ဥဒ္ဒစ္စသံယောဇဉ်၊ အဘိဓမ္မာမှာဟောတဲ့ ကုက္ကုစ္စသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်တို့ကို တစ်ပေါင်းတည်း ထည့်သွင်းရေတွက်လျှင် အားလုံး သံယောဇဉ်ဆယ့်သုံးပါးဖြစ်ပါတယ်၊ ဒါပေမယ့် ဘုရားရှင်က ခွဲဟောထားတဲ့အတိုင်း သံယောဇဉ်ဆယ်ပါးလို့ပဲ ခေါ်ဝေါ်ကြပါတယ်၊

ဟုတ်ပါပြီ။ ဒါက စဉ်းစားကြည့်တာပါ။

ဒီလို စဉ်းစားကြည့်နိုင်တာကိုက ကောင်းတဲ့ သဘောလက္ခဏာဖြစ်ပါတယ်၊

ဆက်ပါရစေဦး။ အဲဒီသံယောဇဉ်ဆိုတဲ့ တရားတွေရဲ့ သံယောဇဉ် ဖြစ်ပုံကို သိပ်သဘောမပေါက်သေးပါဘူး။ ဆိုပါစို့၊ ကာမရာဂသံယောဇဉ် ကာမဂုဏ်၌ တပ်မက်ခြင်းတည်းဟူသော ယှဉ်စပ်မှုဆိုတာကို ရိပ်တိပ်တိပ်ရှိသော်လည်း ပဋိဃ သံယောဇဉ်၊ ဒေါသဖြစ်ခြင်း သံယောဇဉ် စသည်ကို နားမလည်ပါဘူး။ ဘယ့်နှယ် ဒေါသဖြစ်တာဟာ သံယောဇဉ်ဖြစ်ရမှာလဲ၊ ရှင်းပြပါဦး။

ကောင်းပေစွ။ ဒီလိုလဲ တွေးဘတ်မေးတတ်မှ ပိုပြီး နားလည်သဘောပေါက်ပေမပေါ့။ ဒီဘာသာရပ်မှာ စိတ်ဝင်စားမှုလည်းတိုးတက်လာမှာ ဖြစ်ပါတယ်။

သံယောဇဉ်ရဲ့ အဓိပ္ပာယ်၊ သံယောဇဉ်ရဲ့ နယ်၊ သံယောဇဉ်ရဲ့ ဘောင်(စည်း)ဟာ အင်မတန်ကျယ်ဝန်းပါတယ်၊ ဒီဘောင်ထိအောင် သိဖို့လိုပါတယ်။ သတ္တဝါ တစ်ဦးအဖို့ 'သံသရာ'ဆိုတာ ရှိပါတယ်။ 'သံသရာ'ဆိုတာက အဲဒီသတ္တဝါ မွေးသေ မွေးသေနဲ့ဘဝ ဆက်ကာမပြတ်ဖြစ်နေရတဲ့ ဖြစ်စဉ်ကြီးပါပဲ။ အဲဒီသံသရာက လွတ်ထွက်သွားတဲ့ နိဗ္ဗာန်ဆိုတာလဲ ရှိပါတယ်။ နိဗ္ဗာန်ဆိုတာ အဲဒီ မွေးသေသံသရာပြတ်သွားပြီး ဟိုဘက်က သဘာဝဖြစ်ပါတယ်၊ ဒီတော့ကာ သံသရာနဲ့ နိဗ္ဗာန်ကြားထဲမှာ သဘာဝတစ်ခု၊ စည်းတစ်ခုခြားထားသလို နားလည်နိုင်ပါတယ်။

သံယောဇဉ်ဆိုတာဟာ သတ္တဝါကို (ဝါ) လူကို အဲဒီမွေးသေသံသရာနှင့် ခိုင်မြဲစွာ ယှဉ်စပ်ပေးထားတဲ့ သဘာဝမျိုး ဖြစ်ပါတယ်၊

ဒါကြောင့် သံယောဇဉ်သဘာဝဟာ လူကို သံသရာနှင့်ယှဉ်စပ်ပေးထားတယ်လို့ နားလည်ရမှာပါ။ နောက်ပြီး သတ္တဝါဟာ (ဝါ) လူဆိုပါတော့ လူဟာ သံသရာမှထွက်ပြီး နိဗ္ဗာန်ဘက်သို့ ကူးသွားချင်တဲ့အခါ သံသရာမှမထွက်နိုင်အောင် နိဗ္ဗာန်ဘက်ကူးမသွားနိုင်အောင် သံယောဇဉ်က သူ့ကိုဆွဲထားပါတယ်။ ဒါကြောင့် ယန္တရားရဟတ်ဥပမာ၊ နဂါးပတ်ကြော့ကွင်း ဥပမာ၊ ကြိုးဥပမာတို့ဖြင့် ပုံဆောင်ပြကြခြင်း ဖြစ်ပါတယ်။

သံယောဇဉ်အဓိပ္ပာယ်နယ်ကလဲ ကျယ်လှချည်လား။
စဉ်းစားပါဦး။

- လူမှာ တဏှာရာဂရှိနေလျှင် သို့မဟုတ် တွယ်တာတပ်မက်နေလျှင် သံသရာမှလွတ်မလား။ နိဗ္ဗာန်ဘက်ကူးနိုင်ပါ့မလား။
- မလွတ်နိုင်ပါ၊ မကူးနိုင်ပါ။
- ဒေါသအမျက်တွေရှိနေလျှင်ကော။
- မလွတ်နိုင်၊ မကူးနိုင်ပါ။
- ဒိဋ္ဌိအမြင်မှား၊ အယူမှားရှိနေလျှင်ကော။
- နိဗ္ဗာန်ရဖို့ ပိုဝေးသေးတယ်။
- ဝိစိကိစ္ဆာ ဘုရား,တရား,သံဃာအပေါ် ယုံမှားသံသယဖြစ်နေမယ်၊ ကံတရားရဲ့ အကျိုးပေးမှုကို လုံးဝ လက်မခံနိုင်သေးဘဲ တွေဝေနေမယ်၊ အတိတ်ဘဝ အနာဂတ်ဘဝနဲ့ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဖြစ်စဉ်ကိုလဲ သဘောမကျဘူး၊ လုံးဝမယုံကြည်သေးဘူးဆိုလျှင် ထိုသူဟာ သံသရာက လွတ်မလား၊ နိဗ္ဗာန်ရမလား။
- မရပါဘူး။
- ထို့အတူပဲ သူ့စိတ်တွေဟာ ပျံ့လွင့်နေမယ်၊ သမာဓိမရှိဘူး၊ သမထဘာဝနာ ဝိပဿနာဘာဝနာ ပွားများလို့မရဘူးဆိုလျှင် သူဘာဖြစ်မလဲ။
- သံသရာထဲမှာ ဝဲလည်နေမှာပေါ့။
- ဟုတ်ပြီ၊ သဘောပေါက်လာပြီထင်တယ်။

– ကဲ....ကြည့်ဦး၊ သူတစ်ပါးစည်းစိမ်ကို ငြူစူစောင်းမြောင်းနေတဲ့ လူ၊ ကိုယ့်စည်းစိမ်ကို အထူးလျှို့ဝှက်နေတဲ့လူ၊ ငြူစူတော့၊ မုဒိတာမပွားနိုင်ဘူး၊ လျှို့ဝှက်တော့ ကရုဏာမသက်နိုင်ဘူး၊ မပေးမလှူနိုင်ဘူး၊ ဒီတော့ ဒီလူ ဘာဖြစ်မလဲ။

– သံသရာထဲမှာ ဝဲလည်ဝဲလည်ပေါ့လေ။

– နောက်ဆုံး အဝိဇ္ဇာ သံယောဇဉ်ကိုကြည့်ပါ။ အဝိဇ္ဇာမောဟ ဆိုတာ မှန်တာကိုမယ်။ မှားတာကို သိတာပဲ၊ သစ္စာကို မသိ၊ မှသားကို သိတာပဲ၊ ဘယ်လိုမှသားကို သိသလဲ။ မမြဲတာကို လိမ်ထားတာဟာ မြဲတာပဲ။ ဆင်းရဲတာကို လှည့်စားတာဟာ ချမ်းသာပဲ။ ကိုယ့်အလို မပါ ပါဘဲ ပါသလိုထင်နေတာ ညာတာ ပဲ။ အဝိဇ္ဇာက မြဲတယ်။ ချမ်းသာတယ်။ ကိုယ့်အလို ပါတယ်လို့ လောကကြီးအပေါ် မြင်နေစေတဲ့ သဘောပါပဲ။

– အဝိဇ္ဇာမောဟဆိုတာ ဘာမှမသိဘူး ဆို။

– ဒါက အမှန်မသိတာကို တင်စား ပြောတာပါ။ မောဟဆိုတာ စေတသိက် နာမ်တရားလေ။ စိတ်၌ယှဉ်ဖြစ်တယ်။ နာမ်တရား ဆိုတာအနက် (အာရုံ) သို့ ညွှတ်တယ်။ ရုပ်နဲ့မတူဘူး၊ ဒါကြောင့် အဝိဇ္ဇာမောဟဟာ ရုပ်လိုဘာမှမသိတဲ့ တရား မဟုတ်ဘူး။ သိတဲ့ နာမ်တရားပါ။ ဒါပေမယ့် သူသိတာက မမှန်တာကို သိတဲ့အတွက် မမှန်တာကိုသိအောင် ကူညီတဲ့အတွက်၊(အကြောင်းဟေတုဖြစ်တဲ့ အတွက်) သူ့ကို တွေဝေတဲ့တရား၊ မသိကဲ့တရားလို့ ပြောကြ တာပါ။

– အင်း....အဝိဇ္ဇာဟာ သစ္စာလေးပါးကို မသိတဲ့တရား၊မသိအောင် ဖုံးလွှမ်းတတ်တဲ့တရား ဆိုတော့ အဝိဇ္ဇာသံယောဇဉ် ရှိနေလျှင် သံသရာမှမထွက်နိုင်။ နိဗ္ဗာန်ဘက်မကူးနိုင်။ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။

– အဲဒီလို စည်းချပြီး တစ်ခုစီ စဉ်းစားကြည့်လိုက်တော့ ရာဂ၊ ဒေါသ၊ (ပဋိဃ) စတဲ့တရားတွေရဲ့ သံယောဇဉ်ဖြစ်ပုံ ရိပ်တိပ်တိပ် ရှိသွားပြီထင်တယ်။

– ရိပ်တိပ်တိပ် မကပါဘူး။ အတော်ကလေး ရှင်းလာပါပြီ၊ ဒါပေမယ့် သံသရာဘောင်ကြီးထဲမှာဆိုတော့ ကျယ်လွန်းပါတယ်။

လက်တွေ့လဲ သိပ်မကျဘူး။ ဒါကြောင့် မိသားစုအဖွဲ့အစည်း(၀၁) လူနှင့်လူ့ပတ်ဝန်းကျင်ထဲမှာ လက်တွေ့ကျကျ သံယောဇဉ်ဖြစ်နေပုံကို ရှင်းပြစေချင်ပါသေးတယ်။

– ကဲ…နားထောင်။ ကာမရာဂသံယောဇဉ်ဆိုတဲ့နေရာမှာ ''ကာမ'' ဆိုတာ လိုလားအပ်၊ နှစ်သက်အပ်တဲ့ အဆင်း၊ အသံ၊အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံငါးပါးပဲ။ ဒီငါးမျိုးကို ကာမဂုဏ်လို့လဲခေါ်တယ်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတာသက်ရှိ သတ္တဝါနဲ့ သက်မဲ့ ဝတ္ထုပစ္စည်းတွေမှာ တည်ရှိတယ်မဟုတ်လား။

- ဟုတ်ပါတယ်။

– ဥပမာဆိုပါစို့။ တောကြီးမျက်မည်းထဲမှာ နေတဲ့ တောဆင်ရိုင်းကြီးဆီကို ဆင်တိမ်ညှင် ဆင်မတစ်စီး လွှတ်ပေးပြီး အအောင်းခိုင်းတော့ ဆင်ရိုင်းကြီးဟာ ဆင်မနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာတယ်မဟုတ်လား။ ဆင်ရိုင်းကြီးဟာ ဆင်မကိုတပ်မက်လို့ မခွဲနိုင်မခွာရက်ဖြစ်ကာ လိုက်လာခြင်းပဲ။ အဲဒီလို လိုက်လာအောင် ဆင်မက ဆင်ရိုင်းကြီးကို ဘာနဲ့ဆွဲခေါ်လာသလဲ။

– ကာမရာဂဆိုတဲ့ သံယောဇဉ်ကြိုးကြီးနဲ့ ဆွဲခေါ်ခဲ့တာပေါ့။

– ဟုတ်ပြီ၊ တကယ်လို့ ရာဂကြိုးနဲ့မဟုတ်ဘဲ ရိုးရိုးကြိုးနဲ့ဆွဲလာလို့ရမလား။

– ကြိုးနဲ့ဆွဲဖို့မပြောနဲ့ ဆင်ရိုင်းအနား လူကပ်လို့တောင်မရဘူး။

– ဒါဖြင့် ရာဂကြိုးဟာ အနားကပ်လို့လဲရတယ်၊ ချည်လို့လဲရတယ်၊ ဆွဲလာလို့လဲရတယ်၊ ဟုတ်စ။

– ဟုတ်ပါတယ်၊ ရာဂသံယောဇဉ်ကြိုးဟာ မမြင်ရပေမယ့် သိပ်ကိုခိုင်ပါတယ်။

**နတ်သျှင်နောင်ဟာ ရာဇဓာတုကလျာမင်းသမီးကို တသသဖြစ်နေတာဟာ ဘာသဘောလဲ။**

– အချစ်မေတ္တာသဘောပေါ့။

– 'မေတ္တာ' မထည့်လိုက်ပါနဲ့ဦး၊ ရှုပ်သွားပါမယ်၊ ရာဂအချစ် သံယောဇဉ်ကြောင့်ပေါ့၊ ခုခေတ်သိပ္ပံနည်းကျပြောလျှင် ရာဂ လှိုင်းနဲ့ သူတို့ဆက်နေကြတာမဟုတ်လား၊ နတ်သျှင်နောင်ဟာ အဝေးကနေချစ်နေရ (တပ်မက်နေရ) တာမို့ သူ့ရာဂလှိုင်းအား ကမိုက်ကရှိဝေ့လှိုင်းပေါ့။

– တစ်မိသားနဲ့တစ်မိသားညားကြတာ မသေမချင်းပေါင်းသွားကြ တာ ဘယ်သူ့လက်ချက်လဲ။

– ကာမရာဂသံယောဇဉ်လက်ချက်ပေါ့။

– သမီး လင်နောက်လိုက်ပြေးတာကော၊ ဟို သမက်လောင်းက ဘာနဲ့ဆွဲခေါ်သွားသလဲ။

– ရာဂကြိုးနဲ့ပါပဲ။

– ကာမရာဂသံယောဇဉ်ကြိုးဟာ သိပ်ကိုခိုင်မြဲတယ်၊ တချို့မှာမိဘ မျိုးရိုးကိုစွန့်ပြီး လူမျိုးခြား ဘာသာခြားတစ်ယောက် နောက် တောင်မှ လိုက်သွားရလောက်အောင် ရာဂကြိုးကခိုင်တယ်၊အိမ် ထဲမှာလှောင်ပိတ်ထားတဲ့အမျိုးသမီးကို အပြင်ကနေ ရာဂကြော့ ကွင်းနဲ့ပစ်ဖမ်းလော့ ဒီရာဂကြော့ကွင်းက သော့တွေ၊ သံတံခါး တွေ၊ အုတ်နံရံတွေပါဖောက်ပြီး သမီးဆီရောက်တယ်၊ ဒီရာဂ ကြော့ကွင်းမိသွားလျှင် အဲထဲက မိန်းကလေးကိုက အပြင်ကို မရ မက ထွက်လိုက်တာပဲ။

ဒါတင်မကဘူး၊ ဒီရာဂကြော့ကွင်းက ဂုဏ်သိက္ခာတွေ၊ ဥစ္စာစနေ တွေ၊ ပညာမာနတွေ၊ ရာထူးအရှိန်အဝါတွေကိုပါ ထွင်းဖောက် ပြီးဆွဲဆောင်နိုင်တယ်၊ ဒါကြောင့် ခုခေတ်အထက်တန်းစားတွေ၊ ပညာတတ်တွေပါ ကျွမ်းပြန်ပြီး လူမျိုးခြား ဘာသာခြားနောက် ပါ,ပါသွားနေတာ မဟုတ်လား။

– တစ်ကမ္ဘာလုံး လူဦးရေသန်းပေါင်း ၄ ထောင်ကျော် အိမ်ထောင် မှုဘဝတည်ဆောက်နေကြတာ မှန်သမျှ ဒီကာမရာဂသံယောဇဉ် ကြိုးနဲ့ချည်ထားတာချည်းပဲ၊ ဒါတင်မကဘူး၊ ကိုယ်နေတဲ့အိမ်၊

လူ့အသုံးအဆောင်ပစ္စည်း၊ ဥစ္စာဓနာ၊ အိမ်မွေးသတ္တဝါ ခွေး ကြောင်စသည်ကိုလဲ ဒီသံယောဇဉ်နဲ့ပဲတည်းထားတာပဲ၊ ဒါနဲ့ပဲ အိမ်ထောင်ရေးနေထိုင်မှုဘဝကြီး ပေါ်လာရတာပဲ။

– ဒါဖြင့် လင်မယားနှစ်ဦးသားမှာ ဒီကာမရာဂသံယောဇဉ်ချည်း သက်သက်ပဲလား။

– နေဦး – ချွင်းချက်ရှိသေးတယ်၊ လင်မယားဘဝ အနေကြာလာ တော့ သန့်ရှင်းတဲ့စိတ်နဲ့ တစ်ဦးအကျိုးတစ်ဦး လိုလားတာလဲ ရှိလာတယ်၊ ဗြဟ္မစိုရ်မေတ္တာသဘောလဲရှိတယ်၊ မွေးလာတဲ့သား သမီးများ အပေါ်မှာလဲ မေတ္တာသဘောဖြစ်လာတယ်၊ လင်ခန်း မယားခန်းကိစ္စမှာ သံယောဇဉ်ကိစ္စဖြစ်တယ်၊ မိသားစု အဖွဲ့ အစည်းအနေနဲ့တော့ သံယောဇဉ်ရော၊ ဗြဟ္မစိုရ်ရော ရောမွှေ လာတယ်။

– ခုခေတ်မှာ မိဘတွေဟာ သားသမီးအပေါ် သံယောဇဉ်သိပ်ကြီး တယ်လို့ ပြောကြတယ်၊ ဒါဟာမှန်ပါသလား။

– စဉ်းစားပေတော့။

– ဒီလအတွက် စာမျက်နှာပြည့်သွားပြီ၊ ရှေ့လအတွက်ကျမှ ဆက် ကြတာပေါ့။

နှစ်ဖက်လှ
၁၉၇၅–ခု၊ ဇူလိုင်လ။

# "ပဋိစ္စသမုပ္ပါဒ်" သို့မဟုတ် "မုန်းတီးခြင်း"၏ နီးစပ်မှု အခြေခံသဘောတရား

"ပဋိစ္စသမုပ္ပါဒ်" နှင့် ပတ်သက်၍ "မုန်းတီးခြင်း" သည် အဘယ်ကဲ့သို့ သမုပ္ပါဒ် ဖြစ်နိုင်သလဲဟု စဉ်းစားဖွယ် ဖြစ်ပါသည်။ ဇွန်လဆောင်းပါးတွင် သံသရာနှင့်နိဗ္ဗာန်ကို စဉ်းခြား၍ ပဋိစ္စ (ဒေါသ) သည် သတ္တဝါကို သံသရာ၌ ယှဉ်စေတတ်သည့်အတွက် သမုပ္ပါဒ်ဖြစ်ပုံကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုဆက်လက်၍ လူနှင့် ပတ်ဝန်းကျင် ဘဝ လက်တွေ့ ဖြစ်ရပ်များအပေါ် အခြေခံ၍ စဉ်းစားကြည့်ရန် ဖော်ပြပါဦးမည်။

ချစ်၍ သမုပ္ပါဒ်ဖြစ်သည်ဆိုသောအချက်မှာ အများသိ၊ အများ လက်ခံပြီးဖြစ်၏။ လင်နှင့်မယား၊ မိဘနှင့်သားသမီး၊ ခွေးလိမ္မာ၊ ကြောင်လိမ္မာစသည့် အိမ်မွေးသတ္တဝါများအပေါ် သမုပ္ပါဒ် တွယ်တာခြင်းသည် ဖြစ်သင့်ဖြစ်ထိုက်ပေသည်။ ချစ်ခင်နှစ်သက်စုံမက်ဖွယ်ရာ ပစ္စည်း ဥစ္စာ၊ ရတနာရွှေငွေ၊ တိုက်တာမိုးမြေတို့သည် သမုပ္ပါဒ်၏ စက်ကွင်း အတွင်းရှိ ကာမပစ္စည်းများ ဖြစ်ပေသည်။ လူသားတစ်ဦး အနေဖြင့် တွယ်တာစရာကို တွယ်တာခြင်းသည် နားလည်နိုင်သော အချက် ဖြစ်ပေသည်။

သို့ရာတွင် မုန်း၍သမုပ္ပါဒ်ဖြစ်ရသည်ကိုမူ၊ တွေးရခက်ကြီးဖြစ်ရပေသည်။ စင်စစ် မုန်းလျှင် သမုပ္ပါဒ်ဖြစ်စရာမလို။ သူ့ထိုက်နှင့် သူ့ကံ ပေယျာလကန် 'ဝ' ကွက်၍ ချန်ထားရိုက်ရုံပင်ဖြစ်သည်၊ ဤသည်ကား သမုပ္ပါဒ်နှင့်ပတ်သက်၍ ဂါမေအသိ (အရပ်သိ) ဖြင့် တွေးမြင် ဆင်ခြင်ခြင်းသာဖြစ်ပေသည်။

သံယောဇဉ် အကြောင်းကို အဘိဓမ္မာ သဘာဝ ဆိုက်အောင် လေ့လာကြည့်လျှင်မူကား ပို၍နက်နဲစွာ သိမြင်ခွင့်ရလာမည် ဖြစ်ပေသည်။ ''သံယောဇဉ်''ဆိုသော ဝေါဟာရက ဖော်ပြနေသော အနက်အဓိပ္ပာယ်ကို အနုစိတ်ကြည့်ပါလျှင် သံ=ကောင်းစွာ သို့မဟုတ် မြဲမြံစွာ၊ ယောဇဉ် (ယုဇ်)=ယှဉ်စပ်ခြင်းဆိုသော အချက်ကို တွေ့ရပါမည်။

''ယှဉ်စပ်မှု'' အတွက် လူနှင့် လူ (ဝါ) လူနှစ်ဦး၊ သတ္တဝါနှင့် ပစ္စည်း၊ သတ္တဝါနှင့် သဘာဝ၊ သဘာဝနှင့် သဘာဝ၊ နှစ်မျိုးနှစ်ဝစီ လိုအပ်ကြောင်းသိနိုင်ပေသည်။ ယင်းတို့ချင်းယှဉ်စပ်နိုင်ဖို့အတွက် နီးစပ်မှု၊ ဆက်သွယ်မှု၊ ထိတွေ့မှု၊ ပေါင်းဆုံမှုတို့ရှိရန်လည်း လိုအပ်ပေသေးသည်။ နီးစပ်မှု၊ ဆက်သွယ်ပေါင်းဆုံမှုမရှိဘဲ ယှဉ်စပ်မှု (သံယောဇဉ်) မဖြစ်နိုင်ချေ။

နီးစပ်တိုင်းလည်း သံယောဇဉ်ဖြစ်သည်ဟုကား မဆိုသာသေး။ ဆက်စပ်မှုရှိဖို့လည်း လိုအပ်သေးသည်။ ဆက်သွယ်ရေးလမ်း ရှိမှသာ ဆက်မိကြမည်မဟုတ်ပါလော။

''ချစ်သည်'' ဆိုသော အချက်ကိုစဉ်းစားပါက နှစ်ဦးရှိရမည်။ ထိုနှစ်ဦးကြားတွင် ''ချစ်'' ဟူသော အချက်က ဆက်သွယ်ပေးသည်။ ထို့ကြောင့် သူတို့နှစ်ဦး ယှဉ်စပ်မှု (သံယောဇဉ်) ဖြစ်ကြ၏။ သံယောဇဉ်ဖြစ်တော့ မြဲမြံစွာတွယ်မိကြသည်။ အကယ်၍ ''ချစ်'' ဟူသောအချက်ကို ထုတ်နုတ်လိုက်ပါက ထိုနှစ်ဦးသား ယှဉ်စပ်မိကြမည် မဟုတ်ပေ၊ သို့ဖြစ်၍ ''ချစ်'' ဟူသော ကြားခံအချက်သည် နှစ်ဦးသား ယှဉ်စပ်မိကြရေး အတွက် အခရာဖြစ်ကြောင်း သိရပေသည်။

ဤနည်းအရ—

''ချစ်'' ဆိုသောအချက်အစား ''မုန်း'' ဟူသောအချက်ကို အစားထိုးကြည့်ရန်ဖြစ်၏။ ''မုန်း'' ဖို့ အတွက် နှစ်ဦးရှိရပေမည်။ ထိုနှစ်ဦးသည် ''မုန်း'' ဟူသော အချက်ဖြင့် ဆက်သွယ်နေ၏။ ဥပမာ— မောင်ကသည် မောင်ခကို မုန်းသည်ဆိုပါစို့။ မောင်က နှင့် မောင်ခသည် ''မုန်း'' ဆိုသောအချက်ဖြင့်ဆက်သွယ်နေ၏။ သူတို့နှစ်ဦးသည် မုန်းသည့်အတွက် ဆက်စပ်မိနေ၏။ (ဝါ) အမုန်းသံယောဇဉ်ဖြစ်နေ၏။

လူ့သဘာဝ ရင်းမြစ်ကျအောင် ဆင်ခြင်ကြည့်လျှင် ချစ်သူကို မကြာခဏသတိရသကဲ့သို့ မုန်းသူကိုလည်း မကြာခဏ သတိရတတ်၏။ တစ်နည်းဆိုရသော် ချစ်သူသည် မိမိစိတ်ထဲ၌ ပေါ်ပေါ်လာတတ်သကဲ့သို့ မုန်းသူသည်လည်း မိမိစိတ်ထဲ၌ ပေါ်ပေါ်လာတတ်၏။ ဤကဲ့သို့စိတ်ထဲ၌ ပေါ်ပေါ်လာတတ်ခြင်းသည် မိမိနှင့်ထိုသူ ဆက်သွယ်မိနေကြောင်း ဖော်ပြခြင်းဖြစ်၏။ ဤသည်ကို အဘိဓမ္မာဝေါဟာရဖြင့်ပြောသောအခါ သံယောဇဉ်ဖြစ်သည်ဟု ပြောရခြင်း ဖြစ်ပေသည်။

တစ်ဖန် ချစ်ခြင်း(သို့မဟုတ်)မုန်းခြင်းဟူသောအချက်ကို စိစိတွေး ကြည့်ပြန်ပါကလည်း ဤသဘာဝနှစ်ရပ်သည် တစ်ဦးနှင့်တစ်ဦး နီးစပ်မှု ရှိအောင် ဖန်တီးပေးနေကြောင်း တွေ့ရမည် ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာ နည်းဖြင့်တွက်ကြည့်လျှင်ချစ်သူ၏စိတ်အာရုံထဲ ရောက်နေ၏။ ချစ်သောသူ အိမ်ထဲမှာနေလျှင် အချစ်ခံရသူလည်း သူ့စိတ် သူ့အာရုံထဲ ရောက်နေ၍ အိမ်ထဲသို့ပင် ရောက်နေပေသည်။ ထို့ကြောင့် သူတို့နှစ်ဦး၏ နီးစပ်မှုသည် ထက်ကြပ်မကွာ ဖြစ်နေပေသည်။

ထိုနည်းတူ မုန်းသူ၏စိတ်သည်လည်း အမုန်းခံရသူကို အာရုံပြု နေပေ၏။ တစ်နည်းအားဖြင့် အမုန်းခံရသူသည် မုန်းသူ၏ စိတ်မျက်စိထဲ ရောက်နေရ၏။ သို့အတွက်ကြောင့် မုန်းသူနှင့်အမုန်းခံရသူသည် အလွန် နီးစပ်နေ၏။ "အမုန်း" ဟူသော ပဋိဃ (ဒေါသ) တရားက သူတို့ နှစ်ဦးသားကိုနီးစပ်အောင် ဆက်စပ်ပေးနေခြင်းဖြစ်ပေသည်။

နောက်တစ်ချက်စဉ်းစားကြည့်ပါ။ ချစ်တဲ့သူကိုကြည့်ဖြစ်၊ မြင်ဖြစ် သကဲ့သို့ မုန်းသောသူကိုလည်း ကြည့်မိ၊ မြင်မိတတ်၏။ ချစ်၍ကြည့်သည်၊ မုန်း၍ကြည့်သည်။ ဤမျှသာ ကွာသည်။ ကြည့်မိ၊ မြင်မိရာ၌ကား တူပေသည်။ အဘယ်ကြောင့်နည်း။ စဉ်းစားလျှင် အချစ်, အမုန်း ဟူသော သံယောဇဉ်ကြောင့် ယှဉ်စပ်မိနေသည့်အတွက် ဖြစ်ကြောင်း သဘောပေါက်ပေရာသည်။

လူနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး မချစ်လည်းမချစ်၊ မမုန်းလည်း မမုန်းဆိုပါက ဘယ်တုန်းကမှ မမြင်ဖူး၊ မကြားဖူး၊မသိဖူးသူကဲ့သို့ စိတ် အာရုံထဲ၌ ရှိကြမည်မဟုတ်ချေ။ ဘာသိဘာသာ နေကြမည် ဖြစ်သည်။ တစ်ဦးဦးဘာဖြစ်ဖြစ် စိတ်လည်းဝင်စားမည် မဟုတ်ချေ။ အဘယ်ကြောင့်

နည်း။ အချစ် (သို့မဟုတ်) အမုန်းဟူသော ဆက်သွယ်ရေးလမ်း မပေါက်သောကြောင့် ဖြစ်သည်။ (ဝါ) သံယောဇဉ် မရှိသောကြောင့် ဖြစ်သည်။

အကယ်၍ အချစ်, အမုန်းတစ်ခုခုဖြင့် ဆက်သွယ်မှု ရှိနေပါက ချစ်သူဒုက္ခရောက်လျှင် ဝမ်းနည်း၍၊ မုန်းသူဒုက္ခရောက်လျှင် ဝမ်းသာမည် ဖြစ်ပေသည်။ တစ်နေရာစီ တည်ရှိနေသောတိုင်နှစ်တိုင်ကို ကြိုးတစ်ချောင်းဖြင့် ဆက်သွယ်ထားပါက ကိုင်တစ်တိုင် လှုပ်လျှင် ဘစ်ဖက်တိုင်လည်း လှုပ်ရပေ၏။ အဘယ်ကြောင့်နည်း။ ကြိုးဖြင့် ဆက်သွယ်ထားသောကြောင့် ဖြစ်၏။

ထိုနည်းတူ လူနှစ်ဦးသားကို အမုန်းဟူသော သံယောဇဉ်ကြိုးဖြင့် ဆက်သွယ်ထားသည့် အတွက် မုန်းသူဒုက္ခရောက်လျှင် မိမိမှာ ဝမ်းသာမှု ဖြစ်ပေါ်လာခြင်းဖြစ်၏၊ အမုန်းမရှိလျှင် မိမိမှာဝမ်းသာမှု ဖြစ်ပေါ်လာစရာ မရှိချေ။ ဥပမာ–ဘာသာလဝမ်နည်း (သို့မဟုတ်) ဘယ်သောအခါမှ မမြင်ဖူးမတွေ့ဖူးသူ ဒုက္ခရောက်သောအခါ မိမိမှာ ဘာမျှထူးခြားမှုမရှိ၊ မသိလိုက် မသိဘာသာ နေသကဲ့သို့ ဖြစ်ပေသည်။

လူ့ပယ်လောကကို ထည့်တွက်ကြည့်ပါ။ အချို့သော လုလင်ပျိုလုံမပျိုတို့သည် မုန်းစရာကြီး၊ ကြည့်၍မရဘူး ဆိုရာမှ တော်တော်ကြာကြိုက်သွားတတ်၏။ ဤသို့ ဖြစ်ရသည်မှာ အခြား အကြောင်းကြောင့်မဟုတ်၊ ပထမ မုန်းသည်ဆိုသောအချက်ဖြင့် ဆက်သွယ်မိပြီး စိတ်အာရုံထဲ ရောက်လာ၏။ နီးစပ်လာ၏။ မုန်းခြင်းသည် လောကနည်းအားဖြင့် ပြောပါက စိတ်ဝင်စားမှုတစ်မျိုးပင် ဖြစ်၏။ အဘိဓမ္မာနည်းအရမူကား သံယောဇဉ်တွယ်မိခြင်း ဖြစ်ပေသည်။

ရိုးသားလွန်းသော မိဘအချို့သည် သမီးက သိပ်မုန်းတယ်ဆိုသည့်အခါ စိတ်ချထားကြ၏။ ချစ်တယ်ဆိုမှ စိတ်ပူတတ်၏။ တော်တော်ကြာတော့ သိပ်မုန်းတယ်ဆိုတဲ့ လူနောက် ပါသွားတတ်၏။ ထိုအခါ ထိုသို့သောမိဘမျိုးတို့သည် အဖြေမရှာတတ်ကြချေ။ ပဟေဠိဝင်္ကပါထဲမှာ မျက်စိလည်၍ကျန်ရစ်ရှာကြသည်။

အဘိဓမ္မာသဘာဝဉာဏ်ရှိသော မိဘများမူကား မုန်းတယ်ဟု ပြောလာလျှင် ထူးလာပြီဟု သတိပြုတတ်၏။ စိတ်မဝင်စားပါနဲ့၊ မေ့ပစ်ပါဟု ဖျောင်းဖျပေး၏။ အခြား နည်းလမ်းရှာပြီး အာရုံပြောင်းပေးကြ၏။

အချို့သောယောက်ျားတို့သည် ဉာဏ်အလွန်များ၏။ ကောက်ကျစ်စဉ်းလဲ၏။ မိမိအနေဖြင့် အရုပ်ကလည်းဆိုး၊ အကျည်းကလည်းတန်၊ မျိုးရိုးဇာတိကလည်း ခြားနား၊ ဘာသာစရိုက်ကလည်း ကွဲပြားနေသဖြင့် ပထမဦးစွာ ဘယ်နည်းနှင့်မှ ချစ်အောင်လုပ်၍ မရမှန်းသိကြ၏။ ထို့ကြောင့် မုန်းအောင် စ,ကြ၏။ မုန်းစရာဖြစ်သည့်အတွက် လွယ်လွယ်နှင့် အမုန်းစ၍ရကြ၏။ မိန်းကလေးက ထွီထွီ လုပ်၏။ ဤအဆင့်သည်ကား သူတို့အဖို့ မုန်းတီးခြင်းဖြင့် နီးစပ်မှုရရှိသွားလေသည်။ မုန်းသည့်အတွက် သူ၏ရုပ်ပုံ အမူအရာသည် မိန်းမပျိုတစ်ဦး၏ စိတ်အာရုံထဲ ဝင်ခွင့်ရသွား၏။

ပထမဦးစွာ အမုန်းဖြင့်နီးစပ်မှုရသွားရာမှ၊ (ဝ၁) အမုန်းသံယောဇဉ်ဖြစ်သွားရာမှ အချစ်သံယောဇဉ်သို့ နောက်တစ်ဆင့် ကူးယူသွားကြ၏။ ဤနည်းဖြင့် ယောက်ျားအရုပ်ဆိုးဆိုး၊ မဲမဲသဲသဲကြီးတွေနှင့် မိန်းမလှမိန်းမချောကလေးတွေ တတွဲတွဲ ဖြစ်သွားကြမှုများ အဘယ်မျှရှိလေမည်နည်း။ အဘိဓမ္မာသပ်၍ တစ်ခန်းရပ်စဉ်းစားကြည့်ကြပါကုန်။

ဤဆောင်းပါးကို သေချာစွာဖတ်ရှုပြီးလျှင် ဗုဒ္ဓအဘိဓမ္မာပညာသည် လက်ရှိလူနှင့်လူ ပတ်ဝန်းကျင်ဘဝလောကအတွက် မည်ကဲ့သို့အသုံးပြုနိုင်ကြောင်း၊ အကျိုးရှိနိုင်ကြောင်း ရိပ်မိနိုင်ပေရာ၏။ တစ်ဆက်တည်းပင် ဗုဒ္ဓအဘိဓမ္မာကို ဘာသာရေးသက်သက်ဟု ကင်မွန်းတပ်ပြီး တဟ်သင့်သော ပညာရပ်ထဲမထည့်ဘဲ ချောင်ထိုးသင့်မသင့်ကိုပါ ဝေဖန်နိုင်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးရှိအောင် ဗုဒ္ဓအဘိဓမ္မာကို အသုံးချနိုင်ကြပါစေရန် အာသီသပြုရပါသည်။

နှစ်ဖက်လှ

၁၉၈၅-ခု၊ ဩဂုတ်လ။

# မိဘနှင့် သံယောဇဉ်ပြဿနာ

မိဘတို့က သားသမီးများအပေါ် သံယောဇဉ် တွယ်တာမှုနှင့် ပတ်သက်၍ သံယောဇဉ်စစ်တမ်း ထုတ်ကြည့်ရန်ဖြစ်၏။ သံယောဇဉ် ဆယ်ပါးကို ဖော်ပြခဲ့ပြီးဖြစ်၏။ ယင်းဆယ်ပါးအနက် မိဘတို့မှာဖြစ်ကြသည့် သံယောဇဉ်များကို ဤသို့ စိစစ်အပ်၏။

သားသမီးသည် လိုချင်နှစ်သက်စရာ ကာမသတ္တဝါဖြစ်၍ မိဘတို့အဖို့ ကာမရာဂသံယောဇဉ် ဖြစ်ပေ၏။ ပြောစကား နားမထောင်၍ စိတ်အလိုမကျ၍ သားသမီးအပေါ် စိတ်ဆိုးရသောအခါ ပဋိဃသံယောဇဉ်ဝင်လာ၏။ သားသမီးအတွက် မာနတက်သည့်အခါ မာနသံယောဇဉ်ဖြစ်လာရသည်။

ဘဝနှင့်ယှဉ်စပ်ပြီးဖြစ်ရသည့် ဘဝရာဂသံယောဇဉ်အမြင်မှားသည့်အတွက်ဖြစ်ရသည့် ဒိဋ္ဌိသံယောဇဉ်၊ ကံ ကံ၏ အကျိုးတရားအပေါ် လုံးဝမယုံကြည်နိုင်သေး၍ ဖြစ်ရသည့် ဝိစိကိစ္ဆာ သံယောဇဉ်၊ သမာဓိနည်း၍ဖြစ်ရသည့် ဥဒ္ဓစ္စသံယောဇဉ်၊ အနိစ္စ စသည်အမှန်ကိုမသိ၊ နိစ္စ (မြဲတယ်) ဟု သိနေသည့်အတွက်ဖြစ်ရသည့် အဝိဇ္ဇာသံယောဇဉ်၊ ဤသံယောဇဉ်မျိုးကား ပုထုဇဉ်သဘာဝရှိပြီး ဖြစ်လေ၏။

မိဘနှင့် သားသမီးကိစ္စ၌ ရူပရာဂ၊ အရူပရာဂ သံယောဇဉ်၏ အရာမဟုတ်၊ အများအားဖြင့် မိဘသည် သားသမီးအပေါ် ဘယ်သောအခါမှ ငြူစူမည်မဟုတ်၍ ဣဿာသံယောဇဉ်မဖြစ်၊ သားသမီးကို ငါတို့ထက်သာလွန်မသွားပါစေနှင့်ဟု မနာလိုဝန်တိုမှု ဖြစ်မှာမဟုတ်၍ မစ္ဆရိယသံယောဇဉ်လည်း မဖြစ်ပေ။ ဤစကားသည် ခြွင်းချက်မရှိကား မဟုတ်၊ ယေဘုယျစကား ဖြစ်ပါ၏။

မြတ်စွာဘုရားအလောင်းတော် ဓမ္မပါလသတို့သား ဖြစ်စဉ်ဘဝက ဖခင်မှာ ဒေဝဒတ်အလောင်း ဖြစ်ခဲ့သည်။ တစ်နေ့တွင် မယ်တော် မိဖုရားသည် သားတော်လေးကို ချစ်ကြည်ဝမ်းသာ ချော့မြူနေခိုက်ဖြစ်၍ ဘုရင် ကြွလာတော်မူသည်ကို သတိမပြုမိရှာ။ ခမည်းတော် ဘုရင်သည် ခုနစ်လအရွယ် သားလေးအပေါ် မနာလိုစိတ်ဖြစ်ပြီး၊ ဒီမိဖုရားဟာ အခု တည်းက သားကိုဂရုပြုလွန်းသည်။ ဒီကောင်လေးကြီးလာလျှင် ငါ့အန္တရာယ်ဖြစ်မည်ဟု နှလုံးပိုက်ပြီး ဓမ္မပါလကလေးငယ်ကို သတ်ဖြတ်စေခဲ့ဖူးသည်။ ဤသည်မှ ခမည်းတော်ဘုရင်၌ မစ္ဆရိယ သံယောဇဉ်စပြီး ပဋိဃသံယောဇဉ်အထိကူးစက်၍ ကွပ်မျက်သည်အထိ ဖြစ်သွားရခြင်း ဖြစ်ပေသည်။ သို့သော် ဤဖြစ်ရပ်မျိုးကား အလွန်နည်းပါးဘိ၏။ သားသမီး ချမ်းသာလျှင် မနာလိုဝန်တိုမဖြစ်သော မိဘမျိုးသာ များပေသည်။

လူသည် မိမိကိုယ်ကို သံယောဇဉ် အတွယ်ဆုံးဖြစ်၏။ မိမိဘဝကို အတွယ်တာဆုံးဖြစ်၏။ မိမိကိုယ်ကိုမိမိ အချစ်ဆုံးဖြစ်၏။ ဤအချက်သည် အဘိဓမ္မာတွက်နည်းတစ်ရပ်၏ အခြေခံ(ဖော်မြူလာ)ဖြစ်၏။

လူသည် မိမိကိုယ်ကိုအတွယ်တာဆုံး အချစ်ဆုံး ဖြစ်သည့်အတွက် မိမိကိုယ်ကို ထိခိုက်စော်ကားခံရပါက ထိုစော်ကားသူကို အလွန်မုန်းတီးခြင်းဖြစ်၏။ အကယ်၍ မိမိကိုယ်ကို တွယ်တာမှုမရှိပါက စော်ကားခံရပါလျှင် ထိုသို့ စော်ကားသူအား မုန်းတီးမှု မဖြစ်ပေ။ သက်သေကား ရဟန္တာ အရှင်သူမြတ်များတည်း။ ရဟန္တာ အရှင်သူမြတ်တို့သည် သူတို့ကိုယ်ကို တွယ်တာစွဲမက်မှု မရှိကြတော့ချေ။ ထို့ကြောင့် သူတို့ကိုပြစ်မှား စော်ကားပါကလည်း စော်ကားသူအား စိတ်မဆိုးကြတော့ပေ။

ဤနည်းအတူပင် လူသည် မိမိကိုယ်ကို အတွယ်တာဆုံး၊ အချစ်ဆုံး ဖြစ်သည့်အတွက် မိမိအားအကျိုးပြုသူ၊ မိမိအလိုဆန္ဒ ဖြည့်တင်းသူကို အလွန်ချစ်၏၊ အလွန်တွယ်တာ၏။ အကယ်၍ ကိုယ့်ကိုယ်ကို တွယ်တာမှုမရှိသူတစ်ဦးဖြစ်ပါက မိမိအားမည်မျှလောက် အကျိုးပြုစေကာမူ ထိုအကျိုးပြုသူအပေါ် ချစ်ခင်နှစ်သက် စုံမက်တွယ်တာမှု သံယောဇဉ် မဖြစ်ပေ။ အထောက်အထားကား ရဟန္တာ အရှင်သူမြတ်များပင် ဖြစ်ပေသည်။ ရဟန္တာအရှင်သူမြတ်သည် သူ၏ကိုယ်ကို သံယောဇဉ်တွယ်တာခြင်း မရှိသည့်အတွက် သူ့အား အကျိုးပြုသူကိုလည်း တွယ်တာစွဲလမ်းမှု သံယောဇဉ် မဖြစ်ချေ။ ပြုကာမျှ ဖြစ်ကာမျှ တွေ့ကာမျှ ကြုံကာမျှ၌ပင် ရပ်သွားလေသည်။

ဤသဘောတရားကို လက်ကိုင်ပြုပြီး မိဘနှင့်သားသမီး မိသားစု ဘဝကို ဝေဖန်ဆန်းစစ်ကြည့်လျှင် ''မိဘ''တို့တွင် မိသည်ဘကို ဘသည် မိကို အတွယ်တာဆုံး အချစ်ဆုံးဖြစ်ပေသည်။ မိဘဟူသည် ဇနီးမောင်နှံ ကြင်ဖော်ကြင်ဖက် အကြင်လင်မယားဖြစ်၍ သူတို့ချင်း အတွယ်တာဆုံး၊ သံယောဇဉ်အဖြစ်ဆုံးဟု ဆိုရပေသည်။ အဘယ့်ကြောင့်နည်း၊ တစ်ဦး၏ အလိုကိုတစ်ဦးက အစွမ်းကုန် ဖြည့်တင်းပေးကြ၍ပေတည်း။

သားသမီးရလာသောအခါတွင်ကား မိမိ၏သွေးသားထဲမှ ဖြစ်ထွန်းလာသူဖြစ်သည့်အတွက် ငါ့သား၊ ငါ့သမီးဆိုသည့် ဒိဋ္ဌိသံယောဇဉ်၊ ချစ်စရာကလေးဆိုသည့် ကာမရာဂ သံယောဇဉ်၊ သားဂုဏ် သမီးဂုဏ် မောက်ပြီး ဖြစ်လာသည့် မာနသံယောဇဉ် စသည်တို့ ဖြစ်ပေါ်လာရပေသည်။

သဘာဝအားဖြင့် မြင်းများ၊ နွားများသည် မွေးပြီးမကြာခင် ထပြေးနိုင်သော်လည်း လူမှာ ၁-နှစ် ၂-နှစ်အရွယ်အထိ လမ်းကောင်းစွာ မလျှောက်နိုင်သေး၊ မွေးလာကတည်းက မိဘတို့က ယုယပိုက်ထွေး ကျွေးမွေးသုတ်သင်ပေးကြရသဖြင့် ယှဉ်စပ်မှု (သံယောဇဉ်)သည် အလွန်နီးကပ်လေသည်။

ဥရောပသား (အင်္ဂလိပ်စသည်) မိဘများသည် သူတို့၏ဓလေ့အရ သားသမီးနှင့် အတူအိပ်ခြင်း နည်းပါးကြသည်။ မြန်မာ ဗုဒ္ဓဘာသာ မိဘတို့မှာမူ သားသမီးကို နို့ဖြတ်သည့်အရွယ်မက မိခင်ရင်ခွင်ထဲမှာ ထား၍ အိပ်ကြသေးသည်။ ထို့ကြောင့် အနေနီးစပ်မှုပိုရှိ၏။ အချို့ သော တရုတ်လူမျိုးတို့သည် သူတို့၏ ရိုးရာယဉ်ကျေးမှုအရ သားသမီး အသက် ၁၈-နှစ်ပြည့် ကျော်လာသောအခါ ကိုယ့်စီးပွားကိုယ်ရှာဖို့၊ အိမ်ထောင်ပြုဖို့၊ မိဘတို့က တိုက်တွန်းလာ၏။ မြန်မာဗုဒ္ဓဘာသာ မိဘတို့မှာမူ သားသမီးကို မျက်စိအောက်က အပျောက်မခံလိုကြ၊ အသက် ၂၀ ကျော် သားသမီးကိုပင် ကလေးလို့ ထင်မြင်တွယ်တာကြပြီး မခွဲနိုင်မခွာရက် နေလိုကြသည်။ ထို့ကြောင့် အခြားသော လူမျိုးဘာသာဝင်မိဘတို့ထက် ယခု ဗုဒ္ဓဘာသာမိဘတို့က သံယောဇဉ်ပိုကြီးကြ၏။ ဝါ၊ ဘုရားမကြိုက် သောအလုပ်ကို ပိုလုပ်ကြ၏ဟူလို။

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ''ဟုဆိုပြီး မိမိတို့ ကိုးကွယ်ဆည်းကပ်ထားသော မြတ်စွာဘုရားက မိဘဝတ္တရား ၅ ပါးကိုချမှတ်ပေးပြီး သားသမီးကို (အထူးသဖြင့်သမီးကို) အရွယ်ရောက်လျှင် ထိမ်းမြားပေးရမည်ဟု

ဟောကြားထားပါလျက် ဗုဒ္ဓဘာသာမိဘတို့က မလိုက်နာကြဘဲ သမီးက မတော်တဲ့လူနောက် လိုက်သွားတော့မှ မဟာအရှက်ရ၍ မျိုးပျက်မ အိမ်မလာနဲ့ဆိုပြီး သောကပရိဒေဝမီး တောက်လောင်ကြရှာသည်။

ဤတွင် မိဘနှင့်သံယောဇဉ်အကြောင်း ရေးသားသည့်နေရာဖြစ်၍ မိဘနှင့်ဗြဟ္မစိုရ်အကြောင်းကို အကျယ်ဖော်ပြခွင့်မရှိပေ။ သတိပြုရန်အချက်ကား မိဘတို့သည် သားသမီးအပေါ် သံယောဇဉ်ချည်းသက်သက်ဖြစ်နေသည်မဟုတ်၊ စိတ်အလှည့်အကြိမ်ပြောင်းလဲပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရားလည်း ဖြစ်တိသေး၏။

သားသမီး အပေါ် အကျိုးလိုလားသော စိတ်ကောင်းသည် မေတ္တာစိတ်ဖြစ်၏။ သားသမီးငယ်နုစဉ်နှင့် ဆင်းရဲဒုက္ခရောက်သောအခါ သနားခြင်းကရုဏာဖြစ်၏။ သားသမီး တတ်မြောက်အောင်မြင်ချမ်းသာ၍ ဝမ်းသာရသောမိဘ၌ မုဒိတာဖြစ်၏။ ရင့်ကျက်သောမိဘသည် သားသမီးများဆင်းရဲချမ်းသာကြုံရမှုနှင့်စပ်လျဉ်း၍ သူ့ကံနှင့်သူပဲဟုဥပေက္ခာစိတ်ထားတတ်၏။

သို့သော် မေတ္တာနှင့် ကာမရာဂသံယောဇဉ်သည် သဘာဝချင်းနီးစပ်၏။ မေတ္တာစစ်မဖြစ်နိုင်သောအခါ သံယောဇဉ်ဘက်သို့ သက်ဝင်၏။ ကရုဏာနှင့်သောကသည်နီးစပ်၏။ အေးအေးသာသာကရုဏာသက်သည်တက် စိုးရိမ်သည့်ဘက်သို့ ရောက်သွားတတ်၏။ သားသမီးကောင်းစား၍ ဝမ်းသာရာတွင်လည်း အေးမြသောမုဒိတာစစ်စစ် မဖြစ်ပါက သံယောဇဉ်ကစောင့်နေ၏။ သူ့ကံနှင့်သူပဲဟု ဉာဏ်သက်ဝင်နိုင်ခြင်းမရှိဘဲ ဖြစ်ချင်ရာဖြစ်ဟုပစ်ထားပါက အဝိဇ္ဇာသံယောဇဉ်၏နယ်ထဲသို့ ရောက်သွားတတ်ပေသည်။

မိဘနှင့်သံယောဇဉ်အကြောင်း ပြန်ကောက်ရသော် မြန်မာဗုဒ္ဓဘာသာမိဘများသည် လက်လှမ်းမီသမျှသိရှိရသော လူမျိုးခြားဘာသာခြားတို့ထက် သားသမီးအပေါ် သံယောဇဉ်ပိုကြီး၏။ (ဗြဟ္မစိုရ်ပိုကြီးခြင်းမဟုတ်)။ ဤသို့ ဖြစ်ရသည်မှာလည်း မြန်မာ့ဓလေ့အစဉ်အလာကြောင့်ဖြစ်ဟန်တူ၏။

သို့သော် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ဆည်းကပ်လျက်ရှိသော တရားတော်အရပ်ရပ်၌ သံယောဇဉ်ပိုကြီးစေဖို့ တွန်းအားပေးသော

တရားဓမ္မအဆုံးအမ တစ်စုံတစ်ရာမျှ မတွေ့စဖူး၊ သံယောဇဉ်ဆိုသည်မှာ အကုသိုလ်ဖြစ်ကြောင်း၊ အကုသိုလ်ဆိုသည်မှာဒုက္ခကိုသာဖြစ်စေကြောင်း တဖွဖွဟောကြားထားသည်ကိုသာ တွေ့ရ၏။

သို့ရာတွင် ယနေ့ဗုဒ္ဓဘာသာမိဘတို့ကား ဘုရားစကားကို နား မထောင်ကြ၊ ဗုဒ္ဓတရားကိုအလေးဂရုမပြုကြ၊ မလိုက်နာကြ၊ မိမိအသက် ရှိစဉ်မှာ လုပ်သင့်တာကိုလုပ်မပေးကြ၊ ဤသို့နှင့်အသေခံသွားကြသော အခါ ကျန်ရစ်သူသားသမီး (အထူးသဖြင့်သမီး) ကလေးများမှာ မုဆိုးမ သမီး၊ မုဆိုးဖိုသမီး၊ မိဘမဲ့သမီးဘဝဖြင့် ဆင်းရဲညှိုးငယ်ကျန်ရစ်ရရှာပြီး တချို့အမျိုးပျက်၊ ဘာသာပျက်ဘဝအထိ ရောက်ကြရလေတော့သတည်း။

နှစ်ဖက်လှ
၁၉၈၅-ခု၊ စက်တင်ဘာလ။

# လူ့သဘာဝဆိုးများ၏ လျှို့ဝှက်ဆန်းကြယ်သော စီမံဖန်တီးမှုများ

လောဘ၊ ဒေါသ၊ မောဟစသောအကုသိုလ်တရားများနှင့် ပတ်သက်၍ သဘောအဓိပ္ပာယ်အခြေခံလောက်ကိုသာ အသိများကြ၏၊ ထိုပာရေးတို့၏ စွမ်းအင်သတ္တိတို့ကိုမူ ရေဆုံးရေဖျားသိမှု နည်းပါးကြပေသည်။ ဤသိပ္ပံမဂ္ဂဇင်း၌ အာသဝေါတရားရှင်းလင်းချက်မှစ၍ လောဘ၊ ဒေါသစသောအကုသိုလ်တို့၏အရာကျယ်ပုံကို ဖော်ပြလာခဲ့သောဆောင်းပါးများကို ဖတ်ရှုလေ့လာမိကြသူများအနေဖြင့်မူကား ယင်းလောဘ၊ ဒေါသ၊ မောဟစသော လူ့သဘာဝစရိုက်ဆိုးများ၏ လျှို့ဝှက်ဆန်းကြယ်လှသော စီမံဖန်တီးမှုများကို ရိပ်မိကြလိမ့်မည်ဖြစ်ပေသည်။

ဤဆောင်းပါး၌ လူ၏လက်ဝဲသဘာဝဖြစ်သော အကုသိုလ်စေတသိက်တို့က လူသားကို မည်သို့မည်ပုံခြယ်လှယ်နေကြကြောင်း စုပေါင်းဖော်ပြအပ်ပါသည်။

လောဘအစရှိသော အကုသိုလ်စေတသိက်တို့၏ သဘာဝသတ္တိအရပေါ်ပေါက်လာသော ပရမတ်လက္ခဏာတို့မှာ ၉-မျိုးဖြစ်၏၊ ယင်းတို့ကား အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာတို့ပင်ဖြစ်ပေသည်။ ယင်း ၉-မျိုးသည် တခြားမှာဖြစ်သော အရာများမဟုတ်ကြ၊ ယခုစာဖတ်နေသူအပါအဝင် လူသတ္တဝါတို့၌ ဖြစ်ပျက်ပြုပြင်နေသော ကိုယ်တွင်းပယောဂများသာ ဖြစ်ပေသည်။

လောဘသည် အာသဝလည်းဖြစ်၏၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာလည်းဖြစ်၏၊ ၉-မျိုး

လုံးဖြစ်၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၌ နေ့စဉ်ဖြစ်နေသော လောဘသည် အရက်ကဲ့သို့ ကျွန်ုပ်တို့အား ယစ်မူးစေ၏၊ စွဲလမ်းစေ၏၊ အရက်သည် မိမိကိုစွဲ၍သောက်သောသူအား ထပ်၍ထပ်၍သောက်အောင် ဆွဲဆောင်သကဲ့သို့ လောဘသည်လည်း မိမိကိုဖြစ်စေသည့်လူအား ထပ်၍ထပ်၍ ဖြစ်စေ၏။ 'ရလေ လိုလေ အိုဘခွေး' ဆိုသည်မှာ လောဘအတွက် စကားပုံကောင်းတစ်ခုဖြစ်ပေသည်။ ထို့ပြင် ဝန်ဆောင်နွားလား၏နောက်သို့ လှည်းဘီးသည်ထက်ကြပ်မကွာ လိုက်ပါနေသကဲ့သို့ လောဘသည်လည်း ကျွန်ုပ်တို့နေဝသည်ာ အရှုပခြပ်ဟ္မာကြီးဖြစ်ပြီး ဘဝဂ်ဘုံသို့တက်ပြေးသော်မှ မနေရစ်ခဲ့၊ ထက်ကြပ်မကွာလိုက်ပါလာ၏၊ သောတာပန်ဖြစ်အောင် အားထုတ်၍ သံသရာမှရုန်းထွက်ရာ၌ပင် မဂ်အနီးအနားအထိ အဟင်းလိုက်သေး၏၊ ဤကား လောဘ၏စွမ်းပကားပေတည်း။ ထိုသို့သော လောဘ၏စွမ်းပကားကိုထောက်၍ လောဘကို 'အာသဝေါတရား' ဟူ၍ ထပ်မံကင်ပွန်းတပ်ရပြန်ပေသည်။

သမုဒ္ဒရာဝဲဩဃရေအယဉ်သည် အလွန်ကြမ်းတမ်း၏။ မိမိဝဲထဲသို့ ကျရောက်လာသောသတ္တဝါတို့ကို နှစ်၍သတ်ဘိ၏၊ ဖျက်ဆီးပစ်၏၊ ဤနည်းတူ လောဘသည်လည်း မိမိကိုလက်ခံဖြစ်ပေါ်စေသည့်လူကို ဘေးဒုက္ခအန္တရာယ်အမျိုးမျိုး၊ ပြဿနာအမျိုးမျိုးတွေ့ကြုံစေ၏၊ ပျက်စီးစေ၏၊ လောဘသည် လူကို ဘဝအမောဆို့စေ၏၊ ထိုသူသည် ဘဝသံသရာရေယဉ်ကြောမှာ မျောပါလျက်သာနေရရှာပြီး လောဘဝဲဩဃကြီးထဲ၌ စုန်းစုန်းနစ်မြုပ်ပျက်စီးလေသည်။ ဤကဲ့သို့သော လောဘ၏လက်စွမ်းလက်စကိုကြည့်ပြီး လောဘကို 'ဩဃတရား' အဖြစ်လည်း ရှုမြင်ထားပေသည်။

ထို့ပြင် ကမ္ဘာမြေကြီး၏ဆွဲအားသည် လူသူသတ္တဝါအရာဝတ္ထုမှန်သမျှကို မြေကြီးမှလွတ်ထွက်မသွားရအောင် ဆွဲထား၏။ သို့ဖြစ်၍ လူသူသတ္တဝါ အရာဝတ္ထုတို့သည် ကမ္ဘာမြေကြီးနှင့် ယှဉ်စပ်နေရ၏။ ကမ္ဘာ့ဆွဲအားမှ လွတ်ထွက်မသွားနိုင်ကြပေ။ ဤနည်းတူ လောဘသည်လည်း လူကို ဘဝသံသရာမှ လွတ်မြောက်၍မသွားနိုင်အောင် ဆွဲထား၏။ လောဘ၏ဆွဲအားကြောင့် လူသားသည် ဘဝသံသရာထဲမှာသာ လည်ပတ်နေပေသည်။ ဤသို့သော လောဘ၏ စွမ်းရည်တစ်ရပ်ကိုကြည့်ပြီး သူ့ကို 'ယောဂတရား' ဟုလည်း ခေါ်ထားပြန်လေသည်။

လောဘကင်းလျှင် ရှင်း၏၊ လောဘဖြစ်လျှင် ရှုပ်၏။ လောဘဖြစ်လာသည်နှင့် သန့်ရှင်းဖြူစင်ဖြောင့်ဖြူးသောစိတ်၌ အဖု အထစ် အထုံး အဖွဲ့တွေ ထလာရလေသည်။ ထို့ပြင် ကြိုးကိုမချည်ဘဲထားလျှင် အထုံးမဖြစ်၊ ချည်သည့်တုပ်သည့်အခါ အဖုအထစ်အထုံး ဖြစ်လာ၏။ ဤနည်းတူ လောဘအထုံးအဖွဲ့ဖြစ်လာသောအခါလူကိုတုပ်ချည်ပြီးဖြစ်ပြန်၏။ လူမှုဒုက္ခတွေ ဘဝပြဿနာတွေ အိုမှု နာမှု သေမှုတွေမှ မလွတ်မြောက်နိုင်အောင် လူကို လောဘက ခိုင်ခိုင်မြဲမြဲ ချီထားလိုက်ပေသည်။ ဤသို့သော သတ္တိကို ဖော်ထုတ်ရှုမြင်၍ လောဘကို 'ဂန္ထတရား'ဟုလည်း ခေါ်ရပြန်သည်။

လောဘသည် သာမန်လိုချင်တပ်မက်သည့်အဆင့်က ကျော်လာတတ်၏။ မရမနေ သိပ်လိုချင်တတ်၏။ လိုချင်လွန်းအားကြီးတော့ စွဲလမ်းလာ၏။ ဘယ်သူဖျက်လို့မှမရအောင် တမ်းတမ်းစွဲဖြစ်လာတတ်၏။ မိမသိ၊ ဖမသိ၊ မီးမသိ၊ ရေမသိ၊ ဘေးမသိ။ ရန်မသိ အာသာငန်းငန်းတစ်ဇွတ်ထိုး အရကြိုးပမ်းလာတတ်၏။ ဤကဲ့သို့ အပြင်းအထန် လိုချင်စွဲလမ်းလာတတ်သည့် အတွက် လောဘကို 'ဥပါဒါန်တရား'ဟုလည်း နာမည်ပေးရပြန်လေသည်။

လူသည် ဗုဒ္ဓမြတ်စွာသာသနာနှင့်တွေ့ကြုံရ၍ အယူမှန်၊ စိတ်ထားမှန်၊ ခံယူချက်မှန်ရှိသည့်အတွက် ဈာန်ရဖို့ မဂ်,ဖိုလ်,နိဗ္ဗာန်ရဖို့ စိတ်ကူးရှိလာသောအခါ လောဘသည် ဝင်၍တားမြစ်၏။ အားမထုတ်ဖြစ်အောင် ဖျက်၏။ အားထုတ်ပြန်တော့လည်း တရားထူးမရနိုင်အောင် ကာကွယ်၏။ ဤကဲ့သို့ ဖြူစင်မြင့်မြတ်သော ကုသိုလ်ထူး အဆင့်ထူးတွေမရအောင် ပိတ်ပင်တားဆီးတတ်သည့်အတွက် လောဘကို 'နီဝရဏတရား'ဆိုးပဲဟု ဆိုရပြန်လေသည်။

လောဘသည် တခြားမှာမနေ၊ လူ၌သာနေ၏။ နေသည့်အခါ၌လည်း ပါးပါးနပ်နပ်နေ၏။ သူ့အကွက်မပေါ်လျှင် သူရှိမှန်းပင်မသိရအောင် သေသေဝပ်ဝပ်နေတတ်၏။ လောဘသည် လူ၌ အမြဲကိန်းအောင်းနေ၏။ လူသေ၍ဘဝကူးသော်မှ လောဘဓာတ်သည် မသေချေ။ သူ့ကိုနိုင်သည့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မရှင်းနိုင်သမျှ သူရှိမြဲရှိနေပေသည်။ ဤသို့ တိတ်တခိုးကိန်းအောင်းနေရာမှ သူ့အကွက်ပေါ်လာလျှင် သူအထင်အရှား ပေါ်လာလေသည်။ ဤကဲ့သို့ လူ၌ ပုန်းကွယ်ကိန်း

အောင်းနေတတ်သည့်အတွက် သူ့ကို 'အနုသယတရား'ဟုလည်း ခေါ်ရပြန်လေသည်။

မြစ်တွင်း ချောင်းတွင်း၌ ဗေဒါတို့သည် ရောက်ချင်ရာရောက် မျောချင်ရာမျောနေကြ၏။ ကောင်းကင်ပြင်၌ မိုးတိမ်တို့သည် လေဦးတည့်ရာ ပါချင်ရာတိုင်းပါနေကြ၏။ ဗေဒါနှင့်မိုးတိမ်တို့သည် ဘယ်နေရာဟာ ငါတို့နေရာဟူ၍မရှိ၊ ရောက်နေရာမှ မူလနေရာသို့ ပြန်ဦးတည်မည်ဟုမရှိ၊ မျောချင်ရာမျော၊ ပါချင်ရာပါ၊ ရောက်ချင်ရာရောက် နေကြလေသည်။ လူတစ်ဦးသည် ဗေဒါကဲ့သို့ လည်းကောင်း၊ မိုးတိမ်ကဲ့သို့ လည်းကောင်း အမှီအတွယ်မရှိ၊ ရောက်ချင်ရာရောက်၊ နေချင်ရာနေ၊ အဘယ့်ကြောင့်ဖြစ်မနေပါသနည်း။ ဒါငါ့ဟာ၊ ဒီနေရာငါ့နေရာ၊ ဒီအိမ်ငါ့အိမ်၊ သူဟာ ငါ့ဇနီး(ငါ့ခင်ပွန်း) ငါ့သား၊ ငါ့သမီး စသည်ဖြင့် တွယ်တာပြီး ဝေးဝေးမသွားနိုင်၊ ကြာကြာမခွဲနိုင်၊ ဘယ်လောက်ဝေးသည့်အရပ်သို့ ရောက်ရရောက်ရ၊ ပြန်ဖြစ်အောင် ပြန်လာကြ၊ စိတ်မချ၊ မနေတတ်ဖြစ်ကြရခြင်းသည် အဘယ့်ကြောင့်နည်း၊ အဖြေကား လောဘတရားကြောင့်ပေတည်း။ လူ၌ဖြစ်သောလောဘသည် လူကို သူ၏ဝန်းကျင်နှင့် ဆက်စပ်ပေး၏။ သူ၏ဝန်းကျင်ကို တွယ်တာစေ၏။ သူ၏ဝန်းကျင်နှင့် သူ့ကိုကြိုးဖြင့်ချည်ပေးထားသကဲ့သို့ ခိုင်မြဲစေ၏။ ဤသို့သော လောဘ၏စွမ်းပကားတစ်မျိုးကို အရင်းခံ၍ လောဘကို 'သံယောဇဉ်တရား'ဟူ၍ နာမည်တိုးပေးရပြန်လေသည်။

လူသည် ဗုဒ္ဓဓမ္မ စာပေကျမ်းဂန်များကို ဖတ်ရှုနေသော အခါ ဘုရားရှိခိုး ပုတီးစိပ်နေသောအခါ စိတ်အေးမြ ချမ်းသာနေ၏။ အများအကျိုးကို ဆောင်ရွက်ခြင်း၊ အလုပ်ကိစ္စအဝဝကို ကြိုးစားအားထုတ်ဆောင်ရွက်ခြင်း၊ လူနှင့်တိရစ္ဆာန်တို့အပေါ် ချစ်ခင်နှစ်သက်ခြင်းစသည်ဖြင့် အပြစ်ကင်းသောအလုပ်တို့ကို လုပ်နေသောအခါ မည်သည့်ကိုမျှ မတွေးဘဲ ပတ်ဝန်းကျင် အမြင် အကြား အသိ သာမန်ဖြစ်နေသော အခါတို့၌ စိတ်အေးမြလျက်ရှိလေသည်။ သို့သော် တစ်ခုခုကိုလိုချင်လာပြီ၊ သိပ်လိုချင်လာပြီဆိုလျှင် စိတ်မအေးရတော့ပေ။ မအေးရုံတွင်မက အလိုချင်ကြီးလေလေ စိတ်ပူရလေလေ ဖြစ်လာတော့သည်။ စိတ်ပူလွန်းလျှင် ရုပ်ခန္ဓာကိုယ်ကာယပါ ပူလောင်လာတော့သည်။ သို့ဖြစ်သည့်အတွက် လောဘကို 'ကိလေသာတရား'ဟုလည်း ခေါ်ရပြန်လေသည်။

ပြန်၍ချုပ်ကြည့်လျှင် 'လောဘဆိုတာ လိုချင်တပ်မက်တတ်သော သဘာဝတရား' ဟူ၍ ဤမျှသာမကဘဲ လောဘဆိုတာ ယစ်မူးစေခြင်း၊ ယိုစီးစေခြင်း၊ နှစ်သက်တတ်ခြင်း၊ ဘဝသံသရာ၌ ယှဉ်စပ်စေခြင်း၊ တုပ်ချည်တတ်ခြင်း၊ ပြင်းစွာစွဲလမ်းစေခြင်း၊ ပိတ်ပင်တတ်ခြင်း၊ ပုန်းကွယ်ကိန်းအောင်းတတ်ခြင်း၊ တွယ်တာစေတတ်ခြင်း၊ ပူလောင်စေတတ်ခြင်း သတ္တိရှိသည့် သဘာဝတစ်မျိုးပါတကားဟု ဤအထိ သိရှိဖို့ လိုအပ်ပါပေသည်။ သို့မှသာ အဘိဓမ္မာမျက်စိအမြင်ကျယ်မည်ဖြစ်ပါသည်။

လူတွင် လောဘ တစ်မျိုးတည်းသာ ရှိသည်မဟုတ်၊ (ယခင်ဆောင်းပါးများ၌ ဖော်ပြပြီးခဲ့သည့် အတိုင်း) အကုသိုလ် သဘာဝ ၁၄-မျိုးရှိနေပေသည်။ လောဘမှတစ်ပါး ကျန်သော ၁၃-မျိုးတို့အနက် ဒိဋ္ဌိသည် ပိတ်ပင်တားဆီးသည့် နီဝရဏ သဘာဝမှ တစ်ပါး လောဘတွင်ဖော်ပြခဲ့သော ကျန်သဘာဝ (၈)မျိုးဖြစ်ပေသည်။ ဆိုလိုသည်မှာ ဒိဋ္ဌိစေတသိက်သည် အာသဝလည်းဖြစ်သည်။ သြဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာလည်း ဖြစ်သည်ဟူလို။ နီဝရဏသည် ပရမတ္ထဓမ္မတို့၏ အလုပ်ကိစ္စပိုင်းဖြစ်၏။ ဒိဋ္ဌိသည်ကား မှားယွင်းသောအမြင်ပိုင်းဖြစ်၏။ ထို့ကြောင့် နီဝရဏအထဲ၌ ဒိဋ္ဌိမပါခြင်းဖြစ်သည်။

မောဟသည် ဂန္ထနှင့် ဥပါဒါန်မဖြစ်။ ကျန်သောအာသဝ စသည် (၇) မျိုးဖြစ်၏။ မောဟ၏ သဘောသည် သစ္စာကိုမသိခြင်း၊ တွေဝေခြင်းဖြစ်၍ တုပ်ချည်သည့်သဘောဂန္ထ၊ ပြင်းစွာစွဲလန်းသည့် သဘောဥပါဒါန်တို့နှင့် မသက်ဆိုင်ခြင်း ဖြစ်ပေသည်။

ဒေါသ (ပဋိဃ) သည် ဂန္ထ၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ ဤ(၅) မျိုးသာဖြစ်၏။ အာသဝ၊ သြဃ၊ ယောဂ၊ ဥပါဒါန် မဖြစ်ပေ။

ဝိစိကိစ္ဆာသည် နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ ဤ (၄) မျိုးသာဖြစ်၏။ အာသဝစသည့် ကျန် (၅) မျိုးမဖြစ်ပေ။

မာနသည် အနုသယ၊ သံယောဇဉ်၊ ကိလေသာ ဤ (၃)မျိုးသာ ဖြစ်၏။ ကျန် (၆) မျိုးမဖြစ်ပေ။

ဥဒ္ဓစ္စသည် နီဝရဏ၊ သံယောဇဉ်၊ ကိလေသာ ဤ (၃) မျိုးသာ ဖြစ်ပြီး ကျန် (၆) မျိုးမဖြစ်ပေ။

ထိနသည် နီဝရဏနှင့် ကိလေသာ နှစ်မျိုးတည်းသာ ဖြစ်၏။

ကုက္ကုစ္စ သည် နီဝရဏ တစ်မျိုးတည်းသာဖြစ်၏။

မိဒ္ဓသည်လည်း နီဝရဏ တစ်မျိုးတည်းသာ ဖြစ်၏။

အဟိရိက သည် ကိလေသာတစ်မျိုးတည်းသာ ဖြစ်၏။

အနောတ္တပ္ပ သည်လည်း ကိလေသာတစ်မျိုးတည်းသာ ဖြစ်၏။

ဣဿာ သည် သံယောဇဉ်တစ်မျိုးတည်းသာ ဖြစ်၏။

မစ္ဆရိယသည်လည်း သံယောဇဉ်တစ်မျိုးတည်းသာဖြစ်၏။ ကျန် (၈) မျိုးမဖြစ်ပေ။ ဆိုလိုသည်မှာ မစ္ဆရိယ (သဝန်တိုမှု) အာသဝေါ တရားဟူ၍မရှိ။ မစ္ဆရိယ ကိလေသာဟူ၍ မရှိ စသည်ကို ဆိုလိုပေသည်။

ဝါသနာပါသူ၊ ပါရမီခံရှိသူ၊ ဉာဏ်ကြီးရင့်သူတို့ အနေဖြင့် လောဘ၊ ဒိဋ္ဌိစသော အကုသိုလ်စေတသိက် (သဘာဝ) (၁၄) မျိုးနှင့် အာသဝ၊ ဩဃစသည့် ပရမတ္ထကိရိယာ (သဘာဝအမူအရာ) (၉) မျိုး တို့ကို တစ်ခုစီ ထင်ဟပ်ယှဉ်စပ်ပြီး ဘယ်လိုအာသဝဖြစ်တယ်၊ ဘာ့ကြောင့် အာသဝမဖြစ်တယ် စသည်ဖြင့် ဖြစ်ပုံ၊ မဖြစ်ပုံတို့ကို အနုစိတ်ဝင်စား ကြည့်မည်ဆိုပါက ကုသိုလ်တရားတိုးပွားမည့်အပြင်၊ စူးရှထက်မြက်သော မိမိ၏ဉာဏ်အမြင်ကို အရောင်တင်ပေးရာလည်း ရောက်ပေလိမ့်မည်။အကျိုး ဆက်အားဖြင့် ဘဝပြဿနာများကို စဉ်းစားရာ၌ ဉာဏ်ပညာ သွက်လက် ချက်ချာလာပြီး အမှားအမှန် ခွဲခြားသိရှိ၍ အကျိုးရှိအောင် ဆုံးဖြတ်စီမံ နိုင်လာလိမ့်မည် ဖြစ်ပေသည်။

ဤဆောင်းပါးသည်ကား နည်းပေးလမ်းပြသဘောသာ ဖြစ်ပေ သည်။ အကျယ်ရှင်းလင်းရေးသား၍ ပြည့်စုံကုန်လုံဖွယ် မရှိပါချေ။

နှစ်ဖက်လှ
၁၉၇၅-ခု၊အောက်တိုဘာလ။

# သင်ခန်းစာသစ် မာတိကာခုနစ်

ဗုဒ္ဓအဘိဓမ္မာပညာသည် ခက်၏။ သို့သော် ပညာရပ်ကို စီစဉ် ဟောကြားထားပုံမှာ အထူးတလည် စနစ်တကျ ရှိလှသဖြင့် လေ့လာသူက စနစ်တကျ လေ့လာတတ်လျှင် တတ်သိ နားလည် နိုင်ပါသည်။ ယုတ်စွအဆုံး မိမိဘဝ နှင့် ဘဝပတ်ဝန်းကျင်အတွက် အသုံးချနိုင်လောက်အောင် မှန်ကန်သောအသိအမြင်ကို ရစေနိုင်ပါသည်။

လူသည် (ဝါ) မိမိကိုယ်သည် ရုပ်, နာမ်နှစ်မျိုး၏ အဖွဲ့အစည်းမျှသာဖြစ်သည်။ သို့ဖြစ်၍ ရုပ်, နာမ်ဟူသော အခြေခံအချက်နှစ်ရပ်ကို မှတ်သားရန်ဖြစ်၏။ တစ်ဖန် နာမ်၌ စိတ်နှင့်စေတသိက်ဟူ၍ သဘောတရားနှစ်ရပ်သာ ပါဝင်သည်။ သို့ဖြစ်၍ 'စိတ်၊ စေတသိက်' ဟူသော အချက်နှစ်ရပ်ကို မှတ်သားရန်ဖြစ်၏။

စေတသိက်၌ အရေအတွက် (၅၂) မျိုးသာ ရှိသည်။ (ယခင် ဆောင်းပါး၌ ဖော်ပြခဲ့ပြီးဖြစ်၏။) ထို့ကြောင့် စေတသိက် (၅၂) မျိုးကို လေ့လာကျက်မှတ်ရန် ကြိုးစားရမည်ဖြစ်ပေသည်။

မြတ်စွာဘုရားသည် ရုပ်, နာမ်, စိတ်, စေတသိက်ဟူသော ပရမတ္ထသဘာဝကိုသာလျှင် ရှုထောင့်စုံက ကြည့်မြင်ပြီး အမျိုးမျိုးအဖုံဖုံ ဖော်ထုတ် ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။ ပိဋကတ္တကောက်မရသည့် ပရမ်းပတာစကားရပ်မျိုး၊ ပညာရပ်မျိုးကို ဟောကြားခဲ့ခြင်းမဟုတ်ပေ။ သို့ဖြစ်၍ လေ့လာဖတ်ရှုသူတို့အနေဖြင့် တည်တည်ငြိမ်ငြိမ် လေ့လာဖို့သာ လိုပေသည်။

အကုသိုလ်စေတသိက်ရှိသမျှကို ဖော်ထုတ်ပြပြီး၊ ယင်း စေတသိက်တို့၏ စွမ်းရည်သတ္တိကို ဖော်ထုတ်လိုက်သောအခါ အာသဝေါတရား၊

သြဿတရှူး စသည့် သဘာဝနယ်ကြီး ပြန့်ကားထွက်လာခဲ့သည်။ ယင်းတို့ကို ယခင်ဆောင်းပါးများဖြင့် ဖော်ပြခဲ့ပေပြီ။

ယခုဘစ်ဖန် စိတ်, စေတသိက် နှင့် ရုပ်အားလုံးတို့ကိုပင် တစ်မျိုးတစ်ဖုံသုံးသပ်၍ အရေးကြီးသောသိမှတ်ဖွယ်တို့ကို ဖော်ထုတ်ပြသတော်မူပြန်သည်။ ယင်းသို့ဖော်ပြရာ၌ စနစ်တကျ မာတိကာစဉ် ချပြတော်မူခဲ့သည့်။ ယင်းမာတိကာစဉ်ကား 'ဟိတ်၊ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ၊ အာဟာရ' ဟူသော ခုနစ်မျိုးတည်း။ ယင်း ခုနစ်မျိုးဖြင့် လူ၌ရှိသော ရုပ်, နာမ်သဘာဝတို့၏ ပရမတ္ထသတ္တိတို့ကို ဆက်လက် ဖော်ပြထားလေသည်။

ဟိတ် (ဟေတု) ၏အဓိပ္ပာယ်မှာ ထောက်ပံ့ခိုင်ခံ့စေသည့်သဘောဖြစ်၏။ဘာကိုထောက်ပံ့ခိုင်ခံ့စေသလဲဟုတစ်ဆင့်တက်မေးလျှင် မိမိ (ဟိတ်) နှင့်အတူတကွဖြစ်သော ရုပ်တရား၊နာမ်တရားတို့ကိုထောက်ပံ့ခိုင်ခံ့စေသည်ဟုအဖြေထွက်ပေသည်။ ဟိတ်၏သဘာဝကို နားလည်စေရန် အဋ္ဌကထာဆရာကြီးများက သစ်ပင်၏ ရေသောက်မြစ်နှင့် နိမိတ်ပုံ ဖော်၍ပြခဲ့ကြသည်။ မြေစိုက်သစ်ပင်ကြီးတစ်ပင်၏ အခြေကိုကြည့်လျှင် သစ်မြစ်များကိုတွေ့ကြရသည်။ သစ်မြစ်များအနက် ရေသောက်မြစ် (ခေါ်) အခြေစိုက်အဓိက အမြစ်လည်း ပါသည်။ ယင်း ရေသောက်မြစ်သည် ထိုသစ်ပင်ရှင်သန်အောင် ထောက်ပံ့၏။ ခိုင်ခံ့စေ၏။ ရေသောက်မြစ် ကောင်းလျှင် သစ်ပင်မှာ သစ်ငုတ်တို ဖြစ်ရစေကာမူ အပင်ကိုမသေစေဘဲ အခက်၊ အလက်၊ အရွက်များ ပြန်လည်ထွက်ပေါ် ရှင်သန်စေပေသည်။

ဤရေသောက်မြစ် ဥပမာကဲ့သို့ပင် မိမိနှင့်တကွဖြစ်သော ရုပ်တရား၊ နာမ်တရား(ဝါ)လူ၏ကိုယ်ခန္ဓာအား ထောက်ပံ့ခိုင်ခံ့စေသောသဘာဝတရားကို ဟိတ်(ဟေတု)ဟု မြတ်စွာဘုရားက နာမည်မှည့်၍ ဖော်ပြတော်မူခဲ့လေသည်။

'ဈာနင်' ဆိုရာ၌ ဈာန+အင် ဟု နှစ်ပုဒ်ပါဝင်၏။ ဈာန်(ဈာန) ဆိုသည်မှာ အာရုံကို သာမန်ကာလျှံကာ ခပ်ခွာခွာအဝေးကရှုတတ်သောတရားမျိုးမဟုတ်၊ စူးစူးစိုက်စိုက် အနီးကပ်ရှုတတ်သောသဘာဝတရားမျိုးဖြစ်၏။ ထိုသို့ရှုတတ်သဖြင့် ဈာန်ဟုခေါ်ရသည့်သဘာဝတရားအပေါင်းထဲမှ တစ်ခုစီအစိတ်စိတ်ကို (ဈာန+အင်=ဈာနင်)အရ 'ဈာနင်' ဟု ခေါ်

ရပေသည်။ အနီးကပ်စူးစိုက်ရှုတတ်သော စေတသိက်များ၏ စွမ်းရည်သတ္တိပေတည်း။

'မဂ္ဂင်' ဆိုတဲ့အချက်မှာ မဂ္ဂ+အင်္ဂ ဟု ပုဒ်နှစ်ပုဒ်ပါဝင်၏။ 'မဂ္ဂ' သည် 'လမ်း'ဟူသောမြန်မာစကားနှင့် အနက်တူ၏။ 'လမ်း'ကိုစဉ်းစားကြည့်လျှင် ခရီးသွားများသွားလိုသည့်ခရီးရောက်ဖို့ ပဓာနအကြောင်းရင်းဖြစ်ကြောင်း တွေ့နိုင်၏။ လမ်းမရှိပါက (ဝါ) လမ်းပိတ်နေပါက ရောက်လိုရာမရောက်နိုင်ပေ။ ထို့ကြောင့် 'ခရီးလမ်းကြောင်း'ဟုလည်း အသုံးရှိပေသည်။

တစ်ဖန်'လမ်း''လမ်းကြောင်း'၊'ရောက်ကြောင်း'ဆိုသောစကားများသည် သာမညစကားများဖြစ်၍လမ်းကောင်း၊ လမ်းဆိုး၊ လမ်းမှား၊ လမ်းမှန် အားလုံးနှင့်သက်ဆိုင်ပေသည်။ 'မဂ္ဂ'သည်လည်း ဤသဘောပင်ဖြစ်ပေသည်။

'မဂ္ဂ+အင်္ဂ'၌'အင်္ဂ'သည် အစိတ်အပိုင်းအနက်ရှိ၏၊ 'အင်္ဂ'ကို 'အင်'ဟု ပါဠိသက်ပြန်ဆို၏။ မဂ္ဂနှင့်အင်ပေါင်း၍ မဂ္ဂင်ဟူသောပါဠိသက်ဝေါဟာရကိုရ၏။ အနက်မှာ လမ်း(ရောက်ကြောင်း)ဖြစ်နိုင်သော အရာအားလုံး၏ အစိတ်အပိုင်းဟူ၍ဖြစ်၏။ ထို့ကြောင့် မဂ္ဂသည် လမ်း (ရောက်ကြောင်း)၊ မဂ္ဂင်သည် ထိုလမ်း (ရောက်ကြောင်း)မှာ ပါဝင်သော အင်္ဂါအစိတ်အပိုင်းဖြစ်ပေသည်။

'ဣန္ဒြေ'ဆိုသောစကားသည်'ဣန္ဒြိယ'ဟူသောပါဠိမူရင်းမှ ဆင်းသက်လာသော ပါဠိသက်မြန်မာဝေါဟာရဖြစ်ပါသည်။ သူ့အနက်က 'အစိုးရခြင်း'ဟုအဓိပ္ပာယ်ရှိ၏၊ 'အစိုးရခြင်း'ဆိုသည့်အတွက် 'ရာဇာ=မင်းအစိုး'၊'အဓိပတိ=ခေါင်ချုပ်'ဆိုသည်တို့နှင့်မတူပါ။ ဣန္ဒြေဆိုသည်က မိမိနှင့်ပတ်သက်သမျှကိုသာ ကွက်ကွက်ကလေး လွှမ်းမိုးနိုင်သည့် သဘောဖြစ်ပါသည်။

'ဣန္ဒြေ'၏သဘော 'အစိုးရခြင်း'ဆိုသည်ကား 'သူမပါဘဲမဖြစ်နိုင်ခြင်း'၊'ယာယီအားဖြင့် သူကလွှန်ကဲနေခြင်း'မျိုး ဖြစ်ပါသည်။ ပုံစံအားဖြင့် မျက်စိဖြင့်မြင်ဖို့အတွက် မျက်နက်ဝန်းအလယ်က သူငယ်အိမ်ထဲမှာရှိတဲ့ မျက်ကြည်ရုပ်(စက္ခုပသာဒ)မရှိဘဲမမြင်နိုင်ပါ၊ မျက်ကြည်ရုပ်မရှိလျှင် မြင်စရာဝတ္ထုများ၊ အလင်းရောင်၊ မြင်ချင်သည့်စိတ်ရှိပေမယ့် မြင်လို့မရတော့ပါ၊ မျက်မှန်တပ်လို့လည်းမရတော့ပါ၊ မျက်ကြည်ရုပ်ရှိ

လျှင် မြင်အောင်လုပ်၍ရပါသည်။ ဤအချက်ကိုစဉ်းစားလျှင် မျက်ကြည် ရုပ်သည် မြင်ဖို့အရေး၌ ပြဋ္ဌာန်းသည့်အချက်ဖြစ်ကြောင်း တွေ့ရပါသည်။ ဤကဲ့သို့ပြဋ္ဌာန်းသည့်သဘောကို 'ဣန္ဒြေ'ဟု ဆိုရပါသည်။

ယာယီလွှမ်းကဲသည့်သဘောကတော့ နာမ်ပိုင်းနှင့် သက်ဆိုင်ပါသည်၊ ပုံစံအားဖြင့် ယုံကြည်ချက်ပြင်းထန်နေခိုက်မှာ သဒ္ဓါလွှမ်းကဲနေသည့်အတွက် သဒ္ဓါကအစိုးရနေသည်(ဝါ)သဒ္ဓါက ဣန္ဒြေဖြစ်နေသည်ဟု ဆိုရပါသည်။ ဤသည်မှာ ဣန္ဒြိယ(ဣန္ဒြေ)၏အနက်အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်ဖြစ်ပါသည်။

'ဗိုလ်'ဆိုသည့် စကား၏မူရင်းက 'ဗလ'ဖြစ်ပါသည်၊ ဗလ(ဗိုလ်)၏အဓိပ္ပာယ်က ဆန့်ကျင်ဘက်များနှင့်တွေ့တဲ့အခါ မတုန်မလှုပ် မယိမ်းမယိုင် မြဲမြဲကြံ့ခိုင်သည့်သဘောဖြစ်ပါသည်၊ ခိုင်မာဖို့အတွက် 'အား'ရှိဖို့ လိုပါသည်၊ အားရှိမှ အားထည့်ထားမှ မတုန်မလှုပ်ကြံ့ခိုင်ခြင်းဖြစ်နိုင်ပါသည်။ အားမရှိလျှင် ယိမ်းယိုင်လှုပ်ရှား ပြိုလဲသွားမည်သာဖြစ်သည်။ ထို့ကြောင့် ဗလ(ဗိုလ်)၏အနက်ကို အား၊ ခွန်အားဟူ၍ ဆိုရပါသည်။

'အဓိပတိ'ကို အစိုးရခြင်း၊ ပြိုင်ဘက်မရှိ အစိုးရခြင်း၊ တစ်ကမ္ဘာလုံးမှာမှ တစ်မင်းတည်းရှိသည့် စကြဝတေး၏အစိုးရခြင်းမျိုးကဲ့သို့ ပြိုင်ဘက်မရှိအစိုးရခြင်း(ခေါင်ချုပ်)၏ သဘောကို အဓိပတိဟုဆိုပါသည်။

ဣန္ဒြိယလည်း အစိုးရခြင်း၊ အဓိပတိလည်းအစိုးရခြင်းဖြစ်၍အနက်သဘောထပ်တူဖြစ်နေသည်၊ သို့ရာတွင် ဣန္ဒြိယအစိုးရခြင်းဆိုသည်မှာ ပဒေသရာဇ်မင်းများ၏အစိုးရခြင်းကဲ့သို့ ကိုယ်ဆိုင်ရာကိုသာ အစိုးရသည်၊ ကျဉ်းမြောင်းသည်၊ အဓိပတိအစိုးရခြင်းကမူ ဧကရာဇ်မင်း၏အစိုးရခြင်းမျိုးကဲ့သို့ တခြားကိုပါလွှမ်းမိုး၍ ပြိုင်ဘက်မရှိအစိုးရသည်။ ကျယ်ပြန့်သည်။ ပြိုင်ဘက်ရှိ၊ မရှိခြားနားသည်ဟု လိုရင်းမှတ်ရပါသည်။

ခေတ်ဥပမာဖြင့်ပြရသော် ဣန္ဒြိယအစိုးရမှုသဘောသည် အတန်းပိုင်ဆရာမနှင့်တူသည်။ အဓိပတိအစိုးရမှုသဘောသည် ကျောင်းအုပ်ကြီးနှင့်တူသည်၊ အတန်းပိုင်ဆရာမသည် ကိုယ့်အတန်းကိုသာ ကိုယ်အစိုးရသည်၊ တခြားအတန်းကို အစိုးမရ၊ တခြားအတန်းတွေမှာလည်း တခြားအတန်းပိုင်ဆရာမတွေ ရှိနေသည်၊ ကျောင်းအုပ်ကြီးကမူ ပြိုင်ဘက်မရှိ

တစ်ကျောင်းလုံးကို အစိုးရသည်၊ အဘိဓမ္မာတွင် ကုန္ဒြိယနှင့် အဓိပတိ သဘော ဤသို့ကွာခြားကြသည်။

'အာဟာရ'ဟူသော ဝေါဟာရသည် ပါဠိစကားလုံးမှန်းပင် မသိလောက်အောင် မြန်မာစကား၌ တွင်ကျယ်နေသည်။ သို့ရာတွင် 'အာဟာရ'ဟု မှန်မှန်ကန်ကန်ပြောတတ်ရေးတတ်သူနည်းပြီး 'အဟာရ'ဟုသာ အပြောအရေးများနေသည်။ ပါဠိ'အာဟာရ'ပုဒ်၏အနက်မှာ'အာ'ရှေးရှိသော 'ဟရ'ဓာတ်ဖြစ်၍ 'ဆောင်ခြင်း' ဖြစ်ပေသည်။ ဘာကိုဆောင်သလဲဟု လေ့လာကြည့်လျှင် သက်ဆိုင်ရာအကျိုးတရားကို ဆောင်ခြင်းဖြစ်ကြောင်းတွေ့ရသည်။ ဆောင်တယ်ဆိုတာ ဘာကိုလုပ်တာလဲဟု ထပ်ဆင့်စဉ်းစားပြန်သောအခါ အထောက်အပံ့ပြုသည့်သဘောကို တွေ့ရသည်၊ ထို့ကြောင့် အဘိဓမ္မာ၌သက်ဆိုင်ရာ မျိုးတူရာကိုအထောက်အပံ့ပြုသောတရားကို 'အာဟာရ'ဟု ဆိုပေသည်။

ဤအထိကား မြတ်စွာဘုရားက စိတ်, စေတသိက်, ရုပ်, ပရမတ်တရားတို့ကို တစ်နည်းတစ်လမ်းအားဖြင့် ထပ်မံဟောကြားဦးမည်ဖြစ်၍ (၀၁)သင်ခန်းစာအသစ်တက်မည်ဖြစ်၍ လာလတ္တံ့သောအကြောင်းအရာ၏ခေါင်းစဉ်မာတိကာချပြထားသော အချက် (၇)ချက်တို့ကို အကျဉ်းမျှ ရှင်းလင်းပြခြင်းဖြစ်ပါသည်။ ဤမာတိကာ၏အဓိပ္ပာယ်ကိုအရင် သိပြီးမှ စိတ်, စေတသိက်, ရုပ်, ပရမတ်တို့၏ သဘောရင်း သဘောသွားပေါ် အခြေခံပြီး ဘယ်ဟာကဟိတ်၊ ဘယ်ဟာကဈာနင် စသည်ဖြင့် စိစစ်ဝေဖန်ဖော်ပြသွားလိမ့်မည်ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၇၅-ခု၊ နိုဝင်ဘာလ။

# လူ၏ဘဝမဏ္ဍိုင် နှင့် ဘဝ၏အမြစ်များ

လူတိုင်းလူတိုင်းအဖို့ သက်ရှိဘဝ၏ ပင်မအခြေခံသည် 'ပဋိသန္ဓေ' ပင် ဖြစ်ပါသည်။ လူကိုဖြစ်လာစေသည့် လူမျိုးစေ့၊ လူ့ပဋိသန္ဓေတွင် ရုပ်ရောနာမ်ပါ သဘာဝနှစ်မျိုးလုံး ပါရှိပါသည်။ 'သဘာဝ'ဆိုသော အချက်ကို အလေးအနက် ဂရုပြုရန်လိုပါသည်။ 'သဘာဝ'ကို မှန်ပြောင်းဖြင့်လည်း မမြင်နိုင်၊ ဓာတ်ခွဲ၍လည်း မရပေ။ ယင်း သန္ဓေသဘာဝတွင် ပါရှိသောနာမ်သည် သန္ဓေရုပ်ထက် အဖြစ်အပျက် လျင်မြန်လှသည်။ သို့သော် သန္ဓေခဏ၌ သူတို့ချင်း အားပြုတည်မှီလေသည်။

ယင်းသန္ဓေသဘာဝသည် ဖိုမတို့၏သုက်သွေး (သို့မဟုတ်) ခရိုမိုဆုန်းတို့၌မှီကပ်ဖြစ်ပေါ်ကြသည်။ ဖိုမ သုက်သွေးသည် မိခင်၏သားအိမ်ထဲ၌ အချိုးအစားကျစွာ ပေါင်းဆုံမိဘတ်၍ ယင်းအကြောင်း ညီညွတ်ခိုက်တွင် သန္ဓေခဘတ်လေသည်။ မိခင်၏ ပကတိသားအိမ်ထဲမှာမဟုတ်မူဘဲ ဖန်ပြွန်စသော သားအိမ်တုများ၌ ဖိုမ သုက်သွေးကို အချိုးညီ ပေါင်းစပ် ပေးနိုင်ပါကလည်း သန္ဓေသဘာဝ 'ခ'လာပြီး လူမျိုးစေ့ ကျနိုင်သည်သာ ဖြစ်သည်။

ထူးဆန်းလှသော ထိုသန္ဓေသဘာဝသည် ဖိုမတို့၏ သုက်သွေး သို့မဟုတ် လူတို့၏ ခရိုမိုဆုန်းဓာတ်များ၌သာမက ပဒုမ္မာကြာပွင့်ထဲ၌ ဖြစ်စေ၊ မန်ကျည်းပင်၏ သန့်ပြန့်သိမ်မွေ့သော နေရာ၌ဖြစ်စေ စွဲကပ်နိုင်ပေသည်။ ပဒုမ္မဒေဝီနှင့် ပေါက္ခရသာတိ ပုဏ္ဏားတို့သည် ပဒုမ္မာကြာပွင့်၌ သန္ဓေဘည်ပြီး လူဖြစ်လာကြသူများ ဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရားအား ဖျက်ဆီးသော စိဉ္စမာနသည် မည်သည့်ဖန်ပြွန်၊ မည်သည့် မိန်းမဝမ်း၌မျှ သန္ဓေမဘည်ရဘဲ မန်ကျည်းပင်၌ သန္ဓေတည်ပြီး လူဖြစ်လာသော မိန်းမ

ဆန်းတစ်ယောက်ဖြစ်လေသည်။ ဤသို့ဖြစ်ရသည်မှာ ကံအကျိုးပေးဆန်းကြယ်မှုကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ကံတရားကို သက်ဝင်ယုံကြည်သူများပီပီ ကံတရား၏ ထူးခြားဆန်းကြယ်သော အကျိုးပေးကိုလည်း လက်ခံထားပြီးဖြစ်သောကြောင့် ကြာသန္ဓေဖွား၊ မန်ကျည်းသန္ဓေဖွားတို့ကို အထူးမအံ့သြကြတော့ပေ။ တစ်ဆက်တည်းပင် ယခုခေတ် ဖန်ပြွန်လူသားတို့၏ အခြေခံသဘောကိုလည်း အဘိဓမ္မာသယ်၍ အသိအမှတ် ပြုတတ်ကြပေသည်။

လူမျိုးစေ့၊ လူ့သန္ဓေသဘာဝ (ရုပ်နာမ်နှစ်ရပ်)သည် အစဦးစွာ ဥပါဒ်ဖြစ်ပေါ်လာကတည်းက သေသည်အထိ လူ့ဘဝတစ်လျှောက်လုံး၌ ဖြစ်လိုက် ချုပ်လိုက်၊ ဖြစ်လိုက် ချုပ်လိုက်၊ ချုပ်ပျက်သည်နှင့် ချက်ချင်း ထပ်ဖြစ်၊ ဖြစ်တာကပျက်၊ ပျက်တာနှင့်ထပ်ဖြစ်၊ ဤသို့အားဖြင့် သန္တတိ ဖြစ်စဉ်တစ်ခုကို ပေါ်လာစေသည်။ ဤကဲ့သို့ သန္ဓေစိတ်မပြတ် ဖြစ်ချုပ်နေသည့်နည်းတူ သန္ဓေရုပ် (ကမ္မဇရုပ်)တို့ကလည်း မပြတ်ဖြစ်ချုပ်ပြီး ရုပ်သန္တတိဖြစ်စဉ်တစ်ရပ်ကို ပေါ်လာစေသည်။

ဤကဲ့သို့ သန္ဓေစိတ်နှင့် သန္ဓေရုပ်(ကမ္မဇရုပ်)တို့၏ ဖြစ်ပျက်အစဉ် (သန္တတိဖြစ်စဉ်) ဖြစ်နေအောင် အဘယ်အရာက နောက်က တွန်းအားပေးနေသလဲ၊ အဖြေကား 'ကံ'တည်း။ ကမ္မသတ္တိ (ကံ၏စွမ်းပကား) ကြောင့် ယခုလို သန္ဓေနာမ်ရုပ်တို့ မပြတ်မစဲ ဖြစ်ပျက်နေကြခြင်း ဖြစ်လေသည်။

ဖြစ်ပျက်အစဉ်ကို ဥပမာတင်ကြရာတွင် ဖယောင်းတိုင် မီးတောက်နှင့် မြစ်ရေအယဉ်ကို ပြကြသေသည်။ မျက်မြင်ကြည့်လျှင် ဖယောင်းတိုင် မီးတောက်သည် တစ်ခုတည်းဟု မြင်နေရသော်လည်း ဉာဏ်ဖြင့်ကြည့်ပါက ရှေးရှေးမီးတောက် ငြိမ်း၍ငြိမ်း၍သွားရာ နောက်နောက် မီးတောက်တို့က ထပ်၍ထပ်၍ တောက်လာသည့်အတွက် မီးဖြစ်စဉ်တစ်ရပ် ပေါ်နေခြင်း ဖြစ်ကြောင်း သိရပေသည်။ ထိုနည်းတူ မြစ်ရေအယဉ် (မြစ်ရေစီးကြောင်း)၌လည်း တစ်နေရာကို ရပ်မှတ် ထားကြည့်ပါက ရေဟောင်းတွေအောက်သို့ စီးသွားသောနေရာ၌ နောက်ထပ်ရေသစ်တွေ ရောက်ရောက်လာခြင်းသာဖြစ်ကြောင်း မုချသိနိုင်ပေသည်။ မီး

ချောင်းတစ်ချောင်း လင်းနေရာ၌လည်း လျှပ်စစ်ဓာတ် ဆက်ကာဆက်ကာ စီးဆင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိအပ်ပေသည်။

ယင်းသို့ စတင် ဥပါဒ်ဖြစ်ပေါ်လာသော သန္ဓေစိတ်နှင့် သန္ဓေရုပ် မပြတ်ဖြစ်နေသည့်အတွက် ယင်းကိုမဏ္ဍိုင်ပြု၍ စိတ်သစ်တွေ၊ ရုပ်သစ်တွေ ထပ်၍ထပ်၍တိုးပွားလာပြီး သန္ဓေသားတစ်မှ ဘစ်စတစ်စ လူဖြစ်လာခြင်း ဖြစ်လေသည်။ အစားအစာနှင့် ရာသီဥတု၏အကူအပံ့ဖြင့် တစ်လထက် တစ်လ၊ တစ်နှစ်ထက်တစ်နှစ် လူ့ခန္ဓာကိုယ် ကြီးမားလာသော်လည်း ထိုသူ၌ မဏ္ဍိုင်ကျကျဖြစ်နေသော အတွင်းပိုင်းအရာကား သန္ဓေစိတ်နှင့် သန္ဓေရုပ်တို့ပင် ဖြစ်ပေသည်။

လက်ရှိကျွန်ုပ်တို့၏ လူ့ဘဝ လူ့ကိုယ် လူ့ခန္ဓာသည် စင်စစ် မီး လာနေသော မီးချောင်းနှင့်တူသည်။ ဖယောင်းတိုင်မီးတောက်နှင့် တူ သည်။ နာမ်တွေရုပ်တွေ အစဉ်မပြတ်ဖြစ်ပျက်နေသော ဘဝဖြစ်စဉ်ရုပ်သွင် သာဖြစ်ပေသည်။

လက်ရှိလူသားတစ်ဦးကို ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ၊ စုတိအခါ ဟူ၍ အခါကာလ(၃)မျိုး ခွဲခြားရသည်။ ဤဘဝ၌ ပဋိသန္ဓေစိတ်နှင့် ရုပ်တို့ စတင်ဥပါဒ်ဖြစ်ပေါ်သည့် အခိုက်အတန့်ကလေးကို ပဋိသန္ဓေအခါ (ဝါ) ပဋိသန္ဓေပိုင်းဟု သတ်မှတ်ရသည်။ ဤဘဝ၌ သန္ဓေနာမ်ရုပ်တို့ နောက်ဆုံးချုပ်သည့် အခိုက်အတန့်ကလေးကို စုတိအခါ (ဝါ)စုတိပိုင်းဟု ခေါ်သည်။ ယင်းပဋိသန္ဓေအခိုက်အတန့်နှင့် စုတိအခိုက်အတန့် နှစ်ခု အကြား တစ်သက်တာလုံး ဘဝတာကို ပဝတ္တိအခါ (ဝါ)ပဝတ္တိပိုင်းဟု ဗုဒ္ဓအဘိဓမ္မာက အနုစိတ် ဖော်ပြထား၏။

ဆိုခဲ့ပါ သန္ဓေခဏနှင့် စုတိခဏမှတစ်ပါး ပဝတ္တိပိုင်းတွင် တစ် သက်လုံးမပြတ် ဖြစ်ချုပ်နေသော ပဋိသန္ဓေနာမ်ကို ဘဝ၏အကြောင်း ဖြစ်၍ 'ဘဝင်စိတ်'ဟု အမည်တစ်မျိုးဖြင့် ခေါ်ရသည်။ ဘဝအကြောင်း ဖြစ်ပုံမှာ ယင်းစိတ်အနေဖြင့် ခန္ဓာရုပ်သွင်အတွင်းပိုင်း၌ အခြေခံကျကျ နေရာယူ၍ ဖြစ်စဉ်တစ်ခု ဖြစ်ပေါ်မနေပါက လူသည် သေသွားမည်ဖြစ် ပေသည်။ ဤသို့ လူမသေရအောင် (ဝါ) လူ့ဘဝတည်တံ့အောင် (ဝါ) လူ့ဘဝတည်းဟူသော အကျိုးတရား ရုပ်ပြပေါ်နေအောင် ဆောင် ကြဉ်းသည်ကိုပင် ဘဝ၏အကြောင်းဖြစ်သည်ဟု ဆိုခြင်းဖြစ်လေသည်။

အထက်တွင် ပဋိသန္ဓေအခန်းကို ပြည့်တည်ပြခြင်းသည် အခြားကြောင့်မဟုတ်၊ ပြီးခဲ့သောလ ဆောင်းပါး၌ မာတိကာစဉ်ချခဲ့သော ဟိတ်အကြောင်းတရားကို နားလည်စေချင်၍ဖြစ်သည်။ ဟိတ်သည် လူ့ဘဝကို အယုတ်အလတ်အမြတ် (၃)စားခွဲပေးသော ပဓာနတရားဖြစ်၍ အထူး အရေးကြီးလှသည်။ ရေသောက်မြစ်သဖွယ် ဖြစ်သည့်ဆိုသော အချက်ကို ဆင်ခြင်ကြည့်ပါက ဟိတ်၏အရေးပါပုံကို ရိပ်စားမိပေလောက်ပေသည်။

အဘိဓမ္မာရှင်မြတ်စွာဘုရားက ဟိတ်ကိုကိုင်၍ ပြောရာတွင် ဟိတ်ကင်းမဲ့ပါက 'အဟိတ်'၊ ဟိတ်ရှိပါက 'သဟိတ်'ဟု ခွဲလိုက်သည်။ ဟိတ်ဆိုသည်မှာ အကြောင်းတရားဖြစ်ကြောင်း သတိချပ်ထားပါ၊ ယင်းဟိတ် အကြောင်းတရားကိုရှာရာတွင် စိတ်၌မှီတွယ်ပြီး စိတ်ကို ခြယ်လှယ်သည့် စေတသိက် (စိတ်မှီတရား) ၅၂ ပါးထဲ၌ 'လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟ' ဟူသော စေတသိက်(၆)မျိုးကို တွေ့ကြရသည်။

ပဋိသန္ဓေနာမ်ကို ဘုရားရှင် ဉာဏ်တော်မြတ်ဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် စိတ်သဘောနှင့် ယင်းစိတ်ကိုမှီ၍ဖြစ်ပြီး ခြယ်လှယ်သော စေတသိက်သဘောနှစ်ရပ်ကို တွေ့ရသည်။ ပဋိသန္ဓေနာမ်၌ 'လောဘ၊ ဒေါသ၊ မောဟ'ဆိုသော ဟိတ်(၃)မျိုးသည် မည်သည့်အခါမျှ မည်သူ့၌မျှ မပါမရှိပေ။ ယင်းတို့ကား ပဝတ္တိအခါ၌သာ ဖြစ်သော သဘာဝများတည်း။ ပဋိသန္ဓေနာမ်၌ ပါတတ်သောဟိတ်မှာ 'အလောဘ၊ အဒေါသ၊ အမောဟ' ဤဟိတ် သုံးမျိုးသာဖြစ်သည်။

လူတို့၏ ပဋိသန္ဓေနာမ်ကို အနုစိတ် သရုပ်ခွဲကြည့်ရာတွင် ဆိုခဲ့ပါ အလောဘ၊ အဒေါသ၊ အမောဟ-ဟိတ်သုံးပါးလုံးမပါသော ပဋိသန္ဓေမျိုးကို 'အဟိတ်ပဋိသန္ဓေ'ဟု သတ်မှတ်သည်။ အလောဘ၊ အဒေါသ၊ ဟိတ်နှစ်မျိုးသာ ပါသော ပဋိသန္ဓေကို 'ဒွိဟိတ်ပဋိသန္ဓေ'ဟု ခေါ်သည်၊ ယင်းဟိတ်သုံးပါးလုံးပါသော ပဋိသန္ဓေကိုမူ 'တိဟိတ်ပဋိသန္ဓေ'ဟု ဆိုရပေသည်။

အဟိတ်ပဋိသန္ဓေစိတ်ဖြင့် လူဖြစ်လာရသူသည် လူအညံ့စားဖြစ်၏။ ဒွိဟိတ်ပဋိသန္ဓေစိတ်ဖြင့် လူဖြစ်လာသူသည် လူအလတ်စားဖြစ်၏။ တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် လူဖြစ်လာရသူမူကား လူအမြတ်စား ဖြစ်ပေ

သည်။ လူကို အယုတ် အလတ် အမြတ်ခွဲရာတွင် ပဋိသန္ဓေအခြေခံဖြင့်ခွဲခြင်း သည် တိကျမှန်ကန်ဆုံး ဖြစ်ပေသည်။

အဟိတ်ပဋိသန္ဓေဖြင့် လူဖြစ်လာကြရသော လူအည့်စားဆိုသူ မျိုးကား အခြားမဟုတ်၊ မွေးကတည်းက ကန်းလာသော သန္ဓေကန်း၊ မွေးကတည်းက ထိုင်းလာသော သန္ဓေထိုင်း၊ မွေးကတည်းက အ,လာ သော သန္ဓေအ၊ မွေးကတည်းက အမှတ်အသိနည်းလွန်းသူ သန္ဓေဖျင်း၊ မွေးကတည်းကရူးပေါပေါ သွပ်ချောင်ချောင် ဖြစ်လာသော သန္ဓေရူး၊ သူတစ်ပါး၏သုက်သွေးကို မိမိပါးစပ်ဖြင့် စုပ်ယူတတ်သူ၊ သူတစ်ပါးတို့ သံဝါသပြုသည်ကို ချောင်းမြောင်းကြည့်ရမှ ကိုယ့်မှာ ကိလေသာ ပူပန်မှု ငြိမ်းသူ၊ လူတစ်ကိုယ်တည်း မိန်းမတစ်လှည့်၊ ယောကျ်ားတစ်လှည့် ဖြစ်ရသော ဥဘတောဗျည်း၊ မိန်းမအင်္ဂါလည်း မထင်ရှား၊ ယောကျ်ား အင်္ဂါလည်း မထင်ရှားသော အမ,မဟုတ်၊ အထီးမဟုတ် ပဏ္ဍုက်၊ စကားပြောလျှင် အမျှင်မပြတ် ကရွတ်ဆွဲပြောရသူ၊ ဤကဲ့သို့ လူစဉ်မမီ သူများသည် ယင်းတို့၏ပဋိသန္ဓေစိတ်၌အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်တစ်ခုမှမယှဉ်ဘဲ (ဝါ) မပါဘဲ၊ ဟိတ်ကင်းမဲ့သော (ဝါ) နာမ် ရေသောက်မြစ် ကင်းမဲ့သော သန္ဓေစိတ်ဖြင့် လူဖြစ်လာကြသူများဖြစ် သည်။ ဤကဲ့သို့ သန္ဓေညံ့သော သူမျိုး၏ လူစဉ်မမီသော ရောဂါတို့ကို မည်သည့်သမားတော် တစ်ဦးတစ်ယောက်ကမျှ ကုသပျောက်ကင်းစေနိုင် ခြင်းမရှိချေ။ သိပ္ပံဆေးစွမ်းကောင်းအားလုံး ဆေးမတိုးသော လူစား မျိုးဖြစ်ပေသည်။ ဤသို့သော လူညံ့မျိုးသည် လက်ရှိ ကမ္ဘာ့လူဦးရေ သန်းပေါင်းလေးထောင်ခန့်ထဲ၌ များစွာပါဝင်လျက်ရှိပေသည်။

ဒွိဟိတ်ပဋိသန္ဓေဖြင့် လူဖြစ်နေသူ လူလတ်စားများကား အသိ အလိမ္မာ ဉာဏ်ပညာ မှန်ကန်မျှသာရှိသူမျိုးဖြစ်သည်။ သာမန်လောက၊ သာမန်ဘဝအကြောင်းအရာတို့ကို ပါန်ကျပန်ကျ သက်ဝင်နိုင်ကြသည်။ သို့သော် နက်နဲသောပညာရပ်၊ ခက်ခဲရှုပ်ထွေးသော အကြောင်းအရာ တို့ကို မလေ့လာနိုင်ကြ။ အထူးသဖြင့် ဗုဒ္ဓရှင်တော်ဘုရား ဟောကြား ခဲ့သော ရုပ်နာမ်သဘာဝမျိုးကို ထိုးထွင်းသိမြင်ခြင်းငှာ မတတ်နိုင် ရှာကြ၊ ဝါသနာမပါနိုင်ကြရှာပေ။

တိဟိတ်ပဋိသန္ဓေဖြင့် လူဖြစ်လာသူမျိုးကား အသိအလိမ္မာဉာဏ် ပညာ ထက်မြက်သည်။ ရှုပ်ထွေးနက်နဲသော အကြောင်းအရာ ပြဿနာ

ပညာရပ်တို့ကို စူးစူးရှရှ ထက်ထက်မြက်မြက် တတ်သိနိုင်သည်။ သူ၏အသိ၊ သူ၏အတွေး၊ သူ၏အမြင်တို့သည် စိန်သွားကဲ့သို့ ထက်မြက်၏။ ဉာဏ်ကြီးရှင် ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာလို ပညာရပ်တို့ကို လိုက်စားနိုင်၏။ သို့ဖြစ်၍ တိဟိတ်လူသားကို လူအမြတ်စားဟူ၍ သတ်မှတ်ရပေသည်။

လက်ရှိ ကမ္ဘာ့လူသား သန်းလေးထောင်တို့ကို ဆိုခဲ့ပါအတိုင်း လူညံ့၊ လူလတ်၊ လူမြင့်ဟု သုံးစား ခွဲချလိုက်ပါက အားလုံးပါဝင်သွားလေသည်။ ယင်းသို့ခွဲခြမ်းစိတ်ဖြာဖော်ပြခြင်းသည် ရုပ်ရည်ရူပကာယပိုင်း၊ ဥစ္စာဓနပိုင်းစသည်တို့ဖြင့် ခွဲခြားဖော်ပြခြင်း မဟုတ်။ အသိအမြင်ပိုင်း (ဝါ) ဟိတ်အကြောင်းပိုင်းမှ ခွဲခြားပြခြင်း ဖြစ်ပေသည်။

အထူးသတိပြုရန်မှာပဋိသန္ဓေအခါတုန်းက အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် သုံးပါး မပါသော်လည်း ပဝတ္တိပိုင်း (ဝါ) လူရယ်လို့ ဖြစ်နေသည့် အပိုင်းတွင်မူ ဟိတ် ခြောက်မျိုးလုံး ဖြစ်ခွင့် ရှိလေသည်။ အဟိတ်ပဋိသန္ဓေနေ လူညံ့၌ လောဘ၊ ဒေါသ၊ မောဟ ဟိတ်သုံးပါးလည်းဖြစ်နိုင်၏။ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးလည်း ဖြစ်နိုင်၏။ ဤနည်းတူ ဒွိဟိတ်ပဋိသန္ဓေနေ လူလတ်စား၌လည်း ပဝတ္တိဘဝ၌ ဟိတ်ခြောက်ပါးလုံး ဖြစ်နိုင်၏။ တိဟိတ်သန္ဓေနေ လူအမြတ်စား၌လည်း ယခုလို ပဝတ္တိဘဝ၌ ဟိတ်ခြောက်ပါးလုံး ဖြစ်နိုင်၏။ လောဘ၊ ဒေါသ၊ မောဟ ဟိတ်တွေပါ ဖြစ်နိုင်လေသည်။

ဘိုးရာတွင် အဟိတ်လူညံ့၌ လောဘ၊ ဒေါသ၊ မောဟအဖြစ်များ၏။ ထူပြော၏။ အလောဘ၊ အဒေါသ၊ အမောဟ အဖြစ်နည်း၏။ ဒွိဟိတ်လူလတ်၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသတို့ ဖြစ်ကြသလောက် အမောဟက ဖြစ်ပေ။ အဖြစ်ကျဲ၏။ တိဟိတ်လူမြတ်၌မူ လောဘ၊ ဒေါသ၊ မောဟအဖြစ်နည်းပြီး အလောဘ၊ အဒေါသ၊ အမောဟတို့ အဖြစ်များလေသည်။

လောဘ၊ ဒေါသ၊ မောဟသည် အပြစ်ရှိပြီး မကောင်းကျိုးပေးတတ်သည်။ အကုသိုလ်ဟိတ် (အကုသိုလ်အမြစ်) တို့ ဖြစ်၏။ အလောဘ၊ အဒေါသ၊ အမောဟတို့ကား အပြစ်ကင်းပြီး ကောင်းကျိုးပေးသည့် (ကုသိုလ်အမြစ်) တို့ ဖြစ်လေသည်။ အလောဘဆိုသည်ကား မကပ်ငြိ၊ မစွဲလမ်း၊ မတွယ်တာ၊ စွန့်လွှတ်တတ်သည့် သဘောဖြစ်၏။ အဒေါသဆိုသည်မှာ မပြစ်မမှား၊ အေးမြကြည်လင်သော သဘော ဖြစ်၏။ အမောဟဆိုသည်ကား ပညာဉာဏ်ပင် ဖြစ်လေသည်။

ဗုဒ္ဓအဘိဓမ္မာကို လက်တွေ့ကျကျ လေ့လာလိုသူအနေဖြင့် ဆိုခဲ့ပါ ဟိဘ်အကြောင်းကို အတော်အတန် သဘောပေါက် နားလည်အောင် ဖတ်ရှုမှတ်သားမိပြီဆိုလျှင် မိမိကိုယ်ကို ငါဟာ ယုတ်၊ လတ်၊ မြတ် လူသုံးစားတွင် ဘယ်အစားထဲက ပါလေသလဲဟု စိတ်ကူးယဉ်ကြည့်နိုင်၏။ မိမိစိတ်ကို မညှာမတာ ဆန်းစစ်ကြည့်ရန်လို၏။ ကျိန်းသေသော အချက်တစ်ရပ်မှာ သိပ္ပံမဂ္ဂဇင်းမှ လေးနက်သော ဆောင်းပါးမျိုးကို ဖတ်ရှုဖြစ်သူဆိုလျှင် လူအညံ့စားမဟုတ်သည်မှာကား သေချာပေသည်၊ သို့သော်ဒွိ၊ တိ ခွဲကြည့်ဖို့လိုပေ၏။

အရေးကြီးသောအချက်မှာကား မိမိနေ့စဉ်ဘဝ၌ စိတ်ကူးပြောဆိုပြုလုပ်မှုများအနက် လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်ပါက အင်း.... ငါ့မှာ အကုသိုလ်စိတ် (ဆင်းရဲဖို့အကြောင်းတွေ) ဖြစ်တာပဲ (ဝါ) အကုသိုလ်အမြစ်တွေ ထပ်တွယ်တာပဲဟု သတိပြုမိရန်ဖြစ်၏၊ ဤအကုသိုလ်အမြစ်သည် ကင်ဆာရောဂါအမြစ်ထက် ဆိုး၏။ အဘယ့်ကြောင့်ဆိုသော် ကင်ဆာမြစ်က တစ်ဘဝကိုသာ သတ်နိုင်သည်။ အကုသိုလ် အမြစ်က သံသရာဆက်ကာ ဘဝများစွာ သတ်နိုင်သည်။ ထို့ကြောင့် ကင်ဆာအမြစ်ထက်ဆိုးကြောင်းသိပြီး လောမြစ်၊ ဒေါမြစ်၊ မောမြစ်တွေ အထွက်နည်းအောင် သတိချပ်သွားနိုင်၏။

တစ်ဖက်ကလည်း ရမ္မက်ပယ်ခွာခြင်း၊ ပေးလှူပူဇော်ခြင်းစသည်ဖြင့် အလောဘ ဖြစ်သောအခါ၊ မပြစ်မှားခြင်း၊ အကျိုးပြုခြင်း၊ မေတ္တာစိတ်ဖြင့် ကူညီရိုင်းပင်းခြင်း စသည်ဖြင့် အဒေါသဖြစ်သောအခါ၊ တရားခမ္မစာပေဖတ်ရှုခြင်း၊ နက်နဲသော လောကီပညာရပ်တို့ကို လေ့လာခြင်း၊ ခက်ခဲသောပြဿနာတို့ကိုဖြေရှင်းပေးခြား၊ ဗုဒ္ဓတရားတော်ကို လေ့လာခြင်းစသည်ဖြင့် အမောဟ (ပညာ) ဖြစ်သောအခါ အင်း .... ငါ့မှာကုသိုလ်ဟိတ် (ဝါ) ချမ်းသာဖို့ အကြောင်းတွေ ဖြစ်တာပဲ၊ ကုသိုလ်အမြစ်တွေထပ်ထွက်လာတာပဲဟု နားလည်တတ်နိုင်၏။

ယင်းကဲ့သို့ ဟိတ်အကြောင်းကို ကျကျနနလေ့လာပြီး မိမိဘဝကို ထိန်းကျောင်းသွားနိုင်သည့် အသိဉာဏ်ကိုရမှသာလျှင် ဗုဒ္ဓအဘိဓမ္မာပညာ၏ကျေးဇူးကို ခံစားရမည်ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၇၅-ခု၊ဒီဇင်ဘာလ။

# ဈာန်ဝင်ပြီးလုပ်မှ ကြီးပွားချမ်းသာမည်

သိပ္ပံမဂ္ဂဇင်း၌ အဘိဓမ္မာဆောင်းပါးများ ရေးသားဖော်ပြလျက်ရှိရာတွင် စာရေးသူထားရှိသည့် ရည်ရွယ်ချက်မှာ စာဖတ်သူများအနေဖြင့် အဆင့်မြင့် ဗုဒ္ဓအဘိဓမ္မာပညာရပ်ကိုလည်း အထိုက်အလျောက်နားလည်ပါစေ၊ နားလည်သလောက်ကိုလည်း လက်တွေ့ဘဝမှာအကျိုးရှိအောင် အသုံးချနိုင်ပါစေဟု ဖြစ်ပါသည်။ သို့ဖြစ်၍ ယနေ့ လူတို့လက်လှမ်းမီနိုင်သော အချက်တို့ကိုသာ အဓိကထား၍ ဖော်ပြလာခဲ့ပါသည်။

ပြီးခဲ့သောလ၌ 'ဟိတ်'အကြောင်းကို ခြေခြေမြစ်မြစ် ဖော်ပြခဲ့ပြီးပါပြီ။ ယခုလတွင် မာတိကာစဉ်အတိုင်း 'ဈာနင်' အကြောင်းဆက်ရပါမည်။

လွန်ခဲ့သော နို့ဝင်ဘာလ(၈၅) ဆောင်းပါး၌ 'ဈာန်'နှင့် 'ဈာနင်'အကြောင်း အနည်းငယ် 'တို့'ထားခဲ့ပါသည်။ 'ဈာန်ဆိုသည်မှာ အာရုံကို သာမန်ကာလျှံကာ ခပ်ခွာခွာ အဝေးက ရှုတတ်သောတရားမျိုး မဟုတ်။ စူးစူးစိုက်စိုက် အနီးကပ် ရှုတတ်သောသဘာဝမျိုးဖြစ်သည်'ဟု လည်းကောင်း၊ 'ဈာန်ဟု ခေါ်ရသည့် သဘာဝတရားအပေါင်းထဲမှ တစ်ခုစီအစိတ်အစိတ်ကို ဈာနင်ဟု ခေါ်ရပေသည်'ဟု လည်းကောင်း ဖော်ပြခဲ့သည်ကို မှတ်မိကြပါလိမ့်ဦးမည်။

ဗုဒ္ဓဘာသာလောက၌ 'ဈာန်'ဟု ကြားလိုက်လျှင် 'ဈာန်,မဂ်,ဖိုလ်'ဟု ဆက်ယူလိုက်တတ်ကြသဖြင့် 'ဈာန်'သည် မဂ်,ဖိုလ်(မဂ်တရား၊ ဖိုလ်တရား)တို့ကဲ့သို့ အလွန့်အလွန်အဆင့်မြင့်သော လောကုတ္တရာတရားကြီးတစ်မျိုးဟု အထင်ရောက်နေတတ်ကြ၏။

ဖြစ်ရပ်တစ်ခုကို ပြန်ပြောင်း ပြောရလျှင် အမေရိကန် တို့က (၁၉၆၄–ခုနှစ်၌)လပေါ်သို့ ပထမဦးစွာ လူလွှတ်လိုက်နိုင်သောအခါက ဤစာရေးသူသည် 'လဗိမာန်ခရီးနှင့် မြန်မာ့ပညာ' ဟူသော ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့၊ ဝိုင်အမ်ဘီအေ၊ အသင်းတိုက်မှာ ဟောပြောခဲ့ပါသည်။ လာရောက်နားထောင်သောပရိသတ်မှာ အသင်းတိုက်ကြီးမဆံ့ဘဲ လျှံထွက်နေပါသည်။

ဟောလိုရင်းမှာ သူတို့က သိပ္ပံနည်းဖြင့် အာကာသမောင်တွေကို ပင်ပန်းခက်ခဲစွာ လေ့ကျင့်ပေးပြီး ဒုံးယာဉ်တွေ လဆင်းယာဉ်တွေ တည်ဆောက်ပြီး လူလွှတ်တင်ကြသည်။ ရည်ရွယ်ချက်က လနှင့်ပတ်သက်၍ မျက်မြင်ဒိဋ္ဌသိရှိရေးပင် ဖြစ်သည်။ လပေါ်မှာ ဘာရှိသလဲ၊ ဘယ်လိုလဲ၊ ဘာ့ကြောင့်လဲ၊ လူနေလို့ရမှာလား စသည်ဖြင့်ဖြစ်၏။

မြန်မာတို့ကလည်း ဗုဒ္ဓပိဋကတ်တော်မှာလာသော ဈာန်(အဘိညာဉ်) ကျင့်စဉ်နည်းလမ်းဖြင့် လက်ရွေးစင်လူတွေကိုရွေးပြီး သူတို့လိုစနစ်တကျ ကျင့်ကြံအားထုတ်ခိုင်းပါက တစ်ရာမှာတစ်ယောက် အနည်းဆုံး ထွန်းပေါက်လာနိုင်သည်။ သာသနာနှစ် ၃၀၀–ခန့် အတွင်းတွင် သီဟိုဠ်နိုင်ငံ၌ ဈာန်ရသူတွေမှာ ငှက်တွေလိုပေါများခဲ့သည့် အထောက်အထားရှိသည်။ ထိုဈာန် (အဘိညာဉ်)ရသူတို့က လပေါ်သို့ ဈာန်ဖြင့်တက်သွားပြီး သူ၏ ဒိဋ္ဌတွေ့ရှိချက်တွေကို ပြန်လည်ပြောပြပါကလည်း လနှင့်ပတ်သက်၍ သိချင်တာတွေအကုန်သိနိုင်ပါသည်။ သူတို့လောက် ဒေါ်လာငွေတွေ ကုန်ကျစရာမလိုပါ။ ငွေကုန်ကြေးကျသက်သာစွာဖြင့် တခြားဂြိုဟ် တခြားကမ္ဘာအကြောင်းတွေကို သိနိုင်ပါသည်ဟု ဟောလိုရင်း ဖြစ်ပါသည်။

ဤဟောပြောပွဲတွင် ပရိသတ်ကြီးထဲမှ မည်သူကမျှ စောဒကမတက်သော်လည်း သဘာပတိလုပ်သူ စီးပွားရေးတက္ကသိုလ်မှ ကထိကဆရာကြီးက 'ဈာန်ရသွားတဲ့သူဟာ ယခုလို လောကအကြောင်းတွေကိုပြန်လာပြောတော့မှာမဟုတ်ဘူး' ဟု ဈာန်ရသူကို လောကမှထွက်မြောက်သွားသော (ဝါ) လောကီမှုတွေကိုကျော်ခိုင်းသွားသော ရဟန္တာများနှင့် တစ်တန်းတစ်စားတည်းထားပြီး ဝေဖန်သွားခဲ့ပေသည်။ ဤသည်မှာ 'ဈာန်'နှင့် 'မဂ်,ဖိုလ်'ကို ဆက်ပြီးနားအလည်မှားနေ၍ ဖြစ်ပေသည်။ ဈာန်ဆိုသည်မှာ လော့ကီတရား၊ မဂ်ဖိုလ်ဆိုသည်မှာ လောကုတ္တရာ

တရားဟု မှန်ကန်စွာခွဲခြားသိရှိထားနှင့်ပါက ပရိသတ်အလယ်မှာ ယခုလို ပြောဖြစ်မည်မဟုတ်ပေ။

သို့ဖြစ်၍ ယခုချာန်အကြောင်းဖတ်ရှုသူအနေဖြင့်လည်း ဆိုခဲ့ပါအခုအခံမျိုး ကြိုတင်ရှင်းထားပါ။ ချာန်ကို မဂ်ဖိုလ်နှင့် သွားမရောပါနှင့်၊ ချာန်ကို သိပ်ပြီးအထင်ကြီးမထားပါနှင့်၊ ချာန်ဆိုသည်မှာ လောကီတရား (ဝါ) လောကမှာအသုံးဝင်သောတရားမျိုးဖြစ်ပါသည်။ ဘုရားရှင် မပွင့်သော သာသနာပ ခေတ်အခါမျိုးမှာ မဂ်ဖိုလ်မရှိပေမယ့် ချာန်ရှိပါသည်။ ယခုခေတ်မှာလည်း ဗုဒ္ဓသာသနာ ကွယ်နေသောသူ (ဝါ) ဗုဒ္ဓဘာသာမဟုတ်သောသူတို့နေရာ နိုင်ငံများ၌လည်း ချာန်သဘောတွေရှိနေသည်ကို သတိပြုနိုင်ပါသည်။

ချာန်အကြောင်းကိုပြန်ဆက်ရလျှင် 'ချာန်ဆိုသည်မှာ ချာန်အင်္ဂါများ စုပေါင်းထားသည့် သဘာဝစွမ်းအားတစ်ရပ်'ပင် ဖြစ်ပါသည်။ ပုံစံအားဖြင့် 'လူဆိုသည်မှာ ခြေနှစ်ဖက် လက်နှစ်ဖက် ဦးခေါင်းဟူသော ခက်မငါးဖြာ အစုအပေါင်း' ဖြစ်သကဲ့သို့ ချာန်သည် ချာနင်တို့၏ အစုအပေါင်းဖြစ်ပါသည်။ ချာနင်တို့၏ စုပေါင်းစွမ်းအားသည် ချာန်ဖြစ်လာပါသည်။

သို့ဖြစ်လျှင် ချာနင်တရားများကား အဘယ်တို့ပါနည်း။

ချာနင်တရားများကား အခြားမဟုတ်ပါ။ စေတသိက်တရားများပင် ဖြစ်ပါသည်။ စေတသိက် (၅၂)ပါးထဲ၌ ပါဝင်သော 'ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ' ဤငါးပါးသည် ချာနင်တရားများဖြစ်ပါသည်။ သို့ရာတွင် အထူးသတိပြုဖွယ်တစ်ရပ်မှာ သာမန် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာသည် ချာနင်မဖြစ်ပါ။ ဝါ၊ ဝိတက်တိုင်း၊ ဝိစာရတိုင်း၊ ပီတိတိုင်း၊ သုခတိုင်း၊ ဧကဂ္ဂတာတိုင်း၊ ချာနင်အဆင့် မရောက်ပါ။ စူးစိုက်မှု၊ ကပ်၍ရှုမှု၊ စွဲမြဲမှုရှိလာမှသာ ချာနင်အဆင့် မီလာပါသည်။

'ဝိတက်'သည် အာရုံကိုကြံစည်သည့်သဘော (ဝါ) စဉ်းစားသည့်သဘော ဖြစ်၏။ သို့သော် အာရုံတစ်ခုကို စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြံစည်မှုသည်သာ ချာန်ဝင်လာသည့် ဝိတက် (ဝါ) ချာနင်ဝိတက်ဖြစ်ပေသည်။ ထိုနည်းတူ ဝိတက်ကြံသောအာရုံကို တစ်ဆင့်သုံးသပ်သော ဝိစာရသဘောသည်လည်း စူးစိုက်စွဲမြဲလာမှ ချာန်ဝင်လာပေသည်။ အာရုံ

တစ်ခုကို နှစ်သက်တတ်သော ပီတိသဘာဝသည်လည်း သာမန်နှစ်သက်ရုံမျှဖြင့် ဈာန်မဝင်သေး။ စူးစိုက်စွဲမြဲလာမှ ဈာန်ဝင်လာပေသည်။ သုခ=ချမ်းသာဝေဒနာသည်လည်း တကယ့်ကို အချမ်းသာကြီးချမ်းသာမှု ခံစားရမှ ဈာန်ဝင်ပေသည်။ ဧကဂ္ဂတာခေါ် စိတ်၏တည်ငြိမ်မှု သမာဓိသည်လည်း မြဲမြဲကြီးတည်ပါမှ ဈာန်ဝင်ပေသည်။

ဆိုခဲ့ပါ 'ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ' ဟူသော စေတသိက်တရားတို့သည် အခြားမှာရှိသော တရားမျိုး မဟုတ်ချေ။ ယခုစာဖတ်နေသော သူမှာပင်ရှိသော တရားမျိုး ဖြစ်ပေသည်။ (စဉ်းစားကြည့်ပါ။)

သို့သော် ယခုလူများစုတို့မှာ သာမန်ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာမျိုးတို့သာ အရှိများ၊ အဖြစ် များကြသည်။ ဈာန်ဝင်သည့် ဝိတက်မျိုး၊ ဈာန်ဝင်သည့် ဝိစာရမျိုး၊ ဈာန်ဝင်သည့် ပီတိမျိုး၊ ဈာန်ဝင်သည့် သုခမျိုး၊ ဈာန်ဝင်သည့် ဧကဂ္ဂတာမျိုး ဖြစ်ခဲကြပေသည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံစိတ်ဓာတ်အင်အား ပျော့ညံ့ကြသောကြောင့် ဖြစ်ပေသည်။

လူ၌ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ ဈာန်ဝင်လာပြီဆိုလျှင် လက်ငင်းချက်ခြင်း အကျိုးရှိပေတော့သည်။ အကျိုးရှိပုံကို သိသာရုံဖော်ပြပါအံ့။

ရုပ်ဝတ္ထုပစ္စည်းများထဲတွင် ဘိန်းသည် လူကို ထိုင်းမှိုင်းတွေဝေစေ၏။ နာမ်သဘာဝထဲ၌မူ ထိန နှင့် မိဒ္ဓစာရားဆိုးနှစ်မျိုးသည် လူကို ထိုင်းမှိုင်းစေသည်။ ထိန မိဒ္ဓဝင်နေပြီဆိုလျှင် လူသည် ဖျတ်လတ်သွက်လက် ချက်ချာမှု မရှိတော့ဘဲ လူထိုင်းကြီး ဖြစ်ရလေသည်။ အကယ်၍ ထိုလူ၌ ဝိတက်ဈာန်ဝင်လာပါက ဝိတက်ဈာနင်က ထိနမိဒ္ဓကို ရှင်းလင်းပစ်လိုက်နိုင်သည့် အတွက် လူသည် ပေါ့ပါး ဖျတ်လတ်လာပေတော့သည်။

အချို့လူများသည် အလွန်တရာ သံသယ ဖြစ်လွယ်တတ်သည်။ သို့လောသို့လော တွေးတော ယုံမှားတတ်သည်။ အမှန်တစ်ခုကိုရအောင် မစဉ်းစားတတ်၊ မဆုပ်ကိုင်တတ်။ အကယ်၍ ထိုသူ၌ ဝိစာရဈာန်ဝင် လာပါလျှင် အဆိုပါယုံမှားတတ်မှုမျိုး ပပျောက်သွားလေသည်။

တချို့လူများ၌ အလကားနေရင်း စိတ်ဆိုးနေတတ်၏။ ဟိုလူ့မကျေနပ်၊ ဤလူ့မကျေနပ်၊ အုပ်ချုပ်သူမကျေနပ်၊ ယုတ်စွအဆုံး နေပူလျှင်လည်း အပြစ်ပြော၊ မိုးရွာလျှင်လည်း မကြိုက်နိုင်၊ ဟိုလူ့ မကောင်းကြံ၊ ဤလူ့ဝေဖန်စသည်ဖြင့်စိတ်က ပြစ်မှား၍သာ နေတတ်၏။ အကယ်၍ ထိုလူ၌ ပီတိဈာန်ဝင်လာပါက ထိုသို့သော စိတ်ပြစ်မှားမှုမျိုးတွေ ခဝါချလိုက်သလို ဖြူစင်သွားပြီး နှစ်သက်မှုအတိ ရှိလာပေသည်။

ထို့ပြင် စိတ်ချမ်းသာမှုမရှိသောသူ၏စိတ်သည် ပျံ့လွင့်နေတတ်၏။ ထိုမျှသာမကသေး။ ပြီးခဲ့သော အတိတ်က ဖြစ်ရပ်တွေကို ပြန်တွေးပြီး စိတ်ဆင်းရဲနေတတ်၏။ 'ငါ .... ဟိုတုန်းက လူနိုင်လျက်သားနဲ့ မလှူမိခဲ့ဘူး၊ အခုတော့ ငါလှူချင်ပေမယ့် မတတ်နိုင်တော့ဘူး၊ ငါမှားတာပဲ၊ ငါ အာဏာရှိတုန်းက ဒါတွေ၊ ဒါတွေ လုပ်မိခဲ့ရင် ကောင်းမှာပဲ၊ မလုပ်မိခဲ့ဘူး၊ အခုအာဏာမဲ့နေလို့ မတတ်နိုင်တော့ဘူး၊ နာတာပဲ၊ ငါငယ်ငယ်တုန်းက၊ ကျန်းမာတုန်းက ကြုံရခဲ့တဲ့ ဘုရားသာသနာကို အားမပေးမိခဲ့ဘူး၊ အားမထုတ်ခဲ့မိဘူး၊ ခုလို အိုမှ၊ နာမှတော့ မတတ်နိုင်တော့ဘူး၊ ဆုံးရှုံးလေစွ' ဤသို့တွေးပြီး စိတ်မချမ်းမသာ ဖြစ်လား ဖြစ်တတ်၏။ တစ်နည်းအားဖြင့် ''ငါ အာဏာရှိတုန်းက နိုင်တိုင်း ညှဉ်းဆဲ သတ်ဖြတ်မိတာ မှားတာပဲ၊ ငါလုပ်လိုက်လို့ ဘယ်သူဖြင့် ဒုက္ခရောက်သွားခဲ့တယ်၊ ငါလုပ်မိတာမှားတယ်' ဤသို့တွေးပြီး နောင်တတစ်ဖန် ပူပန်လား၊ ပူပန်တတ်၏။ အကယ်၍ ထိုသူ၌ သုခဈာန်ဝင်လာပါလျှင် ထိုကဲ့သို့ စိတ်ပျံ့လွင့်မှု၊ အတိတ်ကိုပြန်တွေးပြီး ပူပန်မှုတွေမဖြစ်တော့ဘဲ စိတ်ချမ်းသာမှု ရှိလာလေသည်။

လူ၌အဆိုးဆုံးကိစ္စတစ်ရပ်မှာ ကာမဆန္ဒပင်ဖြစ်၏။ ယနေ့ ကမ္ဘာလူသားတို့သည် ကာမဆန္ဒကြောင့် ဒုက္ခရောက်နေကြရသည်။ အဆင်းလှလှကိုတပ်မက်၍ ဝတ်စားဆင်ယင်မှု လော်လီဖောက်ပြား သရုပ်ပျက်နေကြသည်။ အသံကောင်းကောင်းကို ခုံမင်၍ တေးသံရှင်ကို နည်းမျိုးစုံဖြင့် မိမိလုပ်စာထဲမှ ငွေပေးနေကြရသည်။ နှာခေါင်းအလိုလိုက်ကြ၍ ပန်းဖိုး၊ ရေမွှေးဖိုး ကုန်ကျသည့်အပြင် အချို့နှာခေါင်းအလိုက်များ၍ ပါးရိုက်ခံကြရရှာ၏၊ လျှာအလိုလိုက်သဖြင့် စအိုမခံနိုင်ဖြစ်ကာ ရောဂါရကြရသည့်အပြင် ဘီလူးတိရစ္ဆာန်တို့ကဲ့သို့ ကြက်၊ ဝက်၊ နွား စသော တိရစ္ဆာန်တို့ကို ရက်ရက်စက်စက် သတ်ဖြတ် စားသောက်နေကြ၏။ အတွေ့အထိလိုက်စားရာက တစ်သက်လုံးတဏှာကျွန်ခံသွားရသည့်အပြင်

ဟိရိသြတ္တပ္ပ အရှက်အကြောက် လုံးဝကင်းမဲ့ပြီး ဓမ္မတာကို လွန်၍ ယောကျ်ားချင်း သံဝါသ ပြုသူတို့ကြောင့် ကိုယ်ခံစွမ်းအား ပျက်သော ရောဂါဆန်း (အေအိုင်ဒီအက်စ်) တွေ ဖြစ်ပွား ခံစားကြရ၏။ အကယ်၍ ထိုလူမျိုး၌ ဧကဂ္ဂတာ (သမာဓိ) ဈာန်ဝင်နေမည် ဆိုပါက ဆိုခဲ့ပါ ဘဝဘေးဒဏ်အန္တရာယ်တို့မှ ကင်းဝေးမည် ဖြစ်ပေသည်။ စိတ်တည်ငြိမ်မှု သမာဓိသည် လူတို့၏ ကာမဆန္ဒကို ကေန်မုချ အောင်မြင်နိုင်ပေသည်။

အချုပ်အားဖြင့် လူ၌ ဝိတက်ဈာန်ဝင်လျှင် ထိုင်းမှိုင်း တွေဝေခြင်းမရှိဘဲ သွက်လက် ဖျတ်လတ်သည်၊ ဝိစာရဈာန် ဝင်လျှင် ယုံမှားသံသယပျောက်သည်၊ ပီတိဈာန်ဝင်လျှင် စိတ်ပြစ်မှားမှုကင်းသည်၊ သုခဈာန်ဝင်လျှင် စိတ်မပျံ့မလွင့်၊ အတိတ် ဆွေး,မဆွေး၊ စိတ်အေးသည်၊ ဧကဂ္ဂတာဈာန်ဝင်လျှင် ကာမဆန္ဒပြင်းပြမှု လျော့ပါးသက်သာ ပျောက်ကင်းသည်။

သို့ဖြစ်၍ လူ၌ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်ဝင်လျှင် ထိုသူသည် ဖျတ်လတ်သွက်လက်သည်၊ ယုံမှားကင်းသည်၊ စိတ်ပြစ်မှားမှုမရှိ၊ စိတ်မပျံ့ မလွင့်၊ စိတ်အေးမြသည်၊ ကာမဆန္ဒ နည်းပါးသည်ကို တွေ့ရမည်ဖြစ်ပေသည်။

ဤတွင် မေးချင်စရာကား–သို့ဖြစ်လျှင် ဈာန်ဝင်အောင် ဘယ်လိုလုပ်ရမလဲ။

အဖြေကား–ဈာန်အဓိပ္ပာယ်ဖွင့် (Definition) ကို ပြန်ဖတ်ပါ။ စူးစိုက်ရမည်၊ စွဲမြဲရမည်၊ အနီးကပ် ရှုရမည် မဟုတ်ပါလော။

စာပေပညာ သင်ကြားရာ၌ဖြစ်စေ၊ အလုပ်အကိုင် လုပ်ကိုင်ရာ၌ဖြစ်စေ၊စာနှင့် အလုပ်နှင့် ပတ်သက်၍ စူးစူးစိုက်စိုက်၊ စွဲစွဲမြဲမြဲ ကြံစည်ပါ၊ အနီးကပ် လေ့လာသုံးသပ်ပါ၊ စာနှင့်ဖြစ်စေ၊ အလုပ်နှင့်ဖြစ်စေ ပတ်သက်၍ ကျေနပ်နှစ်သက်မှုရလျှင် စွဲမြဲပါစေ၊ မပျောက်ကွယ်ပါစေနှင့်။ စာကျက်ရင်း၊ အလုပ် လုပ်ရင်း စိတ်ချမ်းသာမှုရလျှင် ယင်းချမ်းသာမှုကို စွဲမြဲအောင် လုပ်ပါ။ စူးစိုက်မှု၊ စွဲမြဲမှုရှိအောင် ကြိုးစားလျှင် စာသမာဓိ၊

အလုပ်သမာဓိ ရလာလိမ့်မည်။ ယင်းကို အချိန်ကြာကြာ တည်တံ့အောင် ဆောင်ကြဉ်းပါ။

အဘိဓမ္မာနည်းအားဖြင့် သွင်းယူလျှင် စာဆိုသည်မှာ အာရုံ၊ အလုပ်ဆိုသည်မှာ အာရုံဖြစ်၏။ အာရုံ၌ စူးစိုက်စွဲမြဲခြင်း၊ ယင်းသို့ စူးစိုက်စွဲမြဲမှုကြောင့် ထိုင်းမှိုင်းတွေဝေမှု စသည်တို့ကို ပပျောက်စေခြင်းသည် ဈာန်ပင် ဖြစ်ပေသည်။

ဤဈာန်သည်ကား တကယ့် မဟဂ္ဂုတ်ခေါ်သော မုချဈာန်ကား မဟုတ်ချေ။ မဟုတ်သော်လည်း လက်ရှိလူ့ဘဝ၊ လူ့ကိစ္စများအတွက် လက်တွေ့အသုံးဝင်လှ၏။

သို့ဖြစ်သောကြောင့် ပညာသင်သူတိုင်း (ဝါ) ကျောင်းသား/ ကျောင်းသူတိုင်း ဈာန်ဝင်အောင် သင်ယူပါ။ ဈာန်ဝင်လျှင် တိမ်တောင် တိမ်လိပ်တွေကို လေယာဉ်ပန်ကာက ခုတ်၍ခုတ်၍ ခွဲပစ်ဘိသကဲ့သို့ အခက်အခဲဟူသမျှကို ဖောက်ထွင်းသိမြင်ပြီး ပထမချည်း စွဲပါလိမ့်မည်။ အလုပ်, လုပ်သူတိုင်းသည် ဈာန်ဝင်အောင်လုပ်ပါ။ ဈာန်ဝင်လာလျှင် အလုပ်တွေအလျှိုအလျှို ပြီးစီးသွားပါလိမ့်မည်။ လယ်ထဲ၌သိပ္ပံထယ်ဖြင့် မြေကိုခွဲသောအခါ ထယ်ခဲတွေမည်းခနဲ၊ မည်းခနဲ ပေါ်ပေါက်လာသကဲ့သို့လည်းကောင်း၊ သင်္ဘောခုတ်မောင်းသွားစဉ် သင်္ဘောဦးဖြင့်တိုက်ပစ်လိုက်၍ ရေတွေ နှစ်ကွဲ,ကွဲပြီး ဖွေးခနဲ၊ ဖွေးခနဲ လိမ့်ဆင်းကျန်ရစ်သကဲ့သို့လည်းကောင်း လုပ်စရာအလုပ်တွေ တောင်ပုံ ရာပုံ ပြီးစီးသွားသည်ကို တွေ့ရပါလိမ့်မည်။

မှတ်ချက်။ ။မဟဂ္ဂုတ်ဈာန် (အဘိညာဉ်) အစစ်ရရှိရန် နည်းလမ်းများကို နှစ်ဖက်လှ၏ 'သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏ အစိန္တေယျတရား' စာအုပ်၌ ဖော်ပြထားလျက် ရှိပါသည်။

(ဤဆောင်းပါးကို ၂၃-၁၀-၇၅ ဗုဒ္ဓဟူးနေ့ ည ၁၂-နာရီတွင် ရန်ကုန်မှ ပုသိမ်သွား ဘုရင့်နောင် သင်္ဘော အထက်တန်းအခန်းအမှတ် (အေ) ၌ ရေးသားပြီးစီးပါသည်)။

နှစ်ဖက်လှ
၁၉၇၅-ခု၊အောက်တိုဘာလ၊

# ကိုယ့်လမ်းကိုဖောက် ကြိုက်ရာလျှောက် ရောက်မည့်ခရီး

ကမ္ဘာပေါ်တွင်ရှိသောပညာရပ်အသီးသီးတို့အနက် ဗုဒ္ဓအဘိဓမ္မာပညာရပ်ကိုလေ့လာမိသူတို့သည် မိမိနှင့်တကွ ကမ္ဘာလူသားတို့အတွက် လျှောက်လှမ်းသွားရမည့် လမ်းနှစ်သွယ်ကို တွေ့ကြရမည်ဖြစ်ပါသည်။ တစ်သွယ်သောလမ်းမှာ မှန်လည်းမှန်၊ ကောင်းလည်းကောင်းသည်၊ တစ်သွယ်သောလမ်းမှာ မှားရုံတွင်မက လမ်းလည်းဆိုးလှပေသည်။ လမ်းကောင်းလမ်းမှန်ကိုလျှောက်သွားသူသည် သုခချမ်းသာနေရာသို့ရောက်မည်၊ လမ်းဆိုးလမ်းမှားကိုလိုက်မိလျှင် ဘေးဒုက္ခထူပြောသော ကန္တာရအတန်တန်ကိုဖြတ်သန်းရပြီး ဒုက္ခဘုံသို့ရောက်ရပေမည်။

ပါဠိဘာသာတွင် ‘လမ်း’ကို‘မဂ္ဂ’ဟုခေါ်သည်၊ မြန်မာမှုပြုသောအခါ ‘မဂ်’ဟူ၍ဖြစ်လာသည်၊ ယင်း‘မဂ်’ဟူသောဝေါဟာရကို ‘ဖိုလ်’ဟူသောဝေါဟာရနှင့်တွဲ၍ ‘မဂ်ဖိုလ်’ဟုသုံးလိုက်သောအခါ ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားသော ဝေါဟာရဖြစ်လာပေသည်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်တိုင်းမျှော်မှန်းထားရှိသောဘဝပန်းတိုင်၏ ဆုလာဘ်များဖြစ်ပေသည်။

သို့ရာတွင် အဘိဓမ္မာပညာရပ်တွင်မူ မဂ်နှင့်ပတ်သက်၍ ထိုမျှသာမက ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားသည်ကို တွေ့ရသည်၊ လမ်းမှန်တွင်လမ်း၏အင်္ဂါအစိတ်အပိုင်း(၈)မျိုးကိုဖော်ပြပြီး၊ လမ်းမှားတွင် လမ်း၏အင်္ဂါအစိတ်အပိုင်း(၄)မျိုး ဖော်ပြထားပါသည်။ ပါဠိသက်ဝေါဟာရအရဆိုသော် လမ်း၏အင်္ဂါအစိတ်အပိုင်းကို ‘မဂ္ဂင်’ဟု ခေါ်ပါသည်။ အမှန်ကို‘သမ္မာ’၊ အမှားကို‘မိစ္ဆာ’ဟူ၍သတ်မှတ်ပါသည်။

မဂ္ဂင်ဟုခေါ်သော လမ်း၏အင်္ဂါအစိတ်အပိုင်းများကား အခြားအရာများမဟုတ်ပါ၊ ယခင်လေ့လာခဲ့သော လူ၏စိတ်၌မှီတွယ်ပြီး လူ၏စိတ်ကိုခြယ်လှယ်တတ်သည့် စေတသိက်သဘာဝတရားများပင် ဖြစ်ပါသည်။စေတသိက်သဘာဝ ၅၂-မျိုးတို့တွင် လမ်းမှန်(သမ္မာမဂ္ဂ)တရားတို့ကား 'ဒိဋ္ဌိ(ပညာ)၊ ကုသိုလ်စိတ်၌ယှဉ်သောဝိတက်၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ'တို့ဖြစ်ကြပါသည်။ လမ်းမှား (မိစ္ဆာမဂ္ဂ)တရားတို့ကား 'ဒိဋ္ဌိ၊ အကုသိုလ်စိတ်၌ယှဉ်သောဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ' ဤလေးမျိုးတို့ဖြစ်ကြပါသည်။

ဆိုခဲ့ပါ၊ စေတသိက်သဘာဝတရားများကို မဂ္ဂင်လမ်းဖြင့် ထင်ဟပ်စဉ်းစားကြည့်လျှင် ဤသို့စဉ်းစားနိုင်ပါသည်။ မိမိစိတ်၌ အမှားအမှန်ကိုခွဲခြမ်းဝေဖန်သိတတ်သော ဉာဏ်ပညာဖြစ်ပါက 'ငါသည် လမ်းမှန်ပေါ်ရောက်ပြီ၊ လမ်းမှန်ပေါ်မှာလျှောက်သွားနေသည်'ဟု သတိပြုအပ်သည်။ ကောင်းရာမွန်ရာကို ကြံစည်စိတ်ကူးမိနေလျှင်ဖြစ်စေ၊ ကောင်းရာမွန်ရာကို ကြိုးစားအားထုတ်နေလျှင်ဖြစ်စေ၊ ကောင်းရာမွန်ရာကို သတိရနေလျှင်ဖြစ်စေ၊ ကောင်းရာမွန်ရာ၌ စူးစိုက်တည်ကြည်နေလျှင်ဖြစ်စေ၊ ငါသည် လမ်းမှန်ပေါ်မှာလျှောက်လှမ်းနေခြင်းပေတကားဟု သတိချပ်အပ်ပါသည်။

အပြစ်ရှိသော ဆင်းရဲဒုက္ခကိုဖြစ်လာစေတတ်သော အရာတို့ကို သိမြင်မိလျှင် 'ငါသည် လမ်းမှားပေါ်ရောက်နေပြီ၊ လမ်းမှားကို လျှောက်မိနေပြီ'ဟု သတိချပ်အပ်ပါသည်။ ထိုနည်းတူ အပြစ်မကင်းသောအရာတို့ကို တွေးတောကြံစည်စိတ်ကူးနေလျှင်ဖြစ်စေ၊ အားထုတ်ကြိုးစားမိနေလျှင်ဖြစ်စေ၊ မကောင်းသော အပြစ်မကင်းသော၊ ဘေးဒုက္ခဖြစ်ပေါ်လာစေနိုင်သော အကြောင်းအရာတို့၌ အာရုံစူးစိုက်နေပါပြီဆိုလျှင်ဖြစ်စေ၊ ငါသည် လမ်းမှားကိုလိုက်မိနေပြီဟု သတိချပ်အပ်ပေသည်။

ဤတွင်'သမ္မာ'နှင့်'မိစ္ဆာ' မည်သို့ခွဲခြားသတ်မှတ်သနည်း၊ ဤအချက်သည် အဓိကကျသောအချက် ဖြစ်ပေသည်၊ သတ်မှတ်ချက်မှန်ကန်မှုရှိပါမှ လမ်းမှန်၊လမ်းမှား ကွဲပြားမည်မဟုတ်ပါလော။ ဤသို့ အမှန်၊ အမှားခွဲခြားနိုင်မှုသည်ကား သာမန်ပညာရှိတို့၏အရာ မဟုတ်ပါချေ၊ တကယ့်ပြည့်စုံလုံလောက်သည့် ပညာရှိမျိုးမှသာ ယထာဘူတကျအောင်

ခွဲခြားသတ်မှတ်ပြနိုင်ပေရာသည်။ ဗုဒ္ဓအဘိဓမ္မာပညာတွင်ကား သိစရာမှန်သမျှကို ဘာတစ်ခုမျှမကျန်အောင် အကုန်သိဖြစ်သော သဗ္ဗညုတဉာဏ်ပညာရှိသူ(ဗုဒ္ဓဘုရား)က အမှန်နှင့်အမှား ခွဲခြားဖော်ပြထားသည်ကိုလည်း လက်ရင်းကျကျလေ့လာကြရပေသည်။

လူ့လောကတွင် မိမိ၏ပစ္စည်းဥစ္စာကို သူတစ်ပါးတို့အား ပေးကမ်းခြင်း၊ လှူဒါန်းခြင်းဟူသော ဆောင်ရွက်မှုမျိုးရှိ၏၊ ယင်းသို့ ပေးလှူခြင်းနှင့်စပ်လျဉ်း၍ ကောင်းသည်၊ အကျိုးရှိသည်ဟုမြင်လျှင် မှန်သောအမြင်(သမ္မာဒိဋ္ဌိ)ဖြစ်၏၊ အလကားအချည်းအနှီးသာတည်းဟု မြင်လျှင်မှားသောအမြင် (မိစ္ဆာဒိဋ္ဌိ)ဖြစ်၏။ သို့ဖြစ်၍ ပေးကမ်းလှူဒါန်းမှုနှင့်ပတ်သက်ပြီး အမြင်မှန်လျှင် 'ငါသည် လမ်းမှန်ကိုလျှောက်မိနေခြင်းဖြစ်သည်'ဟု သိရမည်၊ ပေးလှူခြင်းသည် အလကားအချည်းအနှီးတည်းဟု မြင်နေလျှင် 'ငါသည် လမ်းမှားကိုလျှောက်လှမ်းမိနေပြီ'ဟု သိအပ်ပေသည်။ ဤသည်ကား ပင်ကိုအမှန်တရား (Objective Truth) ဖြစ်၍ မိမိစိတ်က လက်ခံချင်လက်ခံ၊ လက်မခံချင်နေ၊ လမ်းတစ်မျိုးမျိုးပေါ်မှာ လျှောက်လှမ်းနေမိခြင်းကား အမှန်ပင်ဖြစ်ပေသည်။

ထိုနည်းတူ ပူဇော်ခြင်းအကျိုးရှိသည်ဟုမြင်လျှင် သမ္မာဒိဋ္ဌိ၊ ဘယ်သူ့မှမပူဇော်ဘူး၊ ပူဇော်တာအကျိုးမရှိဟုမြင်လျှင် မိစ္ဆာဒိဋ္ဌိ၊ ပွဲကြီးလမ်းကြီး ခမ်းကြီးနားကြီးပြုလုပ်ပူဇော်ရာ၌လည်း ဤနည်းတူ သမ္မာအမြင်မိစ္ဆာအမြင်ခွဲခြားပြီး မိမိလျှောက်လှမ်းနေမည့်လမ်းကို သိအပ်ပေသည်။

အရေးကြီးသောအချက်တစ်ရပ်ကား မိမိကဲ့သို့သော လူသားတစ်ဦးအနေဖြင့် ပြုလုပ်သော ကောင်းသောအပြုအမူ (ကုသိုလ်ကံ)၊ မကောင်းသောအပြုအမူ (အကုသိုလ်ကံ)သည် အချည်းအနှီး မဖြစ်၊ ကောင်းကျိုးဆိုးပြစ်ရှိသည်ဟုမြင်လျှင် အမြင်မှန်၊ ဘာအကျိုး ဘာအပြစ်မှ မရှိဟုမြင်လျှင် အမြင်မှား (မိစ္ဆာဒိဋ္ဌိ)ဖြစ်၏။ တစ်နည်းပြောရလျှင် ကံ၊ ကံ၏ အကျိုးတရားကို သက်ဝင်ယုံကြည်လျှင် သမ္မာဒိဋ္ဌိ၊ ကံ၊ ကံ၏ အကျိုးကို မယုံကြည်ဘဲ ကံ၊ ကံ၏ အကျိုးမရှိ၊ အချည်းနှီးတည်းဟူ၍ဖြစ်စေ၊ ငါတို့လူသားတို့၏ ကောင်းကျိုးဆိုးပြစ်ကို တခြားသောတန်ခိုးရှင်က ဖန်ဆင်းတာပဲဟု သက်ဝင်ယုံကြည်လျှင်ဖြစ်စေ မိစ္ဆာဒိဋ္ဌိဖြစ်၏။

ထို့ပြင် ဘဝလောကနှင့်ပတ်သက်၍ ဤဘဝ ဤလောကလည်း ထင်ရှားရှိ၏။ တခြားသောဘဝ၊ တခြားသောလောကလည်း ရှိ၏။ အမိကျေးဇူးရှိ၏။ အဖကျေးဇူးရှိ၏။ ပြိတ္တာ၊ နတ်၊ ဗြဟ္မာ စသော ဥပပါတ် သတ္တဝါမျိုးလည်း ရှိ၏။ အကျင့်သီလထူး အမြင်ထူးသော ရဟန်း၊ ပုဏ္ဏားတို့လည်း ရှိ၏။ ဤသို့ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်တတ်လျှင် အမြင်မှန်သမ္မာဒိဋ္ဌိ၊ ဆန့်ကျင်ဘက်သိမြင်လျှင်မူကား အမြင်မှား မိစ္ဆာဒိဋ္ဌိ ဖြစ်ပေသည်။ သမ္မာဒိဋ္ဌိ မဂ္ဂင်ပိုင်ရှင်လူသားသည် လမ်းမှန် လျှောက်လှမ်းနေသူဖြစ်ပြီး မိစ္ဆာဒိဋ္ဌိ မဂ္ဂင်ပိုင်ရှင်လူသားမှာမူ လမ်းမှား ကို လျှောက်လှမ်းနေသူ ဖြစ်ပေသည်။

လူတို့သည် နေ့စဉ်နှင့်အမျှ ကြံစည်စိတ်ကူးနေကြ၏၊ ထိုသို့ ကြံစည်မှုများတွင် ပေးဖို့၊ လှူဖို့၊ ကူညီဖို့၊ ဥပုသ်စောင့်ဖို့ စသည်ကြံစည် မှုကား မှန်ကန်သောကြံစည်မှု (သမ္မာသင်္ကပ္ပ) ဖြစ်၏။ သူတစ်ပါး ကြီးပွားချမ်းသာစေရန် ကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာစေရန် ကြံစည်စိတ်ကူးမှုကား မှန်သောအကြံဖြစ်၏။ ထိုနည်းတူ သူတစ်ပါးကို မထိပါး မပုတ်ခတ်ဘဲ အကျိုးရှိရာရှိကြောင်းကြံစည်လျှင်လည်း သမ္မာ သင်္ကပ္ပပင် ဖြစ်၏။

ထိုသို့မဟုတ်မူ၍ ကိလေသာကာမဂုဏ်ရရှိခံစားဖို့ နည်းအမျိုးမျိုး ဖြင့်အကြံထုတ်နေပါက မှားသောအကြံ(မိစ္ဆာသင်္ကပ္ပ)ဖြစ်၏။ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း ကြံစည်အားထုတ်သည် ဖြစ်စေ၊ သူတစ်ပါး တို့အား ညှဉ်းဆဲဖျက်ဆီးပစ်ဖို့ နည်းလမ်းရှာဖွေ တွေးတောကြံဆသည် ဖြစ်စေ အားလုံးမိစ္ဆာသင်္ကပ္ပ (အတွေးမှား၊ အကြံမှား၊ စိတ်ကူးမှား) ချည်းသာ ဖြစ်သဖြင့် လမ်းမှားကို လျှောက်မိနေကြောင်း သိအပ်ပေ သည်။

ထိုနည်းတူ ကြိုးစား အားထုတ်ရာ၌လည်း အပြစ်ကင်းသော ကုသိုလ်အလုပ်ကိုအားထုတ်လျှင် သမ္မာဝါယာမ ဖြစ်၏၊ အပြစ်ရှိသော သူတစ်ပါးကိုပျက်စီးစေသော အကုသိုလ်မှုတို့ကို ကြိုးစားအားထုတ်လျှင် မိစ္ဆာဝါယာမ ဖြစ်၏။

စိတ်စူးစိုက်တည်ခြင်း၌လည်း 'သမ္မာ'နှင့် 'မိစ္ဆာ' နှစ်မျိုးရှိ၏။ ကောင်းသောကုသိုလ်အာရုံ၊ ကုသိုလ်အလုပ်မျိုး၌ စူးစိုက်တည်ကြည်မှု သည် သမ္မာသမာဓိ မည်၏။ ငါးမျှားခြင်း၊ သတ်ဖြတ်ရန်ချိန်ရွယ်ခြင်း

စသည့်အကုသိုလ်မှုတို့၌ စိတ်စူးစိုက်ခြင်းသည် မိစ္ဆာသမာဓိမည်ပေသည်။ မိန်းမလှမိန်းမချောကလေး၌ 'ကေဂ္ဂတာ စေ သဘောဟော်ကျသည်' ဆိုသည့်အရာမျိုးကား ကိလေသာအာရုံ၌ စိတ်စူးစိုက်တည်သည့်အတွက် မိစ္ဆာသမာဓိရခြင်းသာ ဖြစ်ပေသည်။

စကားပြောရာ၌ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ဆဲရေးခြင်း၊ အရေမရအဖတ်မရ အချည်းနှီးစကားပြောခြင်းသည် မိစ္ဆာဝါစာဖြစ်၏။ မှန်မှန်ပြောခြင်း၊ ချစ်အောင်ပြောခြင်း၊ ချိုသာစွာပြောခြင်း၊ အကျိုးရှိအောင်ပြောခြင်းသည် သမ္မာဝါစာ ဖြစ်၏။

ပြုလုပ်ရာ၌ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ ကြာခိုခြင်း စသည်ကား မိစ္ဆာကမ္မန္တ ဖြစ်၏။ အသက်မသေစေခြင်း၊ မခိုးမယူခြင်း၊ ကာမလွန်ကျူး မမှားစေခြင်းသည် သမ္မာကမ္မန္တ မည်၏။

စကားပြောရာ၌ ဖြစ်စေ၊ ပြုလုပ်ရာ၌ ဖြစ်စေ အသက်မွေးဝမ်းကြောင်းမှုအတွက် အကျိုးအမြတ်ရမည်ဖြစ်သော်လည်း မိစ္ဆာဝါစာကို မပြောခြင်း၊ မိစ္ဆာကမ္မန္တကို မလုပ်ခြင်းသည် သမ္မာအာဇီဝ မည်ပေသည်။ တစ်နည်းဆိုရသော် 'သမ္မာအာဇီဝ' ဆိုသည်ကား လိမ်ပြောပြီး စီးပွားမရှာခြင်း၊ ကုန်းတိုက်ပြီးစီးပွားမရှာခြင်း၊ ဆဲရေးတိုင်းထွာပြီး စီးပွားမရှာခြင်း၊ ပေါက်ကရပြောပြီး စီးပွားမရှာခြင်း၊ သတ်ဖြတ်ပြီး စီးပွားမရှာခြင်း၊ ခိုးဝှက်လုယက်ပြီးစီးပွားမရှာခြင်း၊ ကာမသိုက်တူးပြီး စီးပွားမရှာခြင်းမျိုးပေတည်း။ တစ်နည်းအားဖြင့် မှန်မှန်ကန်ကန်ပြောပြီး မှန်မှန်ကန်ကန်ပြုလုပ်ပြီး စီးပွားရှာခြင်းမျိုးကို 'သမ္မာအာဇီဝ' ဟု ခေါ်ရပေသည်။

'သတိ' အစစ်မှာမူ 'သမ္မာ' သာရှိသည်၊ 'မိစ္ဆာ' မရှိချေ။ ဆိုလိုသည်ကား သမ္မာသတိသာရှိသည်၊ မိစ္ဆာသတိ ဟူ၍ မရှိချေ။ အပြစ်ရှိသော အကြောင်းအရာတို့ကို ပြန်လည်သိရှိခြင်းကား သတိအစစ်မဟုတ်၊ အမှတ်သညာ၏အစွမ်းမျှသာဖြစ်သည်။ 'သတိ' ဆိုသည်မှာ ကောင်းသော သဘာဝသာ ဖြစ်သည့်အတွက် 'သတိဆိုပိုသည်မရှိ' ဟု ဆိုရပေသည်။ ဤကား သတိ၏ အဘိဓမ္မာပေတည်း။ သုတ္တန်နည်းအရသော်ကား တင်စား၍ မိစ္ဆာသတိဟု ခေါ်ဝေါ်သုံးစွဲမှုရှိ၏။ သို့သော် သတိအစစ် မဟုတ်ချေ။

အထက်တွင် ဖော်ပြခဲ့သည်ကို သေချာစွာ လေ့လာပြီးပါက အကယ်၍ မိမိ၏ပြုမူပြောဆိုချက်သည် 'သမ္မာ'ပိုင်းဝင်လျှင် 'ငါသည် လမ်းမှန်သို့ရောက်နေသည်'ဟု ဆင်ခြင်အပ်၏။ 'မိစ္ဆာ'ပိုင်းကျနေလျှင် 'ငါသည် လမ်းမှားလိုက်မိနေသည်'ဟု သတိချပ်အပ်၏။

ဗုဒ္ဓအဘိဓမ္မာအရ လမ်းမှန်နှင့်လမ်းမှား ခွဲခြားပြထားပြီ၊ ဗုဒ္ဓအဘိဓမ္မာကို လေ့လာသည့်အတွက် လမ်းမှန်၊လမ်းမှားကိုလည်း ခွဲခြားသိရပြီ၊ သိခြင်းသည် မသိသူထက်သာပေပြီ။ သို့သော် လမ်းမှားကိုပယ်ပြီး လမ်းမှန်လိုက်ဖို့ကား မိမိ၏တာဝန်သာတည်း။

နှစ်ဖက်လှ
၈-၁၂-၈၅

# ‘ဣန္ဒြေ’ သိမှ ‘ဣန္ဒြေ’ ရှိတတ်မယ် မဟုတ်လား

ဗမာလူမျိုးဟာ ပါဠိလူမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် တကယ့်အခြေခံသမိုင်း အမှန်အရ ဗမာပေါ်လာကတည်းက ပါဠိကို ဖက်ပြီး ပေါ်လာတာဖြစ်တော့ ဗမာဝေါဟာရဆိုတာဟာ ပါဠိကို ထာပနာထားတဲ့ ဝေါဟာရတွေပဲများပါတယ်။ အခု ‘ဣန္ဒြေ’ဆိုတဲ့ ဗမာစကား ဗမာဝေါဟာရကို အဘိဓမ္မာဘာသာအမြင်နဲ့ တင်ကြည့်လိုက်ရင် အလွန်ကျယ်ဝန်းနက်နဲပုံကို သိရပါလိမ့်မယ်။

ပါဠိမူရင်းက ‘ဣန္ဒြိယ’ဖြစ်ပါတယ်။ ဒါကို မြန်မာမှုပြုတဲ့အခါ ‘ဣန္ဒြေ’လို့ဖြစ်လာပါတယ်။ အဆုံးက ‘ယ’ကိုချေဖျက်၊ ‘ဒြိ’မှ –ိ(ဣ)ကို ‘ေ–(ဧ)’ပြုဆိုတဲ့ သဒ္ဒါနည်းနဲ့ ဖန်တီးယူလိုက်တော့ ‘ဣန္ဒြေ’ဆိုတဲ့ လှပတဲ့မြန်မာစကားတစ်လုံး ရလာခြင်းဖြစ်ပါတယ်။ အရင်းအမြစ်ကတော့ ဗုဒ္ဓအဘိဓမ္မာမှာလာတဲ့ ပါဠိစကားလုံးပါပဲ။

ဣန္ဒြိယ(ဣန္ဒြေ)ဆိုတဲ့ စကားရဲ့ရင်းမြစ်အနက်က ‘အစိုးရခြင်း’ ဖြစ်ပါတယ်။ သက်ဆိုင်ရာကိစ္စအသီးသီးမှာ အစိုးတရဖြစ်မှုပါပဲ။ ဒီနေရာမှာ ‘အစိုးရတယ်’ ဆိုတာဟာ ‘ပြဋ္ဌာန်းတယ်’ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။ သူ မပါရင်မပြီးဘူး၊ အရေးပါတယ်လို့ ဆိုလိုပါတယ်။

အဲဒီ‘ဣန္ဒြေ’ဆိုတာက ဘယ်မှာရှိသလဲ၊ ဘာတွေလဲ၊ ဒီလိုလိုက်စစ်ကြည့်မယ်ဆိုရင် အခုလိုလူပညာရှိ တစ်သိန်းတစ်သန်း စိစစ်ရှာဖွေဦးတော့ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် တွေ့ရှိမှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ယနေ့လူပညာရှိတွေရဲ့ဉာဏ်ဟာ ပညတ်နယ်ထဲမှာပဲ ကျက်စားနိုင်တာများပါတယ်။ အနည်းစုကတော့ ရုပ်ပိုင်းဘာဝ၊ ရုပ်ပိုင်းဖြစ်ရုပ်များကို တီးမိခေါက်မိရှိကြပါရဲ့၊ ဒါပေမယ့် အင်မတိအင်မတန် သိမ်မွေ့

ဟိ–န်–း–စို–း–...–၁–င်–ဂ–ဉ်–(–၁၂–)

နက်နဲလှတဲ့ နာမ်ပိုင်းဘဝ၊ နာမ်ပိုင်းဖြစ်စဉ်ကျတော့ မမိမကမ်းဖြစ်နေကြ လို့ပါပဲ။

နာမ်ပိုင်းမှာတောင်မှ လောကီနာမ်ပိုင်း၊ လောကုတ္တရာ နာမ်ပိုင်းလို့ ဒီလိုရှိသေးတာကို။ စာထဲမှာပါတဲ့ ဈာန်,အဘိညာဉ်ရ လောကီရသေ့တွေ၊ နတ်ဗြဟ္မာတွေဆိုပါတော့၊ သူတို့ဟာ လောကီနာမ်ပိုင်း လောက်တော့ သိနိုင်ကြပါသတဲ့။ ဒါပေမယ့် သူတို့ဟာ ပုထုဇဉ်တွေ ဖြစ်ကြတာမို့ လောကုတ္တရာနာမ်ပိုင်းကျတော့ မတိုးနိုင်ကြတော့ပါဘူး။

ခုခေတ်လူပညာရှိတချို့ကတော့ ကိုယ်မသိတာ၊ မတွေ့တာနဲ့ဘဲ နာမ်ပိုင်း မရှိဘူးတောင် တရားလွန်ပြောတတ် ရေးတတ်ကြပါသေးတယ်။ မှန်ကန်တဲ့ပညာဗဟုသုတရဖို့ လိုက်စားကြတဲ့ သုတေသီတွေအနေနဲ့ သတိကြီးစွာထားကြရမယ့်အချက်ပါပဲ။

ကျွန်တော်တို့ဗုဒ္ဓဘာသာများကတော့ ကံကောင်းလှသမို့ ပညတ်ကိုလွန်၊ လောကီကိုထွင်းဖောက်၊ လောကုတ္တရာ ဆိုက်ရောက်အောင် တတ်မြောက်တော်မူတဲ့ မြတ်ဗုဒ္ဓရှင်ဘော်ဘုရားကို ဆည်းကပ်ကိုးကွယ်ထားမိလျက်သားဖြစ်နေလို့ မြတ်ဗုဒ္ဓဆီက သိစရာ တတ်စရာ အထက်တန်းပညာတွေကို တစ်ပုံတစ်ပင်ကြီး အလွယ်တကူ ရနေကြတယ်မဟုတ်ပါလား။

မြတ်ဗုဒ္ဓ၏အဘိဓမ္မာခုနစ်ကျမ်းထဲမှာ ဣန္ဒြိယ ယမိုက် ပါဠိတော်ဆိုတာ ပါ,ပါတယ်။ ဝိဘင်းပါဠိတော်ကြီးထဲမှာလဲ ဣန္ဒြိယဝိဘင်းရယ်လို့ ဟောထားသေးတယ်။ 'ဣန္ဒြေ'နဲ့ ပတ်သက်လို့ အကျယ်ပြန့်ဆုံး ဖော်ပြထားပါလေရဲ့၊ ဒီထဲက အကျဉ်းချုပ်ယူပြီး အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းနှင့်တကွ ကျမ်းပေါင်းများစွာတို့က 'ဣန္ဒြေ'အကြောင်းကို ခန့်ခန့်သန့်သန့် ဖွင့်ဆိုဖော်ပြထားကြပါတယ်။

'ဣန္ဒြေ'ဘယ်မှာရှိသလဲ၊ ဘာတွေလဲ ဆိုတာနဲ့ပတ်သက်လို့ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဘာသာရပ်အရ ပြောရပါ့မယ်။ 'ဣန္ဒြေ'ကို ဝေးဝေးမှာရှာဖို့မလိုပါဘူး။ အခုစာဖတ်နေတဲ့လူမှာပဲ 'ဣန္ဒြေ' ခပ်များများ တွေ့နိုင်ပါတယ်။ ကိုယ့်ကိုယ်မှာ ရှိနေတာတွေကို ထုတ်ကြည့်တတ်ရင် 'ဣန္ဒြေ'တွေကို တွေ့ရပါလိမ့်မယ်။

အခုစာဖတ်နေတဲ့သူရဲ့ကိုယ်ကို ရုပ်တစ်ပိုင်း နာမ်တစ်ပိုင်းခွဲလိုက်ပါ။ မျက်စိတွေ၊ နားတွေ၊ ခြေတွေလက်တွေ စာတွေကရုပ်ပိုင်းထဲက။ မြင်လို့သိတာ၊ ကြားလို့သိတာ စတဲ့ သိသိနေတာက နာမ်ပိုင်းထဲက။ ဒီလောက်တော့ ရိုပ်မိတယ် မဟုတ်ပါလား။ အဲဒီလိုခွဲခြားပြီး ဆက်လက်စိစစ်ကြည့်မယ်ဆိုရင် အခုစာဖတ်နေတဲ့သူမှာ (တစ်ချိန်တည်းတော့မဟုတ်ဘူး) ဖြစ်နိုင်သမျှစုပေါင်းလိုက်ရင် ကလာပ်(၁၉)မျိုးဖြစ်နိုင်တာကို တွေ့ရပါလိမ့်မယ်။

ပုံစံတစ်ခုကြည့်ရအောင်။

သင့်မျက်လုံးထဲမှာ မျက်နက်ဝန်းရဲ့အလယ်လောက်မှာရှိတဲ့ အရိပ်ထင်တဲ့ 'အကြည်'ကလေးဟာ ရုပ်ကလေးပဲ၊ သင့်မျက်စိဖြင့် ကြည့်နိုင်မြင်နိုင်ဖို့က်စ္စမှာ အဲဒီအကြည်ရုပ်ကလေးမရှိဘဲ ဖြစ်ပါ့မလား၊ မြင်ပါ့မလား၊ မြင်လို့သိတယ်ဆိုတာရော ပေါ်လာနိုင်ပါ့မလား၊ သတိချပ်၍ အသိကပ်ကြည့်ပါ။

အဘိဓမ္မာနည်းကျ (ဝါ) သိပ္ပံနည်းကျ ဆက်လက်စဉ်းစားဦးမယ်ဆိုရင် မြင်ဖို့အရေးမှာ မြင်စရာလဲရှိဦးမှ၊ အလင်းရောင်လဲရဦးမှ၊ ကြည့်ဖြစ်လဲကြည့်ဖြစ်ဦးမှ၊ ဒါမှ ကြည့်လို့မြင်တယ်ဆိုတာ ဖြစ်နိုင်တယ်ထား၊ ဒါပေမယ့် မြင်စရာ(ရူပါရုံ)တွေကလဲပေါပါဘိ၊ အလင်းရောင်ကိုလဲ ဘယ်လောက်ယူမလဲ၊ နေဝင်သွားရင်တောင် လရောင်၊ မီးရောင်တွေရနိုင်၏။ ကြည့်ဖြစ်ဖို့ဆိုတာကလဲ လွယ်ပါတယ်၊ မျက်စိကောင်းနေရင် ကြည့်ဖြစ်ပါတယ်။

ဒီလိုစဉ်းစားရင် အရေးကြီးဘာဘာသွားတွေ့သလဲ၊ မျက်စိထဲက မျက်ကြည်ရုပ်ပေါ့။ အဲဒီမျက်ကြည်ရုပ်ကလေး ပျက်နေလို့ကတော့ မျက်စိပါရဂူတွေ သိန်းသန်းကုဋေက ပြုပြင်ပေးဦးတော့ ကြည့်လို့မြင်လို့မရတော့ပါဘူး။ 'မျက်စိအဆုံး နားအရှုံး'ဆိုတဲ့စကားအတိုင်း ဘာကိုမှမမြင်ရတော့တဲ့ အမှောင်လောကကြီးထဲမှာ အကန်းဘဝနဲ့ တစ်သက်လုံးနေသွားရရှာတာပဲ မဟုတ်လား။

ဒါဖြစ်ရင် လူတစ်ယောက် မျက်စိမြင်ဖို့အရေးမှာ (ဝါ) သင့်အနေနဲ့ ပြင်ပလောကနဲ့ ဆက်သွယ်နိုင်ဖို့ အရေးမှာ သင့်မျက်စိထဲက

မျက်ကြည်ရုပ်ကလေးဟာ ဘယ်လောက်အရေးပါတယ်၊ ဘယ်လောက်ပြဋ္ဌာန်းတယ်ဆိုတာ စဉ်းစားမိလောက်ပါပြီ။ ဒါကိုတစ်နည်းလှည့်ပြောရင် မျက်ကြည်ကလေးဟာ မြင်ခြင်းကိစ္စကိုအစိုးရတယ်လို့ ပြောရပါတယ်၊ သူ့အခရာဖြစ်တယ်ပေါ့လေ။

အဲဒီအနက်အဓိပ္ပာယ်တွေကို တခမ်းတနား ပါဠိဘာသာ တင်တော့ကာ 'မျက်စိ'ကို 'စက္ခု'၊ 'အကြည်ရုပ်'ကို 'ပသာဒ'၊ 'မျက်စိအကြည်ရုပ်'ကို 'စက္ခုပသာဒ'၊ အစိုးရတဲ့သဘောကို 'ဣန္ဒြေ'၊ ပေါင်းလိုက်တော့ 'စက္ခုပသာဒဣန္ဒြေ'၊ အဲဒီလိုဖြစ်လာပါတယ်။ သဒ္ဒါနည်းနဲ့ စကားကျဉ်းအောင် စကားလုံး ကျစ်လစ်သိပ်သည်းအောင် လုပ်လိုက်တော့ စက္ခု+ဣန္ဒြေ (စက္ခုန္ဒြေ)၊ ဒီလို ဣန္ဒြေတစ်ခုရလာပါတယ်။ အဓိပ္ပာယ်က မျက်ကြည်ရုပ်သည် မြင်ခြင်းကိစ္စကိုအစိုးရသည်လို့ ဆိုလိုပါတယ်။

အဲဒီနည်းအတိုင်း ဆက်ပြီးစဉ်းစားသွားမယ်ဆိုရင် သင့်နားထဲက နားအကြည်ရုပ်က သင်အသံတွေကြားရဖို့အရေးမှာ အရေးပါပုံ (ဝါ) အစိုးရပုံ၊ သင့်နှာခေါင်းထဲက နှာအကြည်ရုပ်ကလေးက အနံ့ယူခြင်းကိစ္စ၌ အရေးပါပြီးအစိုးတရဖြစ်ပုံ၊ သင့်လျှာအလယ်ကောင်က လျှာအကြည်ရုပ်ကလေးက အရသာသိဖို့အရေး၌ အဓိကကျပုံ၊ သင့်တစ်ကိုယ်လုံးရှိ အရေပါးများ၌ရှိနေတဲ့ ကိုယ်အကြည်ရုပ်ကလေးက သင့်ကိုထိရင်သိဖို့အတွက် ပဓာနကျနေပုံ၊ သင်အခုလို မိန်းမ(သို့မဟုတ်)ယောကျ်ားပုံပန်းသဏ္ဌာန် ဖြစ်ပေါ်လာဖို့အတွက် မ-မျိုးရုပ်။ ကျား-မျိုးရုပ်တို့ ပြဋ္ဌာန်းပုံတို့ကို တစ်ခုစီတစ်ခုစီ ဆက်လက်စဉ်းစား သိမြင်နိုင်လောက်ပါပြီ။

စဉ်းစားပြီးသမျှကို လက်ချိုးရေတွက်ကြည့်မယ်ဆိုရင်....

(၁) စက္ခုပသာဒ=စက္ခုန္ဒြေ=မျက်စိဣန္ဒြေ=အမြင်ကိစ္စ အစိုးရမှု။

(၂) သောတပသာဒ=သောတိန္ဒြေ=နားဣန္ဒြေ= အကြားကိစ္စ၌ အစိုးရမှု။

(၃) ဃာနပသာဒ=ဃာနိန္ဒြေ=နှာခေါင်းကုန္ဒြေ=အနံ့ရခြင်းကိစ္စ၌ အစိုးရမှု။

(၄) ဇိဝှာပသာဒ=ဇိဝှိန္ဒြေ=လျှာကုန္ဒြေ= အရသာယူခြင်း၌ အစိုးရမှု။

(၅) ကာယပသာဒ=ကာယိန္ဒြေ=ကိုယ်ကုန္ဒြေ= အထိ အတွေ့ကိစ္စ၌ အစိုးရမှု။

(၆) ဣတ္ထိဘာဝ=ဣတ္ထိန္ဒြေ=မိန်းမကုန္ဒြေ=အမဖြစ်ရန် ကိစ္စ၌ အစိုးရမှု။

(၇) ပုမ္ဘာဝ=ပုရိသိန္ဒြေ=ယောကျ်ားကုန္ဒြေ=အဖို(အထီး)ဖြစ်ရန်ကိစ္စ၌ အစိုးရမှု။

စုစုပေါင်း ကုန္ဒြေ(၇)ပါးရှိသွားပြီဖြစ်သည်ကို တွေ့ရပါမယ်။ အခုစာရှုသူဟာ အမျိုးသမီးဖြစ်ပါက အမှတ်(၁)မှ(၆)အထိ ကုမန္ဒြေခြောက်ပါး သင့်မှာတွေ့ရပါမယ်။ အမှတ်(၇)ဖြစ်တဲ့ ပုရိသိန္ဒြေ သင့်မှာမရှိပါ။ အမျိုးသား ဖြစ်ပါက အမှတ်(၆) ကုန္ဒြေကို ချန်ထားပြီး ကျန်ကုန္ဒြေခြောက်ပါး သင့်ကိုယ်မှာတွေ့ရပါမယ်။

ဗုဒ္ဓအဘိဓမ္မာပညာဟာ သဘာဝတရားပညာရပ်ဖြစ်လို့ သဘောပေါက်အောင် ထပ်တလဲလဲ ဆင်ခြင်စဉ်းစားဖို့လိုပါတယ်။ ဒီလိုစဉ်းစားရတာဟာ အချိန်ကုန်တယ်၊ အလုပ်ပိုတယ်လို့ ပေါ့ပေါ့ဆဆ သဘောမထားသင့်ပါ။ ဒါမျိုးကိုစဉ်းစားရတာဟာ အင်မတန် တန်ဖိုးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကုသိုလ်ဖြစ်လို့ (ဝါ) ကုသိုလ်ရလို့ပါပဲ။

ဒီလို ရုပ်သဘာဝ၊ နာမ်သဘာဝအကြောင်းအရာကို စဉ်းစားနေခိုက်မှာ သင့်၌ လောဘငြိမ်းနေမယ်၊ ဒေါသငြိမ်းနေမယ်၊ မောဟငြိမ်းနေမယ်၊ လောဘကိုအရင်းခံဖြစ်တဲ့ မာန်မာနလဲ ငြိမ်းနေမယ်၊ အမြင်လွဲတဲ့ ဒိဋ္ဌိလဲ ကွာနေမယ်၊ ဒေါသအရင်းခံ ဖြစ်တဲ့ မနာလိုမှု၊ သဝန်တိုမှု၊ စိတ်ရှုပ်မှု၊ စိတ်ဂနာမငြိမ်မှုတွေလဲ ပြေပျောက်နေမယ်။

ပရမတ္ထသဘာဝတရားပေါ်မှာ စူးစိုက်စဉ်းစားနေခိုက် (ဉာဏ် ဝင်စားနေခိုက်) သင့်ရဲ့ နှလုံးသွေးဟာ ကြည်လင်နေလိမ့်မယ်၊ နှလုံး သွေးကြည်လင်ရင် သင့်တစ်ကိုယ်လုံး သွေးတွေ ကြည်လင်လာမှာမို့ သင့်ရုပ်သင့်ရည်ဟာ (ဝါ)သင့်ရဲ့ကလန္ဒြေဟာ ဝင်းနေလိမ့်မယ်။

ဒီလိုအခါမျိုးမှာ ကြေးမုံမှန်ပြင်၌ထင်လာသော သင်၏မျက်နှာ ရိပ်ကလေးသည် ပုဏ္ဏိန္ဒုစန်းလသော်တာကဲ့သို့ အေးမြကြည်လင် ချစ်ခင် စရာဖြစ်နေပါလိမ့်မယ်၊ ဒါဟာ အဘိဓမ္မာဆောင်းပါးကို ဖတ်ရှုလေ့လာ လို့ရတဲ့ ကုသိုလ်ရဲ့ လက်တွေ့အကျိုး ဖြစ်ပါတယ်ခင်ဗျား။

နှစ်ဖက်လှ
၅-၂-၀၆

# လူကို ကလန္ဒြေပိုင်းမှ ဆန်းစစ်သောအခါ

ပြီးခဲ့တဲ့လက လူမှာရှိတဲ့ ကလန္ဒြေတွေထဲက မျက်စိကလန္ဒြေ၊ နား ကလန္ဒြေ၊ နှာကလန္ဒြေ၊ လျှာကလန္ဒြေ၊ ကိုယ်ကလန္ဒြေ၊ မကလန္ဒြေ၊ ကျားကလန္ဒြေဆိုတဲ့ ကလန္ဒြေခုနစ်မျိုးကို ဖော်ပြခဲ့ပါတယ်၊ ဒီကလန္ဒြေတွေကို သေသေချာချာ စိစစ်ကြည့်ရင် ရုပ်ကလန္ဒြေတွေချည်းဖြစ်နေတာ တွေ့ပါလိမ့်မယ်။

လူမှာ ကလန္ဒြေကို ထပ်ရှာတဲ့အခါ ရုပ်ဘက်က 'ဇီဝိတရုပ်'ကိုတွေ့ ရပြီးနောက် နာမ်ဘက်က 'ဇီဝိတိန္ဒြေစေတသိက်'ကို တွေ့ရပါတယ်။

'ဇီဝိတရုပ်'ဆိုတာ ရုပ်တွေရဲ့ အသက်ဖြစ်ပါတယ်။ အသက်ရှင် နေတဲ့ လူ၏ကိုယ်ပေါ်မှာရှိတဲ့ ပထဝီ၊ အာပေါ စတဲ့ရုပ်တွေနဲ့ လူသေ ကောင်မှာရှိတဲ့ ပထဝီ၊ အာပေါ စတဲ့ရုပ်တွေဟာ ဘာထူးသလဲ၊ တစ် နည်းအားဖြင့် လူမှာရှိတဲ့ ပထဝီ၊အာပေါ စတဲ့ရုပ်တွေနဲ့ သစ်ပင်၊ တော၊ တောင်တွေမှာရှိတဲ့ ပထဝီ၊အာပေါ စတဲ့ရုပ်တွေ ဘာထူးသလဲ၊ အဲဒီလို စဉ်းစားရင် ဒီဇီဝိတရုပ်ဟာ အခရာကျလာပါတယ်။ လူရှင်မှာ ဇီဝိတရုပ် ရှိနေပါတယ်။ လူသေနဲ့၊ သစ်ပင်တောတောင်တွေမှာ ဇီဝိတရုပ် မရှိပါ ဘူး၊ ဒါကြောင့် ဇီဝတရုပ်ဟာ လူရှင်မှာရှိတဲ့ ကျန်တဲ့ရုပ်တွေကို အစိုးရ တဲ့သဘော ရှိနေပါတယ်။ ပါဠိလိုဆိုတော့ ဇီဝိတကလန္ဒြေ (ဇီဝိတိန္ဒြေ) ပေါ့လေ။

နောက်တစ်ခုက လူရဲ့နာမ်ပိုင်းမှာ စေတသိက် ၅၂ ပါးရှိတဲ့ အနက် ဇီဝိတိန္ဒြေဆိုတဲ့ စေတသိက်တစ်လုံး ပါရှိပါတယ်။ သူဟာ စိတ် ဖြစ်တိုင်း၊ ဖြစ်တိုင်းမှာ ပါလေ့ရှိဖြစ်ပါတယ်။ သူမပါဘဲ ဘယ်တော့မှ မဖြစ်ပါဘူး။ မြင်စိတ်၊ ကြားစိတ်စတဲ့ စိတ်အားလုံးမှာ သူပါလေ့ရှိပါ၊ ပဲခူးဆားဆိုသလိုပါပဲ၊ သူဟာ စိတ်၊စေတသိက်နာမ်တရားတွေကို စောင့် ရှောက်ပါသတဲ့။

ကျမ်းဂန်ကြီးများမှာ သူ့ကိုနားလည်အောင် ကြာရိုးထဲကရေနဲ့ ဥပမာပြထားပါတယ်၊ ကြာရိုးထဲမှာ ရှိနေတဲ့ရေဟာ အဲဒီကြာရိုးကို မညှိုးမနွမ်းရအောင် စောင့်ရှောက်ပါသတဲ့၊ ရေရှိနေလို့ ကြာမညှိုးတာကိုဘဲ စောင့်ရှောက်တယ်လို့ ပြောတာပေါ့လေ၊ စိတ်စေတသိက် နာမ်တရားတွေမှာလဲ အဲဒီဇီဝိတစေတသိက် သဘာဝရှိနေလို့ ဆိုင်ရာ ဆိုင်ရာကိစ္စတွေမှာ အသက်ဝင်တဲ့သဘောဖြစ်ပါတယ်။

ဆိုလိုတာက လိုချင်တဲ့သဘော လောဘ၊ ပြစ်မှားတဲ့သဘော ဒေါသဆိုတာတွေဟာ အဲဒီဇီဝိတစေတသိက် ပါနေလို့သာ လိုချင်မှု၊ ပြစ်မှားမှုတွေ အသက်ဝင်ပြီး ထက်မြက်ထိရောက်နေခြင်း ဖြစ်ပါတယ်။ ဒီလို ဇီဝိတစေတသိက်ဟာ နာမ်ပိုင်းမှာအရေးပါ အရာရောက်နေတာမို့ ကွန္ဒြေရာထူးရပြီး ဇီဝိတကွန္ဒြေ (ဇီဝိတိန္ဒြေ)ရယ်လို့ ဖြစ်လာပါတယ်။

ပြန်ပြီးကြည့်ရင် ရုပ်ဘက်မှာ ဇီဝိတရုပ်က ရုပ်တွေကို အစိုးရလို့ ဇီဝိတကွန္ဒြေ၊ နာမ်ဘက်မှာ ဇီဝိတစေတသိက်က စိတ်စေတသိက်တွေကို အစိုးရလို့ ဇီဝိတကွန္ဒြေ၊ ဒီလိုနှစ်မျိုး ဖြစ်ပါတယ်၊ ဒါပေမယ့် ကွန္ဒြေဖွဲ့တဲ့ အခါ (၀၁) ကွန္ဒြေတွေကို စာရင်းပြုစုတဲ့အခါ နှစ်ခုပေါင်းပြီး ဇီဝိတ ကွန္ဒြေ(ဇီဝိတိန္ဒြေ)လို့ တစ်ခုတည်းသတ်မှတ်ပါတယ်။ ဒါကြောင့် ဇီဝိတိန္ဒြေ ကို တရားကိုယ်ကောက်တဲ့အခါ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ နှစ်မျိုးပါအောင် ကောက်ယူရခြင်းဖြစ်ပါတယ်။

ဇီဝိတိန္ဒြေဟာ ရုပ်နာမ်နှစ်ပါးစုံရောနေတဲ့ ကွန္ဒြေဖြစ်ကြောင်း သတိပြုခဲ့ပါ။ ရုပ်နာမ်နှစ်ပါးရောထားတဲ့ ကွန္ဒြေဆိုလို့ လူမှာ ဒီတစ်ခု တည်းပဲ ရှိပါလေရဲ့။

နောက်တစ်ခုက လူမှာ စိတ်ရှိလို့ သိနိုင်ခြင်းဖြစ်တယ်၊ အရုပ်လို စိတ်မရှိပါက ဘာမှသိနိုင်မှာမဟုတ်ပါဘူး၊ ဒီတော့ စိတ်ဟာ သိဖို့အရေး၌ ပဓာနကျနေတဲ့အတွက် လူ့စိတ်ကို မနကွန္ဒြေ (မနိန္ဒြေ)လို့ ကွန္ဒြေ တစ်ခု သတ်မှတ်ပါတယ်။

ထို့နောက် လူ၏ခံစားမှုပိုင်းကို ကြည့်ပါ၊ လူဟာ အာရုံကိုတွေ့တဲ့ အခါ ကောင်းတာဆိုးတာ သိရှိခံစားပါတယ်၊ ဥပမာကို ထန်းလျက်ခဲ ကိုစားလို့ ချိုတယ်ဆိုပါတော့။ ထန်းလျက်ကိုမြင်တာနဲ့ ချိုတာမဟုတ် ဘူး၊ ထန်းလျက်နဲ့ လျှာနဲ့ တွေ့ထိရသေးတယ်၊ ထန်းလျက်မှန်းသိပြီး

အမှတ်ပြုမှု ရှိရသေးတယ်၊ စားချင်ရသေးတယ်၊ ဒါတွေ ဘယ်လိုပဲဖြစ်ဖြစ် ချိုတယ်လို့ ခံစားလိုက်တဲ့ ခံစားမှု(ဝေဒနာ)ကတော့ အဓိကပဲ၊ ခံစားတဲ့ ဝေဒနာဖြစ်မှ တွယ်တာတဲ့တဏှာ ဖြစ်ရတယ်။ ဒါကြောင့် အဲဒီခံစားတဲ့ ဝေဒနာဟာ ပြဋ္ဌာန်းလို့ ကြွေန္ဒြေလို့ သတ်မှတ်ပြန်ပါတယ်။

လူမှာ အာရုံအလိုက် ခံစားပုံခံစားနည်းက မတူပါဘူး၊ စစ်စစ် ပေါက်ပေါက် လိုက်ခွဲကြည့်ရင် ၅ မျိုးဘောင်မှ တွေ့ရပါတယ်။

လူ၏ကိုယ်ခန္ဓာကို ကောင်းကောင်းကလေးတွေ့ထိလို့ ခံစားရ တဲ့ဝေဒနာက သုခဝေဒနာဖြစ်လို့ သူ့ကို သုခဝေဒနာကြွေန္ဒြေ (စကား ကျဉ်းအောင်)သုခိန္ဒြေလို့ တစ်မှုခွဲပါတယ်၊ ကိုယ်မှာ မကောင်းဟရောင်း ထိခိုက်ရှနာမှုတွေဖြစ်လို့ ခံစားရတာကတော့ ဒုက္ခဝေဒနာ၊ဒုက္ခိန္ဒြေပေါ့၊ အကြိုက်တွေ့လို့ စိတ်ပျော်ရွှင်ဝမ်းသာတဲ့ သောမနဿ ဝေဒနာကိုတော့ သောမနဿကြွေန္ဒြေ (သောမနဿိန္ဒြေ)လို့ ခေါ်ပါတယ်။ စိတ်ဆင်းရဲမှု ခံစားရတဲ့ ဒေါမနဿဝေဒနာကိုလဲ ဒေါမနဿိန္ဒြေလို့ သတ်မှတ်ပါ တယ်။ ထူးတာက ဥပေက္ခာဝေဒနာပါပဲ၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု တစ် ဖက်ဖက်သို့ မယိမ်းမယိုင်ဘဲ တည့်တည့်မတ်မတ် ကြားနေတဲ့ ခံစားမှု သဘောဖြစ်ပါတယ်၊ ဒါကိုလဲ ဥပေက္ခာကြွေန္ဒြေ(ဥပေက္ခိန္ဒြေ)လို့ သတ်မှတ် ပါတယ်။

ပြန်ပေါင်းကြည့်ရင် ဝေဒနာစေတသိက် တစ်ခုတည်းမှာကို သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေရယ်လို့ ကြွေန္ဒြေ ၅ မျိုး တွေ့ရပါတယ်။ ဒီကြွေန္ဒြေတွေဟာ တခြားဟာတွေ မဟုတ် ပါဘူး၊ ယခု စာရေးသူ၊စာဖတ်သူအပါအဝင် လူသားတွေရဲ့ စိတ်အခြေ အနေ အခြင်းအရာတွေပဲဖြစ်ပါတယ်။ နေ့စဉ်လိုလို ဒီဝေဒနာတွေ ဖြစ်နေ ကြတာပဲ မဟုတ်ပါလား။

အိစက်ညက်ညောတဲ့ ဖောဋ္ဌဗ္ဗ အတွေ့အာရုံကလေးကို လက် ကလေးနဲ့ကိုင်ရတဲ့အခါ ကိုယ်မှာ သုခိန္ဒြေဖြစ်နေသလို စိတ်မှာသဘောကျ ဝမ်းသာတဲ့ သောမနဿိန္ဒြေ ဖြစ်နေပါတယ်။ ဆူးစူးခံရတော့ ကိုယ်မှာ နာကျင်ဆင်းရဲတဲ့ ဒုက္ခကြွေန္ဒြေဖြစ်ပါတယ်၊ မတော်တဆ ခြေပြတ်လက်ပြတ် ဖြစ်ရင်တော့ ကိုယ်မှာ ဒုက္ခိန္ဒြေ ဖြစ်သလို၊ စိတ်မှာလဲ ယူကျုံးမရ ဒေါမနဿဖြစ်ပြီး ဒေါမနဿိန္ဒြေဖြစ်တာပေါ့၊ မတော်တဆ သားသေ

လင်ဆုံး၊ ကုန်ရှုံး၊ရာထူးကျ ဆိုတာမျိုးကြုံရရင် စိတ်ဆင်းရဲမှု ဒေါမနဿ ဖြစ်ပွားတာမို့ ဒီအခါမှာ ဒေါမနဿိန္ဒြေဖြစ်ပါတယ်။ ဥပေက္ခာသဘော ကတော့ သိမ်မွေ့ပါတယ်။

နောက်တစ်ဆင့် လူ၏နာမ်ပိုင်းမှာ ထပ်ရှာကြည့်ရင် ယုံကြည်မှု၊ ကြိုးစားအားထုတ်မှု၊ သတိရမှု၊ စူးစိုက်တည်ကြည်မှု၊ သိမြင်မှုဆိုတဲ့ လူ၏ အရည်အချင်းတွေကို တွေ့ရပါသေးတယ်။ ယုံကြည်တယ်ဆိုတာမျိုးဟာ လူကိုယ်ခန္ဓာ၊ ခြေလက်အင်္ဂါ၊ သွေးသားစတဲ့ ရုပ်ပိုင်းနဲ့ မဆိုင်ပါဘူး။ စိတ်ရဲ့အရည်အချင်းပါ၊ တစ်နည်းပြောရရင် စိတ်မှာမှီပြီးဖြစ်တဲ့ သဘာဝ တရားဖြစ်ပါတယ်။

ပါဠိဘာသာပြန်လိုက်ရင် ယုံကြည်မှုကို သဒ္ဓါ၊ ကြိုးစားမှုကို ဝီရိယ၊ အမှတ်ရမှုကို သတိ၊ တည်ကြည်မှုကို သမာဓိ၊ သိမြင်မှုကို ပညာ၊ ဒီလိုဖြစ်လာပါတယ်။ ဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတဲ့ လူ့အရည်အချင်းတွေဟာ နှယ်နှယ်ရရ မဟုတ်ပါဘူး၊ သက်ဆိုင်ရာ နာမ်အရည်အချင်းတွေအပေါ်မှာ ပြဋ္ဌာန်းပါတယ်။ (ဝါ) အစိုးရပါ တယ်။

ပမာဆိုစို့၊ လူတစ်ယောက်ဟာ မြတ်စွာဘုရားကို တွေ့ပြီထားပါ၊ သူ့စိတ်က ဒါဟာ အတုမရှိတဲ့ မြတ်စွာဘုရား အစစ်ပဲလို့ ယုံကြည်မှု မဖြစ်လျှင် ရှေ့ဆက်ဘာမှလုပ်မှာမဟုတ်ဘူး၊ အရိုအသေပေးမှာမဟုတ် ဘူး၊ ရှိခိုးမှာမဟုတ်ဘူး၊ ဆည်းကပ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ၊ ယုံကြည်မှုမဖြစ်ပဲကိုး၊ သူ ဘုရားကို ရှောင်သွားမှာပဲ၊ ဒီလိုစဉ်းစားရင် ယုံကြည်မှုသဒ္ဓါဟာ ဘယ်လောက်အရေးပါတယ်ဆိုတာ ပေါ်လာမယ်၊ သဒ္ဓါပေါက်လာပြန်တော့လဲ ဒီသဒ္ဓါက နောက်တန်းက ငယ်သားဘဝနဲ့ မနေဘူး၊ ရှေ့တန်းတက်ပြီး အစိုးတရ နေရာက နေတယ်။ (ဝါ) သူပဲ ပြဋ္ဌာန်းလာတယ်။

ပရမတ္ထတရားတွေဟာ သူ့ဟာနဲ့သူ အရာရောက်ကြပါတယ်။ ချောတိုင်ထိပ်ပေါ်က အလံကို ယူဖို့ကျတော့ ယုံကြည်နေရုံနဲ့ မရပြန် ဘူး၊ လုံ့လဝီရိယနဲ့ ကြိုးစားတတ်မှ ရပြန်တယ်။ အလုပ် ကိစ္စတွေ ကွင်းဆက်မိမိဆောင်ရွက်သွားဖို့ကျတော့ သတိက အခရာဖြစ်ပြန်တယ်၊ ခက်ခဲနက်နဲတဲ့ ပြဿနာရဲ့ အဖြေရှာရန်ကတော့ စိတ်တည်တည်ထားမှ ဖြစ်ပါတယ်။ စိတ်ဂဏှာမငြိမ် ဖြစ်နေလို့ကတော့ **အဖြေမှန်မရပါဘူး၊**

အမှား အမှန် ခွဲခြမ်းဖို့ ကျတော့ ပညာရှိမှ ဖြစ်ပါတယ်။ ဒီလို သူ့နေရာနဲ့သူ အရေးပါတာကို ကျမ်းဂန်စကားအရ ပြောတော့ အစိုးရ တယ်လို့ ပြောရပါတယ်။ ဒါကို ပါဠိဘာသာနှင့် ဖလှယ်လိုက်တော့ ဣန္ဒြေဆိုတာ ပေါ်လာတာပါပဲ။

ဒါကြောင့် လူရဲ့ နာမ်ပိုင်းမှာ သဒ္ဓါဣန္ဒြေ၊ ဝီရိယဣန္ဒြေ၊ သတိဣန္ဒြေ၊ သမာဓိဣန္ဒြေ၊ ပညာဣန္ဒြေရယ်လို့ ဣန္ဒြေ ၅ ပါးမျိုး ရှိနေပြီး ဒီဣန္ဒြေ ၅ ပါးမျိုးဟာလဲ လူရဲ့ ကောင်းတဲ့အရည်အချင်းတွေဖြစ်ကြောင်း တွေ့ရပြန်ပါတယ်။

ဣန္ဒြေတွေကိုပြန်စစ်ကြည့်ရင် မနဣန္ဒြေ (စိတ်ဣန္ဒြေ)၊ သုခဣန္ဒြေ၊ ဒုက္ခဣန္ဒြေ၊ သောမနဿဣန္ဒြေ၊ ဒေါမနဿဣန္ဒြေ၊ ဥပေက္ခာဣန္ဒြေနဲ့ အခု သဒ္ဓါဣန္ဒြေ၊ ဝီရိယဣန္ဒြေ၊ သတိဣန္ဒြေ၊ သမာဓိဣန္ဒြေ၊ ပညာဣန္ဒြေ ဆိုတာတွေဟာ နာမ်ဣန္ဒြေတွေဖြစ်ကြောင်း တွေ့ရပါမယ်။ လူရဲ့နာမ် ပိုင်းမှာသာဖြစ်တဲ့ ဣန္ဒြေတွေပါ။ စုစုပေါင်း ၁၁-မျိုးဖြစ်ပါတယ်။

လူရဲ့ဣန္ဒြေတွေကို ပြန်ပေါင်းကြည့်ရင် အရင်လက ဖော်ပြခဲ့တဲ့ ရုပ်ဣန္ဒြေ ၇-ပါး၊ ရုပ်နာမ်နှစ်ပါးရောတဲ့ ဣန္ဒြေက ၁-ပါး၊ နာမ်သက်သက် ဣန္ဒြေက ၁၁-ပါးဆိုတော့ (၇+၁+၁၁) စုစုပေါင်း ဣန္ဒြေ (၁၉) မျိုးဖြစ်ပါတယ်။

ယခုစာရေးသူ၊ စာဖတ်သူတို့ရဲ့ကိုယ်ခန္ဓာကို 'ဣန္ဒြေ' အမြင်နဲ့ ကြည့်ရင် ဒီ (၁၉) မျိုးပဲ တွေ့ရပါတယ်။ ဒီနေ့ ကမ္ဘာပေါ်မှာရှိနေတဲ့ လူဦးရေသန်းပေါင်း ၄၀၀၀ ကျော်ထဲမှာ လူမျိုးကွဲကွဲ၊ ဘာသာ ကွဲကွဲ လူဆိုရင် ဒီ ဣန္ဒြေ (၁၉) မျိုးရှိတယ်လို့ အကြမ်းဖျင်း ပြောနိုင် ပါတယ်။ လူတစ်ကိုယ် ဣန္ဒြေ (၁၉) မျိုးပေါ့လေ။

ဒါပေမဲ့ တိတိကျကျထပ်စိစစ်ရင်တော့ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်လက်ခံတဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်မှသာ ဆိုခဲ့တဲ့ဣန္ဒြေ (၁၉) မျိုးလုံး ရမှာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ဘာသာခြား ဆိုရင်တော့ သဒ္ဓိန္ဒြေစတဲ့ ဣန္ဒြေကောင်း (၅) မျိုးမရှိနိုင်ဘူးလို့ ပြင်ပလက္ခဏာအရ ပြောရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ 'ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပဋိစ္စသမုပ္ပါဒ်၊ ဤ

ရှုစ်ချက်ကို ယုံကြည်လက်ခံမှ သဒ္ဓါအစစ်ဖြစ်တယ်' လို့ ပိဋကတ်စာပေဥ္ သတ်မှတ်ချက်ရှိပါတယ်။ ဗုဒ္ဓဘာသာမဟုတ်ရင် ဒီရှစ်ချက်ကို လက်မခံဘူး မဟုတ်လား။ ဒါကြောင့် ဘာသာခြား လူသားဆိုရင် ဒီသဒ္ဓါစတဲ့ ကုသိုလ်ကောင်း (၇) မျိုးမရနိုင်ဘူးလို့ ပြင်ပလက္ခဏာအရ ပြောရခြင်း ဖြစ်ပါတယ်။ ပြင်ပလက္ခဏာ မဟုတ်တဲ့ အတွင်းရေးလက္ခဏာအရ ပြော ရင်တော့ ဗုဒ္ဓဘာသာဝင် အခည်မခံပေမယ့် ကံပိုင်း, ဘဝပိုင်းတွေမှာ ဗုဒ္ဓတရားနှင့်အညီ ယုံကြည်ချင် ယုံကြည်နေဦးမှာဖြစ်ပါတယ်။ ဒီလိုဆို ရင်တော့ ကုသိုလ်ကောင်းတွေ သူ့မှာဖြစ်နိုင်ပါတယ်။

ဒီနေရာမှာ ရှေးလူကြီးတွေပြောခဲ့တဲ့ 'လူချင်းတူပေမယ့် အသက် ရှူချင်း ကွဲတယ်' ဆိုတဲ့ စကားဟာ ဘယ်လောက် တာသွားတယ်ဆိုတာ သတိပြုစရာပါပဲ။ လူချင်းတူပေမယ့် ကိုးကွယ်မှုဘာသာ ကွဲပြားတာနဲ့ စိတ်သဘောခံယူချက်၊ ယုံကြည်ချက်တွေ မတူကွဲပြားခြားနားမှု ရှိနေ တာကို၊ အခု ကုသိုလ်ရပုံခြင်း မတူတာကို ထောက်ထားနိုင်ပါတယ်။ ဒါဟာ အဘိဓမ္မာအခြေခံအရသိရတဲ့ အဖိုးတန်ဗဟုသုတပါပဲ။

ကုသိုလ်အကြောင်း ဆက်ရဦးမယ်ဆိုရင် အခု တင်ပြပြီးခဲ့တဲ့ ကုသိုလ် (၁၉) မျိုးဟာ ပုထုဇဉ်ကုသိုလ် ဆိုပါတော့။ ပုထုဇဉ် လူသားတွေမှာ ရှိတဲ့၊ ရတဲ့ ကုသိုလ်တွေပါ။ တကယ်လို့ ဗုဒ္ဓဘာသာ တစ်ယောက်ဟာ သောတာပန်ဖြစ်သွားရင်တော့ သူ့မှာ ဘယ်တုန်းကမှ မသိဖူးသေးတဲ့ သစ္စာလေးပါးကိုသိတဲ့ဉာဏ် အသစ်ဖြစ်ပေါ်လာပါတယ်။ ဒီဉာဏ်ကို အနညာတညဿာမိကုသိုလ်လို့ ခေါ်ပါတယ်။

တကယ်လို့ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် နဲ့ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် ကို ဆက်ရရင် သူ့မှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အသစ်တွေ ထပ်ပေါ်လာတာမို့ ဒီဉာဏ် သစ်တွေကို ပညိန္ဒြေလို့ ခေါ်ပါတယ်။ နောက်ဆုံး အရဟတ္တဖိုလ်ကို ရရင်တော့ အဲဒီအရဟတ္တဖိုလ်ဉာဏ်ကို အညာတာဝိန္ဒြေလို့ ခေါ်ပါတယ်။

ဒါကို ကြည့်ရင် အနညာတညာဿာမိကုသိုလ်၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ၊ ဒီသုံးမျိုးဟာ အရိယာကုသိုလ်တွေ ဖြစ်ပါတယ်။ အရိယာ လူသားမှာ ဖြစ်ပေါ်တဲ့ ကုသိုလ်ပါ။ လောကုတ္တရာကုသိုလ်လို့လဲ ပြောရ ပါတယ်။ အခုလို လူသားမန် ပုထုဇဉ် လောကီသားတွေနဲ့ မသက်ဆိုင်ပါ

ဘူး၊ အရိယာဟာလဲ ဗုဒ္ဓသာသနာကို လက်မခံတဲ့၊ မယုံကြည်တဲ့ ဘာသာခြားလူသားမှာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ပုထုဇဉ်ဗုဒ္ဓဘာသာတို့နဲ့ ဘာသာခြားတို့မှာ လုံးဝမရှိနိုင်၊ မရနိုင်တဲ့ ကလာပ်သုံးပါး ဖြစ်တာကိုလဲ အထူးမှတ်သားရမှာ ဖြစ်ပါတယ်။

ကလာပ်တို့ကို စုပေါင်း သရုပ်ခွဲကြည့်မယ်ဆိုရင် ဗုဒ္ဓအဘိဓမ္မာ ကျမ်းဂန်တွေမှာ ကလာပ်စုစုပေါင်း (၂၂) မျိုး ဖော်ပြထားပါတယ်။ ဒီ (၂၂) မျိုး ထဲမှာ လောကီကလာပ်က (၁၉) မျိုး၊ လောကုတ္တရာကလာပ်က (၃) မျိုး ပါဝင်ပါတယ်။ လောကီကလာပ် (၁၉) မျိုးထဲမှာ ရုပ်သက်သက် ကလာပ်က (၇) မျိုး၊ နာမ်သက်သက်ကလာပ်က (၁၁) မျိုး၊ ရုပ်နာမ်နှစ်မျိုး ရောတဲ့ ကလာပ်က (၁) မျိုး ပါဝင်ပါတယ်။

လောကီကလာပ် (၁၉) မျိုးထဲမှာပဲ ယောကျာ်းမှာ (၁၈) မျိုး (ကလာပ်ထိုင်ကလာပ်မရ)၊ မိန်းမမှာ (၁၈) မျိုး (ပုရိသကလာပ်မရ) ဖြစ်ပါတယ်။ အဲဒီ (၁၈) မျိုးမှာလဲ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်တဲ့ဗုဒ္ဓဘာသာဝင် လူသားမှာသာ သဒ္ဓါစတဲ့ ကလာပ်ကောင်း (၅) မျိုး ရနိုင်လို့ (၁၉) မျိုးရနိုင်ပါတယ်၊ ဗုဒ္ဓသာသနာကို မယုံကြည်တဲ့ ဘာသာခြားလူသားမှာ ဆိုရင် ကလာပ် (၁၄) မျိုးသာ ရမှာဖြစ်ပါတယ်။

ဒါက သဘာဝစစ်စစ်ကို အခြေခံတဲ့ ဗုဒ္ဓအဘိဓမ္မာပညာအရ လူတွေကို ကလာပ်ပိုင်းအမြင်နဲ့ ကြည့်ပြီး ဆန်းစစ်ဝေဖန်ချက်ပဲ ဖြစ်ပါတယ်။

နှစ်ဖက်လှ
၂၀-၂-၈၆

# အဘိဓမ္မာကုသိုလ်ကံကျွန်ပြုဘူး

ကမ်းမှန်စဉ်းစားရာ ရောက်ပါလိမ့်မယ်။ ဣန္ဒြေနဲ့ တွဲပေးထားတဲ့ သံဝရ ဆိုတဲ့စကားလုံးဟာ အလွန်အရေးပါတဲ့စကားဖြစ်ပါတယ်။ အဓိပ္ပာယ်က စောင့်စည်းမှုလို့ ရပါတယ်။

ဣန္ဒြိယသံဝရ ဆိုတဲ့စကားမှာပါတဲ့ ဣန္ဒြေဆိုတာကလဲ အဓိက အားဖြင့် မျက်စိဣန္ဒြေ၊ နားဣန္ဒြေ၊ နှာခေါင်းဣန္ဒြေ၊ လျှာဣန္ဒြေ၊ ကိုယ်ဣန္ဒြေနဲ့ စိတ်ဣန္ဒြေ (မနိန္ဒြေ) ဆိုတဲ့ ဣန္ဒြေခြောက်ပါး ဖြစ်ပါ တယ်။ နောက်ပြီး မျက်စိဣန္ဒြေ ဆိုတဲ့ နေရာမှာလဲ မျက်စိထဲမှာရှိတဲ့ မျက်ကြည်ရုပ် မုချဣန္ဒြေကို မဆိုလိုပါဘူး။ ဒီ မျက်ကြည်ရုပ်ပေါ်မှာ မှီပြီးဖြစ်တဲ့ စက္ခုဝိညာဉ်ဖြင့် သိစိတ်ကာလးနဲ့တကွ မြင်တယ်၊ ကြည့်တယ်၊ ရှုတယ်ဆိုတဲ့ အမြင်ပိုင်းမှာဖြစ်တဲ့ စိတ်စေတသိက်အုပ်စုကို အခြေခံပြီး မျက်စိရဲ့လှုပ်ရှားမှု (တည့်တည့်ကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ မော့ ကြည့်ခြင်း၊ ငုံ့ကြည့်ခြင်း) အမူအရာ (ဝိညတ်ရုပ်) တွေကိုပါ မကောင်းရာ မကောင်းကြောင်း (အဝိနာဘာဝနည်း) နဲ့ ခြုံပြီး ဣန္ဒြေထဲမှာ ဆက်စပ် ပတ်သက်ပါဝင်စေပါတယ်။

ဒါကြောင့် ဣန္ဒြိယသံဝရအရ မျက်စိဣန္ဒြေကို စောင့်စည်းတယ် ဆိုရင် မကြည့်သင့်တာကို မကြည့်တာ၊ မျက်စိမလော်မာတာ၊ တောကြည့် တောင်ကြည့် ပြူးတူးပြဲတဲ မလုပ်တာ၊ မြို့ထဲရွာထဲ သွားတဲ့ ရဟန်း သာမဏေဟာ လေးတောင်စက္ခုချပြီး တည်တည်ငြိမ်ငြိမ် ကြည့်သလို၊ မျက်စိအကြည့် တည်ငြိမ်လေးနက်တာ၊ ဒါတွေဟာ မျက်စိဣန္ဒြေရှိတာ (ဝါ) မျက်စိဣန္ဒြေကို စောင့်စည်းတာတွေချည်းပါပဲ။

မြတ်စွာဘုရားက ရဟန်းတော်များကို ဘယ်လိုဆုံးမသလဲဆိုတော့ မျက်စိအကြည့် မစောင့်စည်းတဲ့ ရဟန်းအား အဘိဇ္ဈာစတဲ့ တရားဆိုး တွေဟာ အုပ်စုဖွဲ့ လိုက်ပါလာကြတယ်လို့ သတိပေး ဆုံးမထားပါ တယ်။ အဘိဇ္ဈာဆိုတာဟာ သူတစ်ပါးပစ္စည်း၊ သူတစ်ပါးသားမယား စသည်ကို မတရားလိုချင်တဲ့ ဝိသမလောဘ ဘရားဆိုးပဲ။ ဒါတင်မက ဣဿာ, မစ္ဆရိယတို့၊ ဒေါသတို့စတဲ့ အကုသိုလ်သဘာဝဆိုးတွေဟာ မကြည့်သင့်တာ ကြည့်တာကစပြီး ဖြစ်လာတတ်ကြတာပါပဲ။

ဗုဒ္ဓဘာသာတွေဟာ ဘုရားအဆုံးအမကို လိုက်နာနေကြသူတွေ ဖြစ်တော့ကာ၊ အဲဒီ ရဟန်းတွေကို ဣန္ဒြေရှိဖို့၊ ဆုံးမထားတာကလဲ ကောင်းလွန်းနေတော့ လူကွေအနေနဲ့လဲ အတုကောင်းယူပြီး ယဉ်ကျေး

မှုကြီး တစ်ရပ်အနေနဲ့ ဘုရင်မင်းမြတ်များကစလို့ လိုက်နာလာကြတာပါပဲ။ ဘာကိုလဲ၊ ဣန္ဒြိယသံဝရ၊ ဣန္ဒြေစောင့်စည်းဖို့၊ (ဝါ) ဣန္ဒြေရှိဖို့ပေါ့။

မကြည့်သင့်တာ မကြည့်မိအောင်၊ ကြည့်မိလို့ အကုသိုလ် မဖြစ်အောင် မျက်စိကို ထိန်းသိမ်းလိုက်တယ်ဆိုရင် ဒီလူရဲ့မျက်စိဟာ တည်ငြိမ်လေးနက်လာတာပေါ့။ ပြူးတူးပြဲတဲ ကျီးကြည့်, ကြောင်ကြည့် ဘယ်ရှိတော့မလဲ။ ဂဏှာမငြိမ်တဲ့ မျက်လုံးမျိုး (ဝါ) သူခိုးမျက်လုံးမျိုး မဟုတ်တော့ဘဲ အရည်းရဟန်း သူတော်ကောင်းမျက်လုံးမျိုး ဖြစ်လာတာပါပဲ။ မျက်စိရဲ့အမူအရာ (ဝိညတ်ရုပ်) ကိုက ရင့်ကျက်တဲ့ပုံပေါ်လာပါတယ်။

ဒီနေရာမှာ မျက်စိကဣန္ဒြေရှိဘာနဲ့ မျက်စိသေတာနဲ့ မတူပါဘူး။ မျက်စိဣန္ဒြေရှိလေလေ၊ မျက်စိအကြည့် စူးရှလေလေ ဖြစ်လာပါတယ်။ တည်ငြိမ်မှုဟာ လေးနက်မှု၊ ရင့်ကျက်မှုကို ဖြစ်စေပါတယ်၊ ဝေဿန္တရာဇာတ်မှာ ဘယ်လိုပါသလဲဆိုတော့ ဝေဿန္တရာမင်းကို ဝက်ပါတောင်က ပြန်ပင့်ခေါ်ပြီးစ မှူးမတ်စုံညီ ညီလာခံမှာ ဘုရားအလောင်း ဝေဿန္တရာမင်းက မှူးမတ်တွေကိုကြည့်လိုက်တဲ့ဒအခါ အကြည့်ခံရတဲ့ သူတွေအနေနဲ့ ကြက်သီးတွေ ထ၍ ထ၍ သွားတယ်လို့ ဆိုပါတယ်။ ဓာတ်လိုက်တဲ့ သဘောပါ။ အင်မတန် ခွန်အားရှိတဲ့ ဣန္ဒြေမျက်လုံးနဲ့ ကြည့်လိုက်တဲ့ အတွက် စူးရှထက်မြက် အကျိုးသက်ခြင်း ဖြစ်ပါတယ်။

မျက်စိလိုပဲ နားလဲပဲ မထောင်သင့်တာ မထောင်၊ ရှောင်ခြင်း (ဝါ) နားကို စောင့်စည်းခြင်း၊ နှာခေါင်းလဲပဲ မနမ်းသင့်တာ မနမ်းမိအောင် ရှောင်ခြင်း၊ နှာခေါင်း မသရမ်းခြင်း၊ လျှာမှာလဲ မစားသင့်တာ မစားဘူးဟဲ့လို့ မျိုသိပ်ချုပ်တည်းနေပြီး၊ ပါးစပ်အလိုမလိုက်ခြင်း၊ ကိုယ်ကာယနှင့်လဲ မကိုင်သင့်တာ၊ မဆွဲသင့်တာ၊ မထိသင့်တာ၊ မလုပ်သင့်တာကို မကိုင်၊ မဆွဲ၊ မထိ၊ မလုပ်မိအောင် ချုပ်တည်းခြင်း၊ ဒါတွေကို ချုပ်တည်းစောင့်ထိန်းတဲ့ နေရာမှာ စိတ်ဣန္ဒြေက ကြိုးကိုင်ရတယ်၊ စိတ်က မျက်စိ၊ နား၊ လျှာ၊ ကိုယ် တို့ကို ထိန်းရတာပေါ့။ စိတ်ထိန်းတယ်ဆိုတာ ဒါပဲ။ စိတ်ထိန်းလိုက်တော့ မျက်စိထဲလဲ ဣန္ဒြေရှိသွားတယ်။ နားလဲ ဣန္ဒြေ ရသွားတယ်၊ နှာခေါင်းလဲ မသရမ်းတော့ဘူး၊ လျှာလဲ မလည်တော့ဘူး၊ ကိုယ်လဲ မကျူးလွန်တော့ဘူး၊ ဣန္ဒြေရသွားတာပေါ့။

ရဟန်းမှာ ဒီလိုက္လန္ဒြေခြောက်ပါးကို စောင့်စည်းနေတော့ က္လန္ဒြိယ သံဝရသီလ လုံခြုံတယ်လို့ ဆိုရတယ်။ အဲ့ဒီရဟန်းရဲ့ အမူအရာလဲ သိပ်ပြီး ကြည်ညိုစရာကောင်းတယ်၊ ကမ္ဘာမှာ စံပြလူယဉ်ကျေး ဖြစ်လာပါတယ်။

ဘုရင်ဟာလဲ ဒီလိုက္လန္ဒြေမျက်လုံးမျိုးနဲ့ ကြည့်ရှုလေ့ရှိတယ်။ နား၊ နှာ၊လျှာ၊ကိုယ်လဲ က္လန္ဒြေရှိတယ်(ဝါ)စောင့်စည်းတယ်ဆိုရင် ဒီဘုရင်ကို ရာဇက္လန္ဒြေရှိတယ်လို့ ပြောရတာပါပဲ။

မိန်းကလေးများမှာလဲ ဒီလိုပါပဲ၊ မျက်စိအကြည့် မကလက်ဘူး၊ ထစ်ခနဲဆို ပြေးထွက်ပြီးမကြည့်တာ၊အနောက်တိုင်းဆန်တဲ့ မျက်စိနောက် စရာ သရုပ်ပျက်တွေကိုမကြည့်ဘူး၊ နားကိုလဲစောင့်ထိန်းပြီး၊ နားထောင် သင့်တာမှ နားထောင်တယ်။ ရှက်စရာစကား၊ ရှက်စရာသရုပ်ပျက်သီချင်း တွေကိုနားမထောင်ဘူး၊ အမွှေးအကြိုင်နဲ့ပတ်သက်လို့ နှာခေါင်းအလို မလိုက်လွန်းဘူး၊ အစားအသောက်နဲ့ ပတ်သက်လို့လဲ ငမ်းငမ်းတက် မစားဘူး၊ စားတဲ့သောက်တဲ့နေရာမှာလဲ တည်ငြိမ်တယ်၊ ဆံပင်တို့ လက် သည်းခြေသည်းတို့စတာကိုလဲ ရိုးရာယဉ်ကျေးမှု မပျက်ထားတယ်၊ အဝတ် အစားကိုလဲ ဟိရိသြတ္တပ္ပရှိအောင် ဝတ်ဆင်တယ်၊ ဒါတွေဖြစ်လာအောင် စိတ်ကိုထိန်းသိမ်းနိုင်တယ်ဆိုရင် ဒီလိုမိန်းကလေးမျိုးကို က္လန္ဒြေရှင်မလေး လို့ခေါ်ရပါတယ်။ မထိတ်လွယ် မလန့်လွယ်ဘူး၊ သွားတဲ့လာတဲ့အခါ မင်သေသေ တည်တည်ငြိမ်ငြိမ် သွားလာတယ်၊ ပြောတဲ့ဆိုတဲ့အခါ ရဲဝံ့ ပြတ်သားစွာ လေးလေးနက်နက် ပြောတတ်ဆိုတတ်တယ်၊ ဒီလို မိန်း ကလေးမျိုးရဲ့ က္လန္ဒြေကို ရွှေပေးပြီးဖျက်လို့ မရဘူးပေါ့။

မိန်းမရဲ့ ကာယိန္ဒြေဖျက်ဆီးမှု ဆိုတာမှာလဲ မိန်းမဟာ ပင်ကို အားဖြင့် ကာယိန္ဒြေ ရှိနေတယ်၊ ကိုယ်ကို စောင့်စည်းမှုပေါ့၊ ဒါကို ယောကျ်ားက အင်အားသုံးပြီး ဗလက္ကာရလုပ်တယ်ဆိုပါတော့၊ အလို မတူဘဲ အတင်းအဓမ္မ လက်ဆွဲခြင်း၊ ဖက်ရမ်းနမ်းရှုပ်ခြင်း၊ ဒါမျိုးလုပ် တော့ မိန်းမရဲ့ ပင်ကိုက္လန္ဒြေ ပျက်စီးလို့ ကာယိန္ဒြေဖျက်ဆီးမှုနဲ့ ပြစ်မှုဖြစ် ပါတယ်။

နောက်တစ်ခုက က္လန္ဒြေနဲ့တွဲပြီးသုံးတဲ့စကားတစ်လုံး၊ ဒါကဘာလဲ ဆိုတော့ သိက္ခာတဲ့၊ က္လန္ဒြေသိက္ခာ ရှိတယ်,မရှိဘူး စသည်ပေါ့လေ။ သိက္ခာဆိုတဲ့စကားဟာ ပါဠိစကားလုံးဖြစ်ပြီး မူရင်းက ဝိနည်းပိဋကတ်မှ

လာတဲ့စကားဖြစ်ပါတယ်၊ အမိပွားယ်က အကျင့်၊ကျင့်ဝတ်ကို သိက္ခာလို့ ခေါ်ရပါတယ်။ သီလနဲ့ဆင်တူပါတယ်။

က္လန္တြေစောင့်စည်းတယ်၊ က္လန္တြေရှိတယ်ဆိုရင် သံဝရသဘောသက် ဝင်လို့ သီလနယ်ထဲ ရောက်ပါတယ်။ က္လန္တြေစောင့်စည်းမှုဟာလဲ ရဟန်း ကျင့်ဝတ်၊ လူ့ကျင့်ဝတ် (ဝါ) လူယဉ်ကျေးတို့ရဲ့ ကျင့်ဝတ်ဖြစ်ပါတယ်။ ဒီလို သဘာဝလမ်းကြောင်းက တစ်လမ်းတည်းဖြစ်လို့ က္လန္တြေနဲ့သိက္ခာ တွဲပြီး က္လန္တြေသိက္ခာလို့ သုံးနှုန်းခြင်းဖြစ်ပါတယ်။

နောက်တစ်မျိုးက လူဟာ သိပ်ပြီး စိတ်ဆင်းရဲရင် ပန်းများညှိုး နွမ်းသွားသလို သူ့ရဲ့ မျက်စိ, မျက်နှာ, ကိုယ်ခန္ဓာလဲ ညှိုးနွမ်းသွားပါ တယ်။ အထူးသဖြင့် သေခါနီးလူများဟာ တစ်ခါတည်း ညှိုးကျသွား တာပါပဲ။ ဒါကြောင့် ယယ်ယယ်ရွှယ်ရွှယ်နဲ့သေတဲ့ တချို့မှာ သေပြီးမှ ပြန်ပြီး မျက်နှာလေး လန်းလာ ဝင်းလာတဲ့အခါ သေပန်းပွင့်အလှလို့ တင်စားပြောကြပါတယ်။ အဲဒီလို ပန်းညှိုးသလို ညှိုးသွားတာကိုလဲ သူ့ရဲ့က္လန္တြေတွေ ညှိုးသွားတယ်လို့ ပြောကြပါတယ်။အထူးသဖြင့် မြန်မာ ပညာရှိ သမားတော်ကြီးများဟာ လူနာကိုကြည့်တဲ့အခါ အဲဒီက္လန္တြေ အနေအထားကို အကဲခတ်တတ်ကြပါတယ်။

နောက်တစ်ခုက က္လန္တြေကြည်လင်တဲ့ ကိစ္စပါပဲ၊ အခေါင်အဖျား ဥပမာကိုပြရလျှင် ဝိပဿနာတရား အားထုတ်နေတဲ့သူများဟာ တကယ့် လမ်းမှန် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရလို့ ကိလေသာစိတ် စေတသိက်တွေကို အကြွင်းမဲ့ ပယ်သတ်လိုက်နိုင်ပြီဆိုရင် သူတို့ရဲ့ရုပ်ရည် (က္လန္တြေ)တွေဟာ အထူးကြည်လင်တာတတ်ပါသတဲ့။

ရှေးတုန်းက မုဆိုးမသားအမိ နှစ်ယောက်ဟာ ရဟန်းတရားကို တကယ်အားထုတ်နေတဲ့ ကိုယ်တော်လေးတစ်ပါးကို နေ့စဉ် ဆွမ်းဝတ်ပြု နေသတဲ့။ တစ်ခါမှာ အမေကတခြားသွားစရာရှိလို့ သူ့သမီးကို တာဝန် ပေးခဲ့တယ်။ 'နင့်အစ်ကို ဦးပဥ္စင်းကို နေ့စဉ် ဆွမ်းဝတ်ပြုရစ်ပါ'ပေါ့၊ အမေကြီးပြန်လာတော့ သမီးကဆီးပြီးတော့ပြောတယ်၊ 'အမေ၊ဦးပဥ္စင်း ဟာ ခါတိုင်းနဲ့မတူဘူး၊ သူ့မျက်နှာလေးဟာ ပိုပြီးကြည်လင်လာတယ်၊ သိပ်ပြီးလှလာတာပဲ'လို့ ပြောသတဲ့၊ ဒီတင် အမေလုပ်သူက အဘိဓမ္မာကို ကောင်းစွာတတ်ထားသူမို့ 'ဟဲ့...သမီး၊ ဒီလိုဆိုရင် နင့်အစ်ကို ဦးပဥ္စင်း ဟာ တရားထူးရသွားပြီ'လို့ တစ်ခါတည်း တန်းပြောသတဲ့၊ မှန်လဲမှန်ပါ

တယ်၊ ကိုယ်တော်လေးဟာ ကိလေသာအာသဝေါကင်းပြီး ရဟန္တာအရှင်မြတ် ဖြစ်သွားပါတယ်။

အခုခေတ်လူတွေမှာလဲ စိတ်ယုတ်စိတ်ရိုင်းရှိတဲ့လူတွေ၊ သူတစ်ပါးအသက်ကို ရက်ရက်စက်စက် သတ်ဖြတ်နေတဲ့သူတွေ၊ အရက်ကို အလွန်အကျွံ အမြဲအစွဲ သောက်နေတဲ့လူတွေဟာ အောက်သိုးသိုးနဲ့ သူတို့ရဲ့ရုပ်ရည်က္လန္ဒြေဟာ ဝင်းဝင်းပပ မရှိတတ်ပါဘူး။ ဝတ်ကောင်းစားလှ ဝတ်ဆင်တာလဲ လူတခြား အဝတ်တခြားပါပဲ။ နူးညံ့သိမ်မွေ့တဲ့ လူတွေရဲ့ မျက်စိမျက်နှာ ရုပ်ရည်က္လန္ဒြေကတော့ ကြည်ကြည်လင်လင်ရှိတာ မျက်မြင်ပဲ မဟုတ်ပါလား။

ဒီလောက်ဆိုရင် က္လန္ဒြေအကြောင်း ဆွေးနွေးတင်ပြတာ တော်လောက်ပါပြီ။ သုံးလပေါင်း ဆောင်းပါးသုံးပုဒ်ကို သေသေချာချာ ဖတ်ရှုလေ့လာမိရင် မိမိရဲ့က္လန္ဒြေတွေကို သိပါပြီ။ တစ်နည်းအားဖြင့် လူတွေရဲ့က္လန္ဒြေတွေကို နားလည်ပါပြီ။ နောက်ပြီး ဘာသာရေးခံယူချက်အရ က္လန္ဒြေအချို့ဟာ လူတိုင်းမှာ မရှိနိုင်ပုံ၊ တည့်တည့်ပြောရရင် ဗုဒ္ဓဘာသာကို မယုံကြည်တဲ့သူနဲ့ ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင် လူချင်းတူပေမယ့် က္လန္ဒြေချင်း ကွဲပြားမှုရှိပုံ၊ နောက်ပြီး က္လန္ဒြေ စောင့်စည်းတယ်၊ က္လန္ဒြေရှိတယ်၊ က္လန္ဒြေပျက်တယ် ဆိုတာမျိုးနဲ့ ပတ်သက်လို့လဲ ဘယ်လိုပဲလို့ သိရပါပြီ။

ဒီလိုသိရတာကတော့ ပိဋကသုံးပုံ ရှိနေတဲ့ ကျေးဇူးပါပဲ။ဘုရားရှင်ရဲ့ ကျေးဇူး၊ သံဃာတော်တွေရဲ့ ကျေးဇူးပါပဲ။ မြေကြီးရဲ့ဆွဲအားအကြောင်းကို သိရတဲ့အတွက် သိပ္ပံပညာရှင်နျူတန်ကို လေးစားကြတယ်၊ အဏုမြူဗုံးတွေလုပ်နိုင်လာတော့ အဏုမြူသီဝရီရှင် အိုင်းစတိုင်းကို ဂုဏ်ပြုကြတယ် မဟုတ်လား။ သိပ္ပံဆရာတွေကိုတောင် ဒီလိုကျေးဇူးသိတတ်ကြသေးရင် ဘာသာရေးသမားတွေက (ဝါ) ဗုဒ္ဓဘာသာတွေက ဘယ်လိုလဲ၊ ဘယ်လိုကျေးဇူးဆပ်ကြမလဲ။

ဒီအသိတရား သတိတရားတွေရပြီး ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲအောင် လုပ်သင့်လုပ်ထိုက်တာကို ဆုံးဖြတ်ပြီး လက်တွေ့လုပ်ဖြစ်ကြပါစေလို့သာ ဆန္ဒပြုရင်း မျှော်လင့်နေရမှာ ဖြစ်ပါတယ်။

နှစ်ဖက်လှ

၁၉၈၆-ခု၊ မေလ။

# သင့်ကိုယ်ထဲမှာ 'ဗိုလ်တရား' ကိုရှာပါ

လူသည် စိတ်, စေတသိက်, ရုပ်ဟူသော ပရမတ္ထသဘာဝသုံးမျိုး၏ ခဏိကရုပ်ပုံသာ ဖြစ်သည်။ သင်တို့ကျွန်ုပ်တို့သည် လူဖြစ်ကြသည်။ ထို့ကြောင့်သင်တို့ကျွန်ုပ်တို့၌ စိတ်, စေတသိက်, ရုပ် တရားတို့ မပြတ်ဖြစ်နေကြပေသည်။

ကျွန်ုပ်တို့၌ မပြတ်ဖြစ်နေကြသော သဘာဝတရားများအနက် စေတသိက်သဘာဝတရားသည် များလည်းများသည်၊ ကျယ်လည်းကျယ်ဝန်းသည်၊ ယင်းစေတသိက်တရားတို့၏ ဂုဏ်သတ္တိများကို ရှုထောင့်အဖုံဖုံမှ ပြည့်စုံအောင် အနုစိတ်လေ့လာပြီး အဘိဓမ္မာပညာ လောကကြီးကို မြတ်စွာဘုရား ထူထောင်ခဲ့ခြင်းဖြစ်ပေသည်။

အဘိဓမ္မာတရားရှင်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားသည် မိမိရရှိထားသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ယင်းစေတသိက်တရားတို့ကို တစ်နည်းတစ်ဖုံ လေ့လာပြန်သောအခါ သူတို့၏ သဘောသဘာဝအရ အမည်သစ်ပေး၍ ဖော်ထုတ်ပေးရဦးမည့်စေတသိက်တို့ကို တွေ့တော်မူခဲ့လေသည်။ ယင်းတို့ကား ယှဉ်ဖော်ယှဉ်ဖက် တရားတို့၌ ခိုင်မြဲသော စေတသိက် ဆန့်ကျင်ဘက်သဘာဝတို့ကြောင့် မတုန်မလှုပ်ကြံ့ခိုင်သော စေတသိက်များပင် ဖြစ်ပေသည်။

ခိုင်မြဲသော စေတသိက် ကြံ့ခိုင်သောစေတသိက် သဘာဝတရားတို့ကိုလူနားလည်အောင် ထုတ်ဖော်ပြောပြနိုင်ဖို့အတွက် အမည်နာမ ပညတ် တပ်ဆင်ပေးဖို့လိုလာသည်၊ စကားလုံးဝေါဟာရ လိုလာသည်။ မြတ်စွာဘုရားသည်ကား ပရမတ်၌သာ ကျွမ်းကျင်သည်မဟုတ်၊ ပညတ်အရာ၌လည်း တတ်မြောက်တော်မူသည့်အတွက် အဆိုပါစေတသိက်များ

နှင့် အသင့်လျော်ဆုံး ဝေါဟာရကို ပေးတော်မူခဲ့သည်။ ယင်းဝေါဟာရကားအခြားမဟုတ်၊ 'ဗလ' ဖြစ်ပေသည်။ 'ဗလ' ၏အနက်ကား ခိုင်မြဲခြင်း၊ ကြံ့ခိုင်ခြင်းပေတည်း။

'ဗလ' သည် ဘုရားသုံးဘာသာပါဠိဝေါဟာရဖြစ်နေ၍ ကျွန်ုပ်တို့မြန်မာတို့က ယင်းပါဠိဝေါဟာရ 'ဗလ' ကို 'ဗိုလ်' ဟု မြန်မာမှုပြုလိုက်ကြသည်။ 'ဝိဇ္ဇာဓရ' ကို 'ဝိဇ္ဇာဓိုရ်'၊ 'ဖလ' ကို 'ဖိုလ်' ဆိုရာ၌ကဲ့သို့၊ (အ) သရကို 'ို' (အို)သရသို့စနစ်တကျပြောင်းပြီး 'ဗလ' ကို 'ဗိုလ်' ဟု ပြောင်းလဲယူလိုက်ကြသည်။ မြန်မာတို့က ပြုပြင်မွေးစားယူတတ်ကြသည့်အတွက် မြန်မာစကား ဝေါဟာရနယ်တွင် 'ဗိုလ်' ဆိုသော စကားလုံးတစ်လုံး တိုးလာခဲ့သည်၊ 'ဗိုလ်' သည် 'ဗလ' မှဆင်းသက်လာသည့်အတွက် 'ဗိုလ်' ဟူသောစကားလုံးက ခံဆောင်ထားသော ရင်းမြစ်အနက်မှာ 'ခိုင်မြဲခြင်း၊ ကြံ့ခိုင်ခြင်း' ဖြစ်ပေတော့သည်။

ထို့ကြောင့် 'ဗိုလ်တရား' ဟူသည်ကား ခိုင်မြဲသောတရား၊ ကြံ့ခိုင်သောတရားပေတည်း။

ကျွန်ုပ်တို့ကိုယ်၌ ဗိုလ်တရားကိုရှာသောအခါ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်းစသော ရုပ်ခန္ဓာပစ္စည်းအားလုံး၌ ဗိုလ်တရားကို မတွေ့နိုင်။ စိတ်သည်လည်း ဗိုလ်တရားမျိုးမဟုတ်၊ စင်စစ် ဗိုလ်ကိုရှာလျှင် စိတ်၌မှီတွယ်ပြီး စိတ်ကိုခြယ်လှယ်နေသည့် စေတသိက်တရားများထဲ၌သာ တွေ့နိုင်ရာသည်။

စေတသိက်သဘာဝပေါင်း (၅၂) မျိုး ရှိသည့်အနက် အကုသိုလ်စေတသိက်(၁၄) မျိုးထဲ၌ စဘင်ရှာကြည့်သင့်၏။ လောဘနှင့် လုပ်ရတဲ့ ခိုးဝှက်ခြင်း၊ တဏှာနှင့်လုပ်ရတဲ့ ကာမကျူးခြင်း၊ ဒေါသနှင့်လုပ်ရတဲ့ သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်း အစရှိသော အကုသိုလ်အလုပ် မှန်သမျှကို လုပ်လေတိုင်း အခြေခံ ကျကျ ပါလေမြဲ စေတသိက် (၄) မျိုးမှာ မောဟ၊ အဟိရိက၊ အနောတ္တပ္ပနှင့် ဥဒ္ဓစ္စတို့ဖြစ်ပေသည်။

မှန်ပေသည်။ မောဟခြယ်သောစိတ်သည် တွေဝေသည်၊ အမှန်ကို မသိ၊ ဥဒ္ဓစ္စဖြစ်သော စိတ်သည် ပျံ့လွင့်သည်၊ ဆောက်တည်၍ မမြဲ၊ မကောင်းမှုမှ မရှက်တတ်သည့်သဘော အဟိရိက၊ မကောင်းမှု၏အပြစ်ကို မစိုးမရွံ့သည့်သဘော အနောတ္တပ္ပ ဖိစီးထားမှ အောက်တန်းစားဒုစရိုက်

မှုများကိုလုပ်ဖြစ်၏။ ထို့ကြောင့် ဤစေတသိက် သဘာဝ(၄)မျိုးသည် အကုသိုလ် အလုပ်ကိုလုပ်တိုင်း လုပ်တိုင်း ပါလေမြဲ ဖြစ်ပေသည်။

ပြောင်းပြန်လှန်၍ စဉ်းစားကြည့်လျှင် မောဟ မယှဉ်၊ အမှန်မြင်က အကုသိုလ်မှုမပြု၊ စိတ်မပုံ့မလွင့် သမာဓိရနေက စိတ်ကိုထိန်းနိုင်၏။ ခိုးရမှာ၊ သတ်ဖြတ်ရမှာကို ရှက်နေလျှင် မခိုးဖြစ်၊ မသတ်ဖြစ်၊ အပြစ်ကိုကြောက်လျှင် မကောင်းမှုကို ရှောင်ဘော့၏။

ဤကဲ့သို့ အကုသိုလ်အလုပ်ကို လုပ်တိုင်း လုပ်တိုင်း ဆိုခဲ့သော စေတသိက် (၄)မျိုး ပါလေမြဲဖြစ်သော်လည်း အဟိရိကနှင့် အနောတ္တပ္ပတို့သည် မိမိတို့နှင့် ယှဉ်ဖက်ဖြစ်သော အကုသိုလ် သဘောတရားများ၌ ခိုင်ခိုင်မြဲမြဲ ယှဉ်တတ်ပေ၏။ တစ်နည်းပြောရလျှင် မရှက်မှု၊ မကြောက်မှုက ခိုင်ခိုင်မာမာ ရှိနေမှ ခိုးဖြစ်, သတ်ဖြစ်သွား၏။ ခိုးမလို့လုပ်နေတုန်း၊ သတ်မလို့လုပ်နေတုန်း ဒီလိုခိုးရမှာ၊ သတ်ရမှာ ရှက်စရာ၊ အပြစ်ကိုလည်း ကြောက်စရာဟု မြင်လာပါက (ဝါ) အဟိရိက၊ အနောတ္တပ္ပ ကျဆုံးသွားပါက ခိုးဖြစ်, သတ်ဖြစ်တော့မည် မဟုတ်တော့ပေ။ တစ်နည်းပြောရဦးမည်ဆိုလျှင် ခိုးဖြစ်ဖို့၊ သတ်ဖြစ်ဖို့အတွက် အဟိရိက အနောတ္တပ္ပ အခိုင်အမာရှိနေဖို့ လိုပေသည်။

ဤသို့စဉ်းစားကြည့်လျှင် အကုသိုလ်ဒုစရိုက်မှု တစ်ခုခုကို ပြုဖြစ်သူတိုင်းကား အဟိရိက နှင့် အနောတ္တပ္ပ စေတသိက် သဘာဝတရားနှစ်ပါးအနေဖြင့် အခိုင်အမာ ပါဝင်ကြောင်း သိနိုင်ပေသည်။ ဤကဲ့သို့ မိမိတို့နှင့် ယှဉ်ဖော်ယှဉ်ဖက်တရားဟို့၌ အခိုင်အမာ ပါဝင်သည့်အတွက် ယင်း အဟိရိကနှင့် အနောတ္တပ္ပ တရားနှစ်ပါးကို 'ဗလ' တရား (ဝါ) ဗိုလ်တရားဟု တစ်နည်းတစ်ဖုံ ပြောရပြန်ပေသည်။

ယင်း အဟိရိကနှင့် အနောတ္တပ္ပ (ဝါ) မရှက်ခြင်း၊ မလန့်ခြင်းသည် အကုသိုလ်ဗိုလ်တရား ဖြစ်ကြောင်း သိရသည့်အတွက် အကုသိုလ်မှုကို ထမြောက် အောင်မြင်အောင် လုပ်ချင်လျှင် ယင်း ဗိုလ်တရားနှစ်ပါးကို မွေးမြူရပေမည်။ ဆိုလိုသည်မှာ သတ်ဖြစ်ချင်လျှင် သတ်ရမှာ မရှက်နှင့်၊ အပြစ်မကြောက်နှင့်၊ ခိုးဖြစ်ချင်လျှင် ခိုးရမှာမရှက်နှင့်၊ ခိုးရမှာမကြောက်နှင့်။ ဤအထိနားလည်မှ လက်တွေ့အဘိဓမ္မာအဖြစ်သို့ ရောက်သည်။ ဤအဘိဓမ္မာပညာတို့ကိုလည်း နေ့စဉ်ဘဝအတွက် အသုံးချလို့ရကြောင်း သိနိုင်မည်ဖြစ်ပေသည်။

ဒုတိယ ကမ္ဘာစစ်အတွင်းက ဂျပန်စစ်သားများ မြန်မာနိုင်ငံသို့ ရောက်ခဲ့ကြသည်။ စစ်သားပီပီ သတ္တိရှိဖို့ လိုသည့်အတွက် မရှက်ရဘူး၊ ရှက်ရင်ကြောက်လိမ့်မယ်၊ ဒါ့ကြောင့် မရှက်၊ မကြောက်ဟူသော စိတ်ဓာတ်မျိုး သွတ်သွင်းပေးလိုက်ကြောင်း ကြားသိရပေသည်။ ဂျပန်စစ်သားများ သတ္တိကောင်းခဲ့ကြပုံတိုလည်း သိကြရသည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမညာတမ်း၊ မညာတမ်း စိစစ်ကြည့်လျှင် အမြဲတမ်းကောင်းတာကိုချည်း လုပ်နေကြသူမျိုးမဟုတ်။ လူဖြစ်သည့်အားလျော်စွာ ပုထုဇဉ် လူ့သဘာဝအတိုင်း မကောင်းတာကိုလည်း လုပ်သည်။ ကောင်းတာကိုလည်း လုပ်သည်။ မကောင်းတာ လုပ်သည်ဆိုရာ၌ ဘဝသံသရာမှ ခုချက်ချင်း လွတ်မြောက်မသွားနိုင်သေးသဖြင့် ဘဝရပ်တည်မှု ရရှိရေးအတွက် အကာအကွယ်ပြုရင်းလည်း မကောင်းတာကို မလုပ်မဖြစ် လုပ်ကြရသည်။ လူ့သဘာဝဆန္ဒများ ဖြည့်တင်းရန်နှင့် မိမိမျိုးဆက်မဆိတ်သုဉ်းရန် မေထုန်ကိစ္စမျိုးကိုလည်း ပြုကြရ၏။

ယောက်ျားနှင့် မိန်းမ သံဝါသ ပြုခြင်း ကိစ္စမျိုးသည်အဘိဓမ္မာသဘာဝ အမြင်အရ တဏှာကိလေသာ ဖြစ်သော်လည်း လောကီလူမှုဘဝ အခြေအနေအရ အမှန်လိုအပ်သော ကိစ္စမျိုးဖြစ်နေ၏။ အကယ်၍ ဗုဒ္ဓဘာသာဗမာလူမျိုးတို့သည် မေထုန်သံဝါသကိစ္စကား ယုတ်ညံ့သော အကုသိုလ် အလုပ်ဆိုပြီး တညီတညွတ်တည်း ရှောင်ကြဉ်ကြသည်ဆိုအံ့။ ယနေ့ ၁၃၄၀–ခုနှစ်၊ နှစ်ဆန်းဘစ်ရက်နေ့က စတင်ရှောင်ကြဉ်ကြလျှင် လာမည့်သက္ကရာဇ် ၁၄၀၀-ပြည့်နှစ်လောက်မှာ လူမျိုးတုံးပြီး ဤနိုင်ငံ၌ ဗုဒ္ဓဘာသာဗမာလူမျိုးဟူ၍ တစ်ယောက်တလေမှ ကျန်ကောင်းမှ ကျန်ပေတော့မည်။ ထိုအခါတွင် ဗုဒ္ဓဘာသာလည်း မရှိနိုင်တော့သည့်အတွက် ကိုရင်လည်း မရှိတော့နိုင်၊ ဦးပဉ္စင်းလည်း မရှိတော့နိုင်၊ ရဟန်းသံဃာတွေပါ ကွယ်ပျောက်သွားမည် ဖြစ်၏။

ယခုအခါတွင် ဗုဒ္ဓဘာသာများထဲ၌ အိမ်ထောင်မှု ကိစ္စကို ရှုတ်ချပြောတတ်ကြသူများ၊ အဘိဓမ္မာကို မတောက်တစ်ခေါက် သင်ပြီး အကုသိုလ်အပြစ်ကို ပုံကြီးချဲ့လျက် လှန့်နေသူများ၊ ယခုခေတ် တရားနာနေသူများ နှင့် ဆိုင်မဆိုင် မချိန်ဆဘဲ ပိဋကစာအုပ်ထဲကအတိုင်း လောကီအပြစ်တွေကို ဟောနေကြသူများ၊ ဗုဒ္ဓတရားတော်ကို အထာပေါက်သည်အထိ မသိနားမလည်ဘဲ ဘာသာရေးစာအုပ် ရေးသား

ထုတ်ဝေနေသူအချို့ရှိကြသည်။ ပေါ့စေလို၍ ထိုးပေးသည် မှန်သော်လည်း ကြောင်ရုပ်ကြောင့် ပိုများ လေးနေကြသလား၊ အေးစေလိုလို့ တရားဟောပေမယ့် သူတို့ခမျာမှာ ပူဆာဆာ အကျိုးတွေ တွေ့နေကြသလားစသည်ဖြင့် သုံးသပ်သင့်ကြပါပြီ။

ရှင်လမ်း, လူလမ်း ခွဲခြမ်းသင့်ကြပြီ။ လောကီအမြင်၊ လောကုတ္တရာအမြင် ပြတ်သားသင့်ကြပြီ။

ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင် အထက်ကျော်ကာရီက ဗုဒ္ဓဘာသာဗမာကြီးများသည် သစ္စာရှိကြသည်၊ ကြံ့ခိုင်ကြသည်၊ ရဲရင့်ကြသည်၊ မျိုးချစ်စိတ် ရှိကြသည်၊ ဝံသာနုရက္ခိတတရား လက်ကိုင်ပြုကြသည်၊ ဘုရားအလောင်းကို စံပြု၍ ပါရမီတွေဖြည့်ကြသည်၊ မျိုးသက်ပြန့်ပွားရေးအတွက် ယောကျ်ားတစ်ယောက်လျှင် ဇနီးမယားတစ်ယောက်မက သိမ်းပိုက်ထားပြီး မင်္ဂလာတရားတော်နှင့်အညီ ပြုစုစောင့်ရှောက်လာခဲ့ကြသည်။ ဗုဒ္ဓဘာသာ ဗမာလူဦးရေ တိုးပွားများပြားအောင် လုပ်ခဲ့ကြသည်။ သူတို့၏မှန်ကန်သော လုပ်ရပ်ကြောင့် ယနေ့ ဗမာနိုင်ငံတွင် ဗုဒ္ဓဘာသာ လူဦးရေသည် အများစုဖြစ်လျက် ရှိသည်။ ကျွန်ုပ်တို့သည် သူတို့၏ကျေးဇူးကို ခံစားနေကြသူများ ဖြစ်ပေသည်။

အဆွေစာရှုသူ—အသင်၏ကိုယ်၌အဟိရိကဗိုလ်နှင့် အနောတ္တပ္ပဗိုလ်ရှိနေသည်ကို သတိပြုပါ။ ဤအကုသိုလ်ဗိုလ် နှစ်မျိုးကို ရာထူးချတန်သည့်အခါ ချထားပြီး ရှေ့တန်းတင်ပြီး တိုက်သင့်သည့်အခါ တိုက်ရပေလိမ့်မည်။ လောကီလုပ်ငန်းတစ်ခု အောင်မြင်အောင် မရှက်မကြောက် လုပ်ရမည့်နေရာမျိုး၌ အသင်သည် အောင်ပွဲရဗိုလ်ဖြစ်ပါစေ။

နှစ်ဖက်လှ
၁၇-၄-၈၆

# ၄၊ လောကီသားလား၊ လောကုတ္တရာသားလား

ဆရာခင်ဗျား၊ ပြီးခဲ့တဲ့လ ဗိုလ်အကြောင်းဆောင်းပါးမှာ အပဟိရိကနဲ့ အနောတ္တပ္ပဟာ အကုသိုလ်ဗိုလ်တရားများ ဖြစ်တဲ့အကြောင်း၊ အဲဒီအကုသိုလ်တွေကိုပဲ ဗိုလ်ခန့်တန်ခန့်ပြီး အောင်ပွဲခံရမယ့်အကြောင်း ဖတ်ရတော့ ကျွန်တော်တို့မှာ တစ်မျိုးကြီးဖြစ်သွားပါတယ်၊ ကျွန်တော်တို့နားလည်ထားတာက အကုသိုလ်ကိုရှောင်ရမယ်၊ မလုပ်ရဘူး၊ အပြစ်ရှိတယ်၊ ကုသိုလ်ကိုသာလုပ်ရမယ်၊ ဒီလိုနားလည်ထားတာကိုး။ ဆရာ့ဆောင်းပါးအာဘော်က အကုသိုလ်ကိုလဲ ဗိုလ်တင်ပြီး လုပ်သင့်တာလုပ်ရမယ်ဆိုတော့ ကျမ်းဂန်နဲ့မှ ညီပါရဲ့လား၊ ဆရာထင်တာတွေ ဆရာ့အတွေးအခေါ်တွေကိုများ ရေးနေရော့သလား၊ ဒီလိုတောင် ထင်ချင်လာပါတယ်၊ လိပ်ပတ်လည်အောင် ရှင်းပြပါဦးခင်ဗျား။

အင်း....ဒီလမှာ ကုသိုလ်ဗိုလ်တရားများအကြောင်း ဆက်ရေးမယ်လို့စိတ်ကူးထားတာ ခင်ဗျားဒီလိုတွေဝေနေတယ်ဆိုတော့ အကုသိုလ်အကြောင်း ကြားဖြတ်ပြောရဦးမှာပေါ့လေ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာလောကမှာ ဘာသာရေးအစာမကြေတာတွေ တော်တော်များနေတာကလား၊ ဗုဒ္ဓတရားတော် တစ်ရပ်ကို လိပ်ပတ်လည်အောင်မငုံမိ မသိရှိတော့ကာ မကြောက်သင့်တာကြောက်၊ ကြောက်သင့်တာ မကြောက်၊ ပြောင်းပြန်တွေဖြစ်နေတယ်။ တချို့ ဗုဒ္ဓဘာသာတရား လုံးဝမသိသူများကမှ စိတ်ချမ်းသာကြသေးတယ်။ ဗုဒ္ဓဘာသာတရား၊ အထူးသဖြင့် အဘိဓမ္မာတရားကို မတောက်တခေါက် ကြားဖူးပြီး တစ်စွန်းတစ်စအသိနဲ့ စိတ်မချမ်းမသာ ဖြစ်တဲ့သူများလဲ တွေ့ဖူးပါရဲ့။ ဗုဒ္ဓတရားကို လိပ်ပတ်လည်အောင် သိပြန်တော့လဲ ပစ္စုပ္ပန်ဘဝအတွက်သာမက သံသရာအတွက်ပါ အလွန်အကျိုးကြီးပါပေတယ်။

ကဲ....အခု ခင်ဗျားကို စကားသုံးလုံး ရှင်းပြပါမယ်၊ သေသေချာ ချာဖတ်ပါ၊ ဖတ်ပြီးစဉ်းစားပါ၊ ဒီစကားသုံးလုံးက ဘာတွေလဲဆိုတော့ (၁) အကုသိုလ်၊ (၂) ဒုစရိုက်၊ (၃) ငရဲကြီးတယ်ဆိုတဲ့ စကား သုံးလုံးပါပဲ၊ ဒီစကားသုံးလုံးဟာ ဗုဒ္ဓဘာသာတွေလောကမှာ လူတိုင်း လိုလိုကြားဖူးတဲ့ စကားတွေပါ။

'အကုသိုလ်' ဆိုတာဘာလဲ။

'အကုသိုလ်'ဆိုတဲ့ စကားရဲ့မူရင်းက 'အကုသလ' ဆိုတဲ့ပါဠိပါ၊ 'အကုသလ'ကို အနက်ရှာရင် 'အ+ကုသလ' ပါပဲ၊ 'ကုသလ'က 'ကုသိုလ်'၊'အ'က'မ၊မဟုတ်'အနက်ရှိပါတယ်၊ထို့ကြောင့် 'အကုသလ' ကို အမှန်ဆုံးဘာသာပြန်ရင် 'ကုသိုလ်မဟုတ်တဲ့တရား'လို့ ဆိုပါတယ်၊ ကုသိုလ်မဟုတ်တဲ့တရား (ဝါ) ကုသိုလ်ရဲ့ ဆန့်ကျင်ဘက် တရားဟာ 'အကုသိုလ်'ပါပဲ၊ ကဲ....အဲဒီအနက်သဘောကို သုံးသပ်ဆင်ခြင်ပါဦး။

ကုသိုလ်မဟုတ်တဲ့ တရားတွေ (ဝါ) ကုသိုလ်ရဲ့ ဆန့်ကျင်ဘက် တရားတွေဟာ ဘာတွေလဲလို့ တစ်ဆင့်တက်စဉ်းစား၊ တစ်ဆင့်တက်ရှာ တော့ လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊မာန၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ ဆိုတဲ့ (၁၄)မျိုးကို တွေ့ရပါတယ်၊ တဏှာဆိုတာလဲ လောဘအမည်ခွဲပဲ၊ အဝိဇ္ဇာဆိုတာက လဲ မောဟရဲ့ နာမည်တစ်မျိုးပဲ။

ကဲ....ခင်ဗျား၊ အဲဒီ အကုသိုလ် (၁၄)မျိုးက ဗုဒ္ဓအဘိဓမ္မာအစစ် ပါ၊ ဘုရားဟောပါ၊ အဲဒီအကုသိုလ်တစ်ခုစီကို အခု စာဖတ်နေတဲ့သူနဲ့ ဟပ်ကြည့်ရအောင်၊ နံနက်မျက်စိနှစ်လုံး ဖွင့်ချိန်ကစပြီး ညအိပ်ချိန်အတွင်း ဆိုပါတော့၊ ဒီကြားထဲမှာ မြင်လို့ ကြားလို့ နံလို့ စားလို့ တွေ့ထိလို့ သာယာတယ် နှစ်သက်တယ် လိုချင်တယ်ဆိုရင် လောဘအကုသိုလ်ဖြစ် ပါတယ်။

လှတာကလေးမြင်ရင် အနိစ္စ၊အနိစ္စလို့ နှလုံးမသွင်းမိဘဲ လှလိုက် တာလို့ စိတ်ဖြစ်လိုက်တာနဲ့ အကုသိုလ်ဖြစ်ကရော၊ သာယာတဲ့ သီချင်း လေး နားထောင်လိုက်တော့လဲ အကုသိုလ်ဖြစ်တာပဲ၊ ပန်း ရေမွှေး ပေါင်ဒါနံ့ကလေး ရှူရှိုက်ရာမှာလဲ အကုသိုလ်ဖြစ်တာပဲ၊ ထမင်းစား တိုင်း၊ ကော်ဖီသောက်တိုင်း၊ မုန့်စားတိုင်း အကုသိုလ်ဖြစ်တာပဲ၊ ရသ

တဏှာဆိုတဲ့ လောဘအကုသိုလ် ဖြစ်တာလေ၊ အဝတ်အစား, သစ်သစ်လွင်လွင်ဝတ်တော့ အတွေ့အထိ ကောင်းတာမို့ အကုသိုလ်ဖြစ်ပြန်ရော။

ဒေါသအကုသိုလ် မာနအကုသိုလ် ရှိတာတွေ အသာထားဦး၊ လောဘအကုသိုလ် တစ်ခုထဲမှာပဲ ခင်ဗျားမှာ တစ်နေ့လုံး အကုသိုလ်ဖြစ်နေပါကလား၊ စားလဲအကုသိုလ်၊ ဝတ်လဲအကုသိုလ်၊ နေလဲအကုသိုလ်၊ ကဲ....ဘယ်ပြေးမလဲ၊ နောက်ပြီး စားဖို့ရှာတာလဲ အကုသိုလ်၊ ဝတ်ဖို့ရှာတာလဲ အကုသိုလ်၊ နေဖို့ရှာတာလဲ အကုသိုလ်၊ ကဲ....ဘာလုပ်စရာကျန်သေးသလဲ၊ ဟုတ်တယ်လေ၊ ခင်ဗျား ရလိုတဲ့လောဘက လွတ်အောင် ဘယ်လိုရှောင်မလဲ၊ ရလိုတဲ့ လောဘသဘောမရှိရင် ဘာရှာဖို့လိုသေးလို့လဲ။

ဒီထက်ကြီးတဲ့ပုဒ်မ တပ်ရဦးမလား၊ ခင်ဗျားသည် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာလေးပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မသိသေးဘူး မဟုတ်လား၊ အဲဒီလို မသိသေးတော့ 'အဝိဇ္ဇာ' ဆိုတဲ့ အကုသိုလ်ဟာ ခင်ဗျားမှာ ဖြစ်နေတယ်၊ ကဲ....ဒီအဝိဇ္ဇာ အကုသိုလ် မဖြစ်ရအောင် ဘယ်မှာပုန်းမလဲ၊ နေ့ရှိသ၍ ခင်ဗျားမှာ အဝိဇ္ဇာအကုသိုလ် ဖြစ်နေတယ်လေ။

လူ့လုပ်ငန်းတွေနဲ့ ပြောရဦးမလား၊ စပါးလိုချင်လို့ လယ်လုပ်တာလဲ အကုသိုလ်၊ ယာလုပ်တာလဲ အကုသိုလ်၊ ဈေးရောင်းတာလဲ အကုသိုလ်၊ ဈေးဝယ်တာလဲ အကုသိုလ်၊ ခန္ဓာကိုယ် ကျန်းမာအောင်ဆိုပြီး လမ်းလျှောက်တာလဲ အကုသိုလ်၊ ကြက်တောင်ရိုက်တာ၊ တင်းနစ်ရိုက်တာ၊ ဂေါက်သီးရိုက်တာ၊ အို....ကျန်းမာချင်လို့၊ နိုင်ချင်လို့ ဘာပဲဖြစ်ဖြစ် မိမိကိုယ်ခန္ဓာကို အခြေပြုပြီး လုပ်တာမှန်သမျှ 'သက္ကာယဒိဋ္ဌိ' အခြေခံတဲ့အတွက် အကုသိုလ်ချည်းပဲ၊ ဘာလုပ်စရာ ကျန်သေးသလဲ။

ကဲ....လာလေဦး၊ အပျိုလူပျိုဖြစ်ပြီး ယောက်ျားနဲ့မိန်းမ အိမ်ထောင်ပြုတာလဲ အကုသိုလ်ပဲ၊ သားသမီးမွေးလာတော့ သားသမီးအပေါ် သံယောဇဉ်ဖြစ်ရတာလဲ အကုသိုလ်ပဲ၊ အဲဒီတော့ အကုသိုလ်ကြောက်တယ်၊ အကုသိုလ်ဟာ ကြောက်စရာကြီး၊အကုသိုလ်ကို ရှောင်ရမယ်ဆိုရင် လက်တွေ့ ဘယ်လိုလိုက်နာလို့ရကြမလဲ။

ကျွန်တော်တို့ အကုသိုလ်ကင်းအောင်ဆိုရင် အခုလိုထမင်းစားလို့ မဖြစ်ကြဘူး။ ထမင်းစားရင်း ငပိရေ တို့စရာလေးနဲ့ မြိန်လိုက်တာ၊

ငါးစင်ရိုင်းနဲ့ မန်ကျည်းရွက်၊ သနပ်ရွက်ချဉ်ရေလေးက နှုတ်လိုက်ဟယ်၊ ထမင်းစားဝင်တယ်၊ ငါးမြင်းဟင်းက ကောင်းတယ်၊ အုန်းထမင်းနဲ့ ကြက်သားဟင်း၊ 'အရွက်မှာ လက်ဖက်၊ အသီးမှာ သရက်၊ အသားမှာ ဝက်' အဆိုအတိုင်းပဲ ဝက်သားဟင်းကတော့ မပြောနဲ့တော့၊ သိပ်ကို ကောင်း၊ ဒီလိုအရသာ ခံစားတာဆိုတော့ ရသတဏှာ (လောဘ) က ထမင်းစားရင်း ဖြစ်တာကိုး။ လောဘဆိုတာ အကုသိုလ် မဟုတ်လား။ ဒါကြောင့် အကုသိုလ်ကြောက်ရင် ထမင်းမစားနဲ့၊ ဟုတ်လား။ တကယ် အကုသိုလ် ရှောင်ရင် တကယ် အတော်ခံ၊ အစာတော်ပြီး သေရုံပဲရှိပါတယ်။

ထမင်းစားရင်း အကုသိုလ် မဖြစ်တဲ့ နည်းတော့ ရှိပါတယ်။ ဘယ်လိုစားရမလဲဆိုတော့ သပိတ်လို ခွက်စောက်စောက်ထဲမှာ ထမင်းရော၊ ဟင်းရောထည့်၊ အဲဒီထဲရေလောင်းထည့်၊အရသာပျက်သွားအောင် ပေါ့။ နောက်ပြီး စား၊ စားတဲ့အခါ ဤအစာအာဟာရသည် စက်ဆုပ်ဖွယ်ရှိစွတကားလို့ ဆင်ခြင်၊ ထမင်းကို စားတဲ့အခါ စားတယ်,စားတယ်, ဝါးတယ်, ဝါးတယ်လို့ အသိအမှတ်လိုက်၊ အဲဒီလိုစားရင် အကုသိုလ် မဖြစ်ဘူး။

အကုသိုလ်ကြောက်တဲ့လူတွေ အဲဒီလို စားကြပါလား။ ဒီလိုလဲ မစားနိုင်ဘူး။ အကုသိုလ်လဲ ကြောက်တယ်ဆိုရင် မစားနဲ့။ အသေခံ။ ဒါပဲရှိပါတယ်။

နောက် ယောကျ်ားနဲ့ မိန်းမ အိမ်ထောင်ပြုတဲ့ကိစ္စ ကြည့်ပါ။ အိမ်ထောင် ပြုတယ်ဆိုတာ ဘာလဲ၊ အခြေခံက ယောကျ်ားနဲ့ မိန်းမ ပေါင်းဖော်မှု ပြုရတာပဲ။ ကာမရာဂ ပွမ်းပွမ်းထတဲ့ အလုပ်ပဲ။ အကုသိုလ်မှ စိုစိုပြည်ပြည် အကုသိုလ်၊ တကယ့် အကုသိုလ်ပါပဲ။ ဒီလို အိမ်ထောင်ပြုကြမှလဲ သားသမီးရပြီး လူမျိုးဆက် ပြန့်ပွားတာပေါ့။

ဒါကိုပဲ အကုသိုလ် အကြောက်ဝါဒဖြန့်သူများ အလိုအရဆိုရင် အိမ်ထောင်ပြုကြလို့ မဖြစ်ပေဘူး။ အကုသိုလ်ကင်းအောင် အိမ်ထောင် သားမွေး ရှောင်ကြရလိမ့်မယ်။ ယောကျ်ားတွေအားလုံး ဘုန်းကြီး ဝတ်ကြ၊ မိန်းမမှန်သမျှ ဖွားသီလရင်ဝတ်ကြ၊ မဝတ်နိုင်ကြရင်လဲ လူပျိုကြီး၊အပျိုကြီးတွေ လုပ်နေကြရုံပဲ ရှိတယ်။

ဒီလို အကုသိုလ် ကြောက်လို့ အိမ်ထောင်သားမွေး မလုပ်ကြဘူး ဆိုရင် ဗမာလူမျိုး (ဝါ) ဗုဒ္ဓဘာသာဝင်တွေ လာမယ့်နှစ် ၇၀-အတွင်း

အကုန်မျိုးပြုတ်မယ်။ မျိုးပြုတ်ပြီး နိဗ္ဗာန်ရောက်ကုန်မှာလဲ မဟုတ်ဘူး။ မျိုးပြုတ်တာပဲ အဖတ်တင်မယ်။ မျိုးပြုတ်မှတော့ သာသနာလဲပြုတ်၊ နိုင်ငံပါ ပြုတ်ပေါ့လေ။

တစ်ခုတော့ ရှိတယ်။ သိပ္ပံနည်းအရ မေထုန်မှဲ့ သားစပ်နည်းနဲ့ မျိုးပွားယူရင်တော့ အကုသိုလ်မဖြစ်ဘဲ မျိုးဆက်ရမယ်ထင်ပါတယ်။ ဒီလို မေထုန်မှဲ့ လူမျိုးနဲ့လဲ တိုင်းပြည်တည်လောက်အောင် ရဖို့ မလွယ်သေးပါဘူး။

ဆရာ-ဥဏာရပ်ပါဦး၊ မြတ်စွာဘုရားက 'သဗ္ဗပါပဿ အကရဏံ' အားလုံးသော မကောင်းမှု အကုသိုလ်ကို မပြုလုပ်ရလို့ဩဝါဒ ပါတိမောက် ပြရာမှာ ဟောခဲ့တယ်မဟုတ်လား။

ဘာ-ဩဝါဒ ပါတိမောက်ဟုတ်လှား၊ ဩဝါဒပါတိမောက်၊ ခင်ဗျားတို့ကျွန်တော်တို့လိုလူတွေနဲ့ဘာဆိုင်လို့လဲ၊ အညှံဆုံးက သောတာပန်ပဲဆိုတဲ့ အရိယာ ရဟန်းတွေအတွက် ဟောခဲ့ဘာပဲ၊ အရိယာတို့ကမှ မကောင်းမှုအကုသိုလ်အားလုံးမလုပ်ဘဲ လိုက်နာနိုင်မှာပေါ့။

နောက်ပြီး—ခင်ဗျားက 'ပါပ'နဲ့ 'အကုသလ' ထပ်တူထပ်မျှ အဓိပ္ပာယ်တူတယ်များမှတ်နေသလား၊ 'ပါပ'နဲ့ ရင်ဆိုင်ဆန့်ကျင်စကားက 'ဘဒြ'၊ 'အကုသလ'နဲ့က 'ကုသလ'၊ 'ပါပ'က ယုတ်ညံ့တဲ့အနက်ဟော၊ 'ဘဒြ' ကကောင်းမွန်တဲ့ အနက်ဟော၊ လွယ်လွယ်သိဖို့ကတော့ 'ပါပ'တိုင်း'အကုသလ'ဖြစ်ပေမယ့် 'အကုသလ'တိုင်းဟာ'ပါပ'မဟုတ်ဘူး၊ ရှုပ်ကဲ့လား။ ရှင်းမှာမဟုတ်လို့ ရှုပ်ကဲ့လားလို့မေးတာ၊ ဘာဖြစ်လို့လဲဆိုတော့ မွေးကတည်းက မတောက်တခေါက်သိလာတဲ့ အခုအခံက ရှိတော့ ဒီဆောင်းပါးမျိုး တစ်ခါဖတ်ရုံနဲ့ ဘယ်ရှင်းဦးမလဲ ဟုတ်လား။

အခုပြောခဲ့ပြီးတာက လောဘအကုသိုလ်တစ်ခုကိုပဲပြောလာတာ၊ ဒေါသအကုသိုလ်ကိုလဲ စဉ်စားဦးမလား၊ တစ်သက်လုံး စိတ်မဆိုးဘဲ စိတ်မညစ်ဘဲ မကြောက်ဘဲ ဘယ်လိုနေလို့ရမလဲ၊ စိတ်ဆိုးတယ် စိတ်ညစ်တယ် ကြောက်တယ်ဆိုရင် ဒေါသအကုသိုလ်ဖြစ်တာပဲ။

နောက် မာနကိုကြည့်ပါဦး၊ လူငယ်က အရွယ်မာန်(ဝယမာန်) တက်တယ်၊ ဒါသဘာဝပဲ၊ လှတဲ့လူက အလှမာန်တက်တယ်၊ အရုပ်ဆိုးတဲ့ လူကလဲ ငါ့ဟာငါ အရုပ်ဆိုးတာဘာဖြစ်လဲ၊ ကိုယ့်ထမင်းကိုယ်စားနေတာပဲလို့ အရုပ်ဆိုးတဲ့မာန်တက်တယ်။ နောက် ပညာမာန်၊ ရာထူးမာန်၊

နောက် ဘုန်းကြီးမာန်အထိပေါ့၊ မာန်တွေတက်ကြတယ် မဟုတ်လား၊ ဒါတွေဟာ အကုသိုလ်တွေချည်းပဲမဟုတ်လား။

ကျန်တဲ့အကုသိုလ်စေတသိက်တွေ တစ်ခုစီ တစ်ခုစီစဉ်းစား၊ ခင်ဗျားတို့ ကျွန်တော်တို့မှာ နေ့တိုင်းအကုသိုလ်တွေ ဘယ်လောက် ဖြစ်နေသလဲ ဆိုတာ သဘောပေါက်လာမယ်။

အခုလို လောကီလူသားတွေမှာ အကုသိုလ်အမျိုးမျိုးဖြစ်ပုံ ကျယ်ကျယ်ပြန့်ပြန့် သိမ်သိမ်မွေ့မွေ့ သိလာခဲ့ရင်၊ လောကီလူ့ဘဝမှာ နေထိုင်ကြသူများအား အကုသိုလ်ကင်းအောင်နေဖို့ ပြောဟောနေကြတာတွေဟာ (၁) အကုသိုလ်ကိုနားမလည်ခြင်း၊ (၂) လက်တွေ့မဖြစ်နိုင်တာကို ပြောနေခြင်းဖြစ်ကြောင်း သဘောပေါက်လာပါလိမ့်မယ်။ ဒီထက်တိုးစဉ်းစားရင် မဖြစ်နိုင်တာတွေကိုဟောပြောပြီး လူတွေရဲ့လောကီရေးရာ တက်ကြွမှု၊ အားမာန်တွေကို ချိုးနှိမ်ပစ်ရာပင် ရောက်နေကြောင်း တွေ့သိလာပါလိမ့်မယ်။

လူပျင်းလူဖျင်းတွေအတွက် ဆင်ခြေပေးစရာလက်နက်ဖြစ်သွားမှာ စိုးလို့ မပြောချင်ပေမယ့် စကားမကျန်အောင် တစ်ခုတော့ပြောလိုက်ရဦးမယ်။ ဘာလဲဆိုတော့ အိပ်ပျော်နေတဲ့အခါမှာတော့ အကုသိုလ်မဖြစ်ဘူး၊ ဒါတောင် အိပ်မက်မမက်မှ။ အိပ်မက်မက်ရင် အကုသိုလ်ဖြစ်ဦးမယ်၊ အိပ်ပျော်နေတုန်း အကုသိုလ်မဖြစ်ဘူးဆိုတာက၊ အိပ်တဲ့စိတ်ဟာ ဘဝင်စိတ်ဖြစ်တယ်၊ ဘဝင်စိတ်မှာ လောဘ၊ ဒေါသ၊ စတဲ့ အကုသိုလ်စေတသိက် တစ်ခုမှ မယှဉ်ဘူး။ ဒါကြောင့် အကုသိုလ်မဖြစ်ဘူးလို့ ပြောရတာပေါ့။

ဒါကိုအမြွက်ထောင်ပြီး အကုသိုလ် မဖြစ်အောင် အိပ်ဦးမှပဲဆိုပြီး အိပ်ချည်းနေမှဖြင့် တစ်မျိုးသားလုံး ဘူမိကမ္ဗလာ မြေမွေ့ရာနဲ့ ညားကြရလိမ့်မယ်။

အရေးကြီးတဲ့ စကား ပြောရရင် အဲဒီလို အိပ်လို့ စားလို့ အိမ်ထောင်ပြုလို့ စသည်ဖြင့်ဖြစ်တဲ့အကုသိုလ်ကြောင့် အပါယ်မကျဘူး။ အဲဒီအကုသိုလ်ရှိပေမယ့် ချမ်းသာနိုင်တယ်၊ ပညာတတ်နိုင်တယ်၊ ကြီးပွားနိုင်တယ်၊ လူချမ်းသာဖြစ်နိုင်တယ်၊ သေရင် လူလဲပြန်ဖြစ်နိုင်တယ်၊ နတ်ရွာသုဂတိလဲရောက်နိုင်ပါတယ်။

တစ်နည်းပြောရရင် အဲဒီ အကုသိုလ်မျိုးက လောကီ လူ့ဘဝ ကြီးပွားတိုးတက်ရေးအတွက် အလွန်လိုအပ်တယ်။ မော်တော်ကားမှာ

အိပ်ဇောပိုက်ဆိုတဲ့ ချေးညှော်ပိုက်မရှိလို့မဖြစ်ဘူး။ လူကိုယ်မှာလဲ အစာဟောင်းဆိုတဲ့ အညစ်အကြေးမရှိလို့မဖြစ်ဘူး။ ရှိမှ ၃၂ ကောဋ္ဌာသ စုံလင်ပြီး လူအသက်ရှည်နိုင်တယ်။ အဲဒီ ဥပမာလိုပါပဲ။ လူတိုင်းမှာ ပြောခဲ့တဲ့ အကုသိုလ်မျိုးတွေရှိမှ အသက်ရှင်မယ်၊ လူမျိုးဆက်ရှင်သန်မယ်၊ လောကီလူ့ဘဝတိုးတက်မယ်၊ နိုင်ငံတော်တိုးတက်မယ် ဖြစ်ပါတယ်။

ဒီလောက် ကျယ်ပြန့်တဲ့အဓိပ္ပာယ်ကိုရည်ရွယ်ပြီး အရင်လဆောင်းပါးမှာ အဟိရိကနဲ့ အနောတ္တပ္ပ အကုသိုလ် ၂ မျိုးကို ဗိုလ်ခန့်တန်ခန့်ပြီး လုပ်သင့်တဲ့နေရာမှာ လုပ်ရမယ်လို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။

နောက် အရေးကြီးတဲ့စကားတစ်လုံး ထပ်ပြောရရင်၊ အဲဒီလို စားတဲ့အကုသိုလ်၊ ဝတ်တဲ့အကုသိုလ်၊ အိမ်ထောင်ပြုတဲ့ အကုသိုလ်တွေ လုပ်နေလို့ကတော့ သံသရာဝဋ္ဋဆင်းရဲက ဘယ်တော့မှ မလွတ်မြောက်ဘူး။ လောကုတ္တရာဘုံ ဘယ်တော့မှမရောက်ဘူး၊ (ဝါ) နိဗ္ဗာန်မရနိုင်ဘူး၊ ဒါတော့ ကျိန်းသေပါတယ်။

ဒါပေမယ့် အဲဒီလိုအကုသိုလ်မျိုးတွေက လူဦးရေ သန်းပေါင်း ၄-ထောင်ကျော်ရှိတဲ့ နိုင်ငံပေါင်း ၂၀၀-နီးပါးရှိတဲ့ ယနေ့လူ့ကမ္ဘာကြီးအလယ်မှာ တိုးတက်တဲ့လူမျိုး တိုးတက်တဲ့နိုင်ငံ ဖြစ်စေဖို့ကိုတော့ အကျိုးပြုပါတယ်။

ဒီတော့ လောကီလမ်း၊ လောကုတ္တရာလမ်း ခွဲမြင်၊ ရှင်လမ်း၊ လူလမ်းသီးသန့်ဖောက်၊ ကိုယ့်ကိုယ်ကို မေး၊ ငါ လောကီသားလား၊ လောကုတ္တရာသားလား၊ ငါရှင်လား၊ လူလား၊ ကိုယ့်ကိုယ်ကို ဘာပဲလို့ အမြင်ပြတ်သားရင် အလုပ်ပြတ်သားပါလိမ့်မယ်၊ သူများဟောတိုင်းပြောတိုင်း ယောင်တီယောင်တလုပ်နေရင် လောကီလဲမပီသ၊ လောကုတ်လဲ မရဘဲ သူများနောက်က အောက်ကျနောက်ကျဖြစ်ပြီး ပစ္စည်းရှိတာလဲပြောင်၊ လူရှိတာလဲပြောင် ဖြစ်ပါလေကာ သေပွဲဝင်ရသော အခါ သရဏဂုံတင်ပေးမည့်သူပင် မရှိ ဖြစ်ပေအံ့သတည်းလို့ အဆုံးသတ်ရမကောင်းဘူးလား။

ဟိ-န်-၊-စို-၊-ဓေ-ဖ-၁-င်-စ-ဉ်-(-ဓမ္မာ-၁-)

ဆရာက ဒီလိုပြောတော့ မစ္စတာမောင်မှိုင်း မှာပုံတော်ဝတ္ထု နိဒါန်းထဲက မစ္စတာမောင်မှိုင်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်း)ရဲ့ ညည်းချင်းကိုကြားယောင်လာပါတယ်။

ဘယ်လိုတဲ့လဲဗျာ—

''ဘာသာအယူဝါဒ၊ ဝံသာနုရက္ခိတ တရားတို့ ပျက်ပြားဆုတ်ယုတ်၍ လောကုတ္တရာကိုလည်းမမီ၊ လောကီမှာလည်း မတောက်ပဘဲ၊ အောက်ကျ နောက်ကျ ကျကြီး ကျ၍ မြန်မာ့တန်ခိုး ညှိုးနွမ်းပျက်ပျယ် သွက်သွက်လယ် မှောက်မှားအောင် ကြောက်ပါးလိလို ဖြစ်လေ၏''တဲ့။

ဟုတ်လိုက်လေဗျာ....ဘာသာရေးခံယူချက်၊ ဘာသာရေးမှရတဲ့ အသိဉာဏ်ဆိုတာဟာ လူရဲ့အတွေးအခေါ်၊ လူရဲ့အပြုအမူကို လွှမ်းမိုးတာမို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေမှာ အကုသိုလ်ကိုမှ ခြေခြေ မြစ်မြစ် မသိကြဘဲ၊ ရမ်းကြောက်ပြီး ဘဝအားမာန်တွေကျဆင်းနေတာကို မြင်လို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက သတိပေးခဲ့တာပဲ ဖြစ်မယ်၊ အင်း....အခုနေပြုပြင်ကြဖို့ အချိန်ရှိသေးသနော်။

နှစ်ဖက်လှ
၂၀-၅-၀၆

# ဆရာဝန်လောင်း၊ မိဘပစ္စည်းခိုးသော သားသမီး၊ အပျော်မယား၊ ဘယ်လိုလဲ

ပြီးခဲ့တဲ့လက ပဋိညာဉ်ပြုခဲ့တဲ့အတိုင်း 'ဒုစရိုက်' အကြောင်းကို ဆက်ပြောဖို့ဖြစ်ပါတယ်။

'ဒုစရိုက်'ဆိုတာ မြန်မာဝေါဟာရဖြစ်၏။ မူရင်းက 'ဒုစ္စရိတ' ဟူသော ပါဠိဖြစ်ပါသည်။ အမရိတကို အမြိတ၊ အမြိုက်ဟူ၍ လည်းကောင်း၊ ကာရိတကို ကာရိုက်ဟူ၍လည်းကောင်း မြန်မာမှုပြုသကဲ့သို့ 'ဒုစ္စရိတ'ကို 'ဒုစရိုတ်' (ဝါ) 'ဒုစရိုက်'ဟု မြန်မာမှုပြုထားခြင်းဖြစ်ပါသည်။ ဣလမှ အိုး၊ တမှ က ပြောင်းထုံးအရ ဖြစ်ပါ၏။

'ဒုစ္စရိတ'ကို ပုဒ်ခွဲလျှင် ဒု+စရိတ ဟူ၍ နှစ်ပုဒ်ထွက်လာပါသည်။ 'ဒု'က မကောင်းခြင်း၊ ယုတ်ညံ့ခြင်းအနက်၊ 'စရိတ'က '**အ**ကျင့်'အနက် ဖြစ်ပါသည်။ စရိတ၊ စရဏ တို့မှာ ခတ်တူသဒ္ဒါများပင်။

'အကျင့်'ဆိုသော စကား၏လိုရင်းမှာ 'လက်တွေ့ပြုလုပ်ခြင်း' ဖြစ်ပါသည်။ မုဒိမ်းကျင့်သည်၊ အနိုင်ကျင့်သည်ဆိုသော အရာတို့၌ 'ကျင့်'ဟူသည် ကိုယ်ထိလက်ရောက် လက်တွေ့လုပ်ခြင်း ဖြစ်ပါသည်။ ထိုနည်းတူ တရားကျင့်သည်၊ သီလဖြည့်ကျင့်သည် ဆိုရာတို့၌လည်း 'ကျင့်'၏အဓိပ္ပာယ်မှာ လက်တွေ့ဆောင်ရွက်မှုသဘောပင် ဖြစ်ပါသည်။

နိုင်ငံတကာ လူမျိုးပေါင်းများစွာတို့သည် လက်တွေ့ပြုကျင့်မှုများစွာကို ပြုလုပ်ကြပါသည်။ အခြေခံအားဖြင့် သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ လိမ်ပြောခြင်း စသည်တို့ ဖြစ်ပါသည်။ သတ်ဖြတ်ရာ၌လည်း တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်း၊ လူ့လူချင်းသတ်ဖြတ်ခြင်း စသည်ဖြင့်

အမျိုးကွဲများရှိသည်။ ခိုးရာ၌လည်း တိရစ္ဆာန်ပစ္စည်းခိုးခြင်း၊ လူ့ပစ္စည်းခိုးခြင်း၊ နတ်ပစ္စည်းခိုးခြင်း စသည်ဖြင့် များစွာရှိပါသည်။

ဤကဲ့သို့ လူသားတို့လက်တွေ့ပြုလုပ်ကြသည့် (ဝါ) ပြုကျင့်ကြသည့် အလုပ်အမျိုးမျိုးနှင့် ပတ်သက်၍မူ ကမ္ဘာ့ပညာရှိများ (ဝါ) ကမ္ဘာ့ဘုရားများ၏ သတ်မှတ်ချက် မတူကြပါ။ သတ်ဖြတ်မှုကိစ္စတွင်ပင် တချို့ပညာရှိက တိရစ္ဆာန်ကိုသတ်လျှင် အပြစ်မရှိ၊ လူကိုသတ်မှ အပြစ်ရှိ၏ဟု သတ်မှတ်ကြသည်။ အချို့ပညာရှိကမူ မိမိ၏ဘာသာ အယူဝါဒနှင့် ဆန့်ကျင်သူကိုသတ်က အပြစ်မရှိဟူ၍ပင် အားပေးအားမြှောက်ပြုသည်။

ဂေါတမဗုဒ္ဓရှင်တော်ဘုရားသည်ကား လူတို့၏အပြုအမူ အကျင့်စရိုက်တို့ကို အခြေခံကျကျ စိစစ်တော်မူပြီး လူမျိုးမရွေး ဘာသာမရွေး လူဟူသမျှပြုကျင့်ကြသည့် အကျင့်တွေ (ဝါ) စရိုက်တွေထဲက ဆယ်မျိုးကိုသာ ယုတ်ညံ့သည်ဟု အတပ်သိတော်မူပြီး 'ဒု'တပ်၍ ခေါ်ဝေါ်ခဲ့သည်။ (ဝါ) ဒုစရိုက်ဟုသတ်မှတ်ခဲ့သည်။

မြတ်စွာဘုရားသည် လူကို ကိုယ်ပိုင်း, နှုတ်ပိုင်း, စိတ်ပိုင်းဟူ၍ စနစ်တကျ သုံးမျိုးခွဲခြားတော်မူပြီး ကိုယ်ဖြင့်ပြုသောဒုစရိုက်၊ နှုတ်ဖြင့်ပြုသော ဒုစရိုက်၊ စိတ်ဖြင့်ပြုသောဒုစရိုက်တို့ကို တိတိပပ ညွှန်ပြတော်မူခဲ့သည်။

လူ၏ကိုယ်ဖြင့်ပြုလုပ်သောဒုစရိုက်တို့မှာ—

(၁) သတ်ဖြတ်ခြင်း၊
(၂) ခိုးဝှက်ခြင်း၊
(၃) ကာမမှုမှားယွင်းကျင့်ခြင်းဖြစ်၏။

လူ၏နှုတ်ဖြင့်ပြောဆိုသောဒုစရိုက်တို့မှာ—

(၁) လိမ်ပြောခြင်း၊
(၂) ကုန်းတိုက်ခြင်း၊
(၃) ဆဲခြင်း၊
(၄) ကလေကဝပြောခြင်းဖြစ်၏။

လူ၏စိတ်ဖြင့်ပြစ်မှားသောဒုစရိုက်တို့မှာ—

(၁) မဘာရားရလိုခြင်း၊
(၂) ပျက်စီးစေလိုခြင်း၊
(၃) မှားမှားယွင်းယွင်း သိမြင်ခြင်း ဖြစ်၏။

ဤပြုကျင့်မှုတို့ကိုပင် ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံ သုံးပါးဟု ခေါ်၏။ ဒုစရိုက်ဆယ်ပါးဆိုသည်မှာ ယင်းတို့ပင်ဖြစ်၏။

တစ်နည်းပြောရလျှင် သတ်ဖြတ်ခြင်းသည် ဒုစရိုက်၊ ခိုးဝှက်ခြင်းသည် ဒုစရိုက်၊ ကာမမှုကျင့်မှားခြင်းသည် ဒုစရိုက်၊ လိမ်ခြင်းသည် ဒုစရိုက်၊ ကုန်းတိုက်ခြင်းသည် ဒုစရိုက်၊ ဆဲခြင်းသည် ဒုစရိုက်၊ ကလေကဝ ပြောခြင်းသည် ဒုစရိုက်၊ မတရားရလိုခြင်းသည် ဒုစရိုက်၊ ပျက်စီးစေလိုခြင်းသည် ဒုစရိုက်၊ အသိအမြင် အယူဝါဒ လွဲမှားခြင်းသည် ဒုစရိုက်၊ ဤသို့ ဗုဒ္ဓရှင်တော်ဘုရားက ဟောတော်မူခဲ့သည်။

ယင်း ဒုစရိုက်ဆယ်ပါးလုံးသည် အကုသိုလ် ဖြစ်၏။ သို့သော် အကုသိုလ်တိုင်း ဒုစရိုက်မဟုတ်။ အကုသိုလ်အားလုံးထဲမှာ ဖော်ပြပါ သတ်ဖြတ်ခြင်း စသော အမှုအကျင့်ဆယ်ပါးသည်သာ ဒုစရိုက် ဖြစ်၏။ ထိုမှတစ်ပါး စားတဲ့အကုသိုလ်၊ ဝတ်တဲ့အကုသိုလ်၊ အိမ်ထောင်ပြုတဲ့ အကုသိုလ် စသည်တို့ကား ဒုစရိုက်မဟုတ်။

စားတဲ့အကုသိုလ်၊ ဝတ်တဲ့အကုသိုလ်၊ အိမ်ထောင်ပြုတဲ့အကုသိုလ် စသည်တို့မှာ အပါယ်သို့ကျစေနိုင်သော အကုသိုလ်မျိုးမဟုတ်၊ ယခု ဒုစရိုက်အကုသိုလ်ဆယ်ပါးရော အပါယ်သို့ကျစေနိုင်သလား၊ ဤသို့ စဉ်းစားရမည်ဖြစ်၏။

အဖြေကား ဒုစရိုက်အကုသိုလ်သည်'ကမ္မပထ'မြောက်မှ အပါယ်သို့ ကျစေတတ်၏။ ကမ္မပထ မမြောက်လျှင် အပါယ်သို့မကျစေတတ်။ ဤသို့ ပြတ်ပြတ်ရှင်းရှင်း မှတ်ရပေမည်။

ဒုစရိုက်ပြစ်မှုတစ်ခုကိုပြုတဲ့နေရာမှာ 'ကမ္မပထ'မြောက်မှ အပါယ်သို့ ကျရောက်စေနိုင်တဲ့ အကုသိုလ်ဖြစ်သည်။ 'ကမ္မပထ' မမြောက်လျှင် အပါယ်အကုသိုလ်မဖြစ်ဘူးဆိုတော့ 'ကမ္မပထ'ဆိုတာဘာလဲ၊ 'ကမ္မပထ'

မြောက်တယ်ဆိုတာလဲ ဘယ်လိုလဲဆိုတာကို အရေးတကြီးသိရှိဖို့ လိုလာပါသည်။

'ကမ္မပထ'ဆိုရာ၌ 'ကမ္မ' က 'ကံ' (စေတနာ)အနက်ဟော၊ 'ပထ' က 'လမ်းကြောင်း'အနက်ဟော၊ ထို့ကြောင့် 'ကမ္မပထ' ဆိုသည်ကား 'ကံလမ်းကြောင်း' (ဝါ)လမ်းကြောင်းဖြစ်သော ကံဟူ၍ အဓိပ္ပာယ်ထွက်၏။ မည်သည့်လမ်းကြောင်းလဲဟု ဆက်စဉ်းစားပါက အပါယ်လမ်းကြောင်းဟု အဖြေပေါ်ပါသည်။

သို့ဖြစ်၍ ကမ္မပထမြောက်သော ဒုစရိုက်အကုသိုလ်ကံဟုဆိုလျှင် အပါယ်လေးပါးသို့ ကျရောက်စေနိုင်သော အစွမ်းသတ္တိရှိပြီဟု သိရပေသည်။အပြန်အလှန်အားဖြင့်ကား ကမ္မပထ မမြောက်ဘူးဆိုလျှင် အပါယ်လေးပါးသို့ ကျရောက်စေနိုင်သော အစွမ်းသတ္တိမရှိဟုလည်း မှတ်သားရပြန်ပါသည်။

သို့ဖြစ်လျှင် မည်သို့ပြုကျင့်မှ ကမ္မပထမြောက်သလဲ၊ ဤမေးခွန်းကား လက်တွေ့ဘဝအတွက် အရေးကြီးလှ၏။ ဤမေးခွန်း၏အဖြေသည်လည်း အကုသိုလ်နှင့်ပတ်သက်၍ လမ်းညွှန်ချက် ဖြစ်ပေလိမ့်မည်။

'ကမ္မပထ'မြောက်သည်၊ မမြောက်ဘူးဟူ၍ ဆုံးဖြတ်ရန်မှာ အင်္ဂါရပ်များအပေါ် အခြေပြုရ၏။ ဒုစရိုက်တစ်ခုပြုလုပ်ရာတွင် ထိုဒုစရိုက်မှုအတွက် လိုအပ်သော အင်္ဂါရပ်များနှင့် ပြည့်စုံမှ၊ ညီညွတ်မှ ကမ္မပထမြောက်၏။ အင်္ဂါရပ်ချို့ယွင်းပါက ကမ္မပထ မမြောက်ဟူ၍ ဆုံးဖြတ်ရပေသည်။ အင်္ဂါရပ်သည် အခရာ ဖြစ်ပေ၏။

ပထမဦးစွာ လူ၏ကိုယ်ကာယဖြင့်အဓိကပြုလုပ်ရသော သတ်ခြင်း, ခိုးခြင်း, ကာမဖောက်ပြန်ခြင်းဟူသော ကိုယ်မှုဒုစရိုက်သုံးမျိုးကို အရင်စိစစ်ကြည့်သင့်၏၊

သတ်ဖြတ်မှု၌....

(၁) သက်ရှိသတ္တဝါအမှန်ဖြစ်ခြင်း၊
(၂) သတ္တဝါပဲဟုသိမှတ်ခြင်း၊
(၃) သတ်လိုသောစိတ်ရှိခြင်း၊
(၄) သေအောင်လုံ့လပြုခြင်း၊
(၅) သေခြင်း။

ဤအင်္ဂါရပ်ငါးပါးလုံးပြည့်စုံမှ အကုသိုလ်လည်းဖြစ်၏။ ဒုစရိုက်လည်းဖြစ်၏။ ကမ္မပထလည်းမြောက်၏။ အင်္ဂါတစ်ခုခုချို့ယွင်းသွားလျှင် အကုသိုလ်ဒုစရိုက်ဖြစ်သော်လည်း ကမ္မပထ မမြောက်တော့ပေ။

ခိုးမှု၌....

(၁) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာဖြစ်ခြင်း၊
(၂) သူ့ပိုင်ဥစ္စာဟုလည်းသိမှတ်ခြင်း၊
(၃) ခိုးယူလိုသော စိတ်စေတနာရှိခြင်း၊
(၄) ခိုးရန်လုံ့လပြုခြင်း၊
(၅) ခိုးခြင်း။

ဤ အင်္ဂါရပ်ငါးပါးပြည့်စုံမှ ကမ္မပထမြောက်၏။

ကာမဖောက်ပြန်ခြင်း၌....

(၁) မိမိကာမပိုင် မဟုတ်ခြင်း၊
(၂) မှီဝဲလိုစိတ်ရှိခြင်း၊
(၃) မှီဝဲရန်လုံ့လပြုခြင်း၊
(၄) စပ်ယှက်မှုကို သာယာခြင်း။

ဤ အင်္ဂါရပ်လေးပါးပြည့်စုံမှ ကမ္မပထမြောက်ပေသည်။

ကဲ....အထက်ပါ ကာယကံသုံးမျိုးကို အင်္ဂါရပ်များအခြေခံပြီး ပြန်စဉ်းစားကြည့်ပါ။

ပါဏာတိပါတဲ့ ဒုစရိုက်ခေါ်တဲ့ သတ်ဖြတ်မှု၌-လူ၊ ခွေး၊ နွား၊ ဆိတ်၊ ကြက် စသည်ကဲ့သို့ တကယ့်သက်ရှိသတ္တဝါကိုသတ်မှသာ ပါဏာတိပါတဖြစ်၏။ သိပ္ပံက အသက်ရှိသည်ဟုပြောသော သစ်ပင်၊ ပန်းပင်တို့ကို ခုတ်ထစ်သတ်ဖြတ်ပါက သတ္တဝါအမှန်ဖြစ်ခြင်းဆိုတဲ့ ပထမအင်္ဂါရပ် ပျက်သောကြောင့် သတ်မှုပါဏာတိပါတကံ မဖြစ်ပေ။

မျက်မမြင် စက္ခုပါလရဟန္တာမထေရ်ကြီး စင်္ကြံလျှောက်ရင်းနင်းမိ၍ ပိုးရွမျာ း သေကြရရှာခြင်း၌ မထေရ်ကြီး၌ သူနင်းနေတာတွေဟာ သတ္တဝါတွေပဲဟု အသိအမှတ် မရှိသည့်အတွက် သတ္တဝါပဲဟု သိမှတ်ခြင်းဆိုတဲ့ဒုတိယအင်္ဂါရပ်မပြည့်စုံသောကြောင့် ကမ္မပထ မမြောက်ပေ။

သီရိဓမ္မာသောကမင်းကြီးက သံဃာညီညွတ်အောင်လုပ်ဖို့ ခိုင်းလိုက်တဲ့ အမတ်မိုက်က ရဟန်းသံဃာများကို သတ်မိရာတွင် အသောကမင်းကြီး၌ သတ်လိုသောစိတ်မရှိသည့်အတွက် ပါဏာတိပါတကံမထိုက်ဟု ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးက ဆုံးဖြတ်ပေးသကဲ့သို့ သတ်လိုစိတ် သေယိုစိတ် မရှိပါကလည်း သတ်ယိုစိတ်ရှိခြင်းဆိုသည့် တတိယအင်္ဂါချို့ယွင်း၍ ကမ္မပထ မမြောက်ချေ။

သက်ရှိသတ္တဝါကို သက်ရှိသတ္တဝါပဲလို့သိပြီး သတ်လိုစိတ် ရှိပေမယ့် သေအောင် တစ်နည်းနည်းဖြင့် လုံ့လမပြုဘဲ သူ့ဟာသူ အခြားတစ်နည်းနည်းနှင့် သေပါကလည်း စတုတ္ထအင်္ဂါ ချို့ယွင်း၍ မိမိမှာ အပြစ်လွတ်ပြန်သည်။

သေခြင်းဟူသောအင်္ဂါအရ မသေလျှင် ပါဏာတိပါတဒုစရိုက် မဖြစ်သည်မှာကား ဆိုဖွယ်မရှိပြီ။

အဘိဓမ္မာသည် တိကျ၏၊ လေးနက်၏၊ လူ၏စိတ်စေတသိက်တို့၏ ဖြစ်စဉ်ကိုအခြေခံ၏။ ဤအချက်ကို သတိချပ်ထားရန်လို၏။

ထို့ကြောင့် အင်းသူကြီး တစ်ယောက်သည် သူ၏အိမ်မှာ အိပ်နေစဉ် သူ၏ လူငှားများက ငါးများကို သတ်ဖြတ် ရောင်းချနေကြရာ၌ ပါဏာတိပါတ အင်္ဂါငါးပါးကိုကိုင်ပြီး အင်းသူကြီးကို ကမ္မပထပုဒ်မနှင့်ငြိစွန်းမငြိစွန်းစဉ်းစားပါ။ သို့သော် အင်းသူကြီးသည် ငါးများများရအောင် သူ့လူတွေကို စီမံကွပ်ကဲခိုင်းစေနေခိုက်ပင် သူခိုင်းသည့် အတိုင်း ငါးတွေ ဖမ်းဆီးရရှိ သတ်ဖြတ်နိုင်ကြပါက အင်းသူကြီးကို ကမ္မပထပုဒ်မ တပ်နိုင်ပေမည်။

ဤနည်းတူ ခွဲစိတ်ကု ဆေးပညာ သင်ရန် ဖားခွဲ၊ မျောက်ခွဲ၊ လေ့ကျင့် သုတေသနပြုရသော ဆရာဝန်လောင်းများ၊ ကမ္ဘာသားသတ် လောကကြီးတွင် သားသတ်လိုင်စင်ပေးသူ၊ နွား၊ ဝက်၊ ဆိတ် စသည်တို့ကို မသတ်ခင် ဆေးစစ်ပေးရသော တိရစ္ဆာန် ဆရာဝန်များ၊ ကိုယ်တိုင် သတ်ဖြတ်သူများ၊ ကမ္ဘာလောကကြီးတွင် စစ်ဆင်သူများ၊ စစ်မိန့်ပေးသူများ၊ ကိုယ်တိုင် စစ်တိုက်သတ်ဖြတ်သူများ စသည်ဖြင့် များပြားလှသော လူ့ဘဝ၊ လူ့ကိစ္စတို့တွင် ဖော်ပြပါ သတ်ဖြတ်မှုဆိုင်ရာ ကမ္မပထ အင်္ဂါငါးပါးကိုကိုင်၍ တစိမ့်စိမ့် စဉ်းစားကြည့်နိုင်ကြပါသည်။

ခိုးခြင်းဆိုင်ရာ ကမ္ဘပထအင်္ဂါငါးပါးကိုလည်း တစ်ခုစီ ဝေဖန်ကြည့်အပ်၏။ သူတစ်ပါးပစ္စည်းခိုးရာ၌အင်္ဂါငါးပါးဖြင့် စစ်ရန်လွယ်၏။ မိဘပစ္စည်းကို သားသမီးက ခိုးယူသော ကိစ္စမျိုး၌ကား မိဘပစ္စည်းကို သားသမီးပိုင်, မပိုင် အခြေခံပြဿနာကို -အရင်သိရန် လို၏။ ပိုင်သည်ဆိုလျှင် အဒိန္နဒါန ခိုးမှု ဒုစရိုက် မဖြစ်၊ မပိုင်ဘူး ဆိုလျှင်ကား ခိုးမှု ဒုစရိုက်ဖြစ်ပြီး ကမ္ဘပထမြောက်စရာရှိပေသည်။

ကာမေသုအင်္ဂါလေးပါး၌ကား ကာမပိုင် ဟုတ်, မဟုတ် အချက်သည် အရေးကြီး၏။ ပြဿနာရှိ၏။ ကာမပိုင်မှု၊ မပိုင်မှု ကိစ္စတွင် (ဓနက္ကီတာ) ငွေဝယ်မယား၊ တစ်ခဏ ဖြစ်ဖြစ် အခကြေးငွေပေးပြီး ယူသော မိန်းမသည် ကာမပိုင်မိန်းမ ဖြစ်၏။ ပြည့်တန်ဆာမများသည် ငွေဝယ်မယားဖြစ်၍ ယင်းတို့နှင့်ပျော်ပါးခြင်းသည် ကာမေသုမိစ္ဆာစာရ ကာမဖောက်ပြန်မှုမဖြစ်ဟု အင်္ဂါအရ ဆုံးဖြတ်ရမည်ဖြစ်၏။

ဤတွင် အထွန့်တက်စရာ (ဝါ) စောဒကဝင်စရာ အချက်ရှိ၏။ အကယ်၍ ငွေပေးယူသည့် မိန်းမ(ဝါ) ပြည့်တန်ဆာမ၌ ကာမပိုင်လင်ယောကျ်ားရှိနေလျှင် ဖြစ်ပါ့မလား ဟူသော အချက်ဖြစ်၏။ ကမ္ဘပထမြောက်, မမြောက် စိစစ်ရမည့် အင်္ဂါလေးပါးကို အပိုင်ကိုင်ပြောလျှင် ကာမကိုပိုင်ဖို့သာ လို၏။ နောက်ပိုင်း နောက်ကွယ်က ကိစ္စနှင့် မဆက်စပ်ပေ။ ထို့ကြောင့် မိမိကငွေပေးပြီး ယာယီမယားအဖြစ် ရယူလိုက်ပါက ကမ္ဘပထပုဒ်မမှ လွတ်လျက်ရှိပေသည်။

ဤကမ္ဘပထ ကိစ္စတွေကား အလွန် ကျယ်ဝန်းလှ၏။ ဤဆောင်းပါးများ၏ဦးတည်ချက်ကား အကုသိုလ်တိုင်း ဒုစရိုက်မဟုတ်၊ ဒုစရိုက်တိုင်းလည်း ကမ္ဘပထ မမြောက် ဆိုသည်ကို သဘောပေါက်ရုံမျှဖော်ပြရန်ဖြစ်၏။

ဗိုလ်တရား အကြောင်း ရေးရာတွင် အကုသိုလ် အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်တို့နှင့်စပ်လျဉ်း၍ စကားအတက်ထွက်လာခြင်း ဖြစ်၏။ အတက်တွေကလည်း များနေ၍ ယခုလ ဆောင်းပါး ဖြင့်လည်း အစမသိမ်းနိုင်သေး၊ ရှေ့လတွင် ဝစီဒုစရိုက်လေးပါးနှင့် မနောဒုစရိုက်သုံးပါးကို ကမ္ဘပထခန်းနှင့် ပြရချေဦးမည်။

နှစ်ဖက်လှ

၁၉၈၆-ခု၊ ဩဂုတ်လ။

# သာမန်အကုသိုလ်၊ ဒုစရိုက်အကုသိုလ်၊ ကမ္မပထအကုသိုလ်

ယခုလမှာ ဝစီဒုစရိုက် (၄) ပါးနှင့် မနောဒုစရိုက် (၃) ပါး ကြောင်းဆက်ဖို့ဖြစ်ပါတယ်။

လိမ်ပြောခြင်း (မုသာဝါဒ) ၌ အင်္ဂါ (၅) ပါးရှိ၏။

(၁) အကြောင်းအရာ မမှန်ကန်ခြင်း၊
(၂) သူတစ်ပါးအား မဟုတ်မမှန် သိစေလိုသည့်စိတ်,စေတနာ ရှိခြင်း၊
(၃) လိမ်ပြောခြင်း၊
(၄) အလိမ်ခံရသူက လိမ်သည့်အတိုင်း မမှန်မကန်သိရှိယုံကြည် သွားခြင်း၊
(၅) အကျိုးစီးပွားပျက်ခြင်း။

ကုန်းတိုက်ခြင်း (ပိသုဏာဝါစာ) ၌လည်း အင်္ဂါ (၅) ပါးရှိ၏။

(၁) ကုန်းတိုက်ခံရသူ ထင်ရှားရှိခြင်း၊
(၂) သူတို့ချင်း မသင့်မြတ်စေလိုခြင်း၊
(၃) ကုန်းချောစကားပြောခြင်း၊
(၄) အပြောခံရသူက သိရှိခြင်း၊
(၅) ကွဲပြားခြင်း။

ဆဲရေးခြင်း (ဖရုသဝါစာ) ၌လည်း အင်္ဂါ (၃) ပါးရှိ၏။

(၁) အဆဲခံရသူ အထင်အရှားရှိခြင်း၊

(၂) စိတ်ဆိုးခြင်း (ဝါ) တကယ်ကြမ်းတမ်းသော စိတ်စေတနာ ရှိခြင်း၊
(၃) ဆဲရေးခြင်း။

အကျိုးမဲ့စကားဖျင်း (သမ္ဖပ္ပလာပ) ပြောခြင်း၌ အင်္ဂါ (၃)ပါး ရှိ၏။

(၁) အကျိုးမဲ့၊ မဟုတ်မမှန်သော အကြောင်းအရာ ဖြစ်ခြင်း၊
(၂) ၎င်းအကြောင်းအရာကို ပြောခြင်း၊
(၃) နားထောင်သူက အမှန်ဟုယုံကြည်သွားခြင်း။

အထက်ဖော်ပြပါ ဒုစရိုက်လေးမျိုးကား ဝစီဒုစရိုက်ဖြစ်၏။

ကိုယ်အမူအရာနှင့် နှုတ်ပြောမပါ၊ စိတ်ထဲမှာသာဖြစ်သော စိတ်မှု ဒုစရိုက်လည်း သုံးမျိုးရှိ၏၊ ယင်းတို့ကား....

| | |
|---|---|
| သူ့စည်းစိမ်ကို ရှေ့ရှုကြံခြင်း | (အဘိဇ္ဈာ) |
| ပျက်စီးစေလိုခြင်း | (ဗျာပါဒ) |
| အမြင်မှားခြင်း | (မိစ္ဆာဒိဋ္ဌိ) |

အဘိဇ္ဈာ၌ — (၁) သူများဥစ္စာ ဖြစ်ခြင်း၊
(၂) ကိုယ့်ဥစ္စာ ဖြစ်စေလိုခြင်း၊

ဟူ၍ အင်္ဂါနှစ်ပါးရှိ၏။

ဗျာပါဒ၌ — (၁) သတ္တဝါတစ်ဦးဦး ဖြစ်ခြင်း၊
(၂) ထိုသတ္တဝါ ပျက်စီးအောင် ကြံစည်ခြင်း (ဝါ) ပျက်စီးစေလိုခြင်း၊

ဟူ၍ အင်္ဂါနှစ်ပါးရှိ၏။

မိစ္ဆာဒိဋ္ဌိ၌ — (၁) အယူမှားခြင်း၊
(၂) အမှားကို အမှန်ဟု မြင်ခြင်း၊

ဟူ၍ အင်္ဂါနှစ်ပါးရှိ၏။

ဝစီဒုစရိုက် ၄-မျိုး၊ မနောဒုစရိုက် ၃-မျိုးတို့ကို သူ့အင်္ဂါနှင့်သူ တစ်ခုစီ ဖော်ပြခဲ့ပြီ။ အင်္ဂါများကို မှတ်မိအောင် လေ့လာပြီး

တစ်ခုစီ သုံးသပ်ကြည့်သင့်၏။ တစ်နည်းပြောရလျှင် အကုသိုလ်ဆိုပြီး ရမ်းကြောက်နေသူများ သေသေချာချာ စဉ်းစားဆင်ခြင်အပ်၏။

လိမ်ပြောခြင်း၌—(၁) အကုသိုလ်ဖြစ်ခြင်း၊ (၂) ဒုစရိုက်ဖြစ်ခြင်း၊ (၃) ကမ္မပထ မြောက်ခြင်းဟူ၍ သုံးဆင့်ရှိနေသည်ကိုနားလည်ရမည်။ လိမ်လိုသည့်စိတ်ဖြင့် လိမ်ပြောလိုက်ရုံမျှဖြင့် မုသာဝါဒကြီး ဖြစ်ပါပြီဟု တစ်ထစ်ချ မဆိုနိုင်သေး၊ အလိမ်ခံရသူက မယုံလျှင် ဒုစရိုက် မဖြစ်ပေ။ တဖန် လိမ်တဲ့အတိုင်း သူ ယုံသွားရုံမျှဖြင့်လည်း ကမ္မပထ မမြောက်သေး၊ (ဝါ) အပါယ်ဘုံ ကျစေတတ်သည့်ကံ မဖြစ်သေး၊ မိမိလိမ်လိုက်သည့်အတွက် သူ့မှာ အကျိုးစီးပွား ပျက်စီးသွားမှသာ ကမ္မပထမြောက်ပြီး အပါယ်ကံ ဖြစ်သွားလေသည်။

မိမိထံ ပိုက်ဆံလာချေးရာ မချေးချင်၍ မရှိဘူးဟု လိမ်ပြောလိုက်၏။ သူက ယုံယုံ မယုံယုံ၊ မုသာဝါဒကံကြီး မဖြစ်၊ သူ့မှာလည်း ဘာအကျိုးမှ ပျက်စီးမသွားပေ။

ဈေးသည်များသည် မိမိပစ္စည်းရောင်းရအောင် စိတ္တဇေဒနည်းကို သုံး၏။ အရင်း ၁၀ဝိ/ ရှိသော ပစ္စည်းကို အရင်း ၁၅ဝိ/ ရှိတယ်၊ ရှင့်မို့ ၁၅ဝိ/နဲ့ ပေးတာဟု ပြော၏။ သူ ယုံယုံ မယုံယုံ၊ သူ ဝယ်ဝယ် မဝယ်ဝယ်၊ ဝယ်သူမှာ အကျိုး ပျက်စီးမသွား၊ ထို့ကြောင့် မုသာဝါဒ ကမ္မပထ မမြောက်ပေ။

တစ်ခုလပ် မုဆိုးဘိုက လူပျိုပါဟုလိမ်ပြီး ချစ်တဲ့ မိန်းမကို လက်တပ်ယူ၏။ မိန်းမမှာ အကျိုးစီးပွား ပျက်စီးနစ်နာမှုမရှိ၍ မုသာဝါဒကံကြီး မဖြစ်။ သို့သော် သက်သေခံဥပဒေအရ လိမ်ပြီး သက်သေခံရာတွင် မိမိ လိမ်ပြီး ထွက်ဆိုလိုက်သည့်အတွက် အမှုသည်မှာ နစ်နာသွားလျှင် မုသာဝါဒ ကမ္မပထ ကောင်းကောင်းကြီး မြောက်၏။ မိမိ လိမ်ပြီး သက်သေခံလိုက်၍ အမှုသည် လွတ်ငြိမ်းချမ်းသာ သွားလျှင် အကျိုးမပျက်၍ ကမ္မပထ မမြောက်ပေ။

မုသာဝါဒနှင့် စပ်လျဉ်း၍ အလိမ်ခံရသူ အကျိုးပျက်စီးမှု ရှိ, မရှိသည်သာ အဓိကအချက်ဖြစ်၏။ အကျိုးပျက်စီးသွားမှသာ ကမ္မပထ မြောက်၏။ မပျက်စီးလျှင် မမြောက်ပေ။

ကုန်းတိုက်ရာ၌လည်း မိမိ‌ကုန်းတိုက်လိုက်၍ သူတို့ချင်း အချစ်ပျက်သွားမှ (ဝါ) ကွဲသွားမှသာ ပိသုဏာဝါစာ ကမ္မပထ မြောက်၏။ မထိရောက်ပါက ကမ္မပထ မမြောက်ပေ။

ဆဲရေးခြင်း၌ သတိပြုရန်အချက်ကား ကွယ်ရာဆဲ၍ ကံမမြောက်၊ ရှေ့တွင်ဆဲမှ ကံမြောက်၏၊ ဆဲသံသည် ကြားရသူ နားထဲမှာ လွှသွားလို ကြမ်းတမ်းလှ၏၊ တကယ်လည်း စိတ်ဆိုး, ရှေ့တွင် တကယ်လည်းဆဲမှ ကမ္မပထ မြောက်ကြောင်း သိပါ၊ ဝသီပါပြီး စိတ်မဆိုးဘဲ မအေ့နှမ ဆဲပြောသော်လည်း ကမ္မပထ မမြောက်ပေ။

ကလေကဝအကျိုးမဲ့စကားပြောရာ၌ နားထောင်သူက အဟုတ်ထင်မှတ်ယုံကြည်သွားမှသာ ကံမြောက်၏၊ အလကား ယုံတမ်းစကားတွေပဲဟု မယုံကြည်လျှင် ကံမမြောက်ပေ။

မုသာဝါဒပြောရာတွင် သူတစ်ပါးအကျိုးပျက်စီးမှ ကံထိုက်သည်၊ ပိသုဏာဝါစာပြောရာတွင် ကွဲသွားမှကံမြောက်သည်၊ ဖရုသဝါစာ ဆဲရာတွင် ရှေ့တွင်ဆဲမှ၊ စိတ်ကလည်းတကယ်ဆိုးမှ ကံမြောက်သည်၊ သမ္ဖပ္ပလာပ ကလေကဝပြောရာတွင် သူတကယ်ယုံသွားမှ ကံမြောက်သည်။ ဤသို့ အကျဉ်းချုပ်မှတ်ရန်ဖြစ်ပါသည်။

ကိုယ်ကလဲမလုပ်၊ နှုတ်ကလဲမပြော၊ စိတ်ဖြင့်ပြစ်မှားရုံဖြင့် ဒုစရိုက်ဖြစ်ပြီး ကံမြောက်သွားသောကိစ္စမှာ အဘိဇ္ဈာ၏။ စဉ်းစားရန်ကား— သူ့ဟာကိုလိုချင်ခြင်းသည် လောဘသာဖြစ်၏၊ လိုချင်ရုံတင်မက ငါ့ဟာဖြစ်ရင်ကောင်းမှာပဲလို့ မတရားကြံစည်ခြင်းကား တော်တော်လွန်သည့် စိတ်ထားဖြစ်၏။

ထင်ရှားသည့်ဥပမာကိုကြည့်ပါ၊ အလွန်လှသည့် သူတစ်ပါးကားကို လှလိုက်တာ၊ လိုချင်လိုက်တာလို့ဆိုလျှင် ဖြစ်ရိုးဖြစ်စဉ်လောဘတည်း၊ ဤထက်လွန်ပြီး အဲဒီသူ့ကားဟာ ငါ့ကားဖြစ်ရင် ဘယ်လောက်ကောင်းမလဲ၊ ငါ့ကားဖြစ်အောင် ဘယ်လိုလုပ်ရပါမလဲလို့ မတရားလောဘဖြစ်လိုက်လျှင် အဘိဇ္ဈာ မနောဒုစရိုက်ဖြစ်ရုံမျှမက ကမ္မပထလည်းမြောက်သွားလေသည်။

အဘိဇ္ဈာကို သဘောပေါက်အောင် ခပ်ရှင်းရှင်းဥပမာကိုကြည့်ပါ၊ သူတစ်ပါး၏ မယားချောကလေးကိုတွေ့ရာ ချောလိုက်တာ, လှလိုက်

တာလို့ တပ်မက်သည့်စိတ်ဖြစ်ခြင်းကား လောဘအကုသိုလ်မျှသာဖြစ်၏၊ ဤထက်တစ်ဆင့်တက်ပြီး ငါ့ဥစ္စာဖြစ်အောင် ဘယ်လိုလုပ်ယူရမလဲလို့ မတရားကြံစည်လိုက်လျှင်ကား ကမ္မပထမြောက်သည့် အဘိဇ္ဈာဖြစ်လေသည်။ စာသုံးကတော့ 'ရှေ့ရှုကြံခြင်း' ဟုပြော၏။ အဓိပ္ပာယ်ကတော့ အထက်ပါသဘောပင်ဖြစ်လေသည်။

ပျက်စီးစေလိုခြင်း ဗျာပါဒ၌လည်း စိတ်ထားအလွန်ကြမ်း၏၊ ကိုယ်နဲ့မတည့်သူကို ဘယ်လိုသတ်ရမလဲလို့ စိတ်ထဲက ကြံစည်မှုမျိုးတည်း။ ဥပမာ–ဒင်းကိုလှေကားအဆင်း တွန်းချသတ်ရမလား၊ ကားနဲ့တိုက်သတ်ရကောင်းမလား၊ အစာထဲအဆိပ်ထည့်ရ ကောင်းမလား စသည်ဖြင့် စိတ်ထဲက ပျက်စီးရာပျက်စီးကြောင်းကြံစည်မှုသည် ကမ္မပထမြောက်သော ဗျာပါဒဖြစ်လေသည်။

မိစ္ဆာဒိဋ္ဌိ(အယူမှားခြင်း)သည်လည်း အကုသိုလ်ဖြစ်၏၊ ဒုစရိုက်ဖြစ်၏။ သို့သော် ကမ္မပထကိစ္စနှင့်ပတ်သက်၍ကား မိစ္ဆာဒိဋ္ဌိတိုင်း ကမ္မပထမမြောက်ပေ၊ ကံနှင့်ကံ၏အကျိုး မရှိလို့ယူသော မိစ္ဆာဒိဋ္ဌိသည်သာ ကမ္မပထမြောက်၏၊ အပါယ်စာဖြစ်၏။

အလှူလုပ်တာ အကျိုးမရှိ၊ပူဇော်တာ အပို၊အတိတ်ဘဝ၊ နောက်ဘဝ မရှိ၊ မိဘကိုပြုစုကျိုး မရှိ၊ ငရဲ မရှိ၊ နတ် မရှိ၊ ဈာန်အဘိညာဉ်ရ ရဟန်းသံဃာ မရှိစသည်ဖြင့် ခံယူသောအမြင်သည် မှားသောအမြင် (မိစ္ဆာဒိဋ္ဌိ)ပေတည်း။

ယခင်ဆောင်းပါးများ၌ အကုသိုလ် ၁၄ မျိုးကို ဖော်ပြခဲ့ပြီ၊ ပြီးခဲ့သောလနှင့် ယခုလဆောင်းပါး၌ ဒုစရိုက် ၁၀ ပါးကို ဖော်ပြထားသည်။

ဒုစရိုက် ၁၀ ပါးတွင် သတ်ခြင်း၊ ဆဲခြင်း၊ သူတစ်ပါးပျက်စီးရန်ကြံစည်ခြင်း သုံးမျိုးသည် ဒေါသအကုသိုလ်ကြောင့် ဖြစ်ရ၏။ ကာမဖောက်ပြန်ခြင်း၊ သူတစ်ပါးပစ္စည်းကို ရှေ့ရှုကြံစည်ခြင်း၊ အမြင်မှားခြင်းသည် လောဘအခြေခံ၏။ ခိုးခြင်း၊ လိမ်ခြင်း၊ ကုန်းတိုက်ခြင်း၊ ကလေကဝပြောခြင်းလေးမျိုးသည် လောဘ ဒေါသတစ်ခုခုကို အခြေခံ၍ဖြစ်လေသည်။

သာမန်ဖြစ်သောဒေါသသည် ဒေါသအကုသိုလ်၊ သတ်၊ဆဲ၊ပျက်ကြံကား ဒေါသဒုစရိုက်၊ အင်္ဂါညီညွတ်လျှင် ဒေါသကမ္မပထတည်း။ ထို

နည်းအတူ သာမန်ဖြစ်သောလောဘသည် လောဘအကုသိုလ်။ ကာမ၊ အဘိဇ္ဈာ၊ မိစ္ဆာဖြစ်လျှင် လောဘဒုစရိုက်။ အင်္ဂါစုံညီလျှင် လောဘ ကမ္မပထ။ ခိုး၊ လိမ်၊ ကုန်းတိုက်၊ ကလေကဝ ပြောခြင်းတို့၌လည်း နည်းတူ၊ သာမန်အကုသိုလ်၊ ဒုစရိုက်အကုသိုလ်၊ ကမ္မပထအကုသိုလ်ဖြစ်ပုံ စဉ်းစား နိုင်လောက်ပြီ။

ယခုရေးပြခဲ့သည်ကား သာမန်ရိုးရိုးစာဖတ်သူများ ဖတ်သာရုံမျှ ဖော်ပြခြင်းဖြစ်၏၊ ပညာရှိဖတ်ဖို့ ပညာပြရေးခြင်းမဟုတ်၊ ဝါ၊ ပညာရှိအတွက်မဟုတ် ဟူလို။ ပညာရှင်အမြင်ဖြင့်ကြည့်လျှင်ကား ဒုစရိုက် ကမ္မပထမြင်ကွင်းသည် ယခုထက်ကျယ်သေး၏။

ဗုဒ္ဓဘာသာလောကတွင် အဘိဓမ္မာသဘောတရားကို လက်တွေ့ ကိုယ်ကျင့်လမ်းညွှန်အထိရောက်အောင် သိသူအလွန်နည်းသေး၏။ စာထဲ က ကြားဖူးနားဝဖြင့် ဖြန်းသန်းနေသည်က များ၏။ ထို့ကြောင့် အကုသိုလ်ကို ပုံကြီးချဲ့သူကချဲ့၊ အကုသိုလ်ပြုရန် ကြောက်သူကကြောက်၊ အကုသိုလ်နှင့်ဒုစရိုက်လည်း သရုပ်မကွဲကြ၊ ဒုစရိုက်နှင့်ကမ္မပထ တွဲသိဖို့က ရှားရှား‌ပါးပါးဖြစ်၏။

ထို့ကြောင့် 'အေးစေဖို့တရားနာ၊ ပူဆာဆာအကျိုး' ဆိုဘိသကဲ့သို့ တရားလမ်းမှန်မရောက်သောကြောင့် ဘဝမတိုးတက်ဘဲ အချို့မှာ ဝန်ပိ သလိုဖြစ်နေကြရရှာသည်။ ဤကဲ့သို့ဘာသာရေးအသိ မသေချာ မရေရာ ရာမှ မဖြစ်သင့်သော သို့လော၊သို့လောတွေးတောမှု သံသယတွေဝင်၊ စိတ်မချမ်းမသာ ဝိပ္ပဋိသာရတွေဖြစ်ပြီး တိုးတက်ရေးအဟန့်အတားတွေ ကြုံကြရသည်။

တကယ်တော့ ပိဋကသုံးပုံ ပရိယတ္တိသာသနာတွင် (၁) ဘဝ ကြီးပွားရေး (၂) ဘဝလွတ်မြောက်ရေး ဆိုသည့်အပိုင်းကဏ္ဍနှစ်မျိုးကို ကျကျနန ခိုင်ခိုင်မာမာ နည်းပေးလမ်းပြ ပြုထားလျက်ရှိ၏။ သို့ရာတွင် ဟောပြောသူ၊ လက်ခံသူ၊ လေ့လာကျင့်သုံးသူတို့ ဟန်မကျသည့်အတွက် ဘဝကြီးပွားရေးလည်း မရ၊ ဘဝလွတ်မြောက်ရေးလည်း မဖြစ်ဘဲ ပုံ မဟုတ်၊ပတ်မဟုတ် ဗုဒ္ဓဘာသာတွေ အဘာယ်မျှရှိနေရှာမည်နည်း။

ရှေ့လတွင် ကုသိုလ်ဗိုလ်အကြောင်း မဆက်နိုင်သေးဘဲ 'ငရဲကျိုး လိမ့်မယ်' ဆိုတဲ့ ဗုဒ္ဓဘာသာတို့၏ လက်သုံးစကားကို အဘိဓမ္မာအခြေခံ ဖြင့် ဖော်ပြရပါဦးမည်။

နှစ်ဖက်လှ

၁၉၇၆-ခု၊ စက်တင်ဘာလ၊

# ငရဲကျီး (ကြီး) မှာ ကြောက်သလား

ပြီးခဲ့သောလများက အကုသိုလ်နှင့် ဒုစရိုက်အကြောင်း အနည်းငယ်စီ ဖော်ပြခဲ့ပါပြီ၊ သေသေချာချာ လေ့လာဖတ်ရှုသူများ အနေဖြင့် အကုသိုလ် အကြောင်း၊ ဒုစရိုက် အကြောင်းကို အကြမ်းဖျဉ်း ရိပ်မိလောက်စရာရှိပါသည်။ ယခုလတွင် ဗုဒ္ဓဘာသာလောက၌ လက်သုံးဖြစ်နေသော 'ငရဲကျီးသည်' ဆိုသောအချက်ကို ရှင်းလင်းဖော်ပြအပ်ပါသည်။

'ငရဲကျီးသည်' ဆိုသောစကား၌ 'ငရဲကြီးသည်' ဟုလည်းရှိသည်။ ကျီး၊ ကြီး နှစ်မျိုးရေးကြ၏။ ဤစကားတွင် 'ငရဲ' က စကားတစ်ခု၊ ကျီး (ဝါ) ကြီး က စကားတစ်ခု ဖြစ်၏။ သို့ဖြစ်၍ 'ငရဲ' ဆိုသော စကားကို အရင်ရှင်းအံ့။

'ငရဲ' သည် 'ငရယ်' မှ ဆင်းသက်၏။ 'ငရယ်' သည် 'နိရယ်' မှ ဆင်းသက်၏။ 'နိရယ်' သည် 'နိရယ' မှ ဆင်းသက်၏။ 'နိရယ' ကား ပါဠိစကားတည်း။ တစ်နည်းပြောရလျှင် 'နိရယ' ဟူသောပါဠိကို အဆင့်ဆင့်မြန်မာမှုပြုသောအခါ 'ငရဲ' ဖြစ်လာ၏။

| | | | |
|---|---|---|---|
| နိရယ | .... | နိရယ် | (အသတ်တင်သည်) |
| နိရယ် | .... | နိရဲ | (ဖယ်မှဖဲ့သို့၊ ယ် နှင့် နောက်ပစ် ပြောင်းသည်) |
| နိရဲ | .... | ငရဲ | (ပူပန်မှပူပင်၊ အားအန်မှ အားအင် ကဲ့သို့ နမှ ငသို့ပြောင်းသည်) |

ဤသို့ အဆင့်ဆင့်ပြောင်းပြီး 'နိရယ' ပါဠိမှ 'ငရဲ' ဟူသော မြန်မာစကား ဖြစ်လာပေသည်။

သက္ကရာဇ် ၅၃၉ ခုနှစ်ထိုး သိမ်တော်ဘုရားကျောက်စာ၌–

'အဝစိယ်မည်သော ငြိယ်ကြိတျှတ်ဖပ်'

ဟူ၍ ရေးထိုးထား၏။ ထိုနည်းတူ–

'အပါယ်လိယ်ပါ ငြိယ်လျှင် လာ စိယ်ကုန်သတေ'

ဟူ၍လည်း ရေးထိုးထားသည်။

ဤတွင်'ငြိယ်' ကို သင်ပုန်းကြီးနည်းဖြင့်ခွဲသော် င+ရယ်=ငရယ် ကိုရသည်။ ရရစ် (ြ) သည် ရကောက်ကိုသာ ရစ်သည်။ ယင်း 'ငရယ်' ကို၊ ယ် (ယသတ်) နှင့် နောက်ပစ်ပြောင်းလိုက်ပါက 'ငရဲ' ဖြစ်လာပေသည်။

'ငရဲ' ဟူသော ဝေါဟာရ၏ရင်းမြစ်ဖြစ်သော 'နိရယ်' ဟူသည့် ပါဠိ၏အနက်ကား နိ+အယ။ နိ=ကင်းခြင်း၊ အယ=ချမ်းသာသုခ ဖြစ်သောကြောင့် ချမ်းသာသုခကင်းသော ဘုံဌာနသည် နိရယ (ဝါ) ငရဲပင်ဖြစ်ပေသည်။

အထက်ပါကျောက်စာ၌ အဝိစိမည်သော ငရဲဟုလည်းကောင်း၊ အပါယ်လေးပါး ငရဲဟူ၍ လည်းကောင်း တွဲ၍ပြထား၏။ 'ငရဲ' သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးပါးတွင် အပါအဝင်ဖြစ်လေသည်၊

ကျိုး၊ ကြိုးနှင့်ပတ်သက်၍ စိစစ်ရာတွင် 'ကျိုး' သည် 'အရှိန်အဝါ' အနက်ရှိ၏။

အကျိုးတောက်ပွား၊ မီးပုံလားသို့–ဟူ၍လည်းကောင်း၊

ရှားမီးကျိုးသို့၊ ညီးညီးဝါဝါ–ဟူ၍လည်းကောင်း၊

စပ်ဆိုရာ 'အကျိုး'သည် မီး၏အလျှံအရောင် အရှိန်အာနုဘော် ဖြစ်၏။ ထို့ကြောင့် 'မီးကျိုး' ဟုဆိုလျှင် မီးခြပ်ကိုမဆိုလိုဘဲ မီး၏အရှိန်အဝါကို ဆိုလိုကြောင်း သိရသည်၊

သို့ဖြစ်၍ 'ငရဲကျိုး' ဟုဆိုလျှင် ငရဲ၏ အရှိန်အဝါ အာနုဘော် ဟူ၍ အနက်ရသည်၊ 'ငရဲ' သည် ချမ်းသာကင်းသော ဌာနဖြစ်၍ ငရဲ၏ အရှိန်အဝါသည်လည်း မကောင်းသော ဒုက္ခ စက်ကွင်းသာ ဖြစ်လေ သည်။

'ငရဲကြီး' ဟုသုံးလျှင် 'ကြီးသည်' ကြီးကျယ်သည့် အနက်ဖြစ်သည်။ 'မီးကြီး' ဟုရေးလျှင် 'ကြီးကျယ်သောမီး' ဟုအနက်ရသကဲ့သို့ 'ငရဲကြီး' ဟု ရေးလျှင် 'ကြီးကျယ်သောငရဲ' ဟု အဓိပ္ပါယ် ထွက်လေသည်။

တဖန် ငရဲကျီး (ဝါ) ငရဲကြီးဟူသော စကားသည် နာမ်ပေါင်း ကြိယာပုဒ် ဖြစ်နေ၏။ တောင်ပြိုသည်၊ သစ်ပင်လဲသည် ဆိုသကဲ့သို့ ငရဲကျီးသည် (ဝါ) ငရဲကြီးသည်ဟု ကြိယာပုဒ် ဖြစ်လေသည်။

ထို့ကြောင့် 'ငရဲကျီးသည်' ဟု ဆိုလျှင် ငရဲ၏ အရှိန်အဝါအာနုဘော်ဖြစ်သည်။ ငရဲရှိန်သင့်သည်ဟု ဆိုရသည်။ 'ငရဲကြီးသည်' ဟု ဆိုလျှင် ဆင်းရဲကြီးကျယ်သည်ဟု ဆိုရသည်။

ဤအထိ ဖတ်မိလျှင် ငရဲကျီးသည်၊ ငရဲကျီးလိမ့်မယ်၊ ငရဲကျီးတတ်တယ်၊ သို့မဟုတ် ငရဲကြီးသည်၊ ငရဲကြီးလိမ့်မယ်၊ ငရဲကြီးတတ်တယ် ဆိုတဲ့စကားဝေါဟာရများ၏ အနက်အဓိပ္ပါယ်မူရင်းကို သိလောက်ပေပြီ။

ယင်းသို့ သိပြီးသည့်နောက် ငရဲကျီးသည် (ဝါ) ငရဲကြီးသည် ဆိုသောအချက်ကို အကုသိုလ်၊ ဒုစရိုက်တို့နှင့် ပြန်၍ ထင်ဟပ်ကြည့်ရမည် ဖြစ်၏။ ငရဲကျီးသည်ဆိုသည်ကား ငရဲအရှိန်သင့်သည်၊ (ဝါ) ဆင်းရဲစက်ကွင်းမိသည်ဟု တစ်ချက်၊ အကယ်၍ ငရဲကြီးသည်ဆိုလျှင် ကြီးကျယ်သော ဆင်းရဲဖြစ်သည်ဟု တစ်ချက်၊ ဤသို့ ပေါ်ထွက်သော အနက်သဘောကို ဆုပ်ကိုင်ထားပါ။

ပြီးခဲ့သောလများက ထမင်းစားလဲ အကုသိုလ်ဖြစ်တယ်၊ အဝတ်ဝတ်လဲ အကုသိုလ်ဖြစ်တယ်၊ အိမ်ထောင်ပြုလဲ အကုသိုလ် ဖြစ်တယ်ဟု ပြောခဲ့ပြီ။ ဤထမင်းစားတဲ့ အကုသိုလ်၊ အဝတ်ဝတ်တဲ့ အကုသိုလ်၊ အိမ်ထောင်ပြုတဲ့ အကုသိုလ်စသည်တို့သည် ငရဲကျီး (ကြီး) သလား စိစစ်အံ့။

အကုသိုလ်တိုင်း ဒုစရိုက်မဟုတ်၊ ဒုစရိုက်တိုင်း ကမ္မပထ မမြောက်၊ ကမ္မပထမြောက်သော ဒုစရိုက် အကုသိုလ်မှသာ အပါယ် (ငရဲ) သို့ ကျစေနိုင်သော သတ္တိရှိသည်ဟု ဆွေးနွေးခဲ့ပြီ၊ ကမ္မပထမြောက်သော

ဒုစရိုက်အကုသိုလ်မှသာလျှင် ငရဲလမ်းပွင့်သောကြောင့် ကမ္မပထ မမြောက်သော ဒုစရိုက်အကုသိုလ်သည် ငရဲမကျိုး (ကြီး)။ ဒုစရိုက် မဟုတ်သော အကုသိုလ်ဆိုက ပို၍ငရဲကျိုး (ကြီး) ဖို့ ဝေးသေးသည်။

တစ်နည်းပြောရလျှင် ထမင်းစားတဲ့အကုသိုလ်သည် ငရဲမကျိုး (ကြီး)၊ အဝတ်ဝတ်၍ သာယာတဲ့အကုသိုလ် ငရဲမကျိုး(ကြီး)၊ အိမ်ထောင်ပြုတဲ့ (ဝါ) ဖို့မ ဆက်ဆံတဲ့ အကုသိုလ်သည် ငရဲမကျိုး(ကြီး)။

သူ့အသက်ကိုသတ်လျှင်ကော ငရဲကျိုး(ကြီး)သလား။ သတ်ဖြတ်မှုသည် ဒုစရိုက်ဖြစ်၍ အင်္ဂါညီညွတ်ပြီး ကမ္မပထမြောက်သွားလျှင် ငရဲကျိုး(ကြီး)၏။ ကမ္မပထ မမြောက်လျှင် အပါယ်ကျိုးမဖြစ်စေနိုင်၍ 'ငရဲ' မကျိုး(ကြီး)ပေ။

တစ်နည်းပြောရဦးမည်ဆိုလျှင် လူ့ဘဝ၌ ငရဲကျိုး(ကြီး)တတ်သည့်အချက် ဆယ်ချက်သာရှိ၏။ ဘာတွေလဲ—

(၁) သူ့အသက်သတ်တဲ့လဲ ငရဲကြီးတတ်သည်။
(၂) သူ့ဥစ္စာခိုးတာလဲ ငရဲကြီးတတ်သည်။
(၃) သူ့သားမယားအိမ်ရာ ကျူးလွန်တာလဲ ငရဲကြီးတတ်သည်။
(၄) လိမ်ပြောတာလဲ ငရဲကြီးတတ်သည်။
(၅) ကုန်းတိုက်တာလဲ ငရဲကြီးတတ်သည်။
(၆) ဆဲရေးတာလဲ ငရဲကြီးတတ်သည်။
(၇) ကလေကဝပြုတာလဲ ငရဲကြီးတတ်သည်။
(၈) အဘိဇ္ဈာဖြစ်တာလဲ ငရဲကြီးတတ်သည်။
(၉) ဗျာပါဒဖြစ်တာလဲ ငရဲကြီးတတ်သည်။
(၁၀) မိစ္ဆာဒိဋ္ဌိဖြစ်တာလဲ ငရဲကြီးတတ်သည်။

သက်ဆိုင်ရာအင်္ဂါမညီညွတ်လို့ ကမ္မပထ မမြောက်ရင်တော့ ငရဲမကြီးပေ။

ဗုဒ္ဓဘာသာဝင် လူကြီးမိဘတို့က ကမ္မပထမြောက်တဲ့ ဒုစရိုက်အကုသိုလ်ကိုရည်ရွယ်ပြီး မိမိတို့ကလေးငယ်များအား ဆုံးမရာတွင်—

မသတ်နဲ့၊ သတ်ရင် ငရဲကြီးတတ်တယ်။
သူ့ဟာမခိုးနဲ့၊ ခိုးရင် ငရဲကြီးတတ်တယ်။
လိမ်မပြောနဲ့၊ လိမ်ပြောရင် ငရဲကြီးတတ်တယ်။
မဆဲနဲ့၊ ဆဲရင် ငရဲကြီးတတ်တယ်။

စသည်ဖြင့် ဆိုဆုံးမကြခြင်းဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တွေကို ငရဲခန်းနှင့်ပြောလွန်းတော့ ကိုယ့်လူကိုယ် နှိမ်သလို ဖြစ်မှန်းမသိ ဖြစ်နေတတ်သည်။ ဘာသာရေးနှိမ်ခံရလွန်းတော့ ဗုဒ္ဓဘာသာဝင်တွေဟာ လောကီရေးမှာညံ့ကုန်တတ်သည်။ ဤသို့မဖြစ်စေရန် အကုသိုလ်နှင့်ပတ်သက်၍ ဆိုစရာကို မချွင်းမချန်ဘဲ ပြောရဦးမည်။

လူတစ်ယောက်သည် ဒုစရိုက်တစ်ခုခုကိုပြုမိ၍ ကမ္မပထမြောက်ပါပြီ၊ ငရဲကျိုး(ကြီး)ပါပြီတဲ့၊ ထိုသူသည် အပါယ်ငရဲသို့ကျရောတဲ့လား။ ဤလိုလဲမဟုတ်ပေဘူး၊ မဟုတ်ပုံက ဤသို့—

အကုသိုလ်နှင့်ကုသိုလ်သဘာဝနှစ်ရပ်တွင် အကုသိုလ်သည် ညံ့၏၊ အားပျော့၏။ ကုသိုလ်သည် ထက်၏၊ အားကောင်း၏။ ပမာအားဖြင့် အကုသိုလ်သည် ဆင်မည်းနှင့်တူ၏။ ကုသိုလ်သည် ဆင်ဖြူနှင့်တူ၏။ ဆင်မည်းသည် ဆင်ဖြူကို သဘာဝအားဖြင့်ကြောက်၏။ ဆင်ဖြူသည် ဆင်မည်းကို သဘာဝအားဖြင့်ပင် နိုင်၏။ ဤနည်းအရ အကုသိုလ်သည် အပယ်ခံရသော သဘာဝ၊ ကုသိုလ်သည် ပယ်တတ်သတ်တတ်သည့်သဘာဝ။

လူတိုင်းသည် အကုသိုလ်ကိုချည်း ပြုလုပ်သည်မဟုတ်၊ ကုသိုလ်အမှုကိုလည်း ပြုဘိ၏။ လူမှာ အကုသိုလ်ရော ကုသိုလ်ပါ ဒွန်တွဲတည်ရှိ၏။ ထို့ကြောင့် ကုသိုလ်ကအကျိုးပေးဖို့ ရင့်ကျက်နေရင် အကုသိုလ်သည် မကောင်းကျိုးပေး၍မရပေ။ သေသောအခါမှာလည်း အကုသိုလ်ကံရှိနေပေမင့် ကုသိုလ်ကံကအကျိုးပေးမည်ဆိုလျှင် ကောင်းရာဘဝသို့ရောက်၏။ အကုသိုလ်ကံက အပါယ်မချနိုင်ပေ။ ထို့ကြောင့် ငရဲကြီးတိုင်းလည်း အပါယ်မကျဟု မှတ်ရပေမည်။

အပါယ်ကျခြင်း၏ အဓိကလက်သည်ကား ဝိပ္ပဋိသာရလို့ခေါ်တဲ့ စိတ်မချမ်းသာမှု ဖြစ်သည်။ သံသယကုက္ကုစ္စက အပါယ်ကို ချတာပါ။

အနှစ် ၂-သောင်းတိုင်တိုင် တောမှာနေပြီး ရဟန်းတရားအားထုတ်နေတဲ့ ရဟန်းတော်တစ်ပါးသည် လှေမှောက်တုန်းက ပိန်းပင်ကလေးတစ်ပင်ကို လှမ်းဆွဲမိပြီး သစ်ပင်ပြတ်သွားတဲ့အဖြစ်ကလေးကို အစိုးရိမ်လွန်ပြီး သေတဲ့အခါ အပါယ်ကျသွားခဲ့ရပါသည်။ ဖားစိမ်းစား၊ ငါးစိမ်းစား' တိရစ္ဆာန်နဂါး သွားဖြစ်ရှာပါသည်။ အပြစ်ကလေးက နည်းနည်းအကြောက်လွန်တာနဲ့ပဲ အပါယ်ကျရတာပါ။

(ဓမ္မပဒ၊ ဧရကပတ္တဝတ္ထု)

နောက်တစ်နည်းကား အကုသိုလ်ထဲမှာ ပဥ္စာနန္တရိယကံ ခေါ်သည့် ဖသတ်ကံ၊ မိသတ်ကံ(ရဟန္တာသတ်ကံ) ဤအကုသိုလ်ကံကြီးမျိုးကို ကျူးလွန်မိမှသာ သေလျှင် ငရဲတန်းကျ၏။ အပါယ်ကံ ဖြစ်၏။ ဤအကုသိုလ်ကံကြီးမျိုးကိုမူ ကုသိုလ်ကံက မတားဆီးနိုင်ပေ။

ဤသို့ပြည့်ပြည့်စုံစုံစဉ်းစားလျှင် နေ့တိုင်း ဝက်သတ်၊ နွားသတ်နေသူတို့မှတစ်ပါး သူလိုငါလို သရဏဂုံတည်သည့် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် အပါယ်ကျဖို့ အခွင့်အလမ်း အတော်နည်းပါးပါသည်။

ဤသို့နည်းပါးပါလျက် အကုသိုလ်နှင့်ချောက်နေသူမျိုးနဲ့တွေ့ပြီး မရှောင်နိုင်သော ဒုစရိုက်မှုနှင့်ပတ်သက်၍ စိတ်မချမ်းမသာ ဝိပ္ပဋိသာရ၊ သံသယ ကုက္ကုစ္စ ဖြစ်နေပါမူကား အပါယ်ငရဲသို့ ယက်ဝင်နေသကဲ့သို့ ဖြစ်ပေရာသည်။

စင်စစ် သရဏဂုံတည်သော သူလိုငါလို ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဘဝထွက်မြောက်ရေးအတွက် သတိပဋ္ဌာန်ကျင့်စဉ်ကို ပြတ်ပြတ်သားသား မကိုင်တွယ်နိုင်သေးသမျှ ဘဝတိုးတက်ကြီးပွားအောင် အဖက်ဖက်က တက်တက်ကြွကြွ နေ့စဉ်ပြုလုပ်ကြရမည်ဖြစ်သည်။ လောကီရေးမှာ တိုးတက်နေကြသော အခြားသူများနှင့် ယှဉ်ပြိုင်အနိုင်ယူကြရမည်။

ယခုလို တိုင်းတစ်ပါးအယူဝါဒတွေနှင့် မျက်စိမလည်ကြသေးခင်ရှေးအခါက ဗုဒ္ဓဘာသာကြီးများသည် ဘုရားအလောင်းလမ်းစဉ်ဖြင့် ဘဝကြီးပွားအောင် နိုင်ငံကြီးပွားအောင် လက်တွေ့လုပ်ဆောင် အောင်မြင်ခဲ့ကြဘူးလေပြီ။

အဆွေစာရှုသူ—အသင်သည် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ပါက ကိုယ့်ကိုယ်ကို ပြန်လည်စဉ်းစားသုံးသပ်ပါ၊ ဗုဒ္ဓတရားတွင် ဘဝကြီးပွားရေးလမ်း၊ ဘဝလွတ်မြောက်ရေးလမ်း ဟူ၍ လမ်းနှစ်သွယ်သာ ရှိပါသည်။ ကြားလမ်း မရှိပါ။ ' သင်သည် အဘယ်လမ်းကို လိုက်ပါမည်နည်း။

တွေဝေကုန်လွန်ခဲ့ရသော အချိန်တွေကို နှမြောစရာ ကောင်းလှပါပြီ၊ ဘဝလွတ်မြောက်ရေးလမ်း လိုက်မှာဖြင့်လဲ လိုက်ပါ၊ ဘဝကြီးပွားရေးလုပ်ငန်းတွေစွန့်ပြီး မဂ်ခရီးသို့ ချီတက်ပါလော့။

ဤသို့မှ မလုပ်နိုင်သေး၊ ဘဝကြီးပွားရေးလမ်းကို လျှောက်ရဦးမည်ဆိုလျှင် ကိုယ့်ကိုယ်ကို အားမာန်သွင်းပြီး 'ဗုဒ္ဓဘာသာကွ' လို့ လက်ရုံးတန်းကာ လူမှု၊ စီးပွား၊ ပညာ၊ နိုင်ငံကိစ္စတိုင်းမှာ သူတစ်ပါးထက် နှာတစ်ဖျားအမြဲသာနေအောင် ကြိုးစားပါ။

ယနေ့ကမ္ဘာမှာ စံပြုလောက်တဲ့ ဂျပန်လူမျိုး၊ အစ္စရေးလူမျိုးတို့ကဲ့သို့ ဗုဒ္ဓဘာသာလူမျိုးတစ်မျိုး စာရင်းတိုးရအောင် ဇာတိမာန်ကိုး၍ အားကြိုးကြကုန်လော့။

နှစ်ဖက်လှ
၁၉၇၆-ခု၊ အောက်တိုဘာလ။

# ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍

ဇွန်လဆောင်းပါးမှစ၍ 'ဗိုလ်' တရားအကြောင်း အစပျိုးခဲ့သော်လည်း 'အဟိရိက'၊ 'အနောတ္တပ္ပ' ဟူသော အကုသိုလ်ဗိုလ်တရားနှစ်မျိုးနှင့် ပတ်သက်ပြီး စကားအတက်ထွက်လာခဲ့ရာ စက်တင်ဘာလအထိ ဆောင်းပါး (၄)ပုဒ်ဖြင့် 'အကုသိုလ်၊ ဒုစရိုက်၊ ကမ္မပထ၊ ရေကြီး' ဟူသော အချက်လေးရပ်ကို အကျဉ်းချုပ် ရှင်းလင်းပြီးခဲ့ပါသည်။ ယခုလတွင် ရှေ့သို့ ဆက်ပါအံ့။

စိတ်ကိုမှီတွယ် စိတ်ကိုချယ်သော စေတသိက်သဘာဝ (၅၂) မျိုးအနက် ကြွခိုင်သည့် ဗိုလ်စေတသိက်တို့မှာ စုစုပေါင်း (၉)မျိုး ရှိ၏။ ထို ဗိုလ်ထိုက်သော စေတသိက် (၉)မျိုး အနက် အဟိရိကဗိုလ် အနောတ္တပ္ပဗိုလ် ဟူသော အကုသိုလ်ဗိုလ်နှစ်မျိုးကို ဖော်ပြခဲ့ပြီးပေပြီ။

ကျန် ဗိုလ်စေတသိက် ခုနစ်မျိုးတို့မှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ် တို့ဖြစ်ကြ၏။ သူတို့သည် လူ့စိတ်ဓာတ်၏ အင်အားများဖြစ်ကြသည်။

ထိုဗိုလ်ခုနစ်မျိုးတို့တွင် သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ်တို့သည် ကောင်းသောဗိုလ် (ဝါ) ကုသိုလ်ဗိုလ် စစ်စစ်ဖြစ်၏။ ဝီရိယဗိုလ်မှာမူ အကုသိုလ်၊ ကုသိုလ်နှစ်မျိုး ဖြစ်နိုင်ပေသည်။ သို့ဖြစ်၍ ဝီရိယဗိုလ်ကို အရင် ရှင်းပြပါအံ့။

သိပ္ပံအဘိဓမ္မာ ဆောင်းပါးများကို နောက်ကြောင်း ပြန်ကြည့်ပါက ဝီရိယစေတသိက်ကို တွေ့ရအံ့၊ ယင်းဝီရိယသည် လောဘ၊ ဒေါသ စသည်တို့နှင့်အတူ စိတ်၌ယှဉ်သောအခါ အကုသိုလ်ဝီရိယဖြစ်၏။

သဒ္ဓါ သတိစသည်တို့နှင့်အတူ စိတ်၌ယှဉ်သောအခါ ကုသိုလ်ဝီရိယဖြစ်၏။ 'ယှဉ်သည်'ဆိုသည်ကား အတူတကွ ဖြစ်ကြခြင်းတည်း၊ ထို့ကြောင့် သင်္ဂြိုဟ်ကျမ်း၌ ဝီရိယကို ပကိဏ်းစေတသိက်ဟု အမည်ပေးထား၏။ 'ပကိဏ်း' ဆိုသည့်သဘောကား လူပေါင်းကောင်းသူကဲ့သို့ ဟိုဘက်ကို လည်းပါလိုက်၊ ဒီဘက်ကိုလည်းပါလိုက်၊ ဟိုရောဒီရော၊ ဟိုပါဒီပါ ရောတတ်ပါတတ်သည့်သဘောမျိုး ဖြစ်ပေသည်။

ဤကဲ့သို့ အဘယ့်ကြောင့်ဖြစ်ရသနည်းဆိုသည်ကို သဘောပေါက်ရန်ကား ယင်းဝီရိယ၏ သဘောလက္ခဏာကို သတိပြုမိရန်လိုပေသည်။

လူတစ်ယောက် ရဲရင့်သည်ဆိုရာ၌ 'ရဲရင့်ခြင်း'ဆိုတာ ဘာလဲဟု ပရမတ္ထတရားကိုရှာလျှင် ယင်းဝီရိယကိုပင် တွေ့ရသည်။ သတ္တိကောင်းသည့် သဘောကား ဝီရိယ၏အစွမ်းတည်း၊ ကိစ္စတစ်ခုခု၌ မလျှော့ဘဲ အံခဲ၍ ကြိတ်မှိတ်၍ ဆင်းရဲဒုက္ခကို သည်းခံ၍ မဖြစ်မနေလုပ်ခြင်းသည် ဝီရိယယှဉ်သောစိတ်၏ စွမ်းအားပေတည်း၊ (ဝါ) ဝီရိယ၏ စွမ်းအားပေတည်း။ ထို့ကြောင့် ဝီရိယကို 'သတ္တိ' ဟုလည်း ခေါ်၏။ 'ဇွဲ'ဟုလည်း အမည်ပေး၏၊ မြန်မာလို 'လုံ့လ'ဟုလည်း ပြန်၏။

ဝေသန္တရာမင်းသည် ပစ္စည်းဥစ္စာကိုပေးလှူရုံမျှမက သားနှင့်သမီး ဇနီးကိုပင်လှူ၏၊ ထို့ကြောင့် 'အလှူရဲသော မင်းဝေဿန်'ဟု ဥဒါန်းတွင်ရစ်၏၊ ဤကဲ့သို့ အလှူရဲခြင်းသည် ဝီရိယသဘောဖြစ်၏။ အလှူရဲခြင်း(ဝါ) ပေးလှူရာ၌ မတုန်မလှုပ်ကြံ့ခိုင်ခြင်းသည် ကုသိုလ်ပိုင်းဖြစ်၏။ ထို့ကြောင့် အလှူရဲသော ဝီရိယမျိုးသည် ကုသိုလ်ဝီရိယဗိုလ်ဖြစ်ပေသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ကိုယ်တိုင် စစ်တိုက်ရာ၌ အလွန်ရဲရင့်၏၊ အသက်ကိုပမာဏမထား၊ ဒဏ်ရာကိုဂရုမစိုက်၊ ဤကဲ့သို့ တိုက်ခိုက်သတ်ဖြတ်ရာ၌ မကြောက်မရွံ့ မတုန်မလှုပ် ကြံ့ခိုင်ခြင်းသည်လည်း ဝီရိယသဘောပင်ဖြစ်၏၊ ဝီရိယဗိုလ်ဖြစ်၏၊ သို့သော် တိုက်ခိုက်သတ်ဖြတ်ရာ၌ရဲရင့်ခြင်း မတုန်လှုပ်ခြင်းကိုမူ အကုသိုလ်ပိုင်းထဲထည့်ရ၏၊ အကုသိုလ်ဝီရိယဗိုလ်ဖြစ်၏။

ထို့ကြောင့် ရက်ရက်ရောရောပေးလှူခြင်း၊ မိမိအလိုဆန္ဒကိုချုပ်တီး၍ ကိုယ်ကျင့်သီလထိန်းသိမ်းခြင်း၊ ကိုယ်ခန္ဓာကို မညှာမတာ တရား

အားထုတ်ခြင်း၊ စံတင်လောက်အောင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃဝေယျာဝစ္စလုပ်ခြင်း၊ အချိန်မှန်မှန် မပျက်မကွက် ဗုဒ္ဓဘာသာရေးသင်တန်းတက်ခြင်း၊ ပင်ပန်းခံ၍ ဗုဒ္ဓဘာသာရေးသင်တန်း (ကောင်းသောသင်တန်း) များ ပို့ချခြင်းစသည်တို့၌ ကြိုးစားအားထုတ်မှု၊ ဇွဲလုံ့လဝီရိယ ထက်သန်မှုမှန်သမျှသည် ကောင်းသော ဝီရိယဖြစ်၏။ (ဝါ) ကုသိုလ်ဝီရိယ ဖြစ်ပေသည်။

သို့မဟုတ် ငါးမျှားခြင်း၊ ငှက်ပစ်ခြင်း၊ တောလိုက်ခြင်း စသည်တို့၌ ကြိုးစားအားထုတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးဖို့၊ လုဖို့၊ နှိုက်ဖို့၊ တိုက်ဖို့ အမျိုးမျိုးကြိုးစားအားထုတ်ခြင်း၊ လင်ရှိမယားကို မှောင်ခိုကျူးလွန်ဖို့၊ သူတစ်ပါး သားပျိုသမီးပျိုကို မတရားခြေတော်တင်ဖို့ နည်းပရိယာယ်အမျိုးမျိုးသုံး၍ လုံ့လပြုခြင်း၊ အင်္ဂလိပ်ခေတ်က လူလိမ်နေအေး ဆိုသူကဲ့သို့ သူတစ်ပါးကို ပိပိရိရိ လိမ်နိုင်ဖို့အတွက် ဆင်းရဲဒုက္ခအမျိုးမျိုးခံပြီး ဇွဲသန်သန်အားထုတ်ခြင်း စသည်တို့၌ ဘယ်သူဘယ်ဝါ ဘယ်ဥပဒေ ဘယ်အပြစ်ကိုမျှ မကြောက်နိုင်ဘဲ တစ်လုံ့တစ်လ အားထုတ်ပြုလုပ်ရာတို့၌ ဖြစ်သောဝီရိယသည် မကောင်းသောဝီရိယဖြစ်၏။ (ဝါ) အကုသိုလ်ဝီရိယဗိုလ်ဖြစ်၏။

သတိပြုရန်ကား အကောင်းအဆိုးနှစ်မျိုးလုံး၌ပင် ကြိုးစားလုပ်ကိုင်ရမှုရှိ၏၊ သာမန်ကြိုးစားရုံမျှမက ဘာကိုမျှမမှု၊ မတုန်မလှုပ် ရဲရဲဝံ့ဝံ့ ကြံ့ကြံ့ခိုင်ခိုင် ကြိုးစားအားထုတ်လျှင် ထိုဝီရိယသည် ဗိုလ်အဆင့်ရောက်၏၊ ဝီရိယဗိုလ်ဖြစ်၏၊ ကောင်းရာကိုကြိုးစားလျှင် အပြစ်ကင်း၍ ကုသိုလ်ဝီရိယဗိုလ်ဖြစ်၏၊ မကောင်းရာကိုအားထုတ်လျှင် အပြစ်မကင်း၍ အကုသိုလ်ဝီရိယဗိုလ်ဖြစ်၏။

လိုရင်းကား ကောင်းတာ ကြိုးစားကြိုးစား၊ မကောင်းတာ ကြိုးစားကြိုးစား အားထုတ်မှုမှန်သမျှ ဝီရိယချည်းတည်း၊ သို့သော် သာမန်ကြိုးစားလျှင် ဝီရိယသာမန်ဖြစ်၏၊ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ခိုင် ရဲရဲဝံ့ဝံ့ ကြိုးစားလုပ်ပြီဆိုလျှင် ဝီရိယဗိုလ် ဖြစ်လာပေသည်။

ဤအဓိပ္ပာယ်ကိုပင်ရည်ရွယ်၍ အဘိဓမ္မာကျမ်းများ၌ 'ဝီရိယသည် အကုသိုလ်၌လည်းယှဉ်၏၊ ကုသိုလ်၌လည်းယှဉ်၏၊ ထို့ကြောင့် ပကိဏ်း၊ စေတသိက်မည်၏' ဟု ဖော်ပြခြင်းဖြစ်ပေသည်။

နောက်တစ်ချက်ကား –ဗုဒ္ဓအဘိဓမ္မာ ကျမ်းကြီးတစ်ကျမ်းလုံး၌ ဗိုလ်တရား(၉)ပါးသာပြ၏၊ ထို့ထက် အပိုမပြ၊ ကုသိုလ်ဗိုလ်(၇)ပါး၊ အကုသိုလ်ဗိုလ်(၂)ပါး၊ ပေါင်း(၉)ပါးတည်း။ (အထက်၌ပြခဲ့ပြီး)။

သို့သော် ဤသို့သိရုံမျှဖြင့် ဗုဒ္ဓရှင်တော်၏အာဘော် မမိသေးပါ။ (ဝါ)နက်နဲသော အဘိဓမ္မာသဘာဝကို မထိမကိုင်မိသေး၊ အတွေး အခေါ်မပါသော သာမန်အသိမျှသာဟုဆိုရာ၏။

အရေးအကြီးဆုံးကား ဗိုလ်(၉)ပါးလုံး၌ 'ဝီရိယ'သည်သာ အခရာဖြစ်၏၊ အခြေခံဖြစ်၏၊ ဥပမာ အဝတ်အထည်တစ်ခု၌ ညို၊ ရွှေ၊ နီ၊ ပြာစသော အရောင်မျိုးစုံရရှိနိုင်ရေးအတွက် အဖြူရောင်သည် အခြေခံ ဖြစ်သကဲ့သို့တည်း၊ အဖြူရှိမှသာ ညိုနိုင်သည်၊ ရွှေနိုင်သည်၊ နီနိုင်သည်၊ ပြာနိုင်သည်။ အဖြူခံနှင့်ကင်းပြီး ညို၍မရ၊ ရွှေ၍မရ၊ နီ၍မရ၊ ပြာ၍ မရပေ။

ဤနည်းအတူ စိတ်တစ်ခု၌ ဝီရိယယှဉ်မှ (ဝါ) ဝီရိယအခြေခံမှ တခြားစေတသိက်များ ဗိုလ်အဆင့်ရောက်နိုင်သည်။ ဝီရိယမယှဉ်ဘဲ (ဝါ) ဝီရိယအားထုတ်မှုမပါဘဲ 'ဗိုလ်'လုပ်ချင်၍မရပေ။

ကြည့်ပါ၊ ဖော်ပြခဲ့ပြီးသော 'အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်' ဆိုသည်တို့ကား သူတို့ကို ဗိုလ်အဆင့်တက်နိုင်ဖို့ ဝီရိယစေတသိက်က ကူပံ့ပေးရသည်၊ ဝီရိယပါသည့်အတွက်ကြောင့်သာ သူတို့ဗိုလ်ဖြစ်နိုင်ကြ ခြင်းဖြစ်၏။ သာမန်သဘ႑ာဟ်သင်အသိနှင့် ပြောမှုကား ဝီရိယယှဉ်သည် ဟုပြောရာ၏။

ရှေ့တွင် ဆက်လက်ဖော်ပြသွားမည့် 'သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ်'ဟူသော ဗိုလ်(၅)မျိုးသည် ဝီရိယ ယှဉ်သောစိတ်၌သာ ယှဉ်ပြီး ဗိုလ်လုပ်နိုင်ကြသည်။ သူတို့သည် ဝီရိယ မယှဉ်သော (ဝါ) ဝီရိယအားထုတ်မှုမပါသောစိတ်၌ ယှဉ်၍မဖြစ်နိုင်ကြ ချေ၊ ဤအချက်ကို ထောက်ခြင်းအားဖြင့် ဝီရိယသည် သူတစ်ပါးဗိုလ် အဆင့်ရောက်ဖို့အတွက် အဘယ်မျှအခြေခံကျကြောင်း သိမြင်နိုင်သည်။

ပို၍သိသာသော အချက်ကား 'သမာဓိဗိုလ်' ကိစ္စပေတည်း။ စေတသိက်(၅၂)မျိုးတွင် 'ဧကဂ္ဂတာ'ဟုခေါ်သော သဘာဝတစ်မျိုး ပါ၏။ အာရုံတွေမထွေပြားဘဲ အာရုံတစ်ခုဆိုတစ်ခုမှာပဲ စိတ်စွဲမြဲစေ သည့်သဘောတည်း။ ဥပမာ ဘုရားကိုအာရုံပြုသည်ဆိုလျှင် စိတ်သည်

အခြားအာရုံသို့ မပျံ့လွင့်ဘဲ ဘုရားဂုဏ်တော်၌သာ စွဲစိုက်တည်နေ၏။ ဤကဲ့သို့ အာရုံမပွား၊ စိတ်မများဘဲ အာရုံတစ်ခုဆိုတစ်ခု၌သာ စိတ်စိုက်တည်ငြိမ်မှုကို 'သမာဓိ'ဟုလည်းခေါ်၏။

စိတ်(၅၉)ပါး ရှိသည့်အနက် ပဉ္စဒွါရာဝဇ္ဇန်းစိတ်(၁)၊ စက္ခုဝိညာဉ်စသော ပဉ္စဝိညာဉ်စိတ်(၁၀)၊ သမ္ပဋိစ္ဆိုင်းစိတ်(၂)၊ သန္တီရဏစိတ်(၃)၊ စုစုပေါင်း စိတ်(၁၆)မျိုးတို့၌ ဝီရိယ၏သဘောမပါ(ဝါ) ဝီရိယစေတသိက်မယှဉ်၊ သို့သော် ဧကဂ္ဂတာ ခေါ်သော သမာဓိ စေတသိက်မှုကား ထိုစိတ်(၁၆)မျိုး၌ ယှဉ်ပေ၏။

သို့ရာတွင် ဝီရိယကင်းသော စိတ်(၁၆)မျိုး၌ ယှဉ်၍ဖြစ်သော 'ဧကဂ္ဂတာ'ခေါ် သမာဓိစေတသိက်သည် ဘယ်အခါမျှ ဗိုလ်အဆင့်ကို မရနိုင်၊ အဘယ်ကြောင့်နည်း။ အားထုတ်မှုဝီရိယ ကင်းသောကြောင့်ပင်၊ ထို(၁၆)စိတ်မှ ကြွင်းသော စိတ်(၇၃)မျိုး၌ ဝီရိယစေတသိက်လည်းယှဉ်၏၊ ပါ၏။ သမာဓိစေတသိက်လည်း ယှဉ်၏၊ ပါ၏။ ဤကဲ့သို့ ဝီရိယနှင့်အတူ ဖြစ်ခွင့်ရသော (ဝါ) ဝီရိယထောက်ခံအားပေးမှုရသော ဧကဂ္ဂတာခေါ် သမာဓိကသာ ဗိုလ်အဆင့်သို့ တက်နိုင်ပြီး 'သမာဓိဗိုလ်'ဟူ၍ ဝင့်ကြွားနိုင်ပေသည်။

(ဝိစိကိစ္ဆာစိတ်၌ယှဉ်သော ဧကဂ္ဂတာလည်း ဗိုလ်မထိုက်)။

ဤအချက်ကို အထပ်ထပ်တွေးဆကြည့်မည်ဆိုလျှင် 'ဗိုလ်'ကိစ္စ၌ 'ဝီရိယ'သည် အဘယ်မျှအခရာဖြစ်ကြောင်း တရေးရေးထင်မြင်လာမည် ဖြစ်ပေသည်။

ဤ ဗိုလ်ကိစ္စနှင့် ပတ်သက်၍ ရှင်အနုရုဒ္ဓါက 'အဝီရိယေသု ဗလာနိ'ဟူ၍ အက္ခရာ(၈)လုံးမျှဖြင့်သာ ပြခဲ့ရာ အစဉ်အလာ သင်္ဂြိုဟ်ချုပ်ပို့ လေ့လာသူများက ဝီရိယမယှဉ်သောစိတ်(၁၆)မျိုး၌ ဧကဂ္ဂတာ စေတသိက်သည် သမာဓိဗိုလ်အမည်မရဟူ၍သာ အပေါ်ယံသွားနေကြပေသည်။

ဤသင်္ဂြိုဟ်အက္ခရာ(၈)လုံးသည် 'အတွန်(Atom)'ခေါ် အဏုမြူ (၈)လုံးလောက် အရာရောက်ပြီး၊ ဖောက်ခွဲကြည့်တတ်ပါက အဏုမြူ မှိုပွင့်ကြီးတွေ ဖွားခနဲပေါ်လာနိုင်သကဲ့သို့ အဓိပ္ပာယ်ကျယ်ဝန်းလှသည်ဟု ဤအထိ အသိအမြင်မရောက်ကြ၊ ထို့ကြောင့် ဗုဒ္ဓဓမ္မ ပဋိပက္ခ စာအုပ်ရေးသူ တစ်ဦးတလေ့က ရှင်အနုရုဒ္ဓါ၏သင်္ဂြိုဟ်ကျမ်းကို သေး

သိမ်အောင် ရေးသားခဲ့ဖူးလေပြီ။ နှစ်ဖက်ကန်း၊ မျက်ခမ်းနေကိုပြိုင်သို့ ရှိချေ၏။

'အဝီရိယေသု ဗလာနိ'ဆိုသော သင်္ဂြိုဟ်စကားကို နားလည် ရန်ကား 'ဝီရိယမပေါ်လျှင် စိတ်ခွန်အားမရှိ၊ စိတ်မကြံ့ခိုင်၊ တုန်လှုပ် မည်'၊ ထို့ကြောင့် 'ဗလ'ဆိုသော 'ဗိုလ်'အဆင့်ကိုမရ။ ဝီရိယပေါ်လျှင် စိတ်ခွန်အားရှိမည်၊ ကြံ့ခိုင်မည်၊ ဆန့်ကျင်ဘက်တွေနဲ့တွေ့ရပေမယ့် မတုန် မလှုပ် ရပ်တည်နိုင်မည်။ ထို့ကြောင့် 'ဗိုလ်အဆင့်ရောက်မည်'ဟူလို။

ဝီရိယသဘောကိုထပ်၍စဉ်းစားလျှင် ဝီရိယသည် (၁)သူတစ်ပါး ဗိုလ်အဆင့်ရဖို့လည်း အခြေခံ၏၊ (၂)မိမိကိုယ်တိုင်လည်း ထ၍ ဗိုလ်လုပ် တတ်၏–ဟူသော အချက်ကို မှတ်သားဖွယ်တွေ့ရမည် ဖြစ်၏။

မိမိ၏ဘဝတိုးတက်ရေး၊ မိမိ၏မိသားစု၊ မိမိ၏လူမျိုး ကြီးပွား ရေး စသည့် ပစ္စက္ခလူ့ဘဝအတွက် အကျိုးရှိရှိ ဝီရိယထားတတ်ဖို့ကား လို၏။ 'တလွဲဆံပင်ကောင်း' ဆိုသကဲ့သို့ အကျိုးမရှိသည့်ကိစ္စ၌ ဝီရိယ ဗိုလ်လုပ်နေပြန်လျှင်လည်း ပျက်စီးတတ်၏။ ကျေးဇူးရှင်မာန်လည်ဆရာ တော်ဘုရားကြီးက 'ဝီရိယဆိုး၊ ညဉ့်ကိုနိုးမူ၊ သူခိုးဖြစ်တတ်'ဟူ၍ သတိ ပေးထား၏။ 'ဝီရိယကောင်းလွန်းပြီး၊ ညဉ့်နက်သန်းကောင်မအိပ်ဘဲ နေက သူတစ်ပါး၏ အဖိုးတန်ပစ္စည်းကိုမြင်ပြီး သူများအိပ်နေတုန်း အလစ်ခိုးယူမိတတ်သည်'ဟု ဆိုလို၏။

ထို့ကြောင့် မြန်မာ့ရိုးရာဆုံးမစာများအတိုင်း 'ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း' ဟူ၍သာ မှာရပါတော့သတည်း။

နှစ်ဖက်လှ
၁၉၈၆-ခု၊ နိုဝင်ဘာလ။

# ကေဂ္ဂတာစောလို့ သဘောကျတော်မူတယ် ဆိုတာ

ပြီးခဲ့သောလဆောင်းပါးတွင် 'ဝီရိယဗိုလ်' အကြောင်းပြောရင်း 'သမာဓိဗိုလ်'ကို အနည်းငယ်ထည့်သွင်း ဖော်ပြခဲ့ပါသည်။ ယခုလတွင် သမာဓိဗိုလ်အကြောင်းကို ဆက်ပါဦးမည်။

စေတသိက်(၅၂)မျိုးတို့တွင် 'ဧကဂ္ဂတာ' စေတသိက်သာပါ သည်၊ 'သမာဓိ' စေတသိက်ဟူ၍ မပါချေ။ စင်စစ် 'သမာဓိ'သည် 'ဧကဂ္ဂတာစေတသိက်'၏ အမည်သစ်သာဖြစ်သည်။ ထို့ကြောင့်'သမာဓိ' ၏ ပရမတ္ထတရားကိုယ်ကို ကောက်မည်ဆိုလျှင် ဧကဂ္ဂတာစေတသိက်ကို ကောက်ယူရ၏။ သို့သော် ဧကဂ္ဂတာနှင့်သမာဓိသည် လုံးဝတူသလော ဆိုသော် မတူချေ၊ မတူပုံကို သိဖို့လိုပေသည်။

အာရုံ တစ်ခုခု၌ စိတ်စူးစိုက်ပြီး တည်နေသည့် သဘာဝကို 'ဧကဂ္ဂတာ'ဟု ပါဠိဘာသာဖြင့် ခေါ်ထားခြင်းဖြစ်၏။ တခြားဘာကိုမှ ဂရုမစိုက်ဘဲ ဒါတစ်ခုဆိုလျှင် တစ်ခုကိုပဲ စိတ်ဝင်စားနေခြင်းမျိုးဖြစ်ပေ သည်။ ဇာတ်သဘင်ကြီးများ၌ မင်းခန်းမင်းနားကိုပြရာတွင် ရှင်ဘုရင်က သဘောကျကြောင်းပြောရာ၌ 'မင်းကြီးများ၊ ငါအရှင်ကိုယ်တော်မြတ် ကေဂ္ဂတာစောလို့ သဘောတော်ကျသဗျာ'ဟု ပြောတတ်သည်မဟုတ် လား။ 'ကေဂ္ဂတာစော'တယ်ဆိုတာ ဒီကိစ္စ(ဒီအာရုံ)တစ်ခုအပေါ်မှာပဲ စိတ်စူးစိုက် ဝင်စားတာမျိုး ဖြစ်ပါသည်။ နှစ်သက်သဘောကျတာကို လေးနက်စေပါသည်။

ဧကဂ္ဂတာစေတသိက်ကို အဘိဓမ္မာပညာအမြင်ဖြင့် ကြည့်ပါက စိတ်အားလုံး၌ အတူတကွ ယှဉ်တွဲဖြစ်ကြောင်း တွေ့ရပေသည်။ စိတ်ဖြစ် တိုင်းဖြစ်တိုင်းမှာ သူပါသည်။ စိတ်၏အထိန်းတစ်မျိုးပင်ဖြစ်၏။ ထို့ ကြောင့် အဘိဓမ္မာကျမ်း၌ သူ့ကို'သဗ္ဗစိတ္တသာဓာရဏ စေတသိက်'ဟူ၍

ခေါ်ထား၏။ ဤကဲ့သို့ စိတ်ဟူသမျှမှာ ယှဉ်လေမြဲပါလေမြဲဖြစ်၍ အခြေခံ ကျသော်လည်း သာမည စေတသိက်သာ ဖြစ်ပေသည်။

သမာဓိကိုနားလည်အောင် ဤဧကဂ္ဂတာ စေတသိက်ကို မှတ်ထားပါ။

တွေ့ရကြုံရသည့်အာရုံအလိုက် (ဝါ) လုပ်ငန်းကိစ္စအလိုက် အာရုံ တစ်ခုခုအပေါ်မှာ စိတ်တည်တံ့မှုသည် သာမန်မျှမက အတော်လေး အဆင့်မြင့်လာပါက ဤအဆင့်ကို ဧကဂ္ဂတာဟုမခေါ်တော့ချေ၊ အခြား စကားတစ်လုံးဖြင့် အစားထိုးသုံးရန်လိုလာ၏။ ယင်းစကား ဝေါဟာရ ကား အခြားမဟုတ် 'သမာဓိ'ပင်ဖြစ်ပေသည်။

'သမာဓိ'ဟူသောပါဠိစကားကို သိသာရုံမျှပုဒ်ခွဲလျှင်'သံ+အာဓိ' ဖြစ်၏။ 'သံ'က 'ကောင်းစွာ'၊ 'အာဓိ'က 'တည်တံ့မှု' အနက်ရှိ၏။ ကောင်းစွာတည်တံ့မှုကို 'သမာဓိ'ဟုခေါ်ပေသည်။ 'ကောင်းစွာ'ဆို ရာ၌'ကောင်းသည်'၊ 'ဆိုးသည်' ဆိုတဲ့မျိုးထက်'မင်းကောင်းကောင်း သတိထား'ဆိုသကဲ့သို့ စွဲစွဲမြဲမြဲဆိုသည့်အနက်မျိုးကို ယူအပ်သည်။

ထို့ကြောင့် 'သမာဓိ'ဆိုသည်ကား သာမည တည်တံ့ရုံမျှမက (ဝါ)ဧကဂ္ဂတာဖြစ်ရုံမျှမက ထို့ထက်ပို၍ စွဲစွဲမြဲမြဲတည်တံ့သည့် သဘာဝ ဖြစ်ကြောင်း သိအပ်ပေသည်။ ဤသို့မြဲမြံစွာ တည်တံ့နိုင်ရေးအတွက် (ဝါ)သမာဓိဖြစ်ရေးအတွက် ဝီရိယ၏အကူအပံ့ရဖို့လိုပေသည်၊ ဝီရိယနှင့် ကြိုးစားအားထုတ်ပါမှ စွဲမြဲစွာတည်တံ့မှု ဖြစ်နိုင်ပေသည်၊ ဝီရိယမပါ လျှင် သာမန်တည်တံ့ရုံမျှ တည်ရသည်။ ဝီရိယပါမှ(ဝါ) ဝီရိယနှင့်အတူ ယှဉ်ဖြစ်ရမှ ကောင်းစွာတည်တံ့မှု ဖြစ်နိုင်ပေသည်။

ထို့ကြောင့်ပင် ရှင်အနုရုဒ္ဓါမထေရ်မြတ်က ဝီရိယမယှဉ်သော စိတ်(၁၇)မျိုး၌ ဧကဂ္ဂတာ ယှဉ်၏၊ သို့သော် သမာဓိကားမယှဉ်ဟု မှတ် ချက်ပြုခဲ့၏။ ဆိုလိုသည်ကား ဝီရိယကင်းသော ဧကဂ္ဂတာသည် သာမန် ဧကဂ္ဂတာသာဖြစ်သည်။ သမာဓိ (ဧကဂ္ဂတာ)မဖြစ် ဟူပေ၊

(မှတ်ချက်–ဝီရိယမယှဉ်သော စိတ်၁၇ မျိုးကား၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုင်း–၂၊ သန္တီရဏ–၃၊ ဝိစိကိစ္ဆာ–တည်း)၊

ကေဂ္ဂတာနှင့်သမာဓိ ကွဲပြားပုံကို ပိုမိုသိသာရန် သိပ္ပံဥပမာဆောင်၍ စဉ်းစားနိုင်၏။ ကေဂ္ဂတာသည် ရေရိုးရိုးနှင့်တူ၏၊ အားလုံး၌ ပျော်ဝင်နိုင်၏၊ သမာဓိသည် ရေနီနှင့်တူ၏၊ အားလုံး၌ ပျော်မဝင်နိုင်၊ နီသောအရာဝတ္ထုဘို့၌သာပျော်ဝင်နိုင်၏၊ (ဝါ) သူပျော်ဝင်လျှင် နီသွား၏။ မူလကေဂ္ဂတာတည်းဟူသော ရေသည် ဝီရိယတည်းဟူသော အနီနှင့် ပေါင်းစပ်မိရာတွင်မှ သမာဓိတည်းဟူသော ရေနီ ဖြစ်ပေါ်လာ၏။ 'ရေနီ'၌ ရေရိုးရိုးနှင့် အနီဝတ္ထုကို တွဲသိအပ်သကဲ့သို့ 'သမာဓိ'၌ ကေဂ္ဂတာနှင့် ဝီရိယကို တွဲသိအပ်ပေသည်။ ဝီရိယယှဉ်သော ကေဂ္ဂတာသည်သာ 'သမာဓိ'အဆင့်ကို ရနိုင်ပေသည်။

ဤအထိ သာမညတည်တံ့မှု ကေဂ္ဂတာသဘောကို သိပြီး စွဲမြဲစွာတည်တံ့မှုသမာဓိကို သိပြီဆိုပါစို့၊ ဤအဆင့်ကိုရပြီဆိုလျှင် ရှေ့တစ်ဆင့်တက်ဦးစို့။

သမာဓိတည်တံ့မှုသည် အပြစ်ရှိသော အလုပ်ကိစ္စမျိုး၌လည်း တည်တတ်၏၊ အပြစ်မရှိသော အလုပ်ကိစ္စမျိုး၌လည်း တည်တတ်၏။ ဥပမာ ငါးမျှားရာ၌ စိတ်စူးစိုက်တည်တံ့မှုမျိုး၊ ခိုးဖို့ကြံစားရာ၌ စိတ်စိုက်မှုမျိုးစသည်သည် အပြစ်ရှိသောတည်မှုမျိုးဖြစ်၏။ ငါးမျှားသူတချို့သည် ကိုင်းတံကိုကိုင်းရင်း ငါး၏အရိပ်အခြည်၊ ကိုင်းတံ၏အတွေ့အထိကို စူးစိုက်နေခိုက် ခြင်ကိုက်တာကိုလည်းမသိ၊ မျှော့တွယ်၍လည်းမနာ၊ ပတ်ဝန်းကျင်ကိုမေ့ပြီးနေသော တံငါသမာဓိမျိုးသည် အပြစ်ရှိသော တည်မှု(ဝါ) မိစ္ဆာသမာဓိဖြစ်ပေသည်။

အချုပ်အားဖြင့်ကား သက်သတ်၊ ခိုးမှု၊ ကာမမှု၊ မုသာ၊ ပိသု၊ ဖရု၊ သမ္ဖပ်၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော ဒုစရိုက်ကိစ္စမျိုးတို့၌ မြဲမြံစွာ စိတ်စူးစိုက်တည်တံ့မှုမှန်သမျှသည် အပြစ်ရှိသောတည်မှုဖြစ်၏။ ယင်းသို့အပြစ်ရှိရာ၌ စိတ်စူးစိုက်တည်မှုသည် မှားယွင်းသောတည်မှုဖြစ်သည့်အတွက် 'မိစ္ဆာသမာဓိ'ဟူ၍ ခေါ်ရပေသည်။

အပြစ်မရှိသော စိတ်တည်မှု ဆိုသည်မျိုးကား အလှူပေးခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်း၊ ကြီးသူကိုရိုသေခြင်း၊ ရတနာသုံးပါး ဆရာမိဘတို့၏ ဝေယျာဝစ္စလုပ်ခြင်း၊

အမျှဝေခြင်း၊ သာဓုခေါ်ခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ အယူ ဖြောင့်မှန်ခြင်းတို့၌ စိတ်စူးစိုက်တည်မှုမျိုးဖြစ်၏။

မိမိပစ္စည်းကို ပေးလှူနေခိုက်တွင် အခြားသော တောင့်တမှု၊ ကြောင့်ကြမှုစသည် ဘာစိတ်မှမဖြစ်ဘဲ ပေးနေလှူနေရတာကို ဝမ်းသာ ပြီး စိတ်ဝင်စားသည့်အခိုက် တည်ကြည်သောစိတ်အဆင့်ကို အပြစ်ကင်း သော သမာဓိဟုခေါ်သည်။ အပြစ်ကင်းသည့်အတွက် သမ္မာသမာဓိ(ဝါ) ကောင်းသောသမာဓိဟု ထပ်ဆင့်ခေါ်ရပေသည်။

စာကြိုးစားသော ကျောင်းသားတစ်ယောက် သူ၏ပြဌာန်းစာထဲ မှာ သမာဓိရနေတာမျိုးကို ဘာသမာဓိလို့ ခေါ်သလဲ၊ မိစ္ဆာသမာဓိ လား၊ သမ္မာသမာဓိလား။ ဤသို့ မေးစရာရှိ၏၊ အဖြေကား သူကျက်နေ ရေးမှတ်နေသော စာအမျိုးအစားလိုက်၍ 'မိစ္ဆာ'လား၊ 'သမ္မာ'လား ဟု ခွဲခြားရန်ဖြစ်ပေသည်။

ထင်ရှားသောပုံဆောင်ရသော် တစ်ချက်ပစ်လိုက်ရုံဖြင့် လူတစ်ရာ သေစေသည့် လက်နက်ဆန်းကို တီထွင်နေသော သိပ္ပံပညာရှင်သည် သူ၏ အလုပ်၌ စိတ်စူးစိုက်နေခိုက်၌ မိစ္ဆာသမာဓိရနေသည်ဟု ဆိုရန်မှတစ်ပါး အခြားမရှိချေ။ သို့ရာတွင် လူသားတို့ အသက်ရှည်အောင်၊ ကျန်းမာ အောင်၊ အာယုဝဍ္ဎနဆေးဖော်စပ်နေခိုက် စိတ်စူးစိုက်နေသော သမား တော်ကြီး၌မူ သမ္မာသမာဓိဖြစ်နေသည်ဟု ဆိုရချေမည်။

ဤအထိ သာမည ကေဂ္ဂတာသဘောကိုလည်း သိပြီ၊ ဝိသေသ ကေဂ္ဂတာဟု ခေါ်နိုင်သည့် သမာဓိသဘောကိုလည်း သိပြီ။ သမာဓိမှာ လည်း အပြစ်ရှိသော မှားယွင်းသောအရာ၌ စိတ်စူးစိုက်မှု မိစ္ဆာသမာဓိ၊ အပြစ်ကင်းသော မှန်ကန်သောအရာ၌ စိတ်အားစိုက်မှု သမ္မာသမာဓိ ဟူ၍ ကွဲပြားပုံကိုလည်း သိပြီဆိုပါစို့၊ သို့သော် ဤတွင်မပြီးသေး၊ 'ဗိုလ်'ကျန်ပေသေး၏။

သမာဓိတိုင်း 'ဗိုလ်'ဖြစ်သလော၊ (ဝါ)သမာဓိတိုင်း သမာဓိဗိုလ် ဖြစ်သလော။ ဤအဆင့်ကို တက်ရချေဦးမည်။

'ဗိုလ်'ဆိုလိုက်သည်နှင့် ဆန့်ကျင်ဘက်တို့ကြောင့် 'မတုန်မလှုပ် ကြံ့ကြံ့ခိုင်သည်'ဆိုသော ဂုဏ်သတ္တိကို သတိရ,ရပေမည်၊ တည်တံ့မှု ပျက်လောက်အောင် ဘေးကဖျက်ဆီးလာသည့် အရာတွေကို ဆန့်ကျင်

ဘက်တွေဟု သတ်မှတ်ရ၏။ တည်နေတာကို မထည်အောင် (ဝါ) ပျံ့လွင့်သွားအောင် ထိုးနှက်သည့်အာရုံတွေမှန်သမျှ ဗိုလ်ကိုအားစမ်းသည့်အရာတွေချည်း ဖြစ်ပေသည်၊

စိတ်စူးစိုက်တည်တံ့မှု (ဝါ) သမာဓိရမှုသည် အခြားသော အဖျက်အာရုံတစ်ခုခုကြောင့် ပျက်သွားလျှင် သာမန် သမာဓိသာဖြစ်၏။ ဘာတွေကဖျက်လို့မှ စိတ်တည်တံ့မှုမပျက်ဘူးဆိုလျှင် ဗိုလ်သမာဓိဖြစ်ပေတော့သည်။ ဥပမာ—ငါးမျှားနေခိုက် ခြင်ကိုက်၍နာတဲ့ ဆန့်ကျင်ဘက်အာရုံကိုလည်း မသိ၊ မျှော့တွယ်ပြီး သွေးစုပ်ခံနေရသည့် တိုက်ခိုက်မှုမျိုးကိုလည်း မဖြုံဆိုလျှင် မိစ္ဆာဗိုလ်သမာဓိ ဖြစ်နေသည်ဟုဆိုရပေမည်။ တရားအားထုတ်ရာ၌ စိတ်တည်ကြည်ပြီး သမာဓိရနေခိုက် အညောင်းအညာ အကိုက်အခဲစသည့် အန္တရာယ်တို့ကို ခံနိုင်ရည် ရှိနေခြင်းသည် သမ္မာဗိုလ်သမာဓိ ဖြစ်နေ၍ပေတည်း။

ဧကဂ္ဂတာ (စိတ်တည်မှု) သည် ဝီရိယအားထုတ်မှုနှင့်အတူ စိတ်၌ယှဉ်တွဲဖြစ်ရပါမှ သမာဓိဖြစ်နိုင်သည်။ သမာဓိဖြစ်ရာ၌လည်း ဆန့်ကျင်ဘက် အတိုက်အခိုက်ကို ခံနိုင်ရည်ရှိမှသာ သမာဓိဗိုလ်ဖြစ်သည်ဆိုသော အနှစ်ချုပ်ကိုရအောင် မှတ်ရပါမည်။

မြန်မာစကား၌ ‘ဗိုလ်ကျသည်’ ဟူ၍ ဆိုကြ၏။ အနက်တစ်မျိုးမှာ အနိုင်ကျင့်သည် ဟူ၏၊ အခြား အနက်တစ်မျိုးမှာ စစ်တိုက်ရင်း စစ်ဗိုလ်သေနတ်မှန်၍ သေဆုံးသည်ကိုလည်း ဗိုလ်ကျသည်ဟုပြောကြ၏။ ဤတွင် ဒုတိယအနက်ကိုယူ၍ ဆိုအံ့။

အလုပ်တစ်ခုခု (ဝါ) အာရုံတစ်ရပ်ရပ်၌ ဆန့်ကျင်ဘက် အတိုက်အခိုက်တွေကို မဖြုံဘဲ စွဲစွဲမြဲမြဲ စိတ်စူးစိုက်တည်နေခိုက် ဗိုလ်သမာဓိဖြစ်နေသော်လည်း ဝီရိယဇွဲလျော့လိုက်သဖြင့် သမာဓိအရှိန် ကျလာလျှင် ဘေးကတိုက်သည့် အာရုံတွေကနိုင်ပြီး စိတ်ပျံ့လွင့်သွားတတ်၏။ (ဝါ) သမာဓိပျက်သွားတတ်၏။ ဤအခါမျိုးတွင် အဘိဓမ္မာပညာအရ ဗိုလ်ကျသွားပြီဟုပြောရပေမည်။

သမာဓိကို ဖျက်ဆီးသော အနီးကပ် ရန်သူကား ဝိစိကိစ္ဆာပေတည်း။ အာရုံတစ်ခုခုအပေါ်မှာ စွဲစွဲမြဲမြဲမဖြစ်ဘဲ ဟိုဟာလား၊ ဒီဟာလား တွေးတောပြီး ယုံမှားသံသယတွေ ဖြစ်နေလျှင် သမာဓိမရနိုင်

ပေ။ အကုသိုလ်ဘက်မှာ ဖြစ်ဖြစ်၊ ကုသိုလ်ဘက်မှာ ဖြစ်ဖြစ် ဝိစိကိစ္ဆာ မများဘဲ ဒါဆို ဒါပဲဟု စိတ်ပြတ်သူများသည် သမာဓိ ရလွယ်၏။ သို့လော သို့လော တွေးတောတတ်ပါက စိတ်တည်မှု သမာဓိ မရပေ၊ ဗိုလ်သမာဓိအဆင့်ရောက်ဖို့ကား ပို၍ဝေးသေးသည်။

အထူးမှတ်ရန်ကား သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ သုံးပါးမှာပါသည့် သမာဓိသည်ကား ကောင်းသောသမာဓိ၊ သမ္မာ သမာဓိသာဖြစ်၏။ သို့သော် သမ္မာသမာဓိဖြစ်တိုင်း သမာဓိဗိုလ် ဖြစ်ပြီ ဟူ၍ကား တစ်ထစ်ချမယူသာသေး။ ဆန့်ကျင်ဘက်အာရုံကြောင့် မတုန် မလှုပ်ကြံ့ခိုင်သည့်အဆင့်ရောက်မှသာ ဗိုလ်သမာဓိ ဖြစ်ပေသည်။

ဤဆောင်းပါးကို တစ်ခန်းရပ်ပါစို့။ ဤအထိ ဖတ်ရှုလေ့လာ မိလျှင် သာမည စိတ်တည်တံ့မှု ဧကဂ္ဂတာသဘောကို သိပါပြီလား၊ ဝီရိယနှင့် ယှဉ်ပြီးတည်သည့် 'သမာဓိ' သဘောကို သိပါပြီလား။ အပြစ်ရှိသောဘက်၌ စိတ်တည်တံ့သည့် မိစ္ဆာသမာဓိ၊ အပြစ်ကင်းသော ဘက်၌ စိတ်တည်တံ့သည့် သမ္မာသမာဓိကိုရော သိပါပြီလား၊ ဘယ်ဘက် မှာဖြစ်ဖြစ် ဆန့်ကျင်ဘက် အဖျက်အာရုံတွေကြောင့် စိတ်စူးစိုက် တည်နေ မှုမပျက်သည့် 'ဗိုလ်သမာဓိ' အဆင့်ကိုရော သိပါပြီလား။

'စိတ်တည်' ဆိုသော စကား နှစ်လုံး၌ 'စိတ်' က 'စိတ်' ပဲ၊ 'တည်' က 'သမာဓိ' တည်း။ စိတ်နှင့်စေတသိက်ကား ဤလိုကွဲပါသည်။ ကြံ့ခိုင်သောသမာဓိကတော့ ဗိုလ်သမာဓိပေတည်း။

ဤလောက် သဘောပေါက်ပြီဆိုလျှင် စာအသိကို ကိုယ်တိုင် အသိဖြစ်အောင် မိမိ၏စိတ်ကို အထက်ပါ အသိဖြင့် ဆန်းစစ်ကြည့်ပါ။ မိမိစိတ်သည် သမာဓိအဆင့် ရှိပါ၏လော၊ ဗိုလ်သမာဓိမျိုးကောရဖူးပါ သလား။

နှစ်ဖက်လှ
၁၉၈၆-ခု၊ ဒီဇင်ဘာလ။

# ‘ယုံကြည်မှု’ စစ်စစ် ဘယ်မှာဖြစ်သလဲ

‘ဗိုလ်’အကြောင်းကိုရေးလာခဲ့ရာ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ် ဟူသော အကုသိုလ်ဗိုလ်နှစ်မျိုးအကြောင်းကိုလည်း ရေးခဲ့ပြီးပြီ၊ ကုသိုလ်၊ အကုသိုလ်နှစ်မျိုးလုံးနှင့်သက်ဆိုင်သော ဝီရိယဗိုလ်နှင့် သမာဓိဗိုလ်တို့အကြောင်းကိုလည်း လိုရင်းကျကျ ဆွေးနွေးခဲ့ပြီးပါပြီ။

ကျန်ရှိသေးသည်မှာ သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်နှင့် ဩတ္တပ္ပဗိုလ်တို့ ဖြစ်ပေသည်။ ဤဗိုလ်ငါးပါးတို့သည်ကား ကုသိုလ်ဗိုလ်စင်စစ်များဖြစ်ကြ၏။ (ဝါ) ကုသိုလ်စိတ်များမှာသာယှဉ်၍ ဖြစ်ကြ၏၊ ဤသို့ ဗုဒ္ဓပိဋကတ်ကျမ်းဂန်များ၌ ဆိုပေသည်။

ဆိုခဲ့ပါ ကုသိုလ်ဗိုလ်ငါးပါးတို့အနက် ‘သဒ္ဓါဗိုလ်’အကြောင်းကို သိပ္ပံစာဖတ်ပရိသတ်အတွက် အတွေးအခေါ်ပိုင်း၊ ချင့်ချိန်သည့်အပိုင်း၊ သုံးသပ်သည့်အပိုင်းများဖြင့် သိပ္ပံနည်းကျဖော်ပြလိုပါသည်၊ စာဖတ်သူအနေဖြင့် သေသေချာချာ လေးလေးနက်နက် မစဉ်းစားဘဲနှင့် ဆုံးဖြတ်လွယ်၍ကား မဖြစ်ပေ၊ သိမ်မွေ့သည့်ဓမ္မသဘာဝ ဖြစ်နေသည့်အတွက် တည်ငြိမ်ရင့်ကျက်စွာ အချိန်ယူစဉ်းစားရန်ကား လိုပေလိမ့်မည်၊

‘သဒ္ဓါ’ဆိုသော ပါဠိစကားကို မြန်မာလို ‘ယုံကြည်မှု’ဟုပြန်ကြ၏၊ အင်္ဂလိပ်လို (Faith, Belief)စသည်ဖြင့် ပြန်ဆိုကြ၏။ ယုံကြည်မှု (ဝါ) လက်ခံမှုဆိုသောအချက်သည် လူ့ဘဝ လူ့လောက ကိစ္စအရပ်ရပ်၌ အရေးကြီးသောအချက်ဖြစ်သကဲ့သို့ ကိုးကွယ်မှုဘာသာရေးလောက၌လည်း အရေးပါသော အချက်ဘစ်ရပ်ဖြစ်နေပေသည်။

လူလူချင်းယုံကြည်မှု၊ နိုင်ငံအချင်းချင်းယုံကြည်မှုသည် တွဲရေးလက္ခဏာဖြစ်သလို၊ မယုံကြည်ကြခြင်းသည် ခွဲရေးသဘောဆောင်ပေရာ

ယုံကြည်လျှင် တွဲ၏၊ မယုံကြည်ကြလျှင် ခွဲ၏။ လောကကြီး၏ သဘော သဘာဝကိုပြန်ကြည့်လျှင် တွဲရေးနှင့်ခွဲရေးသည်သာ ကြီးစိုးနေ၏။ အိမ်ထောင်ပြုခြင်းသည် တွဲရေး၊ မိသားစုဘဝဖွဲ့စည်းခြင်းသည် တွဲရေး၊ ပါတီအသင်းအစုဖွဲ့ခြင်းသည် တွဲရေး၊ ဘုန်းကြီးလေးပါးပေါင်းစု၍ သံဃာဖြစ်လာခြင်းသည်ပင် တွဲရေးဖြစ်၏။

ဤတွဲရေးဖြစ်ပေါ်ရေး (ဝါ) တွဲပြီးခိုင်မြဲရေးအတွက် အဓိက အချက်မှာ အချင်းချင်းယုံကြည်မှုရှိကြရန်ပင် ဖြစ်ပေသည်။ အကယ်၍ မယုံကြည်ပေမယ့် တွဲနေကြတာရှိပါတယ်ဆိုလျှင် ထိုတွဲရေးသည် ကိုယ်ပေါင်းစိတ်ခွာ အပေါ်ယံတွဲရေး (ဝါ) နှစ်ပိုင်းတစ်ပိုင်းတွဲရေး (ဝါ) တွဲရေးအတုသာ ဖြစ်ပေရာသည်။

မယုံကြည်ကြ၍ ခွဲကြသည်ဆိုသည်ကိုကား အထူးပြောစရာမလိုချေ။ မယုံကြည်လျှင် အတူတူအိပ်၍ပင် စိတ်ချနိုင်စရာမရှိပါချေ။

ကမ္ဘာ့ကိုးကွယ်မှု ဘာသာရေးနယ်ပယ်တွင်ကား 'ယုံကြည်မှု' သည် အဓိကအချက်လိုဖြစ်နေပေသည်။ လက်ရှိကမ္ဘာလူသားတို့ လက်ခံကိုးကွယ်နေကြသော ဘာသာကြီးလေးရပ်မှ 'ဘုရား' ဆိုသည်ကို ယခုသက်ရှိလူတစ်ဦးတစ်ယောက်ကမျှ ဒိဋ္ဌမျက်မြင်မတွေ့ဘူးချေ။ ဘုရား၏ တရားဆိုသည်ကိုလည်း ယနေ့သက်ရှိလူထဲက ဘယ်သူ့နားနှင့်မျှ ဆတ်ဆတ်ကြီးကြားကြရသည် မဟုတ်ပေ။ တစ်ကမ္ဘာလုံးတည်သည်ဆိုသော ဖန်ဆင်းရှင် ထာဝရဘုရားဆိုသည်ကို မပြောနှင့်၊ မိနှင့်ဖနှင့် မွေးဖွားလာသည့် တကယ့်လူသားဘုရား (ဝါ) ဂေါတမဘုရားရှင်ကိုပင်လျှင် ယခုကျွန်ုပ်တို့ မျက်မြင်ကိုယ်တွေ့မဟုတ်ကြချေ။

သို့ပါသော်လည်း ယနေ့ကမ္ဘာ့လူသားတို့သည် ထိုဘုရားဆိုသည်တို့ကို မှန်းဆ၍ ကိုးကွယ်နေကြ၏။ ထိုဘုရားတို့၏ တရားဆိုသည်တို့ကို လိုက်နာကျင့်သုံးနေကြ၏။

အဘယ့်ကြောင့်နည်း။

အဖြေကား 'ယုံကြည်' ကြသောကြောင့်ပေတည်း။ ယုံလို့ ကိုးကွယ်နေကြတာ မဟုတ်ပါလား။ ဤလိုစဉ်းစားကြည့်လျှင် ဘာသာရေးမှာ ယုံကြည်မှု (ဝါ) သဒ္ဓါဆိုသောအချက်သည် အဘယ်မျှ အခရာကျနေကြောင်း တွေ့ရမည်ဖြစ်၏။ ဘုရားကိုမယုံသောသူတို့ကား ဘာဖြစ်

နေကြသနည်း၊ ဘုရားမဲ့ဝါဒီတွေ(ဝါ) ဘာသာရေးမရှိတဲ့လူတွေ ဖြစ်နေကြသည် မဟုတ်ပါလော။

သူတို့မှာ ဘာကြောင့် ဘာသာရေးမရှိပါသလဲ။

အဖြေမှန်ကား သူတို့မှာ ဘုရားပေါ် ယုံကြည်မှုမရှိကြသောကြောင့်ပေတည်း။ ဟိန္ဒူ၊ ဗုဒ္ဓ၊ ခရစ်၊ အစ္စလာမ်ဆိုသော ဘာသာကြီးလေးရပ်ရှိသည့်အနက် ဘယ်ဘာသာကိုမှ ဘယ်ဘုရားကိုမှ မယုံကြည်ကြသည့်အတွက် ဘယ်ဘာသာကိုမှ လက်သင့်မခံတဲ့ ဘာသာမဲ့များဖြစ်နေကြခြင်းပေတည်း။

ဤသို့စဉ်းစားလျှင် လူတစ်ယောက်မှာ ဘာသာရေး ရှိမှု၊ မရှိမှု၊ ဘာသာမဲ့ဖြစ်မှု, မဖြစ်မှုဆိုသည့် အရေးကြီးလှသောကိစ္စ၌ 'ယုံကြည်မှု' ဟူသော အချက်သည် အခြေခံဖြစ်နေကြောင်း တွေ့ရမည်ဖြစ်ပေသည်။ ထို့ကြောင့် ယုံကြည်မှု (ဝါ) သဒ္ဓါကို ပေါ့ပေါ့ထင်၍မရပေ။

ယင်းသို့ ဘဝရေးနှင့် ဘာသာရေးတွင် လွန်စွာအရေးကြီးလှသော သဒ္ဓါအကြောင်းကို ဗုဒ္ဓရှင်တော်ဘုရားက ဘယ်လို ဟောထားသည်၊ ပိဋကတ်ကျမ်းတတ် ဆရာတော်များက မည်သို့ဖွင့်ဆိုကြသည်ကို ဖော်ပြပါမည်။

ဗုဒ္ဓရှင်တော်ဘုရားက 'သဒ္ဓါ'ဆိုတာဟာ သစ်ပင်၊ တောတောင်မှာရှိတဲ့ အရာမျိုးမဟုတ်၊ လူမှာရှိတဲ့အရာမျိုးသာဖြစ်ကြောင်း၊ လူကိုယ်ခန္ဓာကို ဖွဲ့စည်းထားတဲ့ ရုပ်နှင့်နာမ်နှစ်ရပ်အနက် 'သဒ္ဓါ'သည် ရုပ်တရားမဟုတ်၊ နာမ်သဘာဝတရားဖြစ်ကြောင်း၊ နာမ်ထဲမှာလဲ စိတ်၌မှီတွယ်ပြီး စိတ်ကိုချယ်လှယ်တဲ့ စေတသိက်သဘာဝမျိုးသာဖြစ်ကြောင်း ဟောကြားတော်မူ၏။ သဒ္ဓါလို့ဆိုရတဲ့ သဘာဝတရား၏လက္ခဏာကို အောက်ပါအတိုင်း ဟောပြထားခဲ့ပါသည်။

> 'စိတ်ဖြစ်သောအခါ၌ စိတ်၌မှီပြီးဖြစ်သော
> ယုံကြည်မှု၊ ယုံကြည်ပုံအခြင်းအရာ၊
> သက်ဝင်ပုံအခြင်းအရာ၊ အလွန်
> ကြည်လင်ခြင်းသဘောသည် ဖြစ်၏၊
> ထိုအခြင်းအရာသဘာဝသည် 'သဒ္ဓါ' ဟု
> ခေါ်ရသည့် သဘာဝပေတည်း'။

ဓမ္မသင်္ဂဏီ

'သဒ္ဓါ' ကို 'ယုံကြည်မှု' ဟူ၍ ဘာသာပြန်ထားသောကြောင့် ယုံကြည်မှုတိုင်း သဒ္ဓါဖြစ်သလော ဆိုသော် ဗုဒ္ဓစာပေကျမ်းဂန်များက ယုံကြည်မှုတိုင်း သဒ္ဓါ မဟုတ်ဟူ၍ တိတိပပ သတ်မှတ်ဖော်ပြထား၏။ သို့ဆိုလျှင် မည်သည့် အချက်များကို ယုံကြည်မှ 'သဒ္ဓါ' ဖြစ်သလဲဟု မေးရန်ရှိ၏။ အဖြေကား–

၁။ ဘုရား (ဂေါတမဗုဒ္ဓဘုရား)၊
၂။ တရား (ယင်း ဗုဒ္ဓ၏တရား)၊
၃။ သံဃာ (ယင်း ဗုဒ္ဓ၏ တပည့်သာဝကသံဃာ)၊
၄။ ကံ (မိမိပြုလုပ်သော အလုပ်စေတနာ)၊
၅။ ကံ၏အကျိုးအပြစ်၊
၆။ လက်ရှိပစ္စုပ္ပန်လောက၊
၇။ နောင်တမလွန်လောက။

ဤအချက်ရပ်များကို သက်ဝင်ယုံကြည်မှသာ သဒ္ဓါစစ် ဖြစ်၏။ ဤအချက် ခုနစ်ချက်မှ တစ်ချက်ချက်ကို မယုံကြည်ဘူးဆိုလျှင် သဒ္ဓါစေတသိက်အစစ်မဖြစ်ဟု ဗုဒ္ဓစာပေများက အခိုင်အမာဆိုထားကြသည်။

ဤလို ဂေါတမဘုရားရှင်နှင့်တကွ ဆိုခဲ့ပါအချက် ခုနစ်ချက်ပေါ် ယုံကြည်သော စိတ်သည်သာ ကုသိုလ်စိတ်ဖြစ်၏။ ကုသိုလ်သဒ္ဓါ ဖြစ်၏။ (ဝါ) အပြစ်ကင်း၏။ ကောင်းသောအကျိုးကို ဖြစ်ထွန်းစေ၏ဟု ဆိုလိုပေသည်။

အထက်ပါ သဒ္ဓါအစစ် ဖြစ်နိုင်သည့် အချက် ခုနစ်ချက်ကို စိစိတွေးကြည့်ပါက ဂေါတမဘုရားက သူ့ကို ယုံကြည်မှ သဒ္ဓါစစ်ဖြစ်မည်၊ သူ၏တရား သူ၏သံဃာကိုယုံကြည်မှ သဒ္ဓါစစ်ဖြစ်သည်ဟု ဆိုရာရောက်ပေသည်။ တစ်နည်းပြောရလျှင် ငါ့ဘုရားကိုယုံမှ သဒ္ဓါစစ်၊ တခြားဘုရားကိုယုံလျှင် သဒ္ဓါစစ်မဟုတ်ဟု အဓိပ္ပာယ်သက်ရောက်နေ၏။

ဤလိုကိစ္စမျိုးနှင့်ပတ်သက်၍ လူပြိန်းကြိုက်၊ မိန်းမကြိုက် ရေးတတ်လွန်းသော ကွယ်လွန်သူ စာရေးသူ တစ်ဦးက ဗုဒ္ဓဘာသာ ကလဲ တခြားဘာသာကို မိစ္ဆာဒိဋ္ဌိလို့ သမုတ်တယ်၊ တခြား ဘာသာတွေကလဲ ဗုဒ္ဓဘာသာကို မိစ္ဆာဒိဋ္ဌိလို့ လက်ညှိုးထိုးတာပဲ။ ဒီတော့ ဘာသာရေးတွေက သူ့ငါပြော ငါ့သူပြောနဲ့ နောက်ဆုံး သမ္မာဒိဋ္ဌိတစ်ခုမှမဟုတ်

တော့ဘူး၊ ကိုယ့်အမြင်နဲ့ သူဟာမိစ္ဆာဒိဋ္ဌိ၊ သူ့အမြင်နဲ့ ကိုယ်ဟာ မိစ္ဆာ ဖြစ်နေမှုကိုး ဟု ရေးခဲ့ဖူးလေသည်။

သို့သော် သူ ဤသို့ရေးခြင်းသည် သဘာဝတရားကို ကျကျနန စိစစ်ပြီး ရေးခြင်းမဟုတ်။ မှားတာ မှန်တာ အပထားလို့ အပြောပိုင်လျှင် နိုင်စတမ်းဆိုတဲ့ စကားရည်လုပွဲမှာ ပြောတာမျိုးသာ ဖြစ်၏။ စင်စစ် သူပြောသလို မဟုတ်ချေ။

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့ကို အစဉ်အလာ ချပို့ကျက်မှတ် ဆောင်ရွက်နေကြသူ များစွာတို့အနက် ရတနာသုံးပါးနှင့် ကံ, ကံ၏ အကျိုးစသည်ကို ယုံမှသာ သဒ္ဓါစစ်ဖြစ်တယ်လို့ ဘာ့ကြောင့်သတ်မှတ် ရသလဲဟု လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်မြော်မြင် ပြောဆိုသူများကို ကျွန်ုပ်တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မကြားစဖူး၊ မဖတ်ရစဖူးချေ၊ စာအုပ်ကြီးအတိုင်းသာ ကျက်မှတ် ဟောပြောနေကြ ပေသည်၊

ဤသိပ္ပံမဂ္ဂဇင်း အဘိဓမ္မာဆောင်းပါးတွင်ကား အစတွင် ဖော်ပြ ခဲ့သလို သိပ္ပံစာဖတ်ပရိသတ်အတွက် တွေးခေါ်ချင့်ချိန် သုံးသပ်ပြပါ မည်၊ ရေးစမ်းပြပါမည်။ သို့သော် ယခုလတွင် ဆောင်းပါး စာမျက်နှာ ပြည့်သွားပြီဖြစ်၍ ရှေ့လတွင်မှ ဆက်ပါရစေ။

နှစ်ဖက်လှ
၁၉၀၇-ခု၊ ဇန်နဝါရီလ၊

# မတုန်မလှုပ် သက်ဝင်ယုံကြည်မှု

ယခုလတွင် သဒ္ဓါအစစ် (၀၁) အပြစ်ကင်းသောယုံကြည်မှုအစစ် (၀၁) ကုသိုလ်သဒ္ဓါအစစ်ဖြစ်သည် မဖြစ်ဘူးဆိုသောကိစ္စနှင့်စပ်လျဉ်း၍ ဆက်လက်ဖော်ပြပါမည်။

ဗုဒ္ဓဘာသာကျမ်းဂန်များက ဗုဒ္ဓဘုရား၊ ဗုဒ္ဓ၏ဓမ္မ၊ ဗုဒ္ဓ၏သံဃာ၊ မိမိပြုသောကံ၊ ထိုကံ၏အကျိုး၊ လက်ရှိပစ္စုပ္ပန်လောက၊ နောင်တမလွန်လောက ဤအချက်ခုနစ်ချက်ကို သက်ဝင်ယုံကြည်မှုသည်သာ ကုသိုလ်သဒ္ဓါဖြစ်သည်။ (၀၁) ယုံကြည်မှုအစစ်ဖြစ်သည်ဟု အခိုင်အမာဆိုထားကြောင်း ယခင်လက ဖော်ပြခဲ့ပါပြီ။

ယုံချင်ရာယုံ၊ ယုံတာမှန်သမျှကို သဒ္ဓါအစစ်ဟူ၍ မသတ်မှတ်ဘဲ ဆိုခဲ့ပါ အချက်ရပ်များကို ယုံကြည်မှသာလျှင် မှန်ကန်သောယုံကြည်မှုအစစ်ဖြစ်သည်ဟု အဘယ့်ကြောင့် သတ်မှတ်ရပါသလဲ၊ ဤအချက်ကို စဉ်းစားရမည်ဖြစ်ပေသည်။

ပထမဦးစွာ အရေးကြီးဆုံးဖြစ်သည့် 'ဘုရား'ကိစ္စကိုစဉ်းစားကြပါစို့။

[အမှာ—ဗုဒ္ဓဘာသာ စာရေးသူတစ်ဦးအနေဖြင့် မိမိကိုးကွယ်သည့် ဘုရားမှတစ်ပါး အခြားဘုရားတို့၏အကြောင်းကို ဆွေးနွေးခွင့်မရှိပါ။ သို့ပါ၍ ဗုဒ္ဓဘာသာဘက်မှ တစ်ဖက်ပြစကားကိုသာဖတ်ရှုပြီး ကျန်တခြားတစ်ဖက်ကို စာဖတ်သူကပဲ ဆက်၍ ထည့်သွင်းစဉ်းစားပါ။ ဘုရားများစုံလင်အောင် နှိုင်းယှဉ်မပြနိုင်၍ ဖတ်ရတာ အားမလိုအားမရဖြစ်ပါကလည်း ဖြေသိမ့်ကြရန်ဖြစ်ပါသည်]။

ဗုဒ္ဓဘုရားဆိုတာ မုချအားဖြင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တော်ပင် ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အရဟံအစ ဘဂဝါ အဆုံးရှိသော ဂုဏ်တော်သည် 'ဘုရား' ဖြစ်ပါသည်။ ဤအချက်ကို ဆက်စဉ်းစားဦးစို့။

ခမည်းတော်သုဒ္ဓေါဒနနှင့် မယ်တော်မာယာတို့မှ ဖွားသန့်စင်လာသော 'သိဒ္ဓတ္ထ' အမည်ရသောမင်းသားကို ကြည့်ပါ။ သူသည် မွေးလာကတည်းက ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီး(၃၂)ပါး၊ လက္ခဏာတော်ငယ်(၈၀)တို့နှင့်ပြည့်စုံသော ယောကျ်ားထူးတစ်ယောက် ဖြစ်ပါသည်။ ယင်းသို့ ရုပ်ရည်ပုံပန်းသဏ္ဌာန်အားဖြင့် မဟာပုရိသ လက္ခဏာရှိသူ ဖြစ်သော်လည်း သူ့ကို ဘုရားဟူ၍မဆိုရပါ။

သူသည် သူလိုငါလို အိမ်ထောင်ပြုသည်၊ ကလေးတစ်ယောက် ဖခင် ဖြစ်သည်။ အိမ်ရှေ့စံဥပရာဇာရာထူး လက်ခံသည်၊ ရွှေနန်းသုံး ဆောင်၍ မင်းမောင်းမ လေးသောင်းခြံရံခံစားသည်။

သူ့သန္တာန်မှာ ဒိဋ္ဌိရှိသည်၊ ဝိစိကိစ္ဆာရှိသည်၊ ဒေါသရှိသည်၊ တဏှာမာနရှိသည်၊ မောဟအဝိဇ္ဇာရှိသည်၊ အကုသိုလ်စေတသိက်(၁၄) မျိုးလုံး အစုံရှိနေပေသည်၊ (ဝါ) ကိလေသာအပြည့်ရှိပေသည်။

သူ့မှာ မဂ်ဉာဏ်မဂ်အသိမရှိ၊ ဖိုလ်ဉာဏ်ဖိုလ်အသိမရှိ၊ သူ့မှာ တရားအားလုံးကိုမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကြီးမရှိ။

လော့ဂျစ်ခေါ်တက္ကဗေဒနည်းဖြင့် သူ့မှာ ရှိ,မရှိအချက်အလက် များကို ရှာဖွေစိစစ်သောအခါ အထက်ပါအတိုင်းတွေ့ရသည်။ ထိုသို့ တွေ့နေရသော အချိန်ပိုင်း အခါပိုင်းတွင် သူသည် ဘုရားမဟုတ်၊ ပုထုဇဉ်တစ်ဦးသာဖြစ်လျက်ရှိနေပေသည်။

နောက် သူသည် သား, မယား၊ ရာထူး၊ စည်းစိမ်ကိုအကုန် စွန့်ပြီး တောထွက်တရားအားထုတ်တော်မူသောအခါ သက်တော်(၃၅) နှစ်အရွယ်တွင် မဟာဗောဓိပင်ရင်း၌ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်ကို ရတော်မူလေသည်။ ထိုအချိန်ကစ၍ သူသည် ဗုဒ္ဓဖြစ်လာသည် (ဝါ) ဘုရားဖြစ်လာသည်။

တက္ကဗေဒနည်းဖြင့် စိစစ်ကြည့်လျှင် ဗုဒ္ဓဘုရားမှာ ဖိုလ်ဉာဏ်ရှိသည်၊ သဗ္ဗညုတဉာဏ်တော်ရှိသည်၊ တစ်နည်းပြောရလျှင် ဉာဏ်တော်ဆယ်ပါးရှိလာသည်။

(ဉာဏ်ရှိသည်ဆိုသောစကားကို စဉ်းစားထားပါ)။

ဗုဒ္ဓဘုရား၌ရှိသော ဉာဏ်ဆယ်ပါးကား အောက်ပါတို့ပင်ဖြစ်၏။

၁။ အကြောင်းမှန်ကိုသိတတ်သောဉာဏ်၊
၂။ အကြောင်းနှင့်ဆက်စပ်ပြီး အကျိုးဖြစ်ရပ်ကိုသိသောဉာဏ်၊
၃။ အကျင့်အမျိုးမျိုးကိုသိသောဉာဏ်၊
၄။ သက်ရှိသက်မဲ့တို့ကို ဓာတ်သဘာဝအခြေခံကျကျ ခွဲခြားသိသောဉာဏ်၊
၅။ လူ(သတ္တဝါ)တို့၏ စိတ်အလိုကိုသိသောဉာဏ်၊
၆။ လူ(သတ္တဝါ)တို့၏ ဣန္ဒြေဓာတ်ခံ အနုအရင့် အခြေအနေမှန်ကိုသိသောဉာဏ်၊
၇။ ဈာန် သမာပတ်နှင့် ပတ်သက်၍ ဆုတ်ယုတ် တိုးတက်မှုအကြောင်းခံတို့ကို သိသောဉာဏ်၊
၈။ ဖြစ်ခဲ့ဖူးသော ရှေးဘဝ ရှေးခန္ဓာတို့ကို ပြန်လည်သိသောဉာဏ်၊
၉။ လူ(သတ္တဝါ)တို့၏ စုတေခြင်း၊ သန္ဓေယူခြင်းတို့ကိုသိသောဉာဏ်၊
၁၀။ အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို သိသောဉာဏ်။ (အရဟတ္တမဂ်ဉာဏ်)။

အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်လာပြီဆိုကတည်းက သူ့မှာ မရှိတော့သောတရားတို့ကိုလဲ စာရင်းပြုကြည့်ပါ။ သူ့မှာ ဒိဋ္ဌိမရှိတော့ပါ၊ ဝိစိကိစ္ဆာ မရှိတော့ပါ၊ ဒေါသမရှိတော့ပါ၊ တဏှာမာနမရှိတော့ပါ၊ မောဟ အဝိဇ္ဇာ မရှိတော့ပါ၊ အကုသိုလ်စေတသိက် သဘာဝ(၁၄)မျိုးလုံး မရှိတော့ပါ။ (ဝါ) ကိလေသာကင်းစင်လေပြီ။

ရှိလာတာက အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် (ဝါ) ဉာဏ်တော်ဆယ်ပါး ဆိုပါစို့၊ မရှိတော့တာက အကုသိုလ် စေတသိက်သဘာဝဆယ့်လေးမျိုး (ဝါ) ကိလေသာဆယ်မျိုး။ ဤသို့ 'သိဒ္ဓတ္ထ'

ဘဝတုန်းကရှိတဲ့ အကုသိုလ်(ကိလေသာ)တို့သည် ဘုရားဘဝ၌မရှိတော့ပေ။ 'သိဒ္ဓတ္ထ'ဘဝတုန်းကမရှိခဲ့တဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်သည် ဘုရားဘဝကျတော့ရှိလာ၏။ ရှိ,မရှိနှစ်ခု၏ ခြားနားချက်သည် 'သိဒ္ဓတ္ထ'နှင့် 'ဗုဒ္ဓ'တို့၏ အဓိကခြားနားချက်ကြီးဖြစ်၏။

သို့သော် သိဒ္ဓတ္ထဘဝတုန်းက ထင်ရှားရှိခဲ့သော မဟာပုရိသ ရုပ်လက္ခဏာတော်ကြီးများသည် ဗုဒ္ဓဘုရားဘဝမှာလည်း ဆက်ရှိနေ၏။ ကိလေသာကင်းသောဘဝ (ဘုရားဘဝ)မှာ ပို၍ ကြည်လင်ပြတ်သားလာပေသေးသည်။

ဆက်ကြဦးစို့....

လူတွေမှာ အကုသိုလ်သဘာဝ ကိလေသာတွေရှိသည်။ ဗုဒ္ဓဘုရားမှာ ကိလေသာတွေမရှိ၊ လူတွေမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်မရှိ၊ ဗုဒ္ဓဘုရားမှာရှိသည်။ ထို့ကြောင့် ဘုရားနဲ့ လူတွေနဲ့ မကွာလား၊ ကွာ၏။ ဗုဒ္ဓဘုရားသည် လူတွေထက် မထူးဘူးလား၊ မတော်ဘူးလား၊ မသာဘူးလား။ လူတွေထက်ထူး၏၊ တော်၏၊ သာ၏။ သို့ဆိုလျှင် ကိုယ်ထက်တော်တဲ့လူကို ပူဇော်ခြင်း၊ တော်တဲ့သဘာဝအရ ဗုဒ္ဓဂေါတမဘုရားမှာ 'အရဟံ' (ပူဇော်ခံထိုက်ခြင်း)ဆိုတဲ့ ဂုဏ်တော်ကို အလိုလိုရလေတော့သည်။

ဗုဒ္ဓဘုရား အနေနှင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ဘယ်လိုရသလဲဟု စိစစ်ကြည့်သောအခါ ဘယ်ဆရာကသင်ပေးလို့မှ ရတာမဟုတ်ဘူး။ သူကိုယ်တိုင် သူ့အစွမ်း သူ့အစနဲ့ ရတာ၊ ရတဲ့အသိဉာဏ်ကလဲ မှန်ကန်တဲ့အသိဉာဏ်၊ မှားတဲ့အသိဉာဏ်မျိုးမဟုတ်၊ ဒါကို ပါဠိလို ပြောသောအခါ 'သမ္မာသမ္ဗုဒ္ဓ'လို့ ဖြစ်လာ၏။ 'သမ္မာ'က'မှန်တာ' 'သံ'က 'ကိုယ်တိုင်' 'ဗုဒ္ဓ'က 'သိတာ၊ ပွင့်တာ'ပေါ့။

နောက် ဗုဒ္ဓဘုရားကို စိစစ်ကြည့်တဲ့အခါ သူ့မှာ 'ဝိဇ္ဇာ'နှင့် 'စရဏ'ပြည့်စုံတာ တွေ့ရပြန်သည်။ 'ဝိဇ္ဇာ'ဆိုတာက 'ဉာဏ်'၊ 'စရဏ' ဆိုတာက ကိုယ်ကျင့်တရားဖြစ်ပါသည်။

ဝိဇ္ဇာဉာဏ် က တစ်နည်း (၃)ပါး၊ တစ်နည်း (၈)ပါးရှိ၏။

ဝိဇ္ဇာသုံးပါးက—

၁။ ရှေးဘဝ ရှေးခန္ဓာကို သိသောဉာဏ်၊
၂။ နတ်မျက်စိလိုမြင်နိုင်တဲ့ဉာဏ်၊
၃။ ကိလေသာအာသဝေါကို ကုန်စေတဲ့ဉာဏ် ဖြစ်ပါသည်။

ဝိဇ္ဇာရှစ်ပါးဆိုလျှင်—

၁။ ရှေးဘဝရှေးခန္ဓာကို ကြည့်မြင်နိုင်သောဉာဏ်၊
၂။ နတ်မျက်စိလို သိမြင်သောဉာဏ်၊
၃။ အရဟတ္တမဂ်ဉာဏ်၊
၄။ တန်ခိုးဖန်ဆင်းနိုင်သောဉာဏ်၊
၅။ နတ်နားလို ကြားနိုင်သောဉာဏ်၊
၆။ သူတစ်ထူးစိတ်ကိုသိသောဉာဏ်၊
၇။ စိတ်သွားတိုင်းကိုယ်ပါ လိုရာပြည့်စုံသောဉာဏ်၊
၈။ ဝိပဿနာဉာဏ်၊

ဤ(၈)မျိုးဖြစ်၏။

'စရဏ'အကျင့်တရားကတော့ သီလ၊ ဣန္ဒြေတော်ထိန်းမှု၊ အစားအသောက်၌ အတိုင်းအရှည်ဖြင့် စားခြင်း၊ နိုးကြားမှုရှိခြင်း၊ သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဗဟုသစ္စ၊ ဝီရိယ၊ ပညာ၊ ဈာန်(၄)ပါး၊ ပေါင်း (၁၅)ပါးဖြစ်၏။

ဗုဒ္ဓဘုရားကို စိစစ်ကြည့်လျှင် ဆိုခဲ့ပါ ဝိဇ္ဇာဉာဏ်နှင့်လည်းပြည့်စုံကြောင်း၊ ဆိုခဲ့ပါ စရဏအကျင့်နှင့်လည်း ပြည့်စုံကြောင်း သိနိုင်ပေ၏။ ကျွန်ုပ်တို့သိနိုင်သည့်နည်းမှာ ဗုဒ္ဓဝင်ခေါ် ဗုဒ္ဓဘဝဖြစ်ရပ်များကို လေ့လာ၍ လည်းကောင်း၊ ဗုဒ္ဓပိဋကတ် စာပေကို ဆည်းပူးပြီး စိစစ်၍လည်းကောင်း ဗုဒ္ဓရှင်တော်မှာ ဝိဇ္ဇာ,စရဏနှင့် ပြည့်စုံကြောင်း သိနိုင်ပေသည်။

သို့ဖြစ်၍ ဗုဒ္ဓရှင်တော်ဘုရားမှာ'ဝိဇ္ဇာစရဏ သမ္ပန္နော'ဆိုသောဂုဏ်ကို အလိုလိုရပြန်လေသည်။

(ကျန်သော သုဂတဂုဏ်၊ လောကဝိဒူဂုဏ်၊ အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်၊ သတ္ထာဒေဝမနုဿာနဂုဏ်၊ ဗုဒ္ဓဂုဏ်၊

ဘဂဝါဂုဏ်တို့ကို စာရှုသူကိုယ်တိုင် ပညာဗဟုသုတရှိသလောက် ဆက်စဉ်းစားပါလေ)။

ဤဂုဏ်တို့ကို စိစစ်တွေးကြည့်လျှင် ဘယ်ဘုရင်ကမှ ပေးထားသော ဂုဏ်မျိုးလည်းမဟုတ်၊ မိမိကိုကြည်ညိုတဲ့ နောင်လာနောက်သားတပည့် သာဝကကြီးတွေက ပေးထားတဲ့ ဂုဏ်လည်းမဟုတ်၊ ဘယ်အသင်းအဖွဲ့ကမှ ပေးထားသော ဂုဏ်တွေလည်းမဟုတ်၊ လိမ်ယူထားသော, မရှိတာကို အရှိလုပ်ထားသော ဂုဏ်တွေလည်းမဟုတ်၊ဗုဒ္ဓဘုရားမှာရှိသော ဉာဏ်တွေကြောင့်ရတဲ့ သဘာဝဂုဏ်ဖြစ်ကြောင်း သိရပါသည်။

နောက်ပြီး ဗုဒ္ဓ၏ဂုဏ်တို့ကို တစ်ခုစီ စိစစ်ကြည့်ပါကလည်း လ, တွေ နေတွေ ကြယ်တာရာတွေကို ဖန်ဆင်းခြင်း၊ မဟာသမုဒ္ဒရာကြီးကို ဖန်ဆင်းခြင်း၊ လူတွေတိရစ္ဆာန်တွေကို ဖန်ဆင်းခြင်း၊ လူတွေကို ဆင်းရဲအောင် လုပ်ခြင်း၊ ချမ်းသာအောင်လုပ်ခြင်း၊လူတွေကို သတ်ပစ်နိုင်ခြင်း၊ ကယ်တင်နိုင်ခြင်း စသော ဂုဏ်မျိုးတွေ မပါတာကိုလည်း တွေ့ရပေမည်။

ရွှေကို လုံထဲထည့်ပြီး အကြိမ်ကြိမ် မီးရှို့ဖိုထိုးပစ်တဲ့အခါ အညစ်အကြေးတွေစင်သွားလေလေ ရွှေ၏အလေးချိန် ပိုစီးလာပြီး အရောင်အသွေး ပိုတောက်လာလေလေ ဖြစ်သလို သိဒ္ဓတ္ထဘုရားအလောင်းဘဝက ရှိခဲ့သော အကုသိုလ်ကိလေသာ အညစ်အကြေးတွေကို ဝိပဿနာလုံထဲ ထည့်ပြီး မဂ်မီး ဖိုလ်မီးနဲ့ ရှို့ပစ်လိုက်တဲ့အခါ စိတ်တော် အစဉ်သည် ကြည်လင်ခြင်းမက ကြည်လင်လာပြီး ဉာဏ်ထူးတွေရ၊ အမြင်အကြားတွေရ စသည်ဖြင့် ထူးကဲသော ဖြစ်ရပ်တွေ သူ့ဟာသူ ပေါ်လာခြင်းသာ ဖြစ်သည်။

ဗုဒ္ဓဘုရားမှာ လောဘ၊ ဒေါသ စသော ကိလေသာတွေ ကင်းခြင်း၊ ဉာဏ်ထူးတွေ ရှိခြင်းဆိုသည်ကို ဤစာဖတ်ရုံနှင့် ဘဝင်မကျနိုင်သေးလျှင် ပိဋကတ်ကျမ်းဂန်များကို ဖတ်ပါ၊ ဖတ်ရင်း စဉ်းစားသွားပါ၊ ဒီတရားမျိုးဆိုရင် ဘယ်လောက်ဉာဏ်ကြီးတဲ့သူမှ ဟောနိုင်မှာဘဲ၊ ဒီလိုဖြစ်ရပ်မျိုးကြုံရင် ငါတို့လို ကိလေသာ မကင်းသေးသူဖြစ်က ခံနိုင်မှာမဟုတ်ဘူး စသည်ဖြင့် မိမိနှင့်ချိန်ဆချိန်ဆပြီး လေ့လာပါ၊ ဤလိုလေ့လာလျှင် တော်တော်ရှင်းသွားပါလိမ့်မည်။

ယခု ဗုဒ္ဓဘုရားကိုယုံမှ သဒ္ဓါအစစ်၊ ကုသိုလ်သဒ္ဓါဖြစ်တယ်ဆိုသည်နှင့် ပြန်ဟပ်ကြစို့၊ ကုသိုလ်ဆိုတာက အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်းဆိုတဲ့ လက္ခဏာနှစ်ရပ်ရှိကြောင်း ယခင်သိပ္ပံမဂ္ဂဇင်းဆောင်းပါးတွေမှာ ရေးခဲ့ပြီးပါပြီ။

ကိလေသာကင်းသော ဉာဏ်(၁၀)ပါး၊ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော ဗုဒ္ဓဘုရားကို ဘုရားပဲလို့ ယုံလျှင် အပြစ် ကင်းပါသလား၊ လောဘအပြစ်၊ ဒေါသအပြစ်၊ မောဟအပြစ် ရှိပါသလား၊ မရှိပါ။ အပြစ်ကင်းသော ဘုရား၊ ကိလေသာကင်းသောဘုရားကိုသက်ဝင်ယုံကြည်မှုသည် ကောင်းကျိုးကို ဖြစ်စေနိုင်သလား၊ ဖြစ်နိုင်၏။ အဘယ့်ကြောင့်နည်း၊ မိမိယုံကြည်တဲ့ဘုရားကိုက အပြစ်ကင်းတဲ့ ဘုရားဖြစ်၍ အပြစ်ကင်းသော ဘုရားကို ယုံကြည်သည့်အတွက် အကျိုးရှိနိုင်ခြင်း ဖြစ်ပေသည်။

အပြစ်ကင်းခြင်း၊ ကောင်းကျိုးကို ဖြစ်စေနိုင်ခြင်းဆိုတဲ့ လက္ခဏာနှစ်ပါးနှင့် ပြည့်စုံတာကို 'ကုသိုလ်'ဟု ခေါ်ကြောင်း ပြောခဲ့ပါပြီ။

ထို့ကြောင့် ဗုဒ္ဓဘုရားကို ဘုရားအစစ်ပဲလို့ သက်ဝင်ယုံကြည်မှုသည် ကုသိုလ်သဒ္ဓါအစစ် ဖြစ်သည်မဟုတ်ပါလား။

အခြားဘုရားကို မယုံရဘူးဟု မဆိုပါ၊ သို့သော် ဗုဒ္ဓဘုရားကို သက်ဝင်ယုံကြည်မှုသာ အပြစ်ကင်းပြီး ကောင်းကျိုးပေးတဲ့ သဒ္ဓါစစ်ဖြစ်သည်ဟု ကျမ်းဂန်များက ဆိုခြင်းဖြစ်ပါသည်။

ပါဠိတော်တွေကို လေ့လာကြည့်လျှင် ဘုရားရှင် ကိုယ်တိုင်က 'သဒ္ဒဟသိ တထာဂဿ ဗောဓိံ'ဟု မေးတတ်တာကိုတွေ့ရပါသည်။ ငါဘုရား၏ ဂုဏ်တော်များကို သက်ဝင်ယုံကြည်ရဲ့မဟုတ်လားလို့ မေးခြင်းဖြစ်ပါ၏၊ ထို့ကြောင့် ဗုဒ္ဓဘုရားကို သက်ဝင်ယုံကြည်မှုမျိုးသည်သာ ယုံကြည်မှုအမှန်၊ သဒ္ဓါစစ် သဒ္ဓါမှန်ဖြစ်ကြောင်း သိရပါသည်။

လူသားတစ်ဦးသည် ဗုဒ္ဓဘုရားအပေါ် သက်ဝင် ယုံကြည်သည်ဆိုလျှင် ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံ ခိုင်လုံလေပြီ၊ သို့သော် ယုံကြည်သည့်အတိုင်း (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)ဟု ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်မှ ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်လာပေသည်၊ သို့သော် ခုလို ယုံကြည်မှုသည် နေ့စဉ် သာမန်ယုံကြည်မှုအဆင့်၌ပင်ရှိ၏၊

အထူးကား ဗုဒ္ဓဘုရားအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်ပြီ ဆိုလျှင်ကား ထိုသူသည် သောတာပန် ဖြစ်လေသည်။ မည်သို့သော ဆန့်ကျင်ဘက်တို့က ဖျက်သည်ဖြစ်စေ၊ အသက်စွန့်ရလေသော်လည်း မတုန်လှုပ်၊ ယုံကြည်မှု တည်ငြိမ်ခိုင်မာသွားပြီဆိုလျှင် ထိုသူအဖို့ အပါယ်တံခါး ပိတ်လေပြီ၊ နိဗ္ဗာန်တံခါး ပွင့်သွားလေပြီ။

ပါဠိလိုကတော့ 'ဗုဒ္ဓေ အဝေစ္စ ပသန္နေန'၊ 'ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်မှု' ဖြစ်ပါ၏။

ဗုဒ္ဓဘုရားအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်မှုသည် သောတာပန်၏ လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် လူတစ်ဦးသည် သောတာပတ္တိမဂ်ဉာဏ်ကို ရပြီ၊ သောတာပန်ဖြစ်ပြီဆိုလျှင် ဗုဒ္ဓဘုရားကို မတုန်မလှုပ် သက်ဝင် ယုံကြည်လေတော့သည်။ တခြား ဘယ်ဘုရားဆိုသည်ကိုမှ လက်သင့်မခံတော့ပါ။ ခေတ်စကားနှင့် ပြောရလျှင် ကုပ်ပေါ်မှာ ခေါင်းဝဲဦးတော့ ဗုဒ္ဓဘာသာကို မစွန့်တော့ဘူး၊ တခြား ဘာသာထဲမဝင်တော့ဘူး။

ဗုဒ္ဓဘုရားအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်သွားသည့်အဆင့် ရောက်လျှင် အပါယ်တံခါးပိတ် သောတာပန်ဖြစ်နိုင်သည်ကို ထောက်ရှု၍ ဗုဒ္ဓဘုရားကို သက်ဝင်ယုံကြည်မှု သဒ္ဓါအစစ်ဖြစ်သည်ဟူသော သတ်မှတ်ချက်သည် ကိုယ့်ဘာသာကိုယ်စွဲ ပြောထားသော သာမန်စကားမဟုတ်၊ သဘာဝ မြေခံရေခံမှ အခြေအမြစ်ရှိရှိ ပေါ်ထွက်လာသော စကားဖြစ်သည်ဟု ပညာရှိများ ဆင်ခြင်နိုင်လောက်ပြီ။

နှစ်ဖက်လှ
၁၉၈၇-ခု၊ ဖေဖော်ဝါရီလ။

# ဗိုလ်လောကတွင် ရှုပ်နေသော သဘာဝတရားများ

သဒ္ဓါယုံကြည်မှုကိစ္စသည် ဘဝရေးရာတွင်အရေးပါသည့် သဘော တရားဖြစ်သည့် အတွက် သဒ္ဓါအကြောင်းပြောရင်း စကား ကျယ်ပွား သွားပါသည်။ ယခု ဗိုလ်အကြောင်းကို ပြန်ဆက်ပါမည်။

ဆန့်ကျင်ဘက် တို့က တွန်းလို့၊ နှဲ့လို့၊ ခြောက်လို့၊ လှန့်လို့၊ တိုက်လို့၊ ခိုက်လို့မရ၊ မတုန်မလှုပ် ကြံ့ခိုင်သည့်အဆင့်ကို 'ဗိုလ်' ဟု သတ်မှတ်ကြောင်း သိခဲ့ရပါပြီ။

ယုံကြည်ချက်တစ်ရပ်ကို စွဲကိုင်ထားပြီဆိုလျှင် မယုံကြည်အောင်၊ ယုံကြည်ချက် ပျက်ပြားသွားအောင် အနုနည်း၊ အကြမ်းနည်းဖြင့် ဘယ်လို ဖျက်လို့မှ မရနိုင်တော့သည့် ယုံကြည်မှုမျိုးကို သဒ္ဓါဗိုလ် (၀၁) ခွန်အား ရှိသော ယုံကြည်မှုဟုဆိုရ၏။

သတိဗိုလ်စသည်တို့၌လည်း ဤနည်းတူပင် ဖြစ်၏။

မည်ကဲ့သို့သော ဘေးအန္တရာယ်မျိုး ကြုံရစေကာမူ သတိမလွတ် ဘူးဆိုလျှင် ထိုသတိသည် သာမန်သတိမဟုတ်တော့၊ သတိဗိုလ်ဖြစ်လေပြီ။

ဥပမာ... မီးလောင်သောအခါမျိုး ကြုံရကြုံရ၊ သဘောနစ်သည့် ဘေး တွေ့ရတွေ့ရ၊ ခြင်္သေ့, သစ်, ကျားတို့နှင့်ရင်ဆိုင် တိုးရတိုးရ၊ ရောဂါဝေဒနာဖိစီးနှိပ်စက် ခံရခံရ၊ အလုပ်တွေဘယ်လောက်များများ သတိမလွတ်၊ လုပ်သင့်တာကိုလုပ်ဖြစ်သည်၊ အမှတ်ရသင့်တာကို မလွတ် တမ်း အမှတ်ရသည်ဆိုလျှင် ထိုသူ၏ သတိကောင်းခြင်းသည် သာမန် မဟုတ်၊ သတိဗိုလ်အဆင့်ရနေပြီဟု သိရန်ဖြစ်ပေသည်။

ထိုနည်းတူ ပညာဗိုလ်နှင့် ပတ်သက်၍လည်း စဉ်းစားနိုင်သည်။ ပညာနှင့် ပညာဗိုလ် ကွာခြားချက်ကို နားလည်သင့်၏။ သောကတွေ များလို့၊ အလုပ်တွေရှုပ်လို့၊ ဉာဏ်တွေ ထုံလာသည်ဆိုလျှင် သာမန်ပညာ အဆင့်သာဟုသိအပ်၏။ ပညာသည် ခွန်အားရှိသောပညာ (ဝါ) ပညာ ဗိုလ်ဖြစ်လာမှုကား အိပ်ရာကနိုးမေးဦးတော့ တန်းခနဲ သိမြင်ပြောဆို နိုင်ပေသည်။

ရှေးအခါက ဘုန်းတော်ကြီးကျောင်း ပညာရေး စနစ်တွင် ပညာစမ်းရာ၌ ရေထဲဆွဲနှစ်ပြီး ရေပေါ်ပေါ်လာတာနှင့် ပြဿနာကို မေး၍ ချက်ခြင်းဖြေခိုင်း၏။ အိပ်ကောင်းတုန်းနိုးပြီး စာမေး၏။ ဤသို့ မေးသော်လည်း မိမိတတ်သည့် ပညာကို မဆိုင်းမတွ ဖြေဆိုနိုင်လျှင် သူ၏ပညာသည် ခွန်အားရှိသော ပညာဖြစ်နေကြောင်း (ဝါ) ပညာ ဗိုလ်အဆင့်ရောက်နေကြောင်း သိရပေသည်။

ဆိုခဲ့ပါ ယုံကြည်မှု 'သဒ္ဓါ'၊ အမှတ်ရမှု 'သတိ'၊ သိမြင်မှု 'ပညာ' တို့နှင့်ပတ်သက်၍ သဒ္ဓါတု၊ သတိတု၊ ပညာတုတို့၏ သဘော သဘာဝကိုလည်း သိထားသင့်သေး၏။

အစစ်အမှန် မဟုတ်ဘဲ သူတစ်ပါးက လိမ်ပြောတာ၊ လိမ်ပြီး ပြတာတွေကိုယုံလျှင် သဒ္ဓါအတုသာ ဖြစ်၏။ 'လိမ်ပြောခြင်း' ဆိုသည့် စကားသုံးလုံးသည် အနက်အဓိပ္ပာယ် ကျယ်ဝန်း လှ၏။ ကလေးချင်း လိမ်ပြောတာအစ၊ လူကြီးချင်း လိမ်ကြတာ အလယ်၊ ဘာသာရေး လိမ်ခြင်းအဆုံး အားလုံးကို ယုံကြည်လက်ခံရာ၌ သဒ္ဓါအတုပင် ဖြစ်ပေ သည်။

သားသမီးကလိမ်ပြောသည်ကိုယုံသော မိဘ၊ စိန်တု၊ ကျောက်တု၊ ဘိုးတော်တု စသည်တို့ ယုံသောသူ၊ ဓာတ်တော်အတု၊ စွယ်တော်အတု စသည်တို့ကို ယုံသောသူ စသည်တို့မှာ သဒ္ဓါအတုတွေသာ ဖြစ်လေ၏။ သဒ္ဓါအတုတွေကို အဘိဓမ္မာ ပြင်ပလောက၌ ယုံကြည်ချက် အစစ်ဟု ထင်မှတ်နေကြပေသည်။

စင်စစ် 'သဒ္ဓါအတု' ဆိုသည်မှာ 'မိစ္ဆာဓိမောက္ခ' ဟုခေါ်သော 'မှားယွင်းသော ဆုံးဖြတ်ချက်' သာ ဖြစ်ပေသည်။ ယင်းသဒ္ဓါအတု (ဝါ) မှားယွင်းသောဆုံးဖြတ်ချက်ကို အဘိဓမ္မာကျကျ သဘာဝတရားကိုယ်ကို ရှာသော် ဒိဋ္ဌိနှင့် မောဟအရင်းခံသော အကုသိုလ်စိတ်ကိုသာ တွေ့ရ

ပေသည်။ တစ်နည်းပြောရလျှင် ယုံရမှာကို ယုံမိမှားလေသမျှ မသိမှု မောဟနှင့် အမြင်မှားမှုဒိဋ္ဌိ၏လက်ချက်ပင် ဖြစ်ပေသည်။ သဒ္ဓါယုံကြည်မှု မဟုတ်ပေ။

ဤတွင် စောဒကတက်စရာ တစ်ချက်ရှိ၏။ ခေတ်တော်အတုကို ဘုရားရှင်၏ ခေတ်တော်အစစ်ပဲလို့ ယုံကြည်ပြီး ပူဇော်တော့ကော ကုသိုလ် မရဘူးလား၊ ငရဲကြီး ရမှာလားဟု စောဒက တက်နိုင်ပေသည်။

ဤတွင် ယုံတာက တစ်ပိုင်း၊ ပူဇော်တာက တစ်ပိုင်း၊ နှစ်ပိုင်း ခွဲရပေမည်။ မဟုတ်တာကိုယုံတာကတော့ မောဟ (အမှန်မသိမှု) ပင် ဖြစ်ပါသည်။ အကုသိုလ်ပါ။ သို့သော် အတုကို အစစ်ထင်ပြီးသည့်နောက် အစစ်၏ ဂုဏ်တော်တွေကို ကြည်ညိုပြီး ပူဇော်တာကတော့ ကုသိုလ် ဖြစ်ပါသည်။ ဤကိစ္စတွင် ပဋ္ဌာန်းဆက်နှင့် ချကြည့်ပါက (အကုသလော ကုသလဿ) အကုသိုလ်ကိုအကြောင်းပြုပြီး ကုသိုလ်ဖြစ်ရသည့်သဘော ပါ။ ဒါမျိုးတွေများစွာရှိပါသည်။

သတိမှာလည်း ဗုဒ္ဓဘုရား တရား သံဃာစသည်တို့နှင့်စပ်လျဉ်း၍ အမှတ်ရမှသာ သတိအစစ်ဖြစ်၏။ သတ်ခဲ့တာ၊ ခိုးခဲ့တာ၊ မတရား လုပ်ခဲ့တာတွေကို ပြန်လည်အမှတ်ရခြင်းမှာ သတိအစစ်မဟုတ်။ သတိ အတုသာ ဖြစ်၏။ သတိအတုကို 'မိစ္ဆာသတိ' ဟု ခေါ်၏။ မူလတရား ကိုယ်ကား ခိုင်မြဲသော အမှတ်သညာ ပြဋ္ဌာန်းသည့် အကုသိုလ်စိတ် (လောဘစိတ်၊ ဒေါသစိတ်) တို့သာ ဖြစ်ပေသည်။

ပညာမှာလည်း အစစ်၊ အတု နှစ်မျိုး ရှိ၏။ ပညာ စစ်လျှင် ကုသိုလ်သဘာဝသာဖြစ်၏။ သို့သော် လှည့်ပတ်တတ်မှု၊ စူးစူးစိုက်စိုက် ကြံစည်တတ်မှုစသည်တို့ကား ကုသိုလ်ပညာ မဟုတ်ပေ။ ပါဠိသုံးတွင် 'ဝဉ္စနာ' ဟု ခေါ်ပါသည်။

ဝဉ္စနာပညာ ဆိုသည်ကား လှည့်စားဉာဏ်ပင် ဖြစ်၏။ အဘိဓမ္မာ အရပြောရလျှင် တဏှာပြဋ္ဌာန်းသော စိတ်ပင် ဖြစ်လေသည်။

မိမိအား ဘေးအန္တရာယ် ပြုမည့်သူ အပေါ် အလိမ္မာဖက်ပြီး ချက်ပိုင်ပိုင် ပြန်လည် လုပ်ကြံခြင်း မျိုးတွင် ကြံစည်ရ၊ တွေးတောရ၊ ဟန်ဆောင်ရမှု အစုစုကို အဘိဓမ္မာ၏ အမြင်လောကဥ္မမှု အကြံပိုင်

သည်၊ ဉာဏ်ရှိသည်ဟု ဆိုကြ၏။ သို့သော် အဘိဓမ္မာအမြင်အားဖြင့်မူကား ဝိတက်ဦးဆောင်သည့် အကုသိုလ်စိတ်များသာ ဖြစ်လေသည်။

ယခုခေတ်တွင် သူတစ်ပါးကိုဖျက်ဆီးဖို့ အစွမ်းထက်သော လက်နက်ကြီးများကို ကြံစည်ပြုလုပ်နေကြ၏။ ထိုသူတို့ကို သိပ္ပံပညာရှင်ဟု ခေါ်ကြ၏။ သို့သော် သူတကာပျက်စီးဖို့ ရှေ့ရှုဆောင်ရွက်မှု၌ ကုသိုလ်ပညာအစစ် မဖြစ်နိုင်ပေ။ အမှန်အားဖြင့် ပညာကဲ့သို့ အစွမ်းထက်မြက်စွာ ကြံစည်တတ်သော အကုသိုလ်ဝိတက်သာ ဖြစ်ပေရာသည်။

လူသားတို့၏ ရောဂါဝေဒနာများကို ကုစားဖို့၊ လူလောကချမ်းသာဖို့ ရည်ရွယ်ပြီး ကြံစည်အားထုတ်ရာတွင်မူ ကုသိုလ်ပညာဖြစ်ရာ၏။ သို့သော် ကြွက်၊ ယုံ၊ မျောက် စသည့် တိရစ္ဆာန်သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲပြီး သုတေသန ပြုလုပ်ရာ၌မူ လုပ်ငန်း အလိုက်သာ အဘိဓမ္မာတပ်ရပေမည်။

မည်သို့ဖြစ်စေ လူ၏ခန္ဓာကိုယ်သည် ရုပ်နှင့်နာမ် ယှဉ်တွဲတည်ဖြစ်နေရသကဲ့သို့ ကုသိုလ်နှင့်အကုသိုလ်သည်လည်း ပိုက်ဆံပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ ထင်ဟပ်ဖြစ်ပေါ်တတ်မြဲဖြစ်၏။ ပုထုဇဉ်လောကမှာ အကုသိုလ်ကင်းပြီး ကုသိုလ်ချည်းဖြစ်ချင်၍ မရစကောင်း၊ အကုသိုလ်ချည်းဖြစ်ပစေဆို၍လည်း မဖြစ်။

စင်စစ် ဘုရားရဟန္တာဖြစ်မှသာ ကုသိုလ်နှင့်အကုသိုလ် လုံးဝကင်းနိုင်ပေသည်။ ကုသိုလ်ရော အကုသိုလ်ကိုပါ စွန့်ပယ်နိုင်ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့မှာ သဒ္ဓါအစစ်ဖြစ်သည့်အခါလည်းဖြစ်၏။ သဒ္ဓါအတုဖြစ်သည့်အခါလည်း ဖြစ်၏။ ထိုနည်းတူ ကုသိုလ်သတိအစစ်၊ ကုသိုလ်မဟုတ်သောအမှတ်ရမှု၊ သတိအတုလည်း ဖြစ်၏။ ပညာအစစ်ကုသိုလ်ဖြစ်သလို ပညာတုပညာယောင်ဖြင့် ဆောင်ရွက်နေရသည်လည်း ရှိပေသည်။

ဤကဲ့သို့ မိမိတို့မှာဖြစ်ပေါ်သော တရားသဘာဝတို့ကို လေးလေးနက်နက် ခြေခြေမြစ်မြစ် စိစစ်သိရှိနိုင်ခြင်းသည်ကား အတိဂမ္ဘီရနည်းပညာဟုခေါ်နိုင်သော ဗုဒ္ဓအဘိဓမ္မာပညာ၏ ကျေးဇူးဖြစ်ကြောင်း သိပြုအပ်ပါသည်။

နွှစ်ဖက်လှ
၁၉၇၇-ခု၊ မတ်လ။

ဟိ-န်-း-ဝိ-း-ေ-ဖ-ာ-င်-စ-ဉ်-(-၂၀-)

# ဟိရိဗိုလ် နှင့် ဩတ္တပ္ပဗိုလ်

ယခုလတွင် 'ဟိရိဗိုလ်'နှင့် 'ဩတ္တပ္ပဗိုလ်' အကြောင်း ဆက်ပါမည်။

ဟိရိနှင့်ဩတ္တပ္ပသည် စိတ်ကိုမှီ၍ စိတ်နှင့်ယှဉ်၍ဖြစ်ရသော စေတသိက်သဘာဝများ ဖြစ်ကြ၏။ ဟိရိနှင့်ဩတ္တပ္ပသည် အခြေခံတူ၏။ သို့သော် အခြင်းအရာကွဲပြားလေသည်။ ထို့ကြောင့်ပင် သဘာဝနှစ်မျိုး အဖြစ် ခွဲခြားဖော်ပြထားခြင်းဖြစ်ပေသည်။

ဟိရိနှင့်ဩတ္တပ္ပသည် 'မကောင်းမှု'ကိုအခြေခံ၍ မကောင်းမှုပြုလုပ်ရမှာကို စက်ဆုပ်ရွံရှာသည့်သဘော၊ ရှက်နိုးသည့်သဘောကို 'ဟိရိ' ဟု သတ်မှတ်၏၊ မကောင်းမှု ပြုလုပ်ရမှာ ကြောက်ရွံ့ထိတ်လန့်သည့် သဘောကိုမူ 'ဩတ္တပ္ပ'ဟု ခေါ်ပေသည်။

ဤတွင် 'မကောင်းမှု'ဆိုသည်မှာ ပါဏာတိပါတ (သူ့အသက်သတ်ခြင်း)စသော ဒုစရိုက်ဆယ်မျိုးသာမက လူကောင်း၊ ရှင်ကောင်း အနေဖြင့် မလုပ်သင့် မလုပ်ထိုက်သော ယဉ်ကျေးမှုပြစ်မှုများကိုပါ ဆိုလိုသည်။ ဥပမာ–ဝတ်လစ်စလစ်နေမှု၊ လူမြင်ကွင်းမှာ အပေါ့အလေး စွန့်မှု၊ လာဘ်ပေးလာဘ်ယူပြုလုပ်မှု၊ အဂတိလိုက်စားမှု စသည်မျိုး ဖြစ်ပေသည်။

မိမိကိုယ်ကို တန်ဖိုးထားပြီး ကိုယ့်ကိုယ်ကို ကိုယ်လေးစားပြီး မကောင်းမှုမှ ရှက်တတ်သည့် သဘောလက္ခဏာသည် 'ဟိရိ'တည်း။ ပတ်ဝန်းကျင်ကိုလေးစားပြီး မကောင်းမှုပြုရမှာ ထိတ်လန့်ရွံ့စိုးသည့် သဘောလက္ခဏာသည် 'ဩတ္တပ္ပ'တည်း။

ဟိရိဂုဏ်နှင့်ပြည့်စုံရန်အတွက် မိမိကိုယ်ကို အခြေခံစဉ်းစားရာ၌ မျိုးရိုး ဇာတိ အသက်အရွယ် စွမ်းရည်သတ္တိ ပညာဗဟုသုတ စသည်တို့မှာ အခိကဖြစ်ပေသည်။ ငါလိုမျိုးကောင်းရိုးကောင်း မိကောင်းဖခင်သားသမီးတစ်ယောက်အနေနှင့် ဒီလိုအောက်တန်းကျတဲ့ အပြုအမူမျိုးကို မပြုထိုက်ဘူးဟု ဇာတိမာန်သွင်းပြီး မကောင်းမှုမှရှောင်လျှင် ဟိရိဖြစ်၏။ ဒီကိစ္စမျိုးဟာ ကလေးသူငယ်တွေ အလုပ်ပဲ၊ ငါလိုလူကြီးတစ်ယောက်ကတော့ မပြုထိုက်ဘူးဟု မိမိ၏ အသက်အရွယ်ကိုအခြေခံပြီး မကောင်းမှုမှရှောင်၏။ ကြောက်တတ်တဲ့လူကို မျက်စိဖြဲခြောက်သလို အလွန်နိမ့်ကျတဲ့သူ့အပေါ် အနိုင်ကျင့်ခြင်းဟာ ငါလိုသူရသတ္တိရှိသူမျိုးရဲ့ အလုပ်မဟုတ်ဘူး၊ ဒီလို အရှူးချီးပန်းစကားမျိုးပြောတာဟာ ငါလိုပညာဗဟုသုတရှိသူအတွက် မလျော်ဘူး စသည်ဖြင့် တွေးတောဆင်ခြင်မှုသည် ဟိရိ၏လက္ခဏာများ ဖြစ်ပေသည်။

ထို့ပြင် ငါလိုနိုင်ငံတော်၏ ရာကြီးထူးကြီးတာဝန်ကြီးကို ထမ်းဆောင်နေတဲ့သူဟာ လာဘ်စားလို့မတော်ဘူး၊ ငါလိုသက်န်းဝတ်ထားတဲ့ ရဟန်းတစ်ပါးဟာ အဂတိလိုက်စားပြီး ဆုံးဖြတ်ဖို့မသင့်ဘူး စသည်ဖြင့်' မိမိကိုယ်ကို (အဇ္ဈတ္တ)ကို အခြေခံစဉ်းစားပြီး မကောင်းမှုပြုရမှာ ရှက်လေသမျှ-'ဟိရိ' (ဂုဏ်တက်မှု)ဖြစ်ပေသည်။ မကောင်းမှုကို ရှက်တတ်လျှင် ကုသိုလ်ဖြစ်ပေသည်။

သြတ္တပ္ပဂုဏ်နှင့်ပြည့်စုံရန်မှာ ပတ်ဝန်းကျင်, လူတွေ, နတ်တွေ, ဥပဒေတွေစသည်ကို ကြောက်ရွံ့ဖို့လိုသည်။ ဒီမကောင်းမှုကို ငါလုပ်လိုက်ရင် လူတွေက ကဲ့ရဲ့ ကြတော့မယ်၊ လူမသိရင်တောင် နတ်သိမှာပဲ၊ နောက်ပြီး အပြစ်ပေါ်ရင် ဥပဒေက အရေးယူခံရဦးမယ် စသည်ဖြင့် ပတ်ဝန်းကျင် လောကကို ရွံ့စိုးထိတ်လန့်၍ မကောင်းမှု မပြုလုပ်ဘဲ ရှောင်ကြဉ်လျှင် သြတ္တပ္ပ ဖြစ်လေသည်။

ပါဠိကျမ်းဂန်ပေါင်း (၂၀) ကျော် ရေးသားပြုစု ထားရစ်ခဲ့သည့် ရှင်မဟာဗုဒ္ဓဃောသ ဆရာကြီးက သိလွယ်မြင်လွယ်အောင် ဟိရိကို အမျိုးကောင်း သမီးနှင့် ဥပမာပေးခဲ့၏။ သြတ္တပ္ပကို ပြည့်တန်ဆာနှင့် ဥပမာပြုပြခဲ့၏။ အမျိုးကောင်း သမီးသည် မိမိကိုယ်ကို တန်ဖိုးထားပြီး ယောကျာ်းတစ်ပါး၏ ကျူးလွန်မှုကို မခံ၊ ဖောက်ပြန်မှုသည် ရှက်စရာကြီးဟုသဘောထားပြီး မကောင်းမှုကိုရှောင်သည်။ ပြည့်တန်ဆာသည်

ကိုယ်ဝန်ရသွားလျှင် ယောကျ်ားတွေက သူ့ကိုကြိုက်မှာ မဟုတ်တော့ဟု စိုးရိမ်၍ ကိုယ်ဝန်အရ မခံ၊ ကိုယ်ဝန်ရမည့်အဖြစ်ကို ရှောင်၏။

အမျိုးကောင်း သမီး၏ စဉ်းစားမှုမှာ မိမိကိုယ်ကို အခြေခံ၍ စဉ်းစား၏။ ပြည့်တန်ဆာ၏ စဉ်းစားမှုမှာ ပတ်ဝန်းကျင် (ပြင်ပ) ကို အခြေခံ၍ စဉ်းစား၏။ ထို့ကြောင့် အမျိုးကောင်းသမီးမှာ ဟိရိဖြစ်ပြီး ပြည့်တန်ဆာမှာ ဩတ္တပ္ပ ဖြစ်လေသည်။

ကျွန်ုပ်တို့ နေ့စဉ် လက်တွေ့ဘဝမှာမူ လူတစ်ဦးတည်း၌ ဟိရိဖြစ်သည့်အခါလည်းဖြစ်၏၊ ဩတ္တပ္ပဖြစ်သည့် အခါလည်းဖြစ်၏။ ဟိရိရော၊ ဩတ္တပ္ပရော နှစ်မျိုးလုံး ဖြစ်သည့်အခါလည်း ဖြစ်၏။ တွေ့ကြုံရသည့် ဘဝအရေးအခင်းအလိုက် ထိုကဲ့သို့ဖြစ်တတ်ပေသည်။ ဟိရိ၊ ဩတ္တပ္ပ ဖြစ်လျှင် ကုသိုလ်ရပေသည်။

ကြားဖူး၏။ နိုင်ငံခြားတိုင်းပြည်အချို့တွင် ဝတ်လစ်စလစ် နေထိုင်ကြသတဲ့၊ မျောက်အရှင်လတ်လတ်၏ ဦးနှောက်ကို ဖောက်စား၏၊ ဘဲအရှင်လတ်လတ် ခြေထောက်ကို ဖြတ်ပြီးကြော်စား၏တဲ့၊ ဘုံဆိုင်မယား၊ ဘုံဆိုင်လင်ထားကြပြီး အသင်းဖွဲ့ပြီး ပျော်ကြသတဲ့၊ သမီးနှင့် အဖေ၊ သားနှင့်အမေ သံဝါသပြုကြသတဲ့၊ လိင်တူချင်းလည်း မှိဝဲကြသတဲ့။

ဤလို ကိစ္စမျိုးတွင် ငါတို့ ကဲ့သို့သော ဗုဒ္ဓဘုရားကို ကိုးကွယ်ဆည်းကပ်သူ ဗုဒ္ဓဘာသာဝင်များအနေနဲ့ ဒီလိုလော်မာမှုတွေကို မလုပ်ထိုက်ဘူး၊ ရှက်ဖွယ်လိလိတွေပါကလားဟု စဉ်းစားရှောင်ကြဉ်ကြသည်။ ထို့ကြောင့် အထက်က နိုင်ငံခြား အကျင့်မျိုး မကျင့်ကြဖို့ ဗုဒ္ဓဘာသာဝင်တို့သည် အရှက်ရှိကြသူတွေဖြစ်လေပြီ။ ဤနိုင်ငံ၌ ဤလိုဟာမျိုးတွေ မရှိခြင်းသည် ဗုဒ္ဓဘာသာတရား၏ ကျေးဇူးပေတည်း။

မြတ်စွာဘုရားက ဟိရိနှင့် ဩတ္တပ္ပကို 'လောကပါလ'တရားဟု သတ်မှတ်ခဲ့၏။ လောကပါလတရားဟူသည် လောကကို လူ့ယဉ်ကျေးလောကဖြစ်အောင် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဖြစ်အောင် ထိန်းကွပ် ဆောင်ကြဉ်းပေးသော တရား ဖြစ်ပေသည်။ ထိုသုတ်တော်မှာ မြတ်စွာဘုရားက ဘယ်လိုဆက်ဟောထားသလဲဆိုပါလျှင် အကယ်၍သာ လူလောက၌ ဟိရိ၊ဩတ္တပ္ပတရား မစောင့်ထိန်းကြငြားအံ့၊ ယင်းသို့ မစောင့်ထိန်းကြလျှင် လူ့မိသားစုအဖွဲ့အစည်း၌ အဖေနှင့် သမီးဟူ၍

လည်းကောင်း၊ အမေနှင့်သားဟူ၍ လည်းကောင်း၊ အမ၊ အဒေါ် ကြီးဒေါ် စသည်ဖြင့် လည်းကောင်း သီးသန့်ခြားနား ရှိကြတော့မည် မဟုတ်ဟု ဟောတော်မူထားခဲ့သည်။

အထက်ပါ ဟောကြားချက်ကို ကောက်ချက်ချကြည့်လျှင် ဟိရီ၊ ဩတ္တပ္ပသာ မစောင့်ထိန်းကြပါက လူ့လောကသည် တိရစ္ဆာန်လောက နှင့် ထပ်တူဖြစ်သွားပေရာသည်။ မှန်ပေသည်။ မျက်မြင်ကြည့်ပါ။ ခွေး လောက၊ နွားလောက၌ မည်သို့လမ်းခင်းသျက် ရှိကြသနည်း။

မြတ်စွာဘုရားသည် ဤဟိရီ၊ ဩတ္တပ္ပကို ဟန်ဖိုးထားပြီး သူ၏ ရဟန်းတွေထဲက တမင်တကာ အာပတ်သင့်ခဲ့သူ၊ ဥပမာ– မိန်းမနှင့်အတူတူ နေသူ၊ အာပတ်အပြစ်ကို ဖွင့်ဟဝန်မခံသူ၊ အဂတိလိုက်စားပြီး လုပ်သူ တို့ကို အလဇ္ဇီ(အရှက်မဲ့သူ)ဟု နာနာဆိုခဲ့၏။ ထို့ကြောင့် ဘုန်းကြီးပျံ ကြေညာချက်များ၌ 'လဇ္ဇီ ပေသလ သိက္ခာကာမ ဖြစ်တော်မူသော'ဟု ဆိုရာတွင် 'လဇ္ဇီ'ဆိုသည်မှာ ဝိနည်းရှိသေတဲ့ဘုန်းကြီး၊ မဟုတ်တာမလုပ် တဲ့ ဘုန်းကြီးပါဟု ဂုဏ်တင်ပြောခြင်းဖြစ်ပေသည်။

အဂတိတရားဟူသည် ကိုယ်လူသို့ဘက်လိုက်ခြင်း (လူခင်လို့မှုပြင် ခြင်း) (ဆန္ဒာဂတိ)၊ သူ့လူကို အမြင်ကပ်၍ချခြင်း (လူမုန်း၍မှုသုံးခြင်း) (ဒေါသာဂတိ)၊ အလုပ်ထိခိုက်မှာ ရာထူးဆက်မရမှာကြောက်လို့ မလုပ် ထိုက်တာလုပ်ခြင်း (ဘယာဂတိ)၊ မသိဘဲနားမလည်ဘဲ၊ သိဟန် နား လည်ဟန်ဆောင်ပြီး ဆုံးဖြတ်ပြုလုပ်ခြင်း(မောဟာဂတိ)ဟူ၍ လေးမျိုး ရှိသည်။ ဤအဂတိလိုက်စားလျှင် အလဇ္ဇီဖြစ်၏။

ဘုန်းကြီးအလဇ္ဇီတွေရှိနိုင်သလို၊ လူအလဇ္ဇီတွေရှိနိုင်သည်၊ အလဇ္ဇီ ဆိုလျှင် အကုသိုလ်သမားသာ ဖြစ်သည်။ ဤသို့သိပြီး မိမိတို့အနေဖြင့် အလဇ္ဇီမဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။

ဟိရီ၊ဩတ္တပ္ပနှင့် စပ်လျဉ်း၍ ရေးစရာ များစွာရှိ၏။ သို့သော် အဘိဓမ္မာ ပညာစခန်းမှ ဘေးချော်သွားမည်စိုး၍ စကားစ သိမ်း ဦးအံ့။

ဆန့်ကျင်ဘက်တို့ကြောင့် မတုန်လှုပ်သည့် သဘောကို 'ဗိုလ်'ဟု သတ်မှတ်ထား၏။ အထက်ပါအတိုင်း ရှက်တတ် လန့်တတ်သူတစ်ဦးသည် လက်တွေ့ကြုံသည့်အခါ စိတ်မနိုင်ဘဲ မကောင်းမှု ကျူးလွန်မိလျှင် သာမန် ဟိရီဩတ္တပ္ပရှိသူမျိုးသာဖြစ်၏။ ဘယ်လိုပဲ ဆွဲဆောင် ဆွဲဆောင်၊

ဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် ကြုံ့ကြုံ့ခံပြီး အရှက်အကြောက်ကို ထိန်းသိမ်းနိုင်သည်ဆိုလျှင် သူ၏ ဟိရိဩတ္တပ္ပသည် သာမန်အဆင့်ထက်လွန်လေသည်။ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ် ဖြစ်ပေသည်။

ဟိရိ၊ဩတ္တပ္ပသည် သူတော်ကောင်းတို့၏ဥစ္စာ ဖြစ်၏။ဟိရိ၊ဩတ္တပ္ပရှိသော လဇ္ဇီသူကောင်းတွေကို သမ္မာဒေဝနတ်တွေက ချစ်ကြ၏။ ထို့ကြောင့် ဟိရိ၊ဩတ္တပ္ပကို ဒေဝဓမ္မ (နတ်ချစ်သောတရား) ဟုခေါ်၏။ ဟိရိ၊ဩတ္တပ္ပကင်းမဲ့သော ဘုန်းကြီးအလဇ္ဇီ၊ လူအလဇ္ဇီတွေကို နတ်တွေက အော့နှလုံးနာကြ၏။

ဟိရိ၊ဩတ္တပ္ပဗိုလ်ရှိသော လဇ္ဇီလောက (လဇ္ဇီကမ္ဘာ)ကို သမ္မာဒေဝနတ်တို့က စောင့်ရှောက်၏။ ဟိရိ၊ဩတ္တပ္ပ ကင်းမဲ့သော အလဇ္ဇီလောက (အလဇ္ဇီကမ္ဘာ)ကိုမူ သမ္မာဒေဝနတ်တို့က မျက်နှာလွှဲကြသဖြင့် အကျုံမြူပိုးစောင့် နတ်ဘီလူးကြီးတို့ကသာ ကြည့်ကြလိမ့်မည် ဖြစ်ပါသတည်း။

နှစ်ဖက်လှ
၁၉၇၇-ခု၊ ဧပြီလ။

# အဓိပတိ

အဘိဓမ္မာပညာရပ်တွင် စိတ်၌မှီတွယ်ပြီး၊ စိတ်ကိုချယ်လှယ်သည့် စိတ်မှီသဘာဝ (စေတသိက်)တို့ကို စုစုပေါင်း(၅၂)မျိုး ရှိကြောင်း အခြေခံအားဖြင့် ဖော်ပြထားပြီးနောက်၊ ယင်း စေတသိက်သဘာဝတို့၏ ထူးခြားသော ဝိသေသအချက်တို့ကို တစ်ခုစီထုတ်၍ ဂုဏ်သတ္တိစွမ်းရည် အလိုက် နာမည်သစ်များပေးကာ ဖော်ထုတ်ပြန်လေသည်။

အကုသိုလ်စေတသိက် (၁၄)မျိုးတို့ကို ယင်းတို့၏ သဘာဝသတ္တိများအလိုက် အာသဝ-ဟူသောအမည်၊ ဩဃ-ဟူသောအမည်၊ ယောဂ-ဟူသောအမည်၊ ဂန္ထ-ဟူသော အမည်၊ ဥပါဒါန်-ဟူသော အမည်၊ နီဝရဏ-ဟူသောအမည်၊ အနုသယ-ဟူသောအမည်၊ သံယောဇဉ်-ဟူသောအမည်၊ ကိလေသာ-ဟူသောအမည်၊ အမည်ပေါင်း (၉)မျိုးတို့ဖြင့် ဖော်ပြရှင်းလင်းခဲ့ပြီး ဖြစ်၏။

ဆက်လက်၍ အကုသိုလ် စေတသိက်၊ ကုသိုလ် စေတသိက်တို့ကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း သင့်သလို ရောနှောပြီး ဟိတ်-ဟူသောအမည်၊ ဈာနင်-ဟူသောအမည်၊ မဂ္ဂင်-ဟူသောအမည်၊ ဣန္ဒြေ-ဟူသောအမည်၊ ဗိုလ်-ဟူသောအမည်၊ အဓိပတိ-ဟူသောအမည်၊ အာဟာရ-ဟူသောအမည်တို့ဖြင့် တစ်နည်းတစ်ဖုံ ဟောတော်မူထားခဲ့ရာ ဤသိပ္ပံမဂ္ဂဇင်းဆောင်းပါးအစဉ်၌ ဗိုလ်တရားများအထိ ဆွေးနွေးခဲ့ပြီ၊ ယခု ဆက်လက်၍ 'အဓိပတိ' အကြောင်းကို လေ့လာသွားရန် ဖြစ်ပါသည်။

အင်္ဂလိပ်လို 'ချန်ဆယ်လာ' (CHANCELLOR) ဟူသော ဝေါဟာရကို 'အဓိပတိ'ဟု ဘာသာပြန်ကြသည်။ စင်စစ် 'အဓိပတိ'

ဟူသော စကားလုံးသည် ပါဠိဝေါဟာရသာဖြစ်၏။ ပါဠိဝေါဟာရများစွာထဲမှ ပို၍ လေးနက်တိကျသော အဘိဓမ္မာပိဋကဌ် အသုံးပြုသည့် ပညာရပ်ဆိုင်ရာ ဝေါဟာရဖြစ်လေသည်။ သို့ဖြစ်၍ စကားအနေဖြင့်ပင် စိတ်ဝင်စားဖွယ် ကောင်းပေသည်။

'အဓိပတိ'ဟူသော စကားလုံးကို အဓိန+ပတိဟူ၍ တစ်မျိုး၊အဓိက+ပတိ ဟူ၍တစ်မျိုး၊ နှစ်မျိုးနှစ်စား ပုဒ်ခွဲပြီး အနက်ကြံကြသည်၊ 'အဓိန'=မိမိနှင့်စပ်သမျှ၊ (ဝါ) ပတ်သက်သမျှ၊ 'ပတိ' =အရှင်(ဝါ)အစိုးရခြင်း-ဟု အနက်ထွက်၏၊ ဤလို 'အဓိပတိ'၏ အနက်မှာ မိမိနှင့် ယှဉ်စပ်သမျှ စိတ်စေတသိက် သဘာဝ အားလုံးအပေါ်မှာ အစိုးရခြင်း၊ လွှမ်းမိုး၍ ဖြစ်ခြင်းဟု ဖြစ်လေသည်။

အဓိကပတိ-ဟုဆိုလျှင် 'အဓိက'=လွန်ကဲသော၊ 'ပတိ'=အရှင်သခင်—ဟူရကား'အဓိပတိ'၏ အနက်မှာ လွန်ကဲသော အရှင်(ဝါ)ပြိုင်ဘက်ကင်းသော အရှင်သခင်ဟူ၍ ဖြစ်၏။

ဥပမာတင်၍ ဆင်ခြင်ကြည့်လျှင် ဤသို့ဖြစ်၏။ နယ်စားကြီးများသည် မိမိဆိုင်ရာ မြို့ရွာနယ်ပယ်အပေါ်သာ အစိုးရ၏၊ မိမိမပိုင် အခြားသူ ပိုင်သော နယ်ပယ်အပေါ် အစိုးမရချေ၊ ဘုရင်မင်းမြတ်မှာမူ တစ်နိုင်ငံလုံးအပေါ်မှာ ပြိုင်ဘက်မရှိ၊ သူတစ်ဦးတည်း အစိုးရ၏၊ အဓိပတိ—ဆိုသည့် သဘောမှာ ဘုရင်၏ အစိုးရပုံမျိုးကဲ့သို့ တစ်ခုတည်းက ချွန်ထွက်ပြီး ပြိုင်ဘက်မရှိ ဖြစ်လာသည့် သဘောမျိုး ဖြစ်ပေသည်။ အထက်ပါ ဥပမာအရဆိုလျှင် 'အဓိပတိ'နှင့် 'ရာဇာ' (ဘုရင်)သည် ထပ်တူသဘောရှိသလားဟု မေးခွန်းဆုံးနိုက်၍ စဉ်းစားကြည့်သောအခါ ကွာခြားချက်ကို တွေ့ရပြန်သည်။ 'အဓိပတိ'သဘောကား၊ အလှည့်ကျ ပြိုင်ဘက်မရှိ အစိုးတရဖြစ်ခြင်း သဘောရှိ၏၊ (ရာဇာ) 'ဘုရင်'သဘောကား အမြဲတမ်းပြိုင်ဘက်မရှိ အစိုးတရဖြစ်မှု သဘောရှိ၏။

သဘာတစ်ခု (ဝါ) အစည်းဝေးတစ်ခုအနေဖြင့် ကြည့်လျှင် အဓိပတိသည် 'သဘာပတိ' ကဲ့သို့ ဖြစ်၏၊ သဘာပတိဖြစ်သူသည် ဤအစည်းအဝေး၌သာ သဘာပတိ (အစည်းအဝေး၏ အကြီးအကဲ) ဖြစ်၏။ နောက်အစည်းအဝေးတစ်ခု၌မူ အခြားသူတစ်ဦးက သဘာပတိဖြစ်လာနိုင်၏။ ထို့ကြောင့် အလှည့်ကျကြီးကဲရသည့် သဘောရှိ၏။

'အဓိပတိ' သည်လည်း အလှည့်ကျ ကြီးကဲရသည့်သဘော (ဝါ) အလှည့်ကျဗိုလ်လုပ်ရသည့် သဘောမျိုး ဖြစ်ပေသည်။ သို့သော် ကြီးကဲရခိုက် (ဝါ) အစိုးရခိုက်မှာမူ ပြိုင်ဘက်မရှိ၊ တစ်ခုတည်းသာ ထိပ်တန်းရောက်နေသည်ဟူလို။ ဤလောက်ဆိုလျှင် ပါဠိဝေါဟာရတစ်ခုဖြစ်သော 'အဓိပတိ' ဟူသောစကားလုံး၏ အနက်အဓိပ္ပာယ်ကို လက်ရင်းကျကျ သိခွင့်ရလောက်ပေပြီ။

ဆိုခဲ့ပါ 'အဓိပတိ' ၏ သဘောသဘာဝကို ကိုင်ထားပြီးနောက် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါး (ထို့ပြင်မရှိ) တို့တွင် အဓိပတိ သဘောရှိသည့်တရားကို စူးစမ်းရှာဖွေကြည့်ရသည်။ နိဗ္ဗာန်ကို ဖယ်လိုက်ပါ၊ ရုပ်သည် အဓိပတိ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ပေ။ စိတ်၊ စေတသိက် အားလုံး အပေါ်မှာ မည်သည့် ရုပ်မျှ ဗိုလ်မကျနိုင်ပေ၊ အဓိပတိ မဖြစ်နိုင်ပေ။ အတတ်နိုင်ဆုံး အနေဖြင့် ရုပ်သည် ဣန္ဒြေလောက်သာ ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ရုပ်အပေါ်မှာ လုံးဝမှီခိုရသော စိတ်စေတသိက် အပေါ်မှာသာ အစိုးရနိုင်သည်။(ဝါ) ဣန္ဒြေဖြစ်နိုင်သည်။

ဥပမာ....မျက်စိ အကြည်ရုပ်ဆိုပါစို့။ ဤရုပ်သည် စက္ခုဝိညာဉ် စိတ်၊ စေတသိက်လောက်ကိုသာ အစိုးရ၏။ အဘယ့်ကြောင့်ဆိုသော် မျက်စိအကြည်ရုပ်မရှိပါက အမြင်စိတ်စက္ခုဝိညာဉ်မဖြစ်နိုင်သောကြောင့် တည်း။ ဤကဲ့သို့ မိမိဆိုင်ရာ၌သာ မိမိမရှိလျှင် မဖြစ်နိုင်သည့်သဘော လောက်ဖြင့် လွှမ်းမိုးနိုင်သည်၊ ဒါမျိုးကို ပါဠိတွင် 'ဣန္ဒြေ' ဟု ခေါ်သည်။

ရုပ်ထဲမှာ အဓိပတိ ဖြစ်နိုင်သည့်ရုပ် တစ်ခုမျှ မရှိလျှင် စိတ်၊ စေတသိက်နယ်ထဲမှာ အဓိပတိဖြစ်နိုင်သည့်သဘာဝကို ရှာရန်ဖြစ်သည်။

'စိတ်'

'စိတ်' သည် အဓိပတိဖြစ်နိုင်သလော။

'စိတ်'သည် ပြိုင်ဘက်မရှိ၊ ကြီးကဲစိုးရ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည့် အချက်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ် ဖော်ပြနိုင်သော ပညာရှင်သည် ဤကမ္ဘာပေါ်၌ တစ်ဦးတည်းသာ ပေါ်သေးသည်။ လက်ရှိပညာရှင်

အမည်ခံသူတို့သည် အသိဉာဏ် လက်ဝေခံ နောက်လူတို့သာ ဖြစ်လေသည်။

ထိုအရှင်က 'စိတ်' သည် (ဝါ) ယနေ့လူသားတို့ ပိုင်ရှိနေသော ထူးဆန်းလှသောစိတ်သည် အလုပ်လုပ်သည့်အရာမှာ သူသာကြီးကဲစိုးရ ပြိုင်ဘက်မရှိ 'အဓိပတိ' ဖြစ်နိုင်ကြောင်း အတိအကျ အခိုင်အမာ ဖော်ပြခဲ့လေသည်။ သို့ဖြစ်၍ စိတ်အဓိပတိ (ဝါ) အဓိပတိစိတ်ဆိုသည်ကို တစ်ချက်မှတ်ခဲ့ပါ။

နောက် စေတသိက် (၅၂) မျိုးထဲမှာ 'အဓိပတိ' ဖြစ်နိုင်သော စေတသိက်မျိုး ပါသလား၊ ရှာကြည့်ဦးအံ့။ အကုသိုလ် စေတသိက် ဘယ်လောက်နည်း။ ပေါင်း (၁၄) မျိုး၊ ယင်း (၁၄) မျိုးထဲမှာ အဓိပတိဖြစ်နိုင်သည့် စေတသိက်ပါသလော၊ လောဘသည် အဓိပတိ ဖြစ်နိုင်သလော စသည်ဖြင့် ရှာသော် တစ်ခုတလေမျှ မတွေ့ရပေ။ လောဘကြီးတယ်၊ ဒေါသကြီးတယ်ဆိုရာ၌ ကြီးလိုက်တဲ့ လောဘသည် ပြိုင်ဘက်မရှိ အစိုးရသည့် အဓိပတိ ဖြစ်နိုင်သလော၊ မဖြစ်နိုင်ပေ။ အကုသိုလ်စေတသိက် (၁၄) မျိုးထဲမှာ အဓိပတိဖြစ်နိုင်သည့် သဘာဝ တစ်ခုမျှမရှိပါပေ။

တဖန် အကုသိုလ်မှာရော၊ ကုသိုလ်မှာပါ သင့်သလို ပြုပြွမ်းယှဉ်၍ဖြစ်တတ်တဲ့ ပကိဏ်းစေတသိက် (၆) မျိုးထဲမှာကော၊ အဓိပတိ ဖြစ်ထိုက်သည့်တရား ပါသလော၊ ဤသို့ စူးစမ်းလျှင် ဆန္ဒစေတသိက် နှင့် ဝီရိယ စေတသိက် နှစ်မျိုးသည် အဓိပတိ ဖြစ်နိုင်ကြောင်း မြတ်စွာဘုရားက လက်ညှိုးညွှန်တော်မူခဲ့သည်။

ထိုနည်းတူ ကုသိုလ် သောဘဏ စေတသိက် (၂၅) မျိုးထဲမှာလည်း ပညာစေတသိက်တစ်မျိုးကား ကြီးကဲစိုးရ အဓိပတိ သဘာဝ ရှိကြောင်း ညွှန်ပြတော်မူခဲ့လေသည်။

ပြန်၍ပေါင်းကြည့်လျှင် 'အဓိပတိ' ဖြစ်နိုင်သည့်သဘာဝများမှာ 'စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာ' ဤလေးမျိုးသာ ဖြစ်ကြောင်း တွေ့ရသည်။ ကြွင်းသော စေတသိက် အားလုံး၊ ရုပ်အားလုံးသည် အဓိပတိ မဖြစ်နိုင်ကြောင်းကို ဆက်လက်မှတ်သားရပြန်သည်။

မြတ်စွာဘုရားက ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ (ဝီမံသာ) ဤ **လေး**ဖြာသာ အဓိပတိဖြစ်ကြောင်းကို ပဋ္ဌာန်းပါဠိတော်ကြီးလာ 'အဓိပတိ **ပစ္စယော**' အညွှန်း၌ အကျဉ်းအကျယ် အသွယ်သွယ် ဖော်ပြခဲ့ပေပြီ။

ဤသဘာဝလေးဖြာ အဓိပတိဖြစ်လာရပုံကို ဒုတိယတွင်မှ ဆက်၍ လေ့လာကြပါစို့။ အဓိပတိ ဖြစ်ပုံ ဖြစ်နည်းကို သိရှိ နားလည်မှသာ လက်တွေ့ အဘိဓမ္မာ ဖြစ်လာပြီး မိမိဘဝအတွက် လက်တွေ့ အကျိုး ရှိအောင် အသုံးချတတ်လာမည် ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၇၇-ခု၊ မေလ။

# လူ့စွမ်းရည်

'စွမ်းရည်' ဆိုသောအချက်နှင့်ပတ်သက်၍ အများကြီးစဉ်းစားစရာရှိ၏။ ပြီးစီးမှုအောင်မြင်မှုကို ပါဠိလို သိဒ္ဓိတိ (သိဒ္ဓိ) ဟု ခေါ်၏။ မည်သည့်ကိစ္စကိုမဆို ပြီးစီးစေခြင်း၊ အောင်မြင်စေခြင်း၌ ပြီးစီးခြင်းနှင့် ပြီးစီးစေခြင်း၊ အောင်မြင်ခြင်းနှင့် အောင်မြင်စေခြင်းဟူ၍ အရင်းနှင့် အဖျား နှစ်မျိုးနှစ်စားရှိ၏။

ပြီးစီးစေခြင်း (ဝါ) ပြီးစီးသည့်အရာသည် အရင်း၊ ပြီးစီးခြင်း (ဝါ) ပြီးစီးသွားသည့် အရာသည် အဖျား။ အောင်မြင်ခြင်း (ဝါ) အောင်မြင်စေသည့်အရာသည် အရင်း၊ အောင်မြင်မှုသည် အဖျား။

ဒုံးပျံဂြိုဟ်တုတစ်ခု တည်ဆောက်ရာ၌ တည်ဆောက်ပြီးစီး အောင်မြင်မှုသည် အဖျား၊ ယင်းသို့ ပြီးစီးအောင်မြင်အောင် တည်ဆောက်တတ်သည့် အတတ်ပညာသည် အရင်းဖြစ်ပေသည်။

သို့ဖြစ်လျှင် ဒုံးပျံကြီးသည် စွမ်းရည်လား၊ ဒုံးပျံကြီး ပြီးစီးအောင်မြင်အောင် တည်ဆောက်သည့် အတတ်ပညာသည် စွမ်းရည်လား ကျွန်ုပ်တို့ သရုပ်ခွဲကြည့်သောအခါ အတတ်ပညာသည်သာ စွမ်းရည်ဖြစ်ကြောင်း သိနိုင်၏။ ဆက်စဉ်းစားလျှင် ယင်း စွမ်းရည်သည် မည်သူ၏ စွမ်းရည်နည်းဆိုသော် 'လူ့စွမ်းရည်' လူ၏ စွမ်းရည် ဖြစ်ကြောင်း နားလည်နိုင်ပြန်ပေသည်။

ဤကဲ့သို့ မည်သည့်ကိစ္စမဆို ပြီးစီးအောင်မြင်အောင် လုပ်နိုင်သော လူ၌ရှိသော လူ့စွမ်းရည်ကား တစ်မျိုးမက၊ လေးမျိုးလေးစား ရှိကြောင်း သိကြရပေသည်။

လူမှာရှိသော လူ့ 'ဆန္ဒ' သည်လည်း လူ၏စွမ်းရည်တစ်ပါး၊ လူမှာရှိသော လူ၏ 'ဝီရိယ' သည်လည်း လူ၏စွမ်းရည်တစ်ပါး၊ လူမှာရှိသော လူ၏ 'စိတ်' သည်လည်း လူ၏စွမ်းရည်တစ်ပါး၊ လူမှာရှိသော လူ၏ 'ဉာဏ်ပညာ' သည်လည်း လူ၏စွမ်းရည်တစ်ပါး။

ဤကဲ့သို့ လူမှာ (၀၁) ကျွန်ုပ်တို့မှာ စွမ်းရည်ကြီး လေးမျိုး လေးစား ရှိကြောင်း ဗုဒ္ဓအဘိဓမ္မာ၌ တိတိကျကျ ဖော်ပြထားပေသည်။

ယနေ့ဘုယျစကားကို ပြောရပါလျှင် မည်သည့်စိန်၊ မည်သည့်ကျောက်သည် မည်မျှကောင်းသည်၊ မည်မျှအဖိုးတန်သည်ဟု တိတိကျကျ သိရှိနားလည်သူနည်း၏။ ကျောက်မျက်ရတနာတို့၏တန်ဖိုးကို မသိတတ်သူတို့ထက် မိမိကိုယ်မှာ ရှိနေသော မည်သည့် အရာက မည်မျှအဖိုးတန်သည်၊ မည်မျှ အစွမ်းရှိသည်ဟု မသိတတ်သူတို့က ပို၍များပါတိသည်။

ကိုယ်ခန္ဓာပိုင်းတွင်ပင် မျက်စိက ဘယ်လို အစွမ်းရှိသည်၊ နားက ဘယ်လိုအစွမ်းရှိသည်ဟု အပေါ်ယံလောက်ကိုသာ သိတတ်ကြပြီး၊ မိမိကိုယ်မှာ ရှိနေသော အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်တို့က ဘယ်လိုအစွမ်းရှိသည်ကို သိဖို့ဆိုလျှင် အတော်သင်ယူကြရပြီး၊ ကိုယ်ခန္ဓာပိုင်းကို သင်သောပညာသည်ပင် အဆင့်မြင့် တက္ကသိုလ်ပညာ ဖြစ်နေသည်။

ထို့ထက်ပို၍ လူ၏ နာမ်ခန္ဓာပိုင်းတွင် မည်သည့် သဘာဝက မည်သို့အစွမ်းရှိသည် ဆိုသောအချက်ကိုမူ ပို၍ အသိခက်လာပေသည်။ အစွမ်းရှိသော သဘာဝများကို အစွမ်းထက်မြက်လာအောင် ဘယ်လို ပြုစုပျိုးထောင်ရမည်ဟု သိတတ်ရန်မှာမူ ပို၍လိုလာပေတော့သည်။

လူ့ဘဝတွင် လုပ်ငန်းကိုင်ငန်းတစ်ခု အောင်မြင်ရေး အတွက် လူမှာရှိသောလူ့အစွမ်းကိုထုတ်၍သုံးရမည်။ 'ဆန္ဒ၊ ဝီရိယ၊ စိတ်နှင့်ပညာ' ဤလေးဖြာသည် လူ၏အစွမ်းဖြစ်ကြောင်း သိရပြီးဖြစ်၏။

ဘဝဖြစ်ရပ်များဖြင့် စံပြုကြည့်ဖို့လိုပါသည်။

ရန်ကုန်မြို့မှ ဝေးခေါ်သော ဒေသ၌ နေသော တောသား တစ်ယောက်အဖို့ ရွှေတိဂုံစေတီတော်ကြီး ထံမှောက် အရောက်လာပြီး

ဖူးဖို့ကိစ္စကို ဖြစ်စေရန်မှာ ရန်ကုန်သွားပြီး ရွှေတိဂုံဘုရား ဖူးချင်သည့် ဆန္ဒ ပြင်းပြလျက်ရှိနေရမည်။ သွားချင် ရောက်ချင်သည့်ဆန္ဒ မရှိပါက ရန်ကုန်သို့ပင် ရောက်ဦးတော့ ရွှေတိဂုံစေတီ ရင်ပြင်ပေါ် တက်ဖြစ်မည် မဟုတ်ပေ။

ဆန္ဒပြင်းပြရုံနှင့်လည်း မပြီးသေး၊ သွားဖို့ ရောက်ဖို့ အားထုတ်ရဦးမည်။ ဤသို့အားထုတ်ရာ၌ စိတ်ခိုင်ဖို့လိုသည်။ စိတ်မခိုင်လျှင် လိုရာမပြီးချေ။ ဆန္ဒလည်း ရှိပါ၏။ ကြိုးလည်း ကြိုးစားပါ၏။ စိတ်လည်း ခိုင်ပါ၏၊ ပြည့်စုံပြီလားဆိုလျှင် မပြည့်စုံသေး၊ ဘယ်လိုကြိုးစားရမည်၊ ဘယ်လိုသွားရမည်ကို သိမှလည်းဖြစ်ပေသည်။

အမှန်မှာ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ၊ အစွမ်းလေးမျိုးနှင့် ကြိုးစားမှုကား တစ်နေ့မဟုတ် တစ်နေ့ သူသည် ရွှေတိဂုံစေတီယင်ပြင်ပေါ်သို့ ရောက်မည်ဖြစ်ပေသည်။

လကမ္ဘာကို လူသားများရောက်အောင် ဦးဆောင်ပြုလုပ်ခဲ့သော အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှိ မစ္စတာဖွန်ဘရောင်းကို (သူမသေမီက) သတင်းထောက်များက ဝိုင်းမေးကြသည့်သတင်းကို ဖတ်ရဖူးပါသည်။

'ဆရာကြီး-လကမ္ဘာသို့ လူသားများရောက်အောင် ပို့ပေးရာ၌ အရေးအကြီးဆုံးက ဘာလဲ'....တဲ့။

ဖွန်ဘရောင်းက....

'ငါရဲ့ဆန္ဒဟာ အဓိကပဲကွ' လို့ ဖြေပါသည်။ လပေါ် လူရောက်အောင်လုပ်လိုတဲ့ သူ့ရဲ့ဆန္ဒကြောင့် အခုလို အောင်မြင်တာပဲလို့ ဆိုလိုတဲ့ သဘောပါ။

(တစ်ကမ္ဘာလုံးကို စိုးမိုးလုနီးဖြစ်ခဲ့တဲ့ နပိုလီယန်၊ ဝေရက်တောင်ထိပ်ရောက်သွားတဲ့ အက်ဒမန်-ဟစ်လာရီ.... စသည်ဖြင့် ဆန္ဒပြင်းပြသူ သာဓကများစွာရှိပါ၏)။

ဗုဒ္ဓလောင်းလျာများအနေဖြင့် ဘုရားဖြစ်ရန် ဆန္ဒထက်သန်မှု၊ ဝီရိယကြီးမားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ပညာထက်မြက်မှုများအကြောင်းကို ကြားဖူးကြပြီးဖြစ်ပါသည်။ ဘုရားသာဖြစ်မည်ဆိုလျှင် မီးတောင်ကိုကျော်ဖို့၊ ဓားပင်လယ်ကိုဖြတ်ဖို့ အသင့်ဖြစ်ကြောင်း၊ သူ၏ကိုယ်မှ အရေအကြော

အရိုးမျှသာ ကျန်သည်အထိ ကြိုးစားအားထုတ်ကြောင်း၊ ဘုရားဖြစ်ချင် စိတ်ပျက်ပြားအောင် မာရ်နတ်က အမျိုးမျိုးဖျက်ဆီးသော်လည်း စိတ်ဓာတ်ကြံ့ခိုင် မယိမ်းယိုင်ကြောင်း၊ မြေကြီးအထုနှင့် တူသောပညာ၊ ထက်မြက်သောပညာ၊ လျင်သောပညာ စသော ပညာအမျိုးမျိုးဖြင့် ပြဿနာ အထွေထွေကို ဖြေရှင်းအောင်နိုင်သည့် အကြောင်းများကို နိပါတ်ဇာတ်လမ်း မှတ်တမ်းများ အထင်အရှား အခိုင်အမာ ရှိပါသည်။

ဤအက်ချက်တို့ကိုကြည့်လျှင် လူတစ်ယောက် ထိပ်တန်းကိုရောက်ဖို့ ပို့ဆောင်ပေးနိုင်သော လူ့အစွမ်း၊ လူ့စွမ်းရည်ဆိုသည်ကား အခြား မဟုတ်၊ လူ၏ဆန္ဒ လူ၏ဝီရိယ လူ၏စိတ် လူ၏ပညာသာဖြစ်ကြောင်း မုချဆတ်ဆတ်တွေ့ရပေသည်။

(ဤတွင် လက်တွေ့အသိစမ္မာကျအောင် စာရေးသူ၏အကြောင်း မှန်ကို အနည်းငယ် ထည့်သွင်းပြောလိုပါသည်။)

ဤစာရေးသူ အသက်၈-နှစ်လောက်အရွယ်တွင် မိခင်ကြီး တိမ်းပါးခဲ့သည်။ ၁၄-နှစ်သား အရွယ်တွင် ဖခင်ကြီး ကွယ်လွန်သွားခဲ့သည်။ သို့အတွက် မိမဲ့ ဖမဲ့ဘဝ၊ ဂျပန်ခေတ်ဆိုး ကာလ၌ ဤစာရေးသူတို့ ဆင်းရဲခဲ့ရသည်၊ မျက်နှာငယ်ခဲ့ရသည်။ ထို့ကြောင့် ဘဝနာကြည်းလာခဲ့၏။

ဖခင်ကြီးစွန့်ပစ်သွားပြီးနောက် ရွာဦးကျောင်းတွင် သာမဏေဝတ်ပြီး စာသင်တိုက်တက်စာသင်ရာ ပထမငယ် စတင်အောင်မြင်သည်။ သို့သော် သာမဏေဝတ်ဖြင့် ပထမကြီးတန်း အောင်ပန်းဆင်လိုသည်။ ငါ ကိုရင်ဝတ်နဲ့ အကြီး အောင်ချင်တယ်၊ အောင်အောင်လုပ်မယ် လို့ ဆန္ဒပြုခဲ့သည်၊ ကြိုးစားခဲ့သည်၊ စိတ်တင်းခဲ့သည်၊ ပညာရှာခဲ့သည်။

သို့သော် မြန်မာသက္ကရာဇ် ၁၃၁၁(၁၉၅၀)ခုနှစ်မှာ တိုင်းပြည် အထူးမငြိမ်မသက်ဖြစ်နေ၍ နယုန်လမှာကျင်းပနေကျ ပထမပြန်စာမေးပွဲ မကျင်းပဖြစ်၊ တန်ဆောင်မုန်းလကျမှ ကျင်းပရာ၊ ၎င်း၌ ပထမလတ် အောင်မြင်သည်၊ လာမည့်နယုန်လကျတော့ စာမေးပွဲဆက်ကျင်းပမည် ဖြစ်သည်။

ဤစာရေးသူအနေဖြင့် ယင်းနယုန်လမှာမှ အကြီးမအောင်လျှင် ကိုရင်ဝတ်နှင့် ပထမကြီးတန်း မအောင်နိုင်တော့ပေ။ ဦးပဥ္စင်းဖြစ်မှ အောင်တော့မည်။ ဤအချက်ကို အဖြစ်မခံနိုင်၊ တွက်ကြည့်လျှင် အလတ် ဖြေပြီး ၆-လခန့်သာ စာလုပ်ချိန်ရတော့မည်။ ပထမကြီးတန်းဆိုသည် ကလည်း လောကီ ၁၀-တန်းကဲ့သို့ တော်တော်ကျက်ရမည့် အတန်း၊ ခက်ခဲပါဘိ။

သို့သော် ဘာရမလဲ၊ ဘာလျှော့မလဲ၊ ဖြစ်ချင်တာ မဖြစ်,ဖြစ် အောင်လုပ်မကွဆိုပြီး နင်းကန်ကြိုးစားလိုက်သည်။ ဤတွင်....

'လုံ့လသန်-ပဋိဘာန်ထင်စွာ
ဖြောင့်မှန်ခွင့်-ရဲရင့်သူ့အရာ
ရခွင့်တော်-ပေါ်ခဲ့ပေါ်ခဲ့စွာ
ငါလက်ဦး-ခူးပိမ့်ထိုအရာ'

ဆိုတဲ့ ဂါထာလေးကို ရွတ်ဆိုလက်ရုံးတန်းပြီး အားမာန်သွင်း ကာ အပြင်းအထန် ကြိုးစားလိုက်ရာ-ယင်းနယုန်လမှာပင် သာမဏေ ဘဝဖြင့် ပထမကြီးတန်းအောင်ပန်းကို လွယ်လင့်တကူ ဆွမ်းလှမ်းနိုင် ပြန်သည်။

နောင် အသက် ၂၅-နှစ်အတွင်းမှာ သက္ကတသီဟ၊ စေတိယင်္ဂဏ၊ အစိုးရ ဓမ္မာစရိယကြီးသုံးဘွဲ့ ရစေရမယ်လို့ ဆန္ဒပြုပြီး ထပ်ကြိုးစား ပြန်ရာ အသက် ၂၅-နှစ်, ၅-ဝါရ,မှာပဲ သ-စ-အ ဓမ္မာစရိယ သုံးဘွဲ့ ရပြန်ပေသည်။

ထို့ပြင် ငါငယ်စဉ်က မျက်နှာငယ်ခဲ့ရတယ်၊ ငယ်တဲ့မျက်နှာ ကြီးအောင်လုပ်မယ်၊ ငါ့ရွာ ငါ့နယ်မှာသာမက မြန်မာတစ်ပြည်လုံးမှာ ရှားတဲ့ စွယ်စုံ (နှစ်ဖက်လှ) ဘွဲ့ဒီဂရီရှင် ဖြစ်အောင် လုပ်မယ်ဆိုပြီး ကြိုးစားလိုက်ပြန်ရာ မဟာဝိဇ္ဇာ(အမ်-အေ) အောင်ရုံမျှမက အရှိန်လွန် ပြီး (H.G.P) (အထက်တန်းရှေ့နေ)ကိုပါ ဝင်လိုက်ပါသေးသည်။

ဤပညာရေးခရီးတစ်လျှောက်တွင် ငွေအား လူအား ဘာအကူ အညီမျှမပါ၊ မိမိ၏ကိုယ်တွင်းစွမ်းရည်ကို မြှင့်တင်၍ အောင်ပွဲအဆင့်ဆင့် ရယူခဲ့ခြင်းသာဖြစ်ဘိသည်။

အမှန်စင်စစ် မိမိမှာရှိသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ(ပညာ) စွမ်းရည်လေးဖြာကို အဓိပတိအဆင့်ရောက်အောင် မြှင့်တင်နိုင်ခဲ့သဖြင့် ဘဝအောင်ပွဲရရှိခြင်းသာဖြစ်ကြောင်း အဖြေထွက်နေပေသည်။

အောင်မြင်ချင်သူများအတွက် ကိုယ်စွမ်းကိုယ်စကို ထုတ်သုံးတတ်အောင် ကိုယ်တွေ့အဘိဓမ္မာ သက်သေပြခြင်းမျှသာ ဖြစ်ပါသည်။

ဤတွင် ဘုရားရှင်မှသာ သိနိုင်သော အဘိဓမ္မာငုပ်ကွက်တစ်ချက်ကား ရှိနေ၏။ ယင်းကား အခြားမဟုတ်၊ အဆိုပါ လူ့စွမ်းရည်သဘာဝလေးမျိုးတို့သည် ဦးဆောင်မှုပိုင်းတွင် ပြိုင်တူမဟုတ်ဘဲ တစ်ခုပြီးမှတစ်ခု အလဲအလှယ်ဦးဆောင်ခြင်းဖြစ်ပေသည်။ ဆန္ဒပြင်းလွန်းနေခိုက်၊ ကျန်ဝီရိယ၊ စိတ်၊ ပညာတို့က နောက်ကခြံရံ ပံ့ပိုးပေးသည်၊ ဝီရိယကဲလွန်နေခိုက် ဆန္ဒ၊ စိတ်၊ ပညာတို့က ပံ့ပိုးပေးသည်၊ စိတ်ဆောင်နေချိန်တွင်လည်း ဆန္ဒ၊ ဝီရိယ၊ ပညာတို့က ကူညီရံကူညီသည်၊ ပညာစိန်သွားက ပြဿနာတွေကို တဖျန်းဖျန်း ခွဲဖျက်ရှင်းလင်းနေခိုက်မှာလည်း ပညာကသာ ဦးဆောင်နေပေသည်။

ဆိုခဲ့ပါ လူ့စွမ်းရည်လေးမျိုးတို့သည် နှစ်မျိုး တစ်ပြိုင်နက်၊ သုံးမျိုး တစ်ပြိုင်နက်၊ လေးမျိုး တစ်ပြိုင်နက် ဦးဆောင်ခြင်းမရှိပေ။ ဥပမာ– မီးစကြာတစ်ခုကို မီးလုံးလေးလုံးတပ်ဆင်ထားရာ၌ တစ်လုံးလင်း သုံးလုံးပျောက်စနစ်ဖြင့် အားလုံးတစ်လှည့်စီ တဖျတ်ဖျတ်ဖြင့် လင်းနေပုံမျိုးဖြစ်၏။ ဤသို့နက်နဲသော အဘိဓမ္မာအချက်ကို ဘုရားရှင်မှတစ်ပါး အခြားသူများမသိနိုင်ပါပေ။

ဤသို့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (ပညာ)တို့အနေဖြင့် တစ်ခုစီဦးဆောင်မှုပေးသည့်သဘောကို ပဋ္ဌာန်းပါဠိတော်မြတ်၌ 'အဓိပတိ'ဟု အမည်တပ်၍ ဟောတော်မူထားပေသည်။ ဆန္ဒသည် အဓိပတိ အကြီးအမှူးဖြစ်နေခိုက်၊ ကျန်သုံးပါး အဓိပတိမဖြစ်။ ယိုနည်းတူ ဝီရိယအဓိပတိဖြစ်ခိုက်၊ စိတ်အဓိပတိဖြစ်ခိုက်၊ ပညာအဓိပတိဖြစ်ခိုက်မှာလည်း တစ်ခုတည်းကသာကြီးကဲစိုးရဖြစ်နေသည်ဟု ခက်ရာခက်ဆစ်ကို ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်ပါသည်။

စာရှုသူသူတော်သီအနေဖြင့် မိမိမှာရှိသော တကယ့်စွမ်းရည်(ဝါ) လူ့စွမ်းရည်အစစ်အမှန်က ဘာလဲဟု ယခုဆောင်းပါးကိုဖတ်ပြီး သိရပေပြီ။ မိမိဘဝအတွက် အသုံးချဖို့သာလိုတော့သည်။

သို့ရာတွင် ဤမျှဖြင့် ရပ်မနေသင့်သေး။

လူ့ဘဝမှာ ရည်မှန်းချက်တစ်ခုအောင်မြင်ရေးအတွက် တကယ့်စွမ်းရည်အစစ်က ဆန္ဒ၊ ဝီရိယ၊ စိတ်နှင့်ပညာ ဤလေးမျိုးသာဖြစ်သည်ဆိုသည့်အချက်ကို အခိုင်အမာ သိရပြီးသည့်နောက် ထပ်၍သိရဦးမည့် အရေးကြီးသောအချက်များရှိသေး၏။ ယင်းကားအခြားမဟုတ်၊ လောဘကြီးခြင်းသည် ကြီးပွားကြောင်း၊ အောင်မြင်ကြောင်းမဟုတ် ဆိုသောအချက်၊ ဒေါသသည် (ဝါ) စိတ်တိုတတ်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း၊ ထစ်ခနဲရှိ ရှူးရှူးရှားရှားလုပ်တတ်ခြင်း၊ ငါနဲ့ကိုင်တုတ်တတ်ခြင်းသည်လည်း အောင်မြင်ချင်သည့်ကိစ္စကို အောင်မြင်ရာ အောင်မြင်ကြောင်းမဟုတ် ဟူသောအချက်၊ ရာထူးအာဏာဥစ္စာကိုမှီပြီး မာနကြီး ဘဝင်မြင့် ငါနှင့်ငါသာ နိုင်းစရာဟု စိတ်ကြီးဝင်တတ်ခြင်း၊ မနာလိုဝန်တိုခြင်း ကြွသာမစ္ဆရိယသည်လည်း အောင်မြင်ကြောင်း လူ့စွမ်းရည်မဟုတ် စသည်ကိုပါ ဆက်သိဖို့ မှတ်ဖို့ လိုပါသေးသည်။

အတိုချုပ်ပြောရလျှင် လောဘ၊ ဒေါသ၊ မာန၊ ကြွသာ၊ မစ္ဆရိယ စသည်တို့သည် ထိုက်တန်သောအောင်မြင်မှု ရရှိရေးအတွက် လူ့အရည်အချင်းများမဟုတ်ကြ၊ လူ့စွမ်းရည်များမဟုတ်ကြဆိုသည်ကို မပြတ်သတိချပ်မိရန် ဖြစ်ပါသည်။ စင်စစ် ယင်း သဘာဝဆိုးတို့သည် ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ ဟူသော လူ့စွမ်းရည်တို့ကိုပင် ဖျက်ဆီးပစ်ကြသော စိတ်ရောဂါများဖြစ်ကြပါသည်။

စဉ်းစားကြည့်မည်ဆိုလျှင် လူသည် မိမိမှာရှိနေသော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာဟူသော စွမ်းရည်တို့ကိုမြှင့်တင်ဖို့ အဓိပတိအဆင့်ရောက်အောင် တွန်းအားပေးဖို့လိုကြောင်း၊ လောဘ၊ ဒေါသ၊ မာန်မာန၊ ကြွသာ၊ မစ္ဆရိယ တို့ကို စွမ်းရည်ဖျက်သဘာဝတွေဟု နားလည်ပြီး ချိုးနှိမ်ပစ်ဖို့လိုကြောင်း ကြည်လင်ပြတ်သားစွာ သိမြင်စရာရှိပါ၏။

ဤခံယူချက်အတိုင်း လက်တွေ့လုပ်သည့်လူသည်လည်း လူ့ဘဝတွင် သိက္ခာရှိရှိ အောင်မြင်မှုရမည်သာဖြစ်ပါသည်။ မြေပြင်လက်ခတ်မလွဲပါ။

ဤသို့ အဖိုးမဖြတ်နိုင်သော ဘဝရေးရာ အသိအမြင်အမှန်ကို ရရှိခြင်းမှာ ဗုဒ္ဓအရှင်မြတ်၏ ကျေးဇူးသာဖြစ်ပါသည်။

ယနေ့ဗုဒ္ဓဘာသာတို့သည်ကား မြတ်ဗုဒ္ဓထံမှ ကြီးပွားချမ်းသာရေးနည်းများ၊ အောင်မြင်ခြင်းလမ်းကြောင်းများ၊ ငြိမ်းချမ်းရေးလမ်းစဉ်များကို အရမယူတတ်ကြရှာဘဲ ဆန်အိတ်ပေါ်ထိုင်ပြီး ထမင်းငတ်နေသဖြင့် ခွက်လက်စွဲကာ သူတစ်ပါးထံမှ စားစရာမျှော်လင့်နေရှာသူမျိုးကဲ့သို့ ဖြစ်နေသည်ဟု တစ်ဦးတစ်ယောက်က ပမာတင်၍ ပြောလာမည်ဆိုပါက ဗုဒ္ဓပိဋကတ်ကျမ်းဂန်များ၌ ဘာတွေပါတယ်၊ ဘယ်လိုသုံးရမယ်ဟု မသိရှာသူတို့က ငြင်းချက်ထုတ်ကောင်း ထုတ်မည်ဖြစ်သော်လည်း သိနေသူများအဖို့မှာမူ ‘ပုတ်ကိုလေးနဲ့ပစ်ချေပြီ’ဟု သံဝေဂဖြင့်ခံယူကြလိမ့်မည်ထင်ပါသည်။

နှစ်ဖက်လှ

၁၉၇၇-ခု၊ ဇွန်လ၊

# လေလဲအာဟာရ၊ ရေလဲအာဟာရ

ဆရာခင်ဗျား၊ ပြီးခဲ့တဲ့လက 'လူ့စွမ်းရည်'ဆောင်းပါးကို ဖတ်ပြီးတော့ 'ကိုယ့်အားကိုယ်ကိုး' ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် နားလည်လာပါတယ်။

ဆိုပါဦး....။

အရင်ကတော့ ကိုယ့်မှာရှိတဲ့ ဓနအင်အား၊ လက်နက်အင်အား၊ စည်းရုံးရေးအင်အား၊ ပညာအင်အား စတဲ့ အားတွေကို အားကိုးရမယ်၊ ဒီလိုနားလည်ခဲ့ပါတယ်။ ခုတော့ ဆန္ဒရယ်၊ ဝီရိယရယ်၊ စိတ်ရယ်ပါ 'ကိုယ့်အား'တွေ ဖြစ်တဲ့အကြောင်း တိုးချဲ့နားလည်လာခြင်း ဖြစ်ပါတယ်။ ဥပမာဆိုပါစို့၊ မိမိကိုယ်ကိုကြီးပွားအောင်လုပ်မယ်၊ ကိုယ့်နိုင်ငံကို သာယာဝပြောအောင်လုပ်မယ်လို့ ဆန္ဒ ပြင်းပြင်းပြပြထားရင် ဒီဆန္ဒဟာ မိမိရဲ့ခွန်အား (မိမိရဲ့စွမ်းရည်)ပဲ မဟုတ်ပါလား။ ဒီဆန္ဒခွန်အားကိုလဲ အားကိုးတစ်ခုပြုရမှာပါပဲ။

ပိဋကသုံးပုံရဲ့ကျေးဇူးနော်....။

ဟုတ်ပါတယ်ခင်ဗျား၊ ဗုဒ္ဓဘာသာဝင်တွေရဲ့ ဦးခေါင်းထဲမှာ ပိဋကသုံးပုံရဲ့ကျေးဇူးတွေ အများကြီးဝင်နေတာကို ပိုပြီးသတိပြုမိလာပါပြီ။

ကောင်းပါဗျာ။

အခုလ ဘာရေးမှာလဲဆရာ။

'အာဟာရ'အကြောင်း ရေးပါ့မယ်။

'အာဟာရ'နဲ့ပတ်သက်လို့ လူသိများတာက 'ကံ၊ စိတ်၊ ဥတု၊ အာဟာရ'ဆိုတဲ့ ရုပ်ဖြစ်ကြောင်း (ရူပသမုဋ္ဌာန်) ထဲက 'အာဟာရ' ရယ်၊ 'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ'ဆိုတဲ့ ပါဠိဆောင်ပုဒ်ထဲက 'အာဟာရ'ရယ်၊ ဒါကို အသိများကြပါတယ်။

'အာဟာရပစ္စယော'ကော ဆရာ။

အာဟာရပစ္စယော ကတော့ ပဋ္ဌာန်း ၂၄-ပစ္စည်းထဲကမို့ ပါဠိကိုရကြပေမယ့် အနက်အဓိပ္ပာယ်မသိကြတာကများပါတယ်။ ဒီမှာတော့ 'အာဟာရ'အကြောင်း အခြေခံကစပြီး သဘောပေါက်အောင် ရေးပါ့မယ်။

'အာဟာရ' ဆိုတဲ့ စကားလုံးရဲ့ ရင်းမြစ်အနက်က 'လွန်စွာဆောင်ခြင်း'ဖြစ်ပါတယ်၊ 'ဆောင်ခြင်း'ဆိုတော့ 'ဆောင်တယ်'ဆိုတာ ကဘာလဲ၊ ဒါကို ဆက်သိဖို့လိုပါသေးတယ်။

'စိတ်ဆောင်တယ်'ဆိုတဲ့စကားကို 'စိတ်လျှော့တယ်'ဆိုတဲ့စကားနှင့် နှိုင်းယှဉ် စဉ်းစားကြည့်ပါ၊ သတ္တိကောင်းတဲ့ လူတစ်ယောက်ဟာ သေခါနီးမှာတောင် တော်တော်နဲ့အသက်မထွက်ဘူး၊ စိတ်လျှော့လိုက်မှ အသက်ထွက်တယ်ဆိုတဲ့ဖြစ်ရပ်မျိုး ရှိတတ်ပါတယ်။ ဒါကို စဉ်းစားရင် 'ဆောင်နေတယ်'ဆိုတာဟာ 'ဖြစ်စေနေတယ်'ဆိုတဲ့ သဘောရောက်ပါတယ်။

ဖြစ်စေတယ် ဆိုတဲ့နေရာမှာလဲ စတင်ဖြစ်ပေါ်စေတာက တစ်မျိုး၊ ဝိုင်းဝန်း ဖြစ်စေတာက တစ်မျိုး၊ ဒီလို နှစ်မျိုးရှိပါတယ်။ စိုက်ပျိုးထားသော သစ်ပင်တစ်ပင်ကိုကြည့်ပါ၊ မျိုးစေ့က သစ်ပင်ကို စတင်ဖြစ်စေပါတယ်၊ လောင်းပေးရတဲ့ ရေကတော့ ဝိုင်းဝန်းဖြစ်စေပါတယ်။ ရေရရင် သစ်ပင်ဆက်ဖြစ်မယ်၊ ရေမရရင် သစ်ပင် ဆက်မဖြစ်ဘူး၊ ဒီလို ဝိုင်းဝန်းဖြစ်စေတဲ့သဘောကို ထောက်ပံ့တယ်လို့လဲ သုံးပါတယ်။

ပြန်ချုပ်ကြည့်ရင် 'အာဟာရ'ဆိုတာ လွန်စွာ ဆောင်တာ၊ 'ဆောင်တယ်'ဆိုတာ ဖြစ်စေတာ၊ ဖြစ်စေတဲ့နေရာမှာလဲ ကိုယ်တိုင်စပြီး ဖြစ်စေတာတစ်မျိုး၊ ဖြစ်ပြီးသားကို ထောက်ပံ့ပေးတာတစ်မျိုး။ ဒီလို

နားလည်ရပါတယ်၊ ပါဠိသုံးကတော့ ထောက်ပံ့တာကို 'ဥပတ္ထမ္ဘက'လို့ သုံးပါတယ်၊ အထောက်အပံ့ပြုခြင်းပဲ ဖြစ်ပါတယ်၊ အာဟာရမှာ အထောက်အပံ့ပြုမှုသည် အဓိကကျပါတယ်။

အထောက်အပံ့ပေးတဲ့ 'အာဟာရ'ဟာ ရုပ်အာဟာရ၊ နာမ် အာဟာရရယ်လို့ နှစ်မျိုးရှိပါတယ်။ ရုပ်အာဟာရအကြောင်း ..ရှင် ပြောပါမယ်။

ရုပ်အာဟာရဆိုတာက ရုပ် ၂၈-ပါးမှာပါတဲ့ အာဟာရရုပ်ပဲ၊ အာဟာရရုပ်ဆိုတာက ဘာလဲဆိုရင် အစားအသောက်တွေမှာပါတဲ့ ရုပ်ဩဇာပဲ ဖြစ်ပါတယ်။

ပုံစံ - ထမင်းဆိုပါစို့၊ ထမင်းထဲမှာ တည်ရှိတဲ့ ဩဇာဟာ အာဟာရရုပ်ပဲ၊ ဒါပေမယ့် အရပ်သုံးကျတော့ ထမင်းကိုပဲ အာဟာရလို့ ခေါ်လိုက်တာပါ။

ဒီဩဇာကလဲနှစ်မျိုးရှိပါတယ်၊ထမင်းလို လူရဲ့ကိုယ်ခန္ဓာပြင်ပမှာ ရှိတဲ့ အစားအစာတွေမှာပါတဲ့ ဩဇာကတစ်မျိုး၊ ဒါကို ဗဟိဒ္ဓဩဇာ၊ ဗဟိဒ္ဓအာဟာရလို့ ခေါ်တယ်၊ ပြင်ပအာဟာရပေါ့၊ ဒါကိုတော့ သိလွယ်ပါတယ်။

အဘိဓမ္မာကတော့ ဒီထက်အနုစိတ်သေးတယ်။ လူရဲ့ကိုယ်ထဲမှာ ဩဇာရှိပါတယ်။ ရုပ်အကြောင်း ဆွေးနွေးခဲ့စဉ်က 'ထူးဆန်းသော ရှစ်ဂဏန်း'ဆိုတဲ့ ဆောင်းပါးမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ရုပ်ရှစ်ပါးဟာ ဘယ်တော့မှခွဲလို့မရဘူးလို့ ဖော်ပြခဲ့ဖူးပါတယ်။ အဲဒီဩဇာ (ဝါ) အဲဒီအာဟာရရုပ်ကို ဆိုလိုပါတယ်။ လူကိုယ်ထဲမှာကို ရှိနေတဲ့ ဒီ ဩဇာကိုတော့ အဇ္ဈတ္တဩဇာ (ဝါ) ကိုယ်တွင်းဩဇာလို့ ခေါ်ပါတယ်။

ဒီကိုယ်တွင်း ဩဇာ(အာဟာရရုပ်)ဟာ ကံကြောင့်လဲဖြစ်တယ်၊ စိတ်ကြောင့်လဲ ဖြစ်တယ်၊ ဥတုကြောင့်လဲဖြစ်တယ်၊ အာဟာရကြောင့်လဲ ဖြစ်တယ်၊ အကြောင်းတရားလေးပါးကြောင့် လူကိုယ်ခန္ဓာထဲမှာ မပြတ် ဖြစ်နေတယ်၊ ဒါကို မှတ်သားလိုက်ပါ။

ဘာမှမစားမသောက်ပေမယ့် ငါ့ကိုယ်ထဲမှာ မိမိရဲ့ ကံကြောင့် သြဇာရုပ်(အာဟာရရုပ်)တွေ မပြတ်ဖြစ်နေတယ်လို့လဲ နားလည်ထား နိုင်ပါဦး။ အသက်ရှိတဲ့လူတစ်ယောက်မှာ ဥပါဒ် ဌီ ဘင် စနစ်ဖြင့် အမြဲ မပြတ် ကိုယ်တွင်းအာဟာရရုပ်(သြဇာ)ဟာ ဖြစ်နေတယ်လို့ နားလည် ထားပါ၊ ဒါဟာ ကိုယ်ခံအာဟာရ (ဝါ) ကိုယ်ခံသြဇာဖြစ်ပါတယ်။

အကြမ်းဖျဉ်းပြောရရင် လူတွေအသက်ရှင်ရေးအတွက် လေလဲ လိုတယ်။ ရေလဲလိုတယ်၊ အစားအစာလဲလိုတယ်၊ လေရော၊ ရေရော၊ အစားအစာရောဟာ လူ့အသက်ကို လွန်စွာ အထောက်အပံ့ပြုတယ်။ ဒါကြောင့် လေလဲအာဟာရ ရေလဲအာဟာရ၊ ခဲဘွယ်ဘောဇဉ်အစား အစာတွေလဲ အာဟာရပါပဲ။

ဟာ....ဆရာ၊ လေလဲအာဟာရ၊ ရေလဲအာဟာရ ဟုတ်လား။

ဟုတ်တယ်။

ကျွန်တော် အစက အစားအစာတွေကိုသာ အာဟာရလို့ ထင် လာခဲ့တာ။

ဟုတ်လား၊ အဘိဓမ္မာကျကျ စဉ်းစားလေ။

အစားအစာတွေထဲမှာ သြဇာဓာတ် (အာဟာရရုပ်) ပါတာ သိလွယ်ပါတယ်။ လေထဲ၊ ရေထဲမှာက သြဇာရုပ်ပါလို့လား။

အင်း....ခင်ဗျား သိပ္ပံအဘိဓမ္မာဆောင်းပါးတွေဖတ်ပြီး မေ့လာ ပြီထင်တယ်၊ လေဆိုတာ ဝါယောဓာတ်လွန်ကဲတဲ့ အဋ္ဌကလာပ်ရုပ်ပဲ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ ဆိုတဲ့ ခွဲမရတဲ့ အဝိနိဗ္ဘောဂရုပ် အဖွဲ့အစည်းပေါ့။ ဒါကြောင့် ဝါယော ပြင်းထန်တဲ့အခါ တေဇောကပါ ထလာတယ်၊ လေမုန်တိုင်းကြီးတွေရဲ့ ထိပ်မှာ မီးမောင်းကြီးတွေက ဦးဆောင်လာတယ်ဆိုတာ ကြားဖူးသား မဟုတ်လား။

ဒီမှာပြောလိုရင်းက လေထဲမှာ သြဇာရုပ်ပါတယ်ဆိုတာပါပဲ။

ရေထဲမှာ သြဇာပါပုံ ပြောရဦးမလား။

ရိပ်မိသွားပြီ ဆရာ၊ ရှေ့သာဆက်ပါတော့။

ပြောလက်စ ကျန်ပါသေးတယ်၊ တချို့ အဝလွန်တဲ့လူတွေဟာ အစားအသောက် ဘယ်လောက်လျှော့စားစား ဝမြဲဝတာပဲ၊ ဘာဖြစ်လို့လဲ သူက လေကိုရှူတယ်၊ ရေကိုသောက်တယ်လေ။

သဘောပေါက်ပါပြီ ခင်ဗျာ။

ကဲ....အရေးကြီးတာပြောတော့မယ်နော်၊ လူ့ရဲ့ကိုယ်တွင်းမှာဖြစ်ရှိနေတဲ့ (ကံကြောင့်ဖြစ်တဲ့) ဩဇာရုပ်နဲ့ ပြင်ပက လေ ရေ အစားအစာမှာပါတဲ့ ဩဇာရုပ်၊ ဒီရုပ်နှစ်ခုပေါင်းစပ်မိတော့မှ လူကိုယ်ထဲမှာ အာဟာရကြောင့်ဖြစ်တဲ့ရုပ် (အာဟာရ သမုဋ္ဌာန်ရုပ်) ဖြစ်လာနိုင်ပါတယ်။ သင်္ချာပုံစံနဲ့ပြရင်တော့ အဇ္ဈတ္တဩဇာ+ဗဟိဒ္ဓဩဇာ=အာဟာရ သမုဋ္ဌာန်ရုပ်၊ ဒီလိုပြရပါမယ်။

ဆရာ....'အာဟာရရုပ်'နဲ့ 'အာဟာရသမုဋ္ဌာန်ရုပ်'ဆိုတာ မတူဘူးလား။

မတူဘူးလေ။

ကံနဲ့ ကမ္မဇရုပ် (ကံကြောင့်ဖြစ်တဲ့ရုပ်)။

စိတ်နဲ့ စိတ္တဇရုပ် (စိတ်ကြောင့်ဖြစ်တဲ့ရုပ်)

ဥတုနဲ့ ဥတုဇရုပ် (ဥတုကြောင့်ဖြစ်တဲ့ရုပ်)။

အာဟာရနဲ့ အာဟာရသမုဋ္ဌာန်ရုပ် (အာဟာရကြောင့် ဖြစ်တဲ့ရုပ်)။

ဒီလိုခွဲကြည့်လေ၊ ကံနဲ့ကမ္မဇရုပ် မတူသလို၊ အာဟာရနဲ့ အာဟာရသမုဋ္ဌာန်ရုပ် မတူဘူးပေါ့၊ တခြားစီပဲ။ ပါဠိမှာ 'ဇ'ဆိုတာ 'ဇာတ' (ဖြစ်စေတာ)ပဲ။ 'သမုဋ္ဌာန်' ဆိုတာ သမုဋ္ဌာန (ဖြစ်စေတာ) ပါပဲ၊ ဒါကြောင့် အာဟာရဇရုပ်လို့လဲ ခေါ်နိုင်ပါသေးတယ်။

လူ့ကိုယ်တွင်းမှာရှိတဲ့ အခံဩဇာရုပ်နဲ့ ပြင်ပက ဩဇာရုပ်တို့ ပေါင်းမိဖို့ကတော့ လူရဲ့နှာခေါင်းနဲ့ပါးစပ်ဟာ အဓိကပါပဲ။နှာခေါင်းနဲ့ လေကိုရှူသွင်းလိုက်တော့ လေထဲမှာပါတဲ့ ဩဇာရုပ်နဲ့ ကိုယ်တွင်းဩဇာရုပ်ပေါင်းမိပြီး အာဟာရသမုဋ္ဌာန်ရုပ် လူကိုယ်မှာဖြစ်ပါတယ်၊

တစ်ခါ လူရဲ့ပါးစပ်၊ လူရဲ့ပါးစပ်က ရေသောက်ချတယ်၊ ရေထဲမှာပါတဲ့ ဩဇာဟာ ကိုယ်တွင်းဩဇာနဲ့ ပေါင်းမိပြီး ကိုယ်ထဲမှာ အာဟာရသမုဋ္ဌာန်ရုပ်တွေ ဖြစ်ပါတယ်။

အစားအစာတွေကိုပါမျိုချပြန်တော့ အစားအစာတွေမှာပါတဲ့ ဩဇာရုပ်နဲ့ ကိုယ်တွင်းဩဇာရုပ်တွေ ပေါင်းစပ်ပြီး ကိုယ်ခန္ဓာထဲမှာ အာဟာရသမုဋ္ဌာန်ရုပ်တွေ ဖြစ်ပြန်ရော၊ ဒါက အကြမ်းဖျင်းပြောတာ။

ဒါပေမယ့် အစားအစာမျိုမချရသေးဘဲ လျှာပေါ်တင်မိရင်ပဲ လျှာရည် (အာပေါခါတ်) အကူအညီနဲ့ အစားအစာမှာပါတဲ့ဩဇာနဲ့ ကိုယ်ထဲမှာရှိတဲ့ ဩဇာပေါင်းမိပြီး အာဟာရသမုဋ္ဌာန်ရုပ်တွေကို ဖြစ်စေနိုင်ပါတယ်။

ဒီနေရာမှာ လျှာကောင်းရင်ကောင်းသလောက် အရသာဆောင်မယ့် အကြောတွေ သန်လျှင်သန်သလောက် အရသာယူတာ မြန်တယ်။ အစားအစာဘက်ကလဲ အဆီဩဇာရှိ အစားအစာအနုစားဆိုရင် ဩဇာပျံ့နှံ့မှုမြန်တယ်၊ ပဲလှော်လိုအစာမျိုးတွေဖြစ်က ကြိတ်ခြေဝါးပေးမှ ဩဇာပျံ့နှံ့မှု ဖြစ်လာတယ်။

ဒီလို ပါးစပ်က သောက်ချ၊ စားချလိုက်တဲ့ ဗဟိဒ္ဓဩဇာပါတဲ့ အစားအသောက်တွေဟာ အစာအိမ်ထဲရောက်တဲ့အခါ ပါစက ဝမ်းမီးက ချက်ပေးသည့် အတွက် အဆီအနှစ်တွေဟာ သွေးကြောတွေထဲ လျှောက်ပြီး တစ်ကိုယ်လုံးမှာ ရသဓာတ်ရည်တွေပျံ့နှံ့တိုင်း အာဟာရသမုဋ္ဌာန်ရုပ်တွေကို ဖြစ်စေပါတယ်။

ထို့ကြောင့် ဤ၌ အဘိဓမ္မာကျကျသတိပြုရမည့် ခေတ်အမီဆုံး အချက်တစ်ရပ်က အစာရေစာကိုစားမှ သောက်မှ ဗိုက်ထဲမှာ အာဟာရရုပ်တွေကို ဖြစ်စေတာမဟုတ်ပါဘူး။ စားခြင်းမျိုခြင်းက လိုရင်းမဟုတ်ပါဘူး။ ပြင်ပကဩဇာဟာ ကိုယ်ထဲရောက်ပြီး ကိုယ်ခံဩဇာနဲ့ပေါင်းစပ်မိ့မမိ ဒါအဓိကပါ၊ နားရှုပ်သွားပလား။

ဟုတ်ကဲ့၊ နည်းနည်းလည်သွားပါတယ်။

ဒါကို သာဓက(သက်သေ)နဲ့ စကားပြောရမှာပေါ့။

အမိဝမ်းတွင်းက သန္ဓေသားကလေးများ၊ ဒီသန္ဓေသားကလေးဟာ သူ့ပါးစပ်နဲ့ ဘာမှမစားပါဘူး၊ ဒါပေမယ့် သူ့ချက်ကြိုးမှ တစ်ဆင့် မိခင်ထံမှ ဩဇာရုပ်ကိုရပြီး သူ့ကိုယ်မှာ အာဟာရသမုဋ္ဌာန်ရုပ်တွေ ဖြစ်ပါတယ်။ ဒါကြောင့်လဲ သူဟာ ကြီးထွားလာတာပါ၊ အာဟာရဇရုပ်မဖြစ်ဘဲ ကြီးမလာနိုင်ပါဘူး။

နောက်တစ်ခုက နာမည်ကျော် ဣသိသိင်္ဂရသေ့လေးဗျ။

ဆရာက နာမည်ကျော်ဆိုပေမယ့် ကျွန်တော်တို့ခေတ်က လူတွေက ဘုရားဟော ဇာတ်နိပါတ်တွေထဲက ဖြစ်ရပ်တွေကို သိပ်မသိကြဘူး၊ ရုပ်ပြကာတွန်း ဇာတ်ကောင်အကြောင်းလောက်သာ သိကြတော့တာ။ ဒါကြောင့် သက်သေတင်တဲ့ရသေ့အကြောင်းလဲ ပြောဦးမှ ခင်ဗျား။

ဒါဆို နောက်လဆက်ဦးမှဖြစ်မယ်၊ ဒီလတော့ ဒီလောက်နဲ့ဖြတ်ကြဦးစို့။

နှစ်ဖက်လှ
၁၉၈၇-ခု၊ ဇူလိုင်လ။

# ဗုဒ္ဓအဘိဓမ္မာက
# သိပ္ပံရှေ့ကပြေးနေတယ်လို့ပြောရင်

ပြီးခဲ့တဲ့လက အာဟာရသမုဋ္ဌာန်ရုပ်အကြောင်း ပြောလာတာ သက်သေဘင်ဘဲ့ကလ္လသိသိဂ်အကြောင်း မသိဘူးတော့ ဇာတ်လမ်းကိုမပြောရင် ပြောလိုရင်းအဘိဓမ္မာကို နားလည်မှာမဟုတ်လို့ ဆက်ပါဦးမယ်။

လိုရင်းပေါ့ဗျာ၊ ဟိမဝန္တာတောထဲမှာ တရားအားထုတ်နေတဲ့ ရသေ့တစ်ပါး ကျင်ငယ်(အပေါ့သွား)တဲ့နေရာမှာ ရသေ့ရဲ့သုက်ပါသွားတယ်။ ဒါကို သမင်မတစ်ကောင်ကသောက်မိပြီး ကိုယ်ဝန်ရ၊ မွေးလာတော့ လူကလေးတဲ့၊ ဒီရသေ့သားကလေးဟာ တောတွင်းမှာသာ ကြီးရတာမို့ မိန်းမဆိုတာကို မမြင်ဖူးဘူး၊ မသိဘူး။ ဖခင်ရသေ့ကြီးကလဲ ချစ်သား–လောကမှာ မိန်းမဆိုတဲ့ သတ္တဝါတစ်မျိုးရှိတယ်၊ သူတို့ကိုရှောင်မှ အကျင့်သီလ ဖြူဖြူစင်စင်ကျင့်နိုင်မယ်လို့ ဆုံးမတယ်၊ သူ့အမည်ကိုလဲ ကလ္လသိသိဂ်လို့မှည့်ခေါ်တယ်။

ဒီရသေ့လေးဟာ ဖခင်ရသေ့ကြီး ဆုံးမတဲ့အတိုင်း တရားတွေ သိပ်ကျင့်တော့ သူ့ရဲ့သီလတန်ခိုးကြောင့် သိကြားမင်းရဲ့ပဏ္ဍုကမ္ဗလာ ဟင်းလာတယ်၊ သိကြားမင်းက ဖြစ်ရပ်ထူးကိုဆင်ခြင်တဲ့အခါ ဒီရသေ့လေးရဲ့ သီလရှိန်စော်ကြောင့် ငါကောင်းကောင်းမနေရတာဘဲလို့ဆိုပြီး ရသေ့လေး အကျင့်ပျက်အောင် အလမ္ဗုသာခေါ်တဲ့ နတ်သမီးချောကလေးတစ်ယောက်ကိုလွှတ်ပြီး ဖျက်ဆီးခိုင်းတယ်။

နတ်သမီးက သူ့ရဲ့မိန်းမကိုယ်(အင်္ဂါဇာတ်)ကို အနာပါလို့ပြောတာကို ရသေ့လေးကယုံရှာတယ်။ မိန်းမမှမမြင်ဖူးဘဲကို၊ ဒီအနာပျောက်အောင် ရသေ့လေးရဲ့ ကိုယ်ပိုင်တောင်ဝှေးနဲ့ (ယောက်ျားလိင်နဲ့)ထိုးပါ

ဆိုတော့ အနာပျောက်အောင်ဆိုပြီး အထိုးလိုက်မှာ နတ်သမီးရဲ့ အတွေ့အထိကြောင့် မေ့မြောသွားပါသတဲ့။

ဒီလိုမေ့မြောသွားတော့ ရသေ့လေးကလူသားဆိုတော့ သူစားထားတဲ့ လူ့အစားအစာက(၇)ရက်ပဲ အသက်မသေအောင်ထောက်ပံ့နိုင်သတဲ့၊ (၇)ရက်ကကျော်ရင် အာဟာရသမုဋ္ဌာန်ရုပ်တွေ ဆက်မဖြစ်တော့ တာနဲ့ သေသွားတော့မယ်။ သိကြားမင်းနဲ့နတ်သမီးကလဲ ရသေ့ကလေးကိုမသတ်ချင်ဘူး၊ သီလပျက်ရုံလောက်ပဲ လုပ်ချင်တာကိုး။

ဒါနဲ့ မေ့နေတဲ့ရသေ့ကလေးမသေရအောင် ရသေ့ကလေးရဲ့ ကိုယ်ခန္ဓာခမွေးညင်းပေါက်တွေကနေ နတ်ဩဇာ(နတ်အာဟာရ)တွေကို ထည့်သွင်းပေးရပါတယ်။ နတ်သမီးအတွေ့ကလဲ ဘယ်လောက်ပြင်းထန်သလဲ(ဝါ)ကောင်းသလဲဆိုရင် ရသေ့ကလေးခမျာ (၃)နှစ်(၃)မိုးတိုင်တိုင် မေ့မြောနေရှာပါသတဲ့။

(ဇာတ်လမ်းကတော့ ပြန်ပြီးသတိရလာတဲ့အခါ သူ့နေရာကျောင်းကလေးမှာ တောပြစ်နေပြီး ဖြစ်ရပ်မှန်ကိုသိရှိသည့်အတွက် သူ့အဖေရသေ့ကြီး၏ဩဝါဒအတိုင်း မိန်းမဟာ ရသေ့ရဟန်းများ အကျင့်သီလအတွက် ဘေးအန္တရာယ်ကြီးပုံ လက်တွေ့သဘောပေါက်သွားပြီး၊ တရားဆက်လက်အားထုတ်၊ ဈာန်တွေ ပြန်ရ၊ သေတော့ ဗြဟ္မာ့ပြည်လားပါသတဲ့)။

ကဲ....ကာတွန်းရှုပ်ပြ ဗဟုသုတရှင်ကြီးခင်ဗျား၊ ဣသိသိင်္ဂ ဇာတ်လမ်း သိပြီလား။

သိပါပြီ ဆရာ။

ဒီမှာပြောလိုရင်းက တစ်ခုတည်းပါ၊ အစားအစာကို ပါးစပ်က စားမှ မဟုတ်ပါဘူး၊ မွေးညင်းတွင်းကသွင်းပေးနိုင်ရင်လဲ ပြင်ပကဩဇာနဲ့ ကိုယ်တွင်းဩဇာ ပေါင်းစပ်မိနိုင်ပါက အာဟာရသမုဋ္ဌာန်ရုပ်တွေဖြစ်ပြီး အသက်ရှည်နိုင်တဲ့အကြောင်းပါပဲ။

ဒါကြောင့် ပါးစပ်က မစားနိုင်တဲ့လူနာကို စအိုဝကဖြစ်စေ၊ နှာခေါင်းကဖြစ်စေ၊ အစာသွင်းပေးရင်လဲ အာဟာရသမုဋ္ဌာန်ရုပ်တွေ ဖြစ်ပြီး အသက်မသေနိုင်ပါ။ ဆေးထိုးအပ်နဲ့ အကြောထဲထိုးသွင်းပေးလဲ

အာဟာရဇရုပ်တွေ ဖြစ်နိုင်ပါတယ်။ အဲ–လူရဲ့ဆေးဝါး ဓာတ်စာတွေက ကြွမ်းတဲ့အတွက် မွေးညင်းတွင်းတွေကတော့ ထိထိရောက်ရောက် ထည့်လို့ မရသေးဘူးထင်တယ်။ တကယ်လို့ အဘိဓမ္မာ လမ်းကြောင်းကို လျှောက်ပြီး သိပ္ပံပညာရှင်တွေအနေနဲ့ လူရဲ့မွေးညင်းတွင်းက ထည့်ပေးလို့ရတဲ့ အစာမျိုးကိုတီထွင်လာနိုင်ရင်တော့ ကုသမှုပိုပြီးထိရောက်လာမှာပေါ့လေ။

ဒီနေရာမှာ 'ဆေးလည်းအစာ၊ အစာလည်း ဆေး'ဆိုတဲ့စကားဟာ အဘိဓမ္မာအခြေခံပါတဲ့ သက်စောင့်စကားပဲ၊ သင့်မြတ်တဲ့အစာ ကိုယ်နဲ့တဲ့ ,တဲ့အစာကိုစားလိုက်ရင် အဲဒီအစာက ကိုယ်ထဲမှာ ကောင်းတဲ့ အာဟာရသမုဋ္ဌာန်ရုပ်ကို ဖြစ်စေတယ်၊ မတဲ့ ,တဲ့အစာကို စားလိုက်ရင် အဲဒီအစာကြောင့်ဖြစ်လာတဲ့ မသင့်မြတ်တဲ့ အာဟာရသမုဋ္ဌာန်ရုပ်တွေ ဖြစ်လာလို့ ရောဂါဖြစ်ရတယ်။

ဥပမာ–ဆူးပုပ်ရွက်စားရင် ဇက်ကြောတက်တာတို့၊ ရုံးပတီသီးစားရင် အကြောတင်းတာတို့ စသည်တို့ဟာ အဲဒီအစားအစာတွေထဲမှာပါတဲ့ ဩဇာရုပ်ကဖြစ်စေတဲ့ အာဟာရသမုဋ္ဌာန်ရုပ်တွေကြောင့် ဖြစ်လာတာပဲ၊ တချို့လိပ်သားစားလို့ နူသွားတယ်ဆိုတာအာဟာရကြောင့်ဖြစ်တဲ့ရောဂါပဲ။

အထူးသဖြင့် မိုးတွင်းအခါမှာဖြစ်တတ်တဲ့ အစာမကြေ ဝမ်းဖောဝမ်းရောင်ရောဂါဟာ တကယ်ဖြစ်လာရင် ဆေးထိုးဆေးသောက်ကုလို့ ပျောက်ခဲလှတယ်။ အုန်းထမင်းရယ်၊ ကြက်သားကာလသားချက်ရယ်၊ ဥသျှစ်ရွက်ဟင်းချိုရယ်၊ သရက်သီး သဘောက်ချဉ်သုပ်ရယ် ,စားလိုက်ရင် တစ်ခါတည်း အစာကြေလာပြီး ပျောက်တော့တာပဲ။ ဒါဟာ ဘာလဲဆိုတော့ အာဟာရကြောင့် အစာကဆေးဖြစ်လာတာပဲ ဖြစ်ပါတယ်။

အဲဒီလို အာဟာရအထောက်အပံ့ကောင်းရင် အစာဟာ ဆေးဖြစ်တာတွေ အများချည်းပါ။ မတဲ့တာစားရင်လဲ ဘေးဖြစ်တာတွေ လက်တွေ့မဟုတ်လား။ ကဲ...ဒါက အစဖော်ရုံလောက်ပေါ့။

ဒီမှာ ဘုရားရှင်က သဗ္ဗညုတဉာဏ်နဲ့ပြောထားတဲ့ အချက်တစ်ရပ် ရှိသေးတယ်၊ ဒါကဘာလဲဆိုတော့ မြင်ပကဩဇာဟာ ဥပါဒ်ခဏမှာ

အာဟာရသမုဋ္ဌာန်ရုပ်ကို မဖြစ်စေနိုင်ဘူး၊ ဋီခါက ရောက်မှသာ ဖြစ်စေနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ ရုပ်ရဲ့ ဥပါဒ်ဋီဘင်သုံးချက်မှာ ဋီခါဟာ အကြာဆုံးဆိုတာ ပြန်သတိရရင် အလွယ်တကူ နားလည်နိုင်ပါတယ်။

အသက်ရှင်လျက်ရှိတဲ့ လူရဲ့ကိုယ်ခန္ဓာမှာ အာဟာရသမုဋ္ဌာန်ရုပ်ဖြစ်ပုံပြောခဲ့ပါတယ်။ ဒီနေရာမှာ အဇ္ဈတ္တသြဇာဆိုတာ ကံကြောင့်ဖြစ်တဲ့ ကမ္မသြဇာ ဖြစ်တဲ့အကြောင်း၊ ဒီကိုယ်တွင်းကသြဇာနဲ့ ပြင်ပက ဗဟိဒ္ဓသြဇာပေါင်းစပ်မိမှ အာဟာရသမုဋ္ဌာန်ရုပ် ကိုယ်မှာဖြစ်ပွားတဲ့ အကြောင်းလဲ ပြောခဲ့ပါပြီ၊ ဒီအချက်ဟာ လူနာများအတွက် အရေးကြီးပါတယ်။

အကယ်၍ လူနာတစ်ယောက်ဟာ အသက်ရှင်ဖို့ ကံအားနည်းလာပြီဆိုရင် သူ့ကိုယ်တွင်းမှာ ကံကြောင့်ဖြစ်တဲ့ သြဇာရုပ်တွေ ကိုယ်ခံသြဇာရုပ်တွေ ညံ့လာပါတယ်၊ ကိုယ်ခံကမ္မဇသြဇာက ညံ့နေပြီဆိုရင် သမားတော်များက ပြင်ပသြဇာဗဟိဒ္ဓကို ဘယ်လောက်ကောင်းအောင် သွင်းပေး သွင်းပေး၊ အာဟာရသမုဋ္ဌာန်ရုပ် ဖြစ်အားနည်းလာပါတယ်။ ဒါကြောင့် အားအင်တွေ ဆုတ်ယုတ်လာပြီး သေဖို့ဖြစ်လာမှာပါ။

(လက်ရှိ သိပ္ပံပညာလောကမှာ ကံ၏စွမ်းအားကို ရှာဖွေမတွေ့ကြသေးဘူး၊ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာက သိပ္ပံရှေ့က ပြေးနေတယ်လို့ပြောရင် ရိုးသားဖြူစင်သော သိပ္ပံပညာရှင်ကြီးတွေအနေနဲ့ အားဘက်ကြလိမ့်မယ်ထင်တယ်၊ တို့ ဆက်လုပ်စရာတွေကို ညွှန်ပြတာပဲ၊ မှားခေါ်တာပဲလို့ ကျေးဇူးတင်ကြစရာရှိပါ၏)။

အာဟာရနဲ့ပတ်သက်လို့ အခုပြောပြီးတာက လူကောင်းရယ်၊ ပြန်ကျန်းမာလာဦးမယ့်လူနာရယ်၊ သေရမယ့်လူနာရယ်၊ သုံးမျိုးရှိသွားပြီ။ လူကောင်းတစ်ယောက်ဟာ ရှူတယ် ရှိုက်တယ် စားတယ် သောက်တယ်ဆိုတဲ့နေရာမှာ အာဟာရသမုဋ္ဌာန်ရုပ်တွေဖြစ်ပုံ ပါသွားပြီ။ ပြန်ကျန်းမာလာမယ့်လူနာကို ပါးစပ်ကမစားနိုင်ရင် ပြင်ပကသြဇာ၊ ကိုယ်တွင်းရောက်အောင် သွင်းပေးနိုင်ရင်လဲ အသက်ရှင်နိုင်ပုံ ပြောခဲ့ပြီ။ သေတော့မယ့်လူနာအဖို့ ဗဟိဒ္ဓသြဇာ ဘယ်လိုသွင်းသွင်း ကိုယ်ခံကမ္မဇသြဇာညံ့လာသမို့ အာဟာရသမုဋ္ဌာန်ရုပ်တွေ အဖြစ်မသန်တော့ဘဲ တဖြည်းဖြည်း သေရတဲ့အကြောင်းလဲ ပြောပြီးပြီ။

အခု လူသေကောင်နဲ့ အာဟာရအကြောင်း ဆက်ကြဦးစို့၊ စုံသွားအောင်ပေါ့။

စာအုပ်ကြီးထဲကအတိုင်း ကူးချထည့်သွင်းနေတာ မဟုတ်ဘဲ အတွေးအခေါ် အရှုအမြင် အဝေအဖန်နဲ့ မွမ်းမံတင်ပြနေတာမို့ ဆက်ဖတ်ပါရစေဦး ခင်ဗျား။

လူသေကောင်တစ်ကောင်ကိုကြည့်ပါ၊ ဦးခေါင်းခြေလက် ကိုယ်အင်္ဂါတွေကတော့ မပုပ်ခင်(သေကာစ)မှာ အသက်ရှိတဲ့လူလိုပဲ မဟုတ်လား။

ဒါပေမယ့် လူရှင်ရဲ့ကိုယ်မှာက ကံကြောင့်ဖြစ်တဲ့ ရုပ်တွေလဲရှိတယ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေလဲရှိတယ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်တွေလဲရှိတယ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေလဲရှိတယ်၊ စိတ်ရှိနေလို့ လှုပ်ရှားသွားလာနိုင်တယ်၊ ပြောဆိုနိုင်တယ်။

လူသေရဲ့ကိုယ်မှာကတော့ ကံကြောင့်ဖြစ်တဲ့ရုပ်တွေလဲ မရှိတော့ဘူး၊ စိတ်မရှိတော့လို့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေလဲ မရှိတော့ဘူး၊ ကိုယ်တွင်းကိုယ်ခံ ကမ္မဇသြဇာကြောင့်ဖြစ်တဲ့ အာဟာရဇ ရုပ်တွေလဲ မရှိတော့ဘူး၊ ကံ၊ စိတ်၊ အာဟာရသုံးမျိုးလုံး ချုပ်သွားပြီ၊ မရှိတော့ဘူး၊

ဘာသာကျန်တော့သလဲဆိုတော့ ဥတုကြောင့်ဖြစ်တဲ့ ဥတုဇရုပ်ကလာပ်တွေပဲကျန်တော့တယ်၊ လူသေကောင်မှာ ဥတုဇရုပ်ကလာပ်မျှသာရှိတော့တယ်။ ကံလဲမရှိ၊ စိတ်လဲမရှိ၊ ကိုယ်တွင်းအာဟာရလဲ မရှိဘူး၊ ဒါကို အလေးအနက်စဉ်းစားပါ။

ဒါကြောင့် လူသေကောင်ထဲကို ကံထည့်ပေးလို့ မရသလို၊ စိတ်ထည့်ပေးလို့မရသလို၊ ဗဟိဒ္ဓကသြဇာအာဟာရ ထည့်ပေးလို့လဲမရဘူး၊ လူသေကို မော်ရီယာမင်းထိုးပေးလို့လဲ အားရှိမလာတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ခံ ကမ္မဇသြဇာ မရှိတော့လို့၊ ဒါက အဘိဓမ္မာအမြင်ပဲ။

သိပ္ပံကတော့ သွေးလည်ပတ်မှုရပ်သွားလို့၊ သွေးကြောထဲ ဆေး မသွားတော့ဘူးလို့ ပြောမှာပေါ့။ ဒါက အတုံးလိုက်အတစ်လိုက် မျက်စိနဲ့ ကိရိယာနဲ့ မြင်ရတာကို ပြောတာပဲ။ အဇ္ဈတ္တကမ္မဇဩဇာ (ကိုယ်ခံဩဇာ) မရှိတော့လို့ ဆိုတာကတော့ ဉာဏ်အမြင်နဲ့ မြင်တဲ့အမြင်ပါ၊ ဉာဏ်မှ ဘုရားရှင်ဉာဏ်နဲ့ မြင်တဲ့အမြင်ပါ။

ဒါကြောင့် လူသေကောင်ကို ကြာရှည်ခံအောင် အာဟာရ ထည့်သွင်းပေးလို့ မရတာပါပဲ။

အဲ–အလောင်းကောင်ဟာ ဥတုဇရုပ်ကလာပ်ကြီးဆိုတော့ ဥတုကို ပြုပြင်ပေးနိုင်ရင်တော့ မပုပ်မသိုးအောင်၊ တာရှည်ခံအောင်၊ ပုံမပျက်အောင် လုပ်နိုင်သလောက် လုပ်နိုင်ပါတယ်။

အလောင်းဟာ နေပူပြင်းရင် မြန်မြန်ပုပ်တယ်၊ ရေခဲတိုက်ထဲ သွင်းပြီး အအေးခံထားရင် တော်တော်နဲ့ မပုပ်ဘူးမဟုတ်လား၊ နောက်ပြီး ကိုယ်ထဲမှာ အသက်ရှူလေနဲ့ သန့်စင်ထားရတဲ့ အူအသည်း စတာတွေဟာ သေတော့ အသက်ရှူလေနဲ့ မသန့်စင်ရတော့ ကိုယ်ထဲက မြန်မြန်ပုပ်လာတာပဲ မဟုတ်လား။

ဒါကြောင့် ဗိုက်ထဲက အူတွေ အသည်းတွေ ထုတ်၊ လေလုံတဲ့အခန်းထဲထည့်၊ ဥတုကိုအကျိုးပြုတဲ့ ဆေးဝါးတွေကူပြီး အလောင်းကိုသိမ်းထားလိုက်ရင် နှစ်ပေါင်း ရာနဲ့ ထောင်နဲ့ချီပြီး မဆွေးမမြေ့ ကျန်တာပဲ။ အီဂျစ်မှာ မမ္မီတွေဆိုတာ ဒါမျိုးတွေပါ။ အဘိဓမ္မာ မတတ်ကြပေမယ့် (ရှေးကလူတွေ ဗုဒ္ဓအဘိဓမ္မာကို သိများသိသွားကြသလား) သူတို့လုပ်ပုံက ရုပ်သဘာဝလမ်းစဉ်မှန် ကျရောက်တာနဲ့ အလောင်းတွေ တာရှည်ခံအောင် ထားရစ်နိုင်ခဲ့ကြတာပါပဲ။

ကဲ–ရုပ်အာဟာရ အကြောင်း ဆွေးနွေးလာလိုက်တာ တော်တော်ရှည်သွားပြီ။ နောက်လကျမှ နာမ်အာဟာရအကြောင်း ဆက်ကြတာပေါ့။

နှစ်ဖက်လှ
၁၉၈၇–ခု၊ ဩဂုတ်လ။

# ကာမတဏှာနဲ့ ဘဝတဏှာရဲ့ လက်ချက်

ဆရာခင်ဗျား... ပြီးခဲ့တဲ့လက 'အာဟာရ'နှင့် ပတ်သက်လို့ အဘိဓမ္မာ မြင်ကွင်းမြင်ကွက်ကို ဖော်ပြခဲ့တာဟာဖြင့် လက်တွေ့ဆန်လှပါတယ်။ လောလောလတ်လတ် အကျိုးပြုတဲ့ အသိဉာဏ်ကိုလည်း တိုးပွားစေပါတယ်ခင်ဗျား။

နာမည်ကျော် အာယုဗ္ဗေဒ သိပ္ပံမြို့ဆရာကြီး ဦးထွန်းလင်း (အရှင်နာဂသေနာဘိဝံသ)က...ကြည်လင် သန့်ရှင်း ပြစ်ကင်းမှုကို ဆိုလိုအာကာ၊ဥသ္မာ၊ ဩဇာကောက်ယူရ–ဆိုတဲ့ဆေးပညာဆောင်ပုဒ်ကို ချပေးဖူးပါတယ်၊ အဓိပ္ပာယ်က လူ့ကိုယ်ခန္ဓာမှာ ကြည်လင်မယ်၊ သန့်ရှင်းမယ်၊ အပြစ်ကင်းမယ်ဆိုတဲ့ လက္ခဏာကိုတွေ့ရင် အဲဒီလူမှာ အာကာသ(အပွင့်ဓာတ်)ကောင်းနေတယ်လို့ သိရပါယ်၊ အာကာသဓာတ်ကောင်းနေရင် ကျန်းမာတယ်၊ ဒီလို အာကာသ(အပွင့်ဓာတ်)ရဲ့ အခြေခံကဘာလဲဆိုတော့ ကံကြောင့်ဖြစ်တဲ့ ကိုယ်တွင်း ဥသ္မာဓာတ်ကောင်းရင် အာကာသဓာတ်ကောင်းတယ်၊ ဒီဥသ္မာဓာတ်ကို ဩဇာက အကျိုးပြုတယ်၊ အဆီအနှစ်ဩဇာရှိတဲ့ သင့်မြတ်တဲ့အစာအာဟာရကိုစားပေးရင် ကိုယ်တွင်း ဥသ္မာဓာတ်ကောင်းလာပြီး အပွင့်ဓာတ် အာကာသဓာတ်ကို ဖြစ်စေတဲ့အတွက် လူရဲ့ကိုယ်ခန္ဓာဟာ ကျန်းမာလာတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

အခု ဆရာရဲ့ အာဟာရ ဆောင်းပါးကို ဖတ်လိုက်တော့ အဲဒီ ကျန်းမာရေးအကျိုးပြု ဆေးပညာဆောင်ပုဒ်ကိုပါ ပိုပြီးနားလည်သွားပါတယ်။

ဒါပေမယ့် အာဟာရအကြောင်းကို အကောင်းဆုံးသက်သေထူပြတဲ့ ဣလသိသိဂ်ရသေ့အကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ မျက်စိလည်သွားပါတယ်။ ကျွန်တော်တို့ကြားဖူးတာနဲ့ သိပ်မတူလို့ပါ။

ဆိုပါဦး။

ကျွန်တော်တို့ကြားဖူးတဲ့ ကလာသိဂ်အကြောင်းမှာက သိကြားမင်း လုပ်လို့ ဗာရာဏသီပြည်မှာ မိုးသုံးနှစ်ခေါင်တယ်၊ ဘုရင့်သမီးတော်က သိကြားမကြိုက်တဲ့ ရသေ့ရဲ့သီလကို ဖျက်ပေးရတယ်... စသည်ပေါ့၊ ဒီမှာက နတ်သမီးဆိုတော့ ဘုရင့်သမီးကိုပဲ နတ်သမီးလို့ တင်စားပြော တာလား၊ ဘာလားပေါ့ ဆရာရယ်၊ တွေးမိပါတယ်။ ဒါပေမယ့် ပြော လိုရင်း အနှစ်သာရဖြစ်တဲ့ အာဟာရ အကြောင်းနဲ့တော့ မဆိုင်ပါ ဘူး။

ဟုတ်ပါ့ဗျာ၊ ဆရာက ကလာသိဂ် နှစ်ဇာတ်ပေါင်းပြီး တိုနန့်နန့် ကလေးပဲ ပြောလိုက်မိတယ်၊ ဒါကြောင့် နည်းနည်းလုံးသွားတာနဲ့တူ ပါတယ်။

ကလာသိဂ်နှစ်ဇာတ် ဟုတ်လား။

ဟုတ်ပါတယ်၊ ဇာတ်လိုက် ကလာသိဂ်ပါတဲ့ဇာတ်ဟာ တစ်ဇာတ် တည်း မဟုတ်ပါဘူး၊ နှစ်ဇာတ်ရှိပါတယ်။

အဘိဓမ္မာနဲ့တော့ မဆိုင်ဘူးပေါ့ဆရာ၊ ကြားဖြတ် ဗဟုသုတ အဖြစ်ပြောပါဦး။

မြတ်စွာဘုရားဟော စတ္တာလီသ နိပါတ်တော်မှာ အလမ္ဗုသာ ဇာတ်ဆိုတာ ပါ့ပါတယ်၊ အဲဒီဇာတ်မှာ ဇာတ်လိုက်ရသေ့အမည်က ကလာသိဂ် ပါ။ နောက်ပဏ္ဏာသနိပါတ်မှာ နိလီနိကာဆိုတဲ့ဇာတ် ဟော ပါတယ်၊ အဲဒီဇာတ်မှာလဲ ဇာတ်လိုက် ရသေ့ကလေး အမည်က ကလာသိဂ် ပါပဲ၊

သြော်.... ဟုတ်လား၊ ဒါဆို ကလာသိဂ် နှစ်ယောက်ပေါ့ နော်။

ဟုတ်ပါတယ်။

နာမည်တူရုံတင် မကသေးဘူး၊ ဇာတ်လမ်းဖြစ်ပေါ်ပုံနဲ့ ဇာတ် အခြင်းအရာတွေကလဲ ကိုးဆယ့်ကိုး ရာနှုန်းလောက် တူပါတယ်၊ ဇာတ် လမ်းရဲ့ရည်ရွယ်ချက်ကတော့ ထပ်တူပါဘဲ။

နည်းနည်း သိပါရစေ ခင်ဗျား။

အလမ္ဗုသာဇာတ်-ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးစဉ် မယားဟောင်းက ဖြားယောင်းလို့ သာသနာတော်၌ ငြီးငွေ့တဲ့ ရဟန်းကို အကြောင်းပြုပြီး ဒီဇာတ်ကို ဟောပါတယ်။ ဒီမိန်းမဟာ အရင် ဘဝကလဲ သင့်ကို ကိလေသာ ကာမဂုဏ်နဲ့ ဖျက်ဆီးဖူးပြီပေါ့လေ။

အတိတ်အကြောင်း အချုပ်ကတော့ ကာသိတိုင်းသား ပုဏ္ဏား တစ်ယောက် ရသေ့ဝတ် တောထွက်နေစဉ် သုက်ပါတဲ့ သူ၏ ကျင်ငယ်ရေ သောက်မိလို့ သမင်မမှာ သန္ဓေရပြီး လူကလေးမွေးဖွား၊ ရသေ့က ကလေးကိုယူမွေးထား၊ ဣသိသိင်္ဂလို့ မှည့်ခေါ်၊ ကြီးလာတော့ ရသေ့လေးလုပ်ပေး၊ တရားအားထုတ်ခိုင်း၊ ဈာန်တွေရ။

ဣသိသိင်္ဂရသေ့ရဲ့ သီလရှိန်ကြီးမားလို့ သိကြားမင်း ပဏ္ဍုကမ္ဗလာတင်း၊ သိကြားစည်းစိမ် လုမည်ထင်၍ အလမ္ဗုသာ နတ်သမီးလွှတ်ပြီး သီလဖျက်ခိုင်း၊ ရသေ့ သီလပျက်၊ နောက်တော့ ဈာန်ပြန်ရတယ်၊

နိဠိနိကာဇာတ်တော် ဟောရတဲ့အကြောင်းက အလမ္ဗုသာဇာတ်နဲ့အတူတူပဲ၊ သမင်မက မွေးတဲ့အထိ၊ သိကြားမင်း ပဏ္ဍုကမ္ဗလာတင်းတဲ့အထိ အတူတူပဲ၊ ဒီဇာတ်မှာတော့ သိကြားမင်းက ကာသိတိုင်းမှာ မိုးသုံးနှစ်ခေါင်အောင်လုပ်၊ လူတွေက ပြဟ္မဒတ်မင်းထံ အရေးဆိုကြ၊ ဒီတော့မှ သိကြားမင်းက မင်းထံလာပြီး ဣသိသိင်္ဂ ရသေ့ကြောင့် မိုးခေါင်တာ၊ အသင်မင်းကြီးရဲ့ သမီးတော်လွှတ်ပြီး ရသေ့အကျင့်သီလ ဖျက်ပါ၊ ဒါမှ မိုးရွာမယ်ပြော၊ သမီးတော်လွှတ်၊ အကျင့်ဖျက်တော့ ဣသိသိင်္ဂရသေ့ကလေး သီလပျက်ရှာတယ်၊ နောက်တော့ ဖခင်ရသေ့ကြီး ဆုံးမစကား နားထောင်ပြီး အကျင့်ပြန်ကျင့်တော့ ဈာန်ပြန်ရတယ်။ (ဒါ နိဠိနိကာဇာတ်က ရှေးခေတ်က ဇာတ်သမားတွေ့ပွဲကတဲ့ဇာတ်ပဲ)။

အလမ္ဗုသာဇာတ်မှာ ရသေ့ကလေး သုံးနှစ် မေ့မျောရာမှ ပြန်သတိရလာတော့ သူ့ကျောင်းကလေး နွယ်တွေ တက်နေတာ ပါတယ်၊ နိဠိနိကာဇာတ်မှာကတော့ ရသေ့နဲ့မင်းသမီး လူလိုသံဝါသ အကြိမ်ကြိမ်ပြုပြီး မင်းသမီးပြန်သွား၊ ဖခင်ရသေ့ကြီးရောက်လာ၊ ဆုံးမ၊ ဒီလိုနဲ့ ပြီးတယ်။

နှစ်ဇာတ်လုံးမှာပဲ တောတွင်းသား ရသေ့လေးခမျာ သူတို့ကို မိန်းမမှန်းမသိရှာဘူး၊ နတ်သမီးဆိုပေမယ့်လဲ လူမိန်းမလို (ကြမ်းသော ရုပ်) ဖန်ဆင်းလာရတာ၊ နိုလီနိကာဇာတ်မှာက မိန်းမရဲ့ အတွင်းပိုင်း ကိုယ်အင်္ဂါအကြောင်း အသေးစိတ်ဖော်ပြထားဘယ်၊ အလမ္ဗုသာဇာတ် မှာတော့ သဘောလောက်ပဲ ပြထားတယ်။

ဒါပေမယ့် အလမ္ဗုသာဇာတ်မှာနတ်သမီး (မိန်းမ) ရဲ့ ပေါင်ရင်း၊ ချက်၊ ခါး အကုန်ပြထားတယ်၊ ရသေ့လေးက သူမရဲ့ဆံထုံးကိုဆွဲတယ်၊ သူမက ရသေ့ကလေးကို ဖက်တယ်၊ ဒီလောက်ပဲ ချိုထားတယ်၊ (ကျန်တာကိုတော့ ဆက်တွေးပေတော့ပေါ့)။

ဒီမှာ အရေးကြီးတဲ့ စကားက....မိဿတုံ၊ ကိလေသာဖြင့်ရော နှောခြင်းငှာ၊ ဣစ္ဆန္တိ၊ အလိုရှိသည်ဖြစ်၍ ဆိုတဲ့အဘိုင်း ကိလေသာနဲ့ အကျင့်ဖျက်ဖို့လာတာကိုး၊ ဒါကြောင့် ဖြည့်ပြီး တွေးပေရော့ ဆိုရတာပဲ၊ နတ်သမီးက လူယောင်ဆောင်ထားတဲ့ နတ်သမီးမဟုတ်လား။

မာတုကာမများကိုရှောင့်ဖို့ ရဟန်းများအတွက် ပညတ်ထားတဲ့ ပထမပါရာဇိက ဆိုတဲ့ သိက္ခာပုဒ်အဖွင့်မှာ ရဟန်းများ သံဝါသ မပြု ကောင်းတဲ့ မိန်းမသုံးမျိုးပြဆိုတယ်၊ ဒါက မနုဿိတ္ထိ၊ လူမ။ တိရစ္ဆာ နဂတိတ္ထိ၊ တိရစ္ဆာန်မ။ အမနုဿိတ္ထိ၊ လူမဟုတ်တဲ့ နတ်မ၊ ဘီလူးမ စသည်တဲ၊ ဒါကြောင့် လူယောင်ဆောင်ထားတဲ့ အမနုဿမတွေကိုလဲ သံဝါသ ပြုလို့ရဘယ်လို့ သိနိုင်ပါတယ်။

အဲဒါတွေစဉ်းစားပြီး နတ်သမီးက ဖက်လိုက်ရုံကလေးနဲ့ သုံးနှစ် မေ့သွားတယ်ဆိုရင် မယုံချင်တဲ့လူလဲ ရှိမယ်၊ ဇာတ်သရုပ်လဲ သိပ်မပေါ် ဘူးဆိုပြီး ဖြစ်ရပ်တူတဲ့ နိုလီနိကာဇာတ်က ကိလေသာနဲ့ နှီးနှောကာနီး သရုပ်ကလေးနှင့် ကြိုပို့ပေးလိုက်တာ၊ ဒါနဲ့ ခင်ဗျား နည်းနည်းလုံးသွား မှတ်တယ်။

ဟုတ်လိုက်လေဆရာရယ်၊ ဤဇာတ်အနေနဲ့ ဣသိသိင် နှစ်ဇာတ် ရှိမှန်းကို အစကမသိခဲ့ပါဘူး၊ ဒါကြောင့် ဆရာ့အာဘော် မဖမ်းမိဘဲ ဖြစ်သွားတာပါ၊ ဆရာ့အနေနဲ့ ကျမ်းလွတ်ဂန်လွတ်ဖြစ်လိမ့်မယ်လို့တော့ မထင်ပါဘူး၊

ကောင်းပါလေ့ဗျာ။

ဆရာ၊ တစ်ခု မေးပါရစေဦး။

မေးပါ။

သမင်မက ရသေ့ရဲ့ သုက်ပါတဲ့ ကျင်ငယ်ရေ သောက်တာနဲ့ ကလေးရနိုင်ပါ့မလား။

လောကကြီးမှာ မိမိတို့ဉာဏ် မမီနိုင်သေးတဲ့ ဖြစ်ရပ်မှန်တွေ အများကြီး ရှိသေးတယ်။

သံသယလေး ကင်းသွားအောင်လို့ပါ ခင်ဗျာ။

မြတ်စွာဘုရားဉာဏ်နဲ့ သတ္တလောကကို အားလုံး သုံးသပ်ပြီး ပဋိသန္ဓေရနိုင်တဲ့အချက်ဟာ (၇)မျိုးရှိတယ်လို့ ဟောထားတာ ရှိပါတယ်။ လူဘင်မကဘူး အမသတ္တဝါမှာ သန္ဓေရနိုင်သမျှပေါ့၊ ဒီမှာ အရေးအကြီးဆုံးက အမသတ္တဝါမှာ ကိလေသာရာဂ အလွန်ထကြွနေခိုက် ဖြစ်ရမယ်၊ ဒီလိုဖြစ်နေရင်–

(၁) အဖိုက အမကိုယ်ကိုသုံးသပ်ရုံမျှနဲ့လဲ သန္ဓေရနိုင်တယ်။

(၂) သုက်ကိုအဝတ်စနဲ့သွင်းလဲ သန္ဓေရနိုင်တယ်။

(၃) သုက်ကို ပါးစပ်နဲ့မျိုချလဲ သန္ဓေရနိုင်တယ်။

(၄) အမရဲ့ချက်ကို အဖိုက သုံးသပ်ပေးရုံနဲ့လဲ သန္ဓေရနိုင်တယ်။

(၅) အဖိုကို စိမ်းစိမ်းကြည့်လို့ရှိရင်လဲ သန္ဓေရနိုင်တယ်။

(၆) အဖိုရဲ့အသံကို စူးစိုက်သာယာရင်လဲ သန္ဓေရနိုင်တယ်။

(၇) အဖိုရဲ့အနံ့ကို အားပါးတရရှူရှိုက်ရင်လဲ သန္ဓေရနိုင်တယ်။

ဒါတွေနဲ့ပတ်သက်လို့ ကျမ်းဂန်သက်သေ သာဓကတွေကတော့ အများကြီးရှိသပေါ့။

ဒါတွေက ဘုရားဉာဏ်နဲ့ သတ္တလောကတစ်ခုလုံးကြည့်ပြီး ဖြစ်နိုင်သမျှ ဟောပြထားတာ။ အခုရုပ်အမြင် သိပ္ပံအရကတော့ ဖိုမ ခရိုမိုဆုန်း စသည် ပေါင်းရဦးမယ်မဟုတ်လား၊ ဒါကတော့ ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျ ကိစ္စတွေအတွက်ပါ။

ဘယ်ဖို ဘယ်မမှ မစပ်ရဘဲ မန်ကျည်းပင်မှာ သန္ဓေနေ လူဖြစ်သူ၊ ကြာပွင့်မှာ သန္ဓေနေ လူဖြစ်သူ၊ သရက်ပင်မှာ သန္ဓေနေ လူဖြစ်သူမျိုးဟာ ဘုရားလက်ထက်က အထင်အရှားရှိခဲ့တာပဲ။ ဒါမျိုးတွေက ကျယ်ပြန့်လွန်းတယ်၊ မိမိအတွက် မိမိဘဝအတွက် လက်တွေ့အကျိုးရှိတာကို စိတ်ဝင်စားပါ။

နောက်တစ်ခုမေးပါရစေဦး ခင်ဗျာ။

လာပြန်ပလား၊ ဒါနဲ့ ရေးလိုရင်းဖြစ်တဲ့ အဘိဓမ္မာအကြောင်း ပျောက်သွားဦးမယ်။

လိုရင်းပါ ခင်ဗျာ၊ သိကြားမင်းက ရသေ့ကလေးရဲ့သီလအကျင့်ကို ဖျက်ခိုင်းတယ်ဆိုတော့ သိကြားမင်းဟာ လူဆိုးကြီး (Villain) ဖြစ်မနေဘူးလား၊ ကျွန်တော်တို့အနေနဲ့က သိကြားမင်းဆိုတာ အထက်(၃၇)မင်းမှာပါတဲ့ သူတော်ကောင်းလို့ မှတ်ယူထားလို့ပါ။

ခင်ဗျားမေးပုံက သိကြားဋ္ဌီကာဖွင့်ရဦးမယ့် လက္ခဏာပဲ။

အကျဉ်းချုပ်ကလေးပဲဖြေပါ ခင်ဗျာ။

ဒီ ကုသိသိဂ်ဇာတ်က 'အတီတေ'တဲ့ဗျာ၊ ဟိုအတိတ် ဝေးစွာရှေးအခါကပဲ၊ ဒီကမ္ဘာတည်ဦးစလောက်ကလဲ ဖြစ်နိုင်တယ်၊ ဒီဇာတ်တွေမှာ ဖခင်ရသေ့ကြီးက ယခုမြတ်စွာဘုရားဖြစ်လာတဲ့ ဘုရားအလောင်းတဲ့လေ။

သိကြားနဲ့ ပတ်သက်လို့က သုံးပိုင်းပိုင်းနိုင်တယ်၊ မစလရွာသား ဦးမာဃကဖြစ်လာတဲ့ သိကြားမင်းမတိုင်မီ ဟိုရှေးကသိကြားကတစ်မျိုး၊ ဦးမာဃသိကြားကတစ်မျိုး၊ မြတ်စွာဘုရားရှေ့မှောက်မှာ သောတာပန်ဖြစ်သွားတဲ့ သိကြားကတစ်မျိုး၊ ဒီလိုသုံးမျိုးခွဲခြားနိုင်ပါတယ်။

ဦးမာဃသိကြားဟာ နတ်သက်ကျော်ကာနီးမှာ မြတ်စွာဘုရားထံ သွားပြီး ပြဿနာမေး တရားနာရလို့ ဘုရားရှင်ရှေ့မှာပင် သောတာ ပန်ဖြစ်ပြီး သိကြားဟောင်းနတ်သက်ချွေပြီး သောတာပန် သိကြားသစ် ပြန်ဖြစ်ပါတယ်၊ ဒါကို သက္ကပဉှာသုတ်တော်မှာ အထင်အရှား ဟော ထားပါတယ်။

ဒါကြောင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီး အခုထိရှိနေတဲ့ ကျွန်ုပ် တို့ရဲ့ သိကြားမင်းကတော့ သောတာပန်သိကြား၊ သူတော်ကောင်းကြီး ပါ၊ ဒီအရင်က (၀၁) ကလ္လသိသိဂ်ရသေ့ကလေးကို အကျင့်ဖျက်ဆီးခိုင်း တဲ့ သိကြားတွေကတော့ ပုထုဇဉ်သိကြားနတ်များ ဖြစ်ပါတယ်၊ ပုထုဇဉ် ဆိုရင် လူဖြစ်ဖြစ် သိကြားဖြစ်ဖြစ် အပြစ်မကင်းကြပါဘူး။

ကျေးဇူးတင်ပါတယ် ဆရာ။

အဘိဓမ္မာတော့သတ်ဦးမှဖြစ်မယ်၊ ဘာ့ယ်လိုလဲဆိုတော့ မိမိရဲ့ ရာထူးစည်းစိမ်ကို စွဲလမ်းတပ်မက်တဲ့ ကာမတဏှာ ဘဝတဏှာဟာ သိပ် ကြောက်စရာကောင်းတဲ့အကြောင်းပေါ့၊ တွယ်တာလွန်းအားကြီးနေရင် ကိုယ့်စည်းစိမ်၊ ကိုယ့်ရာထူး ရန်ပြုလာမယ်ထင်က လူမဆိုထားနဲ့၊ နတ် သိကြားတောင် ရသေ့ရဟန်း သူတော်ကောင်းကိုပင် ဖျက်ဆီးဝံ့ပါက လားဆိုတဲ့ သံဝေဂကလေးယူရအောင်လေ။

သံဝေဂကလေး မဟုတ်ပါ၊ သံဝေဂကြီးတောင် ယူဖို့ကောင်း ပါရဲ့ ဆရာ။

နှစ်ဖက်လှ
၁၉၈၇-ခု၊ စက်တင်ဘာလ။

# နာမ်ထဲမှ အာဟာရသုံးမျိုး

ပြီးခဲ့သောလက 'အာဟာရ'နှင့် ပတ်သက်၍ 'ရုပ်အာဟာရ' အကြောင်း ဆွေးနွေးခဲ့ပါပြီ။ စားသောက်လို့ပဲဖြစ်ဖြစ်၊ သုတ်လိမ်းထိုးနှင်းပေးလို့ပဲဖြစ်ဖြစ် တစ်နည်းနည်းဖြင့် ပြင်ပက ဗဟိဒ္ဓသြဇာသည် ကိုယ်တွင်း အဇ္ဈတ္တသြဇာနှင့် ပေါင်းစပ်မိလျှင် လူ၏ကိုယ်ခန္ဓာထဲမှာ အာဟာရသမုဋ္ဌာန်ရုပ်များကို ဖြစ်ပွားစေဘယ်ဟု တင်ပြခဲ့ပါသည်။ တစ်နည်းပြောလျှင် လူ၏ကိုယ်ခန္ဓာ တည်တံ့ကြီးထွားမှုရအောင် အာဟာရက အထောက်အပံ့ ပြုတယ်ဟုလည်း ပြောနိုင်ပါသည်။ အာဟာရတည်းဟူသော အကြောင်းတရားကြောင့် လူ၏ကိုယ်ထဲမှာ အာဟာရကြောင့်ဖြစ်သော ရုပ်တို့ကို တိုးပွားစေပြီး အသက်ရှည်ကြာ တည်တံ့သည့်အတွက် အာဟာရသည် လူ၏ တည်ရာမှီရာဖြစ်သည်ဟုလည်း ပြောရပါသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ ရုပ်ဖြစ်ကြောင်းတရားလေးပါးရှိသည့်အနက် ကံကုန်၍သေခြင်း၊ စိတ်ထိခိုက်၍သေခြင်း၊ ဥတုပျက်၍သေခြင်းတို့မှာ လူသာမန်တို့လောကဌ မထင်ရှားချေ၊ သိသူလည်းနည်းပါး၏။ အစားအစာငတ်ပြီး သေဆုံးနေကြခြင်းမှာမူ အလွန်သိသာထင်ရှားလှသည်၊ ယနေ့လူ့ကမ္ဘာတွင် အစာရေစာငတ်ပြတ်သေဆုံးနေကြသူတွေ မပြတ်ရှိနေသည်မဟုတ်ပါလော၊ အစာရေစာ ငတ်ပြတ်သေဆုံးကြရခြင်းမှာ စင်စစ် ပြင်ပက ဗဟိဒ္ဓသြဇာကို မရကြသည့်အတွက်ကြောင့်ဖြစ်ပါသည်။

သို့ဖြစ်၍ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာကို တချို့က သတ္တဝါအားလုံးသည် အစာအာဟာရစားရမှ တည်နိုင်ကြသည်ဟုပင် ယူဆကြ

သည်။ ဗုဒ္ဓအဘိဓမ္မာအမြင်ပိုင်းကမူ 'အာဟာရ'ဆိုသော စကားနှင့်စပ်လျဉ်း၍ အစားအသောက်ကိုသာ မဆိုလိုဘဲ အကြောင်းအထောက်အပံ့ပြုပြီး လွန်စွာဆောင်တတ်သည့်တရားများကို အာဟာရဟု သတ်မှတ်ကြပေသည်။

ထောက်ပံ့မှုပေးပြီး လွန်စွာဆောင်တတ်သည့် အကြောင်းတရားတို့ကို ရှာဖွေရာ၌ ရုပ်ပိုင်းကိုလွန်ပြီး၊ နာမ်ပိုင်းသို့ ရောက်သွားသည်။ နာမ်ပိုင်းမှာ ဖဿစေတသိက်၊ စေတနာစေတသိက်နှင့် ဝိညာဉ်(စိတ်)တို့သည်လည်း ဆိုင်ရာအကျိုးဖြစ်စေဖို့ ကောင်းစွာထောက်ပံ့နိုင်သော (ဝါ) ဆောင်နိုင်သော အကြောင်းတရားများအဖြစ် တွေ့ရပါသည်။ ထောက်ပံ့သည့် အကြောင်းတရားမျိုးဖြစ်၍ ဖဿ၊ စေတနာ၊ ဝိညာဉ်တို့ကိုလည်း အာဟာရစာရင်းထဲ ထည့်သွင်းခြင်းဖြစ်ပါသည်။ ထိုသုံးမျိုးက နာမ်တရားများဖြစ်သောကြောင့် 'နာမ်အာဟာရ'သုံးပါး'ဟု သတ်မှတ်ပါသည်။

ဖဿ အာဟာရက မည်သည့် အရာကို ဆောင်ပါသလဲ (ဝါ) ထောက်ပံ့ပါသလဲ။

လူသည် မိမိကိုယ်၌ ထိခိုက်ရှနာ ဖြစ်သည့်အခါ ကာယိက ဒုက္ခဝေဒနာ (ကိုယ်ဆင်းရဲခံစားရမှု)ဖြစ်ရပါသည်။ ပိုးဖဲကတ္တီပါ အသားညက်ညောနူးဖတ်သော အရာများနှင့် ထိတွေ့ရသည့်အခါ ကာယိကသုခဝေဒနာ (ကိုယ်ချမ်းသာခံစားမှု) ဖြစ်ရပါသည်။ မှီရခြင်း၊ ထီပေါက်ခြင်း၊ စာမေးပွဲအောင်ခြင်းစသည်မျိုး၌ သောမနဿဝေဒနာ (ဝမ်းသာအယ်လဲခံစားမှု) ဖြစ်ပြီး၊ သားသေ လင်ဆုံး၊ ကုန်ရှုံးသည့်ဖြစ်ရပ်မျိုးကြုံသည့်အခါ ဒေါမနဿဝေဒနာ(စိတ်ဆင်းရဲခံစားမှု) ဖြစ်ရပါသည်။

လူသာမန်တို့သည် ဤကဲ့သို့ ခံစားမှု ဝေဒနာဖြစ်ဖို့ အနီးကပ်ခလုတ်က ဘာလဲဟု မသိကြရှာပါ။ ပုံစံ—ဓားရှတယ်၊ နာတယ်၊ ဓားရှလို့ နာတယ်။ ဤလိုဘစ်ဆက်တည်းသာ သိမှတ်ကြပါသည်။ ဓားရှတာနှင့် နာတာနှင့် ကြားထဲ၌ဘာဖြစ်သလဲဟု မသိနိုင်ကြပါချေ။

လူ၏ ခန္ဓာကိုယ်မှာ ဆံပင်ဖျား၊ ရှည်တဲ့ လက်သည်းဖျား၊ ခြေသည်းဖျား၊ အသားမာ၊ ကျွဲပခုံး စသည် နေရာမျိုးတို့၌ ကာယ

ပဿာဒဟုခေါ်သော ကိုယ်အကြည်ရုပ်မရှိပါ၊ မရောက်ပါ။ ကျန်သော ကိုယ်မှာ (ဝါ) သွေးလျှောက်တဲ့ နေရာတိုင်းမှာ ကိုယ်အကြည်ရုပ် ရှိပါသည်၊ ဖြစ်ပါသည်။ ကိုယ်အကြည်ရုပ် မရှိသော ဆံဖျား၊ လက်သည်းဖျား စသည်ကို ဓားဖြင့် လှီးဖြတ်သော်လည်း မနာပါ၊ ကိုယ်အကြည်ရုပ် ရှိသောနေရာကို လှီးဖြတ်မှ နာပါသည်။

သို့ရာတွင် ကိုယ်အကြည်ရုပ်ရှိသော ကိုယ်ခန္ဓာ အစိတ်အပိုင်းကို ထိခိုက် လှီးဖြတ်တိုင်း နာပါသလော၊ မနာပါ။ သို့ဖြစ်လျှင် ကိုယ်အကြည်ရုပ်သည် နာကြင်ဖို့ အတွက် တစ်ခုတည်းသော အကြောင်း မဟုတ်သေးဟု သိရပြန်ပါသည်။ သို့ဖြစ်လျှင် နာဖို့ ဘာလိုပါသေးသလဲ၊ ဤအသိခက်သောအချက်ကို ရှာဖွေဖော်ထုတ်ရပါသည်။

ဤအချက်ကို ဗုဒ္ဓအဘိဓမ္မာ (အတိဂမ္ဘီရနည်းပညာ)က ဖော်ထုတ်ထားပါသည်။ ဓားရှရှနာတယ်ဆိုသည့် ဝေဒနာမဖြစ်ခင်၊ ဝေဒနာခံစားမှုဖြစ်ရအောင် အနီးကပ်အကြောင်းကား အခြားမဟုတ်၊ 'တွေ့ထိမှုသဘာဝ' ပင် ဖြစ်ပါသည်။ ယင်းသဘာဝကို ပါဠိ ဘာသာဖြင့် 'ဖဿ' ဟု ခေါ်ထားပါသည်။

လက်ကို ဓားရှသည့်အခါ လက်အသားထဲ ဓားရှဝင်သွားသည်နှင့် ပထမဦးစွာ အာရုံကို တွေ့ထိမှုသဘော ဖဿ ဖြစ်သွားပါသည်။ ဖဿ ဖြစ်ပြီးမှ နာတယ်ဆိုတဲ့ဝေဒနာခံစားမှု ဖြစ်ရပါသည်။ လူသာမန်တို့ကမူ ဓားရှတာနဲ့ နာတာပဲဟု တစ်ဆက်တည်း သိမှတ်ကြပါသည်။

ဤတွင် အသားထဲ ဓားဝင်သွားသောအခါ တွေ့ထိမှု ဖဿ မဖြစ်လျှင် နာတယ်ဆိုသော ဝေဒနာခံစားမှု မဖြစ်ဘူးလားဟု မေးနိုင်ပါသည်။

အဖြေကား-တွေ့ထိမှု ဖဿ မဖြစ်လျှင် ခံစားမှုဝေဒနာ မဖြစ်ပါ၊ အသားထဲ ဓားသွားဝင်သွားတဲ့အခါ တွေ့ထိမှု ဖဿ မဖြစ်ပါက နာတယ်ဆိုတဲ့ ခံစားမှု ဝေဒနာ မဖြစ်ပါ။ ဤအချက် ကျိန်းသေပါသည်။

ဤကိစ္စကို ယခုခေတ် သိပ္ပံပညာက သက်သေ ပြနေပါသည်။ ထုံဆေးပေးပြီးခွဲသည့်အခါ မနာဘူး မဟုတ်ပါလား။ အဘယ့်ကြောင့်

မနာပါသလဲ၊ ၎င်းခွဲမည့်နေရာကို ကာယပသာဒ ရုပ်အကြည်မရောက်အောင် ထုံဆေးဖြင့် ခေတ္တတားနိုင်၍ ဖြစ်ပါသည်။ ထုံနေမည့် နေရာသည် ကာယပသာဒ မရောက်သော အသားမှာ ကျွဲပခုံးကဲ့သို့ခေတ္တဖြစ်နေပါသည်။ သို့ဖြစ်၍ ဓားဖြင့်လှီးဖြတ်သောအခါ ထိတွေ့မှု ဖဿ သဘော မဖြစ်ပါ။ ဖဿ မဖြစ်သည့်အတွက် ခံစားမှုဝေဒနာ (နာတယ်ဆိုတာ) မဖြစ်ခြင်း ဖြစ်ပါသည်။

မေ့ဆေးပေး ခွဲတာမျိုးလည်း ဤနည်းတူ ဖြစ်ပါသည်။ လူနာကို ဘာမှမသိအောင် မေ့ဆေးပေးထားလိုက်သောအခါ လူနာသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသကဲ့သို့ ဖြစ်နေသည်။ ထိုအခါ သူ့အသားကို လှီးဖြတ်သည့် အတွက် အာရုံကို တွေ့ထိမှုသဘော ဖဿ မဖြစ်ပါ။ ဖဿ မဖြစ်သည့်အတွက် နာတယ်ဆိုသော ခံစားမှုဝေဒနာလည်း မဖြစ်လာပါ။

ဒဏ်ရာပြင်းထန်လွန်း၍ အလွန် နာကြင်နေသောရောဂါသည်ကို အိပ်ဆေးတိုက်ပြီး သိပ်လိုက်တော့ အိပ်ပျော်သွားပါသည်။ အိပ်ပျော်သွားတုန်း ဒဏ်ရာက သက်သာသွားသည်မဟုတ်ပါ။ သို့သော် ရောဂါ၏ ဒဏ်ကို စိတ်က မခံစားရသည့် အတွက် နာကြင်မှု ဝေဒနာကို မသိဘဲ ဖြစ်နေပါသည်။ အဘိဓမ္မာစကားကျ ပြောလျှင် အိပ်ဆေးကြောင့် အိပ်ပျော်နေခိုက်မှာ အာရုံကို တွေ့ထိမှုသဘော ဖဿ မဖြစ်သည့်အတွက် နာလှတယ်ဆိုသော ကာယိကဒုက္ခဝေဒနာ မဖြစ်ဘဲ ဖြတ်နေပါသည်။ ယခင်ရေးခဲ့ပြီးသော ဘဝင်စိတ် (အိပ်စိတ်) ၏ သဘောကို ပြန်ကြည့်လျှင် အိပ်စိတ်သည် ပဋိသန္ဓေနေခဲ့တုန်းက ကံနိမိတ်စသော အာရုံကိုသာ ပြန်လည်၍ အာရုံပြုပြီး တသွင်သွင် ဖြစ်နေသောကြောင့် အာရုံ၏အရသာကို ခံစားခြင်း မရှိသည့်အတွက် အိပ်ပျော်နေတုန်း မနာခြင်းဖြစ်ပါသည်။

ရိုးရိုးလွယ်လွယ် ဖြစ်ရပ်တစ်ခု စဉ်းစားပါဦး။ တချို့ အိပ်ပျော်နေတုန်းမှာ လက်ဖျား ခြေဖျားကလေးတွေက အရေ အသားကလေးတွေကို ကြွက်က ခွာစားတတ်ကြပါသည်။ ကြွက်ကိုက် ခွာစားနေစဉ်မှာ ခံရသူမှာ အိပ်မောကျနေသည့်အတွက် လုံးဝမနာပါ၊ သိလည်း မသိလိုက်ပါ။ နိုးလာသောအခါကျမှ စပ်ဖျဉ်းဖျဉ်းဖြစ်သဖြင့် ကြည့်လိုက်မှ

လက်ဖျား ခြေဖျားကလေးတွေက အသားကလေးတွေကို ကြွက်ခွာစား ထားမှန်း သိရတော့သည်။

ဤဖြစ်ရပ်မှသိရသည်မှာ လက်ကို ကြွက်ကိုက်နေစဉ်က အိပ်ပျော်နေ၍ (ဝါ) ဘဝင်ကျနေ၍ အာရုံကိုတွေ့ထိမှုသဘော ဖဿ မဖြစ်ခဲ့ပါ။ ဖဿ မဖြစ်သည့် အတွက်ကြောင့် နာတယ်ဆိုသော ဝေဒနာလည်း မဖြစ်ခြင်း ဖြစ်ပါသည်။

ဤနေရာတွင် ဖဿ ဟု ခေါ်ထားသည့် နာမ်စေတသိက်သဘော ရင်းကို ကျမ်းရင်းကျကျ မသိရှိဘဲ 'ထိတွေ့' ဆိုသော မြန်မာဘာသာပြန် ဝေါဟာရလောက်ကိုသာကြည့်ပြီး၊ လက်နဲ့ ကြွက်သွားနဲ့ မထိဘဲ မတွေ့ဘဲ နေပါ့မလား။ ထိတာ, တွေ့တာပေါ့၊ ဖဿ ကတော့ ဖြစ်တာပေါ့။ ဝေဒနာသာ မဖြစ်တာပါဟု အလွတ်တွေး တွေးပြီး သဘောချော်တတ်ပါသည်။

စင်စစ် ဖဿ၏အာရုံကိုတွေ့ထိမှုသဘောဆိုသည်မှာ ခါးနှင့်အသား ထိတွေ့သည်ဆိုသည့် အတုံးလိုက် အတစ်လိုက် အဓိပ္ပာယ်မျိုးသာမကပါ။ မည်သည့်အရာနှင့်မျှ မထိမတွေ့ရသော်လည်း ဖဿ ဖြစ်သည့် အရာများစွာရှိပါသည်။ ပုံစံ-သစ်ပင်ထိပ်ဖျား အမြင့်တက်နေသူကို မြင်သောအခါ ကျတော့မှာပဲလို့ အောက်ကကြည့်တဲ့လူက အသည်းယားနေတတ်ပါသည်။

မည်သည့်အရာနှင့်မျှ သူ့ကိုယ်မှာ မထိမတွေ့ပါဘဲ ကြည့်သူမှာ အသည်းယားခြင်းသည် အာရုံနှင့် စိတ် တွေ့ဆုံပြီး ဖဿ ဖြစ်သည့်သဘောပါ။ ထို့ပြင် စာမေးပွဲအောင်သည်၊ ထီပေါက်သည်ဟု ကြားသည်နှင့် ဝမ်းသာမှု (သောမနဿဝေဒနာ) ခံစားရခြင်းသည်လည်း အာရုံနှင့်စိတ် တွေ့ဆုံမှုကြောင့် ဖဿ ဖြစ်ပြီး ဖဿ မှတစ်ဆင့် ဝေဒနာ ဖြစ်လာပါသည်။

သို့ဖြစ်လျှင် ဖဿ မဖြစ်ဘဲ ဝေဒနာဖြစ်တာမျိုး ရှိပါသလားဟု မေးလျှင် 'မရှိပါ' ဟု တိတိကျကျ ဖြေရမည်ဖြစ်ပါသည်။ သေချာသည့် အချက်ဖြစ်ပါသည်။ ဖဿ မဖြစ်ဘဲ ဘယ်တော့မှဝေဒနာမဖြစ်ပါ။ ဖဿ ဖြစ်လျှင် တား၍မရ၊ ဝေဒနာဖြစ်မည် မုချတည်း။

ဤနေရာတွင် - စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု
ဝိညာဏံ၊

တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ
ဝေဒနာ။

အစရှိသော ဘုရားဟော ပါဠိတော်ကိုပင် ဖော်ပြရမည် ဖြစ်ပါသည်။

(တိဏ္ဏံ၊ စက္ခု ,ရူပ, ဝိညာဏ, ဤသုံးဝတို့၏။
သင်္ဂတိ၊ ပေါင်းမိခြင်းကြောင့်၊ ဖဿော၊
ဖဿ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿ ဖြစ်သည့်
အတွက်ကြောင့်။ ဝေဒနာ၊ ဝေဒနာ ဆက်
ဖြစ်၏။)

'ဖဿ ပစ္စယာ ဝေဒနာ' ဟု အတိအလင်း ဟောကြားထားသည့်အတွက် ဖဿ ဖြစ်လျှင် ဝေဒနာဖြစ်မည်၊ ဖဿ မဖြစ်လျှင် ဝေဒနာ မဖြစ်ဟုမှချမှတ်ရပါသည်။ ရှေ့မှာဆက်ဟောသည့်ဝေဒနာပစ္စယာတဏှာ (ဝေဒနာကြောင့် တဏှာဖြစ်သည်) ဆိုသည့်အရာမျိုးတွင်ကား ဝေဒနာ ဖြစ်ပေမယ့် တဏှာဆက်မဖြစ်ရအောင် တားဆီးကာကွယ်ဖို့ နည်းတွေ ဘုရားရှင်က ဟောထားပါသည်။ ဖဿ နှင့် ပတ်သက်၍ကား ဖဿ ဖြစ်ပြီး ဝေဒနာ ဆက်မဖြစ်အောင်လုပ်ဖို့ ဟောကြားချက်မရှိပါ။

အာဟာရအကြောင်းပြန်ကောက်ရလျှင် ဖဿသည် ဝေဒနာဖြစ်ဖို့ အတွက် သော့ချက်ဖြစ်သည်၊ ခလုတ်ဖြစ်သည်။ ဖဿ သည် ဝေဒနာ ဖြစ်ပေါ်ဖို့ အထောက်အပံ့ ပြုသည်။ ဖဿသည် ဝေဒနာ ဖြစ်အောင် အလွန်ဆောင်သည်။ သို့ဖြစ်သောကြောင့် ဖဿ သည် အာဟာရတစ်မျိုး ဖြစ်ကြောင်း၊ အာဟာရဆိုရာ၌ ဖဿ သည် နာမ်တရားမျိုး ဖြစ်သည့် အတွက် နာမ်အာဟာရသာဖြစ်ကြောင်း သိမှတ်နိုင်ပေပြီ။

တစ်နည်းအားဖြင့် ဖဿ သည် ဝေဒနာဖြစ်ဖို့ အကြောင်းတရား ဖြစ်ကြောင်းလည်း ရှုမြင်နိုင်ပါသည်။ ဘုရားအမြင်ဖြင့် စုရုံးထားသော

အကြောင်းပစ္စယသည် ၂၄-မျိုးသာ ရှိသည့်အတွက် ထို ၂၄-ပစ္စည်း (ဝါ) အကြောင်း ၂၄-ရပ်တို့တွင် ဖသာ အကြောင်း ဖြစ်ပုံသည် အထောက်အပံ့ပြုခြင်း လွှန်စွာဆောင်ခြင်း သဘောဖြစ်၍ အာဟာရ အကြောင်း (အာဟာရပစ္စယ) ထဲသို့ ဝင်ပေသည်။

စေတနာအာဟာရနှင့် ဝိညာဏအာဟာရ အကြောင်း ရှေ့လတွင်မှ ဆက်ဆွေးနွေးတင်ပြပါမည်။

နှစ်ဖက်လှ
၁၉၈၇-ခု၊ အောက်တိုဘာလ။

# စေတနာနှစ်မျိုးနှင့် အကျိုးဝိညာဉ် အကြောင်းဝိညာဉ်

ပြီးခဲ့သောလက 'နာမ်ထဲမှ အာဟာရသုံးမျိုး' ခေါင်းစဉ်ဖြင့် နာမ်အာဟာရသုံးပါးကို ဖော်ပြခဲ့ရာ ဖဿအာဟာရတစ်ခုကို ရှင်းလင်းတင်ပြပြီးခဲ့သည်။ ယခုလတွင် ကျန်နာမ်အာဟာရနှစ်မျိုးကို ဆက်လက်ဖော်ပြအပ်ပါသည်။

တစ်မျိုးက စေတနာအာဟာရဖြစ်ပါသည်၊ ဗုဒ္ဓဘာသာတို့လောကတွင် 'စေတနာ'သည် အလွန်နာမည်ကြီးပါသည်၊ အသုံးလည်းများပါသည်။ ယင်း 'စေတနာ'ကို စေတသိက်(၅၂)မျိုး ဖော်ပြစဉ်က နာမ်စေတသိက် တစ်မျိုးအနေဖြင့် ဖော်ပြခဲ့ပါသည်။ စေတနာ၏ သဘောရင်းမှာ စေ့ဆော်ခြင်းဖြစ်၏။ စေ့ဆော်သည်ဆိုရာ၌ လူ၏အပြုအမူ အပြောအဆို အကြံအစည်များဖြစ်ထွန်းလာအောင် စတင်ပေးလိုက်သည့် နာမ်စနက်တံတစ်မျိုးပင် ဖြစ်ပေသည်။ စေတနာ စေ့ဆော်မှုမရှိပါက မည်သည့်ပြုလုပ်မှုမျှ ဖြစ်ပေါ်လာနိုင်ခြင်း မရှိပါချေ။

ပြုလုပ်ခြင်းအနက်ကို ပါဠိဘာသာဖြင့် 'ကမ္မ'ဟုခေါ်ရာ မြန်မာလို ကမ္မကို ကမ်(ကံ)ဟု ပြင်ဆင်သုံးစွဲပါသည်။ ထို့ကြောင့် ကံဆိုသည်မှာ လူ၏ ကိုယ်၊ နှုတ်၊ စိတ်အလုပ်ပင် ဖြစ်ကြောင်း သိနိုင်ပေသည်။ သို့သော် အဆိုပါ လူ၏အလုပ်သုံးမျိုး၏မျိုးစေ့ကို (၀၁) အခြေခံကို ရှာပြန်သောအခါ စေ့ဆော်ပေးသည့်စေတနာကို တွေ့ရပြန်သည်။ ထို့ကြောင့် အလုပ်ဟူသောအပြုအမူ၏ အဘိဓမ္မာဇစ်မြစ်ဖြစ်သော စေတနာကိုပါ 'ကမ္မ'ဟု သတ်မှတ်ရပြန်သည်။

ထို့ကြောင့် သင်္ချာညီမျှခြင်းချလျှင် စေတနာ=ကံ=အလုပ် ဖြစ်ပေသည်။

အဘိဓမ္မာသဘောသည် နက်နဲ၏၊ အလေးအနက်စဉ်းစားရမည့် ဘာသာရပ်ဖြစ်၏၊ အထက်ပါ စေတနာကံအလုပ်ဆိုသည်ကိုကြည့်လျှင် စေတနာသည် စီမံသည့်သဘောပါ သက်ဝင်သည့် အရာဖြစ်ကြောင်း တွေ့နိုင်သည်။ ဘာမျှမဖြစ်ဘဲ ပကတိငြိမ်နေရာက စေ့ဆော်မှုပေါ်လာသည့်အတွက် ထိုစေ့ဆော်မှုကြောင့် ပြုလုပ်ပြောဆိုကြံစည်မှုများ ဖြစ်လာရပေသည်။

ပရမတ္ထတရားများကို ပညာရပ်ဆိုင်ရာဝေါဟာရတင်ရာ၌ ထူးခြားသော သဘောလက္ခဏာအရ အမည်သစ်များတပ်၍ပေးထားကြောင်း တွေ့နိုင်သည်။ စီမံသည့်သဘော ပြုပြင်သည့်သဘောကို 'သင်္ခါရ'ဟု ပါဠိဝေါဟာရရှိရာ စေတနာ၏သဘောသည် ထိုဝေါဟာရနှင့် အံဝင်ခွင်ကျ ဖြစ်နေပြန်သည်၊ ထို့ကြောင့် စေတနာဆိုသော ငယ်နာမည်အပြင် သင်္ခါရဟူ၍ နာမည်သစ်ရပြန်သည်။ သို့ဖြစ်၍ သင်္ခါရဆိုတာ ဘာလဲဟုဆိုပြန်လျှင် စေတနာပင်ဖြစ်ကြောင်း သိရပြန်ပါသည်။

အဘိဓမ္မာ နည်းပညာအရ ထပ်၍ အနုစိတ်ပြန်သောအခါ ထိုစေတနာသည်ပင် နှစ်မျိုးနှစ်စားရှိကြောင်းတွေ့ရသည်၊ တချို့က စိတ်ယှဉ် စေတသိက်ယှဉ် သဘောအရ မိမိနှင့်အတူဖြစ်ကြသည့် အခြားသော စေတသိက်များနှင့်စိတ်ကို စေ့ဆော်သည့်အနေဖြင့် ပါဝင်ခြင်းဖြစ်၏။ နောက်တစ်မျိုးက လူသားတစ်ဦးအနေဖြင့် ပြုလုပ်ပြောဆိုကြံစည်လေတိုင်း ဖြစ်ရသည့် ဝီထိစိတ် (ဝါ) ဇောစိတ်များတွင် ပါဝင်သော စေတနာဖြစ်သည်။ ထိုစေတနာသည် ကံဖြစ်နေပြီး ကံ၏သတ္တိစွမ်းရည်သည် ထိုသူ၏နာမ်ခန္ဓာဖြစ်စဉ်ကြီး၌ သံသရာဆုံးသည့်တိုင် လိုက်ပါလျက်ရှိသည်။

ပုံစံ— အမှန်တကယ်သီလရှိသော ပုဂ္ဂိုလ်တစ်ဦးကို ဖျက်ဆီးလိုက်သောအခါ ထိုသို့ဖျက်ဆီးမှုကောင်းမယ်ဟူသောစေတနာဆိုးက ဆော်နှိုးဖန်တီးလိုက်သည့်အတွက် ဒေါသစိတ်ဖြင့် ပြုလုပ်ရသည်။ ဖျက်ဆီးပြီးသောအခါ စေတနာဆိုးအသခေါ်ျတို့ ဖြစ်ချုပ်ကြ၏။ စေတနာဆိုးတို့ ဥပါဒ် ဌီ ဘင် အနေဖြင့် ချုပ်သွားကြပြီးသော်လည်း ယင်းစေတနာဆိုးတို့ကြောင့် ပြုလုပ်သော မကောင်းမှုကံ၏သတ္တိ (ကမ္မသတ္တိ)မှာမူ ထိုသို့မတရားလုပ်သောပုဂ္ဂိုလ်၏ နာမ်ခန္ဓာအစဉ်၌ မပြတ်ပါလျက်သာ

ရှိချေသည်။ အကြောင်းညီညွတ်လာလျှင် မကောင်းကျိုးကိုဖြစ်ပေါ်လာစေသည်ပင်။

သို့ဖြစ်၍–

(၁) မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက် နာမ်တရားတို့ကို စေ့ဆော်သော စေတနာက တစ်မျိုး (ယင်းကို သမ္ပယုတ်စေတနာဟု ခေါ်သေးသည်)။

(၂) ပြုလုပ်ပြောဆိုကြံစည်သည့် ခဏတိုင်း ခဏတိုင်းမှာ ဖြစ်ပြီးချုပ်သွားသည့်၊ ချုပ်ပြီးသတ္တိစွမ်းရည်ကျန်ရစ်သည့် စေတနာက တစ်မျိုး (ယင်းကို နာနက္ခဏိကစေတနာဟု ခေါ်သေး၏)။

ဤသို့ နှစ်မျိုးရှိကြောင်းသိရသည်။

ယင်းစေတနာနှစ်မျိုးတို့တွင် ဒုတိယအမျိုးအစား စေတနာသည် ပြုလုပ်ဖန်တီးသည့်သဘောပါ၍ သင်္ခါရအမည်ရပေသည်။

ကောင်းသောသုစရိုက်မှုတို့ကိုပြုရန် စေ့ဆော်သည့်စေတနာကို ကုသိုလ်စေတနာ၊ မကောင်းမှုတို့ကိုပြုရန် စေ့ဆော်သည့်စေတနာကို အကုသိုလ်စေတနာဟုခေါ်၏။ ကုသိုလ်စေတနာသည် ကောင်းကျိုးကို ဖြစ်စေ၏။ အကုသိုလ်စေတနာသည် မကောင်းကျိုးကိုဖြစ်စေ၏။ ဤကား သဘာဝသစ္စာပေတည်း။

တစ်ဖန် ထိုသူပြုလုပ်သောစေတနာသည် မရေရာမသေချာသော သဘောမျိုးလား၊ နောက်ပိုင်းရှုံးသွားတတ်သည့် တရားမျိုးလား ဤသို့ တိတိကျကျ ထပ်မံစိစစ်သောအခါ စေတနာသည် အကျိုးတစ်ရပ်ရပ် ဖြစ်လာစေဖို့အတွက် တွန်းအားအဖြစ်ပေးနေသော သဘာဝမျိုး ဖြစ်ကြောင်း တွေ့ရပေသည်။

သို့ဖြစ်လျှင် ယင်းစေတနာက မည်သည့်အရာကိုဖြစ်စေဖို့ အားပေးပါသလဲဆိုလျှင် ဘဝသံသရာတွင် အရေးအကြီးဆုံးဖြစ်သည့် 'ဝိညာဉ်' ဆိုသော သဘာဝဖြစ်ပေါ်လာဖို့အတွက် အားပေးအားမြှောက် ပြုပေသည်၊

မြတ်စွာဘုရားသည် ဘုရားဉာဏ် ရလိုက်သည်နှင့် တစ်ပြိုင်နက် ဘဝသံသရာကြီးထဲမှာ တစ်စစီ ရှိနေသော တရားတို့ကို ကောက်ယူပြီး ကွင်းဆက်ဆက်ကြည့်သောအခါ အဝိဇ္ဇာကို အစထားပြီး ဆက်လိုက်ရာ နောက်ဆုံး အာသဝေါတရားတို့က အဝိဇ္ဇာကို ပြန်ဆက်ကြောင်းတွေ့ရ၏။ ထိုကွင်းဆက်ထဲတွင် သင်္ခါရဟု နာမည်ရသော စေတနာသည် ဝိညာဉ်ကို ဖြစ်စေကြောင်း ဒိဋ္ဌတွေ့ရသည့် အတွက် 'သင်္ခါရပစ္စယာ ဝိညာဏံ' ဟူ၍ ဆက်ပြထားခဲ့သည်။

ဤကဲ့သို့ စေတနာ (သင်္ခါရ) က ဝိညာဉ်၏အကြောင်း ဖြစ်ပုံကို ကြည့်သောအခါ ဟိတ်ကဲ့သို့ အရင်းအမြစ် အနေမျိုးဖြင့် အကြောင်းပြုသည် မဟုတ်ဘဲ လွန်စွာ ထောက်ပံ့သည့် သဘောကို တွေ့ရသောကြောင့် ၂၄-ပစ္စည်းတွင် ယင်းသို့သော ဆောင်ရွက်မှု သဘောကို အာဟာရဟူသော ဝေါဟာရတစ်လုံးဖြင့် ပွဲထုတ်တော်မူခဲ့ပေသည်။

သို့ဖြစ်၍ စေတနာအာဟာရဟူသော နာမ်အာဟာရ တစ်မျိုး ဖြစ်ရပေသည်။

စေတနာအာဟာရသည် ဘဝတစ်ခု၌ အစဆုံး ဖြစ်ရသည့် ပဋိသန္ဓေဝိညာဉ်ဖြစ်ပေါ်လာစေရေးအတွက် လွန်စွာ ဆောင်ရွက်ပေသည်။ အကယ်၍ သတ္တဝါတစ်ဦးသေပြီး နောက်ထပ် ပဋိသန္ဓေဝိညာဉ် မဖြစ်ပါက(ဝါ)ပဋိသန္ဓေသစ် မနေတော့ပါက ဘဝသံသရာပြတ်သွားပေမည်။ (ဝါ) နိဗ္ဗာန်ရသွားပေမည်။ သို့သော် စေတနာအာဟာရက ပဋိသန္ဓေဝိညာဉ်သစ် ဖြစ်ရအောင် ဆောင်ရွက်သောကြောင့် ဘဝဆက်ကာ သံသရာမပြတ် လည်ရပေတော့သည်။

ဤ နာမ်အာဟာရစေတနာ (သင်္ခါရ) က ပဋိသန္ဓေဝိညာဉ် ဖြစ်စေရန် လွန်စွာ ဆောင်သည့် အချက်သည် နောက်ဘဝ ရှိ၊ မရှိ ပြဿနာအဖြေရှာရာ၌ အရေးပါသော အချက်ဖြစ်၏။ ထို့ပြင် လူသည် ဘာမျှ မရှိသေးတဲ့ ဘာမျှ အဆက်အသွယ် မရှိသေးတဲ့ လဟာထဲမှာ တန်ခိုးနှင့် ဖန်ဆင်းလိုက်ခြင်းဆိုသော အချက်ကို စဉ်းစားဝေဖန်ရာ၌ စေတနာ သင်္ခါရ ကံ အာဟာရတို့၏ သက်တွေ့ သဘောဖြင့် အမှန် အမှားကို ချိန်ကိုက်ယူနိုင်ပေသည်။ ဘဝကို စေတနာသင်္ခါရတို့ကြောင့်

ဝိညာဉ်ကိုဖြစ်ပေါ် စတင်စေပြီးနောက် မသေမချင်း တစ်ဘဝလုံးမပြတ် ဝိညာဉ်များ ဖြစ်ပေါ်စေရန်လည်း စေတနာအာဟာရက အထောက် အပံ့ပြုသွားပေသည်။

နောက်အာဟာရ တစ်မျိုးကား ဝိညာဉ်ပင် ဖြစ်၏။ ဝိညာဉ် အာဟာရတည်း။ စေတနာအာဟာရ အကြောင်း ရေးစဉ်က ဝိညာဉ် သည် သင်္ခါရကြောင့် ဖြစ်ရသည့် အကျိုးတရားတည်း။ သို့သော် ထို အကျိုးတရားဝိညာဉ်သည်ပင်လျှင် သူ၏ဆောင်ရွက်ချက်အရ အကြောင်း ဖြစ်ရပြန်သည်။

ပဋိသန္ဓေဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည်။ (ဝိညာဏပစ္စယာ နာမရူပံ) ဟု ဖော်ပြရာ၌ ကျွန်ုပ်တို့လူ့ခန္ဓာကိုယ်၌ လက်ရှိ ဖြစ်ပေါ် နေသော စိတ်စေတသိက် နာမ်တရားများနှင့် ခြေလက်မျက်နှာစသော ရုပ်တရားတို့မှာ ဝိညာဉ်ကြောင့် ဖြစ်လာသည့် အကျိုးပြများ ဖြစ်ပေ သည်။

လူ့ကိုယ်ခန္ဓာရှိ နာမ်နှင့်ရုပ်ဟူသော အထည်ခံ၌ မျက်စိ နား နှာ လျှာ စသည့် ဒွါရများနှင့် ခြေလက်အင်္ဂါ ခက်မငါးဖြာတို့ ပေါ်လာ ရပေသည်။ အရေးကြီးသော အထည်ခံ နာမ်ရုပ် တည်းဟူသော ကုန် ကြမ်းကို အဘယ်မှရသလဲဟု ရှာသော် ဝိညာဉ်တည်းဟူသော အာဟာရ တွင်းကြီးမှ မပြတ်ရနေကြောင်း တွေ့ရပေသည်။ ဝိညာဉ်သည် နာမ်ရုပ် ဖြစ်ရန် လွန်စွာဆောင်ပေသည်။

အဘိဓမ္မာ ပညာရပ်ကို လေ့လာသူတိုင်း အာဟာရ ဟူသော အချက်ကို ထည့်သွင်း မှတ်သားရမည်ဖြစ်ရာ အာဟာရ အဓိပ္ပာယ်နှင့် အာဟာရလေးမျိုးရှိကြောင်းဖော်ပြခဲ့ပြီးဖြစ်၏။ ယင်းကို သတိပြုထား ရန် ဖြစ်၏။

ရုပ်အာဟာရ (ဩဇာ) နှင့် ပတ်သက်၍ ယခင်လတွင် တင်ပြခဲ့ သည်တို့ကို လေ့လာမှတ်မိလျှင် မိမိ၏လက်တွေ့ဘဝ နေ့စဉ်ဘဝအတွက် အကျိုးရှိနိုင်၏။ ဖဿအာဟာရနှင့်ပတ်သက်၍မူကား နာမ်သဘောတရား ၏ သိမ်မွေ့သောသဘောကိုပိုက်မိပြီး ခက်ခဲနက်နဲသော လောက အဖုံး အကွယ်တို့ကို လှစ်ဟသိမြင်နိုင်ပေသည်။

ဟိ–န်–း–ဓို–း–ေ–ဗ–ာ–င်–စ–ဉ်–(–၂၅–)

ဖော်ပြပါ ဩဇာ ဖဿ စေတနာ ဝိညာဉ် ဤလေးမျိုးမှ တစ်ပါး အာဟာရဖြစ်နိုင်သော အခြားသော တရားတစ်စုံတစ်ရာမျှ မရှိတော့ချေ။ ပရမတ္ထသဘောတရားတို့သည် နက်နဲလှသည်ဖြစ်ရကား အတိဂမ္ဘီရဉာဏ်ဖြင့် ဝေဖန်နိုင်မှသာ အမှန်အတိုင်း အဖြေ ထွက်ပေသည်။ မိမိမှာ အတိဂမ္ဘီရဉာဏ်မရှိဘဲ အနောက်တိုင်း ဗီလိုဆိုဖာ (တွေးခေါ် ဆင်ခြင် ပညာရှင်) များကဲ့သို့ သိသလောက် မြင်သလောက် ပြောပြန်လျှင်လည်း ပညတ်၏လှည့်စားမှုကို ခံရမည်သာ ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဘုရားဟော အဘိဓမ္မာ လက်ရင်းအသိဉာဏ်ကို လက်ခံပြီး မိမိဘဝရေးရာအတွက် အသုံးပြုတတ်ရန် ကြိုးစားခြင်းသည်သာလျှင် မိမိအတွက် အကျိုးရှိမည့်အလုပ်ဖြစ်ကြောင်း သဘောပေါက်အပ်ပေသည်။

နှစ်ဖက်လှ
၁၉၈၇-ခု၊ နိုဝင်ဘာလ။

# ပြုခဲ့မိတဲ့ မကောင်းမှုနှင့်ပတ်သက်၍ အဖြေရှာရန်

ပြီးခဲ့တဲ့လက 'အာဟာရ' အကြောင်း ရေးခဲ့ပြီးပါပြီ။ ရှေ့ဆက်၍ ဘာအကြောင်း ရေးရမလဲလို့ ကြည့်တဲ့အခါ 'ဗောဓိပက္ခိယ' တရားကို တွေ့ရပါတယ်၊ 'ဗောဓိ' ဆိုတာက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ပါတယ်၊ အဲဒီမဂ်ဉာဏ်ဖိုလ်ဉာဏ်ရဲ့ အသင်းအပင်းဖြစ်တဲ့ တရားကို 'ဗောဓိပက္ခိယတရား' လို့ ခေါ်ထားခြင်း ဖြစ်ပါတယ်။

ဒီ ဗောဓိပက္ခိယခေါ်တဲ့ တရားကတော့....

၁။ သတိပဋ္ဌာန် ၄ ပါး၊
၂။ သမ္မပ္ပဓာန် ၄ ပါး၊
၃။ ဣဒ္ဓိပါဒ် ၄ ပါး၊
၄။ ဣန္ဒြေ ၅ ပါး၊
၅။ ဗိုလ် ၅ ပါး၊
၆။ ဗောဇ္ဈင် ၇ ပါး၊
၇။ မဂ္ဂင် ၈ ပါး၊

အားဖြင့် စုစုပေါင်း (၃၇) ပါး ရှိပါတယ်။

ဒီ ဗောဓိပက္ခိယခေါ်တဲ့ တရားတွေဟာ အဓိကအားဖြင့် လောကကို လွန်မြောက်တဲ့ လောကုတ္တရာရေးအတွက် ဖြစ်ပါတယ်၊ တစ်နည်း

ပြောရရင် လောကုတ္တရာ နယ်ထဲ ဝင်မိမှပဲ ဒီတရား ၃၇-ပါးက ပြည့်ပြည့်စုံစုံဖြစ်ပါတယ်။

ဒါပေမယ့် ဒီတရားတွေထဲက တချို့က လောကီရေးနဲ့လဲ သက်ဆိုင်ပါတယ်၊ လောကီရေးအတွက်လဲ အသုံးဝင်ပါတယ်၊ ဒီအချက်ကို အလေးအနက် သတိပြုရမှာဖြစ်ပါတယ်။

'လောကီရေး' ဆိုတဲ့ စကားသုံးလုံးဟာ အတိုင်းမသိ ကျယ်ပြန့်ပါတယ်၊ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တယ်၊ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၅ ထောင်ကျော်နဲ့ သက်ဆိုင်တယ်၊ မြန်မာတစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တယ်၊ ရဟန်းရှင်လူဟူသမျှနဲ့ သက်ဆိုင်တယ်၊ လူကြီး၊ လူလတ်၊ လူငယ် အားလုံးအတွက် အသုံးဝင်တယ်၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစတဲ့ အရေးပေါင်းစုံနဲ့ အကျုံးဝင်တယ်၊ ဒီလို မြင်တတ်ရမှာဖြစ်ပါတယ်။

ဗောဓိပက္ခိယတရား (၃၇) ပါးထဲက သတိပဋ္ဌာန် ၄-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါးတို့က လောကုတ္တရာ ဆန်လွန်းတယ်၊ ဒါကြောင့် သူတို့အကြောင်းကိုတော့ လောကီလွန်အဆင့်ရေးမှပဲ တင်ပြဖို့ ကောင်းပါတယ်၊ ဒါဟာ ဘာသာရပ်ကို မရှုပ်ထွေးစေရန် သတိပြုရတဲ့အချက်ဖြစ်ပါတယ်။

သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါးတို့ကတော့ ဘဝရေးရာ အဆင့်မြင့် တရားတွေ ဖြစ်ပါတယ်။ အဆင့်မြင့်တရား၊ ဒါမှမဟုတ် အဆင့်မြင့်တဲ့နည်းပညာကို အသုံးပြုနိုင်ရင် အဆင့်မြင့်တဲ့လူ ဖြစ်လာပါတယ်၊ ဒါက သေချာတဲ့အချက်ပါပဲ။

ဒီအဆင့်မြင့်တရားတွေထဲက သမ္မပ္ပဓာန် လေးပါးကို ဘဝရေးရာအတွက် အသုံး ချသွားနိုင်အောင် တင်ပြရပါတယ်၊ သမ္မပ္ပဓာန် လေးပါးက ဘာတွေလဲဆိုတော့....

(၁) ဖြစ်ပြီးတဲ့ မကောင်းမှုအကုသိုလ်ကို ပယ်ခြင်းငှာလုံ့လ ပြုခြင်း၊

(၂) မဖြစ်သေးတဲ့ မကောင်းမှုကို မဖြစ်ရအောင် လုံ့လ ပြုခြင်း၊

(၃) မဖြစ်ဖူးတဲ့ကုသိုလ်ကို ဖြစ်အောင် လုံ့လပြုခြင်း၊

(၄) ဖြစ်ပြီးတဲ့ကုသိုလ်ကို တိုးပွားအောင် လုံ့လပြုခြင်း၊

ဆိုတဲ့ အချက်လေးရပ် ဖြစ်ပါတယ်၊ ဒီအချက်လေးရပ်ကို စဉ်းစားပြီးပြန်ဖတ်ပါဦး။

နံပါတ် (၁) ဖြစ်တဲ့ 'ဖြစ်ပြီးတဲ့ မကောင်းမှု အကုသိုလ်ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း'

(ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော) ဆိုတဲ့အချက်ဟာ လူတို့ရဲ့လက်ရှိဘဝလောကအတွက် အလွန့်အလွန် အရေးကြီးတဲ့ အချက်ဖြစ်နေပါတယ်၊ ဘယ်လိုအရေးကြီးတယ်ဆိုတာ ခေတ်မီအတွေးအခေါ်အရှုအမြင်နဲ့ ကြည့်ဖို့လိုပါလိမ့်မယ်။

သာမန်ဗုဒ္ဓဘာသာလောကကို တည်လိုက်ပါ။

မြတ်စွာဘုရားသည် ပုဂ္ဂိုလ်အလိုက် တရားများကို ဟောပြောချော့ချွတ်ခဲ့ပါတယ်၊ ဒါကြောင့် ပိဋကသုံးပုံမှာရှိတဲ့ တရားတွေ အားလုံးဟာ လူတိုင်းနဲ့ မသင့်တော်ပါဘူး၊ သူ့အဆင့်အတန်းနဲ့ သူသာ လိုက်ဖက်ပါတယ်၊ ဒီအချက်ဟာ အရေးကြီးတဲ့ အချက်ပါ၊ ဒါပေမယ့် သာမန်ဗုဒ္ဓဘာသာလောကမှာ ဒီအရေးကြီးတဲ့အချက်ကို မမြင်တတ်ကြပါဘူး။

ဒါကြောင့်ပဲ ဥဏ္ဏာဠိတညူလို့ ခေါ်တဲ့ တောက်လှုသူ မီးလိုပါရမီရင့်တဲ့ပုဂ္ဂိုလ်အား ဟောခဲ့တဲ့တရားမျိုးကို အခုလူသာမန်တွေအား ဖိဟောမိတတ်ကြတယ်၊ ကိုယ့်အိမ်ကိုစွန့်ပစ်ပြီး ခြေစုံပစ်တရားရှာနေတဲ့ 'ဘိက္ခု' ခေါ် ရဟန်းမျိုးအားဟောကြားခဲ့တဲ့တရားကို မယားတစ်မြုံ သားတစ်ပုံနဲ့ လူဝတ်ကြောင်တို့အား ပေးမိတတ်ကြတယ်။

လူနဲ့ တရားနဲ့ မကိုက်လို့ရှိရင် အကျိုးမရှိတဲ့အပြင် အကျိုးပင်နည်းတယ်၊ ဒီနေရာမှာ စူဠပန် မထေရ်ရဲ့ ဖြစ်ရပ်ဟာ သင်ခန်းစာယူဖို့ တော်တော်ကောင်းတယ် မဟုတ်ပါလား။

စူဠပန်ရဲ့ အစ်ကို မဟာပန်ထကရဲ့ဟာ သူ့ညီ စူဠပန်ကို ခက်ခဲတဲ့ စာကြီးများကို အရကျက်ခိုင်းတယ်၊ စူဠပန်ခမျာ လေးလ ကျက်တာတောင်မှ တစ်ဂါထာ (စာနှစ်ကြောင်း) ကို မရရှာဘူး၊ သူ့အစ်ကို ကလဲ စာမရလို့ ဖိဆူတယ်၊ ဒီတော့ စူဠပန်ခမျာမှာ စိတ်ပျက် ဝမ်းနည်းလှလို့ ငါဟာ ညံ့လွန်းလှတယ်၊ မြင့်မြတ်တဲ့ သာသနာတော်နဲ့ မတန်ဘူး၊ လူထွက်ပြီး အသက်မွေးတော့မယ်ဆိုတဲ့အထိ ဆုံးဖြတ်တယ်၊ လူထွက်ဖို့ ကျောင်းက ပြန်သွားခဲ့တယ်၊ လူ့ဘဝနဲ့ဆိုရင် မြတ်စွာဘုရားကို တော်တော်နဲ့ ဖူးတွေ့နိုင်မှာမဟုတ်ဘူး၊ လူမထွက်ခင် ဘုရားဝင်ဖူးသွားဦးမယ်လို့ အကြံရတဲ့အတွက် ဘုရားဖူးဝင်ခဲ့ပါတယ်။

မြတ်စွာဘုရားနဲ့ တွေ့တော့ စူဠပန်နဲ့ကိုက်တဲ့ တရား ပေးလိုက်တယ်၊ စူဠပန်ဟာ ဘုရားရှင်ဆီက တရားယူပြီး အားထုတ်လိုက်တာ တစ်ခါတည်း ရဟန္တာဖြစ်သွားရုံတင်မကဘူး၊ စာတတ်ပေတတ်ပုဂ္ဂိုလ်ကျော် တစ်ပါးလဲ ဖြစ်သွားပါတယ်၊ တကယ်လို့ ဘုရားနဲ့သာ မတွေ့လိုက်ပါက စူဠပန်ဘဝ နစ်မွန်းသွားနိုင်တယ် မဟုတ်ပါလား။

ဒီဖြစ်ရပ်ကို ပေါ့ပေါ့တန်တန် သဘောထားလို့ မဖြစ်ပါဘူး၊ ဒီဖြစ်ရပ်က ဗုဒ္ဓဘာသာတရားကို ဖြန့်ဝေနေကြတဲ့ ပုဂ္ဂိုလ်များအား သတိပေးနေပါတယ်၊ လမ်းညွှန်နေပါတယ်၊ ဒါပေမယ့် သတိရှိကြပါရဲ့လား။

လူရဲ့ပင်ရင်းစိတ်ဟာ ပါပသ္မိံ ရမတေမနော (မကောင်းမှုမှာ မွေ့လျော်တယ်) လို့ ဆိုရလောက်အောင် အကုသိုလ်ဘက်က အလေးသာပါတယ်၊ ကလေးငယ်များကိုကြည့်ပါ၊ သူ့ရဲ့ လက်ကလေးတွေကို အသုံးပြုတတ်လာတာနဲ့ ပိုးကောင်ကလေးတွေကို ရိုက်တယ်၊ ဒီထက်ကြီးလာတော့ ဟိုအကောင် ဒီအကောင်လေးတွေကို သတ်တယ်မဟုတ်လား။

ဒါကြောင့် လူကြီးမိဘ ဆရာသမားတွေက ငယ်ငယ်ကတည်းက ဘာသာရေးသွင်းတယ်၊ တဲ့....မလုပ်နဲ့၊ ငရဲကြီးတတ်တယ်။

ဒီလိုမကောင်းမှုမှ တားမြစ်တဲ့ နေရာမှာ ပန်းချီတွေ ရေးပြီး ဘုရားတန်ဆောင်း၊ ကျောင်းဇရပ်တွေမှာထားလို့ ပညာပေးကြတယ်၊

ဒီအလုပ်ဟာ တန်ရုံလုပ်ရင်တော့ ကောင်းပါ၏၊ ဆေးဖြစ်ပါ၏။ ဒါပေမယ့် ရှင်အုန်းညိုရဲ့ နေမိငရဲခန်းပျို့လို ငရဲခန်းနဲ့ ချောက်လွန်း အားကြီးလာတော့ ဗုဒ္ဓဘာသာတွေရဲ့စိတ်ဟာ အားငယ်သွားကြတယ်၊ ငရဲကိုကြောက်သင့်တာထက် ပိုကြောက်သွားကြတယ်။ ကြောက်တဲ့ရောဂါ အပိုစွဲကပ်လာကြတယ်၊ ဥပါဒါန်ကပ်သွားကြတယ်၊ ဗုဒ္ဓဘာသာတွေရဲ့ စိတ်မှာ ငရဲကြောက်စိတ်ဘည်းဟူသော ဝန်ထုပ်ဝန်ပိုးကြီး ပိလာတော့ တယ်၊ ဒီအသိမဆိုးသေးဘူး ထားပါတော့။

ဒီလို ငရဲကြောက်ပြီး မကောင်းမှုတွေကို ရှောင်ကြရော၊ မသတ် ကြဘူး၊ မခိုးကြဘူး၊ မလိမ်ကြတော့ဘူးဆိုပါတော့။ ဒီလိုဆိုရင် သိပ် ကောင်းတာပေါ့။ အားလုံး သူတော်စင်တွေ ဖြစ်ကြရော မဟုတ်လား။

ဒါပေမယ့်....

ပုထုဇဉ် ဆိုတာဟာ ပုထုဇဉ်ပဲ၊ ဗုဒ္ဓဘာသာဝင်တွေဟာလဲ ပုထုဇဉ်ပဲ မဟုတ်လား။ ပုထုဇဉ်ဆိုရင် ဘယ်ပုထုဇဉ်မှ ငါးပါးသီလ လုံးဝ မလုံနိုင်ဘူး၊ အရိယာဖြစ်မှသာ ငါးပါးသီလ လုံးလုံးလုံနိုင်တာ ကိုး။ ဒီတော့ ပုထုဇဉ် လူသာမန်အဆင့်ရှိသေးသူတိုင်း သတ်မိမှာပဲ၊ ခိုးမိ မှာပဲ၊ လိမ်မိမှာပဲ၊ ဘယ်လိုမှ လုံးဝမကာင်းနိုင်ပေဘူး။

သတ်မိပြီ၊ ငရဲကြီးပြီ၊ ငါတော့ သေရင် အပါယ် ကျတော့မယ်၊ ဒိလို ကြောက်စိတ်ကြီးက အရိပ်ထိုးလာပါတယ်။

နောက်တစ်ချက် ငါနှယ် သတ်မိလေခြင်း၊ ငါမှားလေခြင်းဆိုပြီး ပြုခဲ့မိတဲ့ မကောင်းမှုကို တနုံ့နုံ့ ပြန်လည်သတိရပြီး စိတ်မချမ်းမသာ ဖြစ်ပြန်ပါရော၊ ပါဠိလိုတော့ ကုက္ကုစ္စဖြစ်တယ်လို့ ခေါ်ပါတယ်။

ဒီတော့ ဗုဒ္ဓဘာသာတွေခမျာမှာ သတ်တာတစ်ပြစ်၊ ကြောက် တာကတစ်ပြစ်၊ ကုက္ကုစ္စ ဖြစ်တာကဖြစ်၊ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ပေးကာမှ ဆေးအတွက်လေးသလို ဖြစ်ပါလေရော။

ဟေ....သတ်တဲ့ ပါဏာတိပါတကံဟာ အပြစ်မရှိဘူးလို့ယူရင် အဲဒါ မိစ္ဆာဒိဋ္ဌိဖြစ်သကွ၊ သတ်တာ အပြစ်ရှိတယ်လို့သိရင် သမ္မာဒိဋ္ဌိဖြစ် သကွ၊ ဒါကြောင့် အပြစ်ရှိမှန်းသိလျက်နဲ့သတ်ရင် ပါဏာတိပါတကံပဲ

ထိုက်တယ်၊ မိစ္ဆာဒိဋ္ဌိကံမထိုက်ဘူး၊ အေး....ပါဏာတိပါတကံ အပြစ်မရှိဘူးဆိုပြီး သတ်တာကတော့ သတ်တဲ့အပြစ်ရော၊ မိစ္ဆာဒိဋ္ဌိအပြစ်ရော နှစ်ပြစ်ရောက်တယ်၊ ဒါကြောင့် တို့ဗုဒ္ဓဘာသာဝင်တွေက သတ်တာဟာ တစ်ပြစ်ထဲရှိတယ်၊ အပြစ်ပေါ့တယ်၊ ဒါပေမယ့် ရှောင်နိုင်ရင်တော့ ကောင်းသပေါ့ကွာ၊.... အဲဒီလို အဘိဓမ္မာကျကျ ပညာပေးထားတာမျိုးကလဲ အရှားသားကလား။

ဒီနေရာမှာ သတိပြုဖို့က ဗုဒ္ဓတရားအားလုံးမှာ ဘာအပြစ်မှမရှိဘူး၊ အကုန် အကျိုးပြုနိုင်တယ်။ ဒါပေမယ့် ဒီဗုဒ္ဓတရားကို ဖြန့်ဝေဟောပြောကြတဲ့ပုဂ္ဂိုလ်တွေမှာ ချင့်ချိန်မှု၊ မြော်မြင်မှု၊ ဆန်းစစ်မှုသဘောတွေလိုတဲ့အတွက်သာ ဒီလိုဖြစ်ရတာမဟုတ်လား။

ဘာတွေ ဖြစ်ပွားလာတတ်သလဲ–ဒါကို ရှေ့လမှဆက်ပါ့မယ်။

နှစ်ဖက်လှ
၁၉၇၇–ခု၊ ဒီဇင်ဘာလ။

# အပါယ်သံကြိုးကွင်းဆက် ဖြတ်ရအောင်

ပြီးခဲ့သော(၁၉၈၇-ခု၊ ဒီဇင်ဘာလ) သိပ္ပံမဂ္ဂဇင်း၌ 'ပြုခဲ့မိသော မကောင်းမှုနှင့် ပတ်သက်၍ အဖြေရှာရန်' ဟူသော ခေါင်းစဉ်ဖြင့် 'သမ္မပဓာန်'အကြောင်းကို အစပျိုးလိုက်ပါသည်။

ထိုဆောင်းပါးတွင် အကုသိုလ် မပြုဖြစ်အောင် တားမြစ်သည့်နေရာမှာ အပါယ်ငရဲဘေးကို ညွှန်ပြဆုံးမကြသည်။ ယင်းသို့ ဘေးကိုပြ၍ ဆုံးမကြရာ၌ 'တန်ဆေးလွန်ဘေး' ဆိုသကဲ့သို့ အလွန်အကျွံ 'ဆုံးမ' လွန်းပါက အဟောအပြောခံရသော ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် စိတ်အားငယ်သွားတတ်ကြကြောင်း၊ မရှောင်သာလို့ အကုသိုလ်ပြုမိသူအနေဖြင့်လည်း အကုသိုလ်ပြုမိတာကတစ်ပြစ်၊ ငါတော့ ငရဲကျတော့မှာပဲလို့ ကြောက်တာကတစ်ပြစ်၊ လုပ်မိလေခြင်းဟု ကုက္ကုစ္စတွေ ဖြစ်ပွားတာကတစ်ပြစ်၊ စိတ်မချမ်းသာတဲ့ ဝိပ္ပဋိသာရတွေဖြစ်ပေါ်လာတာက တစ်ပြစ်၊ ဤသို့ဖြင့် အကုသိုလ်တွေဆက်ကာဆက်ကာ တိုးပွားလာတတ်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာရေးတရား ဟောပြောရေးသားပို့ချသူတို့အနေဖြင့် မလွန်မိအောင် သတိပြုစရာကောင်းကြောင်း အကျဉ်းချုပ်တင်ပြခဲ့ပါသည်။

ထိုဆောင်းပါး၌ သင်္ဂြိုဟ်ကျမ်းအရ 'ဖြစ်ပြီးတဲ့ မကောင်းမှုအကုသိုလ်ကိုပယ်ခြင်းငှာ လုံ့လပြုခြင်း' စသည်ဖြင့် သမ္မပဓာန်လေးပါးကို စဉ်ပြခဲ့ပါသည်။ သို့ရာတွင် အဘိဓမ္မာဝိဘင်းပါဠိတော်ကြီး၌ အောက်ပါအစဉ်အတိုင်း ဟောကြားထားပါသည်။

၁။ မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ရအောင် လုံ့လပြုခြင်း၊

၂။ ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်နိုင်အောင် လုံ့လပြုခြင်း၊

၃။ မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်ပေါ်လာအောင် လုံ့လပြုခြင်း၊

၄။ ဖြစ်ပြီးသောကုသိုလ်တို့ကို လွန်စွာတိုးပွားအောင် လုံ့လပြုခြင်း။

သို့ဖြစ်၍ ဝိဘင်းပါဠိတော်ကြီး၏ အစဥ်အတိုင်း ဆက်ကြပါစို့။

ဤသမ္မပဓာန်အကြောင်းအရာသည် ဗုဒ္ဓဘာသာဝင်တို့လောက၌ အလွန့်အလွန်အရေးကြီးသော ကိစ္စဖြစ်နေသည့်အတွက် အထပ်ထပ် ပြောကြပါစို့။

ပထမဦးစွာ 'သမ္မပဓာန်ဆိုတာဘာလဲ'ဟု သိသင့်ကြပါသေး၏။ 'သမ္မပဓာန်'ဟူသော ပါဠိပုဒ်ကို သမ္မာနှင့်ပဓာနဟု နှစ်ပိုဒ်ခွဲသည်။ သမ္မာ=ကောင်းစွာ၊ ကောင်းကောင်း၊ ပဓာန=လုံ့လပြုခြင်း၊ အားထုတ်ခြင်း၊ ကြိုးစားခြင်းဟု ရင်းမြစ်အနက်ထွက်၏။ ကောင်းစွာအားထုတ်ခြင်း (ဝါ)ကောင်းကောင်းကြီး အားထုတ်ခြင်းသည် 'သမ္မပဓာန်' ပေတည်း။တရားကိုယ်ကတော့ လူ၏လုံ့လဝီရိယ ဖြစ်ပါသည်။ အကုသိုလ် မဖြစ်ရအောင်၊ ပယ်နိုင်အောင်၊ ကုသိုလ်ဖြစ်အောင်၊ တိုးပွားအောင် ကောင်းစွာလုံ့လပြုခြင်းကို သမ္မပဓာန်ဟုခေါ်ထားပါသည်။

ကောင်းစွာ အားထုတ်ရမှု(ဝါ)ကောင်းစွာ လုံ့လပြုရမှု တည်းဟူသော သမ္မပဓာန်၏ လုပ်ကွက်အချက်သည် အထက်ဖော်ပြပါအတိုင်း လေးမျိုးလေးစားဖြစ်ကြောင်း သိရပေသည်။ အကုသိုလ် မကောင်းမှုဘက်မှ နှစ်ချက်၊ ကုသိုလ်ကောင်းမှုဘက်မှ နှစ်ချက်၊ ပေါင်း လေးချက် ဖြစ်၏။

သမ္မပ္ပဓာန် (ဝါ) သမ္မပဓာန် လုံ့လဆိုသည်မှာ 'ကုသိုလ်မျိုး' ဖြစ်ပါသည်။ ထို့ကြောင့် အကုသိုလ်မဖြစ်ရအောင် လုံ့လပြုသည်ဆိုလျှင်လည်း ကုသိုလ် ဖြစ်သည်။ ဖြစ်ပြီးတဲ့အကုသိုလ်ကို ပယ်နိုင်အောင် လုံ့လပြုသည်ဆိုလျှင်လည်း ကုသိုလ်ဖြစ်သည်ဟု သိမှတ်ရပါသည်။ မဖြစ်

သေးသော ကုသိုလ်ဖြစ်အောင်၊ ဖြစ်ပြီးသော ကုသိုလ် တိုးပွားအောင် လုံ့လပြုသည့်အတွက် ကုသိုလ်ဖြစ်သည်ကိုမူ အထူးပြောဖွယ်မရှိပါ။

နောက်တစ်ချက်ကား မည်သူက လုံ့လပြုရမှာလဲဟု မေးလျှင် 'မိမိ'က လုံ့လပြုရမည်ဖြစ်ပါသည်။ အခြားသူက မိမိအတွက် လုံ့လပြုပေးမည်မဟုတ်ပါ။ တစ်နည်းဆိုရသော် မိမိပြုခဲ့သော အကုသိုလ်ကို သူတစ်ပါးက ဝင်ကယ်ပေး၍မရပါ။ ဝင်ခံပေး၍မရပါ။ လျှော်ပစ်၍မရပါ။ မိမိကိုယ်တိုင်သာလျှင် ပယ်နိုင်အောင် ကြိုးစားရပါမည်။ (ဗုဒ္ဓဘာသာဝင်သည် ဗုဒ္ဓဘာသာအကြောင်းကိုသာ ရေးခွင့်ရှိသဖြင့် ပညာသားပါပါ နှိုင်းယှဉ်တင်ပြသင့်သည်များကို ချင်းခဲ့ပါမည်)။

အရေးကြီးသော နောက်တစ်ဆင့်တက်ကြပါဦးစို့။

လူသည် တစ်ကမ္ဘာလုံးမှာ တစ်ဦးတည်းတစ်ယောက်တည်းသာ ရှိသည့်သတ္တဝါမျိုးမဟုတ်၊ လူလူချင်းပေါင်းသင်းနေထိုင်ရသောကြောင့် အရေးအကြီးဆုံး လူတည်းဟူသော ပတ်ဝန်းကျင်ရှိနေသည်။ ထို့ပြင် လူဟူသောသတ္တဝါတို့သည် မိဘနှစ်ပါးကမွေးထုတ်ပေးရသော သတ္တဝါမျိုးဖြစ်၍ မွေးလာကတည်းက မိဘဟူသောအမှီရှိလာသည်၊ နည်းနည်းကြီးလာသောအခါ 'ဆရာ'ဟူ၍ ရှိလာသည်၊ ဗုဒ္ဓဘာသာဝင် ဖြစ်လာသောအခါ ရဟန်းသံဃာဟူသော ဘုန်းကြီးဆရာရှိလာသည်။

လူကလေးတစ်ယောက် လူကြီးဖြစ်လာရန် ကြီးရစဉ်အခါ၌ ထိုလူကလေးကို မိဘဆရာတို့က ရံဝန်းထားကြသည်။ ဤတွင် ကမ္ဘာ့လူသား မိဘဆရာအမျိုးမျိုးရှိသည့်နည်းတူ အယူဝါဒအတွေးအမြင်လည်း အမျိုးမျိုးရှိနေသည်။

အနောက်တိုင်းအယူအဆတစ်ရပ်မှာ ကလေးကိုယ်စဉ်က လူကြီးမိဘတို့က ကျုံးချပညတ်ဖို့မလို၊ ဆုံးမကံမြစ်ဖို့မလို၊ သူ့သဘောသူဆောင်နေသင့်သည်။ လိမ္မာအောင်ဟဲ့ ဆိုပြီး နင်းကန်ဆုံးမနေဖို့မလိုဘူး (ဝါ) လွှတ်ပေးထားသင့်သည်။ နောက် ထိုကလေး ကြီးလာတော့ သူဟာ လိမ္မာသွားလိမ့်မည်။ သူ့ဘဝ အတွေ့အကြုံက သူ့ကို ဆုံးမသွားလိမ့်မည်။ ဤလိုရှုမြင်ကြပြီး မိဘဆရာတို့က သိပ်ပြီးဆုံးမသမှုမပြုကြချေ၊

ဗုဒ္ဓဝါဒအရ ဗုဒ္ဓဘာသာတို့၏အမြင်ကား ဤသို့မဟုတ်ပေ။ ဆုံးမရမည်၊ လိမ္မာအောင်သွန်သင်ရမည်ဟု ခံယူကျင့်သုံးကြသည်။

ဟ–န်–း–စို–း–ေ–ဖ–ာ–င်–ဝ–ဉ်–(–၂၆–)

မြတ်စွာဘုရားက မိဘဝတ္တရား(၅)ပါးချပြခဲ့ရာတွင် 'မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်' ဟူသောအချက် ထည့်သွင်းထားသည်။ မိဘသည် မိမိ၏ သားသမီးများအား မကောင်းတာဆိုတာက ဒီလို၊ ကောင်းတာကဒီလိုဟု ခွဲခြားနားလည်စေရမည်။ သားသမီးတို့မကောင်းတာလုပ်လျှင်လည်း တားမြစ်ရမည်၊ ဆုံးမရမည်၊ ကောင်းတာကိုညွှန်ပြရမည်ဟု တိတိပပ သတ်မှတ်ပေးခဲ့သည်။

ဆရာကျင့်ဝတ်(၅)ပါးတွင်လည်း 'ပဲ့ပြင်နိုဗ္ဗ' ဟူသော စကားတစ်ရပ်ထည့်သွင်းပြီး ဆရာသည် တပည့်ကို (ဝါ) ကလေး၊ လူငယ်များကို တနပဲ့ပြင်သွန်သင်ဆုံးမ ရမည်ဟု တာဝန်ပေးခဲ့သည်။

ရဟန်းကျင့်ဝတ်(၅)ပါးတွင်လည်း'မကောင်းမြစ်ထား၊ကောင်းရာညွှန်လတ်'ဟူ၍ ဒါယကာ၊ ဒါယိကာမတွေကို မကောင်းမှုမှ တားမြစ်ကြဖို့ ပြောကြားခဲ့သည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ အရှုအမြင် အရ ကလေးတွေ၊ လူငယ်တွေ၊ ဒါယကာ၊ ဒါယိကာမတွေအား မဖြစ်သေးသောအကုသိုလ်တွေ မဖြစ်ကြရစေဖို့ ဆုံးမကြရမည်ဆိုသောအချက်မှာ ထင်ရှားပါသည်။ ဗုဒ္ဓဘာသာဝင်တို့လောကတွင် ဤခံယူသည့်အတိုင်းပင် ဆုံးမနေကြသည်၊ ကံမြစ်နေကြသည်။

ပြီးခဲ့သောဆောင်းပါးတွင် အနည်းငယ် 'တို့' ခဲ့သည့်အတိုင်း ပုထုဇဉ်လူသား၏ ပင်ကိုစိတ်သည် မကောင်းမှုဘက်၌ မွေ့လျော်တတ်စမြဲမဟုတ်ပါလော။ ထို့ကြောင့် သူ့ဟာသူလွှတ်ထားပါက မြေနိမ့်ရာသို့ ရေစီးသကဲ့သို့ မကောင်းမှုဘက်သို့ပင် အလိုက်အပါများမည်သာဖြစ်သည်။

ကလေးငယ်တစ်ယောက်ကို လေ့လာကြည့်လျှင် မွေးကတည်းက လောဘပါလာသည်၊ လိုချင်တပ်မက်သည်။ မွေးကတည်းက စိတ်ဆိုးတတ်တဲ့ ဒေါသဗီဇ ပါလာသည်၊ အမျက် ထွက်တတ်သည်။ ထို့ပြင် ကလေးကတည်းက မနာလိုတတ်သည်၊သဝန်တိုတတ်သည်။ ချေးသည် ရေကူးမသင်ရဘဲ မွေးရာပါအရည်အချင်းအရ အလိုလိုရေကူးတတ်သကဲ့သို့ ကလေး၌ မကောင်းသည့်စိတ်များ သင်မပေးရဘဲ အလိုလိုဖြစ်ပေါ်သည်။ ပိုးကောင်ကလေးတွေတွေ့လျှင် ရိုက်သတ်တတ်သည်၊ လိမ်ပြော

တတ်သည့် စသည်ဖြင့် အကုသိုလ်လက္ခဏာများကိုတွေ့ကြရသည်။ ထို့ပြင် ပညာမသင်ချင်၊ ပျင်းသည့်သဘာဝလည်း မွေးကတည်းကပါလာခဲ့၏။

စိတ်မဆိုးဖို့၊ မနာလိုမဖြစ်ဖို့ကျတော့ သင်ပေးရသည်။ ပေးဖို့၊ ကမ်းဖို့၊ လှူဖို့တိုက်တွန်းရသည်။ ဘုရားရှိခိုးဖို့ ခိုင်းရသည်။ စာသင်ဖို့ မပျင်းဖို့ တားမြစ်ရသည်။ စာကျက်စာအံအောင် ပြောရဆိုရသည်၊ မန့်မဲရသည်။ ဤသို့ ကောင်းသောဘက်တွင်မူ လူကိုတမင်သင်မှရေကူး တတ်သကဲ့သို့ တမင်သင်ပေးရသည်၊ ဆုံးမရသည်။

သို့ဖြစ်သောကြောင့် ကလေး၊ သူငယ်၊ လူဝတ်ကြောင်တို့ထက် အသိဉာဏ်ဗဟုသုတ အတွေ့အကြုံရှိသော မိဘ၊ ဆရာသမားနှင့် ရဟန်းများက မကောင်းမြစ်တားသည့်သဘောဖြင့် ဆုံးမကြသည်မှာ စင်စစ် လိုလားဖွယ်ဖြစ်ပေသည်။

သူ့ဟာသူ လိမ္မာပါလိမ့်မည်ဟု လွှတ်ထားခြင်းသည် သဘာဝ မကျ၊ အကျိုးထက် အပြစ်သာများသည်၊ ဆုံးမကံမြစ်ပေးခြင်းသည် သဘာဝကျသည်။ အပြစ်ထက်အကျိုးများသည်။ လူ့သဘာဝရင်းမြစ် နှင့်လည်း အံကိုက်သည်။ ဤသို့အချုပ်နားလည်ကြရပေသည်။

မိဘဆရာတို့၏ မကောင်းမြစ်တား၊ ကောင်းရာညွှန်ကြားသည်ကို လက်ခံပြီး၊ လိုက်နာပြီး၊ မဖြစ်အောင်၊ ပယ်နိုင်အောင်၊ ဖြစ်ပေါ်လာ အောင်၊ တိုးပွားအောင်၊ လုံ့လပြုရမှုက 'မိမိသာ' ဖြစ်သည်။ 'မိမိ အား သမ္မပဓာန် ဝီရိယရှိတတ်အောင် သင်ကြားပြသဆုံးမကြခြင်းသာ ဖြစ်ပေသည်။

သို့သော်....

သာမန်အားဖြင့် မသွားနဲ့၊ မလုပ်နဲ့ စသည်ဖြင့် ဆုံးမကံမြစ်ခြင်း ပင် ဖြစ်စေကာမူ ချုပ်ချယ်သည့်အထိ ရောက်အောင် ဆုံးမလွန်းပါက ကလေးသူငယ်တို့၏ စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုတို့ကို ထိခိုက် စေနိုင်သည်။ မလျော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ ချင့်ချင့်ချိန်ချိန် ဆုံးမတတ်ဖို့ လိုသည်၊ ဤအပိုင်းရှိပါစေတော့။

ဤထက်အရေးကြီးသောအချက်ကား သာမန်ဆုံးမခြင်းမျိုးမဟုတ် ဘဲ ဘာသာရေးဖြင့်ဆုံးမခြင်း (ဝါ) ဗုဒ္ဓတရားဖြင့် ဆုံးမခြင်းမျိုးဖြစ်မှု သိပ်ကိုအရေးကြီးလှပေသည်။

ဘယ့်နှယ်လဲ၊ ဘာသာရေးနဲ့ဆုံးမတာပဲ ကောင်းတာပေါ့၊ ဘယ်လော်ကက် ဆုံးမ ဆုံးမ၊ ဆုံးမလေလေ ကောင်းလေလေပဲ မဟုတ်လား။ ဘယ့်နှယ်ကြောင့် သိပ်အရေးကြီးတယ်ဟု ဒီစာရေးဆရာက ပြောရတာလဲ၊ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရအောင် ကြိုတင်တားဆီးလိုက်တော့ အကုသိုလ်မဖြစ်တော့ဘူး။ အကုသိုလ်တွေကင်းတာပေါ့၊ ကောင်းတာပေါ့။ ဤသို့ 'ဝင်ပြီး' 'ကန့်'ဖွယ်ရှိပေသည်။

သို့ဖြစ်သောကြောင့် ဘာသာရေးနဲ့ဆုံးမတာ (ဝါ) ဗုဒ္ဓတရားနဲ့ ဆုံးမတာဟာ ဘာကြောင့် သိပ်အရေးကြီးတယ်ဟု သဘောပေါက်နားလည်စေဖို့အတွက် တော်တော့်ကို ပြောယူရပါလိမ့်မည်။ သိပ္ပံစာဖတ်ပရိသတ်မျိုးမဟုတ်ဘဲ နဂိုထဲက ငါထင်တာမှအမှန်ဟု တစ်ယူသန်ဖြစ်နှင့်နေဘိမူကား ကျားကျားမီးယပ်ဆိုသကဲ့သို့သာ ရှိချေမည်။

သို့ရာတွင် ဤသမ္မပဓာန်ကိစ္စ (ဝါ) အကုသိုလ်ရှောင်ဖို့၊ ပယ်ဖို့ဆိုသည့်ကိစ္စသည် မျက်မှောက်ကာလ လူ့အဖွဲ့အစည်း၊ လူ့ဘဝ တည်ထောင်မှုများအတွက် အလွန်တရာအရေးကြီးလှသဖြင့် စွမ်းအားရှိသမျှ တင်ပြရမည်သာဖြစ်ပါသည်။

တစ်နည်းဆိုရသော် အရင်လဆောင်းပါး၌ အကျဉ်းဖော်ပြသကဲ့သို့ အကုသိုလ်ပြုတာက တစ်ပြစ်၊ ငရဲကြောက်ရတာက တစ်ပြစ်၊ ကုက္ကုစ္စဖြစ်ရတာက နောက်တစ်ပြစ်၊ဝိပ္ပဋိသာရစိတ် မချမ်းသာနေတာကတစ်ပြစ်၊ ဤသို့သော အပါယ်သံကြိုးကွင်းဆက်ကြီး ဆက်နေတာကို ပြုတ်ထိုက်သူများ၌ ပြုတ်ရလေအောင် ကြိုးစားရေးသားရမည်ဖြစ်၏။

ဤဆောင်းပါးကား အရင်လဆောင်းပါးနှင့် အမျိုးတူအဆင်ကဲ့ ဖြစ်၏၊ ဤသမ္မပဓာန်ခန်းကို လိပ်ပတ်လည်အောင်ဆိုလျှင် အနည်းဆုံး ဆောင်းပါးလေးငါးဆယ်ပုဒ်ဖြင့် တင်ပြရပါမည်။ သို့ဖြစ်၍ လိပ်ပတ်မလည်ခင် မဆုံးဖြတ်ကြသေးဖို့လည်း လိုအပ်ပေသတည်း။

နှစ်ဖက်လှ
၁၉၈၈-ခု၊ ဇန်နဝါရီလ။

# လူကို အပါယ်သို့ချသည့် လက်သည် 'ကုက္ကုစ္စ'

'မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်စေရန် လုံ့လပြုခြင်း' စသော သမ္မပဓာန်ခန်းမှာ အကုသိုလ်အလုပ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာရေးအရ ယထာဘူတကျသော အရှုအမြင် အသွန်အသင်များ၊ ခံယူချက်များ ထွန်းကားလာအောင် တင်ပြနေပါသည်။

'ပြုခဲ့မိတဲ့မကောင်းမှုနဲ့ပတ်သက်၍ အဖြေရှာရန်' ဟူသော ပထမဆောင်းပါးကို 'အနာနှင့်ဆေး သင့်အောင်ပေး' ဟူသော အချက်၊ 'တန်ဆေး,လွန်ဘေး' ဟူသော အချက်၊ 'ပေါ့စေလိုလို့ကြောင်ရုပ်ထိုး, ဆေးအတွက်လေး' ဟူသော အချက်၊ 'အေးစေဖို့တရားနာ,ပူဆာဆာအကျိုး' ဟူသောအချက်၊ ဤသို့ ဖြစ်တတ်သည့် သဘောသဘာဝ တို့ကို အခြေခံပြီး ရေးခဲ့ပါသည်။

'အပါယ်သံကြိုး ကွင်းဆက်ဖြုတ်ရအောင်' ဆိုသော ဒုတိယဆောင်းပါးဖြင့် ပထမဆောင်းပါးကဲ့သို့ပင် ဗုဒ္ဓဓမ္မများသည် ထက်မျက်သည့်အတွက် အပြောခံ အဆုံးမခံရသော ဘာသာဝင်များ အနေဖြင့် ကုက္ကုစ္စဝိပ္ပဋိသာရ ဖြစ်ပွားမလာစေရန် ထိန်းထိန်းသိမ်းသိမ်း သွန်သင်ကြဖို့လိုကြောင်း ရေးခဲ့ပါသည်။

မဂ္ဂဇင်းမှာ ဆောင်းပါးရေးရသည် ဆိုသည်မှာ စာအုပ်ရေးရသကဲ့သို့ မဟုတ်၊သင်တန်းပေးရသလို လိပ်ပတ်လည်အောင် တစ်လတည်းနှင့် မရေးနိုင်၊ မပြောနိုင်သည့်အတွက် ဤကိစ္စကို စိတ်ပါဝင်စားသည်ဆိုပါက လစဉ် စောင့်ဖတ်, စောင့်မှတ်သွားဖို့လိုပါလိမ့်မည်။

ကုက္ကုစ္စဝိပ္ပဋိသာရသည် အဘယ်မျှလောက် လူကို ဒုက္ခပေးတတ် ကြောင်း ပိဋကတ်စာပေ သင်ခြေရှိသော ပုဂ္ဂိုလ်ကြီးများကတော့ သိကြ ပြီးဖြစ်ပါသည်။ စင်စစ် ကုက္ကုစ္စဝိပ္ပဋိသာရသည် မူလပြုသောအကုသိုလ် မှုထက်ပင် ဆိုးဝါးပါသေးသည်ဟုပြောပါက တော်တော့်ကို စာအခြေ ရှိပြီးမှသာ ချောချောကြီး သဘောကျပါလိမ့်မည်။

သို့ဖြစ်သောကြောင့် ယင်း ကုက္ကုစ္စ၊ ဝိပ္ပဋိသာရအကြောင်း ရိပ်မိ အောင် အဘိဓမ္မာရေးနေသော အခန်းဖြစ်စေကာမူ သုတ္တန်သာဓက ပြပေးဖို့လိုလာပါသည်။ သို့သော် လယ်တီဆရာတော်ဘုရားကြီး၏ စကား တစ်ခွန်းတော့ရှိပါသည်။ ပဥ္စင်းငယ်တစ်ပါးက တပည့်တော် အဘိဓမ္မာ သင်နေပါသည်၊ ဒါပေမယ့် အဘိဓမ္မာတော်အောင် ဘယ်လိုလုပ်ရမလဲ ဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားသောအခါ 'မောင်ပဥ္စင်း အဘိဓမ္မာတော်ချင်ရင် သုတ္တန်ကို များများဖတ်ပေါ့'ဟု ဆရာတော်ကြီး က ပြောဆိုခဲ့ဖူးပါသတဲ့။ သို့ဖြစ်၍ ဤမှာလည်း အဘိဓမ္မာကိုနားလည် အောင် သုတ္တန်ကူရပါလိမ့်မည်။

## ကုက္ကုစ္စ၏ အနက်ရင်း

'ကုက္ကုစ္စ'ဟု မြတ်စွာဘုရားက နာမည်ပေးထားသော ပရမတ္ထ သဘာဝကို ဓမ္မသင်္ဂဏီပါဠိတော်၊ နိက္ခေပကဏ္ဍ၊ ဒုကနိက္ခေပဒွ ဤကဲ့သို့ ဟောကြားထားပါသည်။

နောင်တ တစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ' ဟူသည် အဘယ်နည်း။

(၁) မအပ်သည်၌ အပ်သည်ဟု အမှတ်သညာ ရှိသူ၏ အဖြစ်၊

(၂) အပ်သည်၌ မအပ်ဟု အမှတ်သညာ ရှိသူ၏ အဖြစ်၊

(၃) အပြစ်မဟုတ်သည်၌ အပြစ်ဟု အမှတ်သညာရှိသူ၏ အဖြစ်၊

(၄) အပြစ်၌ အပြစ်မဟုတ်ဟု အမှတ်သညာ ရှိသူ၏ အဖြစ်၊

ဤသို့သဘောရှိသော (ဝါ) ဤသို့ အကြောင်းရင်း အခြေခံရှိသော အကြင် 'နောင်တ' ပူပန်ခြင်းသဘော၊ 'နောင်တ'တစ်ဖန်ပူပန်ပုံအခြင်းအရာ၊ 'နောင်တ' တစ်ဖန် ပူပန်တတ်သူ၏ အဖြစ်၊ နှလုံး မသာယာခြင်း သဘော၊ (စေတသောဝိပ္ပဋိသာရ)၊ စိတ်ကိုရေးခြစ်သကဲ့သို့(ရှုပ်ရှုပ် ထွေးထွေး) ဖြစ်ခြင်းသဘောသည် ရှိ၏။ ဤသဘောကို နောင်တတစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' ဟူ၍ ဆိုအပ်ပေ၏။

ဤ 'ကုက္ကုစ္စ' ၏ သဘောသဘာဝနှင့် စပ်လျဉ်း၍ သိသာပေါ် လွင်အောင်၊ ယင်း နိက္ခေပကဏ္ဍ အဋ္ဌကထာဆရာကြီးက ဤသို့ဖော်ပေး ပါသည်။

ဤ 'ကုက္ကုစ္စ' သည်ကား....

(၁) ငါသည် ကုသိုလ်ကောင်းမှုကို မပြုအပ်မိလေစွ၊ ကြောက်ခြင်းမှ စောင့်ရှောက်တတ်သောကုသိုလ် ကို မပြုမိလေစွ၊

(၂) မကောင်းမှုကို ပြုအပ်မိလေခြင်း၊ ကြမ်းတမ်း သော မကောင်းမှုကို ပြုမိလေခြင်း၊ မကောင်း ကျိုးကို ပြုတတ်သောအမှုကို ပြုမိလေခြင်း၊

ဤကဲ့သို့ အပြစ်မဟုတ်သည်၌ အပြစ်ဟု အမှတ်ရှိသူ၏ အဖြစ်ဖြင့်လည်း ကျူးလွန်မှုကို ပြုပြီးနောက်မှ ဖြစ်တတ် သေး၏။

ဆိုခဲ့ပါ ပါဠိတော်အဋ္ဌကထာလာ'ကုက္ကုစ္စ'၏ သဘောသဘာဝ ကို ပို၍ထင်ရှားအောင် တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်၊ အရှင် ဇနကာဘိဝံသက သူ၏သင်္ဂြိုဟ်ဘာသာဋီကာကျမ်း၌ ဤကဲ့သို့ လင်းကျင်း ဖော်ပြပေးထားပါသည်။

ဒုစရိုက်ကိုပြုမိပြီးနောက် ရရှိမည့်အပြစ်ဘေးကို ဆင်ခြင် မိသည့်အခါ(သို့မဟုတ်) မကောင်းကျိုးကို ခံစားရသော အခါ 'ထိုဒုစရိုက်မှုကို ပြုမိလေခြင်း' ဟူသော စိတ်၏ အမူအရာဖြစ်ပေါ်လာတတ်၏။

ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသည့်အခါ, ငယ်ရွယ် ကျန်းမာသည့် အခါတုန်းက ကုသိုလ်ကောင်းမှုကို မပြုခဲ့ဘဲ၊ ပစ္စည်းကုန်ခမ်းသည့်အခါ, ကြီးရင့်သည့်အခါ, မကျန်းမာသည့်အခါကျမှ 'သုစရိုက်ကောင်းမှုကို မပြုခဲ့လေခြင်း' ဟူသော စိတ်အမူအရာ ဖြစ်ပေါ်လာတတ်၏။

ထိုသို့ ဖြစ်ပေါ်လာတတ်သော စိတ်အမူအရာသည် ပြုခဲ့ပြီးသော ဒုစရိုက်ကိုလည်းမပြုရာရောက်အောင်၊ မပြုခဲ့မိသောသုစရိုက်ကောင်းမှုကိုလည်း ပြုပြီးသားဖြစ်သွားအောင် မတတ်နိုင်။ ပညာရှိတို့ မြင်ပြင်းကပ်စရာ သက်သက် အပိုအမူအရာသာဖြစ်၏။ ထိုစိတ်အမူအရာမျိုး ဖြစ်သည့်အခါ စိတ်ထဲမှာ အတော်ပူပူပန်ပန် ဖြစ်စေတတ်သည်။

ထို့ကြောင့် ထိုသို့သော စိတ်အမူအရာတို့ကို 'နောင်တတစ်ဖန်ပူပန်မှု' ဟု ပြောဆိုရိုးပြုကြသည်။

ဖော်ပြပါ ပါဠိ အဋ္ဌကထာ ဋီကာကောက်နုတ်ချက်တို့ကို ဖတ်ပြီးပါက ကုက္ကုစ္စဟု ခေါ်ထားသော ပရမတ္ထသဘောတရားကို ရိပ်စားမိနိုင်လောက်ပြီ။ ထို့ပြင် 'ကုက္ကုစ္စ'သည် နှစ်မျိုးရှိကြောင်း:—

(၁) ပြုခဲ့မိသော အကုသိုလ်မှုကို အကြောင်းပြုပြီး ဖြစ်တတ်သည့် 'ကုက္ကုစ္စ' က တစ်မျိုး၊

(၂) မပြုခဲ့ မလုပ်ခဲ့မိသော ကုသိုလ်မှုကို အကြောင်းပြုပြီး ဖြစ်တတ်သည့် 'ကုက္ကုစ္စ' က တစ်မျိုး။

ဤသို့ 'ကုက္ကုစ္စ' နှစ်မျိုးရှိကြောင်း သိရပေသည်၊

ဤဆောင်းပါးတွင် ပထမအမျိုးအစားဖြစ်သော ကုက္ကုစ္စ(ဝါ) ပြုလုပ်ခဲ့မိသော ပါဏာတိပါတ စသည့် အကုသိုလ်မှုကို အကြောင်းပြုပြီး ဖြစ်ပွားတတ်သည့် စိတ်ပူပန်မှုအကြောင်းကို ရေးနေပါသည်၊

## 'ကုက္ကုစ္စ'ကြောင့် အပါယ်ကျပြီး အကျိုးနည်းရပြီ

'ကုက္ကုစ္စ'ကြောင့် အကျိုးကြီးနည်းရသည့် ကြေကွဲဖွယ် ဖြစ်ရပ်တစ်ခုကို ဓမ္မပဒ အဋ္ဌကထာ၊ ဧရကပတ္တနာဂရာဇဝတ္ထု၌ ဤသို့ ဖော်ပြထား၏။

ကဿပဘုရားရှင် သာသနာတော်အတွင်း၌ ရဟန်းငယ်တစ်ပါးသည် ဂင်္ဂါမြစ်၌ လှေဖြင့် ခရီးသွားစဉ် ပိန်းရွက်တစ်ရွက်ကို ဆွဲကိုင်မိ၏။ လှေက အရှိန်ဖြင့် ရှေ့တိုးသွားသည့်အခါ ကိုင်ထားသော ပိန်းရွက်ကို လက်မှ မလွှတ်လိုက်မိသည့်အတွက် ပိန်းရွက် ပြတ်သွားလေ၏။ (လှေမှောက်၍ မဟုတ်ပါ)။

ထိုရဟန်းငယ်သည် ပိန်းရွက်ကလေး ပြတ်သွားတာကို အပြစ်မဟူစလောက် အသေးအဖွဲ့ပဲဟု သဘောထားကာ အာပတ်မဖြေဘဲ နေလိုက်သည်။ (တကယ်လည်း အပြစ်အသေးအဖွဲ့ ပင်ဖြစ်၏။)

ထိုရဟန်းငယ်သည် နောင်အခါ တောထွက်၍အနှစ်၂နှစ်သောင်းတိုင်တိုင် ရဟန်းတရားကို အားထုတ်တော်မူသည်။ (ကုသိုလ်ကောင်းမှု အနန္တ ရသည် မဟုတ်လော)။

သို့ရာတွင် အသက်ကြီး၍ သေကာနီးလာသောအခါ ထိုငယ်စဉ်က စွဲကိုင်မိ၍ ပြတ်သွားသော ပိန်းရွက်ကိစ္စ သူ့စိတ်ထဲ ပေါ်လာသည်၊ ပိန်းရွက်ဖြင့် သူ၏လည်ပင်းကို ကိုင်ငင်ထားဘိသကဲ့သို့ ထင်မှတ်နေသည်။ ထိုအခါ တောကြီးထဲမှာ သူတစ်ပါးတည်းသာရှိ၍ ဒေသနာကြား အာပတ်ဖြေရန် အခြားရဟန်းတစ်ပါးမျှလည်း မရှိချေ။

ဤတွင် 'ငါ၏ သီလသည် မစင်ကြယ်ဘူး၊ မစင်ကြယ်ဘူး'ဟု နောင်တ တစ်ဖန် ပူပန်မှုဖြစ်လေတော့သည်။ စိတ်နှလုံး မချမ်းသာမှု ဝိပ္ပဋိသာရ ဖြစ်နေ၏။ သူ့ကြောင့် ပိန်းရွက်ပြတ်သွားသည့်အမှုကို ပြန်လည် အသစ်လုပ်ပြီး လုပ်မိလေခြင်းဆိုတဲ့ ကုက္ကုစ္စ ဖြစ်လာ၏။

ထိုရဟန်းသည် အနှစ်၂နှစ်သောင်းကာလပတ်လုံး ရဟန်းတရားကို ကောင်းစွာ အားထုတ်ထားပါလျက် မပြောပလောက်သည့် ပိန်းရွက်ပြတ် အပြစ်ကလေးကို အကြောင်းပြုပြီး ဝိပ္ပဋိသာရ ကုက္ကုစ္စ

ဖြစ်ရင်း ယင်းကုက္ကုစ္စ ယှဉ်သော စိတ်ဖြင့် သေသွားသည့် အတွက် အပါယ်ကျသွားရရှာလေသည်။ တိရစ္ဆာန်ဘုံမှာ လှေလောက် ကိုယ်ခန္ဓာရှိသည့် မြွေနဂါးကြီး သွားဖြစ်ရှာသည်။

ဤဖြစ်ရပ်ကို အဘိဓမ္မာ အမြင်ဖြင့် ဆင်ခြင်ကြည့်လျှင် ပိန်းရွက် ပြတ်သည့်အဖြစ်က ထိုရဟန်းကို အပါယ်သို့ ချခြင်းမဟုတ်၊ ထိုကိစ္စကို အကြောင်းပြုပြီး ဖြစ်ပွားလာတဲ့ ဝိပ္ပဋိသာရ ကုက္ကုစ္စကသာ သူ့ကို အပါယ်သို့ချလိုက်ကြောင်း သိအပ်ပေသည်။

ဝိပ္ပဋိသာရ ကုက္ကုစ္စသည် အဘယ်မျှ ဆိုးဝါးလေသနည်းဟူမူ အနှစ်နှစ်အသောင်း ရဟန်းတရားကို အားထုတ်၍ရရှိထားသော ကုသိုလ်ကံ အနန္တကိုပင် ဟန့်တားပြီး သူက လက်စောင်းထက်ထက် အကျိုးဝင်ပေးပစ်ခဲ့ပေသည်။

ကုက္ကုစ္စ နှိပ်စက်ခံလိုက်ရသော ထိုရဟန်း၏ ဘဝဇာတ်လမ်းမှာ ရင်နင့်ဖွယ်အတိ ဖြစ်ပါသည်။ သားစိမ်းစား နဂါးကြီး ဖြစ်ရပုံကို သူ သိသည်နှင့် စိတ်မချမ်းမသာ အကြီးအကျယ် ဖြစ်ရှာပါသည်။

နောင်အခါ၌ သူ့မှာ သမီးကလေးတစ်ယောက် ရပါသည်။ သူသည် ဘုရားပွင့်လာမည့် အခါကို အထူး မျှော်လို့ နေရှာပါသည်။ ထို့ကြောင့် ဘုရားပွင့်ကြောင်း သိနိုင်ရန် အစီအစဉ်တစ်ခုကို ပြုလုပ်ပါသည်။ သူ့အစီအစဉ်ကား—

ဂင်္ဂါမြစ်လယ် ရေပြင်၌ ပါးပျဉ်းကြီးကို ဖော်၍ ဇာတ်ခုံသဖွယ် ပြုလုပ်ကာ သမီးကလေးကို သီချင်းဆို၍ က,စေပါသည်။ သူ့သမီး ဆိုသည့်သီချင်းကို တုံ့ပြန်ပြီး ဖြေဆိုနိုင်သူအား စည်းစိမ်နှင့် သမီးကိုပါ အပ်ပါမည်ဟု သိစေပါသည်။

နဂါးကြီးသည် တစ်လနှစ်ကြိမ် ဥပုသ်နေ့တိုင်း ထိုကဲ့သို့ သမီးကို က,စေခဲ့ရာ ဇမ္ဗူဒိပ်သားတို့က အမျိုးမျိုးသောသီချင်းကို တုံ့ပြန်ဆိုပြပေမယ့် သူလိုချင်သောအဖြေကိုမရခဲ့ပါ။ ဤလိုနှင့်ပင် ကဿပဘုရားရှင် သာသနာကွယ်ပြီး အချိန်များစွာကုန်လွန်ခဲ့ရာ ဂေါတမဘုရားရှင် ပွင့်လာသည်အထိ နဂါးကြီးသမီးက မပြတ် က,မြဲဆိုမြဲ ဖြစ်ပါသတဲ့။ ဘုရားကို အဘယ်မျှလောက် မျှော်ရှာသလဲ၊ အံ့ချီးဖွယ်ရာပင်။

ဂေါတမဘုရားရှင်ပွင့်လာသောအခါတစ်နေ့တွင် မြတ်စွာဘုရားက ၎င်းတို့ကို ချေချွတ်ချိန်ကျသောကြောင့် ဥတ္တရအမည်ရှိသောလုလင်ကို ခေါ်ပြီး တုံ့ပြန်ဆိုရန်သီချင်းကိုသင်ပြီး လွှတ်လိုက်လေသည်။

ဥတ္တရလုလင်သည် နဂါးသမီးသီချင်းဆိုပွဲသို့ဝင်ပြီး နဂါးသမီးသီဆိုသော သီချင်း၏ တုံ့ပြန်သီချင်းကို ဘုရားရှင် သင်ပေးလိုက်သည့်အတိုင်း ဆိုလေသည်။ နဂါးကြီးသည် ဥတ္တရလုလင်၏သီချင်းကို ကြားလိုက်သည်နှင့် 'ဟယ်... လူ့လောက၌ ဘုရားပွင့်ပြီ'ဟု သိလိုက်သည့်အတွက် ဝမ်းသာ၍ အမြီးကိုခတ်လိုက်ရာ ဂင်္ဂါမြစ်ထဲမှရေနှစ်ဖြာကွဲပြီး ပေ(၂၀၀)လောက်အတွင်းရှိ ကမ်းပေါ်ကလူတွေပေါ် ရေလွှမ်းသွားခဲ့ပါသည်။

နဂါးကြီးသည် ဥတ္တရလုလင်အား မြတ်စွာဘုရား ဘယ်မှာလဲဟု မေးကာ မြတ်စွာဘုရားထံအရောက် ချက်ချင်းသွားလေသည်။ ဘုရားထံရောက်သောအခါ တပည့်တော်သည် အရှင်ဘုရားကဲ့သို့သော သဗ္ဗညုဘုရား၏ တပည့်ရဟန်းဖြစ်ပြီး အနှစ်နှစ်သောင်း ရဟန်းတရားကိုကျင့်ကြံအားထုတ်ပါလျက် မပြောပလောက်တဲ့ ပိန်းရွက်ပြတ် ကိစ္စကလေးကိုအကြောင်းပြုပြီး ကုက္ကုစ္စဝိပ္ပဋိသာရ ဖြစ်မိသည့်အတွက် ယခုလို အဟိတ်ပဋိသန္ဓေဖြင့် နဂါးဘဝရောက်ရပါသည်။ ဘုရားတစ်ဆူနှင့်တစ်ဆူ ကြားကာလမှာ လူ့ဘဝကိုလည်း မရခဲ့၊ တရားလဲ မနာခဲ့ရ၊ ဘုရားလည်း မဖူးခဲ့ရပါဟု ကြေကွဲဝမ်းနည်းလှစွာ လျှောက်ထားလေသည်။

မြတ်စွာဘုရားက တရားဟောသောအခါ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် သောတာပန်ဖြစ်၍ အကျွတ်တရားရကြပါသော်လည်း နဂါးကြီးမှာ အကျွတ်တရားမရရှာပါ။ အဘယ်ကြောင့်နည်းဆိုသော် တိရစ္ဆာန်မျိုးဇာတ်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ နဂါးကြီးအနေဖြင့် ရှေ့ရှောက် မပင်မပန်း ချမ်းချမ်းသာသာတော့ နေသွားရရှာပါသည်။

ဤဖြစ်ရပ်ကိုကြည့်ပါလျှင် ကုက္ကုစ္စဖြစ်မှုသည် အဘယ်မျှလောက်ဆိုးဝါးနစ်နာလှကြောင်း ကွင်းကွင်းကွက်ကွက် သိနိုင်လောက်ပါသည်။ (စာဖောင်ပြည့်သွားပြီဖြစ်၍ ရောက်တဲ့နေရာတွင်ပင် ရပ်ရပါဦးမည်။)

နှစ်ဖက်လှ

၁၉၈၈-ခု၊ ဖေဖော်ဝါရီလ။

# ကုက္ကုစ္စကို ပယ်ဖျောက်ပြီး ကျောင်းဆောက် ဘုရားတည်တော့

'မဖြစ်သေးသောအကုသိုလ်တို့ကို မဖြစ်စေရန် လုံ့လပြုခြင်း၊ ဖြစ်ပြီးသောအကုသိုလ်တို့ကို ပယ်နိုင်အောင် ကြိုးစားခြင်း' အစရှိတဲ့ သမ္မပဓာန်တို့မှာ အကုသိုလ်မှုနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာလောကမှာ ဗုဒ္ဓရှင်တော်ဘုရား၏ ဝိဘဇ္ဇဝါဒနှင့် ကိုက်ညီအောင် နှိုင်းနှိုင်းချိန်ချိန် ယူတတ်ဆတတ် ကျင့်ကြံတတ်ဖို့ ရည်စူးပြီးရေးနေပါသည်။

ဘယ်ဘာသာကိုမှ မကိုးကွယ်လို ဘယ်ဘုရားတရားကိုမှ လက်မခံဘဲ ဉာဏ်မီသမျှ ကောင်းနိုးရာရာ ပြုလုပ်ကျင့်ကြံနေကြသူတို့ အတွက် မည်သို့ ခံယူကျင့်သုံးကြသည်ဖြစ်စေ မထောင်းသာလှပါ၊ ဗုဒ္ဓဘုရားကို ကိုးကွယ်ပြီး ဗုဒ္ဓဘာရားတော် အရဆိုသည့် ခံယူချက် ယုံကြည်ချက်ဖြင့် ပုဂ္ဂိုလ်အခြေအနေနှင့် တရားနှင့် အံဝင်ခွင်ကျဖြစ်ပါက အလွန်အကျိုး ရှိနိုင်သော်လည်း ဘာသာဝင်ပုဂ္ဂိုလ်အခြေအနေနှင့် တရားနှင့် မကိုက် လျှင်သော်လည်းကောင်း တရားတော်ကို နားအလည်မှားနေပြီး ကိုယ် သိထားတာမှအမှန်ဟု ဥပါဒါန်ကပ်နေသော်လည်းကောင်း သံသရာနှင့် ချီပြီး အကျိုးနည်းသွားနိုင်ပေသည်။

သို့ရာတွင် 'ဘေသဇ္ဇသမုဋ္ဌိတော ရောဂေါ အတေကိစ္ဆော' 'ဆေးကြောင့်ဖြစ်သောရောဂါသည် ကုရခက်၏'ဟူသော ဆောင်ပုဒ်ကို အလေးအနက်သတိပြုအပ်လှပေသည်၊ သူ့ဟာသူအစားမှား အနေမှား ၍ ရိုးရိုးဖြစ်သော ရောဂါမှာ ကုရလွယ်၏၊ ဆေးစားမှား၍ ဆေး ကြောင့်ဖြစ်သော ရောဂါဖြစ်မှု ကုရှ်မရသောရောဂါဖြစ်တတ်၏။

ဘာသာရေးအသိဉာဏ် မရှိ၍ သူ့ဟာသူများသော အမှားမှာ ပြင်ရလွယ်၏၊ ဘုရားဟောဟုထင်မှတ်စွဲယူပြီး၊ ယုံကြည်ပြီး၊ နားအလည် မှားသောအမှားမျိုးဖြစ်ပါမူ အားကိုးမှားနေသည့်အတွက် ဆေးမှား လူနာကဲ့သို့ အကုရခက်တတ်သည်။

ဤဆောင်းပါးများတွင် အကုသိုလ်မှုနှင့်ပတ်သက်၍ ကုက္ကုစ္စ၊ ဝိပ္ပဋိသာရ ဝန်ပိပြီး မချိတင်ကဲ ဆင်းရဲဒုက္ခမရောက်ကြရအောင် ကုက္ကုစ္စ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ပုဂ္ဂိုလ်များလည်း လာမည့်ဘေးမှကင်းဝေးရအောင် ယထာဘူတကျသော အယူအဆတစ်ရပ်ရရှိရန် အလို့ငှာ မြေလှန်ပြီး ရှင်းလင်းဆွေးနွေးတင်ပြဖို့ (၈၇၊ ဒီဇင်ဘာလထုတ်)ပထမဆောင်းပါး ၌ စကားစတင်ခဲ့ပါသည်။ ထိုအချက်များသည် ဆောင်းပါး စုံသော အခါ လိပ်ပတ်လည်သွားကြမည် ဖြစ်ပါသည်။

ပြီးခဲ့သောလက ကုက္ကုစ္စ၏သဘောအဓိပ္ပာယ်နှင့် ကုက္ကုစ္စကြောင့် အပါယ်လားပြီး အကြီးအကျယ် အရှုံးနှင့်ရင်ဆိုင်သွားရရှာသည့် ရဟန်း တစ်ပါးအကြောင်းကို သက်သေတင်ခဲ့ပါသည်။ ယခုလတွင် ကုက္ကုစ္စ၊ ဝိပ္ပဋိသာရကြောင့် ရရှိမည့် မင်္ဂဖိုလ်လာဘ်ကြီးလွဲပြီး လူစဉ်မမီသည့် အထိ ဖြစ်သွားရရှာသော ရဟန်းတစ်ပါး၏ ကြေကွဲဖွယ် အကြောင်း နှင့် ကုက္ကုစ္စကိုရှင်းလိုက်နိုင်သည့်အတွက် သေသောအခါ နတ်ရထား ခြောက်စင်းရောက်လာပြီး အလုအယက် တင်ဒေါ်သွားခြင်းခံရသည့် ဘုရင်တစ်ပါးအကြောင်းကို ဆက်လက်ထုတ်ဆောင်ပါမည်။

မင်္ဂဖိုလ်နိဗ္ဗာန်ကို လက်ငင်းရထိုက်သူ ဖြစ်ပါလျက် 'ကုက္ကုစ္စ' စိတ်နှလုံးပူပန်မှု ဖိစီးနှိပ်စက်မှုကြောင့် မင်္ဂဖိုလ်နိဗ္ဗာန်နှင့်လွဲရသည့်အပြင် လူစဉ်မမီဖြစ်သွားရရှာသူကား အခြားမဟုတ်၊ ဘုရားရှင်လက်ထက်က ရှင်သုဒိန်အမည်ရှိသော ရဟန်းတစ်ပါးဖြစ်၏။ သူ၏ နှမြောတသဖွယ် ဖြစ်ရပ်ကို ပါရာဇိကဏ်အဋ္ဌကထာကြီး၌ ဤသို့ဖော်ပြထားပါ၏။

ဝေသာလီပြည် ကလန္ဒကရွာ၌ မြတ်စွာဘုရား သီတင်းသုံးနေ တော်မူစဉ်က ဖြစ်၏။ သူဌေးသား 'သုဒိန်'သည် ဘုရားတရားနာရ၍ ဝတ်ကြောင်ဘဝကိုပယ်စွန့်ကာ ရဟန်းဝတ်လိုသည့်အတွက် မိဘထံ ခွင့် တောင်းလေသည်။ မိဘကခွင့်မပေးသည့်အတွက် အစာငတ်ခံ ဆန္ဒပြ သည်၊ အသေခံပြီး ဆန္ဒပြမည့်ပုံပေါ်၍ မိဘက ရဟန်းပြုခွင့်ပေးလိုက် သည်။

သူ့မိဘမှာ တခြားသားသမီးမရှိ၊ 'သုဒိန်'၏ ဇနီးမှာလည်း ကလေးမရ၊ ဤလိုအမွေခံရန်မရှိပါက သူတို့ပစ္စည်းကို မင်းဘဏ္ဍာအဖြစ် အသိမ်းခံရမည်ဖြစ်သည်။ထို့ကြောင့် မိဘက သား ရှင်သုဒိန်အား အမွေ ခံရအောင် မျိုးစေ့ပေးပါဟု ပူဆာပြီး ဇနီးဟောင်းနှင့် ပေါင်းသင်း ခိုင်း၏။ ထိုအခါက ရဟန်းများအား ပထမပါရာဇိကသိက္ခာပုဒ် မပညတ် ရသေးသည့် အတွက် ရှင်သုဒိန်က မိဘများကိုငဲ့၍ ဇနီးဟောင်းကို တစ်ကြိမ်မေထုန်မှီဝဲပေးလိုက်ရာ သားမျိုးစေ့လည်းရသွားသည်၊

ဤသို့ ပြုမူသော ရှင်သုဒိန်၏ အပြုအမူကို အကြောင်းပြုပြီး မြတ်စွာဘုရားက ရဟန်းများအား ပထမပါရာဇိကသိက္ခာပုဒ် ပညတ် လိုက်သည်၊ ရဟန်းမှန်လျှင် မေထုန်မမှီဝဲရ၊ မှီဝဲလျှင် သာသနာမှဆုံးရှုံး စေဟူသတည်း။

ရှင်သုဒိန်မှာ တကယ်တော့ အာပတ်မသင့်၊ အစဦးသူဖြစ်၍ အပြစ်လွတ်၏။ သို့ပါသော်လည်း ရှင်သုဒိန်အနေဖြင့် ငါလုပ်မိမှားပြီဟု နောင်တပူပန်မှုဖြစ်လာသည်၊ ကုက္ကုစ္စဖိစီးနှိပ်စက်လာသည်။ တရားနှလုံး မသွင်းနိုင်၊ တမှိုင်မှိုင် တတွေတွေ ဖြစ်ကာ မစားနိုင် မအိပ်နိုင်သည် အထိ ဖြစ်လာသည်၊ တစ်နေ့တစ်ခြား ပိန်ကျုံပြီး အရိုးပေါ်အရေတင် ဖြစ်လာ၏။ အကြောပြိုင်းပြိုင်းထနေ၏။

အဋ္ဌကထာဆရာကြီးများက ရှင်သုဒိန်သည် မဂ်ဖိုလ်ရထိုက်သူ ဖြစ်သည်ဟု ဖွင့်ပြကြသည်။ သက်န်းဝတ်ချင်လွန်း အားကြီးလှသဖြင့် ဥစ္စာစည်းစိမ်နှင့် ဇနီးမယားကိုပါစွန့်ပြီး ထွက်လာသည့် သဒ္ဓါပဗ္ဗဇိတ စစ်စစ်လည်းဖြစ်၏။ ထို့ကြောင့် ပေရားထူးရနိုင်သည့်အခြေအနေ မုချ ရှိလေသည်။

ရှင်သုဒိန် ကျူးလွန်သည့်အပြစ်သည်သည်း သိက္ခာပုဒ်မပေါ်ခင် အပြစ်မရှိဘူးထင်သည့်အတွက် နားအေးသက်သာအောင် မျိုးစေ့မျပေး ခြင်းဖြစ်၏၊ လော်မာသည့်စိတ်ဖြင့် မဟုတ်ချေ။ ထို့ကြောင့် ဝိနည်းပြစ် အဘိမမ္မာပြစ် နည်း၏။

သို့ပါသော်လည်း ရှင်သုဒိန်အဖို့ ခက်သွားသည်ကား ငါလုပ်မိ မှားလေခြင်းဆိုသည့် ကုက္ကုစ္စ ဝိပ္ပဋိသာရ ပေတည်း။ ရှင်သုဒိန် အရိုး

ပေါ် အရေးတင်ဖြစ်သွားသည်မှာ ၉၆-ပါးရောဂါကြောင့်မဟုတ်၊ စိတ်ရောဂါ (ဝါ) ကုက္ကုစ္စရောဂါကြောင့် ဖြစ်လေသည်။

ရှင်သုဒိန် မင်္ဂဖိုလ်မရလိုက်သည်မှာလည်း အခြားကြောင့်မဟုတ်၊ နောင်တပူပန်သည့် ကုက္ကုစ္စလက်ချက်ပင် ဖြစ်တော့သည်၊

ဤအမှုကို စိစစ်လေ့လာကြည့်လျှင် ရှင်သုဒိန်အားဖျက်ဆီးလိုက်သည်မှာ မယားဟောင်းအား တစ်ကြိမ်မျိုးစေ့ပေးလိုက်သည့် မေထုန်အမှုမဟုတ်၊ ထိုအမှုကိုအကြောင်းပြုပြီး နောက်ထပ်ဖြစ်လာသည့် စိတ်ပူပန်မှု ကုက္ကုစ္စသာဖြစ်သည်၊ ကုက္ကုစ္စကသာ ရှင်သုဒိန်ကို လူစဉ်မမီတော့အောင် မင်္ဂဖိုလ်ဆုလာဘ်ကြီးနှင့် လွဲသွားအောင် ဖျက်ဆီးလိုက်ခြင်းဖြစ်ကြောင်း သိသာလှပေသည်။

'ကုက္ကုစ္စ' သည် အဘယ်မျှဆိုးဝါးသနည်း၊ ကုက္ကုစ္စကိုအောင်ပွဲခံနိုင်လိုက်သည့်အတွက် သေသောအခါ နတ်ရထားခြောက်စင်းတို့ ဆိုက်လာပြီး နတ်ပြည်သို့ ပင့်ဆောင်သွားခြင်းခံရသောသူကားအခြားမဟုတ်၊ သီဟိုဠ်နိုင်ငံသာသနာပြု ဒုဋ္ဌဂါမဏိမင်းဖြစ်၏။

ဤအကြောင်းကို 'ဇမ္ဗူဒီပစာတမ်း' ခေါ် မဟာဝံသဝတ္ထုကြီး၌ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးက ပါဠိမှမြန်မာဘာသာပြန်၍ ဖော်ပြထားသည်။လိုရင်းမှာ ဤသို့ဖြစ်၏။

ဒုဋ္ဌဂါမဏိမင်းသည် ဗုဒ္ဓဘာသာမဟုတ်သော သာသနာဖျက် ကျေးကုလားတို့ကို အရာအထောင်မက တိုက်ခိုက်သတ်ဖြတ်ချေမှုန်းပြီး အောင်ပွဲခံခဲ့သည်။ ဗုဒ္ဓသာသနာကိုလည်း သူမတူအောင် ချီးမြှောက်ထောက်ပံ့ပေး၏။

တစ်နေ့သော် မင်းကြီး၌ ကုက္ကုစ္စဖြစ်လာ၏။ ငါ ယခုလို မင်းချမ်းသာကိုရခြင်းသည် အပြစ်ကင်းစွာရသည်မဟုတ်၊ ကျေးကုလားအမြောက်အမြားကို သုတ်သင်ပြီးမှရခဲ့သည်။ ထို့ကြောင့် ငါသည် ဘုရားရှင်သာသနာကို ချီးမြှောက်သော်လည်း အပါယ်လားခြင်းမှမလွတ်နိုင်ရာ၊ ယခု ငါပြုသော ကုသိုလ်လည်း အချည်းနှီးသာဖြစ်၏ဟုကြံ၍ ပူပန်ခြင်း (ကုက္ကုစ္စ)ဖြစ်လာသည့်အတွက် စက်တော်ခေါ်၍မပျော်နိုင်ဘဲရှိလေတော့သည်။

မင်းကြီး ဤသို့စိတ်ပူပန်မှုဖြစ်လာသည်ကို အဘိညာဉ်ဖြင့်သိ၍ ပိယင်္ဂုကျွန်းမှ ရဟန္တာကြီးရှစ်ပါး ညတွင်းချင်း မင်းကြီးထံကြွလာကြသည်။ မင်းကြီးက သူ့မှာဖြစ်သော စိတ်အကြံပူပန်မှု(ဝါ) ကုက္ကုစ္စဖြစ်ပုံကို လျှောက်ထားသောအခါ ရဟန္တာကြီးများက ဤသို့မိန့်ကြားတော်မူကြသည်။

'မင်းကြီး၊ ဤကျေးစစ်သည်တို့ကို သတ်ဖြတ်ခြင်းဟူသော ကံဖြင့် နတ်ဌာန်သို့လားခြင်းကိုလည်း မဟားမြစ်နိုင်၊ မဂ်ဖိုလ်ရခြင်းကိုလည်း မတားဆီးနိုင်၊ ထို့ကြောင့် သဂ္ဂန္တရာယ်၊မဂ္ဂန္တရာယ်မဖြစ်၊သေလေသော စစ်သည်အပေါင်းတို့တွင်လူတစ်ယောက်နှင့်တစ်ပိုင်းကိုသာ သတ်မိ၏၊ ဤမှတစ်ပါးသောသူကား မိစ္ဆာအယူလည်းရှိ၏၊ ထိုသူတို့ကား သားနွားနှင့်သာတူ၏၊ သားကိုလည်းကောင်း၊ နွားကိုလည်းကောင်း သတ်သောအပြစ်သာရှိ၏။'

ထိုစကားကိုကြားမှ မင်းကြီးသည် သက်သာရာ ရတော်မူ၍ အရှင်မြတ်တို့ ကြွတော်မူပါလောဟု လွှတ်လိုက်ပြီး (ကုသိုလ်ကောင်းမှုများစွာ ဆက်လက်ပြုလုပ်လေသည်)။

ဤတွင် 'လူတစ်ယောက်ဟူသည်ကား ပဉ္စသီလခံ၍တည်သောသူ သရဏဂုံခံ၍တည်သောသူတည်း' ဟု ဆရာတော်က မှာသေး၏။(ကိုယ်ဝန်ဆောင် မိန်းမ မဟုတ်)။

မဟာဝံသပါဠိမူရင်းတွင် 'ပသုယထာ' ဟုရှိ၏။ 'ပသု' ကို မြန်မာလို သား၊ သားကောင်ဟု ပြန်ဆိုသည်။ တိရစ္ဆာန်ပေတည်း။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ကုက္ကုစ္စငြိမ်းတော်မူပြီး ၂၄ နှစ်တိုင်တိုင် သာသနာပြုတော်မူ၏။ ကျောင်းအမျိုးမျိုး ပူဇော်၏၊ မဟာစေတီတော်ကြီးကိုတည်ထား၏။ အခြားသော ကုသိုလ်ကောင်းမှုတို့ကိုလည်း မရေတွက်နိုင်အောင်ပြုတော်မူသည်။

သေခါနီးသောအခါ နတ်ပြည် ခြောက်ထပ်မှ နတ်ရထား ခြောက်စင်းဆိုက်လာသည်။ ထိုနတ်ရထားများကို မင်းကြီးကမြင်ရ၏၊ ကျန်လူများမမြင်ရ။ထို့ကြောင့် ရထားခြောက်စင်း ဆိုက်ရောက်နေသည်ကို လူတိုင်းသိစေရန် ပန်းကုံးခြောက်ကုံးကို ပစ်တင်စေရာ ပန်းကုံးများ ရထား၌ငြိကပ်နေသည်ကို မြင်ကြရသည်။

မင်းကြီးသည် ဘုရားလောင်းတော်များ ပျော်စံရာ တုသိတာနတ်ပြည်သို့ နတ်ရထားဖြင့်လိုက်သွားလေသည်။ (အဘိဓမ္မာအလို ဂတိနိမိတ်ထင်ခြင်း ဖြစ်သည်၊ သေပြီး တုသိတာနတ်သားဖြစ်သည်ဟူလို။)

ဤဖြစ်ရပ်ကိုကြည့်လျှင် အကယ်၍သာ ဒုဋ္ဌဂါမဏိမင်းသည် နောင်တတစ်ဖန်ပူပန်မှု ကုက္ကုစ္စဝိပ္ပဋိသာရကို မပယ်ဖျောက်နိုင်ပါက ဆက်လက် သာသနာပြုနိုင်ဖို့ဝေးစွ၊ နတ်ပြည်ရောက်ဖို့ဝေးစွ၊ သေလျှင် အပါယ်သို့ကျမည် မုချဖြစ်သည်။ ယခုမှာမူ ကုက္ကုစ္စကိုပယ်လိုက်သည့်အတွက် သာသနာပြုသွားနိုင်သည်။နတ်ရွာသုဂတိသို့လည်း ရောက်ရသည်။

ဤတွင် လူသတ်မှုအကုသိုလ်ကံတို့သည် ကုက္ကုစ္စပုံကြီးခဲ့မပေးနိုင်သည့်အတွက် အကျိုးမပေးနိုင်ဘဲ အရှုံးပေးလိုက်ကြရသည်။ သာသနာပြုကုသိုလ်ကံတွေက အောင်ပွဲခံသွားကြလေသည်။

ဤဖြစ်ရပ်မှ သင်ခန်းစာကောင်းယူရသည်မှာ ကုက္ကုစ္စ ဝိပ္ပဋိသာရသာ ပယ်ဖျောက်နိုင်လျှင် (ဝါ) အဖြစ်မခံလျှင် ပြုခဲ့မိသည့်ပါဏာတိပါတ စသည့်အကုသိုလ်တို့ကလည်း အကျိုးမပေးနိုင်ကြောင်း၊ ကုသိုလ်ကောင်းမှုတို့ကို ဆက်လက်ပြုလုပ်သွားနိုင်ကြောင်း မှတ်သားရမည် ဖြစ်သည်။

ထို့ကြောင့် နောင်တပူပန်သည့် ကုက္ကုစ္စသည် အပါယ်ချသည့်လက်သည် လူကိုဒုက္ခပေးသည့်တရားခံဟု အပြတ်နားလည်ကြပြီး ကုက္ကုစ္စဖြစ်အောင် တွန်းအားပေးမှုအားလုံးကို မပြုလုပ်မိကြဖို့ လိုသည်မဟုတ်ပါလော။

(စာမျက်နှာလည်း ပြည့်သွားပြီ၊ ဤလောက်နှင့် ဖြတ်ကြပါဦးစို့)။

နှစ်ဖက်လှ
၁၉ဂဂခု၊မတ်လ။

# ကုက္ကုစ္စကြောင့် တရားနာ၍ မရ ဖြစ်နေရာဝယ်

လူသားတစ်ဦးအနေဖြင့် သဘာဝအားဖြင့် မကွင်းနိုင် မရှောင်နိုင်သေး၍ ပြုမိခဲ့သော အကုသိုလ်မှုနဲ့ပတ်သက်ပြီး အပမိုသည့်သဘောမျိုးဖြင့် နောက်ထပ်ဖြစ်ပွားလာတဲ့ ကုက္ကုစ္စဝိပ္ပဋိသာရတို့၏ ဆိုးဝါးပုံကို သက်သေခင်း၍ ရှင်းလင်းတင်ပြလျက်ရှိပါသည်၊

ပြီးခဲ့သော ဖေဖော်ဝါရီလ ဆောင်းပါး၌ ရဟန်းတစ်ပါးသည် အနှစ်နှစ်သောင်း ရဟန်းတရားကို ဖြူစင်စွာ ကျင့်သုံး ဆောက်တည်နိုင်ပါလျက် လှေဖြင့် ခရီးသွားရင်း မတော်တဆ ပိန်းရွက်ကလေး တစ်ရွက် ပြတ်စေသည့် အပြစ်ကလေးအပေါ် ကုက္ကုစ္စ ဝိပ္ပဋိသာရတွေ ပွားပြီး သေသောအခါ အပါယ်သို့ကျ၍ အဟိတ်တိရစ္ဆာန် နဂါးကြီး ဖြစ်သွားရပုံ ဖော်ပြခဲ့ပါသည်။

မတ်လ ဆောင်းပါး၌ မင်္ဂိုလ် ရနိုင်လောက်အောင် အခြေခံကောင်းပါလျက် မိဘတွေ ကျေနပ်အောင် သားမျိုးစေ့ ပေးမိရာက စိတ်မချမ်းမသာ ဖြစ်လွန်းပြီး ကုက္ကုစ္စ နှိပ်စက်သည့်အတွက် လူဖြစ် ရှုံးသွားရှာသည့် ရှင်သုဒိန်ရဟန်းအကြောင်း ဖော်ပြခဲ့ပါသည်၊

တစ်ဆက်တည်းပင် စစ်ပွဲမှာ တစ်ဖက်ရန်သူ လူသားတွေကို အမြောက်အမြား သတ်ဖြတ်ခဲ့မိသည့် အပြစ်အတွက် ဖြစ်ပေါ်လာတဲ့ ကုက္ကုစ္စကို ရဟန္တာကြီးများက လာရောက် ငြိမ်းသတ်ပေးလိုက်သဖြင့် စိတ်ရှင်းရှင်းဖြင့် ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်တွေပြုလုပ်ပြီး သောအခါ နတ်ပြည်သို့ ရောက်သွားရသည့် သီဟိုဠ်နိုင်ငံဘုရင် ဒုဋ္ဌဂါမဏိမင်းကြီးအကြောင်းကို ရေးသားခဲ့ပါသည်။

ဤဆောင်းပါးများကို စိတ်ဝင်စားသူများသဲက 'တမ္မဒါင္ဒိက' အမည်ရှိသော 'ခိုးသူသတ်ကြီး'အကြောင်း၊ ငယ်မည်'ဟိံသက'၊ လုပ်ငန်းအမည် 'အင်္ဂုလိမာလ' နှစ်မည်ရ ပုဂ္ဂိုလ်ထူး၏ အကြောင်းတို့ကိုပါ ရေးသားပေးရန်ပြောလာကြပါသည်။တမ္မဒါင္ဒိကနှင့် အင်္ဂုလိမာလတို့မှာ ကုက္ကုစ္စ ဝိပ္ပဋိသာရကို ပယ်နိုင်သည့်အတွက် (ဝါ) ကုက္ကုစ္စ ဝိပ္ပဋိသာရ မဖြစ်သည့်အတွက် ကုသိုလ်လမ်း ပွင့်ပြီးသွားကြသူများ ဖြစ်ပါသည်။ သူတို့ပြုလုပ်သွားသော ဖြစ်ရပ်တို့မှာလည်း သာမန် နေ့စဉ် ဖြစ်နေကျ မဟုတ်၊ ဖြစ်တောင့်ဖြစ်ခဲ ထူးကဲလှသည့် ဘဝအရေးအခင်းများ ဖြစ်သဖြင့် စိတ်ဝင်စားဖွယ်အတိ ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် ကာလ၊ ဂေါတမ ရှင်တော်ဘုရား ပွင့်ပေါ်နေသောခေတ်၊ ယခု အိန္ဒိယနိုင်ငံတွင်း၌ရှိသော ရှေးအခေါ် ရာဇဂြိုဟ်မြို့ကြီးမှာ ဗိမ္ဗိသာရဘုရင် စိုးစံလျက်ရှိပါသည်။ သို့သော် ဗိမ္ဗိသာရနိုင်ငံတော်အတွင်း၌ ငြိမ်ဝပ်ပိပြားမှု လုံးဝရှိသည်ဟု မဆိုသာ၊ မြို့အပြင် ကျေးလက်တောရွာတို့၌ အုပ်စုဖွဲ့ပြီး သောင်းကျန်း နေကြသူများ ရှိ၏။ သူတို့ကား ရာဇဂြိုဟ်မြို့ကို သိမ်းဖို့၊ ဘုရင်လုပ်ဖို့ ဤလို နိုင်ငံရေးရည်ရွယ်ချက်မရှိ၊ ပြည်သူလူထုအပေါ် ဗိုလ်ကျပြီး ခိုးဆိုး လုယက် သတ်ဖြတ်ပြီး အသက်မွေးကြသူများသာ ဖြစ်ဘိသည်။ စင်စစ် လူဆိုးများပင်တည်း။

သူတို့ကို ပါဠိဘာသာအားဖြင့် 'စောရ'ဟုခေါ်ထား၏။ 'စောရ' ကို 'သူခိုး'ဟု သာမန်ဘာသာပြန်ကြသဖြင့် သူတို့ကို 'ခိုးသူ ခိုးသား' ဟူ၍ ဆိုကြသည်။ သို့သော် ယခုခေတ်သူခိုးမျိုး မဟုတ်၊ ယခုခေတ် ရောမ ဓားပြဂိုဏ်းကြီးမျိုး ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အုပ်စု တစ်စုလျှင် လူ(၅၀၀)အထိ ရှိတတ်သည်။ ဤမျှအင်အားကောင်းသည်။ မြို့တော်ပြင်ပတွင် ခိုးသားငါးရာဂိုဏ်းကလည်း တစ်ဂိုဏ်းမကရှိတတ် သည်။

တစ်နေ့တွင် ခိုးသားငါးရာဂိုဏ်းသို့ လူတစ်ယောက် ရောက်လာ သည်၊ သူက ခိုးသားဂိုဏ်းမှာ ပါဝင်ပါရစေဟု ခွင့်တောင်းလာသည်၊ ထို့ကြောင့် ငယ်သားတစ်ဦးက သူ့ကိုခေါ်ပြီး 'ခိုးမှူးကြီး'ထံ ပို့လိုက် သည်။

ခိုးမှူးကြီးက ထိုလူသစ်ကို အကဲခတ်လိုက်သည်။ လူပုံက ကြေးနီရောင်နှုတ်ခမ်းမွေးကြီးနှင့်၊ နှုတ်ခမ်းမွေး အစွန်းနှစ်ဖက်ကလည်း အစွယ်တွေ လိုဖြစ်နေသည်။ တကယ့်ကြမ်းကြုတ်သည့်လက္ခဏာရှင်၊ ထို့ကြောင့် ခိုးမှူးကြီးကပြော၏။ 'ဒီလူဟာ သူ့အမေနို့သီးကိုပင် ကိုက်ဖြတ်မည့်သူ၊ သူ့အဖေရဲ့ လည်ချောင်းသွေးကိုတောင် ဖောက်သောက်ဝံ့မည့်သူ၊ သိပ်ပြီး ရက်ရက်စက်စက် လုပ်မည့်သူဖြစ်သည်၊ ဒါကြောင့် သူ့ကို တို့ဂိုဏ်းထဲမှာ လက်သင့်မခံနိုင်'ဟု ပယ်လိုက်သည်။ ခိုးမှူးကြီးသည် လူကဲခတ်ကောင်းလှပေ၏။

သို့သော် ထိုလူသစ်က လက်မလျှော့၊ ခိုးသားငယ်တစ်ဦးထံကပ်ပြီး ထိုခိုးသားငယ်ကျေနပ်အောင် ပြုစုချဉ်းကပ်၏။ ထို့ကြောင့် ထိုခိုးသားငယ်က ထိုလူသစ်ကို ခိုးမှူးကြီးထံ ထပ်မံခေါ်သွားပြီး တောင်းပန်ကာ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရစေလေသည်။ ခိုးသူသစ်ကိုလည်း သူ့ရဲ့ ထူးခြားသော နှုတ်ခမ်းမွေးကြီးကို အစွဲပြုပြီး နှုတ်ခမ်းမွေးအနီ အစွယ်ပေါ်လာသူ (ဝါ)တမ္ဗဒါဌိက(တမ္ဗ=ကြေးနီ၊ ဒါဌိကာ=အစွယ်)ဟု ခေါ်ကြသည်။

ထိုခိုးသားဂိုဏ်းများကို မင်းချင်းယောကျ်ားတို့ချည်း မနှိမ်နင်းနိုင်ကြ၊ လူထုအနေဖြင့် အနှိပ်စက်ခံရလွန်းသောအခါ အုံကြွလာသည်။ မြို့ရွာလူထုသည် မင်းချင်းတို့နှင့် ပူးပေါင်းဆောင်ရွက် လာကြသည်။ သို့ဖြစ်၍ မြို့ရွာလူထုနှင့်မင်းချင်းတို့က တမ္ဗဒါဌိကပါသော ခိုးသားဂိုဏ်းကို လက်ရဖမ်းဆီးကြလေသည်။ ခိုးသား ၅၀၀ကို တရားရုံးသို့ ပို့ရာတွင် လည်မျိုကို ပုဆိန်ဖြင့် ပေါက်သတ်စေဖို့ အမိန့်ချမှတ်လေသည်။

မည်သူက သတ်မည်နည်း။

သတ်မည့်သူရှာရာတွင် 'ခိုးမှူးကြီး'အား သူ၏တပည့် ခိုးသား ၄၉၉ ဦးကို သူကိုယ်တိုင်သတ်ဖို့ပြောသည်။ သတ်လျှင် ခိုးမှူးကြီးအား အသက်လွတ်မည်၊ ဆုလာဘ်လည်း ပေးမည်။ သို့သော် ခိုးမှူးကြီးသည် သစ္စာရှိ၏၊ သူ့ကို မှီခိုနေကြသည့် သူ့တပည့်တွေကို သူ မသတ်နိုင်ကြောင်း ငြင်းဆိုလေသည်။ ကျန်သော ခိုးသားများထဲကလည်း သတ်မည့်သူထွက်ရန်ဖိတ်ခေါ်၏၊ တစ်ဦးမျှမထွက်၊ သူတို့အချင်းချင်း မသတ်လိုကြပေ။

နောက်ဆုံးတွင် တမ္ဗဒါဌိကလူကြမ်းကြီးကိုမေး၏။ တမ္ဗဒါဌိကက သူသတ်မည်ဟုတာဝန်ယူပြီး ခိုးမှုကြီးကစ၍ ခိုးသား ၄၉၉ ဦး၏ လည်မျိုကို ပုဆိန်ဖြင့်ပေါက်၍ ပေါက်၍ သတ်ဖြတ်လေသည်။

ဤလူသတ်ပွဲကြီးပြီးသောအခါ တမ္ဗဒါဌိကအား အသက်လည်း လွှတ်၏၊ ဆုလာဘ်လည်းပေး၏။ ထိုတွင်မျှမက 'ခိုးသားသတ်' ရာထူးကို ပါ ပေးအပ်ခန့်ထားလိုက်လေသည်။

နောက်ထပ်ဖမ်းမိလာသော ခိုးသားဂိုဏ်းများ၊ ခိုးသားများကို လည်း တမ္ဗဒါဌိကသည်ပင် တာဝန်ခံသတ်ပေးနေသည်။ တမ္ဗဒါဌိက သည် ၅၅ နှစ်တိုင်တိုင် ခိုးသားသတ်ရာထူးဖြင့် လူတွေကို သတ်လာခဲ့ သည်။

ဤတွင် မှတ်စရာတစ်ခုကား.... ခိုးသားသတ် လူသတ်မှုသည်....

(၁) အဝတ်အစား အသစ်စက်စက် မဝတ်ရ၊

(၂) ချက်ပြီးစ ထောပတ်နှင့် နို့ယာဂုကို မသောက်ရ၊

(၃) မြတ်လေးပန်းကို မပန်ရ၊

(၄) အမွှေးနံ့သာ မလိမ်းရ၊

ဤလေးချက်ကို တင်းကြပ်စွာ တားမြစ်ထားသည်။ သူတို့ခေတ်က မလေ့ထုံးတစ်ရပ်တည်း။

သို့ဖြစ်၍ တမ္ဗဒါဌိကသည်လည်း ခိုးသားသတ်မှုး ရာထူးရ ကတည်းက အထက်ပါ အချက်လေးချက်ကို လုပ်သက် ၅၅ နှစ်တိုင်တိုင် ရှောင်ခဲ့ရလေသည်။

သူ အသက်ကြီးလာတော့ လူကို သတ်သောအခါ အရင်ကလို ပုဆိန်ဖြင့် တစ်ချက်တည်း အသေမသတ်နိုင်တော့၊ နှစ်ချက်သုံးချက် ဆိုသလို ထပ်ထပ်ပေါက်နေရသည်၊ ထို့ကြောင့် အသတ်ခံရသူများ ပို၍ ဒုက္ခကြီးလာ၏၊ ဤအချက်ကို အထက်အာဏာပိုင်တို့ တွေ့ရှိလာသော အခါ တမ္ဗဒါဌိကကို ခိုးသားသတ်ရာထူးမှ ရပ်စဲလိုက်ကြလေတော့ သည်။

တမ္ဗဒါဠိကသည် ခိုးသားသတ်ရာထူး ပြုတ်သွားသော နေ့မှာပင် နို့ယာဂု ကောင်းကောင်းချက်ခိုင်းပြီး မြစ်ဆိပ်သွား၍ ရေမိုးချိုး၊ ၅၅ နှစ်လုံးလုံး ဝတ်ခွင့်မရခဲ့တဲ့ အဝတ်အစားသစ်များကို ဝတ်ကာ အိမ် ပေါ်မှာအကျထိုင်ပြီး နို့ဃနာသောက်ဖို့ အားထုတ်လေသည်။

ထိုအခိုက်....

မြတ်စွာဘုရား၏လက်ယာတော်ရံ ပညာအရာတေဒဂ်ရ ရှင်သာရိ ပုတ္တရာ အရှင်သူမြတ်သည် ဖလသမာပတ်မှထတော်မူပြီး ယခု မည်သူ့ အား ချီးမြှောက်ထိုက်သနည်းဟု ဉာဏ်တော်မြတ်ဖြင့် ကြည့်တော်မူရာ အဆိုပါ တမ္ဗဒါဠိက အဘိုးကြီးကို မြင်တော်မူလေသည်။ ထို့ကြောင့် မထေရ်သည် သင်္ကန်းဘော်ကို ရုံလျက် သပိတ်ကိုပိုက်ကာ တမ္ဗဒါဠိက ၏အိမ်ဝ၌ ဆွမ်းရပ်လေသည်။

တမ္ဗဒါဠိကသည် ရှင်သာရိပုတ္တရာမထေရ်မြတ်ကို မြင်သောအခါ စဉ်းစား၏။ 'ငါဟာ နှစ်ပေါင်းများစွာ ခိုးသားသတ်အလုပ်ကို လုပ်ခဲ့ ၏၊ လူပေါင်းများစွာကို သတ်ဖြတ်ခဲ့ပြီး ယခု ငါစားဖို့ နို့ယာဂု အဆင် သင့်ဖြစ်နေခိုက် ဤမထေရ် ဆွမ်းရပ်လာ၏၊ ငါသည် ယခုအခါမှာ အရှင်အားလှူသင့်ပေ၏'။

ဤသို့စဉ်းစားဆုံးဖြတ်ပြီး မထေရ်ကို အိမ်ထဲသို့ပင့်ကာ ထော ပတ်နှင့် နို့ယာဂုကို မထေရ်၏သပိတ်ထဲသို့လောင်းလှူပြီး ယပ်ခပ်ကာ မထေရ်၏အနီး၌ထိုင်၏။ သို့သော် သူ့စိတ်ထဲ၌ကား ၅၅-နှစ်လုံးလုံး မစားခဲ့ရသည့် ထောပတ်နှင့် နို့ယာဂုကို စားချင်စိတ် ပြင်းပြနေ၏၊ မထေရ်မြတ်က သူ့စိတ်ကိုသိ၍ ထောပတ်နှင့်နို့ယာဂုကို သွားစားခိုင်း ၏။ သူသည် အခြားတစ်ယောက်အား ယပ်တောင်ပေးပြီး သူစားလို လှသော အစာကို အားရပါးရ ဝလင်စွာစားပြီးမှ မထေရ်နားမှာ လာရောက်ထိုင်လေသည်။

ရှင်သာရိပုတ္တရာသည် ဆွမ်းအနုမောဒနာတရားဟောတော်မူ၏။

သို့သော်....

တမ္ဗဒါဠိကသည် တရားမနာနိုင်၊ တရားကိုနားမဝင်နိုင် ဖြစ်နေ ရှာ၏၊ ရှင်သာရိပုတ္တရာက သူ့အဖြစ်ကိုသိ၍မေး၏။ အဘယ်ကြောင့် တရားမနာနိုင်သနည်း၊ တရားတော်၌ စိတ်မဝင်စားနိုင်သနည်း။

ဤတွင် တမ္ဗဒါဋ္ဌိက,က ပြောသည်၊ အရှင်ဘုရား တပည့်တော်သည် နှစ်ပေါင်းများစွာ ရက်စက်ကြမ်းကြုတ်သည့်အလုပ်ကို လုပ်ခဲ့ပါသည်၊ လူပေါင်းများစွာကို သတ်ခဲ့ပါသည်၊ ယခုအခါ တပည့်တော်သည် မိမိပြုလုပ်ခဲ့သော အလုပ်ကို ပြန်လည်သတိရနေသည့် အတွက် အရှင်ဘုရား၏တရားကို နားမဝင်နိုင်ခြင်း ဖြစ်နေပါသည်။

ရှင်သာရိပုတ္တရာသည် နဂိုထဲက သူ့ကို ချီးမြှောက်ဖို့လာခဲ့၏၊ မချီးမြှောက်ရဘဲ အချည်းနှီးမဖြစ်စေသင့်။ ထို့ကြောင့် မထေရ်သည် ပရိယာယ်စကားကို မိန့်ကြား၏၊ တစ်နည်းဆိုရသော် အခိုက်အတန့်ကလေးအားဖြင့် တမ္ဗဒါဋ္ဌိက စိတ်သက်သာသွားအောင်၊ တရားကို နားဝင်အောင် (ကလေးကိုဆေးချော့တိုက်သကဲ့သို့) အာရုံဖြတ်စေမည့် စကားကို မိန့်တော်မူ၏။

တမ္ဗဒါဋ္ဌိက သင့်သဘောနှင့်သင်သတ်တာလား၊ တခြားသူသတ်ခိုင်း၍ သတ်တာလား။

အရှင်ဘုရား မင်းကခိုင်း၍သတ်ပါသည် ဘုရား။

ဒီလိုဆိုရင် အကုသိုလ်ဘယ်လိုဖြစ်ပါ့မလဲ။ (အကုသိုလ် မဖြစ်ဟု မပြော)။

မထေရ်က ဤမျှလေးပြောလိုက်ကာမျှဖြင့် တမ္ဗဒါဋ္ဌိက,က သူ့မှာ အပြစ်မရှိဟုထင်ပြီး စိတ်သက်သာရရသွားသဖြင့်၊ အရှင်ဘုရား တရားထပ်ဟောပါဦးဟု လျှောက်လိုက်လေသည်။

မထေရ်က တရားထပ်ဟောသောအခါ သူသည် စိတ်တည်ငြိမ်စွာ တရားနာယူနိုင်သဖြင့် သောတာပန်ဖြစ်နိုင်လောက်သည့်အထိ တရားတော်အပေါ် နှစ်သက်မှု ရသွားသည်။ (သောတာပန်ကား မဖြစ်)။ မထေရ်လည်း တရားဟောပြီး ပြန်ကြွတော်မူသည်။

တမ္ဗဒါဋ္ဌိကသည် မထေရ်ကိုလိုက်ပို့ပြီး အပြန်လမ်းတွင် နွားမကြီး တစ်ကောင်က သူ၏ရင်ဘတ်ကိုခွေ့သတ်လိုက်လေသည်။ တမ္ဗဒါဋ္ဌိကသည် သေပြီး တုသိတာနတ်ပြည်၌ နတ်သားဖြစ်သွားလေသည်။

တမ္ဗဒါဌိက ဇာတ်လမ်းက ဤမျှသာ၊ သို့ရာတွင် သူသေပြီး နောက်ပိုင်း၌ ဘာသာရေးဆိုင်ရာဂယက်ထခဲ့၏။

မည်သို့ ဂယက်ထလေသနည်း။

ရဟန်းများက တမ္ဗဒါဌိကခိုးသားသတ်သမားကြီးသည် ၅၅-နှစ် တိုင်တိုင် လူတွေသတ်ခဲ့သည်၊ ယနေ့ပဲ ထိုအလုပ်မှလွတ်သည်၊ ယနေ့ပဲ ရှင်သာရိပုတ္တရာအား ယာဂုဆွမ်းလှူသည်၊ ယနေ့ပဲသေသည်။ ထို့ကြောင့် တမ္ဗဒါဌိက ဘယ်ဘ၀ရောက်သည်ကို သိလိုကြသည်။ ရဟန်းတို့သည် ဤစကားကို မြတ်စွာဘုရားထံလျှောက်ထားလေသည်။

မြတ်စွာဘုရားက–တမ္ဗဒါဌိကသည် ယခုအခါ တုသိတာနတ်ပြည် ၌ နတ်သားဖြစ်နေပြီဟု မိန့်ကြားတော်မူရာ ရဟန်းများစွာ အံ့ဩကြ လေသည်။ မြတ်စွာဘုရားမိန့်ကြားတော်မူသည်ကိုပင် ယုံရခက်ခက် ဖြစ် ကုန်ကြ၏။

ထို့ကြောင့် မြတ်စွာဘုရားက ဆက်လက်မိန့်ကြားတော်မူ၏။

ချစ်သားတို့ တမ္ဗဒါဌိကသည် ရှင်သာရိပုတ္တရာ တည်းဟူသော အလွန်ကြီးမြတ်သည့် ကလျာဏမိတ်ကောင်းကို ရသွားသည်။ သူသည် ချစ်သား သာရိပုတ္တရာထံမှ တရားနာပြီး သောတာပန်ဖြစ်ဖို့ သင့်လျော် သောဉာဏ်ကိုပင် ရသွားခဲ့သည်။ ထို့ကြောင့် သူသည် တုသိတာဘုံ၌ ဖြစ်နိုင်ခြင်း ဖြစ်သည်။ ဤသို့မိန့်တော်မူရာတွင် ရဟန်းများက ဘ၀င် မကျနိုင်သေးဘဲ စောဒကတက်ပြန်၏။

မြတ်စွာဘုရား....

သူနာရဖို့ အနုမောဒနာတရားကား အနည်းငယ်မျှ သာ၊ သူတစ်သက်လုံးသတ်ဖြတ်ခဲ့သည့်အကုသိုလ်က အလွန် များပါသည်၊ သို့ဖြစ်၍ တရားအနည်းငယ်နာရရုံမျှဖြင့် ယခုလို ထူးထူးခြားခြား မည်သို့ဖြစ်နိုင်ပါသနည်း။

ရဟန်းများက ထပ်လျှောက်၏။

ဤတွင် မြတ်စွာဘုရားက....

ချစ်သားတို့၊ အကျိုးမရှိတဲ့ စကားသည် များသော် လည်း အကျိုးမရှိ၊ ခန္ဓာအာယတနဓာတ် စသည်

နှင့် ပတ်သက်၍ ရာဂ, ဒေါသ စသည် ငြိမ်းကြောင်း စကားဖြစ်မူ စကားတစ်ခွန်းသည်ပင် အကျိုးကို ပြီးစေ၏၊ ရာဂ စသည့် အကုသိုလ်ကို ငြိမ်းစေနိုင်၏။

ဤလိုဟောတော်မှ ရဟန်းတော်များ သဘောပေါက် နှစ်သက်ကြကာ တရားနာပရိသတ်များစွာ အရိယာ ဖြစ်ကြလေသည်။

ဤဝတ္ထုကို ဖော်ပြခြင်းသည် တမ္ဗဒါဠိကကို နမူနာတစ်ခု အားကိုးပြုပြီး ဒုစရိုက်သမားတို့အား အားဆေးပေးဖို့ မဟုတ်၊ ရှင်သာရိပုတ္တရာနှင့် တမ္ဗဒါဠိကတို့ တွေ့ဆုံခန်း၌ ကုဿုစ္စ ဝိပ္ပဋိသာရ ဖြတ်ဖို့ အကွက်ကလေးတစ်ကွက်ကိုသာ သတိပြုမိရန် ဖြစ်၏။

ဖော်ပြပြီး၊ ဖော်ပြဆဲ၊ ဖော်ပြသတ္တံ ဝတ္ထုဇာတ်လမ်းအကြောင်းအရာများနှင့်ပတ်သက်၍ ဤစာရေးသူ၏ သုံးသပ်ချက် အဆုံးအဖြတ်ကို ဆက်လက်ဖော်ပြပါဦးမည်။ ထို့ကြောင့် ဤဆောင်းပါးကို စိတ်ဝင်စားမိသူများအနေဖြင့် နောက်လာမည့် ဆောင်းပါးများကိုပါ ဆက်လက်၍ ဖတ်ရှုပါက ဘာသာရေးအမြင်မှန်တစ်ရပ်ကို ဆုပ်ကိုင်မိကြမည် ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၈၈-ခု၊ ဧပြီလ။

# အကုသိုလ်သမား အငြိမ်းစား ကြိုးစားကုသိုလ်လုပ်ရမည်

ဂျောက်၊ ဂျောက်၊ ဂျောက်၊ ဂျောက်။

ဂျစ်၊ ဂျစ်၊ ဂျစ်၊ ဂျစ်။

ရေသောက်မယ်ဆိုပြီး သောက်ရေခွက်နှင့် သောက်ရေအိုးထဲ ခပ်လိုက်သောအခါ ရေမရှိ၍ ခပ်ခွက်နှင့် ရေအိုး ထိသောအသံ၊ ဤသည်ကား တရားဟောဓမ္မကထိကများက တင်စားပြောသော စကားဖြစ်ပါသည်။

ပိဋကတ်ကျမ်းရင်းထဲမှာတော့ လက်စိုစွတ်ရုံမျှ ရေကိုမမြင်ရရှာဘူးဟု ပါရှိပါသည်။

ဘယ်သူ ဘယ်လို ဘာဖြစ်တယ်ဆိုတဲ့ အကြောင်းအရာသည် ပိဋကတ်ကျမ်းဂန်ထဲမှာပင် အတော်လေး အတွင်းကျတဲ့ ကျမ်းဂန်များ၌သာ ပါရှိပါသည်။ နိကာယ်(၅)ရပ်တွင် လေးနက်သော တရားဓမ္မများနှင့်စပ်ဆိုင်ရာကို ဖော်ပြသည့် သံယုတ္တနိကာယ်ဆိုတာ ပါရှိပါသည်။ ထိုသံယုတ္တနိကာယ်မှာလည်း ခန္ဓဝဂ္ဂသံယုတ်၊ ဥပယဝဂ်၊ ဥဒါနသုတ်၏ အဖွင့်အဋ္ဌကထာကြီး၌ ဂျောက်၊ ဂျောက်၊ ဂျစ်၊ ဂျစ် အကြောင်းအရာ ပါရှိပါသည်။

သောက်ရေအိုးထဲမှာ ရေအပြည့် ရှိပါသည်။ သို့ရာတွင် သူခပ်လိုက်တော့ ရေမရှိ၊ ရေမပါ၊ ရေမရပါ၊ တကယ် ရှိနေသော သောက်ရေအိုးထဲမှ ရေတွေ ဘယ်ရောက်ကုန်ပါသလဲ။

ဤကိစ္စကို ဤတွင်ရပ်ပြီး စဉ်းစားပါ၊ သိပ္ပံနည်းကျ စဉ်းစားပေါ့လေ၊ တကယ် ရေရှိနေတာပဲ၊ သူ ခပ်လိုက်တော့မှ ရေမရှိဘူး၊ ရေတွေဘယ်ရောက်သွားတယ်ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ အခု ရန်ကုန်မြို့ထဲက သောက်ရေအိုးတွေကို လိုက်ခပ်ကြည့်ပါ၊ ရေအပြည့်ရှိနေရင် ခပ်လို့ရမှာပေါ့၊ ရေပါမှာပေါ့၊ ဟုတ်ပေဘူးလား၊ ဒါဟာ ပုထုဇဉ်ရဲ့ လောကအမြင်ပဲ။

သိပ္ပံကိုအဆင်ခြင်မဲ့ အသင်ကြီးထားသူတို့နှင့် မျက်လုံးအားကိုးဝါဒစွဲကိုင်ထားသူမျိုးဖြစ်ဘိမူ လက်ရှိအသိအမြင်ကို မူသေကိုင်ထားပြီး ဒါနှင့်မကိုက်တာမှန်သမျှ 'ဒဏ္ဍာရီ' တွေပဲဆိုတဲ့ စကားလုံးနှင့် ပုတ်ထုတ်ပစ်တတ်ကြပါ၏။ သို့သော် ဒဏ္ဍာရီ အမြောက်မှန်၍ ဘာမှမဖြစ်သော အရာတွေကား အနန္တပေါ့။

ဒါပေမယ့် တကယ် သိပ္ပံပညာရှင်များက လောကဖြစ်ရပ်တွေထဲမှာ သိပ္ပံက ရှာမတွေ့သေးတာတွေ အများကြီး ကျန်သေးတယ်လို့ ခံယူကြပါသည်။ တစ်နည်းပြောရလျှင် မရှာရသေးတာတွေလဲ ကျန်သေးပါသည် ဟူလို။

အခုဖြစ်ရပ်ကြည့်ပါ၊ သောက်ရေအိုးထဲမှာက ရေတွေ အပြည့်သား ရှိနေပါသည်။ သူ ခပ်လိုက်တော့မှ ရေတွေပျောက်ပြီး ရေမရဖြစ်နေပါသည်။

ရှေးအခါက မုဆိုးကြီး 'မိလက' ဟူ၍ ရှိခဲ့ပါသည်။ သူသည် တစ်သက်လုံး သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီး ပါဏာတိပါတအလုပ်ဖြင့် အသက်မွေးပါသည်။ သူသည် တောထဲ သွားပြီး ကြော့ကွင်းတစ်ရာ၊ ဘိတစ်ရာထောင်၍ သားငှက်များကို ဖမ်းယူသတ်ဖြတ်ရောင်းချသူဖြစ်ပါသည်။

တစ်နေ့မှာ သူထောင်ထားတဲ့ ကြော့ကွင်းတွေကို လှည့်လည်ကြည့်ပြီး သမင်သားကို မီးကင် စားပါသည်။ ရေသောက်ချင်တာနဲ့ ရေရှာပါသည်။ တောနေ ရဟန်းတစ်ပါး၏ကျောင်းသို့ ရောက်သွားပါသည်၊ မထေရ်၏ စင်္ကြံလမ်း အနီးမှာ သောက်ရေအိုးတွေ့သည်နှင့် အားရဝမ်းသာ ချဉ်းကပ်ပြီးရေသောက်မည်ဟု ရေမှုတ်နှင့်သောက်ရေအိုးထဲ ခပ်လိုက်ပါသည်၊ သို့သော် အိုးထဲမှာရေကိုမျှ မမြင်ပါ၊ ရေမရပါ။

မုဆိုးကြီးသည် သောက်ရေအိုးထဲမှာ ရေမရကောင်းလားဟု စိတ်ဆိုးပြီး တောနေရဟန်းထံ ချဉ်းကပ်သွားပြီး ဤသို့ ကြိမ်းမောင်း ပြောဆိုပါတော့သည်။

ဒီမှာ ရဟန်း၊ ရဟန်း(နှစ်ခါခေါ်ပါသည်)သင်တို့ဟာ လူတွေက လှူဒါန်းပေးကမ်းတာတွေကို စားလိုက်၊အိပ်လိုက် လုပ်နေတာပဲမဟုတ် လား၊ သောက်ရေအိုးထဲမှာ ရေလေးလက်ဘစ်ဆစ်တောင်မှ ထည့်ထား ဖော်မရဘူး၊ ဒါဟာ တော်သလား။

ဤလို ကြိမ်းမောင်းပြောဆိုလိုက်ပါသည်။

မထေရ်က 'ငါဟာ သောက်ရေအိုးထဲ ရေအပြည့် ထည့်ထား တာပဲ၊ ဘယ်လိုဖြစ်ရတာလဲ'။ ဤသို့စဉ်းစားပြီး ထ,သွားကာ သောက် ရေအိုးကိုဖွင့်ကြည့်တော့ ရေတွေက ပြည့်လျက်သားရှိနေပါသည်။

ဤတွင် မထေရ်က သူကိုယ်တိုင် သောက်ရေအိုးကိုယူပြီး ရေ အပြည့်ခပ်ပေးကာ မုဆိုးကြီးအား ရေတိုက်ပါသည်၊ မထေရ်ကခပ်ပေး ပြီးတိုက်မှ မုဆိုးကြီးခမျာ ရေသောက်ရသွားပါသည်။

မုဆိုးကြီးသည် ရေဝအောင် သောက်ပြီးနောက် စဉ်းစား၏၊ သောက်ရေအိုးထဲမှာ ရေအပြည့်ရှိနေပါလျက် ငါ့ရဲ့မကောင်းမှုဒုစရိုက် ကံကြောင့် ရေတွေဟာပျောက်ကုန်တာပဲ၊ ဒီလိုဆိုရင် ငါသေရင်ခက်ရ ချည်တော့မယ်၊ ဤလိုစဉ်းစားမိပြီး သိပ်ကြောက်သွားပါတော့သည်။

ကြောက်ရွံ့ထိတ်လန့်လွန်းသဖြင့် သူစွဲကိုင်ထားတဲ့လေး,မြားတွေ ကို ဝေးရာကိုစွန့်ပစ်လိုက်ပါသည်။ တောနေမထေရ်မြတ်၏ထံမှာဝပ်စင်း ပြီး သူ့ကိုရှင်ရဟန်းပြုပေးပါတော့ဟု တောင်းပန်လိုက်သည်။

မထေရ်သည် တစပဉ္စကကမ္မဋ္ဌာန်း (ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊တစော)၊ (ဆံပင်၊ မွေးညင်း၊ခြေသည်း၊လက်သည်း၊သွား၊အရေထူ အရေပါး)ကိုပေးပြီး မုဆိုးကြီးကို ရှင်ပြုပေးလိုက်ပါသည်။ မုဆိုးကြီး အကျွတ်တရား ရသွားပြီတည်း။

သို့သော်....ဤနေရာမှစ၍ ဤမဂ္ဂဇင်းတွင်ရေးနေသော ကုက္ကုစ္စ ဝိပ္ပဋိသာရ အခန်းပေါ်လာပြီ။

မုဆိုးကြီးဘဝမှဖြစ်လာသော သာမဏေရှင်မိလကသည် ရဟန်းတရားကို ပွားများအားထုတ်သောအခါ အားထုတ်၍မရ ဖြစ်နေပါသည်။ တရားနှလုံးသွင်းလိုက်သည်နှင့် တရားမပေါ်ဘဲ သားငှက်တို့ကို သတ်ဖြတ်တဲ့နေရာတွေ၊ ကျော့ကွင်းတွေ၊ ဘိတွေ၊ ထိုကျော့ကွင်းနှင့် ဘိတွေကို ထောင်ပုံတွေ၊ ဒါတွေကိုသာ မြင်နေတော့သည်။

ဤသို့သော ပါဏာတိပါတနိမိတ်တွေကို အဖန်ဖန် ထင်မြင်လာတိုင်း သူ၏ကိုယ်မှာ ကျွတ်ကျွတ်ပူလာသည်၊ နွားရိုင်းသည် လမ်းမှန်လမ်းရိုးအတိုင်းမသွားဘဲ လမ်းကိုဖဲ၍ရှိန်းဘိသကဲ့သို့ သူ၏စိတ်သည်လည်း ကမ္မဋ္ဌာန်းလမ်းမှဖဲ့ကာ ပါဏာတိပါတလမ်းကို ရောက်နေတော့သည်။

ဤသည်ကား အခြားမဟုတ်၊ ပြုခဲ့မိသောဒုစရိုက်ကို အဖန်ဖန် ပြန်လည်အောက်မေ့မိနေသော 'ကုက္ကုစ္စ'ဖြစ်နေခြင်းပေတည်း။ သူ၏စိတ်သည် အလွန်ဆင်းရဲလာခြင်းမှာ ဝိပ္ပဋိသာရ၏ သဘောတည်း။ စိတ်ဆင်းရဲပင်ပန်း၍ သူ၏ကိုယ်ခန္ဓာတစ်ခုလုံးသည်ပင် ယခုလို ပူလောင်လာတော့သည်။

ထို့ကြောင့် မုဆိုးဘဝ ရှင်မိလကသည် 'ငါ သင်္ကန်းဝတ်နေလို့ မထူးတော့ဘူး၊လူထွက်တာပဲကောင်းတော့တယ်'ဟု သာသနာ၌ သင်္ကန်းဝတ်ဖြင့် မပျော်မပိုက်ဖြစ်လာတော့သည်။ ဤကား ပြုခဲ့မိသော ပါဏာတိပါတ ဒုစရိုက်ကံကို အကြောင်းပြုပြီးဖြစ်လာသည့် ကုက္ကုစ္စ၏ လက်ချက်ပေတည်း။

ရှင်မိလကသည် တောနေရဟန်း၊ သူ၏ဆရာမထေရ်မြတ်ထံ ချဉ်းကပ်ပြီး 'တပည့်တော် ရဟန်းတရားကိုအားထုတ်၍ မရတော့ပါဘူး'ဟု လျှောက်ထားလိုက်လေသည်။

တန်ခိုးရှင်ဖြစ်သော မထေရ်မြတ်သည် မုဆိုးဘဝ ရှင်မိလက၏ ဖြစ်ရပ်ကို ကောင်းစွာ သိရှိတော်မူပြီး သူ့ကိုကယ်ဘင်ရန် အစီအစဉ် ပြုလုပ်တော်မူသည်။

မိလက၊ သင်သည် ရေသဖန်းသား စသော သစ်သားတွေကို ရှာဖွေခုတ်ထစ်၍ ထင်းပုံဖြစ်အောင်စုပုံလော့။

ရှင်မိလကသည် ဆရာတော်ခိုင်းသည့်အတိုင်း သစ်စိုဝါးစိုတို့ကို ခုတ်ထစ်၍ ထင်းပုံပြုလုပ်လေ၏။

မထေရ်က… မိလက၊ သင်သည် ဤထင်းပုံကို မီးရှို့လော့။

မထေရ်၏ညွှန်ကြားချက်အရ မုဆိုးဘဝရှင်မိလကသည် ထင်းပုံကို မီးရှို့လေရာထင်းတွေမှာစိုနေသည့်အတွက် သူရှို့သောမီးဖြင့် မီးမလောင်နိုင်ဘဲဖြစ်နေသည်၊ မိလကခမျာ ပင်ပန်းလှပြီ။ အရှင်ဘုရား၊ ဒီထင်းပုံကြီးကို တပည့်တော် မီးလောင်အောင် မရှို့နိုင်ပါ၊

ဤတွင် မထေရ်က….ဒါဖြင့် သင်ဖယ်စမ်းဟုဆိုကာ မြေကိုခွဲ၍ အဝီစိမှ ပိုးစုန်းကြူး အရွယ်လောက်ရှိသည့် ငရဲမီးကိုယူပြီး ထင်းပုံကို မီးရှို့လိုက်ရာ တစ်ခဏချင်း ပြာကျသွား၏။

မထေရ်သည် မုဆိုးဘဝ မိလကအား အဝီစိကိုပြပြီး မင်း တရားအားမထုတ်ဘဲ လူထွက်သွားရင် အဲဒီအဝီစိငရဲမီးမှာ ကျက်ရလိမ့်မယ်ဟု ပြောပြီး မိလကအား ထိတ်လန့်စေသည်။

မိလကသည် အဝီစိကိုမြင်ပြီးကတည်းက အလွန့်အလွန် တုန်လှုပ်ခြောက်ရွံ့နေလေပြီ၊ ဤတွင် မိလက,က မထေရ်အားပြော၏။

အရှင်ဘုရား၊ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမ သာသနာသည် အဲဒီလို အဝီစိဆင်းရဲမှ ထုတ်ဆောင်ကယ်တင်နိုင်ပါရဲ့လား။

မထေရ်က ဖြေ၏။ အိမ်း…. ကယ်တင်နိုင်ပေစွ။

အရှင်ဘုရား၊ ဘုရားသာသနာက ယခုလိုအဝီစိမှ ကယ်တင်နိုင်တယ်ဆိုရင် တပည့်တော်ရဲ့ဘဝ အဝီစိမှလွတ်ဖို့ ကြိုးစားအားထုတ်ပါတော့မယ်။ အရှင်ဘုရား၊ တပည့်တော်အတွက် အထူးမကြံစည်ပါနှင့်တော့ (ဝါ) မပူပါနှင့်တော့။

ဤသို့လျှောက်ထားပြီး မုဆိုးဘဝရှင်မိလကသည် (ဝါ)ပါဏာတိပါတ ဒုစရိုက်သမား (အငြိမ်းစား) မိလကသည် နင်းကန် တရားအားထုတ်ပါတော့သည်။

(၁) ရဟန်းကျင့်ဝတ်ကို အပြည့်ဖြည့်ကျင့်သည်၊

(၂) မအိပ်မနေ တရားအားထုတ်သည်၊

မအိပ်မနေ အားထုတ်နိုင်အောင် ကောက်ရိုးကို ရေဆွတ်ပြီး ခေါင်းပေါ်မှာတင်သည်၊ ခြေထောက်ကို ရေထဲနှစ်ထားပြီး ထိုင်သည်၊ ဤလို အပြတ်အသတ်အားထုတ်သည်။

တစ်နေ့တွင် မိလကသည် သောက်ရေစစ်ပြီး ရေအိုးကို ပေါင်, ပေါ်မှာထားလျက် ရေစက်တွေ အကျရပ်သွားအောင် စောင့်နေသည်။

ထိုအခါ သူ၏ ဆရာမထေရ်က....

- ထကြွလုံ့လ ဝီရိယရှိသူ၊
- သတိရှိသူ၊
- သန့်ရှင်းသောအပြုအမူရှိသူ၊
- စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိသူ၊
- ကိုယ်,နှုတ်,နှလုံး စောင့်စည်းသူ၊
- တရားသဖြင့် အသက်မွေးသူ၊
- မမေ့မလျော့ကျင့်ကြံအားထုတ်သူ။

ဤသူမျိုးသည် အခြံအရံ အကျော်အစော တိုးပွား ပေ၏။

ဤသို့ ရည်ညွှန်းစကားအကျဉ်းချုပ်ကို ဟောတော်မူ၏။

ဤတွင် ရှင်မိလကသည် ထိုစကားရပ်တစ်ခုစီကို သူ့ကိုယ်မှာ ထင်ဟပ်ယူလိုက်သည်။

- ငါသည် ထကြွလုံ့လရှိသူဖြစ်ရမည်၊
- ငါသည် သတိရှိသူဖြစ်ရမည်၊
- ငါသည် သန့်စင်သောအမူလုပ်ငန်းရှိသူဖြစ်ရမည်၊
- ငါသည် စူးစမ်းဆင်ခြင်ပြုလုပ်တတ်သူဖြစ်ရမည်၊
- ငါသည် ကိုယ်,နှုတ်,နှလုံး စောင့်ထိန်းသူဖြစ်ရမည်၊

– ငါသည် တရားသဖြင့် အသက်မွေးသူဖြစ်ရမည်၊
– ငါသည် ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သူဖြစ်ရမည်။

ရှင်မိလကသည် ဤသို့ ဆုံးဖြတ်ပြီး ခြေလှမ်းတိုင်း လှမ်းတိုင်း အလကား အမှတ်မဲ့ မလှမ်းဘဲ ခြေတစ်လှမ်းမှာ တစ်ခါရပ် တစ်ခါ ဆင်ခြင်၊ ဤသို့ တစ်အားကုန် ကျင့်ကြံအားထုတ်လေတော့သည်။

မုဆိုးဘဝ ရှင်မိလကသည် ပါဏာတိပါတ အကုသိုလ်ကြောင့် အဝီစိကျမည့်ဘေးကို ကြောက်ပြီး (ကုက္ကုစ္စ အဖြစ်မခံတော့ဘဲ) တင်းတင်း ကြပ်ကြပ် တရားအားထုတ်လေရာ အောက်ဘုံအောက်ဘဝတွေကို ဆွဲချတတ်သော သံယောဇဉ်တွေကို ပယ်ဖြတ်နိုင်သည့် အနာဂါမ်အထိ ဖြစ်သွားလေတော့သည်။

ဤဖြစ်ရပ်မှ အကျဉ်းချုပ် သိဖွယ်ရာမှာ ပါဏာတိပါတ ကံကို တစ်သက်လုံးလုပ်သည့်အတွက် သောက်ရေပျောက်သည်အထိ ဘေးတွေ့လာသည်။ပြုခဲ့မိသော အကုသိုလ် ပါဏာတိပါတအမှုတွေကို ပြန်လည် သတိရပြီး ကုက္ကုစ္စဖြစ်နေသည့်အတွက် ရဟန်းတရားကိုအားထုတ်၍မရ၊ သာသနာမှ ပြေးချင်စိတ်ပေါက်လာသည်။ ယောနေရဟန်း၏ကျေးဇူးကြောင့် အဝီစိကိုကြောက်ပြီး ကုက္ကုစ္စကိုဖျောက်ကာ ကမ္မဋ္ဌာန်းတရားကို အပြတ်အသတ်အားထုတ်တော့ အနာဂါမ်ဖြစ်သွားသည်။

ရယူကောင်းသော သင်ခန်းစာကား....

(၁) အကုသိုလ်ကိုပြုမိလျှင် ကုက္ကုစ္စကိုအဝင်မခံနှင့်၊ ပယ်ဖျောက်ရမည်။

(၂) အကုသိုလ်ကိုပြုမိပါလျှင် ကုသိုလ်ကိုများများပို၍ လုပ်ရမည်၊

အတွေးအခေါ် အယူအဆအမြင်များဖြင့် ဗုဒ္ဓအဘိဓမ္မာကို ဘဝနှင့် နီးစပ်စွာ တင်ပြလာခဲ့ရာ သမ္ပဒါန်ခန်း အရောက်၌ ပြုခဲ့မိသော ဒုစရိုက်နှင့်ပတ်သက်၍ ဖြစ်ပေါ်တတ်သော ကုက္ကုစ္စ၊ ဝိပ္ပဋိသာရတို့၏ ဆိုးဝါးပုံကို သုတ္တန်သက်သေ သာဓကတို့ဖြင့် ဖော်ပြလာခဲ့သည်မှာ အတော်ပင် ခိုင်လုံသွားပေပြီ။

ရှေ့လမှစ၍ သမ္မပခာန်လေးပါးကို အစဉ်တကျပြန်ဝင်သင့်ပေပြီ၊ ဤဆောင်းပါးများကို စာအုပ်အဖြစ် ပြန်လည်စီစဉ်ရိုက်နှိပ်သည့်အခါတွင် အစီအစဉ်ပို၍ကျအောင် ဆောင်ရွက်ရပါလိမ့်မည်။

ပြုမိသောအကုသိုလ်ကံအတွက် နောက်ပိုးတက်လာသောကုက္ကုစ္စသဘာဝ(၀၁) ပြုမိလေခြင်း၊ လုပ်မိလေခြင်းစသည့် စိတ်မချမ်းသာမှုအပိုဆောင်လာခြင်းသည် အဘယ်မျှအကျိုးနည်းကြောင်းကား ကောင်းကောင်းကြီးသဘောပေါက်လောက်ပေပြီ။

နှစ်ဖက်လှ
၁၉၇၇–ခု၊မေလ။

# 'သမ္မပဓာန်' သည် လူ့တရား လူ့လမ်းစဉ်

သိပ္ပံမဂ္ဂဇင်း အမှတ်(၁)မှစ၍(၇)နှစ်ကျော်ကျော် လစဉ်မပြတ် ဗုဒ္ဓအဘိဓမ္မာအကြောင်းဆောင်းပါးများကိုရေးသားခဲ့ရာ၊အမှတ်(၈၆)တွင် 'အာဟာရ'အကြောင်းအထိ ရေးသားတင်ပြပြီးခဲ့ပါသည်။ အမှတ်(၈၇)မှစ၍ 'သမ္မပဓာန်' အကြောင်း အစပျိုးလာခဲ့ရာ အမှတ် (၉၂) အထိ(၆)လတိုင်တိုင် ပြောလိုရင်းဖြစ်သော 'သမ္မပဓာန်'၏ခွင် မကျလှသေးပါ။ သို့ဖြစ်၍ ယခုလမှစပြီး သမ္မပဓာန်လမ်းစဉ်ကို တွေးခေါ်ဆင်ခြင် ရှုမြင်သုံးသပ်ချက်များဖြင့် ဆက်လက်ဖော်ကျူးရပါမည်။

'သမ္မပဓာန်' ဆိုသည်ကား သမ္မ+ပဓာန ဟူသော ပါဠိပုဒ်ရင်းအရ၊ သမ္မာ=ကောင်းစွာ၊ ပဓာန=ကြိုးစားအားထုတ်ခြင်း၊ လုံ့လပြုခြင်း(ကောင်းစွာ လုံ့လပြုခြင်း)ဟူ၍ အဓိပ္ပာယ်ထွက်ပါသည်။ ပေါ့တီးပေါ့ဆ သာမညမဟုတ်၊ ကောင်းကောင်းကြီး လုံ့လပြုခြင်း (ဝါ) ကြိုးစားအားထုတ်ခြင်းမျိုးကိုမှ သမ္မပဓာန်ဟုခေါ်ပါသည်။'သမ္မပဓာန်' ဆိုသည်မှာ လွန်ကဲသော လုံ့လဝီရိယပင်ဖြစ်ပါသည်။ အဖိုးတန်သော အထက်စား အမြတ်စားဝီရိယမျိုးကို 'သမ္မပဓာန်' ဟု လှလှပပခေါ်ဝေါ်ထားခြင်း ဖြစ်ကြောင်း သိအပ်ပါသည်။

မှတ်မိအောင် ပြန်ဖော်ပြရလျှင် ယင်း'သမ္မပဓာန်'သည်လေးမျိုးလေးစား ရှိပါသည်။

(၁) မဖြစ်သေးသော အကုသိုလ်တို့ကိုမဖြစ်ရအောင်လုံ့လပြုခြင်း တစ်ပါး။

(၂) ဖြစ်ပြီးသောအကုသိုလ်တို့ကိုပယ်နိုင်အောင် လုံ့လပြုခြင်း တစ်ပါး၊

(၃) မဖြစ်သေးသောကုသိုလ်တို့ကို ဖြစ်လာအောင် လုံ့လပြုခြင်း တစ်ပါး။

(၄) ဖြစ်ပြီးသောကုသိုလ်တို့ကို တိုးပွားအောင် လုံ့လပြုခြင်း တစ်ပါး။

ဤသို့ သမ္မပဓာန်လေးပါး ရှိပါသည်။ အကုသိုလ်မှုနှင့်စပ်၍ နှစ်မျိုး၊ ကုသိုလ်မှုနှင့်စပ်၍နှစ်မျိုး၊ ပေါင်းလေးမျိုး ဖြစ်ပါသည်။

ဤသမ္မပဓာန်နှင့်စပ်လျဉ်း၍ စကားထူးသုံးခွန်းပြောလိုပါသည်။ ယင်းစကားထူးသုံးခွန်းကား....

(၁) သမ္မပဓာန်တရားဆိုတာ ရဟန္တာမဟုတ်သေးတဲ့ လူတွေနဲ့ ပတ်သက်တဲ့ လူတရားဖြစ်ပါသည်။ ယခုခေတ်လူတွေ ပြုလုပ်ကျင့်သုံးရမည့် တရားနည်းလမ်း ဖြစ်ပါသည်။ ဤကား စကားတစ်ခွန်း။

(၂) သမ္မပဓာန်ဆိုတာ လက်ရှိဘဝ (ယခုဘဝ) နှင့်သက်ဆိုင်သော တရားနည်းလမ်း ဖြစ်ပါသည်။ အတိတ်ဘဝ အနာဂတ်ဘဝတွေနှင့် မသက်ဆိုင်ပါ။ ယခု ပစ္စက္ခ ဘဝ ရေးရာ တရားနည်းလမ်း ဖြစ်ပါသည်။ ဤကား စကား တစ်ခွန်း။

(၃) ဤသမ္မပဓာန်ခန်းမှာ ဖော်ပြသော 'အကုသိုလ်' ဆိုသည်မှာ 'ဒုစရိုက်' ကို အဓိက ဆိုလိုပါသည်။ 'ကုသိုလ်' ဆိုရာမှာလည်း 'သုစရိုက်' (ပုညကြိယာဝတ္ထု) ကို ပဓာန ဆိုသုံပါသည်။ ဤကား စကားတစ်ခွန်း။

အထက်ပါ စကားကြီးသုံးခွန်းကို ဖွင့်ဆိုပါသည်။

ပထမစကားတစ်ခွန်း--သမ္မပဓာန်ဆိုတာ လူတရား....။

မြတ်စွာဘုရား ဟောကြားတော်မူသော သမ္မပဓာနဝိဘင်းပါဠိတော်ကြီးမှာ 'သမ္မပဓာန် ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား၊ အဗျာကတလား' ဟု အမေးပုစ္ဆာ ထုတ်ပြီး သမ္မပဓာန် ဆိုတာဟာ 'ကုသိုလ်' သာ ဖြစ်သည်ဟု ဖြေဆိုတော်မူသည်ကို တွေ့ရပါသည်။

အထက်ပါ စကားတော်ကို ဆက်စဉ်းစားရာသည်။ ကိလေသာ အာသဝေါကင်းတော်မူပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အကုသိုလ်ကိုလဲ ပယ်စွန့်ပြီးပြီ၊ ကုသိုလ်ကိုလဲ ပယ်စွန့်ပြီးပြီ၊ အကုသိုလ် ကုသိုလ်သည် ရဟန္တာနှင့် မသက်ဆိုင်တော့ချေ။ ရဟန္တာပုဂ္ဂိုလ်မှာ အကုသိုလ် မဖြစ်ပြီ၊ ကုသိုလ်မဖြစ်ပြီ (ကြိယာ) ဆိုသော သဘာဝသာ ဖြစ်တော့၏။

ထို့ကြောင့် 'သမ္မပဓာန်' ဟာ 'ကုသိုလ်ပါ' ဟု ယတိပြတ်ဖြေဆိုတော်မူခြင်းသည် ကုသိုလ်ကိုပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ် အမျိုးအစားနှင့် သမ္မပဓာန်နှင့် မသက်ဆိုင်ဘူးဟု မိန့်တော်မူရာ ရောက်၏။ ဆက်လက်၍ ကုသိုလ်နှင့်ဆိုင်သော လူတွေကိုရှာလျှင် အများစုအားဖြင့် ပုထုဇဉ်တွေကိုတွေ့ရသည်။ (သေက္ခပုဂ္ဂိုလ်နှင့် ဆိုင်သော်လည်း ဤတွင် ရိုးရိုး စာဖတ်သူများ နားမရှုပ်ရအောင် ရဟန္တာနှင့် ပုထုဇဉ်ကိုသာ နှိုင်းယှဉ်ပြပါမည်။)

လက်တွေ့ပိုင်းကို ဦးတည်ပြောရလျှင် 'သမ္မပဓာန်'ဆိုသည်ကား ယခုလက်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် တိုက်ရိုက် သက်ဆိုင်သော တရားလမ်းစဉ်ဖြစ်ကြောင်း သိအပ်ပေသည်။ သမ္မပဓာန်လမ်းစဉ်သည် ယနေ့လက်ရှိ ဗုဒ္ဓဘာသာဝင်အကောင်းစား ပုထုဇဉ်များ၏ လမ်းစဉ်ဖြစ်ပေသည် ဟူလို။ တစ်နည်းဆိုရသော် သမ္မပဓာန်အလုပ်သည် ယခုစာရေးသူ စာဖတ်သူတို့ တိုက်ရိုက်လုပ်ရမည့် အလုပ်ကောင်းတစ်ခုဖြစ်ကြောင်း မှတ်သားလိုက်နာရပေလိမ့်မည်။

သမ္မပဓာန် အလုပ်ကို လုပ်လိုက်သည်နှင့် ချက်ချင်း 'ကုသိုလ်' ဖြစ်လာသည်၊ ဝိဘင်းပါဠိတော်ကြီးက သမ္မပဓာန်ဆိုတာ 'ကုသိုလ်ပါ' ဟု အရည်အချင်း သတ်မှတ်ပေးထားလျက်ရှိပြီး မဟုတ်ပါလော၊

ဆက်ကြဦးစို့ ....။

ဤကဲ့သို့ လူတွေအတွက် (ဝါ) ကုသိုလ်ရေးသမားတွေ အတွက် အဓိကချမှတ်ပေးသော တရားလမ်းစဉ် ဖြစ်သည့်အတွက် 'ဝါယာမော' လုံ့လပြုခြင်း (ဝါ) လုံ့လပြုပါဟုသာ ဟောကြားထားပေသည်။ မဖြစ်သေးသော အကုသိုလ် မဖြစ်ရအောင် လုံ့လပြုပါဟု တိုက်တွန်းချက် သဘောကို တွေးဆသိမြင်အပ်သည်။

ပုထုဇဉ် ကုသိုလ်သမားတွေကို အကုသိုလ်ကိုမလုပ်နဲ့ ရှောင်ကြ၊ ရှောင်ကိုရှောင်ကြရမယ်၊ မပြုကြနဲ့ မလုပ်ကြနဲ့၊ ဤသို့ ပညတ်ချက်ဆန်ဆန် တင်းတင်းမာမာ မသုံးမှုဘဲ လုံ့လပြုပါဟု ခပ်ချိုချိုဟောထားသည်ကို စေ့စေ့တွေးကြရလိမ့်မည်။

ဗုဒ္ဓရှင်တော်ဘုရား၏ တရားတော်၊ စကားတော်များသည် အလွန်နက်နဲလှပေသည်ဟု ကြားဖူးကြပြီးသား ဖြစ်ပါ၏။ မြတ်စွာဘုရားသည် မဖြစ်နိုင်တာကို အတင်းမခိုင်းပါ၊ မဖြစ်နိုင်တာ၊ မလုပ်နိုင်တာ အတင်းလုပ်ခိုင်းပါက ခိုင်းသူညံ့ရာကျရာ၏၊ မြတ်စွာဘုရားက မညံ့ပေ၊ ပုထုဇဉ်လူသားတွေ အားလုံးနှင့်ဆိုင်သော တရားလမ်းစဉ် ဖြစ်ပေ၍ 'ဝါယာမော' ဆိုတဲ့ စကားကိုသုံးပြီး အကုသိုလ်တွေ မဖြစ်ရအောင် လုံ့လပြုကြပါဟု ပညာသားပါပါ ဟောကြားထားသည်ဟု နားလည်ရပေသည်။

ဤတွင် ဩဝါဒပါတိမောက်တော်နှင့် နှိုင်းယှဉ်ကြည့်သင့်ပေ၏။

ဂေါတမမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး ပထမ ဗောဓိဟုခေါ်သည့် ဝါတော် (၂၀) ကာလအထိ ရဟန်းများအား လခွဲတစ်ကြိမ်ကိုယ်တော်တိုင် ပါတိမောက် ပြတော်မူသည်၊ (ဝါ) ရဟန်းများနှင့် အတူ ဥပုသ်ပြုတော်မူပေသည်။

မြတ်စွာဘုရားကိုယ်တော်တိုင်ပြသော ပါတိမောက်ကား ဩဝါဒပါတိမောက်ဖြစ်၏။(ဝါ) ရဟန်းများအား အဆုံးအမဩဝါဒပေးတော်မူသော စကားဖြစ်၏။

သမ္မပဓာန်နှင့် ဩဝါဒ ပါတိမောက်နှင့် နှိုင်းယှဉ် ကြည့်နိုင်ရန် ဩဝါဒပါတိမောက်တော်ကို ဤတွင်ထုတ်ပြပါမည်။

ပါဠိဂါထာကား....

'သဗ္ဗပါပဿ အကရဏံ'

အစရှိသောဂါထာ သုံးဂါထာပေတည်း။

မြန်မာလိုဆိုသော်....

(၁) မကောင်းမှုဟူသမျှကို မပြုရခြင်း၊
ကောင်းမှုကုသိုလ်ကို ပြည့်စုံစေရခြင်း၊
မိမိစိတ်ကို ဖြူစင်စေရခြင်း၊
ဤကား ဘုရားရှင်တို့၏ အဆုံးအမတည်း။

(၂) တိတိက္ခာဟု ခေါ်သော သည်းခံခြင်းသည် မြတ်လှစွာသော အကျင့်တည်း၊
နိဗ္ဗာန်ကိုအမြတ်ဆုံးဟူ၍ ဘုရားတိုင်းက ဟောကြ၏၊
သူတစ်ပါး အသက်ကို သတ်သူသည် ပဗ္ဗဇိတ ရဟန်း မဟုတ်၊
သူတစ်ပါးကို ညှဉ်းဆဲသူသည် သမဏရဟန်း မဟုတ်၊
(ရဟန်းဆိုလျှင် သူ့အသက်မသတ်ရ၊ သမဏ ဆိုလျှင် သူ့ကိုမညှဉ်းဆဲရ။)

(၃) သူတစ်ပါးကိုမကဲ့ရဲ့အပ်၊ မစွပ်စွဲအပ်၊
မညှဉ်းဆဲအပ်၊ ပါတိမောက္ခရဟန်းသီလကိုဆောင်ရာ၏၊
အစာအာဟာရ၌ အတိုင်းအရှည်ပမာဏကိုသိရာ၏၊
ဆိတ်ငြိမ်ရာ၌နေရာ၏၊ သမာပတ်ရှစ်ပါးတည်းဟူသော
အဓိစိတ္တသိက္ခာကို ပွားများအားထုတ်ရာ၏။ ခ၊

ဤကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

အသင်စာရှုသူ၊ အထက်ပါဗုဒ္ဓရှင်တော်ဘုရား၏ ဩဝါဒ ပါတိမောက်သုံးဂါထာကို တစ်ခါထပ်၍ဖတ်ပါဦး၊ ဖတ်ပြီးစဉ်းစားပါဦး။

အထက် ဖော်ပြရာပါ ဩဝါဒပါတိမောက် (၃)ဂါထာသည် ဘုန်းကြီးတရားမဟုတ်ပေဘူးလား၊ ဘုန်းကြီးတွေအတွက် အထူးတလည် ပေးတဲ့ အဆုံးအမဩဝါဒ မဟုတ်ပေဘူးလား။

သဘောမကျသေးလျှင် တစ်ခေါက်ထပ်ပြီးဖတ်ပါဦး၊ ဘုန်းကြီး တရားမှ တကယ့်ဘုန်းကြီးတရားပါ၊ ဘုရားရှင်က 'ဘုန်းကြီးများအား ပေးတဲ့ ဩဝါဒပါ၊

ဘုန်းကြီးတောင်မှ သာမန်ပုထုဇဉ်ဘုန်းကြီးမဟုတ်ပေဘူး၊ အရိယာ ဘုန်းကြီးများအား ပေးတဲ့ ဩဝါဒတော်ပါတဲ့။

အထက်မှာ တင်ပြခဲ့သည့်အတိုင်း ဘုရားဖြစ်တော်မူပြီး ဝါ (၂၀)ကာလ အတွင်းမှာ သက်န်းဝတ်လာကြသော ရဟန်းများသည် အားလုံး အရိယာချည်းဖြစ်ပါသတဲ့၊ အညံ့ဆုံးကားသောတာပန်ပါတဲ့။ ဤလိုအရိယာရဟန်းပရိသတ်အလယ်မှာမှ မြတ်စွာဘုရားက 'သဗ္ဗပါပဿ အကရဏံ'စတဲ့ ဩဝါဒပါတိမောက်ကို ခပ်ဟည်တည် ပေးတော်မူပါ သည်။

ဝါတော် (၂၀)ကျော်တဲ့ တစ်နေ့မှာ မြတ်စွာဘုရားရှင်သည် ဩဝါဒတော်ကို ပေးတော်မူနေကျ မပေးတော့ပါဘူးတဲ့၊ မပေးတဲ့ အကြောင်းကား သိပ်ပြီးမှတ်လောက်သားလောက်ရှိပါသည်။ သံဃာ ပရိသတ်ထဲမှာ ပုထုဇဉ်ရဟန်းပါလာလို့ ပရိသတ်မသန့်ရှင်းတော့ဘူး ဆိုပြီး ဘုရားရှင်ကိုယ်တော်တိုင် ဩဝါဒပါတိမောက်ပြတဲ့စခန်း သိမ်း တော်မူလိုက်ပါတယ်တဲ့၊ သင်တို့ရဟန်းချင်းသာ အာဏာပါတိမောက် ကို ပြကြပေရော့ဟု ခွင့်ပြုတော်မူလိုက်ပါသည်။

ဒီမှာစဉ်းစားပါ၊ သဗ္ဗပါပဿ အကရဏံ ဆိုတဲ့ ဩဝါဒဟာ သိပ်ပြင်းထန်ပါတယ်၊ 'အကရဏံ' မပြုခြင်း၊ မပြုရ ဆိုတဲ့စကားလုံး ဟာ တိတိကျကျ တင်းတင်းမာမာ ပြောတဲ့ လေသံပါ၊ (သမ္မပဓာန် မှာကဲ့သို့ ဝါယာမော၊ လုံ့လပြုပါ)ဟု ခပ်လျော့လျော့ ပြောတာ မဟုတ်ပါ၊ 'အကရဏံ' မပြုရခြင်းဟု ပြတ်ပြတ်သားသား ဩဝါဒ ပေးပါသည်။

ဤလို တိကျတင်းမာစွာပေးတဲ့ ဩဝါဒကို ခံယူသူတွေက အရိ ယာတွေ အညံ့ဆုံးသောတာပန်ဆိုတော့ စလောင်းဖုံးနဲ့ အိုးနဲ့ အံကိုက် သလိုပဲ၊ ပေးတဲ့ဩဝါဒနဲ့ ခံယူတဲ့ အရိယာရဟန်းတွေနဲ့ တန်းခနဲနေပါ သည်။ ဩဝါဒတော်အတိုင်း လိုက်နာကျင့်ကြံနိုင်ကြပေသည်။

ဗုဒ္ဓရှင်တော်ဘုရားဆိုသည်ကား ဖြစ်နိုင်တာကိုပဲ ဟောပြောပါ သည်။ နားမလည်တဲ့ ကျွဲပါးမှာ စောင်းတီးသကဲ့သို့ အချည်းနှီးသော စကားကို ဘယ်သောအခါမှ မဆိုပါချေ။ (ဝါ) တရားနာသူနှင့်မကိုက် သောတရားကို မဟောပါချေ။

ရဟန်းပရိသတ်ထဲမှာ ပုထုဇဉ်ရဟန်းပါလာဘော့ ထိုပုထုဇဉ် သည် အထက်ပါ ဩဝါဒ ပါတိမောက်ကို သူလိုက်နာနိုင်မှာ မဟုတ် တော့ပါ၊ မလိုက်နာနိုင်တဲ့သူကို အဖိုးတန်ဩဝါဒပေးမိပါက ဩဝါဒ

ပေးသူ ညံ့ရာမကျပေဘူးလား၊ သဲထဲကို ဘာပြုလို့ရေသွန်းမလဲ၊ အရာ မရောက်လျှင် ဘာကြောင့်ဟောရမလဲ။

ဤလောက်စဉ်းစားကြည့်ရုံဖြင့် 'သဗ္ဗပါပဿ အကရဏံ'စသော ဩဝါဒပါတိမောက်သည် အရိယာရဟန်းသံဃာများအားသာပေးသော ဩဝါဒ ဖြစ်ကြောင်း၊ ပုထုဇဉ်ရဟန်းတွေ၊ ပုထုဇဉ်လူတွေ၊ ယနေ့ မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေလို လူစားမျိုးတွေအား ဟော ကြားတဲ့တရား၊ ပေးတဲ့ဩဝါဒမျိုးမဟုတ်ကြောင်း သဘောပေါက်နိုင် ပါသည်။

ပြန်ချုပ်ကြည့်ရအောင်၊ 'မဖြစ်သေးတဲ့ အကုသိုလ်တို့ကို မဖြစ် ရအောင် လုံ့လပြုခြင်း'ဆိုတဲ့ သမ္မပဓာန် ကား၊ လူတရား၊ ပုထုဇဉ် တရား၊ ယနေ့ဗုဒ္ဓဘာသာဝင်များနဲ့ တိုက်ရိုက်သက်ဆိုင်သည့်တရား။

'သဗ္ဗပါပဿ အကရဏံ'စတဲ့ ဩဝါဒပါတိမောက်တရားကား အရိယာတရားဖြစ်၏။ ပုထုဇဉ် လူဝတ်ကြောင်တွေ အတွက် တိုက်ရိုက် ဟောကြားတဲ့ တရားမဟုတ်၊ အရိယာရဟန်းသံဃာတွေ အတွက်သာ ကန့်သတ်ချက်နှင့် အထူးစပါယ်ရှယ် ဟောကြားဆုံးမတဲ့ ဩဝါဒတရား ဖြစ်၏။ ဤနှစ်မျိုးနှစ်စားကို သရုပ်ကွဲဖို့လိုလှပါသည်။

သမ္မပဓာန်တရားသည် ကုသိုလ်တရား၊ အဓိကအားဖြင့် လူတရား၊ ဗုဒ္ဓဘာသာဝင်အကောင်းစားတို့ လက်တွေ့အသုံးချရမယ့် တရားလမ်း စဉ်၊ 'သဗ္ဗပါပဿ အကရဏံ'စတဲ့ ဩဝါဒပါတိမောက်ကား အရိယာ ရဟန်းတွေအတွက် အထူးစပါယ်ရှယ်ဟောခဲ့တဲ့ ကန့်သတ်တရား၊ ဤလို ခွဲခြားနားလည်ပြီးတော့ကာ အလွန်ကောင်းမွန်သည့် မြတ်ဗုဒ္ဓ၏တရား လမ်းစဉ်များကို လက်တွေ့အကျိုးရှိအောင် ကျင့်သုံးဖြန့်ဝေနိုင်ကြပါစေ ဟု ဆန္ဒပြုရပါသည်။

နှစ်ဖက်လှ
၁၉၈၈-ခု၊ ဇွန်လ။

# ပိုင်းခြေသံသရာ၏
# ပိုင်းဝေဘာဝ တစ်ခဏာဝယ်

'မဖြစ်ဖူးသေးသော အကုသိုလ်တို့ကို မဖြစ်ရအောင် လုံ့လပြုခြင်း' ဟူသော ပထမသမ္မပဓာန်နှင့်ပတ်သက်၍ အနုစိတ် ခွဲခြမ်းကြည့်ရှုသုံးသပ်ကြပါမည်။ ပြီးခဲ့သောလ ဆောင်းပါး၏ ဒုတိယ၊ တတိယစကားခွန်းတို့ကို ဆက်ခြင်းပင်ဖြစ်၏။

အထက်ပါစကားတော်တွင် အပိုင်းလေးပိုင်းပါဝင်သည်။

(၁) မဖြစ်ဖူးသေးသော

(၂) အကုသိုလ်

(၃) မဖြစ်ရအောင်

(၄) လုံ့လပြု

၎င်းအပိုင်းလေးပိုင်းကို တစ်ပိုင်းစီ စိစစ်ပါက လေးနက်သော အရှုအမြင်ကို ရလာပါလိမ့်မည်။

## မဖြစ်ဘူးသေးသော

ထေရဝါဒ ဗုဒ္ဓတရားတော် အမြင်အရ လူမှာ သံသရာရှိသည်။ **အနေကဇာသံသရာမှာ အတောမသတ် ကျင်လည်ခဲ့ကြရပြီ၊ ဘဝတွေ အသင်္ချေအနန္တဖြစ်ခဲ့ကြပြီ၊ အလုပ်မျိုးစုံလုပ်ခဲ့ကြပြီ။**

ဟိ—နဲ—၊—ဂိ—း—ငေ—ဖ—ဲ—ံ—စ—ဥ္—(—၃၀—)

ယခုလက်ရှိဘဝကာလသည် သံသရာနှင့် ပိုင်းကြည့်ပါက တကယ့်တစ်ခဏကလေးမျှသာ၊ ဆိုလိုသည်မှာ သင်္ချာနည်းအရ သံသရာကိုပိုင်းခြေခံကြည့်ပါ၊ $\frac{\text{ယခုဘဝ}}{\text{သံသရာ}}$ ဤသို့ရပါမည်။ အောက်က သံသရာပိုင်းခြေသည် အဆအတန်ကြီးပါသည်။ လက်ရှိဘဝပိုင်းဝေသည် မဆိုသလောက်ကလေးပါ၊ ဤလို ကမ္ဘာသချေ်ကြာမြင့်ခဲ့ပြီး ဘဝအနန္တတစ်လျှောက်မှာ လူတစ်ယောက်သည် အကုသိုလ်မျိုးစုံ ပြုခဲ့ပြီ၊ ဖြစ်ခဲ့ပြီ။

ယနေ့ လူကောင်း ရှင်ကောင်း ဆိုသူသည် ဘဝသံသရာတုန်းက ပါဏာတိပါတသမားကြီး ဖြစ်ခဲ့ဖူးရာသည်။ အဒိန္နာဒါန်သမားကြီးဖြစ်ခဲ့ဖူးရာသည်၊ ကာမေသုမိစ္ဆာသမားကြီး ဖြစ်ခဲ့ဖူးရာသည်။ ဤသို့စသည်ဖြင့် အတွေးနယ်ကို ဆန့်ကြည့်ပါက လူတစ်ယောက်အနေဖြင့် မပြုခဲ့ဖူးသော အကုသိုလ်မရှိနိုင်။ ထိုသူမှာ မဖြစ်ဖူးသေးသော အကုသိုလ်ဟူ၍မရှိနိုင်ရာ။

သာမန်အကုသိုလ်မျိုးမဆိုထားဘိ၊ အာနန္တရိယကံဟုဆိုအပ်သောအကုသိုလ်မျိုးကိုပင် ပြုခဲ့ဖူး ဖြစ်ခဲ့ဖူးရာသည်၊ ဆိုလိုသည်မှာ မိဘကိုပင်သတ်ခဲ့ဖူးရာသည်၊ ဘုရားရဟန္တာကိုပင် စော်ကားခဲ့ဖူးရာသည်၊ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူကို ယူခဲ့ဖူးရာသည်။

ဤလိုစဉ်းစားလျှင် 'မဖြစ်ဖူးသေးသော' ဆိုသော စကားအရ အတိတ်ဘဝသံသရာကြီးနှင့်သက်ဆိုင်၍ကား မရသာ၊ အတိတ်ဘဝသံသရာကြီးမှာ လူတစ်ယောက်အဖို့ မဖြစ်သေးသော အကုသိုလ်ဟူ၍ မရှိနိုင်၊ ဖြစ်ပြီးသော အကုသိုလ်များသာရှိရာသည်။

နောင်လာလတ္တံ့သောဘဝမှာ ဖြစ်စရာရှိသော အကုသိုလ်တို့ကိုလည်း ယခုဘဝကကြိုတင်၍ မဖြစ်အောင် လုပ်၍မရပေ။ ဘာတွေဖြစ်လာမည်လည်း မသိနိုင်၊ ဘာတွေဖြစ်လာနိုင်မှန်း မသိပါဘဲနှင့် မဖြစ်အောင် တင်ကူးစီမံတားမြစ်၍ အဘယ်မှာလျှင် ရနိုင်ပါအံ့နည်း။

ထို့ကြောင့် 'မဖြစ်ဖူးသေးသော' ဆိုသည့်စကားအရ 'ယခုဘဝ၌ မဖြစ်သေးသော' ဆိုသည့် အဓိပ္ပာယ်မှာ ဘွင်းဘွင်းရှင်းရှင်း ပေါ်လာပါသည်၊ 'ယခုဘဝ' 'လက်ရှိဘဝ'၌ မဖြစ်သေးသည်ကိုသာ 'မဖြစ်ဖူးသေးသော'ဟု ဆိုအပ်ပေတော့သည်။

တစ်ဖန် 'ယခုဘဝ'ထဲမှာပင် ထပ်၍ပိုင်းနိုင်သေးသည်။ ဆိုပါစို့၊ ယခုအသက်(၄၀)ရှိသူသည် လွန်ခဲ့သော အသက်(၂၀)တုန်းက နွား သတ်ခဲ့ဖူး၏။ သို့သော် ယခုအသက်(၄၀)၌ (ဝါ) အသက်(၄၀)ထဲရှိ တစ်နေ့နေ့၌ နွား မသတ်ခဲ့ဖူးသေးဆိုလျှင် အသက်(၄၀)တွင်း၌ သူ့အဖို့ နွားသတ်မှုအကုသိုလ် မဖြစ်သေးချေ၊ 'မဖြစ်သေးသော'ပေတည်း။

'မဖြစ်သေးသော' ဟူသော ပထမအချက်ကို ရှင်းပြီးနောက် 'အကုသိုလ်'ဟူသော ဒုတိယအချက်ကို ရှင်းသင့်၏။

ဘုရားဟောပါဠိတော်ရင်းမှာ 'ပါပကာနံ'ဟူသော စကားတော် ကို သုံးထား၏။ 'ပါပ၊ပါပက'ဟူသော စကားသည်ကား 'ကလျာဏ' ဟူသောစကား၏ ဆန့်ကျင်ဘက်ဖြစ်၏။ 'ပါပ၊ပါပက'ဟူသော ပါဠိ ဝေါဟာရကို 'ယုတ်မာသော'ဟု တိုက်ရိုက်မြန်မာပြန်ရ၏၊ 'ကလျာဏ' ကို 'ကောင်းသော'ဟု မြန်မာပြန်၏။

အသုံးအနှုန်းပိုင်းအနေဖြင့် 'ပါပ,ပါပက'ကို လူနာမည်အဖြစ် ပင်သုံး၏၊ မြတ်စွာဘုရားက မာရ်နတ်ကို 'ပါပိမ'ဟုခေါ်၏။ မြန်မာလို ဆိုသော် 'အယုတ်ကောင်'ဟူလို၊ နိပါတ်တော်ထဲမှာလည်း 'ပါပက' (ယုတ်မာ)အမည်ရှိသူသည် သူ့နာမည်ကို မကြိုက်နိုင်ဖြစ်နေရာ မျက်စိ လည်လမ်းမှားနေသော 'မောင်ခရီး'ဆိုသူ၊ ဆင်းရဲလှသော'မသူဌေး' ခေါ်သူ၊ နာမည်က 'မောင်သက်ရှည်'ဆိုပြီး ငယ်ငယ်ရွယ်ရွယ်နှင့်သေသူ တို့ကိုတွေ့ပြီး သူ၏နာမည် (ပါပက)ကို မပြောင်းတော့ဘဲ နာမည် ပြောင်းချင်စိတ် ကုန်သွားကြောင်းပါရှိ၏။

ပါဠိအဘိဓမ္မာကို မြန်မာပြန်တော်မူကြသော ရှေးကျေးဇူးရှင် ဆရာတော်ဘုရားကြီးများကား 'ပါပကာနံ'ကို'အကုသိုလ်'ဟူ၍ ပြန်ဆို တော်မူကြ၏၊ 'အကုသိုလ်'သည် ယုတ်ညံ့သောတရား မှန်ပေ၍ ယင်း ဘာသာပြန်ချက်ကား မမှားပါချေ။ သို့ရာတွင် 'အကုသိုလ်' ဟူသော စကားသည်ကား အလွန်ကျယ်ပြန့်လှ၏၊ ကုသိုလ်၏ ဆန့်ကျင်ဘက်တရား သဘောမှန်သမျှ အကုသိုလ်ချည်းဖြစ်နေ၏။

သိသာရုံမျှ စဉ်းစားကြည့်လျှင် အဘိဓမ္မာ သဘောအရ လုလု ကလေးမြင်၍ သဘောကျလျှင်လည်း အကုသိုလ်ဖြစ်သည်၊ နားဝင် ပီယံ အသံကလေးကိုကြားရ၍ ကြိုက်မိလျှင်လည်း အကုသိုလ်ဖြစ်သည်၊

မွှေးမွှေးကလေးကိုနမ်းရရှု၍ နှစ်သက်လျှင်လည်း အကုသိုလ်ဖြစ်သည်၊ လျှာရင်းမြက်မြက်ကလေး စားရ၍ ကောင်းလိုက်တာ ဆိုလျှင်လည်း အကုသိုလ်ဖြစ်သည်။ အိအိညက်ညက်ကလေး တွေ့ရထိရ၍ သာယာပါလျှင်လည်း အကုသိုလ်ဖြစ်သည်။ အဘိဓမ္မာသဘောအရ နက်နက်ရှိုင်းရှိုင်း ပြောရလျှင် သစ္စာလေးပါးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်းမသိကြသူများမှာ (မောဟ)ဟူသော အကုသိုလ် ဖြစ်နေပေသည်။

ထိုကဲ့သို့ နေ့စဉ်ကြုံတွေ့ရသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့ကို သာယာနှစ်သက်သည့် သာမန်သဘောကို အကုသိုလ်ဟု ဆိုရစေကာမူ 'ပါပ,ပါပက' ယုတ်မာသည်ဟူ၍ ဆိုလျှင်ကား 'ပြေးစရာ မြေမရှိ' ဆိုဘိသကဲ့သို့ ယုတ်မာမှုမှ လွတ်အောင် ပုန်းဖို့မလွယ်လွန်းပေရာ....။

ဤတွင် မြတ်စွာဘုရားက 'အနုပ္ပန္နာနံ အကုသလာနံ အနုပ္ပါဒါယ ဝါယာမော' ဟူ၍ မဟော၊ 'အနုပ္ပန္နာနံ ပါပကာနံ' စသည်ဖြင့် 'ပါပ' ဟူသောဝေါဟာရကိုသုံး၍ ဟောသည်ကို သတိပြုအပ်လှပေသည်။ မင်္ဂလာ တရားတော်မှာလည်း 'အာရတိ, ဝိရတိပါပါ' ဟု 'ပါပ' သဒ္ဒါဖြင့် ဟောတော်မူသည်၊ 'ပါပ' မှ ဝေးဝေးရှောင် အထူးရှောင်ဟု ဆုံးမတော်မူသည်။

မြတ်စွာဘုရားအနေဖြင့် စကားပြောသည့်နေရာ တရားဟောသည့်နေရာတွင် အမှတ်တမဲ့ ပြောမိ ဟောမိသည်ဟူ၍ လုံးဝမရှိ၊ ဝေါဟာရကို အလွန်နိုင်နင်းသည့် 'ဝေါဟာရကုသလ' အရှင်မြတ်ကြီးသာ ဖြစ်ဘိ၏။

သို့ဖြစ်၍ 'ဂဟပတိ' ခေါ် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေကြသူများအတွက် 'ပါပကာနံ အကုသလာနံ၊ ယုတ်မာသောအကုသိုလ်' ဆိုသည့်စကားအရ 'ဒုစရိုက်ဆယ်ပါး' ကို ယူသင့်လှပေသည်။ အကုသိုလ်တရားတွင် ဒုစရိုက်ဆယ်ပါးသည်သာ ပြဋ္ဌာန်းပေသည်။

ဒုစရိုက်ဆယ်ပါး အလေးအနက်ထားရမည့်အချက်နှင့်စပ်လျဉ်း၍ မဂ္ဂင်ရှစ်ပါးတွင် သီလမဂ္ဂင်ကို သတ်မှတ်ရာ၌ ဒုစရိုက်ကိုသာ အခြေခံထားသည်ကို ထောက်မျှော်ရမည်။ သမ္မာဝါစာ အရ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှု သမ္မာကမ္မန္တအရ ကာယဒုစရိုက်သုံးပါးမှ

ရှောင်ကြဉ်မှုတို့ကိုသာ ရယူသည်၊ ကျန်သော အကုသိုလ်ဟူသမျှမှ ရှောင်ရမည်ဟု မဆိုချေ။

သို့ဖြစ်သောကြောင့် ဤသမ္မပဓာန်အရာ၌ မဖြစ်သေးသော အကုသိုလ်ဟူသော စကားအရ 'ဒုစရိုက်အကုသိုလ်' ဟူ၍သာ မှတ်ယူအပ်ပေသည်။

ယင်း ဒုစရိုက်ဆယ်ပါးကား....

၁။ ပါဏာတိပါတ=သူတစ်ပါးအသက်ကိုသတ်ဖြတ်ခြင်း၊

၂။ အဒိန္နာဒါန=သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊

၃။ ကာမေသုမိစ္ဆာစာရ=ဂျာမမှု၌ မှားယွင်းစွာ ကျင့်ခြင်း၊

၄။ မုသာဝါဒ=လိမ်ပြောခြင်း၊

၅။ ပိသုဏာဝါစာ=ကုန်းတိုက်ခြင်း၊

၆။ ဖရုသဝါစာ=ဆဲရေးခြင်း၊

၇။ သမ္ဖပ္ပလာပဝါစာ=ကလေကဝ အလေနတ္တော စကားပြောခြင်း၊

၈။ အဘိဇ္ဈာ=သူ့ပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်ချင်မှု၊

၉။ ဗျာပါဒ=သူတစ်ပါး ပျက်စီးရန် ကြံစည်မှု၊

၁၀။ မိစ္ဆာဒိဋ္ဌိ=အယူမှားမှု၊

တို့ ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၈၈-ခု၊ ဇူလိုင်လ။

# ဘ၀ကို သတိဘရိတ်အုပ်၊ ဟိရိဩတ္တပ္ပနှင့် ထိန်းချုပ်သွားမည်ဆိုလျှင်

'မဖြစ်သေးသောအကုသိုလ်တို့ကို မဖြစ်ရအောင် လုံ့လပြုခြင်း' ဟူသော စကားရပ်၌ 'မဖြစ်သေးသော' နှင့် 'အကုသိုလ်' ဟူသော အချက်နှစ်ရပ်ကို ဖော်ပြခဲ့ပြီ။ ယခုဆက်လက်၍ 'မဖြစ်ရအောင်' 'လုံ့လပြု' ဟူသော အချက်တို့ကို တင်ပြရပေမည်။

မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ရအောင် အဘယ့်ကြောင့် လုံ့လပြုရမှာလဲ၊ ဤကား စဉ်းစားရမည့်အချက်။

ဤတွင် 'အကုသိုလ်' ဆိုတာ ဘယ်လိုဟာလဲဟု သိမှဖြစ်ပေမည်။

'အကုသိုလ်'ဆိုသည်ကား အပြစ်ရှိသော၊မကောင်းသောအကျိုးပေးသော သဘာ၀မျိုး၊ အလုပ်မျိုးဖြစ်၏။ အပြစ်ရှိ–အပြစ်မဲ့ဤနှစ်မျိုးနှင့် ချစဉ်းစားလျှင် 'အပြစ်ရှိ' ဖြစ်၏။ကောင်းကျိုးပေးတာနှင့် ဆိုးကျိုးပေးတာခွဲကြည့်လျှင် အကုသိုလ်သည် ဆိုးကျိုးကိုသာပေး၏။

ပါဏာတိပါတ–နွားကိုသတ်မယ်၊ ဆိတ်ကိုသတ်မယ်၊ ၀က်ကိုသတ်မယ်၊ လူကိုသတ်မယ်၊ အသတ်ခံရတဲ့သတ္တ၀ါက ချမ်းသာပျော်ရွှင်သွားသလား၊ ကြောက်ရွံ့ထိတ်လန့်ပြီး မချိမဆံ့ သေရရှာသလား၊ သတ်တဲ့လူသည်လည်း မေတ္တာစေတနာကလေးနဲ့ နှလုံးအေးအေး သတ်တာလား၊ ဒေါသစိတ်နဲ့ သတ်ရတာလား။

အဒိန္နာဒါန်–ခိုးတာရော၊ လုတာရော၊ တိုက်တာရော၊ အခိုးခံရတဲ့လူ၊ အတိုက်ခံရတဲ့လူက သဘောကျသလား၊ ခိုးတဲ့လူ တိုက်ကဲ့လူ

ကရော ဘုရားရှိခိုးတဲ့ ပုတီးစိပ်တဲ့အခါ ဖြစ်တဲ့စိတ်ကလေးမျိုးနဲ့ ခိုးတာ, တိုက်တာ, လုတာလား... ။

ကျွန်တဲ့ ဒုစရိုက်မှုတွေအတွက် တစ်ခုစီ ဆက်စဉ်းစားပါ။

နောက်ပြီး မျက်မြင်လောကမှာ အကုသိုလ် ဒုစရိုက်သမားတွေကို ကြည့်ပါ၊ သူတို့ဟာ တိုက်ကြီးနဲ့နေချင်နေမယ်၊ ကားကောင်းကြီး စီးချင်စီးနေမယ်၊ အဖိုးတန် စိန်ရွှေရတနာတွေ ဝတ်ချင်ဝတ်ထားမယ်၊ ခေတ်ပေါ် အဝတ်သစ်၊ အစားသစ်တွေ ဆင်ချင် ဆင်ထားမယ်၊ဒါပေမယ့် အကုသိုလ်ဒုစရိုက်သမားကို သေသေချာချာကြည့်ပါ၊ ကျက်သရေကို မရှိပါဘူး၊ ရုပ်အဆင်း ကြည်လင်မှု ဣန္ဒြေတည်ငြိမ်မှု စိတ်ခေတ် အေးငြိမ်း ချမ်းမြေ့မှု မရှိတာကို တွေ့ရပါမယ်။

မြတ်စွာဘုရားအနေဖြင့် အကုသိုလ် ဒုစရိုက်၏ ဆိုးပြစ်များကို အထူးတလည် သတိပေး ဆုံးမထားခဲ့သည်။ ဒုစရိုက်သမားတို့၏ ဖြစ်ရပ်ဆန်း၊ ဝတ္ထုဇာတ်လမ်းတို့မှာ ကျောချမ်းစရာ အတိသာ ဖြစ်သည်၊ ပေတဝတ္ထုပါဠိတော် စသည်မှာ ဒုစရိုက်သမားတို့၏ ဆန်းကြောင် ဆန်းကြယ် ဘဝဆိုးများကို ဖော်ပြထား၏။

သို့ဖြစ်၍ အကုသိုလ် ဒုစရိုက်ကို 'ဖြစ်အောင်' မလုပ်ရ၊ 'မဖြစ်အောင်' ရှောင်ရမည်ဆိုသည်ကို သဘောပေါက်နိုင်စရာ ရှိသည်။

'လုံ့လပြုခြင်း၊ အကုသိုလ်မဖြစ်အောင် လုံ့လပြုရမည်' ဆိုသော အပိုင်းသည်ကား အရေးကြီးဆုံးဖြစ်၏။

လောကသည်ကား အညစ်အကြေး ထူပြောသော နေရာဖြစ်၏၊ သတ်စရာတွေ၊ခိုးစရာတွေ၊ ကာမမှု မတရားပြုချင်စရာတွေ၊ လိမ်ချင်စရာတွေ၊ ဆဲချင်စရာတွေ၊ ကုန်းတိုက်ချင်စရာတွေ၊ မတရားလိုချင်စရာတွေ၊ ဤလောက၌ ပြည့်နှက်နေ၏။ သို့ဖြစ်၍ ဤလို လောကထဲ ကျရောက်နေသော ပုထုဇဉ်လူသားတစ်ဦးအနေဖြင့် ဒါတွေကို မကျူးလွန်မိအောင် မဖြစ်အောင် ရှောင်ဖို့ အတန်ကြီး ခဲယဉ်းပေသည်။

အဆိုပါ သတ်စရာတွေ ခိုးစရာတွေ ကာမမှု တရားမဝင် ပြုချင်စရာတွေ စသည်တို့ကား လောကပိုင်ပစ္စည်းတွေ ဖြစ်သည်၊ လမ်းပေါ်တွင် ထောင်ဖားသော ဆူးငြောင့်ခလုတ်တွေ ဖြစ်သည်၊ ထိုကဲ့သို့

ပြုချင်စရာ ဖြစ်ချင်စရာတွေကို မပြုမိအောင်၊ မဖြစ်ရအောင် (ဝါ) ခလုတ်မတိုက်အောင်၊ ဆူးမစူးအောင် သွားရဖို့အရေးကား လွယ်ကူသော ကိစ္စ မဟုတ်ပါချေ။

ထို့ကြောင့် အဆိုပါ အကုသိုလ်ဒုစရိုက်တွေ မဖြစ်ရအောင် 'လုံ့လပြု' ရမည့် အရေးကား သေးသောတာဝန် မဟုတ်ချေ၊သို့သော် မပြုမိအောင် ရှောင်မှတော့ ဖြစ်မည်၊ မဖြစ်ရအောင် ကြိုးစားမှ ဖြစ်မည်၊ သို့ဆိုလျှင် မည်သို့ရှောင်ရမည်လဲ၊ မည်သို့ ကြိုးစားရမည်လဲ။ အကုသိုလ် ဒုစရိုက်တွေ မဖြစ်ရအောင် လုံ့လပြုရမည့် အပိုင်း၌ ပထမ အရေးကြီးသော အချက်မှာ 'သတိ' ပင်ဖြစ်၏၊ ဒုတိယ အရေးကြီးသော အချက်မှာ 'ဟိရိ,ဩတ္တပ္ပ' ဖြစ်၏၊ တတိယ အရေးကြီးသော အချက်မှာ 'ကုသိုလ်အလုပ်ပင်' ဖြစ်ပေသည်။

အရှိန်နှင့်ပြေးလွှားနေသော မော်တော်ကားကို မတိုက်မခိုက်ရအောင် ထိန်းသောအရာကား ဘရိတ်ပင်ဖြစ်၏၊ ဘရိတ်သည် အရှိန်ကို သတ်ပေးသည့်အရာ၊ ရပ်ပေးသည့်အရာ ဖြစ်သည်၊ ထိုနည်းတူ လောကထဲ၌ ပြေးလွှားနေရသော လူသားတစ်ဦးအနေဖြင့်လည်း ဒုစရိုက်တွေနှင့် မတိုက်မိအောင် 'သတိ' တည်းဟူသော ဘရိတ် အုပ်ပေးရသည်၊ 'သတိ'သည် ကုသိုလ်သဘာဝဖြစ်၍ သတိရှိလိုက်သည်နှင့် အကုသိုလ်မပြုဖြစ်အောင် တန့်ခနဲ ရပ်လိုက်နိုင်သည်။

ထို့ကြောင့် မည်သူမဆို အကုသိုလ် ဒုစရိုက်တွေနှင့် မတိုက်မိ၊ မခိုက်မိအောင် 'သတိ' တည်းဟူသော ဘရိတ် အုပ်ပေးပါလေ၊ သတိဝင်လာလျှင် ပညာအဆင်ခြင်ပါလာတတ်ပါသည်။

သတိရှိနေလျှင် ဘာတွေဖြစ်လာတတ်သလဲ ဆိုပါက အကုသိုလ် ဒုစရိုက် ဖြစ်စရာတွေမှ ဝေးဝေးရှောင်နေတတ်သည်၊ အထူးရှောင်နိုင်တတ်သည်၊ တိုင်းတပ်တွင်း ပညာပေးသင်တန်း တက်စဉ်က သူငယ်ချင်း စစ်ဗိုလ်တစ်ယောက်က ပြောဖူးသည်၊ 'မိန်းမ ချောချောမြင်ရင် တရားလိုမလေးပဲလို့ မင်းတို့ သတိပြုကြ' ဟု သူ၏စစ်သားများကို ဆုံးမထားသတဲ့၊ 'သတိ' မလွတ် 'သတိ' မချွတ်ပါက မကောင်းမှုကို ရှောင်နိုင်လောက်ပါသ ည်။

နောက်တစ်ခုက 'ဟိရီ,ဩတ္တပ္ပ' ဟိရီဆိုတာ မိမိကိုယ်ကို တန်ဖိုးထားပြီး မကောင်းမှုမှရှောင်သည့် သဘာဝ၊ ဩတ္တပ္ပဆိုတာ ပတ်ဝန်းကျင်ကို လေးစားကြောက်ရွံ့ပြီး မကောင်းမှုမှ ရှောင်သည့်သဘာဝ၊ ထို့ကြောင့် ဟိရီ,ဩတ္တပ္ပ ရှိသူသည် မကောင်းမှုဒုစရိုက်များကို မပြုမိတတ်ချေ။

ဟိရီသည် မိမိ၏မျိုးရိုးအကျင့်သိက္ခာ၊ အရည်အချင်း၊ ရာထူးဂုဏ်သိန် စသည်ကိုအခြေခံ၏။ ငါလိုမျိုးကောင်းရိုးကောင်းတစ်ယောက် အနေနဲ့ ဒီလိုယုတ်ညံ့တဲ့အလုပ်မျိုး မလုပ်ထိုက်ဘူး၊ ငါလိုအကျင့်သိက္ခာ ရှိသူက ဒါမျိုးဘယ်လုပ်ကောင်းမလဲ၊ ငါလိုပညာတတ်တစ်ယောက်က ဒီလိုလုပ်တယ်ဆိုရင် ဘယ်ကောင်းမလဲ၊ ငါလို ရာထူးကြီးတဲ့ သူက ဒီလောက်အောက်တန်းကျတာသွားနိုက်လို့ ဘယ်ကိုက်ပါ့မလဲ၊ ဤသို့ ဤနှယ် ကိုယ့်ကိုယ်ကို တန်ဖိုးထားပြီးရှက်တတ်ပါက ဒုစရိုက်ကိုမပြုဖြစ်တတ်ပေ၊

ဩတ္တပ္ပသည် ပတ်ဝန်းကျင်ကိုအခြေခံ၏၊ ငါ ဒီလို မဟုတ်တရုပ် လုပ်ရင် လူကဲ့ရဲ့ခံရမယ်၊ ငါ့သား,ငါ့သမီး မျက်နှာငယ်မယ်၊ လူတွေက ငါ့ကိုဝိုင်းပယ်ကြမယ်၊ ဥပဒေအရ အရေးယူခံရမယ်၊ ဒါကြောင့် ငါ ဒီမကောင်းတာကိုလုပ်လို့မဖြစ်ပါဘူး၊ ဤသို့စဉ်းစားမိပြီး ဩတ္တပ္ပ ရှိလာရင် ဒုစရိုက်ကိုမလုပ်ဖြစ်ပေ။

ဆိုခဲ့ပါ 'သတိ'နှင့် 'ဟိရီ' 'ဩတ္တပ္ပ' ကင်းနေပြီဆိုလျှင်ဖြင့် ဒုစရိုက်တွေကိုလုပ်ပေလိမ့်မည်၊ သတိရှိဖို့ ဟိရီ,ဩတ္တပ္ပ ရှိဖို့သည်ကား မကောင်းမှုကိုမပြုဖြစ်အောင် လုံ့လပြုခြင်းမည်ပေသည်။

(ဤတွင် ဓမ္မဝိဋ္ဌာန်ကိုသာ တင်ပြပါသည်၊ စာဖတ်သူက မိမိတို့ သိဖူးကြားဖူးသည့် ဖြစ်ရပ်များအရ ဘယ်လူကြီးသည် သတိကချွတ်၊ ဟိရီ,ဩတ္တပ္ပ လက်လွတ်ပြီး ဘာကိုလုပ်လို့ ဘယ်ရာထူးကြီးကပြုတ်ကျသွားရတယ် စသည်ဖြင့် အကောင်အထည်ဖော်ပြီး ဆက်စဉ်းစားပါ၊ ဒါမှ ပိုအရသာရှိသည့်အပြင် မိမိအတွက်လည်း သတိပေးတဲ့ကြေးမောင်းကလေးတီးသလို ရှိနေပါလိမ့်မည်)၊

နောက် အကုသိုလ်ဒုစရိုက်တွေ မပြုဖြစ်အောင် လုံ့လပြုရမှာက ကုသိုလ်ဘက်ကို လိုက်စားခြင်းဖြစ်၏၊ အလှူအတန်းပေးကမ်းခြင်း၊

ငါးပါးသီလနှင့် ရှစ်ပါးသီလ ဥပုသ်စောင့်ခြင်း၊ ဘုရားစာ၊ တရားစာများကို ဖတ်ရှုလေ့လာခြင်း စသည်တို့သည် အကုသိုလ်မဖြစ်အောင် လုံ့လပြုနေခြင်း မည်ပါသည်။

မပေးရက် မကမ်းရက် ကပ်စေးနှဲခြင်း၊ ဘယ်တော့မှ ဥပုသ်မစောင့်ခြင်း၊ ဘုရားတရားစာအုပ်ဆိုရင် ပျင်းစရာဆိုပြီး ကိုင်တောင်မှ မကြည့်ခြင်း၊ မနက်မိုးလင်းလာရင် ကာတွန်း စာအုပ်နဲ့၊ ရေဒီယိုနဲ့၊ တီဗွီနဲ့နေခြင်း၊ ဤသို့ပြုလုပ်အားထုတ်နေခြင်းကား အကုသိုလ်ဒုစရိုက်တွေပြုဖြစ်အောင် အားထုတ်နေခြင်းမည်ပေသည်။

ဤလောက်ဆိုလျှင်....

(၁) မဖြစ်သေးသော၊

(၂) အကုသိုလ်ဒုစရိုက်တို့ကို၊

(၃) မဖြစ်ရအောင်၊

(၄) လုံ့လပြုခြင်း။

ဟူသောအချက်တို့နှင့်ပတ်သက်၍ သဘောပေါက်လောက်ပြီဟု ထင်ပါသည်။

လူသည် ကောင်းမှန်းဆိုးမှန်း သိတတ်သောသတ္တဝါမျိုးဟု ဆိုစရာရှိပါသည်၊ သို့သော် 'လူ' အမျိုးမျိုးကား ရှိလိမ့်မည်ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၈၈-ခု၊ ဩဂုတ်လ။

# ကင်ဆာ၊ တီဘီပိုးထက်ဆိုးသော အကုသိုလ်ကံသတ္တိ မျိုးဗီဇ

ယခုလ ဆက်ရမှာက 'ဖြစ်ပြီးသော မကောင်းမှု အကုသိုလ်ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း'ဟူသော ဒုတိယသမ္မပဓာန် ဖြစ်ပါသည်၊ ပါဠိတော်နည်းအရစဉ်ခြင်း ဖြစ်ပါ၏။

မလွဲမရှောင်သာ၍ ဖြစ်စေ၊ တမင်တကာ ဖြစ်စေ၊ သတ်ခြင်း၊ ခိုးခြင်း စသော မကောင်းမှုဒုစရိုက်တို့ကိုပြုခဲ့မိပြီးနောက် အသက်ကြီးလာသည့်အခါ ဖြစ်စေ၊ ဘဝ၏ အဆုံးလောကဓံတစ်ခုခုနှင့်တွေ့ကြုံရပြီး သံဝေဂရလာ၍ဖြစ်စေ မိမိပြုလုပ်မိခဲ့သော အကုသိုလ်ဒုစရိုက်နှင့် ပတ်သက်၍ ပြန်လည်သတိရလာတတ်သည်။

ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးအပြစ်ကို လက်ခံယုံကြည်သော ဗုဒ္ဓဘာသာဝင်တို့တွင် ဤသို့သော သဘောထားပြောင်းလဲမှု ဖြစ်လာတတ်သည်မှာ ဓမ္မတာလိုဖြစ်၏။ ကံ၊ ကံ၏အကျိုးကို မသိရှိ မယုံကြည်သော လူစားမျိုးမူကား ကိုယ်လုပ်တာအဟုတ်ထင်ပြီး သေသည်အထိ ဇွတ်တိုးပြီး အကုသိုလ်ဒုစရိုက်များကို ဆက်လက် ပြုလုပ်ကျူးလွန်သွားတတ်ကြသည်၊ ထိုသူမျိုးကို ယမမင်းက စောင့်ကြိုနှင့်ပေသည်။

အကုသိုလ်ဒုစရိုက်ပြုမိပြီးနောက် ပြန်လည်နောင်တရလာသူမျိုး အတွက် 'ပြုမိလေခြင်း၊ လုပ်မိလေခြင်း'ဟု စိတ်နှလုံးမချမ်းမြေ့မှု (ကုက္ကုစ္စ၊ ဝိပ္ပဋိသာရ)တွေ ဖြစ်လာပါက နောက်ပိုးတက်ပြီး ဒုက္ခ ပိုရောက်တတ်ကြောင်း၊ ထိုသို့သောနောင်တစိတ်မျိုးကို ဖျောက်ပစ်ဖို့

လိုကြောင်းကို ၁၉၈၇-ခုနှစ်၊ ဒီဇင်ဘာလဆောင်းပါးမှစ၍ ၁၉၈၈-ခု၊ မေလအထိ (၆)လတိုင်တိုင် ဤသိပ္ပံမဂ္ဂဇင်းတွင် ရေးသားခဲ့ပါပြီ။ သို့ဖြစ်ပါ၍ ဖြစ်ပြီးသော အကုသိုလ်ဒုစရိုက်ပြစ်မှုအတွက် ဘယ်နည်းနှင့်မျှ နောင်တဘာစ်ဖန် ပူပန်မှုမဖြစ်ထိုက်ကြောင်း သဘောပေါက်ပြီးဖြစ်ပါလိမ့်မည်။

ယခုဆက်လက်ရေးသားမည့်အချက်က 'ဖြစ်ပြီးသောမကောင်းမှုအကုသိုလ် (ဒုစရိုက်)ကို ယယ်ခြင်းငှာ လုံ့လပြုခြင်း'ဟူသော ဒုတိယသမ္မပဓာန်နှင့်စပ်လျဉ်း၍ ဖြစ်ပြီးသော (ဝါ) ပြုလုပ်ပြီးသော အကုသိုလ်ဒုစရိုက်ကို ဘယ်လိုပယ်ရမှာလဲ ပယ်ဖို့ ဘယ်လိုလုံ့လပြုရမှာလဲ ဆိုသည့်အလွန်အရေးကြီးသောအချက် ဖြစ်ပေသည်။

ဤမှရှေ့ဆက်ရေးမည့် အဘိဓမ္မာအချက်အလက်များကို သာမာန်မဂ္ဂဇင်းဆောင်းပါးလို သဘောထားပြီး အပေါ်ဖတ်လို့ကတော့ ခံယူချက်မြောက်အောင် သဘောပေါက်လိမ့်မည်မဟုတ်ပါ။ အလေးအနက်အကြိမ်ကြိမ်ဖတ်ပြီး စဉ်းစားဖို့ လိုပါလိမ့်မည်။

သတ်လိုက်ပြီ၊ သတ်တဲ့ အခါမှာလည်း ပါဏာတိပါတကံ၏အင်္ဂါမြောက်အောင်ပင် ကျူးလွန်မိလိုက်ပြီ၊ ထို့ကြောင့် ပါဏာတိပါတကံ ထိုက်ပြီဆိုပါစို့။

(ပါဏာတိပါတကံ၏ အင်္ဂါ စသည်တွေ ဝင်နေလျှင် အတွေးအခေါ် လမ်းကြောင်း ပြတ်သွားမှာ စိုး၍ ဤနေရာတွင် မထည့်တော့ပါ။)

သတ်တဲ့ဖြတ်တဲ့ စိတ်စေတနာသည် အဘိဓမ္မာသဘာဝဖြစ်၍ သတ်ပြီးဖြတ်ပြီး ချုပ်ပျက်သွားပါသည်၊ ထိုသူမှာ တခြားစိတ်စေတနာတွေ ဆက်ဖြစ်ပါသည်။ သတ်ပြီးသည့်နောက် သတ်တဲ့ဖြတ်တဲ့အပြုအမူတွေလည်း မရှိတော့ပါ၊ ပြီးလည်းပြီးရော ဆိုခဲ့ပါပြီးတာတွေက ပြီးပါသည်။ သို့သော်....

ဤ'သို့သော်' ကား အလွန်တရာမှ အရေးကြီးပါသည်။ပြီးတာတွေက ပြီးပေမယ့် မပြီးတာတွေက ကျန်ရှိနေပါသည်၊ မပြီးတာကဘာလဲဆိုတော့ 'သတ္တိ' (ကံ၏စွမ်းရည်သတ္တိ)က မပြီးပါ၊ ကျန်ရစ်ပါ

သည်၊ ဘယ်မှာ ကျန်ရစ်သလဲဆိုလျှင် ထိုပါဏာတိပါတ လူသား၏ နာမ်ခန္ဓာအစဉ်မှာ စွဲကျန်ရစ်ပါသည်။

ကမ္ဘာ့အယူဝါဒလောကတွင်ဤနေရာသည် လမ်းကွဲဖြစ်ပါသည်။ အချို့က သတ်ပြီးရင် ပြီးရော၊ ဘာမှမကျန်ဟု ယူဆပါသည်၊ ဒါက တိတ္ထိဆရာကြီး (၆) ယောက်၏ ဝါဒပါ။ တစ်နည်းအားဖြင့် အိန္ဒိယ အတွေးအခေါ်မှ ချာပကခေါ်သော ရုပ်ဝါဒသမားတို့၏ အယူအဆ အမှားအယွင်းပါ၊ သူတို့သည် ပစ္စက္ခမျက်မြင် သတ်ဖြတ်မှုကိုသာမြင်ပြီး ဖြစ်ပြီးသည့်နောက် ကျန်ရစ်နိုင်သည့် သတ္တိအထိ ဉာဏ်မမီနိုင်ကြ၍ ယခုလို ယူမှားမိကြခြင်း ဖြစ်ပါသည်။

အချို့က သတ်ဖြတ်မှု ပါဏာတိပါတ၏ အပြစ်တော့ရှိပါသည်။ ဒီအပြစ်တွေအတွက် လုပ်တဲ့လူမခံရအောင် ကြားက တန်ခိုးရှင်ဘုရားက တာဝန်ယူသည်ဟု ယုံကြည်ကြပါသည်။ ဤယုံကြည်ချက်မှာ လက်တွေ့ ဘဝအတွက် မဟုတ်ဘဲ သေပြီး နောက်ဘဝမှသာ ဖြစ်မည်အတွက် ဖြစ် သောကြောင့် မည်သူကမျှလိုက်ပြီး အမှားအမှန်မသိနိုင်သော အချက် ဖြစ်ပါသည်၊ ယုံချင်သူတို့ ယုံကြည်ကြခြင်း ဖြစ်ပါ၏။

မြတ်ဗုဒ္ဓတရားတော် အရကား ဤသို့မဟုတ်ချေ၊ သတ်ပြီး၊ ကံမြောက်ပြီးနောက် ပြုလုပ်သောကံက (ဝါ) စေတနာက ချုပ် သွားတော့သည်၊ ယင်းကံ၏သတ္တိမှာမူ ထိုသူ၏ နာမ်သန္တာန်၌ ထင်ဟပ် ကျန်ရစ်သည်၊ ထိုကံသတ္တိသည် အကြောင်းညီညွတ်လာလျှင် အကျိုးပေး လာပေသည်၊ (ပဋ္ဌာန်းဆက်အရ နာနာက္ခဏိကကမ္မသတ္တိဟု ခေါ်ပါ သည်၊)

ပမာဆောင်ရသော်သရက်ပင်တစ်ပင်ကိုကြည့်ပါ၊ ပွင့်ချိန်၊သီးချိန် ကျလျှင် ထိုသရက်ပင်ထဲမှ အပွင့်တွေ၊ အသီးတွေ၊ ပွင့်သီးလာပါ သည်၊ သရက်ပင်မှာ အချိန်ကျလျှင် ပွင့်ဖို့သီးဖို့ ဗီဇသတ္တိရှိနေသည်၊ရှိနေ၍သာ ထိုသို့ပွင့်သီးလာနိုင်ခြင်း ဖြစ်သည်၊

အချိန်ကျလာလျှင် ပွင့်စေမည့်၊ သီးစေမည့် ဗီဇသတ္တိကို သရက် ပင်ထဲမှာ ရှာ၍မတွေ့နိုင်၊ အမြစ်၊ ပင်စည်၊ အကိုင်း၊ အရွက်၊ မည်သည့် အရာကိုပင် ခုတ်ပိုင်းကြိချက်၍ရှာရှာ ထိုဗီဇသတ္တိကို ရှာတွေ့မည်မဟုတ်

ပါ၊ ယခု သိပ္ပံထွန်းကားသောခေတ်၌ပင် ထိုသို့သော ဗီဇသတ္တိမျိုးကို ရှာ၍ရနေသည်ဟု မသိဖူး မကြားဖူး ဖြစ်ချေမည်။

ထိုနည်းတူ ပါဏာတိပါတသမား၏ ကိုယ်မှာ ပါဏာတိပါတကံ သတ္တိ ရှိနေသော်လည်း၊ စိတ်, စေတသိက်, ရုပ်ဟူသော အဘိဓမ္မာ သရုပ်ဖြင့် ပိုင်းထုတ်၍ ရနိုင်မည် မဟုတ်ချေ။ သို့သော် သတ္တိကား ရှိလျက်သာ။ ယင်းသတ္တိသည် အဘယ်မျှ အစွမ်းရှိသနည်းဟူမူ ထိုသူ နိဗ္ဗာန်ရသည့်အထိ ထိုသူ၏ နာမ်သန္တာန်မှာ စွဲကပ်လျက် ရှိနေသည်။ (ဝါ) ဝပ်နေသည်။ ထိုသူ နိဗ္ဗာန်ရတော့မှ ထိုသတ္တိ လက်မြှောက်အရှုံးပေးသွားပြီး အဟောသိကံ (သတ္တိမဲ့ကံ) ဘဝသို့ ရောက်သွားရတော့သည်။

ထို ကံ 'သတ္တိ' သည် အကျိုးပေးဖို့ကျတော့ အခြေအနေကို စောင့်ရသည်၊ သူအကျိုးပေးချင်တိုင်း အကျိုးပေး၍ မရပေ၊ ရင့်ကျက်လာမှသာ အကျိုးပေးနိုင်သည်။ ရင့်ကျက်ဖို့အရေး၌ကား သူလို ကံသတ္တိတွေ ပို၍ ပို၍များလာရမည်၊ အားကောင်းလာရမည်၊ သူနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်ကံသတ္တိတွေက အားနည်းနေရမည်။ ဤလို အခွင့်ကောင်း ရလာလျှင် ယင်းသတ္တိကထပြီး အကျိုးပေးလာတော့သည်။ ကာမ,နယ် (ဝါ) ယခုလူ့လောကရှိ လူသားတွေ ပြုလုပ်နေကြသော မကောင်းမှုကောင်းမှုနယ်တွင် ဤနည်းအတိုင်းပင် ဖြစ်၏၊ ရင့်ကျက်မှသာ ကံ၏သတ္တိ က အကျိုးပေး ပီပြင်လာစေသည်။

ဤတွင်လည်း သစ်သီးဥပမာကိုပင် ပြရမည်။ သရက်ပင်မှ သရက်သီး သီးရာတွင် သီးခါစ ဖန်သည်၊ ကြီးလာတော့ ချဉ်သည်၊ အချိန်တန်၍ မှည့်တော့မှ ချိုလာသည်။ အချိုဓာတ် ဝင်လာသည်၊ အချိုဓာတ်ဝင်လာသည့် ဥပမာကဲ့သို့ မိမိတို့ပြုလုပ်ထားသော ကံ၏ သတ္တိသည်လည်း ရင့်ကျက်လာမှသာ အကျိုးတရားကို ပီပီပြင်ပြင် ဖြစ်ထွန်း လာစေလေသည်။

ဤသဘောတရား အခြေခံကြောင့်ပင်လျှင် အကုသိုလ်ဒုစရိုက်မှု ပြုကြသူများသည် ချက်ချင်းထ၍ အကုသိုလ်အကျိုးပေး မခံရ။ သူပြုသော အကုသိုလ်ကံက မရင့်ကျက်သေး၊ သူပြုဖူးသော ကုသိုလ်ကံသတ္တိက ရင့်ကျက်နေ၍ အကျိုးပေးနေလျှင် သူ ကောင်းစားနေမည်။ သူပြုသော အကုသိုလ်ကြောင့်ကောင်းစားခြင်းမဟုတ်ဟု အကုသိုလ်ကံသတ္တိက အစွမ်း

မပြခင် သူပြုဖူးသော ကုသိုလ်သတ္တိက ဝင်အကျိုးပေးနေ၍ ကောင်းစား ခြင်း ဖြစ်သည်။

(ထိုနည်းတူ ကုသိုလ်ပြုလုပ်သောသူ ချက်ချင်းထ၍ မချမ်းသာ သေးခြင်းကိုလည်း ဆက်စပ် စဉ်းစားနိုင်လောက်ပြီ။)

ယခု ဒုတိယ သမ္မပဓာန်အရ 'ဖြစ်ပြီးသော အကုသိုလ် ဒုစရိုက် တို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း' ဆိုရာ၌ ဒုစရိုက်ကို ပယ်၍မရ၊ ဖြစ်ပြီးပြီ။ ထို့ကြောင့် ပယ်ရန်လုံ့လပြုရမှာက ဆိုခဲ့ပါ 'သတ္တိ' (ကမ္မသတ္တိ)ကို အကျိုးပေးမလာအောင် လုံ့လပြုရမှာဖြစ်ပေသည်။

ယနေ့လူများသည် ပုထုဇဉ်တွေ မဟုတ်ပါလော။ ပုထုဇဉ်ဆိုက အကုသိုလ်ကင်းအောင် မည်သူမျှ မတတ်နိုင်ပါ။ ဒုစရိုက်ဆယ်ပါးထဲက တစ်နေ့မဟုတ်တစ်နေ့၊ တစ်ခုမဟုတ်တစ်ခု ကျူးလွန်မိကြလိမ့်မည်သာဖြစ် သည်။ မဖြစ်သေးသော အကုသိုလ်ဒုစရိုက်ကို မဖြစ်ရအောင် လုံ့လပြု နေသည့်ကြားကပင် မလွှဲမရှောင်သာ အကုသိုလ် ပြုမိကြမည်ဖြစ်သည်။ မဖြစ်အောင် လုံ့လမပြုသူမျိုးမှုကား ပို၍ပင် အကုသိုလ် ဒုစရိုက်ကြော ကွင်း လည်ပင်းစွပ်နေပေရာသည်။

သို့ဖြစ်၍ ပြုမိ၊ လုပ်မိ၊ ကျူးလွန်မိခဲ့သော အကုသိုလ် ဒုစရိုက် (ဝါ)ယင်းဒုစရိုက်တို့၏သတ္တိကို ပယ်နိုင်ဖို့ဆိုသည့်အရေးသည်ကား လူ့ ဘဝတွင် အရေးတကာ အရေးထဲ၌ အရေးကြီးဆုံးဟု ဆိုရပေမည်။ ဒါန၊ သီလ၊ ဘာဝနာထက်ပင် အရေးကြီးသေးသည်ဆိုက လွန်အံ့ မထင် ပါ။ ဤကဲ့သို့ မိမိကိုယ်တွင်း၌ ကိန်းအောင်းနေသော အကုသိုလ်သတ္တိ (ဝါ) ကိုယ်တွင်းဘေးဆိုး ရောဂါဆိုးကို သက်သာအောင် ပျောက် ကင်းအောင် လုပ်ဖို့ဆိုလျှင် ကင်ဆာ၊ တီဘီပိုးကို တိုက်ဖျက်ဖို့ထက်ပင် အရေးကြီးပေသည်။ အဘယ်ကြောင့်နည်း။ ကင်ဆာ၊ တီဘီရုပ်ရောဂါ ကြောင့် သေရမည်ဆိုလျှင် ဤလက်ရှိဘဝတစ်ခုသာ ဒုက္ခရောက်မည်၊ သေမည်။ အကုသိုလ်တို့၏ သတ္တိတည်းဟူသော နာမ်ပိုး နာမ်ရောဂါ သည်ကား ဘဝဆက်ကာ ဒုက္ခပေးမည်၊ သတ်မည်ဖြစ်၍ ပို၍ အရေး ကြီးကြောင်း စဉ်းစားမိသူတိုင်း သဘောပေါက်နိုင်ပေသည်။

ဤကဲ့သို့ အလွန်အလွန်နက်ရှိုင်းလေးနက်ပြီး အန္တရာယ်များလှသော မိမိကိုယ်မှာရှိနေသည့် အကုသိုလ်ကံသတ္တိကို သုက်သာအောင် ပျောက်ကင်းအောင် ကုစားမည့်ပြုလုပ်မည့် နည်းပညာဆိုသည်မှာ ဗုဒ္ဓရှင်တော်ဘုရား တစ်ပါးတည်းသာသိသော ဗုဒ္ဓမူပိုင်နည်းပညာ ဖြစ်ပေသည်၊ ဗုဒ္ဓရှင်တော်ဘုရား ပွင့်ပေါ်လာမှ ဟောကြားထား၍ ဗုဒ္ဓဘာသာတို့သာသိသော နည်းပညာဖြစ်ပေသည်။

နည်းပညာပိုင်းသည် အဘယ်မျှအရေးကြီးသနည်း၊ သိပ္ပံလောကတွင် နည်းပညာကို ဒေါ်လာနှင့်ရောင်းပြီး ရွှေနှင့်လည်း ဝယ်ယူနေပါသည်၊ အဆင့်မြင့် နည်းပညာကို သန်းချီပေးပြီး ခိုးထုတ်နေကြသည်၊ အသက်စွန့်၍ ရယူနေကြသည်။ ဤအချက်ကို ထောက်ထားလျှင် နည်းပညာပိုင်းသည် အဘယ်မျှ အချက်အချာကျကြောင်း သိလောက်ပါပေသည်။

ဤတွင် သင်တို့ ကျွန်ုပ်တို့ အပါအဝင် ကမ္ဘာ့ပုထုဇဉ် လူသားတိုင်း ရင်ခွင်ပိုက်ထားရသော အကုသိုလ်ကံသတ္တိဟည်းဟူသော ဒုက္ခမျိုးဗီဇ၊ ဘေးအန္တရာယ်မျိုးဗီဇ၊ ပျက်စီးခြင်း အမျိုးမျိုး၏ မျိုးဗီဇ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့၏ မျိုးဗီဇကို မြုံသွားအောင်၊ ညှိုးသွားအောင်၊ သေသွားအောင် ပြုလုပ်နိုင်သော အံ့မခန်းနည်းပညာကို ကျွန်ုပ်တို့ ဖော်ထုတ်ရပေမည်။

သို့သော် ဗုဒ္ဓဘာသာအချို့သည် ဗုဒ္ဓဘာသာတရားနှင့် စပ်လျဉ်း၍ အထာပေါက်သည်အထိ တကယ်လည်းမသိကြ၊ သိသည်ဟုလည်း ထင်နေကြ၏၊ ကြားလိုက်လျှင်လည်း ရိုးနေသည်လိုလို မှတ်ထင်ကြသည်၊ ခပ်ပေါ့ပေါ့ သဘောထားတတ်ကြ၏၊ နည်းပညာကို သိဖြန်တော့လည်း လက်တွေ့အသုံးမချကြချေ။

ပစ္စက္ခဗုဒ္ဓဘာသာ လူ့ဘောင်ဘဝတွင် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ စသော လောကီအရေးများနှင့် လောကုတ္တရာအရေးအခင်းများ၌ မြတ်ဗုဒ္ဓ၏ အဆုံးအမလမ်းညွှန်ချက်ကို ဦးထိပ်ထားပြီး လက်တွေ့လက်ကိုင် ပြုလုပ်ကြသော ဗုဒ္ဓဘာသာဝင်

ဘယ်နှစ်ဦးရှိသလဲဟူသော မေးခွန်း၏အဖြေသည် အထက်ပါသုံးသပ်ချက်ကို ထောက်ခံပါလိမ့်မည်။

သို့ရာတွင် အဘိဓမ္မာ လမ်းကြောင်းတွင် ဘောင်ဝင်လာသည့် အချက်များဖြစ်၍ အကုသိုလ်ပယ်မှုဆိုင်ရာ နည်းပညာကို ဆက်လက်တင်ပြရပေမည်။

နှစ်ဖက်လှ
၁၉၇၇-ခု၊ စက်တင်ဘာလ။

မှတ်ချက်။ ၇အရေးအခင်းကြောင့်
၁၀-၇၇, ၁၁-၇၇, ၁၂-၇၇
မဂ္ဂဇင်းမထွက်။

# ကံနှင့်ပတ်သက်၍ ဗုဒ္ဓအယူဝါဒနှင့် လုပ်နည်းလုပ်ဟန်များ

ဖြစ်ပြီး ပြုပြီးသော မကောင်းမှု အကုသိုလ်ဒုစရိုက်တို့ကို ပယ်ခြင်းငှာ လုံ့လ ပြုခြင်းဟူသော ဒုတိယ သမ္မပဓာန် နှင့် စပ်လျဉ်း၍ အကုသိုလ်ဖြစ်ပြီး ပြုပြီးနောက် လူ၌ကျန်ရစ်သော ကံသတ္တိ (မျိုးဗီဇ) ကို ပယ်ရန်အတွက် အလွန် အဖိုးထိုက်သော နည်းပညာ တစ်ရပ်ကို ဖော်ပြမည်ဖြစ်ကြောင်း ပြီးခဲ့သောလက ပဋိညာဉ်ပြုခဲ့ပါသည်။

မည်သူမဆို ကုသိုလ်ကောင်းမှုကို ပြုလုပ် အားထုတ်ကြသည့် နည်းတူ သတ်မိခြင်း၊ လိမ်မိခြင်း၊ ဆဲရေးတိုင်းထွာမိခြင်း စသော မကောင်းမှု အကုသိုလ်ဒုစရိုက် တစ်ခုခုကိုလည်း မလွှဲမကင်းသာ ပြုမိထားကြမည်သာ ဖြစ်ပါသည်။ ထိုသို့ကျူးလွန်မိခဲ့သော ဒုစရိုက်ကံနှင့် စပ်လျဉ်း၍ 'ငရဲကျီး' ခဲ့ရသော ပြစ်မှု၏ဆိုးကျိုးပေး မလာစေရေး အတွက် အဟန့်အတား ပြုနိုင်မည့် နည်းပညာရပ်မှာ လူသားတစ်ဦး အတွက် အဘယ်မျှလိုအပ်မည်ကို အထူးတင်ပြဖွယ်မလိုပါချေ။

ဤတွင် နည်းပညာကို မဖော်ပြမီ ထိုနည်းပညာအတွက် လမ်းသွယ်ပေးသော အခြေခံ အချက်ကို ကြိုတင် သဘောပေါက်ထားဖို့ လိုအပ်ပါသည်။ သို့မှသာ နည်းပညာ၏ ခိုင်မာမှု၊ အားကိုးယုံကြည် လောက်မှုကိုရစေပြီး လူသားတစ်ဦးအနေဖြင့် လက်တွေ့ အသုံးချဖြစ် လိမ့်မည်ဖြစ်ပါသည်။

ပထမအချက်မှာ လူတို့ ပြုလုပ်သော အကုသိုလ်ကံ၏ သဘောသဘာဝ ဖြစ်ပါသည်။ လူတို့ပြုလုပ်သော အကုသိုလ်ကံနှင့် စပ်လျဉ်း၍

ဘုရားရှင်လက်ထက်က ပြဿနာပေါ်ခဲ့ပြီး ထိုပြဿနာ၏ အဖြေမှန်ကို သာဓုညှ ဘုရားရှင်က ပေးခဲ့ပါသည်။ ဤနေရာ၌ ထို အဖြေမှန်ကို ထုတ်ဆောင်တင်ပြရပါမည်။

သူ့ခေတ်သူ့အခါ၌ ဂိုဏ်းဆရာ (ဘာသာရေးဆရာ) တစ်ဦး ဖြစ်သော နိဂဏ္ဌနာဋပုတ္တဆရာကြီးက အသိဗန္ဓက ရွာသူကြီး၏သား အား ဤသို့ဟောကြားပါသည်။

'ပါဏာတိပါတ ကျူးလွန်သူမှန်သမျှ အပါယ်ကျ၏၊ ခိုးသူ၊ ကာမကျူးလွန်သူ၊ လိမ်ပြောသူတို့လည်း အပါယ်ကျ၏'။

'များသော ထိုထိုကံက ဆောင်သွား၏'

ဟု ဆက်ဟောလိုက်ပါသည်။

ဤသို့ အတိအကျဟောကြားပြီး သူက ဆက်ပြောလိုက်သည်မှာ....

နိဂဏ္ဌ ဆရာကြီး၏ အယူဝါဒ အရ ဖြစ်မိသော ပြုမိသော အကုသိုလ်ဒုစရိုက်ကိုပယ်၍ မရတော့ချေ၊ ကုစား၍ မဖြစ်နိုင်တော့ချေ။ အထက် ဒုတိယသမ္ပဓာန်အတိုင်း ပယ်ခြင်းငှာ လုံ့လပြု၍ မဖြစ်တော့ ချေ။ သတ်မိလျှင်၊ ခိုးမိလျှင် အပယ်ကျဖို့သာ ဖြစ်ပေတော့၊ အပါယ် တစ်လမ်းသွား ဖြစ်ပေတော့မည်။

ဤအထိ ရှင်းအောင် စဉ်းစားထားပါ။

အသိဗန္ဓက ရွာသူကြီး၏သားက နိဂဏ္ဌဆရာကြီး၏ ဟောပြော ချက်အပေါ် ဘဝင်မကျသဖြင့် မြတ်စွာဘုရားထံ လာရောက် လျှောက် ထားပါသည်။ နိဂဏ္ဌဟောသည့်အတိုင်း ဟုတ်၊ မဟုတ်။

ဤတွင် မြတ်စွာဘုရားက ကမ္ဘာကျော်ရှေ့နေကြီးများ၏ ဉာဏ် လောက်မကသော ဉာဏ်တော်ဖြင့် နိဂဏ္ဌ၏စကား (၀၁) ထွက်ဆိုချက် မှ **အရေးပါသောစကားကိုကောက်ပြီး** ဤသို့ရှင်းလင်းပါသည်။

နိဂဏ္ဌစကားတွင် 'များသောထိုထိုကံက ဆောင်သွား၏' ဟူသော အချက် ပါနေသည်။ မြတ်စွာဘုရားက နိဂဏ္ဌ၏ ဆိုစကားအရ မှန်ခဲ့ သော် ပါဏာတိပါတစသည်ကိုကျူးလွန်သော မည်သူတစ်ဦးတစ်ယောက် မျှ အပါယ်ကျတော့မည်မဟုတ်ဟု စကားကို တည်လိုက်ပါသည်။ (၀၁) ဓမ္မာစရိယတန်းနည်းဖြင့် ပြောရပါမူ 'ထပနာ' ကိုင်လိုက်သည်ဟူလို။

ဆိုလိုသည်မှာ များသောအားဖြင့် ဆောင်သွားရိုးမှန်လျှင်....

(၁) လူသည် တစ်နေ့ ၂၄-နာရီ ရှိသည့်အနက် ပါဏာတိပါတအမှုကိုပြုသောအချိန်က အဘယ်လောက် ကြာသနည်း၊ တစ်မိနစ်လား၊ ငါးမိနစ်လား၊ တစ်နာရီလား စသည်။

(၂) ထိုသူသည် ပါဏာတိပါတ အမှုကို မပြုဘဲ လွတ်နေသောအချိန်က အဘယ်မျှရှိသနည်း။

ဤကဲ့သို့ လက်တွေ့ကျကျ စိစစ်သောအခါ ၂၄-နာရီ တစ်နေ့တာတွင် ပါဏာတိပါတ ကျူးလွန်သော အချိန်က အလွန့်အလွန်နည်းပါး တိုတောင်းပြီး ပါဏာတိပါတ ကင်းလွတ်နေသော အချိန်ကသာ များပြားရှည်ကြာလေသည်။ ပါဏာတိပါတ လွတ်နေသော အချိန်တွင် အခြားသော ကောင်းမှုကုသိုလ်များကိုလည်း မပြုဟု မဆိုသာ၊ ယုတ်စွအဆုံး မိမိအိမ်၌ မွေးထားသော ကြောင်ကိုပင် အစာကျွေးမွေးပေရာသည်။

(ခိုးခြင်း၊ ကာမကျူးခြင်း၊ လိမ်ခြင်းစသော ဒုစရိုက်များလည်း နည်းတူပင်။)

ဆက်လက်၍ မြတ်စွာဘုရားက ဟောကြားသည်မှာ 'ငါသည်သတ်မိပြီ၊ ငါ့ဆရာကလဲ သတ်မှုကျူးလွန်လျှင် မုချအပါယ်ကျမည်ဟု ဟောထားသည်၊ ထို့ကြောင့် ငါတော့ ကျိန်းသေ အပါယ်ကျတော့မည်' ဤကဲ့သို့ မိစ္ဆာအယူကိုယူမိပြီး၊ ထိုအယူကို မစွန့်ဘဲ သေသည်ရှိသော် အဲဒါမှ အပါယ်ကျမည်ဟု ထပ်ဆင့်ဟောတော်မူလိုက်ပါသည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရား၏ ယထာဘူတဝါဒမှာ ပါဏာတိပါတ ကျူးလွန်မိပြီဆိုတိုင်း သေလျှင် မုချအပါယ်ကျရမည်ဟု မဆိုချေ။ ဗုဒ္ဓဝါဒတွင် မိဘကိုသတ်ခြင်းစသော ပဉ္စာနန္တရိယကံကြီး ထိုက်သူမျိုးသာသေလျှင် ဧကန်အပါယ်ကျသည်ဟု ဆိုသည်။ ကျန်သော ဒုစရိုက်မှုကျူးလွန်သူ မဆိုချေ။

မြတ်စွာဘုရားသည် ပါဏာတိပါတ၏အပြစ်၊ အဒိန္နဒါန် အပြစ်စသည်ကို ကဲ့ရဲ့ရှုတ်ချတော်မူပါသည်။ အားမပေးပါ၊ သို့ရာတွင်သဘာဝ

မှန်ကိုကား ထိန်ချန်လှည့်ပတ်ခြင်း မရှိချေ။ ဓမ္မတာလမ်းကိုသာ ဖော်ပြခြင်းဖြစ်ပေသည်။

ဖော်ပြပါပထမအချက်ကိုသဘောပေါက်အောင် ဆင်ခြင်နှင့်ပါ၊ ဤအချက်သည် ဖော်ပြလတ္တံ့သော နည်းပညာအတွက် လှေကားထစ်ဖြစ်ပါလိမ့်မည်။

ဒုတိယအချက်မှာ လူ၏စိတ်ပိုင်းဆိုင်ရာအစွမ်းသတ္တိနှင့် သက်ဆိုင်ပါသည်။ စိတ္တဗေဒဆန်သည်ဆိုပါစို့။

ဤတွင် လူ့စိတ်၏စွမ်းရည်ထက်မြက်မှုကို ပထမအသိအမှတ်ပြုဖို့လိုပါသည်။ ကျွန်ုပ်တို့လူကိုယ်ခန္ဓာတွင်ရှိသော ရုပ်ပိုင်း ၃၂-ကောဋ္ဌာသသည် စိတ်နှင့်စာလျှင် စွမ်းရည်နည်းပါးပါသည်။ သိပ္ပံက ဦးနှောက်ကိုပြောနေသည်မှာ ဟဒယနှလုံးကအခြေခံပြီး ဦးနှောက်မှတစ်ဆင့် ဖြစ်နေသည့် စိတ်တည်းဟူသော နာမ်သတ္တိကို မသိသေး၍ ဖြစ်ပါသည်။ အမှန်တကယ်မှာ ယနေ့သိပ္ပံက လက်ဆုပ်လက်ကိုင်မပြုနိုင်သေးသော စိတ်၏စွမ်းရည်မှာ အံ့မခန်းဖြစ်ပါသည်။

သို့ဖြစ်၍ လူ၏စိတ်သည် လူ့သဘာဝကိစ္စများအတွက် အရေးပါလှသည်ဟု ကြိုတင်သတိပြုရန် ဖြစ်ပါသည်။

တတိယအချက်မှာ ဗုဒ္ဓဘာသာရဟန်းတော်များလောက၌ အသုံးပြုလျက်ရှိသော အာပတ်ဖြေနည်းကို နားလည်ဖို့ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သူ၏ဗုဒ္ဓသာသနာတော်ကို ထူထောင်ရာ၌ သာသနာ့ဝင်ရဟန်းလောကကို ဖွဲ့စည်းပါသည်။ လူတို့အား ကျင့်ဝတ်စည်းကမ်းများပေးပြီး ရဟန်းအဖြစ် ခံယူစေပါသည်။ ရဟန်း အဖွဲ့အစည်းအတွက် 'ဝိနည်း' ခေါ်သော စည်းကမ်းကို တိကျပြည့်စုံစွာ ပညတ်သတ်မှတ်ပေးထားသည်၊ မည်သည့်အမှုကိုကျူးလွန်လျှင် မည်သည့်အပြစ်သင့်စေ စသည်ဖြင့် အကွက်စေ့စေ့ ပြဋ္ဌာန်းထားသည်။

အစားစည်းကမ်း၊ အဝတ်စည်းကမ်း၊ အနေစည်းကမ်း၊ အကျင့်စည်းကမ်း အမြောက်အမြား ပြဋ္ဌာန်းပေးထားပြီး သူ၏ရဟန်းများကို ကမ္ဘာပေါ်၌ အယဉ်ကျေးဆုံးလူသားဖြစ်အောင် ဖော်ထုတ်ထားသည်။

သို့ ဂုတွင် သာသနာဝင်ရဟန်းများတွင် ပုထုဇဉ်များပါရှိရာ၊ ပုထုဇဉ်သာ ာဝအတိုင်း တစ်ခါတစ်ရံ ဥပဒေစည်းကမ်းကို ဖောက်ဖျက်ကျူးလွန်မိ ာတ်သည်။ ဤသို့ ကျူးလွန်ကြမည်ဟုလည်း သိရှိတော်မူ၍ မည်သည့်အပြစ်ကိုပြုလျှင် မည်သည့်အာပတ်သင့်စေ (ဝါ) အပြစ်ကျစေဟု သတ်မှတ်တော်မူထားသည်၊

ဤတွင်စဉ်းစားရန်ကား— မြတ်စွာဘုရားချမှတ်ထားသော ကျင့်ဝတ် စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်မိသော ရဟန်းများ (ဝါ) အာပတ်သင့်သောရဟန်းများအတွက် မြတ်စွာဘုရားက ဘယ်သို့စီစဉ်ခဲ့သလဲ၊ ဒီအတိုင်းပစ်ထားခဲ့သလား၊ ဤအချက်မှာ စဉ်းစားရမည့်အချက်ဖြစ်၏။

အကယ်၍ အပြစ်သင့်သောရဟန်း (ဝါ) အာ ပ်သင့်သော ရဟန်းအား သူ့အပြစ်နှင့်သူခံ သူ့ထိုက်နှင့်သူ့ကံဟု ပစ်ထားခဲ့ပါက မြတ်စွာဘုရားသာသနာတော်သည် စ,လယ်,ဆုံး ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသော သာသနာမဟုတ်ရာပါ၊ ထို့ကြောင့် ဤသို့ပစ်မထားခဲ့ပါချေ။

အပြစ်ကို အကြီး အသေး၊ အလေး အပေါ့ခွဲခြားပြီး အပြစ်ကြီးလွန်းပါက သက်နှ်းကိုချွတ်ခိုင်းပြီး လူဝတ်ကို ပြန်ဝတ်စေပါသည်။ အလတ်စားအပြစ်မျိုးဆိုပါက သံဃာ (၂၀)ထံမှာ ဝန်ချတောင်းပန်စေသည်။ အငယ်စားအပြစ်မျိုးဖြစ်ပါက ‘ဒေသနာကြား’ စေပြီး အပြစ်ကို ရပ်စေပါသည်။

ဤတွင် ‘ဒေသနာကြား’ ဟူသော သာသနာ့လုပ်ထုံးလုပ်နည်းတစ်ရပ်ကို နားလည်ဖို့လိုပါသည်။

ပမာဆိုစို့ ရဟန်းတစ်ပါးသည် ခြင်ကိုရိုက်သတ်လျှင် ‘ပါစိတ်’ ဆိုသော အာပတ်သင့်၏။ ထိုအာပတ်သည် ထိုရဟန်း၌ သင့်လိုက်သည့်အချိန်မှစပြီး အကုသိုလ်မျိုးဗီဇဖြစ်သွားလေပြီ၊ သတ်တဲ့အတွက် ပါဏာတိပါတက တစ်ပြစ်၊ မသတ်ရဘူးလို့ မြတ်စွာဘုရားက တားမြစ်ထားပါလျက် ကျူးလွန်သည်ဖြစ်သောကြောင့် မြတ်စွာဘုရားအာဏာကို ဖီဆန်တာက တစ်ပြစ်၊ နှစ်ပြစ်ကျနေသည်။ ဤအတိုင်းဆက်ထားပါက ထိုရဟန်းအဖို့ မသက်သာချေ၊ အပြစ်များရှင်သန်နေပေလိမ့်မည်။

ဤတွင် မြတ်စွာဘုရားက ထိုရဟန်းပြုမိသောအပြစ် သက်သာသွားစေရန် (ဝါ) ရပ်တန့်သွားစေရန် ကုစားနည်းတစ်ရပ် သတ်မှတ်ပေးခဲ့သည်၊ ဤကုစားနည်းကို ဒေသနာကြားနည်းဟု ခေါ်ကြရသည်။

ဒေသနာကြားရာ၌ အာပတ်သင့်နေသောရဟန်းသည် ရဟန်းကောင်းတစ်ပါးကိုရှာပြီး ထိုရဟန်းထံမှာ မိမိအပြစ်ကို ဖွင့်ဟဝန်ခံရသည်၊ နောက်မကျူးလွန်တော့ပါဘူးဟု ကတိပြုရသည်။

ဒေသနာကြားနာပုံမှာ ဤသို့ဖြစ်၏။

အပြစ်သင့်သော ရဟန်းသည် သင်္ကန်းကိုလက်ကန်တော့တင်ပြီး ရဟန်းကောင်းတစ်ပါး၏ဘေးနားကပ်၍ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီရသည်၊ နောက်ပြီး ဤသို့ပြောဆိုကြရ၏။

အပြစ်သင့်ရဟန်း— အရှင်ဘုရား တပည့်တော်သည် ,အာပတ်အပြစ်ကို အရှင်ထံမှာ ဖွင့်ဟပြောကြားပါသည်၊

ရဟန်းကောင်း— ကောင်းပြီ....ကောင်းပြီ၊

အပြစ်သင့်ရဟန်း— အရှင်ဘုရား တပည့်တော်သည် (ခြင်ကိုသတ်မိ ခြင်းတည်း ဟူသော) ပါစိတ်အာပတ်အပြစ်သို့ ရောက်ခဲ့ပါသည်။ ထိုအပြစ်ကို အရှင်ဘုရားထံ၌ တစ်ဖန်ပြောကြားပါ၏။

ရဟန်းကောင်း— ငါ့ရှင် သင်သည် ကိုယ့်အပြစ်ကို ကိုယ်ရှုပါ။

အပြစ်သင့်ရဟန်း— မှန်ပါ၊ အပြစ်ကိုရှုပါ၏၊ မြင်ပါ၏ဘုရား။

ရဟန်းကောင်း— နောက်တော့ ဒီလို အာပတ်အပြစ်မျိုးကို မပြုမလုပ်တော့ပါဘူးလို့ စောင့်ထိန်းမှုကိုပြုသွားပါ။

အပြစ်သင့်ရဟန်း— ကောင်းပါပြီ အရှင်ဘုရား၊ ရှေ့ကို စောင့်ထိန်းသွားပါမည်။

ရဟန်းကောင်း— ကောင်းပေစွ....ကောင်းပေစွ။

(ယခုခေတ်တွင်မူ အပြစ်အလိုက်ဖော်မပြောဘဲ လုံးပြီး ဒေသနာကြားကြသည်)။

အထက်ဖော်ပြပါ ဒေသနာကြားမှုကို ခေတ်အမြင်ဖြင့် သုံးသပ်ကြည့်လျှင် အဖိုးတန်လှသော အောက်ပါအချက်တို့ကိုတွေ့ရသည်၊

(၁) အပြစ်သင့် ရဟန်းသည် မိမိအပြစ်ကို ဖုံးဖိမထားခြင်း (အပြစ်မရှိလေဟန်,ဟန်ဆောင်ပြီးမနေခြင်း)။

(၂) ရိုးသားဖြောင့်မတ်ခြင်း (အပြစ်ကျူးလွန်မိသည်ကို ဖွင့်ဟဝန်ခံသည် မဟုတ်လော)။

(၃) အပြစ်ကို အပြစ်အလျောက် ရှုမြင်ခြင်း။

(၄) ဤသို့သောအပြစ် (အာပတ်)မျိုးကို နောင်မကျူးလွန်တော့ပါဘူးဟု စိတ်ကိုဖြစ်စေပြီး၊ ရဟန်းကောင်းထံ၌ ကတိပြုခြင်း။

အနည်းဆုံး ဤအချက်လေးရပ်ကို တွေ့ရပေသည်။

ဤသို့ရိုးသားဖြောင့်မတ်စွာ ဖွင့်ဟဝန်ခံပြီးနောက် မကျူးလွန်တော့ပါဘူးဟု ကတိပြုသည့်အတွက် သူ့မှာ ထိုက်ခဲ့သော အပြစ် (အာပတ်)ရပ်သွားသည်၊ မတိုးမပွားတော့ပေ။

သို့သော် ကျူးလွန်ခဲ့သောအပြစ် (အာပတ်) လုံးဝပျောက်ပျက်သွားသည်တော့ မဟုတ်ပါ။ ရှေ့ရှောက် မတိုးပွားတော့ဘဲ ဤတွင်ရပ်သွားခြင်းဖြစ်၏။

နောက်အရေးကြီးသော အချက်တစ်ရပ်မှာ ကိုယ့်အပြစ်ကိုယ်ဖုံးမထားသည့်အတွက် သူ့ကို 'လဇ္ဇီ'အရှက်ရှိသော သူတော်ကောင်းဟု ဆိုရပေမည်။ မှန်၏၊ အလဇ္ဇီသည် ကိုယ့်အပြစ်ကို အဖက်ဖက်က လှည့်ဖုံးဖိဟန်ဆောင်နေတတ်ပေသည်။

မြတ်စွာဘုရားက ဤကဲ့သို့ ဒေသနာကြားလျှင် ရဟန်းတို့အားသင့်မိသော အာပတ်အပြစ်ရပ်သွားစေသည် (ဝါ) သက်သာစေသည်ဟု ဟောကြားပညတ်တော်မူခဲ့သည်။

ဤတွင် ရိုးသားဖြောင့်မတ်စွာ ဖွင့်ဟဝန်ခံရဲသောလူ၏စိတ်ဓာတ်၊ နောင်မလုပ်တော့ပါဘူးဟု ရှောင်ကြဉ်ဖို့ ရည်သန်သည့် စိတ်ဓာတ်သည် အလွန်အဖိုးတန်လှသည်။ ဤသို့သော စိတ်ကောင်း စိတ်မြတ်ကြောင့် ပင် သူ့မှာ အာပတ်အပြစ် တန်နိုးရပ်သွားခြင်းဖြစ်ပေသည်။

ဤတတိယအချက်ကို ကျွန်ုပ်တို့လူသားတို့အတွက် အကုသိုလ်ကံ သတ္တိပယ်ရန် ဖြစ်သော နည်းပညာ၏ သဘာဝကျသော အထောက် အထားတစ်ရပ်အဖြစ် မှတ်သားရမည်ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၇၉-ခု၊ ဇန်နဝါရီလ။

မှတ်ချက်။ ။အရေးအခင်းပြီးမှ
ဆက်ထွက်သည်။

# လူ့အာပတ်ဖြေနည်း

'ပြုခဲ့မိသော မကောင်းမှုအကုသိုလ် ဒုစရိုက်အပြစ်တို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း'ဟူသောအချက်နှင့် ပတ်သက်၍အောက်တိုဘာလ ဆောင်းပါး၌ ပယ်နည်း အခြေခံအဖြစ် အချက်(၃)ချက် တင်ပြခဲ့ပါသည်။ ယင်းတို့ကို လိုရင်းဖော်ပြရလျှင်....

(၁) အကုသိုလ်ဆိုသည်မှာ အကြောင်းပြည့်စုံလာမှ၊ ရင့်ကျက်လာမှသာ အကျိုးပေးတတ်သည့် သဘာဝဖြစ်ခြင်း၊

(၂) လူတွင် စိတ်ဓာတ်သည် အရေးကြီးသည့် အချက်ဖြစ်ခြင်း၊

(၃) မြတ်စွာဘုရားသည် အာပတ်သင့်သော ရဟန်းများအား အာပတ်ဖြေနည်းစနစ်ကို ချမှတ်ပေးတော်မူခဲ့ခြင်း၊

တို့ဖြစ်ပါသည်။

'ကာမဘုံ'ဟု အဘိဓမ္မာဝေါဟာရအရ ခေါ်ဝေါ်ရသော လက်ရှိ ကျွန်ုပ်တို့၏ကမ္ဘာလောကနယ်ပယ်တွင် လူတို့ပြုလုပ်သော 'ကံ'သည် မျိုးဗီဇသတ္တိမျိုးဖြစ်၍ အကြောင်းညီညွတ်မှု ရှိလာပြီး အချိန်အခါကျရောက်လာမှသာ အကျိုးတရားကို ထင်ရှားဖြစ်ပေါ်စေနိုင်သည်၊ သို့ဖြစ်၍ ၎င်းကံကို အကြောင်းညီညွတ်မှု ရှိမလာအောင်၊ ရင့်ကျက်မလာအောင် တင်ကြိုကာဆီးကြိုးပမ်းခွင့်ရှိပေသည်၊ ယင်းကံကို အားဖြည့်ရာ မရောက်အောင် ရှောင်နိုင်သည်။ အကုသိုလ်ကံကိုပြုမိထားလျှင် တစ်ဖက်က ကုသိုလ်ကံများစွာ ပြုလုပ်ပေးခြင်းဖြင့် ယင်းအကုသိုလ်ကံ ကဲတက်မလာအောင် ထိန်းပေးနိုင်သည်။

စိတ်ခေတ်ပိုင်းအနေဖြင့် ၁၉၈၇-ခု၊ ဒီဇင်ဘာလထုတ် ဆောင်းပါးမှစ၍ တင်ပြလာခဲ့သော ကုက္ကုစ္စ၊ ဝိပ္ပဋိသာရကို အထူးရှောင်နိုင်ဖို့ လိုအပ်လှသည်။ ပြုမိသော အကုသိုလ်မှုကို တနုံ့နုံ့ ပြန်လည်တွေးပြီး စိတ်မချမ်းမသာ ဖြစ်နေပါက အကုသိုလ်မှု အဟောင်းသည် အသစ်၊ အသစ် ပြန်လည်ဖြစ်နေသဖြင့် ယင်းအကုသိုလ်ကို ပယ်ဖို့ကြိုးစားရာ၌ အရာမရောက်ဖြစ်တတ်ပေသည်။ ရှေးဟောင်းပုဂံပြည်က ဘူးပင်များကဲ့သို့ ခုတ်လေပွားလေသာ ဖြစ်ရာသည်၊ ထို့ကြောင့် စိတ်ထားတတ်ဖို့ အထူး လိုအပ်လှသည်။

အာပတ်သင့်သောရဟန်းကို အာပတ်သင့်လျက်နှင့်သာ တစ်သက်လုံးထားပါက တရားမည်မဟုတ်ချေ။ ပုထုဇဉ်သည် စိတ်ကိုအစိုးမရသူမျိုး ဖြစ်သည့်အတိုင်း လောဘ၊ ဒေါသ၊ စိတ်ရိုင်းဝင်ချိန်၌ အကုသိုလ် အပြစ် (အာပတ်)ကို ကျူးလွန်မိမည်ဖြစ်သည်။ သို့သော် သူ၏စိတ်၌ လောဘ၊ ဒေါသတို့သာ အမြဲဖြစ်နေသည်မဟုတ်။ အလောဘ ခေါ်သော မတွယ်တာ မတပ်နှစ်သက်သည့် သဘာဝ၊ အဒေါသခေါ်သော မပြစ်မှား၊ မထိခိုက်သည့် အေးမြသော မေတ္တာသဘာဝတို့လည်း ဖြစ်ခွင့်ရှိသည်သာ။ ထိုသို့ စိတ်ကောင်းဝင်နေသည့် အခါမျိုးမှာလည်း အာပတ်သင့်နေရမည်ဆိုပါက သဘာဝ မကျပါချေ။ ထို့ကြောင့် သဘာဝကျသော ဘုရားသာသနာက အာပတ်သင့်သောရဟန်းအား အာပတ်ဖြေခွင့်ပေးထားခြင်း ဖြစ်ပေသည်။

အထူးသတိပြုရန်ကား ပြီးခဲ့သောဆောင်းပါး၌ ဖော်ပြထားသည့်အတိုင်း အာပတ်အပြစ်ကို ဒေသနာကြားလိုက်သောအခါ ပြုခဲ့သောအပြစ်အနေဖြင့် အပြစ်မဟုတ်တော့ဘဲ လုံးဝ ပျောက်ကင်းသွားခြင်း မဟုတ်ပေ။ သူ ကျူးလွန်ခဲ့သော အာပတ်အပြစ်ကို 'ရှော်' ပစ်လိုက်ခြင်း မဟုတ်ချေ။ ဘုရားအမိန့်နှင့် ပယ်ချလိုက်ခြင်း မဟုတ်ချေ။

အဟုတ်သော်ကား ထိုအပြစ် ထိုအာပတ် မတိုးပွားတော့ဘဲ၊ ရပ်သွားခြင်း (ဝပ်) သွားခြင်းသာ ဖြစ်ပေသည်။ ဤအပြစ်မျိုးကို နောင်တွင် မပြုမလုပ်တော့ပါဘူးဟု အာမဘန္တေ ခံလိုက်သဖြင့် ထပ်၍ အပြစ်မဖြစ်တော့သောကြောင့် မူလအပြစ်မှာ အဖော်မရသည့်အတွက် အင်အားချိနဲ့သွားပြီး ငြိမ်ကျသွားခြင်းသာ ဖြစ်ပေသည်။

တစ်နည်းအားဖြင့်လည်း အပြစ်အာပတ်ကို ပြုလုပ်စဉ်က မကောင်းသောစိတ်၊ အကုသိုလ်စိတ်နှင့် ပြုမိခဲ့မည်ဖြစ်သည်။ ဒေသနာကြားသောအခါ၌ကား ကောင်းသောစိတ် ကုသိုလ်စိတ် ဖြစ်ရပေသည်။ ဤကုသိုလ်စိတ်သည် အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အပြစ်အာပတ် အကုသိုလ်ကို ကုသိုလ်နှင့်အရှိန်သတ်လိုက်ခြင်း၊ ထိန်းလိုက်ခြင်းလည်း ဖြစ်ပေသည်။

ဗုဒ္ဓအဘိဓမ္မာနည်းအရ သိရသည်မှာ အကုသိုလ်ဖြစ်စေ၊ ကုသိုလ်ဖြစ်စေ ကံတစ်ခုခုကို ပြုမိပြီဆိုပါက သာမန်နှင့် သတ္တိမ[...]က်တော့ပေ။ တချို့ကံမှာ နိဗ္ဗာန်ရသည့်အထိ ဘ[...]ိုင်းပိုက်နေသည်။ တချို့ကံသာ မျိုးစေ့ပုပ်သွားသကဲ့သို့ အကျိုးပေး[...]င်လောက်သည့် သတ္တိကုန်သွားပြီး 'အဟောသိကံ' ခေါ်သော အလကားကံ၊ အချည်းနှီးကံ ဖြစ်သွားပေသည်။ သို့သော် မည်သည့်ကံက လိုက်နေသည်၊ မည်သည့် ကံက အဟောသိကံဖြစ်သွားပြီဟု ယခုလူတို့ မသိနိုင်ကြချေ။

သို့ဖြစ်၍ မြတ်စွာဘုရားက လူတို့အားဆုံးမရာ၌ အရပ်စကားဖြင့် ပြောရလျှင် 'မင်းတို့ဟာ ပုထုဇဉ်တွေမို့ အကုသိုလ်ဒုစရိုက် တစ်ခုခုကို တစ်ခါခါ ပြုမိကြမှာပါဘဲ၊ အဲဒီတော့ ဒီလိုပြုမိတဲ့ မကောင်းမှုကို ဒီအတိုင်း ပစ်မထားကြနဲ့၊ ပယ်နိုင်အောင် ကြိုးစားကြရမယ်' ဟု သမ္မပဓာန်ခန်းမှာ ဆုံးမတော်မူခြင်း ဖြစ်သည်။ သို့သော် ဘယ်လို ပယ်ဖို့ ကြိုးစားရမည်ဟူ၍ကား ဤအခန်းမှာ မဖော်မပြပေ။

မြတ်စွာဘုရား အဆုံးအမတော်၏ နယ်ပယ်မှာ ကျယ်ဝန်းလှဘိသည်ဖြစ်ရာ ကျွန်တော်တို့အနေနှင့် မည်သည့်နေရာမှာ ပယ်ပုံပယ်နည်း ဟောထားမလဲဟုလိုက်ကြရသည်၊ ရှာပါသည်၊ ရှာ၍တွေ့ပါသည်။

လောကီနည်းအားဖြင့် အကုသိုလ် ပယ်ပုံပယ်နည်းကို သဠာယတနသံယုတ် ဂါမဏိသံယုတ် ပါဠိတော်မှာ ဟောထားပါသည်။ ဤဟောကြားချက်ကို ခေတ်အမြင်ဖြင့် ဝေဖန်စိတ်ဖြာ ကြည့်သောအခါ လားလား 'လူအာပတ်ဖြေနည်း' ဖြစ်နေသည်ကို ဝမ်း[...]က်စွာတွေ့ရတော့သည်။

ဘုန်းကြီးတွေ အာပတ်ဖြေကြသည် ဆိုသည်ကို ဗုဒ္ဓဘာသာဝင် တိုင်းယုံလို ကြားဖူးကြပါမည်။ သို့သော် လူအာပတ်ဖြေသည်ကိုမူကား

ကြားလည်း ကြားဖူးကြမည် မဟုတ်၊ အာပတ်လည်း ဖြေတတ်ကြမည် မဟုတ်ပေ။

ဘုန်းကြီးတိုင်း အာပတ်ဖြေတတ်အောင် လုပ်ကြရသည်၊ ဖြေတတ်၍ဖြေကြသဖြင့်လည်း ၂၂၇သွယ် သိက္ခာပုဒ်များစွာကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သည်။ အာပတ်ဖြေနည်းသာ မရှိပါက ပုထုဇဉ်ဘုန်းကြီးတွေ အနေဖြင့် အာပတ်ပိ၍ပင် ပျံတော်မူစရာရှိသည်။ သို့သော် အာပတ်သင့်လိုက်၊ သင့်သောအာပတ်ကို ဖြေလိုက်တော့ ပေါ့သွားလိုက်နှင့် မပင်မပန်း ရဟန်းဘဝကို ဆက်လက် ချီတက်သွားနိုင်ကြခြင်း ဖြစ်သည်၊

ဗုဒ္ဓဘာသာဝင် လူသားတို့မှာမူ အကုသိုလ်ဒုစရိုက် အပြစ်ထိုက်ပုံတွေ၊ ငရဲကြီးပုံတွေ၊ အကုသိုလ်ကြောက်စရာကောင်းပုံတွေ၊ အပါယ်ဘေးတွေကိုသာ ကြားနာနေကြရပြီး ပုထုဇဉ်သဘာဝဖြစ်ရသည့်အပြစ်ကို ဘယ်လို အာပတ် ဖြေလျှော့ရသည်ဆိုသည်ကို မသိကြရသဖြင့် တချို့မှာ ကြောက်စိတ်တွေဝင်၊ ကုက္ကုစ္စတွေဖိစီးပြီး အသေမှားသေသွားကြရသူများပင် နည်းအံ့မထင်ပါ။

ဤသည်မှာ ဗုဒ္ဓဘာသာ သာသနာပြုလောက၏ ဟာကွက်ကြီးတစ်ခုဟု ကျွန်တော်မြင်မိသဖြင့် ယခု လူအာပတ်ဖြေနည်းကို ထုတ်ဖော်ရှာဖွေ ရေးသားရခြင်း ဖြစ်ပါသည်။

လူအာပတ်ဖြေနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ငါသည် သူ့အသက်ကို သတ်မိချေပြီ၊
ဤသို့သတ်မိခြင်းသည်ကား၊ စင်စစ်မကောင်းပေ၊
သို့သော် သတ်မိလေခြင်းဟု နောင်တ ဖြစ်နေ၍လည်း
အကျိုးမရှိ၊ အကုသိုလ်သာ ထပ်တိုးပွားမည်။
နောင်တ တစ်ဖန်ပူပန်သည့်အတွက် ပြုမိတာလည်း ပျက်
မသွား၊ မပြုမိရာမရောက်တော့။
ထို့ကြောင့် ငါသည် ဤသတ်မိသည့်ကိစ္စကို
လုံးဝမစဉ်းစားတော့၊ ဂရုမထားဘဲ၊
မေ့မေ့ပျောက်ပျောက်သာနေတော့အံ့။

နောက်နောင်အခါမှာတော့ ယခုလိုမသတ်မိအောင်
ငါရှောင်ကြဉ်တော့အံ့။'

ဤကဲ့သို့....

(၁) ဆင်ခြင်ခြင်း၊

(၂) ဆုံးဖြတ်ခြင်း၊

(၃) ရှောင်ကြဉ်ခြင်းသည် သတ်မိသောကံကို ပယ်ရာရောက်သည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူပါသည်။

ခိုးမိသည့် ကိစ္စ၊ ကာမကျူးလွန်မိသည့် ကိစ္စ၊ လိမ်မိသည့် ကိစ္စ စသည်ဖြင့် ဒုစရိုက်(၁၀)ပါးလုံးကို အထက်ပါနည်းအတိုင်း အာပတ်ဖြေကြရမည်ဖြစ်သည်။

အာပတ်ဖြေတုန်းမှာ စိတ်ပါလက်ပါရှိစေရမည်၊ စိတ်ပြတ်ရမည်၊ တကယ်ကို မလုပ်တော့ဘူး၊ ရှောင်တော့မည်ဟု (နောင်စောင့်စည်းတော့မည်ဟု) စိတ်ပါလက်ပါရှိစေရမည်၊ ဤသည်မှာ ကုသိုလ် ဖြစ်သည်။

အကယ်၍ အာပတ်ဖြေထားပြီးမှ နောင်ကျူးလွန်မိလျှင် ဘယ့်နှယ်လုပ်မလဲဟု မေးစရာရှိ၏၊ နောင်ကျူးလွန်မိလျှင် ထပ်ပြီးအာပတ်ဖြေပါ၊ ဘုန်းကြီးများလည်း ဤသို့ပင်ထပ်၍အာပတ်ဖြေကြရသည်။

ဤလိုဆိုတော့ ဘာထူးသလဲ၊ အာပတ်ဖြေလိုက် ထပ်လုပ်လိုက် အလကားမနေဘူးလားဟု မေးမည်ကြံလျှင် 'ငါသည် အဘိဓမ္မာပညာကို ဖတ်ရှုနေသူပါတကား'ဟု သတိထားလိုက်ပါ၊ အထက်ပါမေးခွန်းမျိုးကား အဘိဓမ္မာစော်မနံသည့် အဘိဓမ္မာနလပိန်းတုံးများသာ မေးမိမည့် မေးခွန်းမျိုးဖြစ်ဘိသည်။

အဘယ့်ကြောင့်နည်း၊ အဘိဓမ္မာပညာအရ လူ၏သဘာဝမှန်ကို ပေါ်အောင်ကြည့်သောအခါ စိတ်တို့သည် တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေသည်ကို သိနိုင်သည်။ နံနက်ကဖြစ်သောစိတ်ကတစ်မျိုး၊ နေ့မှာဖြစ်သော စိတ်ကတစ်မျိုး မဟုတ်လား၊ ဤထက်အံနုစိတ်လျှင် တစ်စက္ကန့်အတွင်းမှာပင် စိတ်တွေ တဖျတ်ဖျတ်ဖြစ်ပျက်နေသည်မဟုတ်လား။

ဤအချက်ကိုပိုင်ထားလျှင် အထက်ကမေးခွန်းကို မေးဖွယ်မရှိ၊ ပါဏာတိပါတကျူးလွန်တုန်းက တစ်စိတ်၊ အကုသိုလ်စိတ်၊ အာပတ်ဖြေတုန်းက တစ်စိတ် ကုသိုလ်စိတ်၊ ပါဏာတိပါတ ထပ်ကျူးလွန်လျှင် ထပ်အကုသိုလ်ဖြစ်သလို အာပတ်ထပ်ဖြေလျှင် ထပ်ကုသိုလ်ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေအားလုံးကို အလေးအနက် ပြောချင်တာက လူအာပတ်ဖြေနည်းကိုဘတ်အောင် သင်ထားကြပါ၊ တတ်ပြီးလျှင် အာပက်ဖြေကြပါ၊ ဒါကို ဓလေ့တစ်ခုဖြစ်အောင် အကျင့်ပါအောင် လုပ်ကြပါ၊ တတ်သူများက မတတ်သူများကို သင်ပေးကြပါ၊ ခိုင်းကြပါ။

အသင်တို့သည် ဤအာပက်ဖြေနည်းကို အားကိုးတစ်ခုလက်ကိုင်ပြုမထားကြပါက ချောက်စားမြှောက်စားတို့၏ ပြုသမျှခံကြရမည်။

ဤထက်အရေးကြီးသည်ကား ကံ,ကံ၏အကျိုးကိုယုံကြည်မိကာမှ (ဝါ) ဗုဒ္ဓဘာသာဖြစ်ကာမှ ထွက်ပေါက်မသိရသည့်အတွက် အကုသိုလ်မြင်ကွင်းကျယ်ကြီးကိုမြင်ရပြီး ကုက္ကုစ္စတွေဖြစ်ကာ သေသွားရသည်ရှိသော် အဘယ်မျှအကျိုးနည်းမည်ကို မတွေးဝံ့ဖွယ်ရာဖြစ်ပါတော့သည်။

ထို့ကြောင့် မလုပ်နဲ့၊ လုပ်မိရင် နောင်တမဖြစ်စေနဲ့၊ အာပတ်ဖြေစမ်းပါဟူ၍ အလေးအနက် တိုက်တွန်းအပ်ပါသည်ခင်ဗျား။

နှစ်ဖက်လှ

၁၉၈၉—ခု၊ ဖေဖော်ဝါရီလ။

ဣ—နှ—း—ဝိ—း—ဓ—ဓ—ာ—ဝ်—ဓ—ဦ—(—၃၃—)

# ပိဋကတ်ဉာဏ်ဖြင့် ကြည့်လေ့မြင်လေ
# သမ္မပဓာန်

'မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တို့ကို မဖြစ်အောင် လုံ့လပြုခြင်း' ဆိုသော ပထမသမ္မပဓာန်၊ 'ဖြစ်ကုန်ပြီးသော ယုတ်မာကုန်သော အကုသိုလ်တို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း'ဆိုသော ဒုတိယသမ္မပဓာန်၊ ဤသမ္မပဓာန်နှစ်ရပ်နှင့်စပ်လျဉ်း၍ တော်တော်ကျယ်ကျယ်ပြန့်ပြန့် ရေးသားတင်ပြပြီးပါပြီ၊ ရေးသားပြီးသည်တို့မှာ လောကီအကျိုးပြု လောကီရေးရှုထောင့်မှသာ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် အထက်ပါ သမ္မပဓာန်စကားရပ်တို့ကို သေသေချာချာ စဉ်းစဉ်းစားစား ဖတ်ရှု ဆင်ခြင်ကြည့်ပါက အနက်အဓိပ္ပာယ် အလွန်ကျယ်ပြန့်သည်ဟု သဘောပေါက်စရာ ရှိပါသည်။ ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်၊ တရားတော်များမှာ သဘောအဓိပ္ပာယ် နက်နဲလှသည် ဖြစ်ရာ ယင်းအချက်ကို ပိဋကတ်ဉာဏ်ဖြင့် ကြည့်လေ့ မြင်လေ ဖြစ်ပါသည်။

ယခုလဆောင်းပါးတွင် အဆိုပါသမ္မပဓာန်နှစ်ပါးကို လောကုတ္တရာ အခြေခံပိုင်းမှနေ၍ အမြွက်မျှ ရှုမြင်ပြပါမည်။

လောကီပိုင်းနှင့် လောကုတ္တရာပိုင်းကို ဘယ်လို စည်းခြားသလဲ ဆိုပါလျှင် ကံပိုင်းက လောကီပိုင်းပါ၊ တဏှာပိုင်းက လောကုတ္တရာပိုင်းပါ၊ ကံကောင်းအောင် လုပ်တာက ဘဝသံသရာ ကြီးပွားအောင် လုပ်ထားပါ၊ တဏှာကုန်အောင် လုပ်တာက ဘဝသံသရာ ပြတ်ဖို့ပါ၊ ဤလောက်ပဲ အကျဉ်းမှတ်မိထားရန် လိုပါသည်။

သံသရာမှ ကျွတ်လွတ် ထွက်မြောက်လိုသော ရည်ရွယ်ချက်ဖြင့် သာသနာတော်သို့ ဝင်လာသောရဟန်းတို့အား မြတ်စွာဘုရားက ဤလို ဟောပါသည်၊

ချစ်သားတို့၊ စက္ခုန္ဒြေကို မစောင့်စည်းသော ရဟန်းအား အဘိဇ္ဈာစသော အကုသိုလ်တရားတို့တိုးပွားသည်။ ထို့ကြောင့်စက္ခုန္ဒြေကို စောင့်စည်းကြ။

စက္ခုန္ဒြေကို စောင့်စည်းသည် ဆိုသည်ကား မျက်စိကို ပေါက်လွှတ်ပဲစားမကြည့်ဖို့၊ မျက်လွှာချပြီး နေတတ်ဖို့၊ လှတာ ချောတာ မကြည့်မိဖို့၊ မုန်းစရာ စိတ်ဆိုးစရာ မမြင်မိဖို့ အတွက် မိမိမျက်စိကို ထိန်းသိမ်းရမည်ဖြစ်သည်။

မျက်စိဖြင့် ကြည့်ရာ၌ လှတာကို မြင်တော့ သဘောကျစိတ်၊ လိုချင်စိတ် (တဏှာ) ဖြစ်သည်၊ အရုပ်ဆိုးတာကို မြင်တော့ မလိုလားစိတ်၊ မုန်းသည့်စိတ် (ဒေါသ) ဖြစ်သည်၊ ဤလို မဖြစ်ရအောင် မိမိမျက်စိကို လွှတ်မထားနှင့်၊ မျက်လွှာချထား၊ မြင်မိလျှင်လည်း မြင်သိစိတ်သည် ဖြစ်ပျက်ပါတကားဟု ဝိပဿနာရှု၊ ဤလိုဆိုလိုသည်။

ဤအချက်ကို အထက်ပါ သမ္မပ္ပဓာန်နှင့်ကိုက်ကြည့်ပါက 'မဖြစ်သေးသော အကုသိုလ်ကို မဖြစ်ရအောင် လုံ့လ ပြုခြင်း' ဆိုသော ပဌမသမ္မပ္ပဓာန်နှင့် အကျုံးဝင်နေသည်၊ သို့သော် ဤသည်မှာ တဏှာကုန်ရေးအတွက် (ဝါ) လောကုတ္တရာရေးအတွက် ဖြစ်ပါသည်။

လောကုတ္တရာပိုင်းအရ ဖြစ်ပြီးသော အကုသိုလ် ပယ်ဖို့ဆိုတော့ တကယ်ပယ်ရမှာက 'တဏှာ' ကို ပယ်ရမှာ၊ 'အကုသိုလ်ကံကို ပယ်ရမှာ မဟုတ်ပါ'၊ တဏှာကို ပယ်လိုက်လျှင် ကံကိုပယ်ပြီးသား ဖြစ်သွားပါသည်။

ပဋိစ္စသမုပ္ပါဒ်ကိုကြည့်ပါ၊ 'တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော' ပါတဲ့၊

အဓိပ္ပာယ်က တဏှာ ချုပ်သွားလျှင် ဥပါဒါန် ချုပ်ပါသည်။ ဥပါဒါန် ချုပ်ပြီဆိုလျှင် ကမ္မဘဝဆိုတဲ့ ကံချုပ်ပါလေသည်၊ ထို့ကြောင့် တဏှာကို ချုပ်အောင် လုပ်လိုက်နိုင်လျှင် ဘဝသံသရာ

တစ်လျှောက်လုံးက လုပ်ခဲ့သော အကုသိုလ်ကံ၊ ကုသိုလ်ကံ အားလုံး အကြွင်းမဲ့ ပယ်ပြီးသား ဖြစ်သွားလေသည်။

သို့ဖြစ်၍ ဖြစ်ပြီးသော အကုသိုလ်ကံကို ပယ်ခြင်းငှာ လုံ့လ ပြုခြင်းဆိုတာ ဒုတိယသမ္မပ္ပဓာန်အရ လောကုတ္တရာလမ်းက လုပ်မည် ဆိုပါလျှင် ကံ၏ အရင်းခံ ဖြစ်သော တဏှာကို ပယ်ခြင်းငှာ လုံ့လ ပြုရချေမည်။

တဏှာကိုပယ်ဖို့ လောကုတ္တရာနည်းလမ်း အမြောက်အမြားကို မြတ်စွာဘုရားက ဟောတော်မူထားသည်၊ ဥပမာ....

မျက်စိဖြင့် အဆင်းကို မြင်ရာ၌ မြင်ပြီးနှစ်သက်မှုတဏှာ မဖြစ် ရအောင် အနိစ္စဟု ရှုလိုက်ရသည်၊ ဖြစ်ပြီး ပျက်သွားသည်၊ မမြဲပါ တကားဟု ဆင်ခြင်လိုက်ရသည်။

နားဖြင့် အသံကောင်းကောင်း ကြားလိုက်လျှင်လည်း တွယ်တာ နှစ်သက်မှုတဏှာ မဖြစ်ရအောင် ယခုကြားရသော အသံသည် မမြဲ အနိစ္စ၊ ကြားသောစိတ်ကို အနိစ္စ၊ မမြဲ၊ ဖြစ်ပြီး ပျက်၏ဟု ရှု ဆင်ခြင် ရသည်။

နှာခေါင်းဖြင့် အမွှေးနံ့ကလေး ရလိုက်လျှင်လည်း နှစ်သက် မသွားအောင် အနိစ္စဟု ရှုရသည်၊ ဤအမွှေးနံ့သည် မမြဲ၊ မွှေးသော စိတ်လည်း ဖြစ်ပျက်ပဲဟု ရှုရ, ဆင်ခြင်ရသည်။

အရသာကောင်းကို လျှာပေါ်တင်သောအခါ (ဝါ) စားသော အခါလည်း တဏှာမဖြစ်ရအောင် အနိစ္စဟုရှု၊ ဖြစ်ပျက်ဟု နှလုံးသွင်း ရသည်။

မိမိကိုယ်မှာ အတွေ့အထိ ကောင်းကောင်း တွေ့ရ, ထိရလျှင် လည်း သဘောကျသည့် တဏှာစိတ်မဖြစ်ရအောင် ဖြစ်ပျက်ဟုရှု၊ အနိစ္စ ဟု ဆင်ခြင်ရသည်။

(မနောဒွါရ၌ စိတ်ကူးတွေ ထင်လာလည်း ဤနည်းအတူပင်)။

အထက်ပါအချက်တို့ကို မသေချာချာ ဖတ်ကြည့်ပါက သူတော် ကောင်းတို့၏ သဘောကို နားလည်နိုင်မည်ဖြစ်သည်။

သူတော်ကောင်းတို့သည် မြင်စရာအာရုံတွေထူပြောသည့် မြို့ရွာကို ရှောင်သည်၊ ကြားစရာတွေ များသည့် လူနေရပ်ကွက်ကို ရှောင်သည်၊ အမွှေးအကြိုင် မသုံးဆောင်၊ အစားကောင်းကောင်းစားမိလျှင် တဏှာဖြစ်မည်စိုး၍ ရသမျှဟင်းတွေကို သပိတ်ထဲစုထည့်၊ ပတ္တပိဏ္ဍလုပ်၊ အရသာ ပျက်အောင် ရေလောင်းထည့်ပြီးမှ ဘုဉ်းပေးသည်၊ မွေ့ရာ ကော်ဇော အိစက် ညက်ညောတာတွေ မသုံးဆောင်၊ ဝါးခြမ်းခင်း စသည်၌သာ အိပ်စက်သည်။

အထက်ပါ မြင်၊ ကြား၊ နံ၊ လျှက်၊ တွေ့ ဟူသော အာရုံ ငါးပါး၊ ဝိညာဉ်ငါးပါးနှင့်စပ်လျဉ်း၍ တဏှာ မဖြစ်ရအောင် လုပ်ရသည်ဆိုတာကို ကြားဖူး, သိဖူးမှ ဗုဒ္ဓဘာသာသူတော်ကောင်း ရဟန်း သံဃာတွေနေပုံ, ထိုင်ပုံ, ကျင့်ကြံပုံကို ကြည့်ညိုနိုင်ရာမည်၊ နို့မဟုတ်က တောတိရစ္ဆာန်သည် တောနေရဟန်း၏ ဂုဏ်ကျေးဇူးကို မသိသကဲ့သို့ပင် ရှိရာသည်။

လူ့ဝတ်ကြောင်ဘဝကို ပယ်ပြီး ခေါင်းတုံးရိတ်ကာ ဖန်ရည်ဆိုး သည့် သင်္ကန်းဝတ်ပြီး လူသူကင်းဝေးရာ ကျောင်းမှာ တရားအားထုတ် သည်ဆိုသည်ကား အဆိုပါတဏှာကိုပယ်ဖို့ရန် ကြိုးစားခြင်းတစ်ရပ်ပင် ဖြစ်ပေသည်။

တဏှာကိုပယ်ဖို့ရန် ကြိုးစားခြင်းသည် ဖြစ်ပြီးသောကံကို ပယ်ဖို့ ရန် အားထုတ်ခြင်းဆိုသော ဒုတိယသမ္မပဓာန်၏ဘောင်အတွင်း ဝင်လေ သည်။ သို့သော် မဂ်မရသေးသမျှ လောကီပိုင်း၌သာရှိသေးသည်။

ဤတွင် လောကုတ္တရာရေးကို အကျယ်ဆွေးနွေးဖို့မဟုတ်၊ သင်္ဂြိုဟ် လာ သမ္မပဓာန်အကြောင်းကိုသာ အကျယ်တဝင့် နားလည်တတ်အောင် ကြိုးစားခြင်းသာ ဖြစ်၏။ သို့ဖြစ်၍ ဤမျှလောက်သာ 'တံ့' လိုက်ပါ မည်။

နိဂုံးကိုဆွဲယူရသော် ဆိုခဲ့ပါ သမ္မပဓာန်နှစ်ရပ်သည် လောကီရေး လူ့ကျင့်ဝတ်ကောင်း ဖြစ်ရုံသာမက လောကုတ္တရာ မဂ်ဖိုလ် ရရှိရေး အတွက်လည်း အသုံးဝင်သည်။

အအေးကြောင့်ဖြစ်သော အအေးရုပ်၊ အပူကြောင့်ဖြစ်သော အပူရုပ်တို့သည် လူ၏ကိုယ်ခန္ဓာ၌ အခြေခံဖြစ်သည်။ အအေးလွန်ကဲလျှင် အအေးရုပ်တွေ သိပ်များလာပြီး ကိုယ်ခန္ဓာဖောက်ပြန်လာသည်။ အပူရုပ်တွေ လွန်ကဲလာပြန်တော့လည်း ကိုယ်ခန္ဓာကြီး မခံမရပ်နိုင်ဖြစ်လာသည်။

အမှတ်မဲ့နေကြသော လူသာမန်တို့သည် မိမိတို့ကိုယ်၌ အအေးကြောင့်၊ အပူကြောင့်ရုပ်တွေ ဖြစ်နေပါတကားဟု မသိနိုင်ကြရှာချေ။ မိမိလက်ကို ထောင်ကြည့်ပါ၊ ဤလက်၌ အအေး အပူကြောင့် ဖြစ်သောရုပ်သည် အခြေခံဖြစ်နေသည်။

ရေအေးထဲမှာ လက်ကိုအကြာကြီးစိမ်ထားပါက ပဲကြီးတွန့်တွန့်လာသည်။ လက်ကိုမီးလောင်ပါက ဖူးဖူးရောင်လာသည်။ ဤသည်ကို လူသာမန်တို့ပင်မြင်နိုင်သည်။ သို့သော် အအေးကြောင့် ရုပ်တွေဖြစ်တာပါကလား၊ အပူကြောင့် ရုပ်တွေ ဖြစ်တာပါကလားဟုကား ဉာဏ်မဝင်စားတတ်ပါချေ။

လူသေကောင်ကြီးတစ်ခုလုံးသည် အအေးရုပ် အပူရုပ်ခေါ်သော ဥတုဇရုပ် သက်သက်မျှသာ ဖြစ်သည်။ သေခါစလူ၌ ခြေ လက် မျက်နှာ မူလပုံသဏ္ဌာန်အတိုင်း ရှိနေသော်လည်း ယင်းလူသေတစ်ကောင်လုံး၌ အခြား မည်သည့်ရုပ်မျှမရှိ၊ ဥတုဇရုပ်သက်သက်သာရှိချေသည်။

ဘုန်းကြီးပျံများ ကြေညာရာ၌ 'ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်' ကို ဘယ်နေ့ဘယ်ရက် မီးသင်္ဂြိုဟ်ပါမည်စသည်ဖြင့် ဖော်ပြထားသည်ကို ဖတ်ရှုမိကြပေမည်။ ဆိုလိုသည်မှာ ယင်းဘုန်းကြီးအလောင်းကြီးတစ်ခုလုံးမှာ အခြား ဘာရုပ်မျှမရှိတော့၊ ဥတုဇရုပ် (ဝါ)အအေးရုပ် အပူရုပ်မျှသာရှိတော့သည်ဟု ဆိုလိုသည်။

ယင်းဥတုဇရုပ်သည် ပြင်ပက အအေး အပူဥတုက တိုက်ခိုက်လာသောအခါ ပျက်စီးလာရသည်။ ထို့ကြောင့် နေပူလျှင် အလောင်းကောင် မြန်မြန်ပုပ်လာသည်။ ရေခဲတိုက်ထဲထည့်ပြီး အအေးလွန်ကဲအောင်လုပ်ထားလျှင် အပူလောက် အပုပ်မမြန်သော်လည်း ဖောက်ပြန်လာသည်ကား အမှန်ပင်။

ဤဥတုဇရုပ်အလောင်းကို ကွင်းပြင်ထဲ ပစ်ထားပါက ပြင်ပက တိုက်ခိုက်သော အအေးဒဏ် အပူဒဏ်ကြောင့် တဖြည်းဖြည်းချင်း ပျက်စီး သွားရသည်၊ ပုံသဏ္ဌာန်ပျက်စီးပြီး ၃၂-ကောဋ္ဌာသ တစ်ခုစီဖြစ်သွား သည်။ အကယ်၍ အဆိပ်ပါ ဥတုဇရုပ်အကောင်ကို မီးသင်္ဂြိုဟ်လိုက်ပါက မီးလောင်ပြာကျ ပျက်စီးကွယ်ပျောက်သွားရသည်။

အထက်ပါတို့ကိုဖတ်ရှုပြီး ဆက်လက်စဉ်းစားကြည့်ပါက အသေ ကောင်မှန်သမျှ ဥတုဇရုပ်ကလာပ်ချည်းသာ ဖြစ်ရကား ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ငါး စသည့် အသေကောင်တို့ကို စားနေကြခြင်း သည် ဥတုဇရုပ်ကလာပ်တွေကိုသာ စားနေကြခြင်းဖြစ်ကြောင်း သိနိုင် ပေသည်။

ထိုကြက်သား၊ ဝက်သား စသည် အသေသား (သေပြီးသော အသား)တို့သည် ဥတုဇရုပ်ခန္ဓာများသာ ဖြစ်သည့်အတွက် ပြင်ပက အအေး အပူဒဏ်ထိတွေ့ပါက ပုပ်သိုးခြင်းများဖြစ်ကြရသည်။ တော် တော်နှင့်မပုပ်အောင် အအေးဓာတ်ပေးထားဖို့ ရေခဲသေတ္တာဆိုသည် ကို ပြုလုပ်ထည့်သွင်းကြသည်။

စင်စစ် အချို့အိမ်များမှာရှိသော ကြက်သား၊ ဝက်သား စသည် ထည့်သော ရေခဲသေတ္တာဟူသမျှသည် ကြံတောသုသာန်က လူသေထား သော အအေးခန်းများနှင့် သဘာဝအတူတူပင်ဖြစ်ပေသည်။ ပုထုဇဉ် တို့က အမှတ်သညာဖောက်ပြားပြီး အိမ်ကရေခဲသေတ္တာကို ဂုဏ်ယူနေ ကြခြင်းသာဖြစ်ပေသည်။

ဆိုခဲ့ပါ ဥတုဇရုပ် (အအေး အပူကြောင့် ဖြစ်ရသောရုပ်သည်) အသက်ရှင်လျက်ရှိသော လူ၌လည်းရှိ၏၊ အသက် သေသွားသော အလောင်းကောင်၌လည်း ရှိ၏။ ရှင်,သေနှစ်မျိုးလုံး နှစ်ဖက်ရရုပ်မျိုး ဖြစ်ပေသည်။ လူရှင်မှာလည်း ဥတုဇရုပ်ရှိ၏၊ လူသေမှာလည်း ဥတုဇရုပ် ရှိ၏။ ဤအချက်ကို မှတ်မိစေချင်ပါသည်။

ယခုတင်ပြရေးသားနေသော ဥတုဇရုပ်သည် အအေးအပူဟူသော ရာသီဥတုကြောင့် ဖြစ်သော သဘာဝမျှသာ ဖြစ်၍ ပင်ကိုအားဖြင့် မည်သည့်အလေးချိန်မျှမရှိချေ။ သဘာဝမှာ အလေးချိန်မရှိချေ။

ထိုရုပ်သည်လည်း ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် နိယာမဓမ္မတာအတိုင်းသာ သွားနေ၏။ တစ်ခုတည်း တည်မြဲနေသည်ဟု မရှိချေ။ တဖျတ်ဖျတ် ဖြစ်ပျက်နေသော အရှိန်အဟုန်ကြီးမှာ မြန်လွန်းမက မြန်လှသည့်အတွက်ကြောင့် ဝဏ္ဏဓါတ်သောအဆင်းဓာတ် မြင်ရာပေါ်လာခြင်း ဖြစ်ပေသည်။

မြန်လွန်းသော အရှိန်အဟုန် သဘောသည် အံ့ဩဖွယ်ရာဖြစ်သည်။ မမြင်ရသော အရာကို မြင်ရလာစေသည်။ မြင်ရသောအရာကို မမြင်ရအောင် ကွယ်ပျောက်သွားစေသည်။

ပမာဆိုစို့၊ ညအခါ မီးစ တစ်ခုကို အလွန် လျင်မြန်အောင် ဝေ့ယမ်းလိုက်ပါက မီးကွင်းကို မြင်ရသောသည်။ စင်စစ် မီးကွင်းသည် ယခင်က မရှိပါချေ၊ မြန်လွန်းသောအရှိန်အဟုန်ကြောင့်သာ မီးကွင်းဝိုင်းကြီး ပေါ်ထင်လာခြင်းဖြစ်ပါသည်။

တစ်ဖန် လေယာဥ်ပျံ တစ်စင်း၌ တပ်ဆင်ထားသော ပန်ကာဒလက်ကြီးကို ကြည့်ပါ၊ ရပ်ထားလျှင် ပန်ကာအရွက်ကြီးကို အထင်းသား မြင်နေရပါသည်။ သို့သော် မြန်လွန်းသော အရှိန်အဟုန်ဖြင့် စက်ကဆွဲလှည့်လိုက်သောအခါ ခုန မြင်နေရသော ပန်ကာရွက်ကြီးကို မမြင်ရတော့ပါ၊ ပျောက်သွားပါသည်။

ဖော်ပြပါ လက်တွေ့ ဖြစ်ရပ်နှစ်ခုကို ဉာဏ်ဖြင့် ဝင်စားကြည့်ပါက 'မြန်လွန်းသောအရှိန်အဟုန်' ၏ ဖန်တီးမှု သဘောသဘာဝကို ရိပ်မိနိုင်စရာ ရှိပါသည်။

ရုပ်သဘာဝကို ပြန်ကောက်ရသော် အအေးအပူဟူသော ဥတုနှစ်လီကြောင့်ဖြစ်သော ရုပ် (ဝါ) ဥတုဇရုပ်သည် မူလရုပ်က သဘာဝမျှသာဖြစ်၏။ ဥပါဒ် ဌီ ဘင် (ဖြစ်လိုက်ပျက်လိုက်) စနစ်ဖြင့် တစ်ခုချုပ်ပျက် တစ်ခုဆက်သာသွားနေ၏၊ သဘာဝတစ်ခုစီသာ ဖြစ်၏။

သို့သော် အလွန့်အလွန် မြန်သော အရှိန်အဟုန်ဖြင့် ဖြစ်ပျက်ဖြစ်ပျက် ဆက်လာသောအခါ ထိုသဘာဝသည်ပင် မြင်သာသော ဝဏ္ဏဓာတ် အဆင်းဓာတ်ကို ဖြစ်ပေါ်လာစေသည်၊ ထို့ကြောင့် ကျွန်ုပ်တို့က ထိုဥတုဇရုပ် ဝဏ္ဏဓာတ်ကို မြင်နိုင်ကြခြင်းဖြစ်သည်။

သို့သော် သေချာလှသောအချက်မှာကား အခြေခံဥတုဇရုပ်မှာ ဘာအလေးချိန်မျှမရှိ၊ သဘာဝမျှသာဖြစ်၏၊ သဘာဝမှာ အလေးချိန် မရှိချေ။

အလေးချိန်မရှိဘဲ လေးနေသည့် အချက်နှင့် ပတ်သက်၍မူကား ရှေ့လာမည့်ဆောင်းပါးများတွင် တွေ့ရပါလိမ့်မည်။

လူ၏ခန္ဓာပိုင်းတွင် ဥတုဇရုပ်ကနေပြီး စ,ရှင်းနေခြင်းသည် လူတို့ ရရှိနိုင်သော တန်ခိုးအရာနှင့် ပတ်သက်၍ လမ်းသွယ်နေခြင်း ဖြစ်ပေ သည်၊

နှစ်ဖက်လှ
၁၉၇၉-ခု၊ ဧပြီလ၊

# သိပ္ပံက စက်ရုပ်၊ လူက ခါတ်ရုပ်

ပြီးခဲ့တဲ့လက လူရှင်နှင့် လူသေ နှစ်မျိုးလုံးမှာရှိတဲ့ ဥတုဇရုပ် အကြောင်း ရေးခဲ့ပါသည်။ အဖြစ်အပျက် လျင်မြန်လွန်းသည့် အတွက် အပူရုပ် အအေးရုပ်များသည် စဉ်ဆက်မပြတ် ဖြစ်ပေါ်ထင်ရှားနေပါသည်။ ဥတုကြောင့်ဖြစ်တဲ့ရုပ်သဘာဝသည် အလေးချိန်မရှိသည့်သဘာဝ တရားမျှသာဖြစ်သည်ကိုလည်း ဖော်ပြခဲ့ပါသည်။

လူ့ခန္ဓာကိုယ် (ဘော်ဒီ) ကြီးတွင် ဥတုဇရုပ်ကို စတင် တည်ဆောက်ပြခြင်းသည် အဘိဓမ္မာကျမ်းစာကို သင်ယူနေသူ မဟုတ်သည့် အဘိဓမ္မာ စာဖတ်ပရိသတ်အတွက် စဉ်းစားရာ၌ ထင်လွယ်, မြင်လွယ် အောင် ပြခြင်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် စက်ရုပ်တစ်ခုကို ပြုလုပ်ရာ၌ ဒြပ်စတ္ထုပိုင်းကို အရင် တည်ဆောက်ပြီးမှ ဦးနှောက်ပိုင်း (ကွန်ပြူတာပိုင်း) ကို နောက်မှ ထည့်ပေး အသက်သွင်းသော သိပ္ပံနည်းစနစ်ကိုမှီး၍ ယခုလို တင်ပြခြင်း ဖြစ်ပါသည်။ အမှန်က လူ့ခန္ဓာကိုယ်သည် ဓာတ်ရုပ် ဖြစ်ပါသည်။ သိပ္ပံက စက်ရုပ် လူက ဓာတ်ရုပ် ဓာတ်ခန္ဓာ ဓာတ်ကောင်ပေတည်း။

မူလစကားကို ပြန်ဆက်ရသော် ဥတုဇရုပ်ဖြစ်တဲ့ လူ့ခန္ဓာကိုယ် ထဲသို့ နောက်ထပ် ရုပ်တချို့ ထည့်ကြပါစို့။ ထိုရုပ်ကား အခြား မဟုတ်။ ကမ္မဇရုပ်ခေါ်သော ရုပ်တစ်မျိုးတည်း။ လူ၏ကံကြောင့် ဖြစ်သော ရုပ်ကို ကမ္မဇရုပ်ဟု အဘိဓမ္မာဝေါဟာရ ပြုထားပါသည်။

အသက်ရှင်လျက်ရှိသော လူ၏ ကိုယ်ခန္ဓာတွင် တစ်ကိုယ်လုံးအနှံ့ ကမ္မဇရုပ်တွေ ဖြစ်ချုပ်နေ၏။ သို့သော် အဓိက အကျဆုံး ကမ္မဇရုပ်ကား ဝမ်းမီးပါစက ဟောဇောဖြစ်ပါသည်။ ဝမ်းခေါင်းအတွင်းဗိုက်၏အလယ်

'ချက်' ဝန်းကျင်တွင် 'ပါစက တေဇော' ဟု အဘိဓမ္မာအရခေါ်ဝေါ်သော ဝမ်းမီး ရှိပါသည်။ ထိုဝမ်းမီးသည် လူ၏ကံကြောင့် ဖြစ်သော အပူဓာတ် ဖြစ်ပါသည်။ မွေးသည်မှ သေသည်အထိ ဘဝသက်လုံးရှိနေရသော လူ့မီးဖြစ်ပါသည်။

ထိုပါစကဝမ်းမီးကြောင့် ဥတုဇရုပ် အဖွဲ့အစည်းဖြစ်သော လူ၏ကိုယ်ခန္ဓာတစ်ကိုယ်လုံး ပူနွေးနေသည်။ လူ၏ ကိုယ်ငွေ့သည် အတော်ပူသည်။ လူတစ်ယောက် ထိုင်သွားသောနေရာသည် ထိုလူထသွားပါက ပူပြီးကျန်ရစ်သည်။ တစ်နည်းအားဖြင့်လည်း မော်တော်ကားထဲတွင် လူ ၄၊ ၅၊ ၁၀ ယောက်ရှိရာ မှန်ကိုအလုံပိတ်လိုက်ပါက လူ၏ကိုယ်ငွေ့အပူတွေစုပြီး မနေနိုင်လောက်အောင် ပူလောင်အိုက်လာသည်၊ ဤသည်မှာ ခန္ဓာကြီး ပူနေကြောင်း၊ ပူငွေ့တွေ လွှတ်နေကြောင်း သိသာစေသည့်အချက်ဖြစ်ပါသည်။

လူ၏ဥတုဇရုပ်ခန္ဓာကြီးသည် ဝမ်းမီးကမ္မဇတေဇော အပူဓာတ်ကြောင့် မပုပ်မသိုးရုံသာမက ပေါ့ပါး၍ လာပေသည်။ အပူဓာတ်ကြောင့် ပေါ့ခြင်းဖြစ်၏။

မြတ်စွာဘုရား လက်ထက်က ပါယာသိရာဇညအမည်ရှိသော မိစ္ဆာဒိဋ္ဌိမင်းတစ်ပါးသည် လူမှာ အသက်ဝိညာဉ်ရှိသည်ကို မယုံကြည်၍ လူအရှင်ကို အလေးနှင့်ချိန်ပြီး အိုးတစ်လုံးထဲထည့် အလုံပိတ်သတ်သည်၊ သေသွားတဲ့ အလောင်းကောင်ကို ပြန်၍ချိန်ကြည့်ပြန်သည်၊ အရှင်ချိန်နှင့် အသေချိန် နှစ်မျိုးတွင် အရှင်ချိန်က ပေါ့သည်၊ အသေချိန်က လေးသည်ကို တွေ့ရသည်။

သူက ကောက်ချက်ချသည်မှာ အသက်ဝိညာဉ်ရှိလျှင် အရှင်ချိန်က ပိုလေးရမည်၊ အသက်မရှိတဲ့ အသေချိန်က ပေါ့ရမည်ဟု ဆိုသည်၊ အသက်ရှိလျှင် အသက်အတွက် ပိုလေးရမည် ဟူလို။

ဤတွင် ဘုရားရှင်၏တပည့် ရှင်ကုမာရကဿပ,က–မင်းကြီး ဒီလိုမဟုတ်ဘူး၊ လူအရှင်မှာ ဝမ်းမီးပါစက တေဇောဓာတ်အပူရှိ၍ အလေးချိန်ပေါ့သည်၊ လူသေမှာ အပူဓာတ်မရှိတော့၍ လေးခြင်းဖြစ်သည်ဟု အဘိဓမ္မာနည်းကျ ဖြေရှင်းဟောဖူးသည်။

ဥတုဇရုပ်ဖြစ်တဲ့ လူ့ကိုယ်ထဲမှာ ဝမ်းမီးပါစက တေဇောဟုခေါ်သော ကမ္မဇရုပ်တစ်မျိုး ထည့်လိုက်သည်ဟုမှတ်ပါ၊ ထို့ပြင် လူ၏ဥတုဇခန္ဓာထဲမှာ နောက်ထပ် ကမ္မဇရုပ်(၅)မျိုးကို ထပ်ထည့်ပါဦး၊ ၎င်းတို့ကား မျက်စိထဲမှာ မျက်စိအကြည်ရုပ်၊ နားထဲမှာ နားအကြည်ရုပ်၊ နှာခေါင်းထဲမှာ နှာခေါင်းအကြည်ရုပ်၊ လျှာအလယ်မှာ လျှာအကြည်ရုပ်၊ ကျန်တစ်ကိုယ်လုံးမှာ ကာယပသာဒ ကိုယ်အကြည်ရုပ်တို့ ဖြစ်၏။ ထိုအကြည်ရုပ် ၅-မျိုးထည့်လိုက်ခြင်းသည် နဂိုကရှိတဲ့ ဥတုဇရုပ်(ဘော်ဒီ)ကြီးထဲမှာ မှန်၅-ချပ် တပ်ပေးလိုက်သလို ဖြစ်သွားလေသည်။

ပြန်ပေါင်းကြည့်လျှင်....

(၁) မူလဥတုဇရုပ် ကိုယ်ခန္ဓာ ဘော်ဒီ

(၂) ၎င်း၏ ဗိုက်ထဲမှာ ကမ္မဇတေဇော ဝမ်းမီး

(၃) မျက်စိ အကြည်ရုပ်စတဲ့ ကမ္မဇရုပ်–၅–မျိုး။

ယင်းတို့ကို တစ်ဖြတ်မှတ်ပါ။

ကံကြောင့်ဖြစ်တဲ့ တေဇောဓာတ်နှင့် အကြည်ရုပ်တို့သည်လည်း သဘာဝတရားမျှသာ ဖြစ်၍ အလေးချိန်မရှိ၊သဘာဝတရားမှာ အလေးချိန် မရှိဆိုသောအချက်ကို မျက်ခြည်မပြတ် ကြည့်ခဲ့ပါ။

ရှေ့တစ်ဆင့် တိုးကြဦးစို့....

လူကိုယ်ခန္ဓာထဲမှာ မီးထည့်ပြီးပြီ။ မီးဆိုတော့ လောင်စာလိုလာပါသည်။ လောင်စာရုပ်တစ်မျိုး ထည့်ပေးရမည်၊ မီးလောင်စာကား အခြားမဟုတ်၊ အစာအာဟာရတည်း။ လူ၏ပါးစပ်(ခံတွင်း)ဖြင့် စားဝါး မျိုချလိုက်သော အစားအစာကို ပါစက တေဇောဝမ်းမီးက ဆီး၍ ချက်ပေးသည်။ အဖတ်တွေကို ညက်ညက်ကြေသွားစေသည်။ အစာသစ်တွေကို အစာဟောင်းဖြစ်သွားစေသည်။

ဝမ်းထဲမျိုချလိုက်သော အစားအစာကို ၅-ပုံ,ပုံလျှင် တစ်ပုံစာသည် ဝမ်းမီးလောင်၍ ကုန်သွားသည်။ တစ်ပုံစာမှာ ဝမ်းတွင်းမှာရှိတဲ့ ပိုးတွေစားဖို့ ဖြစ်သည်။ တစ်ပုံမှာ အစာဟောင်းခေါ်သော မစင် ကျင်ကြီးဖြစ်သွားသည်။ တစ်ပုံမှာ ကျင်ငယ်ခေါ်သော ဆီးဖြစ်သွားသည်။ တစ်ပုံမှာမူ လူ၏ကိုယ်ခန္ဓာအတွက် သွေးသားဖြစ်သွားသည်။

လူ၏ဝမ်းဗိုက်ထဲမှာ ဝမ်းမီးကအမြဲတောက်နေသည်။ ထို့ကြောင့် ထိုမီးအတွက် အစားအစာနှင့် ရေကို မပြတ်ထည့်ပေးနေရသည်။ မြန်မာတွေမှာ တစ်နေ့နှစ်ကြိမ် ထည့်ပေးကြသည်။ ဥရောပသားတွေက တစ်နေ့လေးကြိမ် ထည့်ပေးကြသည်။ ရေကိုမူ ခဏခဏထည့်ပေးရသည်။

ဝမ်းမီးလောင်စရာ အစာသစ်မရှိပါက ဝမ်းမီးက လူ၏ဝမ်းရေ ကို လောင်သည်။ ထိုအခါ ဝမ်းပူလာသည်။ ပူတာကို ရှေးဝေါဟာရဖြင့် (ဆာ)သည်ဟု ဆိုသည်။ 'ဆာသည်'ဆိုသည်မှာ ဝမ်းပူခြင်းပင် ဖြစ်သည်။ ဤသို့ ဝမ်းပူဆာလာသောအခါ ပါးစပ်က အစားအစာ ထည့်ရပြန်သည်။ ဤသည်မှာ ဓာတ်ရုပ်ဖြစ်သောလူသား၏ ဓာတ်သဘာဝဖြစ်စဉ်သာ ဖြစ်ပေသည်။

လူသည် ပါးစပ်က အစားအစာကို စားသောအခါ ခံတွင်းထဲ ထည့်၍ မျိုချလိုက်သည်နှင့် တစ်ပြိုင်နက် ထိုစားမျိုသော အစားအစာက လူ၏ကိုယ်မှာ ရုပ်တစ်မျိုးကို တိုးတက်ဖြစ်စေသည်။ အစားအစာကြောင့်ဖြစ်သော ရုပ်ပေတည်း။ ထိုရုပ်ကို အဘိဓမ္မာပညာရပ်ဝေါဟာရအရ (အာဟာရဇရုပ်) ဟု ခေါ်သည်၊ အစာ အာဟာရကြောင့် ဖြစ်သောရုပ် ဟူလို။

အထက်တွင်ဖော်ပြခဲ့သောကမ္မဇရုပ်နှင့် ယခုဖော်ပြသော အာဟာရဇရုပ်တို့သည် လူရှင်မှာသာ ရှိသည်၊ လူသေမှာ မရှိပေ။ လူသည် သေသည်ဆိုကတည်းက ကမ္မဇရုပ် ဆက်မဖြစ်တော့၊ အာဟာရဇရုပ်လည်း ဆက်မဖြစ်တော့ပေ။ ဥတုဇရုပ်တွေသာ ဆက်ဖြစ်ပေသည်။

ဆိုခဲ့ပါ အာဟာရဇရုပ် သည်လည်း သဘာဝမျှသာဖြစ်၍ အလေးချိန်မရှိကြောင်း ဆက်လက်သတိပြုရန် ဖြစ်ပါသည်။

နှစ်ဖက်လှ
၁၉၇၉-ခု၊ မေလ။

# ‘ဝိထိစိတ်’သာ အခြေခံအချက်

သိပ္ပံမဂ္ဂဇင်းအမှတ် ၉၉,၁၀၀ တို့တွင် ဤအဘိဓမ္မာအခန်းကဏ္ဍ၌ လူတို့၏ ခန္ဓာမှာရှိသော ဥတုဇရုပ်၊ ကမ္မဇရုပ်နှင့် အာဟာရဇရုပ်တို့ အကြောင်းကို ရေးသားခဲ့ပါသည်။ ယင်းရုပ်သုံးမျိုးလုံးသည် သဘာဝ မျှသာဖြစ်၍ အလေးချိန် လုံးဝမရှိကြောင်းလည်း ဖော်ပြခဲ့ပါသည်။

မြတ်စွာဘုရားက လူ၏ ကိုယ်ခန္ဓာကို ကမ္မဋ္ဌာန်းရှုထောင့်မှနေပြီး ၃၂-စု ခွဲပြထားပါသည်။ ဆံပင်တစ်စု၊ မွေးညင်းတစ်စု၊ ခြေသည်း လက်သည်းတစ်စု၊ စသည်ဖြင့် ၃၂-စုခွဲပြပါသည်။ ယင်းသို့ ခွဲပြထားသည် ကို ဗုဒ္ဓဘာသာတို့လောက၌ ၃၂-ကောဋ္ဌာသ(ကွတ်ထာသ)ဟု နားလည် ကြပြီးသား ဖြစ်ပါသည်။

အဆိုပါ၃၂-စုတို့တွင်ဟဒယ=နှလုံးဆိုသောအစုတစ်စု အဖို့တစ်ဖို့ ပါရှိပါသည်။ လူ၏ ရင်ခေါင်းထဲတွင် နှလုံးခေါ်သော ရုပ်အဆိုင်အခဲ တစ်ခုရှိပါသည်။ ထိုနှလုံးထဲတွင် နှလုံးဘူးထဲ၌ အလွန်အလွန်ကြည်လင် သော သွေးရှိပါသည်။ ထိုသွေး၌ စိတ်စေတသိက်များ မှီ၍ဖြစ်ပျက်နေ ပါသည်။

ပဋ္ဌာန်းပါဠိတော်ကြီးမှာ ‘အကြင်ရုပ်ကိုအမှီပြု၍ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ဖြစ်ကြကုန်၏။ ထိုရုပ်သည် မနောဓာတ်၊ မနော ဝိညာဏဓာတ်တို့ကို မှီရာ(အမှီပြုရာ)အဖြစ်ဖြင့် ကျေးဇူးပြုသည် (ဝါ) အထောက်အပံ့ ပေးသည်’ဟု ဟောကြားထားပါသည်။ မနောဓာတ် မနောဝိညာဏဓာတ် ဆိုသည်မှာ ‘စိတ်’ပင်ဖြစ်ပါသည်၊ ၊စိတ်၏အမည် တစ်မျိုးသာ ဖြစ်ပါသည်။

အထက်ပါ ပါဠိတော်ကြီး၌ ဖော်ပြသော 'အကြင်ရုပ်သည်၊ ထိုရုပ်သည်'ဆိုသောရုပ်ကား အခြားမဟုတ်၊ နှလုံးဘူးထဲမှာရှိသော သွေးကြည်ရည်ကလေးမှာ ပံ့နှံ့တည်နေတဲ့ ဟဒယဝတ္ထုခေါ်သည့်ရုပ်ဖြစ်ပါသည်၊ တစ်နည်းဆိုရသော် နှလုံးခေါ်သော ကောဋ္ဌာသ ဖြစ်ပါသည်။

'ဟဒယဝတ္ထု'ဆိုသော ပါဠိစကား၏ အဓိပ္ပာယ်မှာ ဟဒယ=စိတ်၊ဝတ္ထု=တည်ရာ၊ ဟဒယဝတ္ထု=စိတ်၏တည်ရာ(မှီရာ)ဟု ဆိုလိုသည်၊ ထို့ကြောင့် မြန်မာတို့က 'စိတ်နှလုံး'ဟူ၍လည်းသုံးသည်၊ စိတ်ကောင်းရှိသည်ကို နှလုံးကောင်းသည်ဟူ၍လည်း သုံးသည်၊ နေရာများစွာတို့မှာ စိတ်နှင့် နှလုံးကိုတွဲ၍သုံးကြသည်၊ တင်စား၍သုံးကြသည်။

ထိုနှလုံးသွေးကြည်မှာ မှီ၍ဖြစ်ပျက်နေသော စိတ်သည် နှစ်မျိုးရှိ၏၊ တစ်မျိုးက ဘဝင်စိတ်၊ တစ်မျိုးက ဝီထိစိတ်တည်း။

ဘဝင်စိတ်ဆိုသည်မှာ အိပ်ပျော်နေစဉ်ဖြစ်ပျက်နေသော စိတ်မျိုးတည်း၊ ဝီထိစိတ်ဆိုသည်မှာ နိုးကြားနေစဉ်ဖြစ်ပျက်နေသော စိတ်မျိုးတည်း။

ဟဒယဝတ္ထုရုပ်ကိုမှီပြီး ဖြစ်ပေါ်လာသောစိတ်တို့က လူ၏ခန္ဓာကိုယ်မှာ စိတ္တဇရုပ်တွေကို ဖြစ်စေပါသည်၊ ပထဝီရုပ်တွေကို ဖြစ်စေပါသည်၊ အာပေါ၊ တေဇော၊ ဝါယောရုပ်တွေကို ဖြစ်စေပါသည်၊ ကျန်သောရုပ်တွေကို ဖြစ်စေပါသည်။ တစ်နည်းဆိုရသော် လူ၏မျက်နှာမှာလည်း စိတ်ကြောင့် ရုပ်တွေ ဖြစ်နေပါသည်၊ ခြေလက်အင်္ဂါတွေမှာလည်း စိတ်ကြောင့် ရုပ်တွေ ဖြစ်နေပါသည်။

ထို့ကြောင့် လူ၏ကိုယ်မှာ....

(၁) ဥတုကြောင့်ဖြစ်တဲ့ ဥတုဇရုပ်၊

(၂) ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်၊

(၃) အာဟာရကြောင့်ဖြစ်တဲ့ အာဟာရဇရုပ်၊

(၄) ယခုစိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊

ဤကဲ့သို့ ရုပ်လေးမျိုးလေးစား မပြတ်ဖြစ်နေပါသည်။

မိမိလက်ညှိုးကို ထောင်ကြည့်ပါ။ ဤလက်ညှိုးမှာ ဥတုဇရုပ်လဲ ရှိသည်၊ ကမ္မဇရုပ်လဲရှိသည်၊ အာဟာရဇရုပ်လဲ ရှိသည်၊ စိတ္တဇရုပ်လဲရှိသည်။ ဤလိုရုပ်လေးမျိုးရှိသည်ဟု နားလည်ရပါမည်။ တစ်နည်းဆိုရသော် မိမိလက်ညှိုးသည် အဆိုပါ ရုပ်သဘာဝလေးမျိုး မပြတ်ဖြစ်နေသည့် သဏ္ဌာန်သာဖြစ်ကြောင်း သိရပါသည်။

အကယ်၍ လူသေတစ်ယောက်၏လက်ညှိုးကိုကြည့်လျှင် မည်သည့်ရုပ်တွေ မရှိတော့ဘဲ မည်သည့်ရုပ်သာ ကျန်ရှိပါမည်နည်း။ အဖြေသိလောက်ပါပြီ။

ပြန်လည်စုရုံးကြည့်လျှင် လူသေမှာ ဥတုဇရုပ်သာရှိသည်၊ လူရှင်မှာ ဥတုဇရုပ်၊ ကမ္မဇရုပ်၊ အာဟာရဇရုပ်နှင့် စိတ္တဇရုပ်အားဖြင့် ရုပ်လေးမျိုးရှိသည်။ စိတ္တဇရုပ်ကို ဖြစ်ပေါ်စေသည့် စိတ်လည်း လူရှင်မှာသာရှိသည်၊ ဤလိုသိနိုင်သည်။ ဤရုပ် ဤစိတ်အားလုံးသည် သဘာဝချည်းဖြစ်၍ ဘယ်ဟာမျှ အလေးချိန်မရှိဟုလည်း သိအပ်ပါသည်။

ဤအထိ တစ်ဖြတ် မှတ်မိရန်ဖြစ်ပါသည်။

ရှေ့တစ်ဆင့်တက်ကြပါဦးစို့ ....။

အသက်ရှိသောလူရှင်မှာ ဘဝင်စိတ်နှင့် ဝီထိစိတ်ဟူ၍ စိတ်နှစ်မျိုးရှိကြောင်းသိခဲ့ပါပြီ။ ထိုစိတ်နှစ်မျိုးတွင် ဘဝင်စိတ်သည် လူကိုယ်ခန္ဓာကြီး ထောင်မတ်နေအောင် မတတ်နိုင်ပါ၊ တစ်နည်းပြောရလျှင် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျှောင်းခြင်းစသည့် ကြိယာပုထ်လေးပါးကို မဖြစ်စေနိုင်ပါ။

စင်စစ် ဘဝင်စိတ်သည် လူကို တစ်ခါတည်း သေမသွားအောင် အသက်ဆက်ပေးရုံမျှ တတ်နိုင်သည့်စိတ်မျိုး ဖြစ်ပါသည်။ ဘဝင်စိတ်က အသက်ဆက်ထားသည့်အတွက် ဘဝင်ကျနေရာမှ (ဝါ)အိပ်ပျော်နေရာမှ နိုးလာနိုင်ခြင်းဖြစ်သည်။

နိုးစိတ်(ဝါ) ဝီထိစိတ်တွေကတော့ လူကို သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းဆိုတဲ့ လှုပ်ရှားကိရိယာ အမူအရာတွေဖြစ်အောင် ပြုလုပ်နိုင်ပါသည်။

လက်တွေ့ စဉ်းစားကြည့်ပါ။

ကျွန်ုပ်တို့ ရန်ကုန်ကနေ မန္တလေးသို့ ဟီးနိုးကားကြီး စီးသွားသည် ဆိုပါစို့၊ ကျွန်ုပ်တို့ ထိုင်ခုံမှာ အတူယှဉ်တွဲ ထိုင်နေသူသည် လမ်းမှာအိပ်ငိုက်ပြီး အိပ်ပျော်သွားပါက သူ့ကိုယ်သူ့ ခေါင်းကိုမထိန်းနိုင်တော့ဘဲ ကျွန်ုပ်တို့ကိုယ်ပေါ် ဖိကျလာသည်ကို ကြုံဖူးပါမည်၊ တွန်းဖယ်လိုက်ရင်း တော်တော်ကြာ ဖိကျလာရင်းနှင့် တစ်လမ်းလုံး ဒုက္ခကြုံဖူးတတ်ပါသည်။

အဲဒါ အဘိဓမ္မာတတ်သူအဖို့ အဘိဓမ္မာပါပဲ။

ထိုသူဟာ ဝီထိစိတ် ဖြစ်နေတုန်းက (ဝါ) နိုးကြားနေတုန်းက သူ့ကိုယ် သူ့ခေါင်းကိုမတ်ထားနိုင်သည်၊ အိပ်ငိုက်လာပြီး အိပ်ပျော်သွားကော ဝီထိစိတ်(ဝါ)နိုးကြားစိတ် မဖြစ်တော့သည့်အတွက် ဘဝင်စိတ် ဖြစ်သွားသည်၊ ဘဝင်စိတ်က သူ့ကိုယ်ကို မတ်ထောင်မထားနိုင်သည့်အတွက် သူ့ကိုယ်ကြီး လဲကျလာခြင်း ဖြစ်ပေသည်။

အခြားသော လက်တွေ့ ဥပမာများကိုလည်း ကြည့်ပါ။

အခု ဤမဂ္ဂဇင်း၊ ဤဆောင်းပါးကို ဖတ်နေသူ အနေဖြင့်လည်း လက်တွေ့ စဉ်းစားကြည့်ပါ၊ အခု ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီး ဖတ်နေသည် ဆိုပါစို့၊ စိတ်ပါ,လက်ပါ နိုးကြားစိတ်နှင့် ဖတ်နေလျှင် မဂ္ဂဇင်းကို လက်က ကိုင်ထားသည့်အတိုင်း ထောင်မတ်ထားနိုင်ပေသည်၊ အကယ်၍ ညအိပ်ရာဝင်ခါနီးဖတ်လို့အိပ်ချင်လာပြီ ဆိုပါစို့၊ မဂ္ဂဇင်းဖတ်ရင်း အိပ်ငိုက်၊ လှစ်ခနဲ အိပ်ပျော်သွားမည် ဆိုပါက လက်က မဂ္ဂဇင်း လွတ်ကျမသွားပေဘူးလား။

ဒါဟာ ဘာလဲ၊နိုးကြားစိတ်(ဝါ) ဝီထိစိတ် ပြတ်သွားပြီး ဘဝင်စိတ် ဖြစ်သွားလို့ပါတဲ့။

ဤတွင် လေးလေးနက်နက်ကြီး ကောက်ချက်တစ်ခု ချလိုက်ပါ၊ ဘာလဲဆိုတော့ အော်... အခု ငါတို့ကိုယ်ခန္ဓာ လှုပ်ရှားသွားလာနေနိုင်တဲ့ အခြေခံအချက်က ငါတို့ရဲ့ နှလုံးသွေး ဟဒယဝတ္ထုမှာ မှီပြီးဖြစ်နေတဲ့ ဝီထိစိတ်ပါကလား ဆိုသည့်အချက်ကြီး ဖြစ်ပါသည်။

မိမိကိုယ်ထဲရှိ နှလုံးထဲမှာ နေရာယူဖြစ်နေတဲ့ ဝီထိစိတ်ကြောင့် မိမိတို့ရဲ့ ကိုယ်ခန္ဓာကြီး လှုပ်ရှားသွားလာနိုင်ခြင်း ဖြစ်တယ်၊ လူသေမှာ တော့ အဲဒီစိတ်က မရှိတော့တဲ့အတွက် သူ့ကိုယ်ကြီး မလှုပ်ရှားနိုင်တော့ ဘူး၊ သူတစ်ပါး ထားသမျှ ပက်လက်ထားလဲ ပက်လက်ပဲ၊ မှောက် ထားလဲ မှောက်လျက်ပဲ၊ ဘာတစ်ခုမှ မပြုပြင် မလှုပ်ရှားနိုင်တော့ ပါ၊ အကြောင်းကတော့ လှုပ်ရှားစေနိုင်တဲ့ ဝီထိစိတ် မရှိတော့သည့် အတွက် ဖြစ်ပါ၏။

ဤအချက်ကို နားလည်သလိုလို၊ နားလည်သဘောပေါက် သလို လိုနှင့် တင်းတိမ်မနေဘဲ မိမိရဲ့ဉာဏ်ထဲမှာ တကယ်ထင်မြင်လာအောင် ဝင်စားသင့်ကြပါ၏။

ဣဒ္ဓိပါဒ်လေးပါးကို ဘန်းစင်ပြချင်လို့ အခြေပျိုးလိုက်တာ နှံ့နဲ့ကျယ်သွားပြီလား မသိပါ၊ သို့သော် အတွေးအခေါ်ပေါက်စေလို သည့်ဘက်ကို လုပြီးရေးနေခြင်းဖြစ်သည်ကို သတိပြုမိကြမည်ဟု ယုံကြည် ပါ၏။

နှစ်ဖက်လှ
၁၉၇၉-ခု၊ ဇွန်လ။

# ဗုဒ္ဓအဘိဓမ္မာဆိုတာ ပျင်းစရာမဟုတ်

ဤဆောင်းပါးများကို မပြတ်ဖတ်ရှု မှတ်သားလာသူ အနေဖြင့် ယခုလက်၌ ရိုးရိုးလူတစ်ယောက်မှာ စိတ်(၄၅)မျိုးသာဖြစ်ကြောင်း သိရှိခဲ့ပြီးဖြစ်ပါမည်။ လောဘစိတ်က (၈)မျိုး၊ ဒေါသစိတ်က (၂)မျိုး၊ မောဟစိတ်က(၂)မျိုး၊ ကုသိုလ်စိတ်က(၈)မျိုး၊ အဟိတ်စိတ်က(၁၇)မျိုး၊ မဟာဝိပါက်စိတ်က(၈)မျိုး ဖြစ်ပါသည်။

ဤစိတ် (၄၅)မျိုးတို့တွင် လောဘ၊ ဒေါသ၊ မောဟဆိုသည့် အကုသိုလ်စိတ်(၁၂)မျိုးနှင့် မဟာကုသိုလ်စိတ် (၈)မျိုးသာ အဓိကကျပါသည်။ အရေးပါပါသည်။

အသက်ရှိသော လူကိုယ်ခန္ဓာတွင် စိတ်ကြောင့် ရုပ်တွေဖြစ်နေကြောင်း ဖော်ပြခဲ့ပါပြီ။ စိတ္တဇရုပ်များပေတည်း။ မျက်နှာမှာလည်း စိတ်ကြောင့်ဖြစ်သော ရုပ်တွေ၊ ခြေလက်မှာလည်း စိတ်ကြောင့်ဖြစ်သည့် ရုပ်တွေ၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ကျော၊ စသည့် ခန္ဓာကိုယ် အလယ်ပိုင်းမှာလည်း စိတ်ကြောင့် ဖြစ်သောရုပ်တွေ မပြတ် ဖြစ်ချုပ်နေလျက်ရှိပါသည်၊

သို့ဖြစ်နေရာတွင် အကုသိုလ် စိတ်ကြောင့်လည်း ရုပ်တွေဖြစ်နေသည်၊ ကုသိုလ်စိတ်ကြောင့်လည်း ရုပ်တွေဖြစ်နေသည်။ ဤသို့ တစ်ဆင့်တိုး၍ သိရပါဦးမည်။

အကုသိုလ်စိတ်ဆိုသည်မှာ ညစ်ညူးသောစိတ်ဖြစ်၏၊ ကုသိုလ်စိတ်ဆိုသည်မှာ ဖြူစင်သန့်ရှင်းသောစိတ်ဖြစ်၏။ ထို့ကြောင့် အကုသိုလ်စိတ်

ကြောင့်ဖြစ်သော ရုပ်တို့သည် ညစ်နွမ်းကြ၏၊ ကုသိုလ်စိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် သန့်ရှင်းကြည်လင်ကြ၏။ ဤအချက်ကိုခွဲခြားပြီး သတိပြုရပေဦးမည်။

ဤအဘိဓမ္မာအခြေခံသဘာဝကို လက်တွေ့မျက်မြင် စဉ်းစားရာ၏။ ဒေါသဖြစ်နေသောသူ၏ မျက်နှာကိုကြည့်ပါ။ ခက်ထန်သောရုပ်၊ ကြမ်းကြုတ်သောရုပ်၊ ညစ်ညူးသောရုပ်တွေ ဖြစ်ပေါ်နေ၍ သူ၏မျက်နှာမှာ မည်သို့မျှ ကြည့်မကောင်းပေ။ သူ့မျက်နှာ အဘယ့်ကြောင့် မလှမပဖြစ်ရသနည်း။ ဒေါသကြောင့် ပင်ကိုလှသူဖြစ်စေကာမူ အမျက်ဒေါသ ချောင်းချောင်းထနေချိန်၌ သူ၏အလှသည် ကွယ်ပျောက်သွား၏၊ ဒေါသကြောင့်ဖြစ်သော ရုပ်ဆိုးရုပ်ညံ့တွေ ဖြစ်ပေါ်နေ၏။

တစ်နည်းအားဖြင့် သူတစ်ဦး၏မျက်နှာကို ကြည့်မြင်ရာတွင် ခက်ထန်သောမျက်နှာထားကို မြင်ရပါက ဪ....သူ့ရဲ့အတွင်းသန္တာန်မှာ ဒေါသစိတ်တွေ ဖြစ်နေပါကလားဟု သိနိုင်ပေသည်။

လောဘဖြစ်နေသော သူ၏ မျက်နှာကိုလည်း ကြည့်ပါ။ ရမ္မက်မျက်နှာ၊ ဟဏှာမျက်နှာထားကို အတိုင်းသား မြင်နိုင်ပါသည်။ ပစ္စည်းလောဘ၊ ကာမလောဘ ကြီးနေခိုက်တွင် အလွန်သိသာ၏၊ လောဘမျက်နှာကမခက်ထန်ပါ။ ချိုသလိုလိုရှိသော်လည်းလောဘသည် အကုသိုလ်စိတ် ဖြစ်သည့်အတွက် မျက်နှာထားမှာ ညစ်၏။ ရာဇဝင် ဝတ္ထုများတွင် မောင်တော်က နှမတော်ကို ရွှန်းရွှန်းစားစား ကြည့်တော်မူ၏ ဆိုသကဲ့သို့ ရမ္မက်ရိပ်သန်းနေသော မျက်လုံးများဖြင့် လောဘ မျက်နှာထားကို လောဘစိတ်က ပေါ်လွင်စေပါသည်။

တွေဝေသော မောဟစိတ် ဖြစ်နေခိုက်တွင်မူ သူ၏ မျက်နှာထားမှာ ညစ်သိုးသိုးဖြစ်နေသည်။ ထိုင်းထိုင်းမှိုင်းမှိုင်း အမူအရာ ပေါ်နေသည်။ ခက်ထန်နေခြင်းလည်း မဟုတ်၊ မျက်နှာ အဆီလူးနေခြင်းလည်း မဟုတ်၊ ညစ်ထပ်ထပ် ဖြစ်နေတတ်ပေသည်။ ဤကား မောဟစိတ်ကြောင့် မျက်နှာမှာ ညစ်ညူးသောရုပ်ဖြစ်ကြောင်း သိစရာပေတည်း။

အလုပ်နှင့် ယှဉ်စပ်ဆင်ခြင်လျှင် နွားသတ်သမားတစ်ဦး နွားသတ်နေခိုက် သူ၏မျက်နှာထားသည် ဒေါသစိတ်ကြောင့် ဒေါသစိတ္တဇရုပ်တွေဖြစ်ပြီး၊ တင်းမာသော မျက်နှာထားဖြစ်၏။ နွားသတ်နေတုန်းဖြစ်

သော မျက်နှာထားနှင့် ဘုရားရှိခိုးနေခိုက်ဖြစ်သော မျက်နှာထား မတူခြင်းသည် ဝမ်းတွင်း အခြေခံစိတ်ကြောင့် ရုပ်ဖြစ်ပုံ ကွာခြား၍ပေတည်း။ လောဘစိတ်၊ မောဟစိတ်ဖြစ်သူများ သို့မဟုတ် မိမိကိုယ်၌ ထိုအကုသိုလ်စိတ်တို့ ဖြစ်ပေါ်နေခိုက် အနေအထားများကို ဆက်လက်စဉ်းစားပါ။

ကုသိုလ်စိတ်ဖြစ်သောအခါ၌မူ မျက်နှာထားမှာ အလွန်ကြည်လင်အေးမြ၏။ ကုသိုလ်စိတ်ကြောင့်ဖြစ်သော ကုသိုလ်စိတ္တဇရုပ်များ လွှမ်းမိုးနေ၍ပေတည်း။

ဘုရားကို အာရုံရရ ရှိခိုးနေခိုက် ထိုသူ၏မျက်နှာကိုကြည့်လျှင် သန့်ရှင်းအေးမြနေသည်ကို တွေ့နိုင်၏၊ မေတ္တာပို့နေတုန်း၊ မေတ္တာပို့နေသူ၏ မေတ္တာ မျက်နှာထားသည် ကျက်သရေရှိနေ၏။ အဘယ့်ကြောင့်နည်း။ ကုသိုလ်စိတ်ကြောင့် ကုသိုလ်စိတ္တဇရုပ်တွေ ဖြစ်နေသောကြောင့်တည်း။

အတွင်းစိတ်သဘောထားသည် မျက်နှာတွင်ပေါ်၏၊ မျက်နှာတွင်ပြ၏၊ အဘယ့်ကြောင့်နည်း။ စိတ်ကြောင့် စိတ္တဇရုပ်တွေ မျက်နှာပေါ်၌ဖြစ်ပေါ်လာသောကြောင့်တည်း။

အကုသိုလ်စိတ်နှင့် ကုသိုလ်စိတ်ကြောင့် အကုသိုလ်စိတ္တဇရုပ်တွေ ကုသိုလ်စိတ္တဇရုပ်တွေ ဖြစ်ပေါ်ပြီး လူတို့၏ မျက်နှာထားအမျိုးမျိုး ဖြစ်ပေါ်နေကြပုံကို ခွန်တွဲ၍ ယှဉ်စပ်ကြည့်ပါဦး။

အောက်ပါတို့ကို သရုပ်ခွဲကြည့်ပါ။

- ခိုးနေတုန်း သူခိုး၏မျက်နှာနှင့် ရေစက်ချနေခိုက် အလှူရှင်၏ မျက်နှာ၊
- ကာမေသုမိစ္ဆာစာရကျူးလွန်နေစဉ် ထိုသူ၏မျက်နှာနှင့် ပုတီးစိတ်နေခိုက် ဥပုသ်သည်၏မျက်နှာ၊
- မနာလိုသောသူ၏ မျက်နှာထားနှင့် ကြည်ဖြူသောသူ၏ မျက်နှာထား၊
- မာနကြီးနေသောသူ၏ မျက်နှာထားနှင့် တည်တည်ငြိမ်ငြိမ် မှန်မှန်နေသူ၏မျက်နှာထား၊

- သားကိုကြည့်သော အမေ၏မျက်နှာထားနှင့် သားရန်သူ၏ မျက်နှာထား၊
- ငါးစိမ်းသည်၏မျက်နှာထားနှင့် ဥပုသ်သည်၏ မျက်နှာထား၊
- ကမ္ဘောဒ်းထိုင်နေတုန်း ယောဂီမယ်ကလေး၏ မျက်နှာထားနှင့် အငြိမ့်က,နေတုန်း အငြိမ့်မင်းသမီး၏ မျက်နှာထား၊
- သူတစ်ပါးကိုတွန်းလှဲသူ၏မျက်နှာထားနှင့် ဆွဲထူပေးသူ၏ မျက်နှာထား၊
- ဖြောင့်မတ်သူ၏ သမာဓိမျက်နှာထားနှင့် ဉာဏ်များသူ၏ ကလီကမာမျက်နှာထား။

အောက်ပါတို့တွင်မူ မူလအဘိဓမ္မာတရားကိုယ် တစ်ခုတည်းဖြစ်သော်လည်း အမူအရာကွဲပြားနေ၏။ ဥပမာ လူလူချင်း ဓားဖြင့်ခုတ်သတ်ရာတွင် သတ်သူ၏ မျက်နှာထားနှင့် အသတ်ခံရသူ၏မျက်နှာထား၊ ယင်းတို့သည် ဒေါသအကုသိုလ်စိတ်ကြောင့်ချည်းဖြစ်၏။ သို့သော် သတ်သူ၏ ဒေါသမျက်နှာထားမှာ ခက်ထန်၏၊ သေရမည့်သူ၏မျက်နှာထားမှာ ဆုတ်နစ်ကြောက်ရွံ့သောမျက်နှာထား ဖြစ်၏၊ ခက်ထန်ခြင်းလည်း ဒေါသသဘော၊ ကြောက်ရွံ့ခြင်းလည်း ဒေါသ သဘောပင်ဟု ဗုဒ္ဓအဘိဓမ္မာက တိတိပပ ညွှန်ပြထားပေသည်။

ထိုနည်းတူ နွားကြီးကိုသတ်ဖို့ ခြေလေးချောင်းကို ကြိုးတုတ်၍ လှဲချပြီးသတ်မလို့ လုပ်နေကြသူတို့၏ မျက်နှာထားနှင့် သေရတော့မှာသိလို့ ကြောက်ရွာလွန်းလို့ မျက်ရည်များပင်ကျရှာသည့် နွားကြီး၏ မျက်နှာထား၊ အခြေခံအားဖြင့် ဒေါသစိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်ချည်းပင်ဖြစ်ကြသော်လည်း သတ်သူဘက်က ခက်ထန်ဒေါသ၊ အသတ်ခံဘက်က ဆုတ်နစ်ဒေါသ၊ ဤသို့ကွာခြားလေသည်။

လက္ခဏာပညာသင်နေတုန်း လက္ခဏာပညာမှာ စိတ်ပါနေသူသည် လူတွေကိုကြည့်သည့်အခါ သူတို့၏လက်တွေကိုပင် ဂရုစိုက်၍ကြည့်တတ်၏။ သင်္ချာဝါသနာကြီးသူသည် ပက်လက်လှန်အိပ်လိုက်သောအခါ

မျက်နှာကျက်လေးထောင့်ကွက်တွေကို စတုဂံအဖြစ်မြင်ပြီး ဒါက စတုရန်း၊ ဒါက စတုမရန်းဘူး၊ စတုဂံမျှသာ၊ ဒီထောင့်မှာ ဒီဂရီ ဘယ်လောက် စသည်ဖြင့် သင်္ချာတွေခေါင်းထဲဝင်နေ၏။ ထိုဥပမာများနည်းတူ ယခု ဤဆောင်းပါးကို ဖတ်နေသူသည်လည်း အကယ်၍ အလွန်တရာ အဖိုးတန်လှသည့် ဗုဒ္ဓအဘိဓမ္မာပညာကို စိတ်ဝင်စားပါက မိမိကိုယ်ကိုလည်း စိစစ်မိပေရာ၏။ ယခု ငါဘာစိတ်ဖြစ်တာပဲ၊ ဒီစိတ်ဖြစ်တော့ ငါ့မျက်နှာဒီလိုကိုး၊ ဟိုလူလဲ အဲဒီစိတ်ဖြစ်လို့ သူ့မျက်နှာ သူ့အပြုအမူက ဒီလိုဖြစ်တာပါကလား စသည်ဖြင့် မြင်သမျှ အဘိဓမ္မာအမြင်ဖြင့်ကြည့်ပြီး အဘိဓမ္မာတွက် တွက်ပေလိမ့်မည်။

သတိပြုစရာတစ်ချက် ကြားညှပ်ပြောပါရစေဦး၊ အထက်ပါတို့ကိုဖတ်ပြီး လေးလေးနက်နက်တွေးမိပါက ဩော်....ဗုဒ္ဓအဘိဓမ္မာဆိုတာဟို....အဝေးကြီးက ဟိမဝန္တာတောင်အကြောင်း ပြောတာလဲမဟုတ်ဘူး၊ ပစိဖိတ်သမုဒ္ဒရာအကြောင်းလဲမဟုတ်ဘူး၊ မိုးပေါ်က နေနဲ့လအကြောင်းလဲမဟုတ်ဘူး၊ အီဂျစ်က ပိရမစ်အကြောင်းလဲ မဟုတ်ဘူး၊ ပြင်သစ်ကအီဖဲ မျှော်စင်အကြောင်းလဲမဟုတ်ဘူး၊ စင်စစ်မှာတော့ ငါ့အကြောင်းပြောနေတဲ့ ဘာသာရပ်ပါတကား။ ဒီကမ္ဘာမှာ ပဓာနအကျဆုံးဖြစ်တဲ့လူ့အကြောင်း အခြေခံကျကျ ပြောနေတဲ့လူနဲ့ တကယ့်ကိုမှီးစပ်တဲ့ဘာသာပါကလားဟု စဉ်းစားမိစရာဖြစ်ပါသည်။

စာဖတ်အားကောင်းပြီး ဗဟုသုတကျယ်သူဖြစ်မှု အင်း...ဥရောပသား အချို့က 'ဗုဒ္ဓအဘိဓမ္မာဆိုတာ ပျင်းစရာကြီး၊ အရိုးချောက်ကြီးနဲ့တူတယ်၊ အရိုးတွေစုနေတဲ့ အရိုးတောင်ကြားကြီးပဲ |(Valley of Bones)' လို့ ရေးခဲ့ပြောခဲ့ကြတာဟာဖြင့် တော်တော်ကိုဒုန်းဝေးတဲ့လူတွေပဲဟု စဉ်းစားမိစရာ ဖြစ်ပါသည်။

ဆက်ပြီးတော့ ကံကောင်းထောက်မလို့ ရထားတဲ့ ဒီလောက်အသုံးကျတဲ့ ဗုဒ္ဓအဘိဓမ္မာ (အဆင့်မြင့် ဖီလိုဆိုဖီ)ကို တိုင်းပြည့်ရှင်သွေးတွေ ကျယ်ကျယ်ပြန့်ပြန့် သင်ယူနိုင်အောင် အသုံးချနိုင်အောင် ကျောင်းသင် ဘာသာရပ်အဖြစ် ပြဋ္ဌာန်းသင်ကြားပေးနိုင်ပါက အလွန် အကျိုးရှိပေလိမ့်မည်ဟုလည်း မျှော်ကိုးမိစရာရှိပေသည်။

နှစ်မက်လှ
၁၉၇၉-ခု၊ ဇူလိုင်လ။

# ဝိထိစိတ်(လှုပ်စစ်ခါတ်) နှင့် လူ့ကိုယ်ခန္ဓာ

ပြီးခဲ့သောလက လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်စိတ်တို့ကြောင့် မိမိကိုယ်၌ ရုပ်ဖြစ်ပုံ၊ ကုသိုလ်စိတ်ကြောင့်လည်း ရုပ်ဖြစ်ပုံတို့ကို ဖော်ပြခဲ့၏။ အတွင်းစိတ်ကြောင့် မျက်နှာထားအမျိုးမျိုး ဖြစ်ပေါ်ရပုံကိုပါ ရေးသားခဲ့ပါသည်။ ယခုလတွင် ပို၍ အနုစိတ် လေ့လာကြည့်ပါဦးစို့။

'ဝိထိစိတ်သာအခြေခံအချက်'ဟူသော ခေါင်းစဉ်ပါဆောင်းပါးတွင် လူတစ်ယောက် သွားလာ လှုပ်ရှားသမှု ပြုနိုင်ခြင်းသည် ဝိထိစိတ်ကြောင့်သာဖြစ်ကြောင်း တင်ပြခဲ့ပါပြီ။ ယခုဆက်လက်၍ ထို ဝိထိစိတ်ကို ထပ်မံခွဲခြား သုံးသပ်ရမည် ဖြစ်၏။

ယနေ့လူသာမန် (ပုထုဇဉ်) တို့ ရရှိကြသည့် စိတ် ၄၅-မျိုးတို့တွင် ပါဝင်သော လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ၁၂-မျိုးနှင့် ကုသိုလ်စိတ် ၈-မျိုး တို့သည် 'ဇော' ဖြစ်လာသည့် အခါ လူ၏ လျောင်းခြင်း၊ ထိုင်ခြင်း၊ မတ်တတ်ရပ်ခြင်း၊ သွားလာခြင်း ဟူသော ဣရိယာပုတ် ၄-မျိုးကို ဖြစ်စေသည်။ အလောဘစိတ်၊ အဒေါသစိတ်၊ အမောဟစိတ်ဆိုသော ကုသိုလ်စိတ်တို့ကလည်း လူ၏ဣရိယာပုထ်တို့ကို ဖြစ်စေသည်။

လောဘ မဖြစ်ဘဲ အေးအေးလေး နေသောအခါ အလောဘစိတ်ဖြစ်၏။ ဒေါသမဖြစ်ဘဲ အေးအေးလေး နေသောအခါ အဒေါသစိတ်ဖြစ်၏။ မောဟမဖြစ်ဘဲ မတွေမဝေ နေသောအခါ အမောဟစိတ်ဖြစ်၏။ ထိုစိတ်တို့သည် ကုသိုလ်စိတ်တို့ပေတည်း။

ထိုအကုသိုလ်စိတ်၊ ကုသိုလ်စိတ်တို့သည် တစ်ခုစီ ဖြစ်ပျက်သော အခါတွင် လူ၏ ကြိယာပုထ်ကို မဖြစ်စေနိုင်၊ 'ဇော' ဖြစ်လာသော အခါမှ ကြိယာပုထ်ကို ဖြစ်စေနိုင်ပေသည်။ 'ဇော' ဆိုသည်မှာ စိတ်တစ်မျိုးထဲ ၇-ကြိမ် ဆက်ကာဆက်ကာ ဖြစ်ခြင်းမျိုးတည်း၊ ထိုသို့သော ဇောအုပ်စု စိတ်တွေကလည်း မျက်တောင် တစ်ခါခတ် အတွင်းမှာ ကုဋေသိန်းသန်း ဖြစ်ပျက်သွားကြ၏။

လူကို ငြိမ်ငြိမ်ကလေး သိပ်ထားပါ၊ စိတ်ထဲက ထချင်တယ်လို့ ဖြစ်လာလျှင် လူကိုယ်ခန္ဓာကြီး လှုပ်ရှားပြီး ထလာ၏၊ မတ်တတ်ရပ်ချင်တယ်လို့ စိတ်ဖြစ်လျှင် မတ်တတ်ရပ်၏၊ သွားချင်တယ်ဆိုတဲ့စိတ်ဖြစ်တော့ ခြေထောက်တွေက လှုပ်ရှား လှမ်းသွား၏၊ ဤ ဖြစ်ရပ်သည် အတိုင်းမသိ လျင်မြန်လွန်းလှ၍ စိတ်ဖြစ်ပြီးမှ, ပြီးမှ, လူကိုယ်ကြီးလှုပ်ရှားသွားတာပါကလားဟု သတိ မပြုနိုင်၊ ထချင်တာနဲ့ ထတယ်၊ ထိုင်ချင်တာနဲ့ ထိုင်တယ်၊ သွားချင်တာနဲ့ သွားတယ်လို့ တစ်ခါတည်း အသိမှားနေ၏၊ စင်စစ် ထချင်တာက တစ်မျိုး၊ ထတာက တစ်မျိုး ဟူ၍ပင် မသိတဲ့နိုင်ကြချေ။

ရုပ်ခန္ဓာကြီးသည် နာမ်၏အသုံးခံ စစ်စစ်ဖြစ်၏။

စိတ်က လူ၏သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊လျောင်းခြင်း ဟူသော ကြိယာပုထ်တွေ ဖြစ်စေပုံကို သာဓက ဆောင်ဦးစို့။

ဤစာရေးသူ ငယ်စဉ်က ဤစာရေးသူ၏ ဘကြီးသည် ခြေကလေခန့် အိပ်ရာပေါ်၌ ပက်လက်မမာနေ၏၊ ထူပေးမှထိုင်နိုင်၏၊ ကျင်ကြီးကျင်ငယ် မ,ထူ၍ ဟယ်ရ၏၊ အစားအစာကို ခွံ့ပေးရ၏။

တစ်ညတွင်မူ တောအရပ်ပီပီအိမ်ပေါ်မြွေဟောက်ကြီးတစ်ကောင် တက်လာ၏။ အိမ်သူအိမ်သားတွေ အထိတ်တလန့် 'မြွေဟောက်ကြီးဟ၊ မြွေဟောက်ကြီးဟ' ဟု အော်ကြ၏။ အာမေဍိတ်သံတွေ မိုးမွှန်သွားသည်၊ လူအားလုံးသည် မြွေဆီသို့ စိတ်ရောက်နေကြ၍ လူမမာကို မေ့နေကြ၏။

မြွေကြီးပြန်ဆင်းပြီး ပျောက်ကွယ်သွားသောအခါတွင်မှ လူမမာကို သတိရပြီးကြည့်ကြရာ လူမမာ ဘကြီးသည် အိပ်ရာပေါ်မှာငုတ်တုတ်

ကလေး ထိုင်လျက်သားနှင့် လက်ထဲမှ သူ့အနီးက ထွေးခံကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားလေသည်။ မြွေလာလျှင် ချမည်ပေါ့လေ။

အိမ်သူအိမ်သားတို့မှာ ငိုအားထက် ရယ်အားသန်ကြ၍၊ ဘကြီးကို အိပ်ရာပေါ် ပြန်လှဲပေးကြရသည်။

ရိုးရိုးအခါမှာ မထနိုင်သောလူမမာသည် မြွေဆိုသော အသံကို ကြားရသောအခါ ကြောက်စိတ် (ဒေါသစိတ်ဇော) အဟုန် ပြင်းထန် လွန်း၍ သူ၏ကိုယ်ခန္ဓာကို ထိုင်စေနိုင်ခြင်းဖြစ်သည်။

ထို့ပြင် ရပ်ကွက်ထဲ၌ မီးကြီးလောင်သော အခါမျိုးတွင် ပစ္စည်းများကို ကြောက်လန့်တကြား သယ်ချကြသည်။ ရိုးရိုးအခါ မ,မနိုင် မရွှေ့နိုင်သောသေတ္တာကြီးတွေကို မ,ချီသယ်ချသွားနိုင်ကြသည်။ မီးငြိမ်း သွားသောအခါ ကိုယ့်သေတ္တာကို ပြန်မသယ်နိုင်တော့ချေ၊ ငါ့နှယ် မီးမီး ဆိုတာနဲ့ ဒီသေတ္တာကြီးကို မ,ချလိုက်တာ အသာလေး ပါလာတယ်၊ ခုတော့ ကွာအောင်တောင် မ,မနိုင်တော့ဘူးဟု ပြောကြရသည်။

ဤသည်မှာလည်း ကြောက်စိတ်၊ ဒေါသစိတ် အရှိန်အဟုန် ကြီးလွန်းလှ၍ မနိုင်ဝန်ကြီးကို မ,ချီသယ်ယူနိုင်ခြင်း ဖြစ်၏။

တောထဲမှာ ဆင်လိုက်သောအခါမျိုးတွင်လည်း ရိုးရိုးအခါမှာ ဘယ်လိုမှ မတက်နိုင်တဲ့ သစ်ပင်ပေါ် စွေ့ခနဲ ရောက်သွားတတ်ကြ၏။ ဆင်မရှိတော့သောအခါ ပြန်၍ပင် မဆင်းတတ်နိုင် ဖြစ်ရသည်။ ဤသည်မှာလည်း ကြောက်စိတ်အဟုန်ကြောင့်ရုပ်ကိုယ်ခန္ဓာကြီး လျင်မြန် စွာ သွားလာတက်ရောက်နိုင်ခြင်း ဖြစ်ပေသည်။

ဘောလုံးကန်သူများ၊ ရေကူးသူများ၊ အပြေးသမားများ၊ လက်ဝှေ့ထိုးသူများ၊ ကခြေသည်များ စသည်ဖြင့် လှုပ်ရှားမှုပြုသမျှသည် ဝီထိစိတ်ဇောအဟုန်၏ အတွင်းရေးလက်ချက်များချည်း ဖြစ်၏။

ဝီထိစိတ်ဇောအဟုန်က ကိုယ်ခန္ဓာအစိတ်အပိုင်းများကို လှုပ်ရှား စေပုံနှင့်ပတ်သက်၍ အဘိဓမ္မာ အဋ္ဌကထာ ကျမ်းကြီးများတွင် ဤသို့ ဖော်ပြထား၏။

ဥပမာ....ချထားသောလက်ကို မ,မည်၊ ချီမည်ဆိုပါစို့။

လူသည် သူ၏လက်ကို မ,ချင်သောစိတ်ဖြစ်၏၊ ထိုစိတ်သည် ဇောသဘောဖြင့် အရှိန်အဟုန်ပြင်းစွာ အဆက်မပြတ်ဖြစ်လေသည်။ ထိုဇောစိတ်သည် ဝါယောဓာတ်(လေ)ကို ဖြစ်စေလေသည်။ စိတ္တဇဝါယောဓာတ် (စိတ်ကြောင့်ဖြစ်သောလေ)ဟု အဘိဓမ္မာကခေါ်၏။ လေ၏သဘောသဘာဝ သို့မဟုတ် သတ္တိသည် ရွန်းကန်ခြင်း၊ ထောက်ကန်ခြင်းဖြစ်ပေရာ လေအဆက်မပြတ်ဖြစ်လာသည်နှင့် လက်အကြောများအတွင်း၌ရှိသောသွေးကို လေလျှောက်လေတော့သည်၊ သွေး၌ လေလျှောက်သောအခါ အကြောတွေ တင်းမာတောင့်တင်းလာသည်။ ခွန်အားဝင်လာသည်။ တခြားသော ပထဝီရုပ် အာပေါရုပ် တေဇောရုပ်တို့သည်လည်း မဟာဘုတ်ရုပ်အချင်းချင်း ဆက်သွယ်ပြီး ဝါယောလေရုပ်နှင့် အတူဖြစ်သည့်အတွက် ထိုရုပ်တို့လည်း ပါလာသေသည်။ ထိုအခါ လူကသူ၏လက်ကို မ,ချင် ကြွ,ချင်သည့်ဆန္ဒအတိုင်း လက်သည် မ,ကြွလာလေသည်။

ဤအချက်ကို စာဖြင့် ရေးပြနေ၍သာ ကြာသည်။ စိတ်သည် မျက်တောင်တစ်ချက်ခတ်လောက် ကာလတိုလေး အတွင်းမှာ ကုဋေတစ်သိန်း ဖြစ်ပျက်သွားနိုင်သည်ဖြစ်၍ တကယ်ဖြစ်သောအခါ လက်ကို မ,ချင်ကြွ,ချင်သည်နှင့် ချက်ချင်းကြွတာပဲဟု ထင်ကြရတော့သည်။

သိပ္ပံနယ်က လျှပ်စစ်ဓာတ်စီးသည့်သဘောနှင့် လျှပ်စစ်စွမ်းရည်တို့ကို သိရှိကျွမ်းကျင်သူများ အနေဖြင့် ဖော်ပြပါ အဘိဓမ္မာသဘောကို သဘောပေါက်လွယ်လိမ့်မည်ဟု ထင်ပါသည်။

လိုချင်သောလောဘဇောစိတ်ကြောင့်လည်း လူ၏ ကိုယ်လက်အင်္ဂါတွေလှုပ်ရှား၏၊ ပြစ်မှားသော ဒေါသဇောစိတ်၊ တွေဝေသော မောဟဇောစိတ် တို့ကြောင့်လည်း လူသားကိုယ်ခန္ဓာ လှုပ်ရှား၏၊ တွယ်တာတပ်မက်မှုတို့မပါ အေးအေးဖြစ်သော ကုသိုလ်အလောဘစိတ်ကြောင့်လည်း ကိုယ်လက်အင်္ဂါ လှုပ်ရှား၏။ စိတ်ဆိုးခြင်းမရှိသော ကုသိုလ်အဒေါသဇောစိတ်၊ သိတတ်မြင်တတ်သော ကုသိုလ် အမောဟဇောစိတ်(ပညာ)တို့ကြောင့်လည်း လူ၏အင်္ဂါခြေလက်များလှုပ်ရှား၏။

ခါးပိုက်နှိုက်၏ လက်သည် လောဘဇောကြောင့် လှုပ်၏၊ နွားသတ်သမား၏လက်သည် ဒေါသဇောကြောင့်လှုပ်၏၊ ခလုတ်တိုက်သူ၏ ခြေထောက်သည် မောဟဇောကြောင့် လှုပ်၏၊ အလှူရှင်၏ လက်သည်

အလောဘစေတနာကြောင့်လှပ်၏၊ မေတ္တာပို့သူ၏နှုတ်ခမ်းသည် အဒေါသ စေတနာကြောင့်လှုပ်၏၊ ဘုရားထိုင်ရှိခိုးသူ၏ လက်သည် အမောဟစေတနာ ကြောင့် နဖူးပေါ်သို့ တင်ရှိရ၏။

ဘဝင်စိတ် (အိပ်စိတ်) သည် လူ့ကိုယ်ခန္ဓာကို မလှုပ်ရှားစေနိုင်။ အသေကောင်လိုသာ ပက်လက် ဖြစ်စေသည်၊ အသက်မသေအောင်သာ သူ အသက်ဆက်ပေး၏၊ သို့မဟုတ် တစ်ဖန် ဝီထိစိတ်တွေ ဖြစ်လာနိုင် အောင် လူကိုထိန်းသိမ်းထားပေး၏။

ဝီထိစိတ် (နိုးစိတ်) သည် လူ၏ကိုယ်ခန္ဓာကို လှုပ်ရှားလာစေ၏၊ ထိုဝီထိစိတ်များအနက် အကုသိုလ် ကုသိုလ်စိတ်တို့သည် 'ဇော' ဖြစ်လာ ပါက သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း စသည့် လူ၏ အပြုအမူတို့ကို ဖြစ်စေ၏။

မျက်စိမှိတ်လိုက်ပါ၊ မိမိခန္ဓာကိုယ်၌ ဦးခေါင်းကစပြီး ခြေဖျား ထိအောင် အတွင်းကြည့်ကြည့်ပါ၊ ဤသို့ ကြည့်သောအခါ ဆံပင်ကို သိသောအသိ၊ မျက်နှာကိုသိသော အသိ၊ ရင်ဘတ် ကျောကို သိသော အသိ၊ ခါး တင် ခြေလက်တို့ကို သိသော အသိ၊ ဤသို့သော သိမှု ကလေးကို တွေ့ပါမည်။

ဤသိမှုကလေးသည် တစ်ခုတည်းဟု ထင်ရသော်လည်း ဘစ်ခု တည်းမဟုတ်၊ စိတ်ခဏတ်ဇောတွေ တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ် ပျက်သွားခြင်းသာ ဖြစ်သည်။

ဤအသိခဏတ်ကလေးသည် ခြေလက်လို ဦးခေါင်းလို ပုံသဏ္ဌာန် မရှိသော်လည်း လျှပ်စစ်ခဏတ်ကဲ့သို့ အလွန်အလွန် အစွမ်းသတ္တိ ရှိလေ သည်၊ သူသည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကြီးကို ကြိုးကိုင်နေခြင်းဖြစ်၏။

ဤဒီပါဒ်ကို ဖော်လိုက်သောအခါ တစ်ခါတည်းသဘောပေါက် သွားနိုင်အောင် ဖော်ပြပါ သဘောတရား အခြေခံအချက်တို့ကို ဖတ်ထား နှင့်ရန် လိုအပ်ပါသည်။

နှစ်ဖက်လှ
၁၉၈၉-ခု၊ ဩဂုတ်လ။

# အတွင်းစိတ်နှင့် အပြင်မျက်နှာထား

ဤအဘိဓမ္မာ ဆောင်းပါးများကို မပြတ်ဖတ်ရှု လာသူသည် လူ၏ ကိုယ်ခန္ဓာ၌ ပူမှုအေးမှု ဥတုကြောင့် ဖြစ်သောရုပ်၊ စားသောက်သော အစားအစာကြောင့် ဖြစ်သောရုပ်၊ ကံကြောင့် ဖြစ်သောရုပ်၊ စိတ်ကြောင့် ဖြစ်သောရုပ်ဟူ၍ ရုပ်လေးမျိုးမပြတ် ဖြစ်ပျက်နေကြောင်း သိရှိပါပြီ။

ရုပ်ကိုဖြစ်စေသည့်ဥတု၊ အာဟာရ၊ ကံ၊ စိတ်ဟူသော အကြောင်း ၄ လေးမျိုးအနက် စိတ်သည် အကုသိုလ်စိတ် ကုသိုလ်စိတ်ဟူ၍ အခြေခံအားဖြင့် နှစ်မျိုး၊ အကုသိုလ်စိတ်မှာလည်း လောဘစိတ်, ဒေါသစိတ်, မောဟစိတ်၊ ကုသိုလ်စိတ်မှာလည်း အလောဘစိတ်, အဒေါသစိတ်, အမောဟစိတ်ဟူ၍ အမျိုးမျိုးရှိကြောင်း သိရပါပြီ။ ထိုသို့ မတူသော စိတ်တို့ကြောင့် မတူသောရုပ်တွေ မိမိတို့ကိုယ်ခန္ဓာမှာ ဖြစ်နေကြောင်းလည်း သိရပါပြီ။

စိတ်တွင် စေတသိက်ဟုခေါ်သော သဘောတရားများသည် စိတ်ဖြစ်တိုင်း အမြဲမပြတ် ထက်ကြပ်မကွာ ဖြစ်အတူ ပျက်အတူ ပါလေမြဲ ဖြစ်ကြောင်းကိုလည်း သိကြပါပြီ။ ထိုသို့သော စေတသိက်တို့တွင် 'ဆန္ဒ' ဟုခေါ်သောစေတသိက်သည် အကုသိုလ်စိတ်ဖြစ်တိုင်း၊ ကုသိုလ်စိတ် ဖြစ်တိုင်း အမြဲပါဝင်သည်။ လောဘစိတ်ဖြစ်သောအခါ လောဘစေတသိက်နှင့် ဆန္ဒစေတသိက် အတူတကွဖြစ်၏။ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ် စသည်ဖြစ်သော အခါမှာလည်း ဆန္ဒစေတသိက်သည် အတူတကွ ပါဝင်မြဲဖြစ်၏၊ ဆန္ဒစေတသိက်သည် အကုသိုလ် ဖြစ်သော

လောဘ ဒေါသ မောဟတို့နှင့်အတူ ဖြစ်သောအခါ အကုသိုလ် သဘော ရှိ၏။ ကုသိုလ်ဖြစ်သော အလောဘ၊အဒေါသ၊ အမောဟတို့နှင့်အတူဖြစ် သောအခါ ကုသိုလ်သဘောရှိ၏။

လူ၏ကိုယ်ခန္ဓာတွင် မျက်နှာသည် အတွင်းစိတ်၏ သဘောကိုသိသာ ပေါ်လွင်စေသည်။ ဘေးက ကြည့်မြင်သောသူတို့သည် သူ၏ မျက်နှာကို ကြည့်ပြီး သူ၏အတွင်းစိတ်အလိုကို သိခွင့်ရကြသည်။

လူတစ်ယောက် လောဘစိတ် ဖြစ်နေသောအခါ အထူးသဖြင့် တဏှာဖြစ်နေသောအခါ သူ၏ မျက်နှာကိုကြည့်ပြီး သူ၏ အလိုရမ္မက်ကို သိရ၏။ ထင်ရှားအောင် သရုပ်ဆောင်ရသော် ယောက်ျားတစ်ဦးသည် သူချစ်သောမိန်းကလေးကို တွေ့မြင်သောအခါ တပ်မက်သော သူ၏ အတွင်းစိတ် တဏှာသဘာဝသည် သူ၏မျက်နှာတွင် ပြပေသည်။ သူ၏ ရမ္မက်မျက်နှာထားကို သိသိသာသာပင် မြင်နိုင်သည်။ လူမဆိုထားနှင့်၊ တော်သလင်းလ မိတ်လိုက်ကြသော ခွေး၏မျက်နှာမှာပင် အတွင်းက ကိလေသာ တဏှာစိတ် မျက်နှာထားကို မြင်သာပေသည်။

ထိုတဏှာ မျက်နှာထားတွင် လိုချင်သော ဆန္ဒသဘောကိုပါ သိနိုင်၏။ အတွင်းစိတ်ပါသော တဏှာဆန္ဒ(ကာမဆန္ဒ)ကြောင့် လူတို့ တွင် မျက်နှာထားအမျိုးမျိုး ဖြစ်လာ၏။ ကြည့်ပုံ၊ ရှုပုံ ကွဲပြားလာ၏။ ကြာကြည့်ကြည့်သော အကြည့်မျိုး၊ သမင်လည်ပြန် စံပယ်ကြည့် ကြည့် သော အကြည့်မျိုး၊ ရွှန်းရွှန်းစားစား ကြည့်သော အကြည့်မျိုးတွေ ကြည့်လာ၏။ ဤသို့သော အကြည့်မျိုးတွေက မောင်-ခင့်ကိုချစ်သည်၊ ခင့်ကို လိုချင်သည် စသည့်ဆန္ဒသဘောကိုပါ သိစေသည်။

ထိုနည်းတူ စိတ်ဆိုးသောအခါတွင် အတွင်းခံဒေါသ(ဝါ)ဒေါသ ဆန္ဒသဘောသည် သူ၏ မျက်နှာပေါ်တွင် ပေါ်နေ၏။ မုန်းတယ်၊ မကြိုက်ဘူး၊ မကျေနပ်ဘူးဆိုသည့် သူ၏သဘောထားကို ထိုစိတ်ဆိုးသူ၏ မျက်နှာက ပြနေ၏။ တစ်ဆက်တည်းပင် မင်းကို မလိုဘူး၊ ငါ့နား မလာနှင့် စသည့် သူ၏ အလိုဆန္ဒကိုပါ သူ့မျက်နှာက ပြလေသည်။ အတွင်း၌ မောဟစိတ်ဖြစ်နေသော သူ၏မျက်နှာတွင်လည်း စိတ်ရှုပ်နေ သည့်ပုံ၊ပတ်ဝန်းကျင်ကို ဥပေက္ခာပြုနေသည့်ပုံ ပေါ်နေ၏။ သတိ ကင်း လွတ်ပြီး ဘာကိုမှ မယ်မယ်ရရ မသိ ဖြစ်နေ၏။ ဤ သဘောကိုလည်း သူ့ မျက်နှာကြည့်ပြီး ဘေးကလူက သိနိုင်သည်။

ကုသိုလ်ပိုင်းက အလောဘစိတ် ဖြစ်နေသောအခါ အလောဘဆန္ဒလည်း ပါမြဲဖြစ်၏။ ထိုအခါ သူ့မျက်နှာထားသည် တွယ်တာတပ်မက်မှု လိုချင်မှုကိုမပြဘဲ အေးဆေးတည်ငြိမ်မှု သဘောကိုပြသည်။ လောဘသည် ဂိလေသာဖြစ်၍ ပူလောင်၏၊ အလောဘသည် ကိလေသာမဟုတ်၍ အေးငြိမ်း၏။ အလောဘ၏ အေးငြိမ်းမှုသဘောသည် သူ၏မျက်နှာ၌ ပေါ်၏၊ သူသည် ပစ္စည်းကိုမတွယ်တာ၊ တောင်းလျှင် အလှူခံလျှင် ပေးမည့် လှူမည့်ပုံပေါ်နေ၏။ အကဲခတ်၍ရ၏၊

အဒေါသစိတ် ဖြစ်သောအခါ အဒေါသနှင့်ဆန္ဒလည်း အတူဖြစ်၏၊ ထိုအခါ သူ၏မျက်နှာပေါ်၌ ဒေါသရိပ် ဒေါသခိုးတွေကင်းနေ၏။ မိုးသားတိမ်လိပ်တွေ ကင်းနေသော ကောင်းကင်ပြာကဲ့သို့ ဖြစ်၏။ သူ့မျက်နှာမြင်ရတာ မြင်ရသူအဖို့ အေးမြ၏။ ဒေါသသည် ကိလေသာစိတ်ဖြစ်၍ ပူလောင်၏၊ ဒေါသမျက်နှာကို မြင်ရလျှင် မြင်ရသူပါ အပူကူး၏။ အဒေါသသည် ကိလေသာမဟုတ်၍ အေးမြ၏၊ အဒေါသမျက်နှာ(ဝါ)စိတ်မဆိုး စိတ်ကြည်လင် အေးမြနေသူ၏ မျက်နှာကိုမြင်ရလျှင် မြင်ရသူပါစိတ်အေး၏၊ ခံတ်ကူးခြင်းပေတည်း၊

အမောဟစိတ် (ဝါ) ပညာနှင့်ယှဉ်သောစိတ် ဖြစ်သောအခါ ဆန္ဒလည်းပါ၏၊ ပညာနှင့်ယှဉ်သောစိတ် ဖြစ်နေသူ၏မျက်နှာကို မြင်ရလျှင် မြင်ရသူ၌ပါ ဉာဏ်ပွင့်ချင်လာ၏။ မဟုတ်မဝေသော မျက်နှာကို မြင်ရ၍ မိမိလည်း မဟုတ်မဝေဖြစ်၏၊ ထို့ကြောင့် စာပေတော်သူနှင့် ပေါင်းလျှင် မိမိလည်း စာတော်လာသည်၊ ညံ့ဖျင်းသူနှင့်ပေါင်းလျှင် မိမိလည်း တဖြည်းဖြည်းတုံးလာသည် ဆိုသည်မှာ တခြားကြောင့် မဟုတ်၊ ဤအဘိဓမ္မာ အခြေခံကြောင့်ပေတည်း။

ဆက်လက်၍ အရေးကြီးသော အဆင့်တစ်ဆင့်သို့ တက်ကြပါစို့။

လောဘစိတ် ဖြစ်သောအခါ သူ၏ မျက်နှာကိုကြည့်ပြီး သူ့မှာ လောဘဆန္ဒဖြစ်နေကြောင်း၊ စိတ်ဆိုးနေသော အခါ သူ့မျက်နှာကိုကြည့်ပြီး သူစိတ်ဆိုးနေကြောင်း သိရသည်၊ စသည်ဖြင့် အထက်တွင် ဖော်ပြခဲ့၏၊ မျက်နှာထားကိုမြင်ပြီး အတွင်းစိတ်ဆန္ဒကိုအဘယ့်ကြောင့် သိရသလဲ ဟု တစ်ဆင့်တက် လေ့လာရပေသည်။

ဘေးကကြည့်သူ မြင်သူသိနိုင် ပည်မှာသူ၏မျက်နှာပေါ်၌ မိမိဆန္ဒကိုသူတစ်ပါးသိစေနိုင်သည့် ရုပ်တစ်မျိုး ဖြစ်သောကြောင့်တည်း၊ စိတ်

ကြောင့်ရုပ်တွေဖြစ်ပေါ်ရာတွင် ပထဝီရုပ်တွေ၊ အာပေါရုပ်တွေ စသည့် ရုပ်တွေ ဖြစ်ရုံမျှဖြင့် အတွင်းစိတ်သဘောကို မသိနိုင်သေး၊ သူတစ်ပါး သိစေနိုင်သည့် ရုပ်တစ်မျိုးဖြစ်လာပါမှ သူ၏အလိုဆန္ဒကို သိစေနိုင်သည်။ ထိုရုပ်ကို အဘိဓမ္မာက 'ဝိညတ်ရုပ်' ဟုခေါ်သည်။ ဝိညတ္တိ=ဝိညတ်၏ အဓိပ္ပာယ်မှာ မိမိ၏ အလိုဆန္ဒကို သူတစ်ပါးအား သိစေသည့်ရုပ်ဟု အဓိပ္ပာယ်ရပေသည်။

ထိုဝိညတ်ရုပ်ကို စိတ်တိုင်းက မဖြစ်စေနိုင်၊ ဥပမာ ဘဝင်စိတ် (အိပ်စိတ်) တို့သည် ဝိညတ်ရုပ်ကို မဖြစ်စေနိုင်၊ ထို့ကြောင့် အိပ်နေသူ၏မျက်နှာပေါ်၌ ဝိညတ်ရုပ် မရှိ၊ ထို့ကြောင့် အိပ်နေသူ၏မျက်နှာကို ကြည့်ပြီး ဘေးကလူက ထို အိပ်နေသူ၏ အလိုဆန္ဒကို မသိရခြင်း ဖြစ်ပေသည်။ ထိုနည်းတူ စက္ခုဝိညာဉ်စသော အဟိတ်စိတ်တို့ကလည်း ဝိညတ်ရုပ်ကို မဖြစ်စေနိုင်ပေ။

မိမိ၏ အလိုဆန္ဒကို သူတစ်ပါးအား သိစေသည့် ဝိညတ်ရုပ်ကို လောဘဇောစိတ်၊ ဒေါသဇောစိတ်၊ မောဟဇောစိတ်တို့က ဖြစ်စေနိုင်၏။ အလောဘ ဇောစိတ်၊ အဒေါသ ဇောစိတ်၊ အမောဟ ဇောစိတ်တို့က ဖြစ်စေနိုင်၏။ ထို့ကြောင့်ပင် ထို ဇောစိတ်တို့ ဖြစ်သောအခါ မျက်နှာမှာ ဝိညတ်ရုပ် ဖြစ်သည့် အတွက် လိုချင်မှန်း၊ စိတ်ဆိုးမှန်း၊ တွေဝေမှန်း၊ အေးမြကြည်လင် စိတ်ကောင်း ဝင်နေမှန်း သိရခြင်း ဖြစ်ပေသည်။ မျက်နှာသည် ကိုယ်ကာယ အစိတ်အပိုင်းဖြစ်သည့် အတွက် မျက်နှာမှာ ပေါ်သည့် ဝိညတ်ရုပ်ကို 'ကာယဝိညတ်ရုပ်'ဟု ခေါ်လေသည်။

အထက်တွင် 'မျက်နှာ' ဟူ၍ခြုံပြီးပြောထား၏။ မျက်နှာတွင် မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ နှုတ်ခမ်းတို့ဖြင့်လည်း အလိုဆန္ဒကိုသိစေနိုင်၏။ မျက်စိမှိတ်ပြခြင်း၊ မျက်စိထောင့်ကပ်ကြည့်ခြင်း၊ မျက်လုံးပြူးပြခြင်း၊ မျက်ထောင့်နီဖြင့်ကြည့်ခြင်း စသည်ဖြင့် အတွင်းစိတ်သဘောကို ကာယဝိညတ်ရုပ်ဖြင့် ပြနိုင်၏။ ထိုနည်းတူ မျက်စပ်ပစ်ခြင်း၊ မျက်မှောင်ကုတ်ခြင်း၊ နှာခေါင်း ရှုံ့ပြခြင်း၊ နှုတ်ခမ်းစူပြခြင်း၊ နှုတ်ခမ်းကိုက်ပြခြင်းစသည်ဖြင့်လည်း အတွင်းစိတ်ကို ကာယဝိညတ်ရုပ်ဖြင့် သိစေနိုင်၏။ ခေါင်းငြိတ်ခြင်း၊ ခေါင်းခါခြင်းပြု၍ အလိုဆန္ဒကို သိစေခြင်း၌လည်း ကာယဝိညတ်ရုပ်၏ သဘောပါမှုကို သိရာသည်။

ထို့ပြင် လက်ယပ်ခေါ်ခြင်း၊ လက်ခါပြခြင်း၊ လက်သီးဆုပ်ပြခြင်း၊ လက်သည်းချင်း ခြစ်ပြခြင်း၊ လက်ညှိုးထောင်ခြင်း၊ လက်ညှိုးနှင့် လက်ခလယ်ထောင်၍ ဗွီပုံလုပ်ပြခြင်း၊ ခြေမဖြင့် မြေကြီးကိုကုတ်၍ပြခြင်းစသည်တို့မှာလည်း လူ၏လောဘ၊ ဒေါသစသည့် အတွင်းစိတ်ကဖြစ်စေသော ဝိညတ်ရုပ်၏ သိစေသည့် အမူအရာများပင် ဖြစ်ပေသည်။

အသံပိုင်းကို ကူးပါစို့။

လူက အသံနှစ်မျိုးထွက်၏၊ တစ်မျိုးက အပူအအေး ဥတုကြောင့်ဖြစ်သောအသံ၊ တစ်မျိုးက စိတ်ကြောင့်ဖြစ်သော အသံ၊ ဝမ်းထဲက လေတွေ တဂွီဂွီမြည်သောအသံ၊ အမှတ်တမဲ့ လေလည်သောအသံ စသည်တို့မှာလူကထွက်သော ဥတုဇအသံမျိုး ဖြစ်၏။ လူ၏နှုတ်က ထွက်သော အသံတို့မှာ စိတ်ကြောင့်ဖြစ်သော စိတ္တဇအသံမျိုး ဖြစ်၏။

စိတ်ကြောင့် နှုတ်ကထွက်သော အသံသည်လည်း နှစ်မျိုး ရှိ၏၊ တစ်မျိုးက ရိုးရိုးထွက်သောအသံ၊ တစ်မျိုးက မိမိ၏ အလိုဆန္ဒကို သူတစ်ပါးအား သိစေသော အသံတည်း။ ဥပမာ-ကလေးတစ်ယောက်စာအံနေ၏၊ က ကာ ကား၊ ခ ခါ ခါး၊ လ လာ လား၊ သွ သွာ သွား စသည်။ ထိုကလေး၏ စာအံသံကား ရိုးရိုးအသံတည်း။ ဘေးက ကြားရသူအနေဖြင့် ထိုကလေး၏ စိတ်ဆန္ဒကို အထူး မသိရ၊ ကလေးကသူ၏အတွင်းသဘော ဆန္ဒကို သိစေလိုစိတ်မရှိ၊ သူ့ဘာသာသူ စာအံနေခြင်းမျှသာ ဖြစ်၏။

သို့သော် ပန်တျာကျောင်းဆရာက သင်တန်းသား သင်တန်းသူများကို 'က' ဟု အော်ပြောလိုက်ခြင်းသည် အကခိုင်းခြင်း၊ ကစေလိုခြင်း ဟူသော ဆရာ၏ စိတ်ဆန္ဒကို ကြားရသူများက သိရသည်။ ပုရွက်ဆိတ် တက်နေသော မုန့်ကိုကိုင်လာသော ကလေးကို အမေက 'ခါခါ' လို့ ပြောသော အသံသည် ပုရွက်ဆိတ်များကို ခါချခိုင်းပါကလားဆိုသည့် အမေ၏ စိတ်ဆန္ဒကို ကြားရသူ ကလေးက သိရ၏။ ထို့နည်းတူ 'လာ' ဟု ပြောလိုက်သော အသံကို ကြားရသော အခါအခေါ်ခံရသူစိတ်ထဲ၌ လာ ဟု အသံပြုသောသူ၏ခေါ်လိုသည့်စိတ်ဆန္ဒကို သိရ၏။ 'သွား'ဟူ၍ အသံပြုလိုက်ရာ၌လည်း အသွားခိုင်းခြင်းကို သိစေသည်။

စာအံသံကဲ့သို့ ရိုးရိုးထွက်သောအသံကို ကြားရာ၌ အသံပြုသူ၏ စိတ်ဆန္ဒကို မသိရ၊ လာ၊ သွား စသည်ဖြင့် ပြောသော စကားသံကို ကြားရာ၌မူ ပြောသူ၏စိတ်ဆန္ဒကို သိရ၏။ မည်သည့်အချက် ကွာခြားရှိပါနည်း။ အဖြေကား ရိုးရိုးထွက်သောအသံမှာ ဝိညတ်မပါ၊ စကားပြောသံ၌ ဝိညတ်ရုပ် ပါ၏၊ ထို့ကြောင့် စကားပြောသံကို ကြားရာ၌ စကားပြောသူ (ဝါ) အသံပြုသူ၏ အလိုဆန္ဒကို သိရခြင်း ဖြစ်သည်။ စကားသံကို နှုတ်က မြွက်ဆိုရသည် ဖြစ်သောကြောင့် နှုတ်သံ (ဝါ) စကားသံဖြင့် သိစေရန် ဖော်ဆောင်သောရုပ်ကို 'ဝစီဝိညတ်ရုပ်' ဟု အဘိဓမ္မာက ခေါ်သည်။

ဤတွင်လည်း စိတ်တိုင်းက ဝစီဝိညတ်ရုပ်ကိုမဖြစ်စေနိုင်၊အထက်တွင် ဖော်ပြခဲ့သော လောဘဇောစိတ်၊ ဒေါသဇောစိတ် စသည်တို့ကသာ ဝစီဝိညတ်ရုပ်ကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် အသံ အမျိုးမျိုး ကြားရပြီး ဤအသံက လောဘသံ၊ ဤအသံက ဒေါသသံ၊ ဤအသံက မေတ္တာသံ စသည်ဖြင့် ခွဲခြားသိနိုင်ခြင်းဖြစ်၏။

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ တို့သည် လူ၏နှလုံးအိမ်အတွင်းရှိ ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ ဖြစ်၏။ နှလုံးနှင့် မျက်စိ နား နှာခေါင်းစသည့် ပသာဒ ရုပ်တို့သည် မဟာဘုတ် ရုပ်ချင်း တစ်ဆက်တည်းဖြစ်၏။ဦးခေါင်းခွံထဲမှာရှိသော ဦးနှောက်နှင့်လည်း မဟာဘုတ် ရုပ်ချင်း ဆက်နေ၏။ ရုပ်ပိုင်း ပစ္စည်းများ ကောင်းမှ အာရုံအလိုက် စိတ်များ ဖြစ်ပေါ်နိုင်သည်။ စိတ်ဖြစ်ပေါ်မှ စိတ်ကြောင့် ဝိညတ်ရုပ် ဖြစ်လာပြီး မိမိအလိုဆန္ဒကို သူတစ်ပါးအား သိစေ၏။ အကယ်၍ လည်ပင်း၌ရှိသော အကြောကလေးတစ်မျှင် (ဝါ) မေ့ကြောကလေး ပိတ်နေ၊ ပြတ်နေလျှင်သော်မှ သိစိတ်မဖြစ်နိုင်၊ ဤသို့ ရုပ်မကောင်းသည့် အခြေအနေမှတစ်ပါး ပကတိရုပ်ပိုင်း ကောဋ္ဌာသ များ ကောင်းနေပါက အထက်တွင်တင်ပြသည့်အတိုင်း လောဘစသော ဇောစိတ်ကြောင့် ကိုယ်အမူအရာ နှုတ်အမူအရာ ဝိညတ်ရုပ်များဖြစ်ပေါ်ပြီး လူသည် မိမိသိစေချင်သည့် ဆန္ဒကို သူတစ်ပါးအား သိစေကာ နေ့စဉ် အချင်းချင်း ဆက်သွယ်နေထိုင်သွားနိုင်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

နှစ်ဖက်လှ
၁၉၇၉-ခု၊ စက်တင်ဘာလ။

# ငိုခြင်းနှင့် ရယ်ခြင်းတို့၏ အခြေအမြစ်ကို စိစစ်ရာဝယ်

လူတွင် ဝမ်းနည်း ဝမ်းသာဟူသော စိတ်အခြေအနေနှစ်ရပ်နှင့် ဝမ်းနည်းခြင်းလည်း မဟုတ်၊ ဝမ်းသာခြင်းလည်း မဟုတ်၊ မှန်ကန်းအနေ အထားမျိုးလည်းရှိ၏။ ဝမ်းနည်းလွန်းသောအခါ ငိုသည်၊ ဝမ်းသာလွန်း သောအခါ ရယ်သည်။ ငိုခြင်း,ရယ်ခြင်းသည် လူ၏ ဆန့်ကျင်ဘက် ဖြစ်ရပ် နှစ်ခု ဖြစ်၏။

အကြောင်း အမျိုးမျိုးကြောင့် ငိုကြွေကုန်သော လူဟူသမျှ၏(၀၊) သန်းပေါင်း၅-ထောင်ကျော် လူသားတို့၏ အကြောင်းရင်းကို အဘိဓမ္မာ နည်းကျ ဆန်းစစ်ရှာဖွေသည်ရှိသော် 'ဒေါသ'ကို တွေ့ရ၏။ ငိုခြင်း ဟူသမျှ ဒေါသကို အကြောင်းခံ၏၊ ဒေါသ၏ သဘာဝအဆင့်များမှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့တည်း။ စိတ်တွင် ဒေါသယှဉ်၍ သောက ဝင်လာသောအခါ လူမှာရှိသော ရုပ် ၃၂-ကောဋ္ဌာသတို့အနက် မျက်ရည်(အဿု)ဟူသော အာပေါရုပ်တို့သည် မျက်စိမှ ယိုစီးထွက်ကျလာ၏၊ သောကပြင်းထန်လွန်းပါက အသံပါထွက် ၏၊ အော်၍ဟစ်၍ငို၏။

ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ စိတ်မချမ်းသာခြင်း၊ စိတ်ဆင်းရဲ ခြင်းမှန်သမျှသည် တရားကိုယ်အားဖြင့် 'ဒေါသ'၏ လက်ချက်ဖြစ်၏။ အဘိဓမ္မာပညာဗဟုသုတ မရှိသူတို့သည် စိတ်ဆိုးခြင်းကိုသာ ဒေါသဟု ထင်မှတ်နေကြ၏။ သို့သော် စိတ်၏ ဆုတ်နစ်သည့်သဘောဟူသမျှ ဒေါသ အရင်းခံဖြစ်ပေသည်။

'ဒေါသ'ဆိုသည်ကား အကုသိုလ် မဟုတ်လော၊ အကုသိုလ်သည် လူကို ကောင်းကျိုး ပေးသလော၊ လူ၏ ကျန်းမာရေးကို အကျိုးပြုသလော၊ မပြုပေ။ လူကို အိုလွယ်စေသည်ကား ဒေါသမဟုတ်လော။ ဤအဘိဓမ္မာအချက်ကို ကောင်းစွာ သဘောပေါက်ပြီး သတိရှိသူတို့သည် မတတ်သာ၍တွေ့ကြုံရသော်လည်း ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း၊ စိတ်မချမ်းသာခြင်း၊ စသည်တို့ကို တာရှည်အဖြစ်မခံကြ၊ နည်းအမျိုးမျိုးဖြင့် ဖြေဖျောက်ပစ်ကြရသည်။

အဘိဓမ္မာပညာကို လေ့လာဆည်းပူး ပို့ချရေးသားနေကြသူတို့အထဲက ဒေါသတွေသိပ်ကြီးနေသူများကို တွေ့ဖူးကြမည်ဖြစ်၏။ ထိုသူတို့သည် ဤအဘိဓမ္မာပညာကို ပညာအဆင့်ရောက်အောင် မလေ့လာမိကြ၊ မှတ်သားရုံ သညာအဆင့်လောက်တွင်သာ ရှိနေကြ၍သော်လည်းကောင်း၊ သဘောတရားနှင့် လက်တွေ့ ပေါင်းစပ်ကျင့်သုံးမှုမပြုနိုင်ကြ၍သော်လည်းကောင်း၊ သတိလွတ်သွားကြ၍သော်လည်းကောင်း ဖြစ်ရ၏။ စင်စစ် ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း၊ စိတ်မချမ်းသာခြင်း၊ ပူပင်ကြောင့်ကြခြင်း၊ စိတ်ဆင်းရဲခြင်းတို့သည် ဒေါသဟူသော အကုသိုလ်ဖြစ်သည့်အတွက် 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဆိုထားသော လူကြီးမှန်သမျှ အထူးသတိပြုရှောင်နိုင်အောင် ကြိုးစားကြရပေသည်။ ဗုဒ္ဓဘာသာတို့အပေါ် ဘာသာရေးဆရာ လုပ်နေကြသူများသည် ဗုဒ္ဓဘာသာဝင်တို့ စိတ်ထားတတ်အောင် စိတ်ဆင်းရဲမှု ပေါ့ပါးအောင် ဤတရားမျိုးကို များများ ဟောပေးသင့်ပေ၏။

အချုပ်မှာ 'ငိုခြင်း'ဟူသမျှ ဒေါသအကုသိုလ်ဟူ၍ သတိပြုမိရန်ဖြစ်၏။ ငိုလျှင် အကုသိုလ်ဖြစ်၏၊ ဘာကြောင့်ငိုငို အကုသိုလ်ဖြစ်သည်၊ သို့သော် အပါယ်ကျလောက်အောင် 'ငရဲကြီး'သည်ဟုကား မဆိုသာ၊ သို့သော် မကောင်းဘူးဟု နားလည်ပြီး အတတ်နိုင်ဆုံး ရှောင်ကြရမည်။ ငိုခြင်းကိုအားပေးသော စာပေ၊ ဓလေ့ထုံးစံများကိုလည်း ဆင်ခြင်သင့်ကြပေသည်။

ခြွင်းချက်တစ်ရပ်မှာ မျက်စိမှ မျက်ရည်ကျတိုင်း ငိုသည်ဟု တစ်ထစ်ချ မဆိုရပေ။ နှစ်သက်လွန်းမက နှစ်သက်၊ ဝမ်းသာလွန်းမက ဝမ်းသာ၍လည်း မျက်စိမှ အရည်ထွက်တတ်၏၊ ဤမျက်ရည်မျိုးကို ပီတိမျက်ရည်ဟုခေါ်နိုင်၏။ သြက္ကန္တိကပီတိမျိုးလား မပြောတတ်ပေ။ ဇာတ်

နိပါတ်တရားစာအုပ်များ ဖတ်ရင်း တချို့လူကြီးများ မျက်ရည်လည်နေကြသည်ကို တွေ့ဖူး၏။ ၎င်းမှာ ကုသိုလ်ငိုထဲ စာရင်းဝင်နိုင်ပေသည်။

မျက်စိမှ အရည်မထွက်ဘဲလည်း အခြောက်ငိုတတ်၏၊ မျက်ရည်ကျတာမတွေ့ရ၍ သူမငိုဘူးဟု မယင်မှတ်ရ၊ သူသည် အခြောက်ငို ငိုနေခြင်းသာဖြစ်၏၊ ငိုခြင်း၏ အရင်းခံသဘာဝကို ကိုင်မိမှ ဤစကားကို သဘောပေါက်ရာ၏။ ငိုခြင်းဟူသော အပြုလက္ခဏာ၏ အတွင်းသဘာဝမှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ မဟုတ်လော။ ဝမ်းထဲတွင်ကြိတ်ပြီး သောကမီး လောင်နေခိုက်၊ ပရိဒေဝမီးစွဲနေခိုက်၊ ဒေါမနဿမီးပွားနေခိုက် သူသည် အခြောက်ငို ငိုနေခြင်းပင်ဖြစ်ပေသည်။

ထပ်၍ ပြောပါရစေဦး၊ ငိုတာ မကောင်းဘူး၊ အစိုငိုငို အခြောက်ငိုငို ငိုတာမှန်သမျှ အကုသိုလ်ဖြစ်၏။ ထို့ကြောင့် အငိုကိုထိန်းကြရမည်၊ အငိုအားပေးတာတွေ ရှောင်ကြရမည်။ သတိ အရေးကြီးပါ၏။

စပ်လျဉ်း၍ ခြွင်းချက်တစ်ခုကို ဖော်ပြရသော် မျက်စိကို ပရုတ်ဆီအခိုး စသည်ဖြင့် အငွေ့ခံ၍ မျက်စိမှ အရည်တွေထွက်အောင် (ဝါ) မျက်ရည်တွေစီးကျအောင် လုပ်ပြကြရာသော ကချေသည် သဘင်သည်တို့၏ မျက်ရည်ကျမှုမျိုးကား ဒေါသမျက်ရည်လည်း မဟုတ်၊ ပီတိမျက်ရည်လည်းမဟုတ်၊ အသပြာမျက်ရည်ဟု ဆိုရမည်လား၊ မာယာ မျက်ရည်ဟု ဆိုရမည်လား၊ မပြောတတ်ပေ။

ယခု 'ရယ်'သည့်အပိုင်းသို့ ကူးကြပါစို့။

လူတို့ရယ်ကြသည့် အခြေခံသဘာဝကို အဘိဓမ္မာနည်းပညာဖြင့် ရှာသော် အကုသိုလ်ကြောင့်လည်း ရယ်ကြ၏၊ ကုသိုလ်ကြောင့်လည်း ရယ်ကြ၏။ ဤသို့ နှစ်မျိုးတွေ့ရသည်။ ပို၍တိကျစွာဆိုရသော် လောဘကြောင့်လည်း ရယ်ကြ၏၊ မဟာကုသိုလ်စိတ်ကြောင့်လည်း ရယ်ကြ၏။ တွေ့ရမြင်ရသော အာရုံအလိုက် လောဘဖြစ်၍ပျော်လျှင် အကုသိုလ်ရယ်, ရယ်၏၊ ကုသိုလ်ဖြစ်ပြီး သဘောကျဝမ်းသာလျှင် ကုသိုလ်ရယ်,ရယ်ကြ၏။ ဤသဘာဝသည် လူဟူသမျှနှင့် သက်ဆိုင်၏၊ အမျိုးဘာသာ နိုင်ငံမရွေး ကမ္ဘာလူသားအားလုံး၏ အခြေခံသဘောတရားပေတည်း။

လောဘကြောင့်ရယ်၏၊ သို့သော် ဒေါသကြောင့် မရယ်၊ မောဟကြောင့် မရယ်၊ ဤအချက်ကို ခွဲခြားမှတ်သားသင့်၏။ ဒေါသစိတ်နှင့် ဘယ်တော့မှ မရယ်နိုင်၊ မောဟစိတ်နှင့် ဘယ်တော့မှ မရယ်နိုင်၊ ရယ်ပြီဆိုလျှင် (အကုသိုလ်ဘက်၌) လောဘနှင့်သာ ရယ်မြဲဖြစ်သည်။ သို့သော် လောဘတိုင်းကတော့ မရယ်စေနိုင်၊ သောမနဿဝေဒနာ ခေါ်သော သဘာဝ၏ အကူအညီရသော လောဘကသာ လူကို ရယ်စေနိုင်ပေသည်။

ကုသိုလ်ဘက်၌ (ဝါ) အပြစ်ကင်းသောဘက်၌မူ အလောဘဖြင့်လည်း ရယ်၏၊ အဒေါသဖြင့်လည်း ရယ်၏၊ ဤကား လူများစု ရယ်ခြင်းတည်း။ အမောဟ(ပညာ)ဖြင့်လည်း ရယ်၏၊ ဤကား လူနည်းစု ရယ်ခြင်းတည်း။ သို့သော် အလောဘ၊ အဒေါသ၊ အမောဟတိုင်းကတော့ လူကို မရယ်စေနိုင်၊ အာရုံအလိုက် နှစ်ခြိုက်သဘောကျ ပီတိသောမနဿဖြစ်မှသာ ရယ်စေနိုင်သည်။ ရယ်မှု၏အခြေခံမှာ ပီတိသောမနဿဝေဒနာပေတည်း။

ငိုတုန်းက ငိုတာမှန်သမျှ အကုသိုလ်ဟု တစ်ထစ်ချဆုံးဖြတ်ရ၏။ ရယ်ရာ၌မူ တစ်ထစ်ချဆုံးဖြတ်၍ မရပေ။ အကုသိုလ်ရယ် ရယ်တာလား၊ ကုသိုလ်ရယ် ရယ်တာလားဟု နှစ်မျိုးနှစ်စား စဉ်းစားဆုံးဖြတ်ရပေသည်။

ဤသို့ ရယ်ပုံရယ်နည်းကို လေ့လာရာ၌ သူတွေ့ရမြင်ရသော အာရုံကိုကြည့်ပြီး အမျိုးအစား ခွဲရပေမည်။ တောထဲ၌ မှိုရှာသူ မှိုတွေ့၍ သဘောကျပြီး ရယ်ခြင်းသည် အကုသိုလ် လောဘရယ် ရယ်ခြင်းဖြစ်ရာ၏။ တရားနာနေစဉ် ဓမ္မကထိကကိုယ်တော်က သဘာဝကျသော ပျက်လုံးကလေး ပြောလိုက်၍ ရယ်ခြင်းကား ကုသိုလ်ရယ် ဖြစ်ရာ၏။ ဥပမာ–တစ်ချိန်က နာမည်အလွန်ကြီးခဲ့သော ငါးသိုင်းချောင်း၊ ဦးပညာဝံသခေါ် ဝိဇ္ဇောဒယဆရာတော်ဘုရားကြီးက တရားဟောနေစဉ် 'ဆားတစ်ပိသာ စားရတယ်မရှိဘူး၊ ဟင်းခတ်တာနဲ့ကုန်တာပဲ'ဟု ပြောလိုက်ရာ တရားနာသူတို့က တစ်ကွက်ကျော် စဉ်းစားမိပြီး ရယ်ကြရသည်။ ဤလိုဟာသမျိုးကြောင့် ရယ်ခြင်းကား ကုသိုလ်ရယ် ဖြစ်ရာ၏။

မဟာဇနကဇာတ်၌ သီဝလိဒေဝီမင်းသမီးက အလိုစမ်းရာတွင် စစ်သူကြီးတို့၊ ဘဏ္ဍာစိုးတို့က မင်းသမီးရှေ့မှာ ပြေးပြကြပုံ၊ မင်းသမီး၏ ခြေသလုံးကို နှိပ်ပြရပုံတို့ကို ဖတ်ရသောအခါ ပြုံးမိကြ၏။ ဘူရိဒတ်

ဇာတ်၌ စူဠလိပ်ကိုစီရင်ဖို့ အမတ်တို့ တိုင်ပင်ကြရာတွင် ရေကြောက်သော အမတ်က လိပ်ကို သမုဒ္ဒရာထဲချသတ်ဖို့ အကြံပြုသည်။ ထိုစကားကိုကြား သောအခါ စူဠလိပ်က အခွံထဲက ခေါင်းထွက်ပြီး သူ့ကို အခြားနည်းဖြင့် သတ်ချင်သတ်ပါ၊ သမုဒ္ဒရာရေထဲတော့ မချပါနှင့်ဟု ကန့်ကွက်စကား ပြောပုံကို ဖတ်ရှုရာတွင် တော်တော်လည်တဲ့လိပ်ပဲဟု သဘောကျ၍ ပြုံး မိကြသည်။

ယခုခေတ် လူရွှင်တော်ဟုခေါ်သော လူပြက်တို့၏ အပြောင် အပြက်တို့အနက် အဆင့်အတန်းနိမ့်သော အပြောင်အပြက်တို့ကြောင့် ရယ်ကြရာ၌ အကုသိုလ်ရယ်ဖြစ်နိုင်၏၊ ဂျပန်ခေတ်က ကျောက်တန်းမြို့ နယ်၊ ညောင်ဝိုင်းကျေးရွာ အလှူတစ်ခု၌ ဒေါ်ပုံခင်ရီ အငြိမ့်က၏။ လူရွှင်တော် တောင်လုံးကျော်သည် ကိုးရိုးကားယား ဘာမှလုပ်မပြဘဲ အငြိမ့်စင်ထောင့်မှာ တင်ပျဉ်ခွေထိုင်ပြီး ပြက်လုံးထုတ်ပြနေရာ တဝါးဝါး ပွဲကျကြလေသည်။

သူ့ပြက်လုံး တစ်ခုကား ငရဲအပ, ဝဋ်အမြဲဆိုတာ မှန်သဟေ့၊ ငါ ငယ်ငယ်တုန်းက ဝဋ်လိုက်ပုံ ပြောပြမယ်။ အခံလူပြက်က လုပ်ပါဦးဟ၊ ငါငယ်ငယ်တုန်းက ငါ့အဖေက တုတ်တိုကြီးနဲ့ ခဏခဏ ရိုက်တယ်၊ တစ်နေ့တော့ အဖေက ရိုက်မယ်လုပ်ရော၊ ငါ အဒေါ်တို့အိမ် ထွက် ပြေးပြီး ပုန်းနေတာပေါ့၊ ဒါပေမယ့် ငါ့စိတ်က မလုံဘူး၊ ဒါနဲ့ သောက် ရေအိုးထဲဝင်ပြီး ပုန်းနေလိုက်တယ်၊ ဒါလဲ စိတ်ထဲက မလုံဘူး၊ ဒါနဲ့ ညနေထမင်းစားပြီး အဒေါ်ရေလာသောက်တဲ့အခါ သောက်ရေခွက်ထဲ ခုန်ဆင်းပြီး အဒေါ့်ဝမ်းထဲ ဝင်ပုန်းနေလိုက်တယ်၊ အခံလူပြက်က ဒီတော့ လုံရောလားကွ၊ ဘယ်လုံမလဲ၊ ညအိပ်ရာလဲဝင်ရော၊ အခံလူပြက် က ဘာဖြစ်သလဲ ပြောပါဦး၊ တုတ်တိုကြီးက လာတာပါပဲကွာ....တဲ့ ပရိသတ်မှာ စဉ်းစားပြီး ရယ်လိုက်ကြတဲ့ဖြစ်ခြင်း။

ငိုရာ၌ အစိုငို၊ အခြောက်ငို၊ မာယာငို ဟုရှိသလို ရယ်ရာမှာ လည်း အသံတိတ်ရယ်,အသံထွက်ရယ်, အခြောက်ရယ် ဟု သုံးမျိုးရှိ၏။ ဤသို့သော ရယ်ခြင်းမျိုးတွင် လူအမျိုးအစားကိုလည်း လိုက်၏၊ တွေ့ရ မြင်ရသည့် အာရုံအမျိုးအစားကိုလည်း လိုက်၏။

တချို့သည် ဝမ်းထဲ၌ ပီတိသောမနဿဖြစ်၍ မျက်စိမျက်နှာ ရွှင်လန်းရုံမျှ ပြ၏၊ တချို့မှာ သွားကလေးတွေ ပေါ်ရုံမျှဖြင့် ရွှင်ပျသော အမူအရာကို ပြ၏၊ အသံကား မထွက်ပေ။ ဤအဆင့် (၁)နှင့် (၂)တို့ဖြင့် ရယ်သူတို့မှာ သမာဓိကြီးသူမျိုး ဖြစ်ကြောင်း၊ မြင့်မြတ်သူမျိုးဖြစ်ကြောင်း ကျမ်းဂန်များက သတ်မှတ်သည်၊ ထို့ကြောင့် ဤရယ်ခြင်းမျိုးကို ကုသိုလ်ရယ်ခြင်းမျိုးတွင် ထည့်သွင်းရန် ဖြစ်ပေသည်။

တချို့သည် အသံ သာသာညင်းညင်းထွက်ရုံမျှ ရယ်၏၊ တချို့မူ အသံထွက်ရုံမျှမက ဦးခေါင်းနှင့်ပခုံးများ တသိမ့်သိမ့် လှုပ်အောင်ရယ်၏။ ဤအဆင့်(၃)နှင့် အဆင့်(၄)ရယ်ခြင်းသည် အလတ်တန်းစား ရယ်ခြင်းမျိုးဖြစ်ကြောင်း ကျမ်းဂန်များက သတ်မှတ်၏။

တချို့မှာမူ အသံထွက်ရုံမျှမက ကိုယ်လှုပ်ရုံမျှမက မျက်ရည်ထွက်အောင်ပင် တအုန်းအုန်းရယ်ကြ၏။ တချို့ကား အသံထွက်ရုံ ကိုယ်လှုပ်ရုံမျှမက လူဘစ်ကိုယ်လုံး ရွှေ့လျားခုန်ပေါက်သွားသည်အထိ ရယ်ကြသည်။ ဤသို့ရယ်သူများသည် ရယ်နေကြစဉ် သတိလုံးဝ ကင်းလွတ်နေ၏။ မိမိကိုယ်ကို ဣန္ဒြေမပျက်အောင် ဆောက်တည် ထိန်းသိမ်းဖို့ မေ့နေကြ၏။ စိတ်ကို လုံးဝလွှတ်ထားပြီး ပေါက်လွှတ်ပဲစား စိတ်ဖြင့် တအားရယ်ပစ်နေကြခြင်း ဖြစ်၏။ ထို့ကြောင့် ကျမ်းဂန်များက ဤသို့ ရယ်ခြင်းမျိုးကို ယုတ်ညံ့သော ရယ်ခြင်းမျိုးဖြစ်ကြောင်း သတ်မှတ်၏။

အခြောက်ရယ် ဆိုသည်မှာ တကယ်တော့ အရယ်စစ်စစ် မဟုတ်ချေ၊ ဝမ်းထဲက ပီတိသောမနဿမဖြစ်ဘဲ အပေါ်ယံ ရယ်သံပြုခြင်းသာ ဖြစ်၏၊ ဥပမာ....မိမိရန်သူကို ဖမ်းမိပြီး သတ်ခါနီးတွင် မင်းဘာတတ်နိုင်သေးသလဲဟု အထက်စီးစိတ်ဖြင့် တဟားဟား ရယ်၏၊ ဤသို့ရယ်ရာ၌ အသံသာ ရယ်သံဖြစ်၏၊ စိတ်မူကား ဒေါသစိတ်ဖြစ်၏၊ ပီတိသောမနဿစိတ် သို့မဟုတ် လောဘ သောမနဿစိတ် မဟုတ်ချေ၊ တစ်နည်းအားဖြင့် စိတ်တို့၏ ဖြစ်စဉ်သည် အလွန်လျင်မြန်လှသည့်အတွက် ရန်သူကိုဖမ်းမိစဉ်က သဘောကျ၍ လောဘမူ သောမနဿဖြစ်၏၊ နောက် သတ်မည်ပြုရာ၌ ဒေါသစိတ်ဖြစ်၏၊ ထို့ကြောင့် လောဘမူသောမနဿ ဖြင့် ရယ်သည်ဟုလည်း ကောက်ယူနိုင်၏။

နောက် အခြောက်ရယ်တစ်မျိုးမှာ သဘင်သည်တို့၏ ရယ်ခြင်းမျိုးတည်း၊ သဘင်သည် တို့သည် တကယ်မဟုတ် သရုပ်ဆောင်မျှသာ ဖြစ်ရကား ဝမ်းထဲက အူလှိုက်သည်းလှိုက် မဖြစ်တတ်ပေ။ ထို့ကြောင့် သူတို့အနေဖြင့် ဇာတ်လမ်းတွင်ပါသော ဇာတ်ကွက်အရ ရယ်ရဖို့ ကြုံသောအခါ ဟန်လုပ်ပြီး ရယ်ကြသည်။ ဝမ်းထဲက ပီတိသောမနဿ ဖြစ်ပြီး တကယ်ရယ်တာမဟုတ်၍ အခြောက်ရယ်ဟု ဆိုရပေမည်။

ပြန်၍ချုပ်ရလျှင် ငိုခြင်းသည် ဒေါသအရင်းခံ၏၊ ဒေါသသည် အကုသိုလ် ဖြစ်၍ လူကို အကျိုးမပြု၊ ကျန်းမာရေးကို ထိခိုက်စေ၏၊ ပျက်ပြားစေ၏၊ အထူးသဖြင့် ငိုခြင်းသည် နှလုံးရောဂါကို တိုးစေ၏။ ထို့ပြင် လူအထင်သေး၏၊ အရှိန်အဝါ ကျ၏။ ထို့ကြောင့် ငိုခြင်းကို အတတ်နိုင်ဆုံး ရှောင်သင့်၏၊ မငိုမိအောင် ထိန်းသင့်၏။

ရယ်ခြင်းသည် လောဘ သောမနဿနှင့် ကုသိုလ်ပီတိ သောမနဿ အရင်းခံ၏။ လောဘနှင့် ရယ်လျှင် မကောင်း၊ ကုသိုလ်နှင့် ရယ်လျှင် အပြစ် မရှိ၊ သို့သော် ရယ်ခြင်းသည် လူကို ပေါ့စေ၏၊ ထောင်တန်သည့် စကား ရယ် ပေါ့၏။ လူကြီးလူကောင်း ဣန္ဒြေကို ပျက်စီးစေ၏၊ ဘယ်လောက် သဘောကျကျ အဆင့် (၃) ရယ်ခြင်း လောက်သာ ရယ်သင့်၏။ မိမိ၏ရယ်ပုံကို ကြည့်ပြီး ပညာရှိက မိမိ၏ အဆင့်အတန်းကို မှတ်ချက် ချလိမ့်မည်၊ ရယ်လွန်းလျှင် ရှုံးတတ်၏၊ အလကားရယ်နေလျှင် ရှုံးပြီမဟုတ်လော။

ထို့ကြောင့် အငိုနှင့်အရယ်ကို ဆင်ခြင်ပြီး၊ မိမိကိုယ်မိမိကျန်းမာအောင် လူကြီးလူကောင်း တစ်ယောက်ဖြစ်အောင် မပြတ်သတိပြုသင့်လှပေသည်။ မိမိမှတစ်ဆင့်တစ်မျိုးသားလုံး ငိုခဲ ရယ်ခဲသည့် တည်တံ့သော လူမျိုး ဖြစ်လာမည်ဆိုလျှင် အဘယ်မျှ ကောင်းလိုက်ပါမည်နည်း။

နှစ်ဖက်လှ
၁၉၇၉-ခု၊ အောက်တိုဘာလ။

# ဣဒ္ဓိပါဒ်နှင့် ဘဝပြည့်စုံမှု

ယခုလတွင် 'ဣဒ္ဓိပါဒ်'အကြောင်းကို ဆက်ကြပါစို့....။

'ဣဒ္ဓိပါဒ်'ဆိုသည်မှာ 'ဣဒ္ဓိ+ပါဒ'ဟူသော ပါဠိပုဒ်ရင်းမှ ဆင်းသက်လာသော ပါဠိသက် ဝေါဟာရ မြန်မာစကားဖြစ်၏။ အဓိပ္ပာယ်မှာ ဣဒ္ဓိ=ပြည့်စုံမှု၊ ပြီးမြောက်မှု၊ ပါဒ=အခြေခံ၊ အကြောင်းရင်း၊ ဣဒ္ဓိပါဒ=ဣဒ္ဓိပါဒ်=ပြည့်စုံပြီးမြောက်မှု၏ အခြေခံ အကြောင်းရင်း၊ ကိစ္စတစ်ခုခု ပြည့်စုံပြီးမြောက်စေသည့် အခြေခံအချက်ကို ဣဒ္ဓိပါဒ်ဟု မှတ်သားနိုင်၏။

ကိစ္စတစ်ခုခုကို ပြည့်စုံ ပြီးမြောက်စေသည့် တကယ့် အခြေခံ အကြောင်းရင်းကို ဗုဒ္ဓအဘိဓမ္မာနည်းဖြင့် နာမ်ပိုင်းသို့ ဆိုက်အောင်ရှာထား၏။ တစ်နည်းဆိုရသော် ရုပ်လွန် လက္ခဏာရပ်တို့ကို ဖော်ထုတ်ထား၍၊ တစ်နည်းအားဖြင့် နာမ်စွမ်းအားထဲမှ ရွေးထုတ်ထား၏။

ဣဒ္ဓိပါဒ်ဟုခေါ်ရသည့်ပြည့်စုံပြီးမြောက်စေသည့်အကြောင်းရင်း အခြေခံမှာ များများစားစား မဟုတ်၊ စုစုပေါင်း (၄) မျိုးသာဖြစ်၏။ ၎င်းတို့မှာ ဆန္ဒ၊ ဝီရိယ၊ စိတ္တနှင့် ဝီမံသပညာတို့ ဖြစ်ပေသည်။ 'ဆန္ဒ' သည် ကိစ္စတစ်ခုကို ပြည့်စုံပြီးမြောက်စေသည့် အခြေခံအကြောင်းရင်း၊ 'ဝီရိယ'သည် ပြည့်စုံပြီးမြောက်စေသည့် အရင်းခံအချက်၊ 'စိတ္တ=စိတ်' သည် ပြည့်စုံမှု၊ ပြီးမြောက်စေမှု၏ အခြေခံ၊ 'ဝီမံသပညာ'သည် ထိုနည်း တူ ပြည့်စုံပြီးမြောက်စေမှု၏ အရင်းခံအကြောင်း၊ ထို့ကြောင့် ယင်း လေးမျိုးကို ဆန္ဒ+ဣဒ္ဓိပါဒ်(ဆန္ဒိဒ္ဓိပါဒ်(ဝါ) ဆန္ဒဣဒ္ဓိပါဒ်)၊ ဝီရိယ+

ကုလဒ္ဓိပါဒ် (ဝီရိယိဒ္ဓိပါဒ် (ဝါ) ဝီရိယကုလဒ္ဓိပါဒ်)၊ စိတ္တ+ကုလဒ္ဓိပါဒ် (စိတ္တိဒ္ဓိပါဒ်(ဝါ) စိတ္တကုလဒ္ဓိပါဒ်)၊ ဝီမံသ+ကုလဒ္ဓိပါဒ် (ဝီမံသိဒ္ဓိပါဒ်(ဝါ) ဝီမံသကုလဒ္ဓိပါဒ်) ဟူ၍ ပေါင်းစပ်ခေါ်ဝေါ်ရသည့် အဘိဓမ္မာ ဝေါဟာရတို့ပေတည်း။

ဆက်စဉ်းစားပါဦး။

ဆန္ဒကိုအခြေမခံလျှင် ကိစ္စတစ်ခုမပြီးနိုင်၊ မပြည့်စုံနိုင်။ ဝီရိယစိုက်ထုတ်မှုမရှိပါက မည်သည့်ကိစ္စမျှ မဖြစ်ထွန်းနိုင်။ စိတ်မပါလျှင် ဘာမျှ လုပ်၍မဖြစ်နိုင်။ ပညာ မစေစားပါက အလကား အချည်းနှီး ဖြစ်ရသည်။

အထူးသတိပြုသင့်သည်မှာ ကိစ္စတစ်ခု ပြီးစီးအောင်မြင် ပြည့်စုံဖို့အတွက် လောဘကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ မာနကိုလည်းကောင်း ပွဲမထုတ်သည်မှာ သတိပြုရမည့်အချက် ဖြစ်၏။ ဆိုလိုသည်မှာ လောဘကို ကုလဒ္ဓိပါဒ်ဟု မဟော၊ ဒေါသကို ကုလဒ္ဓိပါဒ်တစ်ခုဟု မညွှန်း၊ မာနကို ကုလဒ္ဓိပါဒ်တစ်ပါးဟု စကားထဲ ထည့်မပြောသည်မှာ အရေးကြီးသောအချက်ဖြစ်၏။ဗုဒ္ဓအဘိဓမ္မာပညာသည် သဘာဝတရားကို သူ့နေရာနှင့်သူ ဖော်ပြရာ၌ အကွက်စေ့လှသောပညာဖြစ်၍ ထိုပညာက ပြည့်စုံပြီးမြောက်မှုအတွက် လိုအပ်သော အခြေခံအချက်တွင် လောဘ၊ ဒေါသ၊ မာနတို့ကို မထည့်သွင်းသည်မှာ မှတ်သားဖွယ်ဖြစ်လှသည်။

အရိုင်းတွေး တွေးလျှင် (ဝါ) ဖီလိုဆိုဖာများသို့ စိတ်ကူးထုတ်လျှင် လောဘလည်း သူ့နေရာနှင့်သူ လိုအပ်၏၊ ဒေါသလည်း သူ့ကိစ္စနှင့်သူ အသုံးဝင်၏၊ မာနလည်း သူ့အရာဌာနအလိုက် ထားသင့်ထားရ၏၊ ဤသို့ ထင်မှတ်ဖွယ်ဖြစ်၏။ သို့သော် ဤသို့ မဟုတ်ချေ။

ယခုဖော်ပြသော ကုလဒ္ဓိပါဒ်(၄)မျိုး (ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာ)တို့သည် သာမန် ဘဝရေးရာမှစ၍ ဘဝ၏ အခေါင်အထွတ်ဖြစ်သော ဗောဓိဉာဏ်ကိုပင် ရစေသည့် (ဝါ) ပြည့်စုံစေနိုင်သည့်အထိ အခြေခံကောင်းဖြစ်ပေသည်။ လောဘ၊ ဒေါသ၊ မာန စသည်တို့ကား ဤသို့ မဖြစ်စေနိုင်ပေ၊ အခြားသော ဝိတက်၊ ဝိစာရ၊ စသည်တို့လည်း ဆိုခဲ့ပါ တရားလေးမျိုးလောက် အခြေခံမကျပေ။ ထို့ကြောင့် ဆန္ဒ

စသည့် လေးမျိုးတို့သည် ပြည့်စုံပြီးမြောက်စေမှုတို့၏ အကြောင်းမှန် အရင်းခံတို့ဖြစ်ပေပြီ။

သုတ္တန်တရားတော်များ၌ ထိုတရားလေးမျိုးကို ဤသို့ ဂုဏ်တင် ရှိဟော၏။

'ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ'

= တကယ်သာ ဆန္ဒရှိလျှင် ဘယ်ကိစ္စမဆို မပြီးစီးဘဲ ရှိရာအံ့နည်း၊

'ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ'

= တကယ်သာ ကြိုးစားလျှင် အဘယ်မည် သောအမှုသည် မပြီးစီးဘဲ ရှိရာအံ့နည်း၊

'စိတ္တဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ'

= စိတ်သာပါလျှင်မည်သည့်ကိစ္စမျှ မပြီးစီးဘဲ မရှိနိုင်၊

'ပညဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ'

= ဉာဏ်ပညာ ရှေ့သွားပြုလုပ်လျှင် ကိစ္စ ဟူသမျှ မပြီးစီးဘဲ မရှိနိုင်၊

အထက်ပါဆောင်ပုဒ်လေးပုဒ်ကို အရကျက်ထားပြီး မိမိအရည် အချင်းကို အမြဲနှိုးပေးရန်ဖြစ်၏။ စဉ်းစားလျှင် ထိုဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာဆိုသည်တို့မှာ သူတစ်ပါးဆီက ချေးငှားယူရမည့် ပစ္စည်း မဟုတ်၊ ဈေးနှုန်းကြီးမြင့်လွန်းနေ၍ မဝတ်နိုင်၊ မသုံးနိုင်ဆိုသော ပစ္စည်း မျိုးလည်းမဟုတ်၊ အမှန်စင်စစ် မွေးကတည်းက အမေ့အဖေက ပေး ထားသည့် ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်အရည်အချင်းဖြစ်၏။ ကိုယ့်မှာရှိ သောပစ္စည်းကို မေ့ထားပြီး မသုံးမိသူ၊ မသုံးတတ်သူသည်သာလျှင် ထို ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာတို့ ခေါင်းပါးနေရာ၏။

ထိုတရားလေးပါးကို လောကုတ္တရာပိုင်းအရ ရှုမြင်လျှင် အလွန်ကို ကြီးကျယ်သည့် တရားမြတ် တရားမွန်များဖြစ်၏။ 'ဗောဓိဉာဏ်'ဆိုသည်

မှာ အလွန်ကြီးကျယ်သည့် ဉာဏ်ဖြစ်ကြောင်း ဗုဒ္ဓဘာသာအများစု သိရှိကြ၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ပွင့်သည့်သဘော သိသည့်သဘောဖြင့် ဗောဓိဉာဏ်ဟု တစ်မျိုးခေါ်ထားခြင်းဖြစ်၍ အမြင့်ဆုံးဉာဏ်၊ အတော်ဆုံးဉာဏ်ဖြစ်ကြောင်း အထူးပြောဖွယ်မလိုချေ။ သို့ကဲလောက် မြင့်မြတ်သော ဗောဓိဉာဏ်နှင့် ဆိုခဲ့ပါ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာ ဟူသော တရားလေးပါးသည် အပေါင်းအသင်း သူငယ်ချင်းသဖွယ်ဖြစ်လေသည်။ ဗောဓိဉာဏ်၏ အဖွဲ့ဝင် ဗောဓိဉာဏ်၏ ဘက်တော်သားတို့ပေတည်း။ တစ်နည်းပြောရလျှင် ထိုတရားလေးပါးသည် ဗောဓိဉာဏ်၏ ဒေါက်တိုင်ကြီးလေးခုဟု ဆိုရ၏၊ ဗောဓိဉာဏ် ပြည့်စုံလာအောင် ဆန္ဒဖြင့်၊ ဝီရိယဖြင့်၊ စိတ်ဖြင့်၊ ဝီမံသပညာဖြင့် အရင်းတည်၍ ယူရလေသည်။ ဤကား အခေါင်အထွတ်ဖြစ်သော လောကုတ္တရာပိုင်းဖြစ်၏။

လောကီဘက်၌လည်း ထိုတရားလေးပါး၏အစွမ်းထက်မျက်မှုကို လေးစားရပေသည်။ လောကီဘက်သို့ ဆင်းလာသောအခါ ထိုတရားလေးပါးကို လောကီဣဒ္ဓိပါဒ် လေးပါးဟု ခေါ်သင့်၏၊ ထိုတရားလေးပါးသည် လောကီမှု၌ အနော်ရထာမင်း၏ လူစွမ်းကောင်းကြီးလေးဦးနှင့်တူ၏၊ အနော်ရထာမင်းသည် ညောင်ဦးဖီး၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ကျန်စစ်သား၊ လူစွမ်းကောင်း လေးဦးကို အကွက်ကျအောင် အသုံးချတတ်သောကြောင့် မြန်မာနိုင်ငံကို တည်ထောင်မှုကိစ္စ ပြီးပြည့်စုံခြင်း ဖြစ်ဘိသည်။ အနော်ရထာ တစ်ဦးတည်းတည်းဖြစ်ပါမူ (သို့မဟုတ်) အရည်အချင်းရှိသူ လေးဦးကို အသုံးမပြုပါမူ ပထမမြန်မာပြည် တည်ထောင်မှုကိစ္စ အောင်မြင် ပြည့်စုံခဲ့မည် မဟုတ်ပေ။ ဤနည်းတူ လူတစ်ယောက်သည် မိမိမှာ ရှိသော အရည်အချင်းကောင်း လေးမျိုးကို အသုံးချပါမှ မိမိ အလိုရှိသော ကိစ္စ ပြည့်စုံပြီးမြောက်နိုင်မည် ဖြစ်ပေသည်။

အနော်ရထာမင်းသည် ခက်ခဲလှသည့် ပထမမြန်မာနိုင်ငံ တည်ထောင်သည့် လုပ်ငန်း အဘယ်ကြောင့် ပြည့်စုံ ပြီးမြောက်ပါသလဲဟု မေးလျှင် ညောင်ဦးဖီး၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ကျန်စစ်သား ဟူသော သူရဲကောင်းလေးယောက်ကို စနစ်တကျ အသုံးပြုသောကြောင့်ဟု ဖြေရပေမည်။ ထိုနည်းတူ မိမိတို့သည် မိမိကို အနော်ရထာ နေရာမှာ ထားပြီး မိမိမှာရှိသည့် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာတို့ကို သူရဲကောင်းများသဖွယ်ထား၍ စနစ်တကျ ဉာဏ်သုံးရမည် ဖြစ်သည်။

ဤသို့အသုံးပြုလျှင် မိမိတို့လိုလားသည့် လောကီရေး ပြည့်စုံမှု မုချမသွေ ရှိမည်သာ ဖြစ်၏။

လောကီရေးပြည့်စုံမှုဆိုရာတွင်'သမ္ပတ္တိ' ဟူသော ပါဠိဝေါဟာရကို ထုတ်ပြရပေမည်။ ဒုလ္လဘတရားငါးပါးတွင် 'သမ္ပတ္တိဘာဝေါ ဒုလ္လဘော' ဟူသော အချက်တစ်ရပ် ပါရှိ၏။ ပြည့်စုံမှုသည် ဒုလ္လဘတစ်ရပ် (ဝါ) ခက်ခဲသည့်ကိစ္စတစ်ရပ်ဟု ဆိုလို၏။

လူ့ဘဝ၏ အခြေခံ လိုအပ်ချက်များကို တန်းစီ စဉ်းစားလျှင် ကျန်းမာရေးပြည့်စုံမှု၊ ပညာရေးပြည့်စုံမှု၊ စီးပွားရေးပြည့်စုံမှု၊ လူမှုရေးပြည့်စုံမှုတို့ကို တွေ့နိုင်၏။ လူတစ်ယောက်သည် ကျန်းလည်းကျန်းမာသည်၊ ပညာလည်း တတ်သည်၊ပိုက်ဆံလည်း ရှိသည်၊ ဇနီးကောင်း၊ သားသမီးကောင်း၊ဆွေကောင်း မျိုးကောင်း၊ မိတ်ကောင်းဆွေကောင်းနှင့်လည်း ပြည့်စုံသည်ဆိုလျှင် ဘာလိုပါသေးသလဲ၊လောကီရေး၌ ဘာမျှမလိုတော့ချေ။ ဤသို့ အဘက်ဘက်က ပြည့်စုံမှုသည် အလိုလို ဖြစ်လာလိမ့်မည် မဟုတ်ပေ။ မိမိမှာ ရှိသော လူ့အရည်အချင်း လေးမျိုးကို ဟုတ်တိပတ်တိ အသုံးပြုဖို့ လိုပေသည်၊

အဘိဓမ္မာကို စာအုပ်ဗီရိုထဲမှဆွဲထုတ်ပြီး လူသုံးကုန်ဖြစ်အောင် ဦးတည်ချက် တစ်ရပ်လည်း ပါရှိ၍ ကွဋ္ဋပါဒ်နှင့် ဘဝပြည့်စုံမှုကို အနည်းငယ် ဖော်ပြခြင်း ဖြစ်ပါ၏။ ကြီးပွားချမ်းသာရေး ကျမ်းစာမဟုတ်သည့် အပြင် အဘိဓမ္မာလမ်းကြောမှ သိမ် ထွက်သွားလျှင်လည်း မသင့်၍ ဤမျှနှင့် ချုပ်လိုက်ပါမည်၊

ရှေ့လတွင် ကွဋ္ဋပါဒ်ဖြင့် ကျန်းမာအောင်၊ အသက်ရှည်အောင် ပြုလုပ်သွားရန်အတွက် ရှေးဆောင်းပါးများ၌ လမ်းခင်းပေးခဲ့သော ရုပ်နာမ်သဘာဝတို့၏ သဘောသဘာဝဖြင့် ပြန်လည် ဆက်စပ်ဖော်ပြပါမည်။

နှစ်ဖက်လှ
၁၉၇၉-ခု၊ နိုဝင်ဘာလ။

# ကလ္လဒ္ဓိပါဒ်ရုပ် သို့မဟုတ် ရသာယတနဆေး-အာယုဝဍ္ဎနဆေး

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်အနီး၊ ဂိဇ္ဈကုဋ် တောင်ယံ၌ သီတင်းသုံးနေတော်မူစဉ်အခါ ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူသည်။

> 'ချစ်သား အာနန္ဒာ....ကလ္လဒ္ဓိပါဒ် တရားလေးပါးကို ပွားများထားလျှင်၊ လေ့ကျင့်ထားလျှင်၊ ယာဉ်ကဲ့သို့ ပြုထားလျှင်၊ တည်ရာကဲ့သို့ ပြုထားလျှင်၊ ဆောက်တည်ထားလျှင်၊ ကောင်းစွာဆည်းပူးထားလျှင်၊ ကောင်းစွာ အားထုတ်ထားလျှင်၊ ထိုသူသည် အသက်တမ်းစေ့ နေလိုက နေနိုင်၏၊ အသက်တမ်းထက်ကျော်ပြီး အသက်ရှည်ရှည် နေလိုကလည်း နေနိုင်ပေ၏'။

အထက်ပါ မြတ်စွာဘုရား၏ နှုတ်ကပါတ်တော်ကို အသေးအနက် စဉ်းစားလေ့လာရန် လိုပေ၏။ ဘုရားရှင်၏ မိန့်ကြားချက် အချုပ်မှာ 'ကလ္လဒ္ဓိပါဒ်လေးပါးကို ပွားများထားလျှင် အသက်ရှည်နိုင်သည်' ဟူ၍ ဖြစ်၏။ ဤအချက်သည် အလွန့်အလွန် အရေးကြီး၏၊ အဘယ့်ကြောင့် ဆိုသော် ဗုဒ္ဓရှင်တော်၏ စကားတော်ဟူသည် အတွေးအခေါ် ပညာရှိများ၏ စကားမျိုးကဲ့သို့ မသေချာမရေရာသော စကားမျိုး မဟုတ်၊ ကေန်မုချ မှန်ကန်သေချာသော စကားမျိုးဖြစ်၍တည်း။

ကလ္လဒ္ဒိပါဒ်လေးပါးကို ပွားများထားလျှင် အသက်ရှည်မည်။ အဘယ်ကြောင့် အသက်ရှည်မည်နည်း၊ ကျန်းမာ၍ အသက်ရှည်မည် ဖြစ်သည်။ မှန်၏။ ကျန်းမာရေးသည် အသက်ရှည်ရန် အခြေခံမဟုတ် ပါလော။

ဤတွင် ကလ္လဒ္ဒိပါဒ်လေးပါး ပွားများခြင်းနှင့် ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ မည်သို့သက်ဆိုင်သလဲ၊ မည်သို့ဆက်သွယ်သလဲ၊ ဤဉပ် ကွက်ကို ဖော်ထုတ်ရမည်ဖြစ်သည်။ ဤဉပ်ကွက်ကို ဖော်ထုတ်တတ်ဖို့၊ ဖော် ထုတ်ပြသည်ကို နားလည်တတ်ဖို့ကား အဘိဓမ္မာ သဘောတရားကို တီးမိခေါက်မိရှိဖို့လို၏။ အဘိဓမ္မာမျက်မှန် တပ်ကြည့်ဖို့လို၏၊ အဘိဓမ္မာ မျက်မှန်ဖြင့် မကြည့်နိုင်ပါက နားလည်ဖို့ခက်ပေလိမ့်မည်။

ကလ္လဒ္ဒိပါဒ်လေးပါးကို သင်ယူ မှတ်သားသည့်အခါ ဤကလ္လဒ္ဒိပါဒ် လေးပါးသည် မဂ်ဉာဏ်၏ အသင်းအပင်းတရား၊ ဗောဓိပက္ခိယတရား ဖြစ်သည် ဆိုသလောက်နှင့် ပြီးနေပါက လက်ရှိဘဝအတွက် ဘာမျှ အသုံးမချတတ်ဘဲ ရှိချေမည်၊

ဤသို့ မဖြစ်ရလေအောင် ယခင်လများတွင် ဆောင်းပါးဆက် တို့ဖြင့် လူ့ကိုယ်ခန္ဓာ(ရုပ်၊နာမ်) သဘာဝကို အခြေတည်ခဲ့၏၊ လူ့စိတ် နှင့်လူ့ရုပ်တို့ ဆက်သွယ်ဖြစ်ပျက်နေကြပုံကို ဖော်ခဲ့၏၊ ဤအသိကိုအခြေ ခံပြု၍ အထက်ပါဘုရားရှင်၏ နှုတ်ကပါတ်တော်ကို နားလည် သဘော ပေါက်အောင် လေ့လာပြီး ကလ္လဒ္ဒိပါဒ်တရားကို မိမိဘဝ ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် အဖိုးတန်လှသော ရသာယနဆေး၊ အာယု ဝဍ္ဎနဆေးအဖြစ် စိတ်ချလက်ချ မှီဝဲကြရမည်ဖြစ်ပါသည်။

ကလ္လဒ္ဒိပါဒ် လေးပါးအနက် 'ဆန္ဒ' ကို ဦးစွာထုတ်၍ကြည့်ပါစို့။

လူတစ်ယောက်သည် ကျန်းမာချင်သော ဆန္ဒ၊ အသက်ရှည်ချင် သော ဆန္ဒရှိရမည်၊ မည်သည့် အတိုင်းအတာ အထိ ရှိရမည်နည်း၊ 'ကလ္လဒ္ဒိပါဒ်' အဆင့် ထိအောင် ရှိရမည် (ဝါ) ပြည့်စုံ ပြီးမြောက်မှု၏ အခြေခံဖြစ်လာသည်အထိ ရှိရပေမည်၊ ကျန်းမာချင်သောဆန္ဒ ပြင်းပြ ရမည်၊ အသက်ရှည်ချင်သောဆန္ဒ ထက်သန်ရမည်၊ တစ်ခဏ တစ်အိုး တစ်အောင့် ကောက်ရိုးမီး မဟုတ်စေရ၊ စွဲစွဲမြဲမြဲကို ဆန္ဒထားရမည် ဖြစ်၏။

ထို့နောက် ဝီရိယကို ကြည့်ပါ၊ ကျန်းမာအောင် လုံ့လပြုရမည်၊ အသက်ရှည်အောင် ကြိုးစားရမည်၊ ဤသို့ ကြိုးစားခြင်းသည်လည်း ဣဒ္ဓိပါဒ်အဆင့်မီလာအောင် လိုအပ်သည်။ အပျင်းထူသည့်အခါ ထူလိုက်၊ ထ,လုပ်ချင်သည့်အခါ လုပ်လိုက်၊ ဤသို့ မစွဲမမြဲ မဖြစ်စေရပေ။

ထို့နောက် စိတ္တ (စိတ်) သဘာဝကို ကြည့်ပါ၊ ကျန်းမာဖို့ စိတ်အားထက်သန်နေရမည်၊ အသက်ရှည်ဖို့ စိတ်ဆောင်နေရမည်၊ ကျန်းမာရေးနှင့်ပတ်သက်လျှင် စိတ်ပါလက်ပါရှိရမည်၊ အသက်ရှည်ဖို့ ဆိုလျှင် စိတ်ဝင်စားနေရမည်။

ထို့နောက် ဝီမံသပညာသဘာဝကို ကြည့်ပါ၊ ကျန်းမာရေး၊ မကျန်းမာရေးကို ခွဲခြားသိရမည်၊ အသက်ရှည်စေမှု၊ အသက်တိုစေမှုကို သိရှိနားလည်ရမည်၊ အသက်ဉာဏ်စောင့် ဆိုသည့်အတိုင်း ဉာဏ်ဖြင့် စောင့်ထိန်းရမည်။

ဆိုခဲ့ပါဆန္ဒ၊ ဝီရိယ၊စိတ္တ၊ ဝီမံသပညာဆိုသော ဣဒ္ဓိပါဒ် လေးပါးအနက် ဆန္ဒ၊ ဝီရိယ၊ ပညာတို့သည် စေတသိက်တရားများ ဖြစ်ကြ၏။ စိတ်နှင့်ယှဉ်၍သာ ဖြစ်ကြ၏။ တစ်ခုစီသီးခြား မဖြစ်ကောင်းပေ။ ထို့ကြောင့် အဘိဓမ္မာကျကျ သိရမည်မှာ ဆန္ဒ ဖြစ်လျှင်လည်း ကျန်သုံးပါး၊ (ဝီရိယ၊ စိတ်၊ ပညာ) ပါသည်ပင်၊ ဝီရိယဖြစ်လျှင်လည်း ကျန်သုံးပါး ပါသည်ပင်၊ စိတ်ဖြစ်လျှင်လည်း ကျန်သုံးပါး ပါသည်၊ ပညာဖြစ်လျှင်လည်း ကျန်သုံးပါး ပါမြဲဖြစ်ပေသည်။

ထို့ကြောင့် ကျန်းမာချင်သောဆန္ဒ ရှိလာပြီဆိုလျှင် ကျန်းမာအောင် ကြိုးစားခြင်း၊ ကျန်းမာဖို့ စိတ်ထက်သန်လာခြင်း၊ သင့်, မသင့် စူးစမ်းဆင်ခြင်လာခြင်းတို့ ဒွန်တွဲဖြစ်ပေသည်။ သုတ္တန်ဒေသနာတော်တွင် ဖော်ပြသော 'ဆန္ဒ ဝဘော ကိ' နာမ ကမ္မံ နသိဇ္ဈတိ' ဆန္ဒရှိလျှင် မည်သည့်အမှုမဆို မပြီးစီးဘဲရှိရာအံ့နည်း၊ ဆန္ဒရှိလျှင် အမှုကိစ္စဟူသမျှ ပြီးစီးသည် ဆိုသော မူသေသဘောတရားအရ ကျန်းမာရေးနှင့် အသက်ရှည်ရေးသည် တကယ်ကျန်းမာချင်၊ တကယ် အသက်ရှည်ချင်သူအဖို့ ဖြစ်ကို ဖြစ်ရပေမည်။

ကျန်းမာချင်ပါလျက် မကျန်းမာ၊ အသက် ရှည်ချင်ပါလျက် အသက်မရှည်ဆိုသော အရာမျိုးကား များစွာ ရှိ၏။ အဘယ်ကြောင့် ရှိရသနည်းဆိုသော် သူတို့၏ဆန္ဒစသည်မှာ ဣဒ္ဓိပါဒ် အဆင့် မရောက်သောကြောင့်ဟု မုချဆိုနိုင်ပေသည်။ ကျန်းမာချင်သောဆန္ဒ စသည်မှာ ဣဒ္ဓိပါဒ် အဆင့် ရောက်ပါလျက် မကျန်းမာ၊ အသက် မရှည်ဆိုလျှင် အထက်တွင်ဖော်ပြခဲ့သော ဘုရားရှင်၏စကားတော် မှားပေလိမ့်မည်။ သို့သော် ဘုရားစကားဟူသည် တစ်ရံတစ်ဆင့်မျှ မှားသည်ဟူ၍မရှိပေ။ အမှန်က ထိုသူတို့၏ဆန္ဒသည်သာ ဣဒ္ဓိပါဒ်အဆင့် မရောက်၍ မပြည့်စုံခြင်းဖြစ်ကြောင်း ကေန် ပြောနိုင်ပေသည်။

သထုံရာဇဝင်တွင် လူစွမ်းကောင်းဗျတ်ဝိကို သတ်ရာ မသေနိုင်ဘဲဖြစ်နေကြောင်း၊ သူချစ်နေတဲ့ မအိုစာဆီက ကွမ်းတစ်ရာနှင့် ရေတစ်မှုတ် စားသောက်ပြီး သူ စိတ်လျှော့လိုက်တော့မှ သေသွားကြောင်း ကြားဖူးရာ၏။ မသေချင်သေးသည့် သူ၏စိတ်က ဆောင်နေ၍ **အသက်** မထွက်ဘဲ ဖြစ်နေခြင်းတည်း။

ယခုကာလတွင်လည်း လူမမာအချို့သည် **အဝေးမှ သားသမီး** များ ရောက်လာမှ ဝိညာဉ်ချုပ်ကြသည်။ သူ့သားသမီးတွေကို စောင့်နေသည်ဟု ပြောကြသည် မဟုတ်ပါလား။ ဤသည်မှာ သားသမီးကို တွေ့ချင်စိတ်က ပြင်းပြနေ၍ အသက်မထွက်နိုင်ဘဲ ဖြစ်နေခြင်းတည်း။

ဤဖြစ်ရပ်တို့ကို ထောက်ထား ဆင်ခြင်ပါက စိတ်ဆန္ဒသည် အသက်ကိုဟိုး၍ ရှည်စေနိုင်ကြောင်း သဘောပေါက်နိုင်ပေသည်။ ဤသည်မှာ အကြမ်းဖျင်းသဘောသာ ဖြစ်၏။

အဘိဓမ္မာသဘာဝအဝန်းထဲ ဝင်ကြည့်လျှင် ဤသို့ တွေ့နိုင်၏။ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာတို့ ဖြစ်သောအခါသည်ကား ဝီထိစိတ် နှိုးစိတ်ဖြစ်သောအခါတည်း၊ ထို့ကြောင့်ထိုဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာတို့က လူ့ကိုယ်ထဲမှာ စိတ္တဇရုပ်များကို ဖြစ်စေသည်။ တစ်ကိုယ်လုံး ဖြစ်သည်၊ အဆုတ်မှာလည်း ဖြစ်သည်၊ အသည်းမှာလည်း ဖြစ်သည်၊ ကျောက်ကပ်မှာလည်း ဖြစ်သည်၊ သွေးထဲမှာလည်း ဖြစ်သည်၊ သွေးကြောများမှာလည်း ဖြစ်သည်၊ မျက်စိမှာလည်း ဖြစ်သည်၊ နားမှာလည်း ဖြစ်သည်၊ သွားမှာလည်း ဖြစ်သည်၊ တစ်ကိုယ်လုံးမှာလည်း စိတ်ကြောင့် ရုပ်တွေ ဖြစ်သည်။

စဉ်းစားပါလေ၊ တစ်ကိုယ်လုံးမှာ ကျန်းမာချင်သောဆန္ဒကြောင့်၊ ကျန်းမာရန်ကြိုးစားသော ဝီရိယကြောင့် ကျန်းမာချင်သောစိတ်ကြောင့် ကျန်းမာရေးကို သိသော ဝီမံသပညာကြောင့် ဖြစ်သော ရုပ်တို့သည် ရုပ်ကောင်းတွေလော, ရုပ်ဆိုးတွေလော၊ စဉ်းစားပါ၊ တစ်နည်းပြောရသော် ထိုဣဒ္ဓိပါဒ်လေးပါးကြောင့် မိမိကိုယ်မှာ ဖြစ်သောရုပ်တို့သည် ကျန်းမာသောရုပ်တို့လော၊ သို့မဟုတ် ရောဂါရုပ်တို့လော၊ ဝေဒနာရုပ်တို့လော၊ စဉ်းစားပါ။

ဤဆောင်းပါး အစတွင် ဖော်ပြခဲ့သော မြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်ကို ပြန်ဖတ်ပါ၊ ဣဒ္ဓိပါဒ်လေးပါး (ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသပညာ)တို့ကို....

၁။ ပွားများ၊

၂။ လေ့ကျင့်၊

၃။ ယာဉ်ကဲ့သို့ပြု၊

၄။ တည်ရာကဲ့သို့ပြု၊

၅။ ဆောက်တည်၊

၆။ ကောင်းစွာ ဆည်းပူး၊

၇။ ကောင်းစွာ အားထုတ်၊

ဟူသော အချက်(၇)ချက်ကို တွေ့ရမည်ဖြစ်သည်။

'ယာဉ်ကဲ့သို့ပြု' ဆိုသည်မှာ ယာဉ်သည်လိုရာ ရောက်စေသည်၊ လိုရာရောက်အောင် ယာဉ်ကို အသုံးပြုရသည်။ ထိုနည်းတူ ဣဒ္ဓိပါဒ်လေးပါးကို ကျန်းမာခြင်း အသက်ရှည်ခြင်း ဆိုသည့် လိုရာပြည့်စုံအောင် အသုံးပြုရမည် ဖြစ်ကြောင်းသိရန်ဖြစ်၏။

'တည်ရာကဲ့သို့ပြု' ဆိုသည်မှာ ထိုဣဒ္ဓိပါဒ်လေးပါးကို၊ တည်ရာမှီရာဖြစ်အောင် ပြုလုပ်ကြရန်ဖြစ်၏။ ခိုင်မြဲမှ တည်လို့, မှီလို့ ရနိုင်သည် မဟုတ်လော၊ ထို့ကြောင့် အဆိုပါ ဣဒ္ဓိပါဒ်လေးပါးကို တည်လို့ရအောင် ခိုင်ခိုင်မြဲမြဲ ပြုကြရမည်ဖြစ်ကြောင်း သိရန်ဖြစ်၏။

ဘုရားရှင်၏ စကားတော်ကို အဘိဓမ္မာနည်းကျ စဉ်းစားပါသော် ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသပညာ ဟူသော....

က္လဒ္ဒိပါဒ်လေးပါးကို (၁) ပွားများသည်ရှိသော် ထိုသို့ ပွားများသည့်အတွက် မိမိကိုယ်မှာ က္လဒ္ဒိပါဒ်ရုပ်တွေ တဖွားဖွား ဖြစ်နေ၏။

က္လဒ္ဒိပါဒ်လေးပါးကို (၂) လေ့ကျင့်နေလျှင် မိမိကိုယ်မှာက္လဒ္ဒိပါဒ်ရုပ်တွေ မပြတ်ဖြစ်နေ၏။

က္လဒ္ဒိပါဒ်လေးပါးကို (၃) စီးနင်းစရာယာဉ်ကဲ့သို့ စီးနင်းနေလျှင် မိမိကိုယ်မှာ က္လဒ္ဒိပါဒ်ရုပ်တွေ ဖြစ်နေ၏၊

က္လဒ္ဒိပါဒ် လေးပါးကို (၄) တည်ရာဖြစ်အောင် ပြုနေလျှင် က္လဒ္ဒိပါဒ်ရုပ်တွေ မိမိကိုယ်မှာ ဖြစ်နေ၏။

က္လဒ္ဒိပါဒ်လေးပါးကို (၅) ဥပုသ်ဆောက်တည်သကဲ့သို့ ဆောက်တည်နေလျှင် မိမိကိုယ်မှာ က္လဒ္ဒိပါဒ်ရုပ်တွေ ဖြစ်နေ၏။

က္လဒ္ဒိပါဒ်လေးပါးကို (၆) ကောင်းစွာဆည်းပူးနေလျှင် မိမိကိုယ်မှာ က္လဒ္ဒိပါဒ်ရုပ်တွေ ဖြစ်နေ၏။

က္လဒ္ဒိပါဒ်လေးပါးကို (၇)ကောင်းစွာ အားထုတ်နေလျှင် မိမိကိုယ်မှာ က္လဒ္ဒိပါဒ်ရုပ်တွေဖြစ်နေ၏။

က္လဒ္ဒိပါဒ်ကြောင့်ဖြစ်သော ရုပ်တို့သည်(ပါ) က္လဒ္ဒိပါဒ်ရုပ်တို့သည် ရုပ်ကောင်းတွေမဟုတ်လော၊ ကျန်းမာရေးရုပ်တို့ မဟုတ်လော၊ အသက်ရှည်ရေးရုပ်တို့ မဟုတ်လော၊ အနာကင်းသောရုပ်တို့ မဟုတ်လော။

မြတ်စွာဘုရားသည် လူသားဖြစ်သော်လည်း သက်တော်(၈၀) အထိ သွားမကျိုး,ဆံမဖြူ၊ မျက်စိမမှုန်၊ နားမထိုင်း ဤသို့ မဖြစ်သည်ကို 'ဘုရားမို့လို့၊ တန်ခိုးတော်ရှိလို့'ဟု အချို့က သဘာဝကိုဖျောက်ပြီး လွယ်လွယ်ထင်ကြပေမည်။ သို့သော် ဘုရားမို့လို့ သွားမကျိုးတာမဟုတ်၊ ဆံမဖြူတာ မဟုတ်၊ မျက်စိမမှုန်တာ မဟုတ်၊ နားမထိုင်းတာ မဟုတ်။ အဟုတ်က ဘာလဲဆိုတော့ မြတ်စွာဘုရားသည် ဆိုခဲ့ပါ က္လဒ္ဒိပါဒ်လေးပါးကို ပွားများတော်မူနေသောကြောင့်သာ သွားမကျိုးခြင်း၊ ဆံမဖြူခြင်း၊ မျက်စိမမှုန်ခြင်း၊ နားမထိုင်းခြင်းဖြစ်၏။ ထိုမျှမက နှလုံးရောဂါ၊ တီဘီ

ရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါစသည့် သေလောက်သည့် ရောဂါကြီးများလည်း မဖြစ်ခြင်းဖြစ်၏။

မြတ်စွာဘုရားသည် ကျန်းမာအောင် အသက်ရှည်အောင် အာယုပါလက ဖလသမာပတ် ဆိုသည်ကို မပြတ်ဝင်စားတော်မူ၏။ အာယုဆိုသည်မှာ အသက်၊ ပါလက ဆိုသည်မှာ စောင့်ခြင်း၊ ဖလ သမာပတ်ဆိုသည်မှာ ဖိုလ်စိတ်ချည်းသက်သက် ဖြစ်နေခြင်း၊ ထို့ကြောင့် အာယုပါလက ဆိုသည်မှာ သက်စောင့်၊ 'အာယုပါလက ဖလသမာပတ်'ဆိုသည်ကား သက်စောင့်သမာပတ်ဟူလိုသည်။

မြတ်စွာဘုရားသည် သက်တော် (၈၀)ပြည့်ဖို့ (၃)လအလိုမှာ မာရ်နတ်လာလျှောက်ပြီးနောက် အာယုသင်္ခါရ လွှတ်တော်မူချိန်အထိ အာယုပါလက (သက်စောင့်)သမာပတ်ကို ဝင်စားတော်မူမြဲဖြစ်သည်။ အာယုသင်္ခါရ လွှတ်တော်မူလိုက်ချိန်မှစ၍ သက်စောင့် သမာပတ်ကို မဝင်စားတော့ပါ၊ ကျန်းမာအောင် အသက်ရှည်အောင် မလုပ်တော့ဟူလို။

အာယုသင်္ခါရဆိုရာ၌ အာယု=အသက်၊ သင်္ခါရ=ပြုပြင်ခြင်း၊ အာယုသင်္ခါရ=အသက်ကိုပြုပြင်ခြင်း (ဝါ) အသက်ရှည်အောင် ပြုလုပ်အားထုတ်ခြင်းဟုသိရ၏။ ထို့ကြောင့် အာယုသင်္ခါရ လွှတ်တော်မူသည် ဆိုသည်မှာ ကျန်းမာအောင် အသက်ရှည်အောင် မလုပ်တော့ (သေတော့မည်(ဝါ) ပရိနိဗ္ဗာန်စံတော့မည်)ဟု ဆိုလိုကြောင်း သိရ၏။

ဤဖြစ်ရပ်တော်ကြီးမှ မိမိတို့အတွက် ဘဝသင်ခန်းစာကောင်းတွေ ယူနိုင်၏။ ကျန်းမာအောင်လုပ်လျှင် ကျန်းမာသည်၊ အသက်ရှည်အောင်လုပ်လျှင် ရှည်သည်။ ကျန်းမာအောင်မလုပ်တော့ဘူး၊ အသက်ရှည်အောင်မလုပ်တော့ဘူးဟု စိတ်လျှော့လိုက်လျှင် ကျန်းမာရေးပျက်ပြီး မြန်မြန်သေနိုင်ကြောင်း သိရပေသည်။

ဆရာတော်တစ်ပါးက မိန့်ကြားဖူးပါသည်။ တို့ဗုဒ္ဓဘာသာတွေက အာယုသင်္ခါရလွှတ်တာက တယ်စောတာကိုတဲ့၊ မှန်ပေသည်။ အသက်ကလေးနည်းနည်းရလာပြီဆိုသည်နှင့် စိတ်ဓာတ်တွေကျပြီး အိုဖို့၊ နာဖို့ပြင်ပါတော့သည်။ မရဏံ မေ ဘဝိဿတိ၊ ငါသည် သေရလတ္တံ့ ဟု

ပွားများပြီး သုသာန်ကို မျက်စောင်းထိုးပါတော့သည်။ မရဏံ မေ ဘဝိဿတိ ဆိုသည်က သေဖို့ပြင်ခိုင်းခြင်းမဟုတ်၊ အတ္တမာနတွေ မကြီး အောင်၊ ဘဝတဏှာသက်သာအောင်၊ သေမည်ဆိုသည်ကို သတိရပြီး မသေခင် လုပ်နိုင်တုန်းမှာ လုပ်သင့်တဲ့ကောင်းမှုတွေ လုပ်ရန်သာဖြစ်၏။

အကွက်ဆိုက်လာ၍ အနည်းငယ်ဆက်ပါဦးမည်။

ကျန်းမာအောင် အသက်ရှည်အောင် အကျိုးပြုတာက ဣဒ္ဓိပါဒ် လေးပါးဟု တင်ပြခဲ့ပါပြီ၊ ကျန်းမာရေးကိုဖျက်ဆီးတာ၊ အသက်တို စေတာက ဘာလဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟ၊ ဤတရားဆိုး သဘာဝဆိုးများတည်း။ လောဘကြောင့် ကျန်းမာရေးပျက်၏၊ အသက် တို၏၊ ဒေါသကြောင့် ကျန်းမာရေးချို့ငဲ့စေ၏၊ အသက်တိုစေ၏၊ မောဟကြောင့် ကျန်းမာရေးထိခိုက်ပြီး အသက်တိုစေ၏။

စဉ်းစားပါ၊ လောဘကြောင့် မတည့်သောအစာကို မတည့်မှန်း သိလျက် မရှောင်နိုင်ဘဲစား၏၊ မတည့်သည်ကိုစားတော့ ရောဂါဖြစ်၏၊ ကျန်းမာရေးပျက်၏၊ ကျန်းမာရေးပျက်ပါများတော့ အသက်တို၏၊ ဒေါသကြောင့်ရင်ပူ၏။ အစားအသောက်ပျက်၏၊ မောဟကြောင့် သင့် မှန်းမသိ၊ မသင့်မှန်းမသိ၊ စား၏၊ သွား၏၊ နေ၏၊ ထို့ကြောင့် ရောဂါ ရ၏၊ ကျန်းမာရေးပျက်၏၊ အသက်တို၏၊ ဤကား သာမန် ဖြစ်ရပ် တည်း။

အဘိဓမ္မာနည်းကျစဉ်းစားပါ၊ လောဘဖြစ်သောအခါ လောဘ ရုပ်တွေ မိမိကိုယ်မှာ တဖွားဖွားဖြစ်၏၊ ဒေါသဖြစ်သောအခါ ဒေါသ ရုပ်တွေ မိမိကိုယ်မှာ တဖွားဖွားဖြစ်၏။ မောဟဖြစ်သောအခါ မောဟ ရုပ်တွေ မိမိကိုယ်မှာ တဖွားဖွားဖြစ်၏။ လောဘကြောင့်၊ ဒေါသ ကြောင့်၊ မောဟကြောင့်ဖြစ်သော ရုပ်တို့သည် ရုပ်ကောင်းတွေလော, ရုပ်ဆိုးတွေလော၊ စဉ်းစားပါ။ ကျန်းမာရေးရုပ်တွေလော, ရောဂါ ဝေဒနာရုပ်တွေလော စဉ်းစားပါ။

လောဘဖြစ်သောအခါ၊ ဒေါသဖြစ်သောအခါ၊ မောဟဖြစ် သောအခါ ထိုလောဘရုပ်တွေ၊ ဒေါသရုပ်တွေ၊ မောဟရုပ်တွေသည် အဆုတ်ထဲမှာလည်း ဖြစ်၏၊ နှလုံးထဲမှာလည်း ဖြစ်၏၊ အသည်းထဲမှာ လည်း ဖြစ်၏၊ ကျောက်ကပ်ထဲမှာလည်း ဖြစ်၏၊ သွေးထဲမှာလည်း ဖြစ်၏၊

သွေးကြောထဲမှာလည်း ဖြစ်၏၊ မျက်စိမှာလည်း ဖြစ်၏၊ နားမှာလည်း ဖြစ်၏၊ သွားမှာလည်းဖြစ်၏။ ထိုလောဘရုပ်၊ ဒေါသရုပ်၊ မောဟရုပ်တို့သည် ရောဂါဝေဒနာရုပ်တွေ ဖြစ်၏။ ကျန်းမာရေးကို အကျိုးမပြု၊ အသက်တိုဖို့သာ ပို့ဆောင်၏။

ထို့ကြောင့် မိမိတို့သိရမည်မှာကုဒ္ဒိပါဒ်လေးပါးသည် ကျန်းမာရေး၊ အသက်ရှည်ရေး အတွက် ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟတို့သည် မကျန်းမာရေး၊ အသက်တိုရေး အတွက် ဖြစ်၏။ ဤသို့သိနိုင်၏။

သို့သော် မကျန်းမာရေး အသက်တိုရေးကိုဖြစ်စေသည့် လောဘ ဒေါသ မောဟတို့ကို မသင်ရဘဲ လူတိုင်းတတ်နေကြ၏၊ လူတိုင်း ပွား များနေကြ၏၊ လူတိုင်းလေ့ကျင့်နေကြ၏၊ ကျန်းမာရေး အသက်ရှည်ရေးကိုဖြစ်စေသည့် ဣဒ္ဓိပါဒ်လေးပါးတို့ကိုမူ ယခုလိုကြားဖူးသူ၊ သိရှိသူပင် အလွန်ကြီး နည်းနေ၏။ ဣဒ္ဓိပါဒ် လေးပါးကို မိမိကိုယ်ထဲမှာ ရနိုင်သည့်ပစ္စည်း ဖြစ်ပါလျက် မသုံးတတ် မစွဲတတ် ဖြစ်နေကြရရှာသည်။

သို့ဖြစ်၍ တကယ်တမ်း ကျန်းမာလိုသူတိုင်း၊ တကယ်တမ်းအသက်ရှည်လိုသူတိုင်းသည် မိမိကိုယ်ထဲမှာရှိနေသော ဣဒ္ဓိပါဒ်လေးပါးတည်းဟူသော ရသာယနဆေးကို ထုတ်စားပါ၊ အာယုဝဍ္ဎနဆေးကို ထုတ်သောက်ပါ။ ဤဆေးကို မှီဝဲသူတိုင်း ရှောင်ရမည့်အရာကား လောဘနှင့်စား၊ ဒေါသပွား၍၊ မောဟနှင့်မှားခြင်းတည်း။

ယခုတင်ပြခဲ့သော ဣဒ္ဓိပါဒ် ပညာပေးမှာ ကျန်းမာရေးပညာတို့တွင် အဆင့်အမြင့်ဆုံးဖြစ်၏၊ အနောက်နိုင်ငံသား ဆေးပညာရှင်တို့ ထုတ်မပြနိုင်သော အချက်ဖြစ်၏။ ရခဲလှသော လူ့ဘဝကို ရနေကြသူများသည် ကျန်းကျန်းမာမာဖြင့် တစ်ရက် အသက်ပိုရှည်,ရှည် ကုသိုလ်တရားဆည်းပူးခွင့် ရကြပါသည်။ ဣဒ္ဓိပါဒ် နည်းပညာဖြင့် ကုသိုလ်ပါရမီအတွက် ကျန်းမာပြီး အသက်ရှည်အောင် ကြိုးစားကြပါစို့၊ တစ်ဦးချင်းမှသည် အမျိုးသားကျန်းမာရေးသို့ တက်လှမ်းကြပါစို့။

နှစ်ဖဘာ်လှ
၁၉၇၉-ခု။ ဒီဇင်ဘာလ။

အောက်ပါစာအုပ်တို့ကို

သကျယင်စိုးစာပေ

အမှတ်(၃၉၀) အရှေ့ဝါယာလက် (၃)လမ်းတွင်

မှာကြားရယူနိုင်ပါသည်။

ဗုဒ္ဓနှင့်မာရ်နတ် တစ်အုပ် – ၁၅-ကျပ်

ပုတီးသမိုင်းနှင့် ပုတီးစွမ်းရည်
အမျိုးမျိုး တစ်အုပ် – ၂၀-ကျပ်

သိပ္ပံအဘိဓမ္မာ(ဒုတိယတွဲ) တစ်အုပ် – ၆၅-ကျပ်

ဖုန်း–၆၄၂၇၇ (အိမ်)

သိပ္ပံအဘိဓမ္မာ(ဒုတိယတွဲ) တစ်အုပ် – ၆၅-ကျပ်

အောက်ပါဌာနတွင် ရနိုင်ပါသည်။

ဟိန်းစိုးပုံနှိပ်တိုက်

အမှတ်-၁၅၇၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# နှစ်ဖက်လှ
# သိပ္ပံအဘိဓမ္မာ

◇ မြတ်ဗုဒ္ဓ၏ခက်ခဲနက်နဲလှသော အဘိဓမ္မာတရားများကို လူသာမန်စာဖတ်ပရိတ်သတ်များ ထင်လင်းသိသာလွယ်ကူစွာ နာယူဖတ်ရှုကြရမည့် အဖိုးတန်စာအုပ်ကောင်းတစ်အုပ် ။

◇ ဥပမာ ဥပစာများ စကားတန်ဆာများဖြင့် လှပစွာ ရေးဖွဲ့ထားသော တရားစာအုပ်ထူး ။

◇ ဗုဒ္ဓရှင်တော်ဘုရား၏ အဘိဓမ္မာတရားကို သိပ္ပံနည်းကျကျ ခြေခြေမြစ်မြစ် တွက်ဆစ်ရှင်းပြထားသည် ။

◇ လွယ်လင့်တကူ ဖတ် မှတ် သိမ်းနိုင်သည် ။

◇ အတွေးအခေါ် ရှင်သန်လိုသူတိုင်း ဗဟုသုတရှာမှီးနေသူတိုင်း မဖတ်မဖြစ် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းဖြစ်သည် ။

နှစ်ဖက်လှသာသနာပြု
သကျယင်မြိုးစာပေ